# BURMA LAW REPORTS

## (1969)

Containing cases determined by the
Chief Court of the Union of Burma

# မြန်မာနိုင်ငံ တရားစီရင်ထုံးများ

## အညွှန်း

၁၉၆၉

နိုင်ငံတော်တရားရုံးချုပ်　　　　အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

စစ်ဘက်အယူခံတရားရုံး

**အညွှန်းပြုသူများ—**

ဦးတင်ညွန့်၊ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ (စာတည်း)

ဦးဝင်းကြည်၊ မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ (စာပြု)

ဒေါ်တင်တင်မြင့်၊ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ်ရှေ့နေ (စာပြု)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်အရ၊ ရန်ကုန်မြို့၊ ဗဟိုပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေသည်။

(မူပိုင်)

## ၁၉၆၉ ခုနှစ်၊ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီးများ စာရင်း

### တရားသူကြီးချုပ်

ဒေါက်တာ မောင်မောင်၊ B.L. (Rang.), J.S.D. (Yale), LL.D. (Utrecht) of Lincoln's Inn, *Barrister-at-Law.*

### တရားသူကြီးများ

ဦးထွန်းတင်၊ B.A., B.L.

ဦးချစ်၊ B.A., B.L.

ဦးသက်ဖေ၊ B.A., B.L.

ဦးစိန်သင်း၊ B.A., B.L.

# ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ ပြုစုရေးကောင်စီ
# အဖွဲ့ဝင်များစာရင်း

## ဥက္ကဋ္ဌ

နိုင်ငံတော် တရားရုံးချုပ်၊ တရားသူကြီးချုပ်၊ ဒေါက်တာ မောင်မောင် B.L., (Rang.), J.S.D. (Yale), LL.D. (Utrecht) of Lincoln's Inn, ***Barrister-at-Law.***

## အဖွဲ့ဝင်များ

နိုင်ငံတော် တရားရုံးချုပ်၊ တရားသူကြီး ဦးထွန်းတင်၊ **B.A., B.L.**

နိုင်ငံတော် တရားရုံးချုပ်၊ တရားသူကြီး ဦးချစ်၊ **B.A., B.L.**

နိုင်ငံတော်ရှေ့နေချုပ်၊ ဦးဘစိန်၊ **B.Sc., B.L.**

ဦးကျော်မြင့်၊ ***Barrister-at-Law.***

ဦးဘိုးသာ၊ **B.A., B.L.** တရားရုံးချုပ်ရှေ့နေ။

ဦးမြင့်စိုး၊ **M.A. (Illinois), M.A. (Cantab),** ***Barrister-at-Law.***

## စာတည်းအဖွဲ့

ဦးဖေသန်း၊ **B.A., B.L.,** တရားရုံးချုပ်ရှေ့နေ၊ စာတည်း။

ဦးတင်ညွန့်၊ **B.A., B.L.,** တရားရုံးချုပ်ရှေ့နေ၊ စာပြု။

# LAW OFFICERS OF THE UNION OF BURMA DURING THE YEAR 1969

## Attorney-General

U BA SEIN, B.SC., B.L.

## Legal Remembrancer

U KYAW THOUNG, *Barrister-at-Law*. up to 13th December 1969.

## Assistant Attorney-General

U HLA THIN, B.A., B.L.

## Law Officer to the State

U TIN OHN, B.A., (Hons.), B.L., LL.B. (Lond.), *Barrister-at-Law*.

## Government Advocates

U TUN LWIN, B.A., B.L.

MR. S. K. GHOSH, B.A., B.L.

DAW MYA THAN NU, B.A., B.L.

U HNIT, B.A., B.L., up to 31st August 1969.

U MYA SEIN, B.A.

U BA THAN, B.A., B.L.

DR. MYO HTUN LYNN, B.Com. (Rgn.), B.Com. Honours (Rgn.), M.Com. (Rgn.), LL.B. (Lond.), LL.M., (Lond.), Jur. Drs. (Utrecht), of the Inner Temple, *Barrister-at-Law*.

U WIN PE, B.A., B.L.

MR. C. GANGOOLY, B.A., B.L.

U KYAW MYINT, B.A., B.L.

U HLA THOUNG, B.SC., B.L., Dip. Law (Lond.),

U THEIN HAN, B.A., B.L.

**Assistant Government Advocates**

U MYINT AUNG, B.A., B.L.

U AUNG THAN TUN, M.A., (Hons.), B.L.

U TIN NYUNT, B.A., B.L.

**Legal Draftsmen**

U LUN PE, B.A., B.L., Advocate.

DAW AYE KYI, B.A., B.L., Advocate.

U SEIN WIN HLAING, B.A., B.L., Advocate.

**Law Translation and Law Revision Officers**

U MAUNG MAUG KYI (1), B.A., B.L., Officer-in-Charge.

U MAUNG MAUNG KYI, (2), B.A., B.L., Assistant Officer-in-Charge.

U YAN WAY, B.A., B.L., Assistant Officer-in-Charge.

U THAN SWE, B.A., (Hons.), B.L., Assistant Law Drafting Officer.

## စီရင်ထုံးပြုသောမှုခင်းများ

## LIST OF CASES REPORTED

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA


| | စာမျက်နှာ |
|---|---|
| Ma Khin Kyi and others *v.* U Chit Pe and others ... | ၇၆ |
| T. P. Mamooty *v.* Ma Thein Hlaing (*a*) Ma Asara ... | ၈၀ |
| U Ba Sein *v.* U Thein ... ... ... | ၈၄ |
| ကိုသောင်းရင် ပါ ၄ နှင့် ကိုဖုန်းဝင်း .... .... .... | ၁၉၇ |
| ခါတွန်ဘီဘီ နှင့် ခလစ်ဝိုင်အက်(စ်)ဂျမား .... .... | ၉၀ |
| ဂျီးဇက်အော်လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ .... .... .... | ၁ |
| စာရင်းရှင်းတာဝန်ခံ ဗျိုင်းရေအိုးစင် သမဝါယမ / ကျားကွက်သစ် သမဝါယမ နှင့် ဦးထွန်းလှ / ဦးလှရွှေ .... | ၂၀၁ |
| စိန်ရတနာ ပိုးရက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်ရေးလုပ်ငန်းခွန်မင်းကြီး ပါ ၃ .... .... .... .... | ၂၀၅ |
| ဒေါ်ငွေတင် နှင့် ကိုချောက်ထောင် ပါ ၂ .... .... | ၁၂ |
| ဒေါ်စောလှိုင် နှင့် ဦးသိန်းမောင် ပါ ၂ .... .... | ၁၈ |
| ဒေါ်စိန် နှင့် မနစ်အမာလ် .... .... .... | ၂၂ |
| ဒေါ်ရွှေညွန့် ပါ ၃ နှင့် ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ ရန်ကုန်မြို့ .... | ၉၆ |
| ဒေါ်အစုရာဘီ(ခ) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖါတူး (ခ) ဒေါ်မြမြဝင်း | ၁၄၈ |
| နာစီတီ နှင့် အဖူစီ .... .... .... .... | ၁၅၅ |
| ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်လှသန်း ပါ ၄ .... .... | ၂၄ |
| မကျင်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ် (၁၁) .... .... | ၂၁၀ |
| မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... | ၉၉ |
| မတင်လှ နှင့် ဒေါ်ကောက် ပါ ၃ .... .... .... | ၁၀၇ |

စာမျက်နှာ


မလှခင် နှင့် ဦးသိန်းမောင် .... .... ၁၆၄
မောင်ကျော်သူ နှင့် ထွန်းမြအောင် .... .... .... ၁၂၆
မောင်ချစ် (ခ) မောင်ချစ်ကလေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၂၁၈
မောင်ချစ်မောင် (ခ) မောင်ချစ်တီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၁၃၅
မောင်စံသိန်း (ခ) မောင်သိန်းဇော် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်စံသိန်း (ခေါ်) မောင်သိန်းဇော် ၂၈
မောင်တင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မဝင်းရီ) .... ၃၉
မောင်တင်မောင် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၂၂၂
မောင်ထွန်းလှိုင် နှင့် ဒေါ်ခင်သန်း .... .... .... ၁၆၈
မောင်သက်နှင်း / မောင်ကျင်ဟုတ် } နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... ၄၂
မောင်သောင်းဖေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... ၄၈
မောင်အင်ဆန်း နှင့် အလုပ်သမားလျော်ကြေးမင်းကြီး (ပုသိမ်မြို့) .... ၁၇၁
ဒေါ်စောခင်
မောင်အေးသိန်း (ခ) မောင်ပိုက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ
(ဒေါ်အေးရင်) .... .... .... ၂၂၇
အက်(စ်)၊ ပီ၊ အက်(စ်)၊ ဗါရန် နှင့် မန်နေဂျာ၊ပြည်သူ့ဘဏ်အမှတ်(၁/၆)
မောင်းတော .... .... .... .... ၅၁
ဦးကိုးရင် နှင့် ဒေါ်စန်းနွဲ့ .... .... .... ၂၃၄
ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂ .... .... ၅၅
ဦးစံတင့် နှင့် ဘာနာစီလား၊ လာစာရီဟား .... .... ၂၃၂
ဦးညို ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ခင်ဥ) .... ၁၃၉
ဦးထွန်းရင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... ၁၇၆
ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၅၈
ဦးဒုန်းဘော (ခေါ်) ဦးရွှေဒုန်းကိစ္စ (လျှောက်ထားသူ) .... ၂၃၈
ဦးပု နှင့် ငှါးရမ်းခကြီးကြပ်ရေးဝန် ပါ ၃ .... .... ၆၆
ဦးဘရှင် နှင့် ဦးသာလွင် ပါ ၂ .... .... .... ၂၄၂
ဦးမောင်ကြီး နှင့် ကိုကျော်မြိုင် .... .... .... ၇၁
ဦးမှောင်စိန် ပါ ၅ နှင့် အမ်၊အီး၊အရစ်(ဖ်) .... .... ၁၈၃

စာမျက်နှာ

ဦးယုဆိုင် / ဦးယုဆိုင် နှင့် ဒေါ်မိ / ဒေါ်သောင်းရင် .... .... .... ၁၀၀
ဦးရှမ်လျှောင် နှင့် မောင်တင်ရွှေ ပါ ၆ .... .... ၁၉၄
ဦးလှသောင်း နှင့် ဒေါ်အမာ .... .... .... ၂၄၄
ဦးဝိမလ နှင့် ဦးပညာဝံသ .... .... .... ၁၄၃
ဦးဝိလာသ နှင့် ဦးပညာလောက ပါ ၂ .... .... ၇၃

ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA


စာမျက်နှာ

A. M. Ebrahim *v.* Fatima Bibi, (1939) R.L.R., p. 383 ရည်ညွှန်းသည် ... ... ... 90

Bishna Lal *v.* Union of Burma, (1959) B.L.R. High Court, 3 သဘောကွဲလွဲသည် .... .... 99

Ludditt and others *v.* Ginger Coote Airways Limited, (1947) Appeal Cases (P.C.) p. 233, referred to ... 10

Maung Than Maung *v.* Maung Hlaw, 3, Burma Law Times, p. 153, referred to ... ... 84

——— Tun Aung *v.* Ma E Kyi, I.L.R. 14 Ran. 215, (F.B.) ရည်ညွှန်းသည် .... .... .... 90

Penton *v.* Southern Railways, (1931) 2 K.B., p. 103, referred to ... ... ... ... 8

Tan Soon Lee *v.* Yeo Tong Hoe, (1958) B.L.R., 365 (H.C.), distinguished ... ... ... 80

U Hla Pe *v.* The Board of Directors, Union of Burma Airways, (1951) B.L.R., 347, referred to ... 9

U Ohn Myint *v.* The Union of Burma, (1963) B.L.R., 246, (C.C.) ရည်ညွှန်းသည် .... .... ၇၅

U Ohn Myint *v.* The Union of Burma, (1963) B.L.R., 246 (C.C.) ရည်ညွှန်းသည် .... .... .... 143

ကျော်ဒွေး နှင့် အစိုးရ၊ အတွဲ ၁၊ ဘားမားလောဂျာနယ်၊ ၆၉ ခြားနားပြသည် .... .... .... .... ၄၅

စီ၊ ဗွီ၊ ကီနာချီရာအပ္ပချစ်တီး နှင့် မောင်ဖေ၊အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၁၉၁၇၊ ပုဒ်မ ၂၀၊ စာ ၇၃ ရည်ညွှန်းသည် .... ၁၉၆

စာမျက်နှာ

ဇော်သာဦး နှင့် မအေးသီ၊ ၁၉၅၇၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရား
လွှတ်တော်၊ စာ ၁၇၉ ခြားနားပြသည် .... .... ၂၀၃
ဆရာမှုဒင် နှင့် ဦးဝင်းထိန်၊ ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်
ချုပ်၊ ၁၆၄ ကို ညွှန်းသည် .... .... .... ၉၆
ဆဲရယ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၉၊ မြန်မာနိုင်ငံ စီရင်ထုံး၊
အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့ စာ ၁ ရည်ညွှန်းသည် .... ၁၅၉
ဆိုနာမီယာ နှင့် နိုင်ငံတော်၊ ရန်ကုန်၊ အတွဲ ၂၊ စာ ၄၇၆ ရည်ညွှန်းသည် ၅၀
ဒေါက်တာ မစ္စ၊ အေဂျီဒီနက်တို နှင့် မအိမ်သူပါအများ၊ မြန်မာပြည်
စီရင်ထုံး၊ ၁၉၅၀ (တရားလွှတ်တော်)၊ စာ ၉၃ ရည်ညွှန်းလိုက်နာသည် ၁၅၁
ဒေါ်ကောက် ပါ ၃ နှင့် မတင်လှ၊ ၁၉၆၇၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၅၅၂
ရည်ညွှန်းသည် .... .... .... ၁၀၇
ဒေါ်မမကြီး နှင့် မရန် ပါ ၃၊ ၁၉၆၄၊ တရားမ ပထမအယူခံမှု အမှတ် ၅၂
**ဒေါ်မမကြီး** လျှောက်ထားသူ (သေဆုံးသူ ဦးချစ်တင်၏ ပစ္စည်း
များကိစ္စ) နိုင်ငံတော် တရားရုံးချုပ်၊ ၁၉၆၃ ခုနှစ်၊ တရားမအသေး
အဖွဲ့မှု အမှတ် ၉၄၊ စီရင်ချက်ပူးတွဲထားသည်၊ ရည်ညွှန်းသည် .... ၁၀၇
ဒေါ်မမလေး နှင့် ဦးညွန့် ပါ ၃၊ ဦးလှပါ ၃၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊
စာ ၁၃၉၅ ခြားနားပြသည် .... .... .... ၂၀
ဒေါ်သိုက် နှင့် ချောင်အာလင်း၊ ၁၉၅၁၊ မြန်မာနိုင်ငံစီရင်ထုံး (တရား
လွှတ်တော်ချုပ်)၊ စာ ၁၃၃ ရည်ညွှန်းသည် .... ၁၆၁
ဒေါ်သိန်းရင် နှင့် သစ်တောမင်းကြီး၊ နိုင်ငံတော် တရားရုံးချုပ်၊ ၁၉၆၇၊
တရားမအထွေထွေ လျှောက်ထားမှုအမှတ် ၁၁၄ ကိုညွှန်းသည် .... ၉၆
ပါဘာသီ ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ
စီရင်ထုံးများ၊ စာ ၁၀၁ ရည်ညွှန်းသည် .... .... ၉၉
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဂိုဗစ်ဒါဆွာမီ၊ ၁၉၄၉၊ မြန်မာပြည်စီရင်ထုံး၊
၆၂ (တရားလွှတ်တော်) ရည်ညွှန်းသည် .... .... ၂၃၀
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် စောစတင်လေဘကြူ၊ ၁၉၅၈၊ မြန်မာ
ပြည်စီရင်ထုံး၊ ၂၈ (တရားလွှတ်တော်) ရည်ညွှန်းသည် .... ၂၂၅
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် နေဘ်ခွန်ဇော်ဘာ၊ ရာဇဝတ် စောဒကမှု၊
၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၄၁၇ ရည်ညွှန်းသည် .... ၁၅၉
ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မခင်ရီ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊
စာ ၆၀၇ ရည်ညွှန်းသည် .... .... .... ၁၆၀

စာမျက်နှာ

ဘာဘာရပ်ဒတ်(စ်) နှင့် ရွှေဘိုမြို့ အိမ်ငှါးခ ကြီးကြပ်ရေးဝန်၊ ၁၉၅၃၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၁၀၅ ခြားနားပြသည် .... ၂၀
ဘိုးမြိုင် နှင့် အစိုးရ၊ အတွဲ ၁၈၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆၉ ရည်ညွှန်းသည် .... .... .... .... ၂၂၀
ဘိုးလန်း နှင့် အစိုးရ၊ ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ ၃၇၉ ခြားနားပြသည် ၄၅
ဘိုးဝင်း နှင့် အစိုးရ၊ အတွဲ ၇၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၂၆ ရည်ညွှန်းသည် .... .... .... .... ၂၂၀
မရင်မြ နှင့် တန်ယောက်ပု၊ ရန်ကုန်စီရင်ထုံးအတွဲ (၅)၊ စာ ၄၀၆ ရည်ညွှန်းသည် .... .... .... .... ၁၆၀
မရှာဘီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၀၊ မြန်မာပြည်စီရင်ထုံး၊ ၃၇၄ (တရားလွှတ်တော်) ရည်ညွှန်းသည် .... .... ၂၃၀
မောင်ကိုကြီး နှင့် ဒေါ်အုန်းခင်၊ ၁၉၆၅၊ မြန်မာပြည်စီရင်ထုံး၊ စာ ၉၁၃ ခြားနားပြသည် .... .... .... ၉၀
မောင်ကိုကြီး နှင့် ဒေါ်အုန်းခင်၊ ၁၉၆၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၉၁၃ ရည်ညွှန်းသည် .... .... .... .... ၁၆၀
မောင်ကျော်ဖေ ပါအများ နှင့် မောင်ကြည်၊ ရန်ကုန်စီရင်ထုံးအတွဲ (၆)၊ စာ ၂၀၃ ရည်ညွှန်းသည် .... .... .... ၁၅၁
မောင်စိန် နှင့် အစိုးရ၊ အတွဲ ၃၊ အောက် မြန်မာပြည် စီရင်ထုံး၊ ၁၂၁ ရည်ညွှန်းသည် .... .... .... .... ၂၂၀
မောင်ညွန့်စိန် နှင့် ဦးရှိန်ကြီး၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ ၉၉၁ ရည်ညွှန်းသည် .... .... .... .... ၁၉၂
မောင်မှတ်ကြီး နှင့် ပြည်ထောင်စု၊ ၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၄၇၃ (တရားလွှတ်တော်) ရည်ညွှန်းလိုက်နာသည် .... .... ၄၆
မောင်ဦးခိုင် နှင့် အစိုးရ၊ အတွဲ ၁၃၊ ရန်ကုန်၊ ၁ ရည်ညွှန်းသည် .... ၂၃၀
ဟွပ်ဖေါ် နှင့် အင်းစိန်ခရိုင်ဝန်၊ ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ ၈၆ ရည်ညွှန်းသည် .... .... ၉၆
အစိုးရ နှင့် ဘိုးမင်း၊ အတွဲ ၁၀၊ ရန်ကုန်၊ ၅၁၁ (စုံညီခုံ) ရည်ညွှန်းသည် .... ၂၃၀
အစိုးရ နှင့် မောင်ညွန့်၊ အေ၊အိုင်၊အာ (ရ်)၊ ၁၉၃၅၊ ရန်ကုန်၊ စာ ၃၄၉ ရည်ညွှန်းသည် .... .... .... .... ၃၁
အစိုးရ နှင့် မောင်ညွန့်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊ ၃၉၃ ရည်ညွှန်းသည် .... .... .... .... ၇၂

စာမျက်နှာ

အစိုးရ နှင့် လှမောင်း၊ ၁၉၄၆၊ ရန်ကုန်၊ စာ ၁၀၂ ရည်ညွှန်းသည် ၃၅

ဖိုးဘော်အောင် နှင့် အစိုးရ၊ အတွဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၆၈ ခြားနားပြသည် ၄၅

အန်ဂါမီ နှင့် ပြည်ထောင်စု ၁၉၅၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၃၃၁ (တရားလွှတ်တော်) ခြားနားပြသည် ၄၅

အဗ္ဗုလ်ရာမန် နှင့် အစိုးရ၊ အတွဲ ၅၊ ရန်ကုန်၊ ၅၃ (ပရိဗီကောင်စီ) ရည်ညွှန်းသည် ၂၃၀

ဦးဘကျော်ညို နှင့် ပြည်ထောင်စု၊ ၁၉၆၁၊ မြန်မာပြည် စီရင်ထုံး၊ ၇၈ (တရားလွှတ်တော်) ခြားနားပြသည် ၂၂၉

ဦးဘင်ကျွန် နှင့် ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၂ ရည်ညွှန်းသည် ၁၉၉

ဦးပေါ် နှင့် [illegible]၊ ၁၉၆၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ နိုင်ငံတော် တရားရုံးချုပ်၊ ၁၃၄ ကို ရည်ညွှန်းသည် ၉၆

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

စာမျက်နှာ


အက်ဥပဒေများ

တရားမကျင့်ထုံးဥပဒေ။

မြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ။

မတရားသင်းအက်ဥပဒေ။

မတော်တဆထိခိုက်မှုအက်ဥပဒေ။

မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ။

မြန်မာပြည် လေကြောင်းအက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

ရန်ကုန်မြို့တရားမရုံးအက်ဥပဒေ။

သားသတ်ပိတ်ပင်ရေးအက်ဥပဒေ။

သက်သေခံအက်ဥပဒေ။

အများနှင့်သက်ဆိုင်သောပစ္စည်းကို ကာကွယ်စောင့်ရှောက်ရေးဥပဒေ။


တရားမကျင့်ထုံးပုဒ်မ ၇၅(ခ) နှင့် ပုဒ်မ ၁၀၇ (၂)အရ ခရိုင်လယ်ဝန်အား ကော်မရှင်နာအဖြစ် ခန့်ထားခြင်း—ခေါင်းစဉ်အပြည့်အစုံနှင့်စုံလင်စွာရေးသားထားသည့် ကော်မရှင်အစီရင်ခံစာ—သက်သေခံ အက်ဥပဒေပုဒ်မ ၅၁—အသက်ရှင်လျက်ရှိသူ တဦးတယောက်၏ ထင်မြင်ချက်—ထင်မြင်ချက်ကို မူတည်သော အချက်အလက်များ မှန်၊မမှန်ရုံးကစစ်ဆေးစမ်းသပ်ရခြင်း—အထူးတတ်မြောက် ကျွမ်းကျင်သူ ကော်မရှင်နာ၏ အစီရင်ခံချက် နှင့် ၎င်း၏ သက်သေ ထွက်ချက်တို့ကို မည်သို့မည်ပုံ ချင့်ချိန်လက်ခံသင့်ကြောင်းမှု။ ။အယူခံ တရားလိုက အယူခံတရားခံများအပေါ် မြေကိုကျူးကျော်ဝင်ရောက်သည်ဟုဆိုကာကျူးကျော်ထားခြင်းမှဖယ်ရှားပေးရန် တရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။ခရိုင်လယ်ဝန်က အချင်းဖြစ်ပွါးမြေများ၏ နယ်နိမိတ်ကို တိုင်းထွာသောအခါ နှစ်ဖက်မြေရှင်များနှင့် ရပ်ကွက်လူကြီးများ ရှိကြသည်။ တိုင်းထွာရာတွင် အသုံးပြုသည့် မြေပုံများကိုဖေါ်ပြပြီး မြေပုံစာရင်းများအရ တွေ့ရှိသည့် အချက်အလက်များကို သေချာစွာရေးသားထားသည့် အပြင် ကော်မရှင်အစီရင်ခံချက်တွင်လည်း ခေါင်းစဉ်အပြည့်

စာမျက်နှာ

အစုံနှင့် စုံလင်စွာ ရေးသားထားသည်။ ရုံးတွင်လည်း ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် အောက်အယူခံရုံးသည် ၎င်း၏ စီရင်ချက်တွင် ရေးသားထားသည့်အတိုင်း မိမိကိုယ်တိုင် ရေးသားဆင်ခြင်ပြီး စုံလင်စွာ အကြောင်းအရာများကို ဖေါ်ပြ ရေးသားထားသည်ကို တွေ့မြင်ရပေသည်။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၅၁ အရ အသက်ရှင်လျက်ရှိသူ တဦးတယောက်၏ ထင်မြင်ချက်နှင့် စပ်ဆိုင်၍ ဖေဖန်ရမည်ဆိုလျှင် ထိုသူ၏ ထင်မြင်ချက်ကို မူတည်သော အချက်အလက်များလည်း စပ်ဆိုင်သည်ဟု ဆိုရမည်။မူတည်သော အချက်အလက်များ မှန်၊မမှန်ကို ရုံးကစစ်ဆေးစုံစမ်းရမည်။အထူး တတ်မြောက် ကျွမ်းကျင်သူ တဦး၏ သတိနှင့် ရှည်လျှား သေချာစွာ စုံစမ်း စစ်ဆေး စမ်းသပ်ဆုံးဖြတ်ချက် တခုကို လုံလောက်သော အကြောင်းရှိမှ သာ ဝင်ရောက်စွက်ဖက်ရမည်။ ရုံးသည် အယုံအကြည်ရှိသော ကော်မရှင်နာ၏ အစီရင်ခံချက်တွင် စေ့စေ့စုံစုံ ရေးသားထားသော အကြောင်းကို ငြင်းပယ်ပြီး အထူး တတ်မြောက် ကျွမ်းကျင်သူတဦးအနေဖြင့် လုပ်ကိုင်ဆောင်ရွက် ဆုံးဖြတ်ရန်မသင့်ပေ။ ဤသည်ကား အထူးတတ်မြောက် ကျွမ်းကျင်သူ ကော်မရှင်နာ၏ အစီရင်ခံချက်နှင့် ၎င်း၏သက်သေထွက်ဆိုချက်တို့ကို မည်သို့မည်ပုံ ချင့်ချိန်လက်ခံသင့်ကြောင်း မူပင်ဖြစ်သည်။

ဒေါ်ငွေတင်နှင့် ကိုချောက်ထောင် ပါ ၂ .... .... ၁၂

တရားမကျင့်ထုံးပုဒ်မ ၈၀—နို့တစ်စာပေးရန်လိုအပ်သော အမှုနှစ်မျိုးနှစ်စားရှိခြင်း—ပဌမအမျိုးအစားဖြစ်သည့် အစိုးရကိုစွဲသည့်အမှုမျိုး၌နို့တစ်စာပေးရန်လိုခြင်း—ဒုတိယ အမျိုးအစား ဖြစ်သည့် ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့် အမှုမျိုးနှင့် ပတ်သက်၍မူ၊ ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ရာထူးအလိုက် ဆောင်ရွက်ခဲ့သည့် ပြုမူချက်နှင့် အကျုံးဝင်မှ နို့တစ်စာပေးရန်လိုခြင်း။ ။အယူခံ တရားလိုက အယူခံတရားပြိုင် ပြည်သူ့ဘဏ် မန်နေဂျာအပေါ် မြွက်ဖေါ်ချက် ဒီကရီ ရလိုကြောင်း တရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ပုဒ်မ ၈၀ မှာ နို့တစ်စာပေးရန် လိုအပ်သည့် အမှု နှစ်မျိုးနှစ်စားရှိပေသည်။ ပဌမအမျိုးအစားမှာ အစိုးရကို စွဲဆိုသည့်အမှုဖြစ်ပြီး၊ ဒုတိယအမျိုးအစားမှာ ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့်အမှုပင်ဖြစ်သည်။ ပဌမ အမျိုးအစားဖြစ်သည့် အစိုးရကို စွဲဆိုသည့် အမှုတိုင်း၌ နို့တစ်စာပေးရန်လိုသည်။ နို့တစ်စာမပေးဘဲ လုံးဝ တရားစွဲဆိုခြင်းမပြုနိုင်။ ဒုတိယအမျိုးအစားဖြစ်သည့် ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့် အမှုနှင့် ပတ်သက်၍မူ ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ ရာထူးအလိုက် ဆောင်ရွက်ခဲ့သည့် ပြုမူချက်နှင့် အကျုံးဝင်မှသာ နို့တစ်စာပေးရန် လိုပေသည်။ ပြည်သူ့ဝန်ထမ်းတို့မည်သည် မိမိတို့အားအပ်နှင်းထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုပေသည်။ ထိုတာဝန်များကို ထမ်းဆောင်ရာ၌ ထပါးသူ၏ အကျိုးကို ထိပါးကောင်း ထိပါးမည်ဖြစ်ရာ ယင်းသို့ ထိပါးတိုင်း ကြိုတင်အကြောင်းမကြားဘဲ တရားစွဲဆိုခြင်း ခံရမည်ဆိုလျှင်တရားရုံးများ၌သာ အချိန်ကုန်ပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့် ပြုမူချက်နှင့်ပတ်သက်လာလျှင် ကြိုတင်၍ နို့တစ်စာပေးရန် လိုမည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား ပြည်သူ့ဝန်ထမ်း အနေဖြင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့်ပြုမူချက် မဟုတ်ပါက

**စာမျက်နှာ**

ထိုပြုမူချက်အတွက် နို့တစ်စာ မပေးဘဲ တရားစွဲဆိုခြင်း မပြုရဟု ဥပဒေက တားမြစ်ထားခြင်း မရှိပေ။ အယူခံ တရားလိုသည် အယူခံတရားပြိုင်အပေါ် ပြည်သူ့ဝန်ထမ်း တဦးအနေဖြင့် တာဝန်အရဆောင်ရွက်ခဲ့သည့် ပြုမူချက်အတွက် တရားစွဲဆိုခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ ဘီပါသီဘန်း သေဆုံးခြင်းမှာ အယူခံတရားပြိုင်၏ လက်ချက်ကြောင့် ဖြစ်သည်ဟုသော်၎င်း၊ အယူခံ တရားပြိုင်တွင် တာဝန်ရှိသည်ဟုသော်၎င်း၊ စွပ်စွဲထားခြင်း မရှိချေ။ အယူခံတရားပြိုင် အပေါ် သက်သာခွင့်ပင် တောင်းဆိုထားသည်ကို မတွေ့ရပေ။ သို့ဖြစ်ရာ အယူခံ တရားလိုစွဲဆိုသောအမှုသည် တရားမကျင့်ထုံး ပုဒ်မ ၈၀ နှင့် အကျုံးဝင်သည့် အမှုမျိုးဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်။

**အက်(စ်)ပီ၊ အက်(စ်)၊ ဗါရန်နှင့် မန်နေဂျာ၊ ပြည်သူ့ဘဏ်အမှတ် (၁/၆) မောင်းတော ....  ....  ....  ....** ၅၁

ဒီကရီငွေအတွက် အဆောက်အဦကို ဝါရမ်းဖမ်းဆီး လေလံတင်ရောင်းချပေးရန် လျှောက်ထားခြင်း—ဥပဒေအရ အခွင့်အရေးရှိနေခြင်း—ဥပဒေအရ မှားယွင်းပြီး တဖက်စီးနင်းဖြစ်နေသည်ဟု မည်သို့မျှမတွေ့ရှိခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ တရားနိုင်ဖြစ်သူ အယူခံတရားခံတို့က တရားရှုံးဖြစ်သူ အယူခံတရားလို၏ အဆောက်အဦကို မိမိတို့ရရန်ရှိသည့် ဒီကရီငွေအတွက် လေလံတင်ရောင်း ချရန်ဥပဒေအရ အခွင့်အရေး ရှိနေသည်ကတကြောင်း၊ တရားရှုံးဖြစ်သူ အယူခံတရားလိုက ထိုငွေများကို တလလျှင် အရစ်ကျ ၂၅ိ ပေးဆောင်ရန် တောင်းဆိုခြင်းမှာ တရားမျှတခြင်းဖြစ်သည်ဟု မဆိုနိုင်၍ ခွင့်မပြုခြင်းဖြစ်ပေရာ ထိုအမိန့်မှာ ဥပဒေအရ မှားယွင်းပြီး တဖက်စီးနင်းဖြစ်နေသည်ဟု မည်သို့မျှ မတွေ့ရှိရသောကြောင့် အောက်ရုံးအမိန့်၌ ဝင်ရောက် ပြင်ဆင်စွက်ဖက်ရန် အကြောင်းရှိသည်ဟု မဆိုနိုင်။

**ဒေါ်စိန် နှင့် မနစ်အမာလ် ....  ....  ....  ....** ၂၂

**ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)အရမှုပြစ်ထင်ရှားစီရင်ခြင်း— တရားခံနှစ်ဦးသည် တဦးအပေါ်တဦး အပြစ်လွှဲချလျက်ရှိခြင်း—တရားခံတို့၏ ထုချေချက်ကိုမှုတည်၍ တရားစွဲဆိုခြင်း—သို့တည်းမဟုတ် တမှုတမှုစီခွဲ၍ တရား စွဲဆိုခြင်းပြုသင့်သလောဆိုသည့်ပြဿနာကို ဆုံးဖြတ်ခြင်းပြုသင့်မပြုသင့်။** ။ ပဌမ လျှောက်သူအပေါ် ပြည်သူ့ပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်၆(၁)အရ၎င်း၊ ဒုတိယလျှောက်သူအပေါ် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁)/၉ အရ၎င်း တရားစွဲဆိုခဲ့သည်။တရားခံ ၂ ဦးသည် တဦးအပေါ်တဦး အပြစ်လွှဲချ လျက်ရှိရာ။ ။**ဆုံးဖြတ်ချက်**။ ။ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၃၉ (က)နှင့် (ခ) တို့တွင် ပူးပေါင်း၍ ပြစ်မှုကျူးလွန်သည် ဟု စွပ်စွဲခံရသူတို့ကို၎င်း၊ ကိုယ်ထိလက်ရောက်ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံ ရသော တရားခံကိုအားပေးကူညီသည်ဟု စွပ်စွဲခံရသော တရားခံနှင့် ၎င်းတမှု တည်းအတွင်တရားစွဲဆိုနိုင်ကြောင်း အတိအလင်း ခွင့်ပြုထားပေသည်။ တရားလို ဘက်မှ စွပ်စွဲချက်အပေါ်တွင်သာမှုတည်၍ အတူတရားစွဲဆိုခြင်းပြုသင့်သလော၊ တမှုစီခွဲ၍တရားစွဲဆိုခြင်းပြုသင့်သလောဆိုသည့် ပြဿနာဆုံးဖြတ်ရမည်ဖြစ်သည်။

စာမျက်နှာ

တရားခံတို့၏ ထုချေချက်ကိုမူတည်၍ ဆုံးဖြတ်ခြင်းမပြုနိုင်ပေ။ ။အန်ဝါခန် နှင့် ပြည်ထောင်စု၊ ၁၉၅၂၊ မြန်မာပြည်စီရင်ထုံး၊ ၃၃၁ (တရားလွှတ်တော်) ။ ။ဘိုးလန်း နှင့် အစိုးရ၊ ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၃၇၉။ ။အာဇင်အူဒင် နှင့် အစိုးရ၊ အတွဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး ၆၀။ ။ကျော်ဒွေး နှင့်အစိုးရ၊ အတွဲ ၁၊ ဘားမားလောဂျာနယ်၊ ၆၉ ခြားနားပြသည်။ ။မောင်မှတ်ကြီး နှင့် ပြည်ထောင်စု၊ ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၄၇၃ (တရားလွှတ်တော်) ရည်ညွှန်းလိုက်နာသည်။

ဓမောင်သက်နှင်း / မောင်ကြင်ဟုတ် } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၄၂

ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) အရ တရားစွဲဆိုခြင်း——ပြည်သူပိုင်ပစ္စည်းများ ဖြစ်သည်ဟု ယူဆနိုင်ရန်အကြောင်းခြင်းရာ။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် တွေ့ယူရသော ကျွန်းသစ်ခွဲသားများကို သက်ဆိုင်ရာအာဏာပိုင်တို့မတွေ့ယူနိုင်ရန် အချိန်မတော် လှည်းဖြင့် တင်ဆောင်လာခြင်း၊ ယင်းခွဲသားများ၌ အစိုးရတံဆိပ် အမှတ်အသားများမပါရှိခြင်း၊ ၎င်းခွဲသားများမှာ လက်လှဖြင့်ခွဲထားခြင်းအပြင် သစ်စိုများဖြစ်နေသောကြောင့် ယင်းပစ္စည်းများသည် ပြည်သူပိုင်ပစ္စည်းများဖြစ်သည်ဟု ယူဆနိုင်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်လှသန်း ပါ ၄ .... — ၂၄

မတရားသင်း အက်ဥပဒေပုဒ်မ ၁၇ (ခ)အရ မှုပြစ်ထင်ရှားစီရင်ခြင်း——သောင်းကျန်းသူများသိမ်းယူသွားသော မိမိ၏သေနတ်ပြန်လည်ရရှိရန်အတွက် ဖိနပ်ပေးခြင်း——သောင်းကျန်းသူတို့ကိုထောက်ပံ့ခြင်း ကူညီခြင်း၊ မြောက် မမြောက်——မှုခင်းတရပ်ကို ကိုင်တွယ်စစ်ဆေးရာတွင် ပြစ်မှုမြောက်စေသော အင်္ဂါရပ်များ စုံညီထင်ရှားယို မယိုကို ကောင်းစွာဓေါ် ထုတ်၍စစ်အပ်ခြင်း——အချက်အလက် စုံလင်ထင်ရှားပိုင်နိုင်ပြီးမှ ဥပဒေနှင့် စပ်ဟပ်ညှိနှိုင်း၍ အဆုံးအဖြတ်ကိုပေးရခြင်း——ဥပဒေကိုအဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသောအဓိပ္ပါယ်ကိုယူခြင်းကပို၍ မှန်ကန်တတ်ခြင်း——ပြည်သူအများကနားလည်လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိကမှတ်ကျောက်ဖြစ်ခြင်း——တရားဥပဒေသည် အမြဲသက်ဝင်လှုပ်ရှား၍ ထာဝစဉ် ပြောင်းလဲနေသော လူ့ဘောင်အဆောက်အအုံ လူရေးလူမှုတို့တွင် ထိရောက်စွာပါဝင်၍ အကျိုးပြုရခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှုအဖြစ်အပျက်ကာလ၌ အခြင်းဖြစ်ပွါးရာ နယ်ဒေသတွင် သောင်းကျန်းသူတို့လှုပ်ရှားနေကြသည်။ အဓိက သက်သေ ၂ဦးပင် သောင်းကျန်းသူဖြစ်နေကြသည်။ အယူခံတရားလိုက ၎င်းထံမှ သောင်းကျန်းသူတို့က သေနတ်သိမ်းယူသွားကြောင်းကို ရဲစခန်းသို့ တိုင်မည်ပြုရာ ရွာနာမည်စိုး၍ မတိုင်ပါနှင့်ဟု ရွာသူကြီးများက တားကြကြောင်း ပေါ်လွင်သည်။ နေ့ကပ်ပိုင်းတွင်မှ နယ်မြေရှင်းလင်းသည်။ ယင်းအခြေအနေတွင် အယူခံတရားလိုသည် ၎င်းကကောင်းစွာထိန်းသိမ်းရာ တာဝန်ယိုသောသေနတ်ကို ရွာလူကြီး ဦးထွန်းအောင် အား အဝတ်ဖိနပ်ပေး၍ ပြန်လည်ရယူခဲ့ခြင်းသည် သောင်းကျန်းသူတို့ကို ထောက်ပံ့ခြင်း ကူညီ

စာမျက်နှာ

ခြင်းမြောက်သည်ဟု မဆိုသာ။ ။ထပ်မံဆုံးဖြတ်ချက်။ ။မှုခင်းတရပ်ကို ကိုင်တွယ်စစ်ဆေးရာတွင် ပြစ်မှုမြောက်စေသောအင်္ဂါရပ်များ စုံညီထင်ရှား ယှိ မယှိကို ကောင်းစွာဖေါ်ထုတ်၍ စစ်ဆေးအပ်သည်။ ပြစ်မှုမမြောက် ကင်းလွတ်စေသော အချက်များယှိနိုင်ကလည်း ဖေါ်ထုတ်၍ စစ်ဆေးအပ်သည်။ အချက်အလက် စုံလင်ထင်ရှားပိုင်နိုင်ပြီးမှ ဥပဒေနှင့် စပ်ဟပ်ညှိနှိုင်း၍ အဆုံးအဖြတ်ကိုပေးရာသည်။ ဥပဒေကို အဓိပ္ပါယ်ကောက်ယူရာတွင် လမ်းညွှန်မှုလိုမှသာ ဆီလျော်ရာ မြန်မာနိုင်ငံစီရင်ထုံးတို့ကို သုံးသပ်ကိုးကားရသည်။ တမှုနှင့်တမှုကြောင်းခြင်းရာ မှုခင်းဖြစ်အခြေအနေထပ်တူညီတူသည်ဟုမယှိနိုင်သဖြင့် စီရင်ထုံးတို့၏ လမ်းညွှန်မှုကိုကောင်းစွာသော သတိဖြင့်သာ ခံယူရသည်။ အချက်အလက်စုံလင်ထင်ရှားပိုင်နိုင်ခြင်းမယှိသေးပဲ စီရင်ထုံးကိုရှာလျှင် ဆီလျော်ရာကို မတွေ့ပဲလည်းယှိတတ်သည်။ အချက်အလက်ဖေါ်ထုတ်ရာတွင်လည်း ချွတ်ချော်တိမ်းပါး ဖြစ်တတ်သည်။ ဖြစ်ပျက်ခဲ့သောအချက်အလက်အတွက် စီရင်ထုံးရှာခြင်းမျိုးထက် ကြိုက်နှစ်သက်ရာစီရင်ထုံးတွင်းသို့ဝင်အောင်အချက်အလက်တို့ကို သွတ်သွင်းသည့် သဘောမျိုးလည်းဖြစ်သွားတတ်သည်ကို သတိပြု၍ ဆင်ခြင်ရသည်။ ။ဥပဒေကိုအဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကိုယူခြင်းကပို၍ မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပါယ်ဖွင့်ဆိုမှသာလျှင် ဥပဒေကို ပြည်သူများ နားလည်လက်ခံမည်။ လိုက်နာလေးစားကြမည်။ ဥပဒေနှင့် ပြည်သူရင်းနှီးကာ ဥပဒေများ သက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ရှေ့သို့ ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်၊ ကာလ၊ ဒေသအခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု၊ ဓလေ့ထုံးတမ်းစသည်တို့ကို စစ်ဆေးဆင်ခြင်ကာ ဥပဒေဘောင်အတွင်းကမျှတမှန်ကန်၍ အများနားလည်သဘာဝကျသောတရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကို ရွေးထားကိုးကားလျှင် တရားစီရင်ရေးသည် မြန်မာပီသမည်မဟုတ်၊ မြန်မာ့အခြေအနေနှင့် ကင်း၍ ပြည်သူနှင့်ဝေးဖွယ်ရာသာယှိသည်။ ပြည်သူအများက နားလည်လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိကမှတ်ကျောက်ဖြစ်သည်။ အဓိက တန်ခိုးအာနိသင်ဖြစ်သည်။ ။တရားဥပဒေသည် စာအုပ်ကြီးများ စီရင်ထုံးများတွင် စကားလုံးများအဖြစ်သာလျှင် တည်နေရန်မဟုတ်၊ အမြဲသက်ဝင်လှုပ်ရှား၍ ထာဝစဉ် ပြောင်းလဲနေသော လူ့အဆောက်အအုံ၊ လူရေးလူမှုတို့တွင် ထိရောက်စွာ ပါဝင်၍ အကျိုးပြုရမည်။ ထို့ကြောင့် တရားဥပဒေဟူသည် တဖက်တွင်ဥပဒေဘောင်ကို ဖေါက်ကျော်ခြင်းမပြု၊ ထုံးတမ်းလည်း ညီညွတ်စေ၍ တဖက်တွင်လည်း ပြောင်းလဲတိုးတက်မှုတွင် အင်အားသစ်ဖြင့်တက်ကြွစွာသက်ဝင်လှုပ် ရှားနိုင်ရမည်။ လူ့အဆောက်အအုံ တိုးတက်မှု၊ လူမှုရေးတို့နှင့် အကိုက်အညီပြဋ္ဌာန်းထားသော ဘောင်အတွင်းမှ မှန်ကန် မျှတစွာ ဥပဒေကို အဓိပ္ပါယ် ဖွင့်ဆိုအပ်သည်။ တရားမျှတမှန်ကန်ခြင်းဆိုသည်ကို ပြည်သူတို့က နားလည်လက်ခံခြင်းဖြင့် မှတ်ကျောက်တင်အပ်သည်။

**ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၅၈**

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၎၃၅၊ ၅၆၁(က) အရ လျှောက်ထားခြင်း—ပြစ်ပမှုဖြစ်သူက ယင်းကဲ့သို့ လျှောက်ထားခြင်းပြုနိုင် မပြုနိုင်။ ။လျှောက်ထားသူ၏ သဘော

စာမျက်နှာ

စလင်အား ရာဇသတ်ကြီးပုဒ်မ ၃၃၇ အရ မှုပြစ်ထင်ရှားစီရင်ထားသည်။ ။ဆုံးဖြတ်ချက်။ ။လျှောက်ထားသူမှာ မူလအမှုများတွင်ပါဝင်ခဲ့ခြင်း မယှိသဖြင့် နစ်နာသူမဟုတ်ပေ။ နစ်နာသူမှာ လျှောက်ထားသူ၏ စလင် မောင်အုန်းသင် ဖြစ်သူသည်၊ မောင်အုန်းသင်က မူလရုံးမှချမှတ်သောအမိန့်များကို အယူခံနိုင်ပေသည်။ ယင်းကဲ့သို့ ၎င်းကအယူမခံဘဲ အမှုပြင်ပမှဖြစ်သော လျှောက်ထားသူက ယခုကဲ့သို့ လျှောက်ထားခြင်းကို လက်မခံနိုင်။ ။အစိုးရ နှင့် မောင်ညွန့်၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊စာ ၃၄၉ ရည်ညွှန်းသည်။

ဦးမောင်ကြီး နှင့် ကိုကျော်မြိုင် .... .... .... ၇၁

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၈ အရ အာမခံလျှောက်လွှာ—ရာဇသတ်ကြီး ပုဒ်မ ၃၆၆၊ ၃၆၆/၁၁၄ အရ တရားစွဲဆိုခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် တရားလိုဖြစ်သူ လျှောက်ထား ခံရသူအားပင် မစစ်ဆေး ရသေးသဖြင့် အမှုနှင့် ပတ်သက်၍ လျှောက်ထားသူများသည် အမှုအတောအတွင်း အာမခံရသင့်သည်ဟု ဆုံးဖြတ်နိုင်ရန်ခဲယဉ်းပေသည်။ မည်သို့ပင်ဖြစ်စေ လျှောက်ထားခံရသူ တိုင်တန်းချက်အရ လျှောက်ထားသူများ၏ အနိုင်အထက်ပြုမှုချက်မှာ အမျိုးသမီးတဦး၏ လူနေမှုဘဝလုံခြုံရေးကိုထိပါးရာ ရောက်ကြောင်းတွေ့ယှိရသည့်အပြင် လျှောက်ထားသူများအား အမှုနှင့်ပတ်သက်၍ အာမခံပေးထားသင့်ကြောင်း ထူးခြားလုံလောက်သည့်အချက်အလက်များယှိသည်ဟု မတွေ့ယှိရသောကြောင့် လျှောက်လွှာများကို လက်ခံနိုင်ရန် လုံလောက်သောအကြောင်းယှိသည်မဆိုနိုင်။

မောင်တင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (မဝင်းရီ) .... ၃၉

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၆၁ (က) အရ အရေးယူပေးရန်လျှောက်ထားခြင်း—၎င်းပုဒ်မအရ အာဏာကို မသွဲမရှောင်သာမှသာ အသုံးပြုရခြင်း။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ဖြင့် ဤရုံးသို့ပေးထားသော အာဏာကို မလွဲမရှောင်နိုင်မှသာ အသုံးပြုရမည်။ တနည်းနည်းဖြင့် သက်သာခွင့်ရယှိရန် အကြောင်းယှိလျှင် ဤအာဏာကို အသုံးမပြုရပေ။ ပုဒ်မ ၅၆၁ (က) သည် (၁) ရာဇဝတ်အမိန့်တခုကို ထိထိရောက်ရောက်ဖြစ်စေခြင်း၊ (၂) ရုံး၏လုပ်ငန်းတခုခုကိုအလွဲသုံးစားပြုခြင်းမှ တားမြစ်ခြင်းနှင့် (၃) တရားမျှတစွာဖြစ်စေခြင်းတို့နှင့်သာ ပတ်သက်သည်။ လျှောက်ထားသူမှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅ အရ ခရိုင်ရာဇဝတ်တရားသူကြီး၊သို့မဟုတ်စက်ရှင်တရားသူကြီးထံ သက်သာခွင့်ရယှိရန် ပြင်ဆင်မှု တင်သွင်းခွင့်ယှိနေသည်ဖြစ်၍ ပုဒ်မ ၅၆၁ (က) နှင့်လုံးဝမသက်ဆိုင်ပေ။

ဦးဝိထောသ နှင့် ဦးပညာလောက ပါ ၂ .... .... .... ၇၃

ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—မြောင့်ချက်ကို ရဲကမြား ယောင်းသည့်အတွက် ပေးရသည်ဟုဆို၍ ပြန်လည်ရုပ်သိမ်းခြင်း—အကြောင်းခြင်းရာများနှင့်တကွ ပြန်လည်တွေ့ယှိရသောပစ္စည်းများက မြောင့်ချက်ကိုထောက်ခံထားသဖြင့် မြောင့်ချက်ကို လေးနက်စွာ ခံယူရမည်ဖြစ်ခြင်း—သေသူမသေမီက ၎င်းသဘောမတူဘဲ ပစ္စည်းများကို ရယူခြင်းမှာ သေသူ၏ ပစ္စည်းများကို မရိုး

စာမျက်နှာ

မဖြောင့်သောသဘောဖြင့် ရယူခြင်းဖြစ်၍ ရာဇသတ်ပုဒ်မ ၃၉၇ အရ မှုမြောက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက ရှုံးတွင် ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ဖြောင့်ချက်ပေးရခြင်းမှာ ရဲကဖြားယောင်းသည့် အတွက်ပေးရသည်ဟုဆိုသည်။ သို့သော် လုံခြုံရေးမှူးကိုစစ်ဆေးစဉ်ကထိုအကြောင်းနှင့်ပတ်သက်၍ တခွန်းတပါဒမျှမေးမြန်းထားခြင်း မတွေ့ရပေ။ ထို့ကြောင့်နောက်မှ အကြံရ၍ စွပ်စွဲခြင်းမျိုးဖြစ်သဖြင့် လက်ခံရန် လုံလောက်သောအကြောင်းမယို့ပေ။ ။အစိုးရ နှင့် မောင်ညွန့်၊ အေ၊အိုင်၊အာ(ရ်)၊၁၉၃၅၊ ရန်ကုန် ၈၁၊ ၃၉၃ ရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။အမှုတွင် အယူခံတရားလိုက သေသူအား ဓါးနှင့်ထိုးစဉ်အခါက မျက်မြင်သက်သေ မယို့သည်မှာမှန်၏။ သို့သော် အကြောင်းခြင်းရာများနှင့်တကွ ပြန်လည်တွေ့ယို့ရသောပစ္စည်းများက ဖြောင့်ချက်ကိုထောက်ခံထားသဖြင့် ယင်းဖြောင့်ချက်ကို လေးနက်စွာ ခံယူရမည်ဖြစ်သည်။ ။ အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ ၈၁ ၁၀၂ ရည်ညွှန်းသည်။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေထွက်ချက်များအရ ဓါးဒဏ်ရာများဖြင့်လဲနေသော သေသူကိုသွားကြည့်ရာတွင် သေသူအသက်မပျောက်သေးပေ။ ဆရာဝန်ကလည်း ထိုဒဏ်ရာမှာ ချက်ခြင်းမသေနိုင်။ နာရီဝက်မျှအသက်ရှင်နိုင်သေးသည်ဟု ထွက်ဆိုထားရာ သေသူ မသေမီက ၎င်းသဘောမတူဘဲ ရွှေထည်ပစ္စည်းများကို အယူခံတရားလိုက ရယူခြင်းမှာ သေသူ၏ပစ္စည်းကို အယူခံတရားလိုသည် မရိုးဖြောင့်သော သဘောဖြင့်ရယူခြင်းဖြစ်သောကြောင့် ရာဇသတ်ပုဒ်မ ၃၉၇ အရမှုမြောက်သည်ကိုလည်း တွေ့ယို့ရသည်။

မောင်စံသိန်း (ခ) မောင်သိန်းဇော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၂၀

ရန်ကုန်မြို့တရားမရုံးဥပဒေ ပုဒ်မ ၂၅ အရတင်သွင်းသည့်ပြင်ဆင်လွှာ—ဒီကရီကျငွေများ ရယို့နိုင်ရန် တရားရှုံးပိုင် ပစ္စည်းများကို ဝါးရမ်းဖမ်းဆီး လေလံတင်ရောင်းချရန် လျှောက်ထားခြင်း—တရားရှုံးက ငွေများကို အရစ်ကျပေးဆပ်ရန် လျှောက်ထားခြင်း—အောက်ရုံး တရားသူကြီးက မိမိ၏ဆင်ခြင်တုံတရားကို ရှေ့ရှုပြီး တရားမျှတခြင်း ဖြစ်စေရန်ဆုံးဖြတ်သည့်အမိန့်—ဝင်ရောက်စွက် ဖက်ရန်သင့်မသင့်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် တရားနိုင်များဖြစ်သူ လျှောက်ခံရသူတို့က မိမိတို့ရယို့ခဲ့သည့် ဒီကရီကျငွေများကိုရယို့နိုင်ရန် တရားရှုံးဖြစ်သူ လျှောက်သူတို့ပိုင်ပစ္စည်းများကို ဝါရမ်းဖမ်းဆီး လေလံတင်ရောင်းချရန် တောင်းဆိုခဲ့ခြင်းဖြစ်ပြီးတရားရှုံးများအားဖမ်းဆီးရန် တောင်းဆိုထားခြင်းမဟုတ်ပေ။ ထိုသို့တောင်းဆိုရန် ၎င်းတို့မှာ ဥပဒေအရ အခွင့်အရေးယို့ကြောင်းကိုလည်း မငြင်းဆိုနိုင်ပေ။ အမှုတွင် ဒီကရီချမှတ်ခဲ့သည်မှာလည်း အချိန်အတော်ကြန့်ကြာနေပြီဖြစ်ပြီး၊ တရားနိုင်တို့သည် ဒီကရီကျငွေမျ းကို ယနေ့တိုင်အပြေအလည် မရယို့သေးသဖြင့် အောက်ရုံးတရားသူကြီးက တရားရှုံးဖြစ်သူ လျှောက်သူတို့က ကျန်ငွေများကို အရစ်ကျပေးဆပ်ရန် လျှောက်ထားခြင်းကို ခွင့်ပြုရန်သင့်တော်မည် မဟုတ်ဟု ယူဆဆုံးဖြတ်ပြီး၊ ၎င်းတို့၏လျှောက်လွှာကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ချမှတ်ခဲ့သည့်အမိန့်မှာ အောက်ရုံးတရားသူကြီးက မိမိ၏ဆင်ခြင်တုံတရားကို ရှေ့ရှုပြီး တရားမျှတခြင်းဖြစ်စေရန် ဆုံးဖြတ်ခဲ့သည့် အမိန့်တရပ်သာဖြစ်ကြောင်း ထင်ရှားနေပြီး၊ ထိုအမိန့်မှာ ဥပဒေအရ မှားယွင်းနေသည်ဟုရင်း၊ တဖက်စီးနင်းဖြစ်နေ

စာမျက်နှာ

ပါသည်ဟုရင်း၊ မည်သို့မျှ ပြဆိုနိုင်ခြင်းမယှိသဖြင့် ၎င်းအမိန့်တွင် ဤ ၊ းမှုပြင်ဆင် သည့်ရုံးအာနေနှင့် ဝင်ရောက်စွက်ဖက်ရန် သင့်သည်ဟုမဆိုနိုင်။

ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂ .... .... .... ၅၅

လျော်ကြေးငွေများ ရယှိရန် တရားစွဲဆိုခြင်း—လက်မှတ်တွင် ပါယှိသည့် အမှတ် ၆ စည်းကမ်းချက်—လေယာဉ်လက်မှတ်ပေါ်တွင်သယ်ယူပို့ဆောင်သည့်စည်းမျဉ်းများ ကျောဖက်တွင် ပြဆိုထားကြောင်း ထင်ရှားစွာရေးသားထားခြင်း—ခရီးသည်များအား သိယှိနားလည်စေရန်လိုအပ်သမျှ ဆောင်ရွက်ပြီးဖြစ်သည်ဟုယူဆရခြင်း—ကျောဖက်ပါအမှတ် ၆ စည်းကမ်းကို သဘောတူလက်ခံခဲ့၍ မတော်တဆထိခိုက်မှု အက်ဥပဒေအရ အခွင့်အရေးကို စွန့်လွှတ်ပြီးကြောင်းဟု ယူဆရခြင်း—ဝါဆောစာချုပ်ပါနည်းဥပဒေများသည်ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ယနေ့တိုင် အကျုံးမဝင်သေးခြင်း။ ။ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် ဒါကိုတာ လေယာဉ်ပျံသန်းသွားရာ တောင်နှင့်တိုက်ပြီးမျက်စီးသွားသဖြင့် လေယာဉ်ပေါ်ပါ ခရီးသည် ၆ ဦးသေဆုံးသွားရာ ကျန်ယှိရစ်သည့်ဇနီးနှင့် သားသမီးဖြစ်သူ အယူခံတရားလိုများက ဆုံးရှုံးခြင်းဖြစ်ရသည့်အတွက် လျော်ကြေးငွေများ ရယှိရန်တရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။ သေဆုံးသူ မစ္စတာအော်လီသည် မြန်မာပြည်သို့ အချင်းမဖြစ်မီ ရက်သတ္တပတ်ခန့်မှ ရောက်ယှိခဲ့ပြီး လေယာဉ်လက်မှတ်ကို အချင်းဖြစ်သည့်နေ့က လေယာဉ်ပေါ်တက်ခါနီးမှ ရယှိခဲ့သဖြင့် ရည်ညွှန်းသည့်အမှတ် ၆ စည်းကမ်းချက်လက်မှတ်တွင်ပါယှိသည်ဟုရင်း၊ ထိုစည်းကမ်းချက်ကို သဘောတူညီခဲ့သည်ဟုရင်း အထောက်အထားမယှိပါသဖြင့် မစ္စတာအော်လီသည် ပဋိညာဉ်ဥပဒေအရ စည်းကမ်းအမှတ် ၆ က သဘောတူညီ လက်ခံခဲ့ပြီဟု ယူဆရန်မသင့်ပါဆိုသည်နှင့် ပတ်သက်၍ လေယာဉ်လက်မှတ်ပေါ်တွင် သယ်ယူပို့ဆောင်သည့်စည်းမျဉ်းများ ကျောဖက်တွင်ပြဆိုထားကြောင်း ထင်ရှားစွာရေးသားထားသဖြင့် အယူခံတရားခံအဖွဲ့မှ ထိုစည်းကမ်းချက်များကို ခရီးသည်များအား သိယှိနားလည်စေရန် လိုအပ်သမျှဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟုသာယူဆရမည်ဖြစ်သည်။ *Penton v. Southern Railways* ၁၉၃၁၊ ၂ကေ၊ဘီ၊ ၈၁ ၁၀၃ ရည်ညွှန်းသည်။ ။သေဆုံးသူမစ္စတာအော်လီအတွက် လူသေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေအရ အယူခံတရားခံများ အပေါ် ဆုံးရှုံးမှုအတွက် လျော်ကြေးရယှိရန် တရားစွဲဆိုခွင့်ယှိကြောင်းကို အယူခံတရားခံများကလည်း မငြင်းဆိုကြပေ။သို့ရာတွင်သေဆုံးသူ မစ္စတာအော်လီကပင် လေယာဉ်လက်မှတ် ကျောဖက်ပါအမှတ် ၆ စည်းကမ်းကိုသဘောတူလက်ခံခဲ့၍ ထိုအခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း ယူဆရမည်ဖြစ်ရကား တရားလိုများတို့သည် တရားစွဲဆိုရန် ပိတ်ပင်ခြင်းဖြစ်နေသည်။ ။ *U Hla Pe v. The Board of Directors Union of Burma Airways* 1951 B.L.R., p. 347 ရည်ညွှန်းသည်။ ။ဝါဆောစာချုပ်ပါနည်း ဥပဒေများသည် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ယနေ့တိုင် အကျုံးမဝင်သေးကြောင်း ထင်ရှားနေသဖြင့် လေယာဉ်လက်မှတ်ကျောဖက်တွင် ပါယှိသည့် အမှတ် ၆ စည်းကမ်းချက်မှာ အလိုအလျောက် ပျက်ပြယ်ခြင်း ဖြစ်နေသည် ဟုရင်း၊ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များ၊ အကျုံးဝင်သည်ဟုရင်း၊ လူသေစေသော ၊ တော်တဆ ထိခိုက်မှုအက်ဥပဒေနှင့် ဆန့်ကျင်၍ တရားဝင်

စည်းကမ်းချက်မဟုတ်ပါဟုငြင်း မဆိုနိုင်တော့ပေ။ အဘယ်ကြောင့်ဆို သော် လူတဦးတယောက်သည် မိမိပေါ် ကျရောက်မည့် တာဝန်ကို ပင်္ဂိုလ်ဥပဒေ အရကင်းလွတ်ခွင့်ရယူနိုင်သည်။ ။ *Luddit and others* v. *Ginger Coote Airways Limited* 1947 Appeal Cases (P.C.) p. 233. ရည်ညွှန်းသည်။

ဂျိုးဇက်အော်လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူ ပို့ဆောင်ရေး အဖွဲ့ .... .... .... ၁

အမှုခေါ် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း—မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှါးအဖြစ်အသိအမှတ်ပြုရန် လျှောက်ထားခြင်း—မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်က မြို့ပြဆိုင်ရာ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁ အပိုဒ် (၄) အရ အမိန့်တရပ် ထုတ်ပေးလိုက်ခြင်း—၎င်းအမိန့်မှာ အခွင့်အာဏာမယှိဘဲ အရေးယူခဲ့ခြင်း ဖြစ် မဖြစ်။ ။ဆုံးဖြတ်ချက်။ ။အခင်းဖြစ်သည့်အိမ်ခန်းကိုပဋ္ဌမလျှောက်ထားခံရသူသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင်မှ ဝင်ရောက်ငှါးရမ်းနေထိုင်ကြောင်း တွေ့ရှိရသဖြင့် ထိုသို့ ဝင်ရောက်နေထိုင်ခြင်းမှာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁၊ အပိုဒ် (၄) တွင်ပြဆိုထားသည့် ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နောက်ပိုင်း ဖြစ်သောကြောင့် ၎င်းပုဒ်မအရ ထိုနေ့နောက်ပိုင်းတွင် ဥပစာတခုမှအိမ်ငှါးထွက်ခါသွားခြင်းရှိက ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ အိမ်ရှင်က အိမ်ငှါးတဦးကို ထပ်မံငှါးရမ်းနေထိုင်ခွင့် မပေးနိုင်။ထိုဥပစာမှာ လစ်လပ်ကြောင်းကြီးကြပ်ရေးဝန်ထံအကြောင်းကြားပြီး၊ ၎င်း၏ခွင့်ပြုချက်ရမှသာ အိမ်ငှါးသစ်တဦးအား နေထိုင်ခွင့်ပေးနိုင်လေသည်။ ။သို့ရာတွင် အခင်းဖြစ် အခန်းအား ပဋ္ဌမလျှောက်ထားခံရသူသို့ ငှါးရမ်းခွင့်ပြုရန် လျှောက်သူအိမ်ရှင်က ပုဒ်မ ၂၁ အရ ငှါးရမ်းခကြီးကြပ်ရေးဝန်ထံ အကြောင်းကြားခဲ့ခြင်း မရှိသောကြောင့် ငှါးရမ်းခကြီးကြပ်ရေးဥပဒေအရ ပဋ္ဌမလျှောက်ထားခံရသူမှာ အခင်းဖြစ်သည့် အိမ်ခန်းအတွက် အိမ်ငှါးတဦးအနေသို့ရောက်ရှိခဲ့သည်ဟု ယူဆရန်ခဲယဉ်းလေသည်။ ။ထို့ကြောင့် ပဋ္ဌမလျှောက်ထားခံရသူက ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံတွင် ၁၉၆၇ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့က တင်သွင်းသည့် လျှောက်လွှာကို ငှါးရမ်းခကြီးကြပ်ရေးဝန်က အချင်းဖြစ်သည့်အိမ်ခန်းနှင့်ပတ်သက်၍ ပုဒ်မ ၂၁၊ အပိုဒ် (၄) အရ အရေးယူခဲ့ခြင်းမှာ မိမိတွင် အခွင့်အာဏာမရှိဘဲ အရေးယူခဲ့ခြင်းဖြစ်သည်ဟုငြင်း၊ ထိုအခွင့်အာဏာကို ကျူးကျော်ဆောင်ရွက်ပါသည်ဟုငြင်း မည်သို့မျှမဆိုနိုင်ပေ။ ။ ဒေါ်မမလေး နှင့် ဦးညွန့် ပါ ၃၊ ဦးလှ ပါ ၃ ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စ၁ ၁၃၉၅။ ။အာဘူရပ်ဒဓ် (စ်) နှင့် ရွှေဘိုမြို့ အိမ်ငှါးခကြီးကြပ်ရေးဝန်၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စ၁ ၁၀၅ ခြားနားပြသည်။

ဒေါ်စောထွင် နှင့် ဦးသိန်းမောင် ပါ ၂ .... .... .... ၁၀

အမှုခေါ် စာချွန်အမိန့်—၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ၁၃ (၁) အရ အမိန့်ကြော်ငြာစာ—ထက်အောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာအတွက် ပုဒ်မ ၂၇ အရ စံငှါးရမ်းခသတ်မှတ်ပေး လိုက်သည်မှာ ဥပဒေအရ မှန်ကန်စွာ ပြုလုပ်ခွင့်ရှိသည့်အတိုင်း ချမှတ်ပေးခဲ့သည့်အမိန့်တရပ် ဖြစ်သည်ဟု ယက်ခံရမည်ဖြစ်ခြင်း—ရန်ကုန်မြို့ တရားမရုံးတရားသူကြီးချုပ်က

### စာမျက်နှာ

စာဒကမှုတွင် ပြင်ဆင်ချမှတ်ပေးလိုက်သည့်အမိန့်မှာ ဥပဒေအရ မည်သိမျှ မှားယွင်းခြင်းဖြစ်နေသည်ဟု မဆိုနိုင်။ ။လျှောက်သူက တတိယလျှောက်ခံရသူကို ဂိုဒေါင်ငှါးရမ်းခဲ့ရာ လျှောက်ခံရသူက အချင်းဖြစ် ဂိုဒေါင်၏ စံငှါးရမ်းခနှုန်းကို သတ်မှတ်ပေးရန် လျှောက်ထားသဖြင့် ငါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ပေးလုက်သည်။ ထိုအမိန့်ကို မကျေနပ်၍ လျှောက်သူကရန်ကုန်မြို့၊ တရားမ တရားသူကြီးချုပ်ရုံး၌ စာဒကတင်ခဲ့သည်။ **ဆုံးဖြတ်ချက်။** ။၁၉၆၆ ခုနှစ်၊ စက်တဘာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆ ကိုလေ့လာမှု ထိုကြော်ငြာချက်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၃ (၁) အရသာ ကြော်ငြာခဲ့ခြင်းဖြစ်ကြောင်းမှာ မျှားစွာမှ ရှင်းလင်းထင်ရှားပေသည်။ ထိုအတွက် ထိုကြော်ငြာစာပါ ရှင်းလင်းချက်အတွက် ပြဆိုထားသည့်ဂိုဒေါင်ကဲ့သို့ ဥပစာနှင့် ပတ်သက်၍ ပုဒ်မ ၁၃ (၁) အရ ငှါးရမ်းခ ကြီးကြပ်ရေးဝန်တွင် ဆောင်ရွက်ရန်အာဏာမယှိဆိုသည်မှာ မှန်သော်လည်း ယင်းကြော်ငြာချက်သည် ပုဒ်မ ၁၃ မှလွဲ၍ အခြားမြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ပုဒ်မများနှင့် သက်ဆိုင်ခြင်း မယှိသောကြောင့် အမှုတွင် လက်ထောက်ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာအတွက် ပုဒ်မ ၂၇ အရ စံငါးရမ်းခသတ်မှတ်ပေးလိုက်သည်မှာ ဥပဒေအရ မှန်ကန်စွာ ပြုလုပ်ခွင့်ယှိသည့်အတိုင်း ချမှတ်ပေးခဲ့သည့်အမိန့်တရပ်ဖြစ်သည်ဟု လက်ခံရမည်ဖြစ်ပေသည်။ ထို့အတွက် ၎င်းအမိန့်နှင့် ပတ်သက်၍ ရန်ကုန်မြို့ တရားမရုံး တရားသူကြီးချုပ်က စာဒကမှုအမှတ် ၁၉/၆၆ တွင် ပြင်ဆင်ချမှတ်ပေးလိုက်သည့်အမိန့်မှာလည်း ဥပဒေအရ မည်သို့မျှ မှားယွင်းခြင်းဖြစ်နေသည်ဟု မဆိုနိုင်။

**ဦးပု နှင့် ငှါးရမ်းခကြီးကြပ်ရေးဝန် ပါ ၃]** .... .... .... ၆၆

၁၉၆၃ ခုနှစ် အမျှားနှင့်သက်ဆိုင်သော ပစ္စည်းကို ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရမှုပြစ်ထင်ရှား စီရင်ခြင်း—ပစ္စည်းတစုံတရာဖြင့် ယုံမှတ်အပ်နှံခြင်း ခံရသူသည် ထိုပစ္စည်းနှင့်ပတ်သက်၍ စာရင်းအင်းမပြနိုင်ခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ အရ ၎င်း၏အကျိုးနှင့် ဆန့်ကျင်သည့် အခြင်းအရာများ ယှိကြောင်း တရားရုံးကမှတ်ယူခွင့်ယှိခြင်း။ ။**ဆုံးဖြတ်ချက်။** ။ပစ္စည်းတစုံတရာဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းနှင့် ပတ်သက်၍ စာရင်းအင်းမပြနိုင်လျှင်၊ သို့တည်းမဟုတ် မှိမှိဘင်ပြသောစာရင်းသည် မယုံကြည်ထိုက်သည့် လိမ်လည်ဖေါ်ပြထားသော စာရင်းဖြစ်ကြောင်းပေါ်လွင်လျှင် ၎င်းအပေါ်၌ သက်သေခံဥပဒေပုဒ်မ ၁၁၄ အရ၊ ၎င်း၏အကျိုးနှင့်ဆန့်ကျင်သည့် အခြင်းအရာများ ယှိကြောင်း တရားရုံးကမှတ်ယူခွင့်ယှိသည်။ ။ဆိုနာမိယာ နှင့် နိုင်ငံတော်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၄၇၆ ရည်ညွှန်းသည်။

**မောင်သောင်းဖေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** .... .... ၄၇

ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA


စာမျက်နှာ

ACTS :

CIVIL PROCEDURE CODE.

CRIMINAL PROCEDURE CODE.

LIMITATION ACT.

CODE OF CIVIL PROCEDURE—*suit under s. 92 of the Code for delivery of specific jewelleries—whether a personal decree could be passed against the legal representatives—enforcement of the decree against the legal representatives under s. 52 of the Code of Civil Procedure.* The plaintiffs (1st and 2nd respondents) who had the same father (U Hpaw, deceased) but different mother sued the appellants who are their nephews and nieces as the legal representatives of their mother Daw Mya May under s. 92 of the Code of Civil Procedure for delivery of specific jewelleries which were alleged to be in possession of their mother Daw Mya May at the time of her death as properties of the waqf. *Held :* The suit was filed against Daw Mya May as heir and legal representative of U Ba Kyin and upon her death her children were added as her legal representatives and accordingly no personal decree could be passed against them. It is true that the office of trustee or manager terminates upon death but the estate may remain liable for debt incurred during trusteeship. S. 52 of the Code of Civil Procedure relates to the enforcement of the decree passed against legal representatives. Under this section one of the conditions is that the legal representatives must have received some property of the deceased. Suit cannot be dismissed merely because a legal representative states that no estates are available. All that is necessary is that he is a person on whom the assets would devolve. The question whether the legal representative is, in fact, in possession of assets is to be determined in execution under section 52 (2) read with section 47 of the Code.

MA KHIN KYI AND OTHERS *v.* U CHIT PE AND OTHERS ... 76

CODE OF CRIMINAL PROCEDURE—*appeal under s. 476 (b)—application for succession certificate—non-compliance with provisions of the Succession Act—whether the Court has jurisdiction to grant a certificate in respect of a house-site*—ultra vires *and illegal proceeding—whether the provisions of s. 476 of the Code of Criminal Procedure would be attracted if an offence under s. 193 Penal Code*

စာမျက်နှာ

*were committed in the course of such proceeding. Held :* The true copy of the respondent's application for succession certificate bearing the seal of the Court produced before us does not show the particulars required in clauses (b), (c), (e) and (f) of sub-section (1) of section 372 of the Succession Act and a court has no power to grant a succession certificate except upon an application complying with the provisions of the Succession Act. The " debts and securities " mentioned in section 372 (1) (f) do not refer to immoveable property. A " debt " for the purpose of a succession certificate is a certain sum of money now payable or becoming payable in the future. " Security " is defined in section 370 (2) of the Succession Act. It means, *inter alia*, promissory note, debenture, stock, bond, share in a company. Hence the issue of a succession certificate to the respondent in respect of the house-site, being No. 145 in Kanshe Quarter was null and void. The Court had no jurisdiction to grant such a certificate. *Maung Than Maung* v. *Maung Hlaw*, 3 Burma Law Times, p. 153, referred to. A proceeding in which a Judge acted without jurisdiction being *ultra vires* and illegal, it is no proceeding at all under section 476 or 476A. In order to prosecute the respondent for giving false evidence the proceeding must be a " judicial proceeding ". If during the course of proceeding which was *ultra vires* and illegal, an offence under section 193 was committed, it cannot be said that it was committed in, or in relation to, a judicial proceeding so as to attract the provisions of section 476 of the Code of Criminal Procedure.

U BA SEIN *v.* U THEIN ... ... ... 84

SUIT FOR RENDITION OF ACCOUNTS AND FOR DISSOLUTION OF THE PARTNERSHIP AND FOR RECOVERY OF THE SHARE OF THE ASSETS AND PROFITS—*whether article 106 or article 120 of the Limitation Act is applicable. Held :* The respondent (plaintiff) claims not only for rendition of accounts and for dissolution of the partnership, but also for her share of the assets and profits. However, the partnership was dissolved on 22nd February 1962 when the respondent's husband died. The Suit is, therefore, governed by Article 106 of the Limitation Act. *Tan Soon Lee* v. *Yeo Tong Hoe*, 1958 B.L.R. 365 (H.C.), distinguished.

T. P. MAMOOTY *v.* MA THEIN HLAING (*a*) MA ASARA ... 80

အက်ဥပဒေများ—

နိုင်ငံခြားသားမှတ်ပုံတင် အက်ဥပဒေ။

ပြည်ထောင်စု မြန်မာနိုင်ငံ တရားစီရင်ရေး အက်ဥပဒေ။

မူဟာမဒင် အက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

သက်သေခံ အက်ဥပဒေ။

ခန်းဝင်ငွေနှင့် မူဟာမဒင် ထုံးတမ်းစဉ်လာ (Iddat) အိဒက်အချိန်အတွင်း အထောက်အပံ့စရိတ်ရလိုကြောင်း တရားစွဲဆိုခြင်း—အမှုကို မူဟာမဒင် တရားဥပဒေအရ

စာမျက်နှာ

အဆုံးအဖြတ်ပေးရမည် ဖြစ်ခြင်း ခန်းဝင်ငွေကို ပို့၍ဖြစ်စေ လျှော့ပေါ့၍ ဖြစ်စေ ပေးနိုင်သည်ဟု ဥပဒေမယှဉ်ခြင်း—အိဒက်အချိန်အတွင်း အထောက်အပံ့ စရိတ် ရနိုင်မရနိုင်။ ။အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် စုန္နီမဟာမေဒင်များဖြစ်ကြသည့်အလျောက် ၎င်းတို့၏ ထုံးတမ်းစဉ်လာ ဖြစ်သော (Nikah) ပဋိညာဉ်အရ ထိမ်းမြားမင်္ဂလာ ပြုလုပ်ကြရာ အယူခံတရားခံက အယူခံတရားလိုအား ခန်းဝင်ပစ္စည်း(Dower) အဖြစ် ငွေ ၁၀,၀၀၀ိ တိတိကိုမည်သည့်အခါမဆို တောင်းဆိုလျှင်ပေးပါမည်ဟု ဝန်ခံခဲ့သည်။ အယူခံတရားခံသည် မဟာမေဒင် တရားဥပဒေအရ (Talak ) တလတ်သုံးကာဆင့်ရေး၍ (Talak-ul-Bidaat) အယူခံတရားလိုကို ကွာရှင်းခဲ့သဖြင့် အယူခံတရားလိုက ခန်းဝင်ငွေနှင့် မဟာမေဒင် ထုံးတမ်းစဉ်လာ (Iddat) အိဒက်အချိန်တွင် အထောက်အပံ့ စရိတ် ရလိုကြောင်း တရားစွဲသည်။ ။ဆုံးဖြတ်ချက်။ ။အမှုတွင် ပေါ်ပေါက်လာသောပြဿနာများကို မဟာမေဒင် တရားဥပဒေအရ အဆုံးအဖြတ် ပေးရမည်။ ခန်းဝင်ပစ္စည်းသည် ထိမ်းမြားမင်္ဂလာ၏ ကျေးရောက် သက်ဆိုင်သော တစိတ် တဒေသဖြစ်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် နှစ်ဦးသဘောတူ ပြုလုပ်သည့် ပဋိညာဉ် (Nikahnama) တွင်ပါယှိသော ခန်းဝင်ငွေကို ပိုမို၍ဖြစ်စေ၊ လျှော့ ပေါ့၍ဖြစ်စေ ပေးနိုင်သည်ဟု ဥပဒေမယှိသည်ဖြစ်၍၊ အမှုတွင် သဘောတူညီကြပြီး ဖြစ်သောငွေကို အယူခံတရားခံက ပေးရမည်ဖြစ်သည်။ ယောကျ်ား တဦးသည် ၎င်း၏မိန်းမကိုသာမညအားဖြင့် အထောက်အပံ့ပေးရန် တာဝန်ယှိသည်ကို အထူးပြောရန်မလိုပေ။ ပညာရှိမူလာ၏ Principles of Mahomedan Law ပုဒ်မ ၂၇၉ ၌လည်း ကွာရှင်းပြီးနောက် မိန်းမသည် (Iddat)အိဒက်အချိန် အတွင်း အထောက်အပံ့စရိတ် ရရှိနိုင်ရာသည်ဟု ဆိုထားရာ အယူခံတရားခံက အယူခံတရားလိုအား လျှောက်ထားတောင်းဆိုသည့် (Iddat) အိဒက်အချိန် အတွင်း အထောက်အပံ့ စရိတ်ငွေပေးရမည်။ မောင်ကိုကြီး နှင့် ဒေါ်အုန်းခင်၊ ၁၉၆၅ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ စာ ၉၁၃ ခြားနားပြသည်။ *Maung Tun Aung* v. *Ma E Kyi* I.L.R., Ran. 215 F.B.; *A. M. Ebrahaim* v. *Fatima Bibi*, 1939, Rangoon Law Reports, p. 383 ရည်ညွှန်းသည်။

**မါလွန်ဘီဘီ နှင့် ခလစ်ဝိုင်အက်(စ်)ဂျမား** .... .... .... ၉၀

နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) အရ၊ ဖြစ်မှုထင်ရှားစီရင်ခြင်း— နိုင်ငံခြားသားဖြစ်သလား၊ ပြည်ထောင်စုသား ဖြစ်သလား ဟူသော ပြဿနာ ပေါ်တွင် အခြေခံသော ရာဇဝတ်မှုများ—အမှု၏ ဆီလျော်ဆက်စပ်သမျှသော အချက်အလက် တို့ကို ပေါ်ထုတ်ရန် လိုအပ်ခြင်း—စွပ်စွဲခံရသူက မိမိသည် ပြည်ထောင်စုသားဖြစ်ပါ၍ ဖြစ်မှုမမြောက်ပါဟု ခုခံထုချေလျှင်၊ ယင်းခုခံချက် ကိုလေးနက်စွာ စစ်ဆေးရခြင်း—ရာဇဝတ်မှုတွင် စွပ်စွဲသူ စွပ်စွဲခံရသူတို့ တင်ပြ ချေပကြသည်မျှလောက်ဖြင့်သာ ပြည်ထောင်စုသား ဖြစ်မှုကိစ္စကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန် ခဲယဉ်းခြင်း—ရာဇဝတ်မှုနှင့်ဆိုင်သမျှကိုသာ စစ်ဆေးဆုံးဖြတ်ရန် အထူးသတိချပ်အပ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသား ဖြစ်သလား၊ ပြည်ထောင်စုသား ဖြစ်သလား ဟူသော ပြဿနာပေါ်တွင် အခြေခံသော ရာဇဝတ်မှုများတွင်၊ တရားရုံးသည် ပြဿနာကို မဆိုင်ဟု လွှဲရှောင်လျှင်၊

အမှု၏ဆီလျော် ဆက်စပ်သမျှသော အချက်အလက်တို့ကို ဖေါ်ထုတ်၍ အမှန်တရားအတိုင်းဆုံးဖြတ်ရန် တာဝန်ပျက်ကွက်ပေလိမ့်မည်။ အမှုကိုယင်းသို့ အမှန်တရားအတိုင်း စီရင်ရန် လိုသည်ထက်ပို၍ ပြည်ထောင်စုသား ဟုတ်မဟုတ်ကိုအပြီးအပြတ် ဆုံးဖြတ်ပြန်လျှင်လည်း၊ အမှုနှင့် ပတ်သက်သော စီရင်ပိုင်ခွင့်အာဏာကို လွန်ပေလိမ့်မည်။ ထို့ကြောင့် ပြည်ထောင်စုသားဟုတ် မဟုတ်ဟူသော ပြဿနာပေါ်သော ရာဇဝတ်မှုများတွင် စွပ်စွဲခံရသူက မိမိသည် ပြည်ထောင်စုသားဖြစ်ပါ၍၊ ဖြစ်မှုမမြောက်ပါဟု ခုခံထုချေလျှင်၊ ယင်းခုခံချက်ကိုလေးနက်စွာ စစ်ဆေးရမည်သာ ဖြစ်၏။ ယင်းသို့မပြုပဲ၊ စွဲချက်ကို အပေါ်ရံစစ်ဆေး၍ အပြစ်ပေးလျှင် ငွေဒဏ်အနည်းငယ်သာ တပ်ရိုက်စေကာမူ၊ စွပ်စွဲခံရသူအား နိုင်ငံခြားသား ဖြစ်သည်ဟု သတ်မှတ်ပြီးသကဲ့သို့ ဖြစ်ကာ၊ ရင်းအား ပြည်ထောင်စုမှ ထွက်ခွါသွားစေရန် ဆက်လက် အရေးယူသည်ထိလည်း ဖြစ်တတ်သည်၊ ယင်းသို့ အရေးယူခံရသူသည် နိုင်ငံခြားသား အမှန်ဖြစ်နေလျှင် မထောင်းတာ။ ဥပဒေကို မသိနားမလည်သော ပြည်ထောင်စုသား တယောက်ဖြစ်နေခဲ့လျှင်မူကား၊ အဖိုးတန်သော ပြည်ထောင်စုသား ဘဝကို လွယ်လွယ်ဆုံးရှုံးရပြီးလျှင်၊ နိုင်ငံမဲ့ဘဝသို့ ကျရောက်ရပေလိမ့်မည်။ ပြည်သူတို့၏အန္တရာယ်မှ တရားရုံးက စောင့်ရှောက်ကာကွယ်အပ်၏။ သို့ရာတွင် ရာဇဝတ် တရားရုံးက ယင်းအန္တရာယ်မှ ထိုက်သင့်သူအား လိုအပ်သော အကာအကွယ်ကို ပေးသည်ထက် ပိုမို၍ ထိုသူသည် ဇာတိအရ ပြည်ထောင်စုသား ဖြစ်သည်ဟု အတိအလင်း မြွက်ဆိုပြန်သော်၊ ပြည်ထောင်စုသား ဖြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို သုံးစွဲရန် တရားဥပဒေအရ အပ်နှင်းထားသောတာဝန်ခံဌာန၏ လုပ်ငန်းခွင်သို့ ဝင်ရောက်ရာ ကျရောက်တတ်ပြန်သည်။ အချို့သော ပြည်ထောင်စုသားဖြစ်မှုကိစ္စများ၌ ဒွိဟကင်းရှင်းသည်မဟုတ်။ အချက်အလက်အပြည့်အစုံကို စုံစမ်းစစ်ဆေးပြီးမှ ခိုင်လုံသော အထောက် အထားများပေါ်တွင်၊ တာဝန်ခံဌာနက ဆုံးဖြတ်၍ ဒွိဟကို ရှင်းလင်းဖယ်ရှားရသည်။ ရာဇဝတ်မှုတွင် စွပ်စွဲသူ စွပ်စွဲခံရသူတို့ တင်ပြချေပကြသည်မျှလောက်ဖြင့်သာ ပြည်ထောင်စုသားဖြစ်မှုကိစ္စကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန် ခဲယဥ်းပေသည်။ ထို့ကြောင့် ရာဇဝတ်မှုတွင် ဆီလျော် ဆက်စပ်သဖြင့် ပေါ်ပေါက်သော ပြည်ထောင်စုသားဖြစ်မှု ပြဿနာကို တရားရုံးက အပြီးအပြတ် ဆုံးဖြတ်ခွင့်မယို။ ဖြစ်မှုမြောက် မမြောက်၊ သက်သေထူရန် တာဝန်ကျေ မကျေ၊ ပြစ်မှုကျူးလွန်ကြောင်း ဒွိဟကင်းစွာ ဆုံးဖြတ်နိုင်ခြင်းယို မယို စသည့်ရာဇဝတ်မှုနှင့် ဆိုင်သမျှကိုသာ စစ်ဆေးဆုံးဖြတ်ရန် အထူးသတိချပ်အပ်သည်။ ပြည်ထောင်စုသား အဖြစ်ကိုခံယူလိုသော နိုင်ငံခြားသားတို့အား လက်ခံမည် ငြင်းပယ်မည် ဟူသည်ကား နိုင်ငံတော်၏ အချုပ်အခြာ အာဏာတရပ်ဖြစ်၏။ ***Bishna Lal* v. *Union of Burma*, 1959 B.L.R. High Court, 3.** သဘောကွဲလွဲသည်။ ပါဘာသိ ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာမျက်နှာ ၁၀၀ ရည်ညွှန်းသည်။

**မကြင်မွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးစံမြိုင်)** .... .... ၉၉

**ပြည်ထောင်စုမြန်မာနိုင်ငံ တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆—သေဆုံးသူယောကျ်ား၏ အသက်အာမခံငွေကို ဇနီးဖြစ်သူက အမွေဆက်ခံစာ ထုတ်ပေးပါရန် လျှောက်ထားခြင်း—ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အက်ဥပဒေသည် ယင်းဥပဒေပါ**

စာမျက်နှာ

အသက်အာမခံ၊ ထောက်ပံ့မှု အာမခံနှင့် အထွေထွေအာမခံများနှင့် ပတ်သက်သော အထူး ဥပဒေတရပ်ဖြစ်ခြင်း—ပြည်ထောင်စု အသက်အာမခံစနစ် အက်ဥပဒေပုဒ်မ ၁၅ ၏ ရည်ရွယ်ချက်—၎င်းသည် အခြား ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေတို့ကို လွှမ်းမိုးခြင်း—ယင်းပုဒ်မနှင့် ယင်းဥပဒေအရ၊ ပြုလုပ်ထားသော နည်းဥပဒေများအရ၊ တရားဝင်လွှဲပြောင်းခြင်း ခံရသူတို့ကသာလျှင် အသက်အာမခံပေါ်လစီ၏ အကျိုးကိုခံစားခွင့်ရှိခြင်း။ ။အယူခံ တရားလိုသည် ကျောင်းဆရာ ဦးမင်းလွင်၏ ဇနီးဖြစ်ခဲ့၏။ ဦးမင်းလွင်သည် အယူခံတရားလိုနှင့် အိမ်ထောင်မပြုမီက အသက်အာမခံ ပေါ်လစီကို ပြည်ထောင်စု အာမခံစနစ်အဖွဲ့မှ ထုတ်ယူခဲ့သည်။ ပေါ်လစီမှ ရသင့်သော ငွေများကို မိမိ၏ မိခင်၊ အစ်မနှင့် တူတော်သူတို့အား လွှဲပြောင်းပေးပါသည်ဟု အဖွဲ့သို့ အကြောင်းကြားခဲ့သဖြင့် အဖွဲ့ကလွှဲပြောင်းပေးခြင်းကို လက်ခံ မှတ်ပုံတင်ထား၏။ ဦးမင်းလွင် သေဆုံးသွားရာ အယူခံတရားလိုက ၎င်းသည် ကွယ်လွန်သူ၏ တရားဝင် အမွေဆက်ခံသူဖြစ်သည့်အလျောက် အမွေဆက်ခံစာထုတ်ပေးပါရန် လျှောက်ထားသည်။ ။ ဆုံးဖြတ်ချက်။ ။ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အက်ဥပဒေသည် ယင်းဥပဒေပါ အသက်အာမခံ၊ ထောက်ပံ့မှု အာမခံနှင့် အထွေထွေ အာမခံများနှင့် ပတ်သက်သော အထူးဥပဒေ တရပ်ဖြစ်သည်။ ပုဒ်မ ၁၅ သည် အသက်အာမခံများနှင့်သက်ဆိုင်၍ ယင်းပုဒ်မအရ မပြုမနေရသော လွှဲပြောင်းပေးခြင်းသည် အခြားဥပဒေ၊ ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းတို့ကို လွှမ်းမိုးသည်ဟု အတိအလင်း ဆိုပြီးဖြစ်သည်။ ဥပဒေ၏ စကားရပ်တို့ကို သဘာဝယုတ္တိနှင့်အညီ ရည်ရွယ်သည့်အတိုင်း မချဲ့မထွင် မချုံ့မချယ် အဓိပ္ပါယ်ကောက်ယူရသည်။ ပုဒ်မ ၁၅ ၏ ရည်ရွယ်ချက်သည် အသက်အာမခံ ပေါ်လစီများ၏ အကျိုးခံစားခွင့်ကို အာမခံထားသူ ကွယ်လွန်ခဲ့လျှင် အရှုပ်အထွေးမရှိ မကြန့်မကြာလွှဲပြောင်းပေးခြင်းခံရသူတို့အား ထုတ်ပေးနိုင်ရန် ဖြစ်ပေသည်။ လွှဲပြောင်းပေးခြင်း စည်းကမ်းချက် (မူလရုံးတွင် တင်သွင်းထားသော သက်သေခံစာ၅က်) အရ ပေါ်လစီသက်တမ်းကုန်ဆုံးသည့်အခါတွင် အာမခံထားသူ အသက်ရှင်လျက်ရှိခဲ့သော် အကျိုးခံစားခွင့်များသည် ၎င်းထံသို့ ပြန်ရောက်သည်။ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း တရားဝင် လွှဲပြောင်းထားခြင်း ရှိပါလျက်နှင့် လွှဲပြောင်းခြင်း ခံရသူတို့က အသက်အာမခံ ပေါ်လစီ အကျိုးခံစားခွင့်ကို တရားရုံးတွင် အမွေဆက်ခံစာ တောင်းခံပြီးမှသာ ထုတ်ယူခွင့်ရှိကြမည်ဆိုလျှင် ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက် မပြောက်၊ ပြဋ္ဌာန်းခြင်းတွင် အဓိပ္ပါယ်မဲ့ဖြစ်ပေလိမ့်မည်။ များပြောင်လှစွာသော ဗိုလ်မတော်သား၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်း အလုပ်သမားများသည် ၎င်းတို့၏ မိသားစုများ အကျိုးငှါအသက်အာမခံ ပေါ်လစီများကို တတ်အားသရွေ့ ထားရှိကြသည်။ သူတို့ကွယ်လွန်ကြလျှင် လွှဲပြောင်းပေးခြင်း ခံရသူတို့က တရားရုံးသို့ သွားရောက်၍ အမွေဆက်ခံစာများကို လျှောက်ထားရယူပြီးမှ အကျိုးခံစားကြရမည်ဆိုပါက စရိတ်ကုန်လွန်း၍ အချိန်ညောင်းလှယ်သာရှိသည်။ ယင်းသို့ မဖြစ်ရလေအောင် ဥပဒေပုဒ်မ ၁၅ ကို အတိအလင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ အမှုတွင် မိသားစုဝင်များအား ဦးမင်းလွင်က ၎င်း၏ အသက်အာမခံ ပေါ်လစီ၏ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခဲ့၏။ အဖွဲ့ကလည်း ၎င်းလွှဲပြောင်းပေးခြင်းကိုလက်ခံ၍ မှတ်တမ်းတင်ခဲ့၏။ အိမ်ထောင်ပြုပြီး ၃ နှစ်ကာလတွင်

စာမျက်နှာ

ဦးမင်းလွင်က ယခင်လွှဲပြောင်းပေးခြင်းတို့ကို ပုဒ်မ ၁၅ (၃) က ခွင့်ပြုသည့် အတိုင်းပြင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်ခဲ့၏။ ထိုသို့လည်း မပြုလုပ်ခဲ့ချေ။ ထို့ကြောင့် မိသားစုဝင်တို့အား လွှဲပြောင်းပေးခဲ့ခြင်းသည် မပျက်မပြယ်တည် နေ၏။ ပြည်ထောင်စု အသက်အာမခံစနစ် အက်ဥပဒေပုဒ်မ ၁၅ သည်အခြား ဥပဒေ၊ ဓလေ့ထုံးတမ်း ဥပဒေတို့ကို လွှမ်းမိုးသဖြင့် ယင်းပုဒ်မနှင့် ယင်းဥပဒေ အရ ပြုလုပ်ထားသော နည်းဥပဒေများအရ တရားဝင် လွှဲပြောင်းခြင်းခံရသူတို့ ကသာလျှင် အသက်အာမခံ ပေါ်လစီ၏ အကျိုးကို ခံစားခွင့်ရှိ၏။ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင် ဇနီးသည် ကွယ်လွန်သူ၏ ခင်ပွန်း၏ အမွေစားအမွေခံ ဖြစ်စေကာမူ၊ ခင်ပွန်းသယ်၏ အသက်အာမခံ ပေါ်လစီ၏ အကျိုးခံစားခွင့် သက်ဆင်းရာလမ်းကြောင်းကို အထူး ဥပဒေက အတိအလင်း သတ်မှတ်ပြီးဖြစ်သဖြင့် ယင်းအကျိုးခံစားခွင့်နှင့် ပတ်သက်၍ အမွေဆက်ခံစာ မရနိုင်ချေ။ ပြည်ထောင်စု အာမခံစနစ် အက်ဥပဒေအရ ထားရှိသော အသက် အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရ သူတို့သည် အကျိုးခံစားခွင့်ကို ရရန်အလို့ငှါ အမွေဆက်ခံစာ လျှောက်ထား ရယူရန်မလိုချေ။ ထို့ကြောင့် ယင်းသို့သော သူတို့က မှားယွင်း၍ အမွေဆက်ခံစာ လျှောက်ထားတောင်းခံကြလျှင် တရားရုံးက ၎င်းတို့အား ပြည်ထောင်စု အာမခံ စနစ်အဖွဲ့သို့ညွှန်ရန်ဖြစ်၏။ ဒေါ်ကောက် ပါ ၃ နှင့် မတင်လှ၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၅၅၂။ ဒေါ်မမကြီး နှင့် မရန်ပါ ၃၊ ၁၉၆၄ ခုနှစ်၊ တရားမပဌမ အယူခံမှုအမှတ် ၅၂။ ဒေါ်မမကြီး လျှောက်ထားသူ (သေဆုံးသူ ဦးချစ်တင်၏ ပစ္စည်းများကိစ္စ) နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၁ ခုနှစ်၊ တရားမ အသေးအဖွဲ့မှုအမှတ် ၉၄ စီရင်ချက်ကို ပူးတွဲထားသည်၊ ရည်ညွှန်း သည်။

မထင်လှ နှင့် ဒေါ်ကောက်ပါ ၃ ... ... ... ၁၀၇

**ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ အယူခံဝင်ခွင့် ရရှိရန်လျှောက် ထားခြင်း—လောင်းကစား အက်ဥပဒေပုဒ်မ ၆ အရ ဒု-ကြီးကြပ်ရေးမှူးက ကြီးကြပ်ရေးမှူးကိုယ်စား ရှာဖွေဝါရမ်း ထုတ်ပေးခြင်း—ခရိုင် ရဲကြီးကြပ်ရေးမှူး ဆိုသည့်စကား အဓိပ္ပါယ်ဖွင့်ဆိုရာ၌ဒုကြီးကြပ်ရေးမှူးလည်းဝါဝင်ခြင်း—ထုတ်ပေး သောဝါရမ်းမှာဥပဒေအရမှားယွင်းချတ်ချော်ခြင်းဖြစ် မဖြစ်။ ။ဆုံးဖြတ်ချက်။**

မူလရုံးမှအမှုတွဲကို လေ့လာသောအခါ လောင်းကစား အက်ဥပဒေ ပုဒ်မ ၆ အရ ထုတ်ပေးသည့် ရှာဖွေဝါရမ်းကို ဒု-ကြီးကြပ်ရေးမှူးက ကြီးကြပ်ရေးမှူး ကိုယ်စား လက်မှတ်ရေးထိုး ထုတ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ ပုဒ်မ ၆ အရ ဝါရမ်းထုတ်ဆင့်ရန် အာဏာရှိသူမှာ ခရိုင်ရဲကြီးကြပ်ရေးမှူးဟု ပြဆို ထားလေသည်။ သို့ရာတွင် ခရိုင်ကြီးကြပ်ရေးမှူးဆိုသည့် စကားအဓိပ္ပါယ်ကို ဖွင့်ဆိုရာ၌လောင်းကစားအက်ဥပဒေပုဒ်မ ၃ (၅) ၌ ဒု-ကြီးကြပ်ရေးမှူး၊ သို့မဟုတ် ၎င်း၏ ဝတ္တရားများကို ရွက်ဆောင်နေသူလည်း ပါဝင်ကြောင်း အတိအလင်း ပြဆိုထားသဖြင့် အမှုတွင် ရှာဖွေဝါရမ်းကို ဒု-ကြီးကြပ်ရေးမှူးက ပုဒ်မ ၆ လိုအပ် ချက်ဖြစ်သည့် ယုံကြည်လက်ခံသည့် မှတ်တမ်းကို ရေးသားပြီး ထုတ်ပေးခဲ့ခြင်း မှာ ဥပဒေအရ မည်သို့မျှ မှားယွင်းချတ်ချော်ခြင်း ဖြစ်သည်ဟု မဆိုနိုင်။

စာမျက်နှာ

သို့ဖြစ်ရကား ၎င်းဝါရမ်းအရ ရှာဖွေဖမ်းဆီးခဲ့ခြင်းကြောင့် ပုဒ်မ ၇ အရ၊ ရုံးမှ ထင်မြင်ယူဆချက်ကို ဥပဒေအရ လုပ်ပိုင်ခွင့်ရှိလေသည်။

မောင်ချစ်မောင် (ခ) မောင်ချစ်တီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ... ၁၃၅

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ ခရိုင်ရာဇဝတ် တရားသူကြီး ချမှတ်ပေးသည့် အမိန့်—ပြင်ဆင်ပေးရန် လျှောက်ထားခြင်း—တရားရုံးချုပ်သို့ လျှောက်လွှာကို တိုက်ရိုက်တင်ဆက်ရန်လို မလို—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ အရ စက်ရှင် တရားသူကြီးက ခရိုင်ရာဇဝတ် တရားသူကြီးကိုယ်တိုင် စုံစမ်းစစ်ဆေး ဆုံးဖြတ်သော အမှုကို ခေါ်ယူဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်ယှိမယှိ။ ။ဆုံးဖြတ်ချက်။ ။ ခရိုင်ရာဇဝတ် တရားသူကြီးမှအပ အခြား အရည်အချင်း အာဏာနှင့်ပြည့်စုံသော လက်အောက်ခံ ရာဇဝတ်တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ ချမှတ်သော အမိန့်ကို မကျေနပ်က ပြင်ဆင်မှုကို လျှောက်သောအမှုများမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ (၁) အရ၊ တရားရုံးချုပ် စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ် တရားသူကြီးတို့မှာ အတူအညီ တန်းတူစီရင်ပိုင်ခွင့်ယှိ၍ ဤတရားရုံးချုပ် လက်စွဲအပိုဒ် ၃၃၀ တွင် ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးက သက်သာခွင့် ပေးနိုင်လျှင် ဤရုံးက ပြင်ဆင်မှုကိုအထူးသီးခြား အရေးကြီးသော အကြောင်းမယှိပဲ လက်မခံနိုင်ဟု ပြဋ္ဌာန်းထားသည်။ ခရိုင်ရာဇဝတ် တရားသူကြီး ကိုယ်တိုင် စုံစမ်းစစ်ဆေးသောအမှုမှ ပေါ်ပေါက်လာသော ပြင်ဆင်ပေးရန် လျှောက်လွှာကို တရားရုံးချုပ်သို့ တိုက်ရိုက်တင်ဆက်ရပေမည်။ *U Ohn Myint v. The Union of Burma*, 1963 **B.L.R. 246 (C.C.)** ရည်ညွှန်းသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရ၊စက်ရှင် တရားသူကြီးသည် ၎င်း၏လက်အောက်ယှိရာဇဝတ်ရုံးများမှ အမှုများတွင်စစ်ဆေးခြင်း၊ထင်မြင်ယူဆခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ အမိန့်ပေးခြင်းတို့သည် ဥပဒေအရ သင့်တော်မသင့်တော်၊ မှန်မမှန်စသည်တို့ကို စစ်ဆေးကြည့်ရှုရန် အမှုတွဲများကို ခေါ်ယူနိုင်သော်လည်းထိုပုဒ်မ၏ ရှင်းလင်းချက်အရ ခရိုင်ရာဇဝတ်တရားသူကြီး ကိုယ်တိုင် စုံစမ်းစစ်ဆေးဆုံးဖြတ်သော အမှုများကို ခေါ်ယူဆုံးဖြတ်ရန် စီရင်ပိုင်ခွင့် မယှိပေ။ စီရင်ပိုင်ခွင့်မယှိသည်ဖြစ်၍ စက်ရှင်တရားသူကြီးသည် ခရိုင်ရာဇဝတ် တရားသူကြီး၏အမှုကို စစ်ဆေးပြီး ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၈ (၁) အရ၊ ဤတရားရုံးချုပ်သို့ ထောက်ခံချက်ပို့၍ အမိန့်ချမှတ်ရန် အစီရင်မခံနိုင်ပေ။

ဦးဝိမလ နှင့် ဦးပညာဝံသ ... ၁၄၃

ရာဇသတ်ကြီးပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်အင်္ဂါရပ်။ ။ဆုံးဖြတ်ချက်။ ။ ရာဇသတ်ကြီးပုဒ်မ ၄၀၄ အရ၊ ပြစ်မှုမှာ ကွယ်လွန်သူ တဦး၏ ပစ္စည်းကို ထိုကွယ်လွန်သူနှင့် လုံးဝသက်ဆိုင်ခြင်း မယှိသည့် တစိမ်းတရံစာလူ တဦးဦးက သော်၎င်း၊ ကွယ်လွန်သူ၏ စာရေး၊ သို့မဟုတ် အစေခံ တဦးဦးကသော်၎င်း ကွယ်လွန်သူ၏ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုသည့်အခါ အပြစ်ပေးရန် ပြဋ္ဌာန်းထားသည့် ပုဒ်မတရပ် ဖြစ်ပေသည်။ ကွယ်လွန်သူ၏ ဆွေမျိုးများ အနေဖြင့် အမွေဆိုင်ဖြစ်ကြသည်ဟု ဆိုကာ အမွေ ထိန်းပစ္စည်းများကို ထိန်းသိမ်းထားသည့် ကိစ္စတွင် အသုံးပြုရန် မဟုတ်ချေ။

ဦးညို ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်စင်ဥ) ... ၁၄၉

စာမျက်နှာ

ထောင်းကစား အက်ဥပဒေပုဒ်မ ၆—ဒု-ကြီးကြပ်ရေးမှူးက ကြီးကြပ်ရေးမှူး ကိုယ်စား ရှာဖွေဝါရမ်းထုတ်ပေးခြင်းပြုရာ၌ ၎င်းဝါရမ်းသည်ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်း ဟုတ် မဟုတ်။ ... ၁၉၅

သာသနာ့မြေကို ကျူးကျော်ဝင်ရောက်နေသည်မှ နှင်ထုတ်ပေးရန် တရားစွဲဆိုခြင်း—မြေပုံကိုသက်သေခံအဖြစ် လက်ခံခြင်း—သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၆၇ အရ၊ အကြောင်းတခုခုကို တရားနည်းလမ်း မဟုတ်ပဲ သက်သေတင်ပြလျှင် တင်ပြသောအခါတွင် ကန့်ကွက်ရခြင်း —သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၀ အရ၊ မြေကိုလက်ယှိုရယူထားသူသည် ပိုင်ဆိုင်ခြင်းကို အနည်းဆုံး အပေါ်ရုံ အားဖြင့် သက်သေပြရခြင်း—သက်သေခံ ထွက်ဆိုချက် များမှာ တဆင့်ကြားစကား ဖြစ်စေကာမူ သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၂ (၄) အရ၊ တရားဝင် သက်သေ ထွက်ဆိုချက်များ အဖြစ် လက်ခံ သင့်ခြင်း။ ။အယူခံ တရားလိုက ကျောင်းတကာများ ကိုယ်စား အယူခံ တရားခံ အပေါ် ကျူးကျော်ဝင်ရောက်နေသည့် သာသနာ့မြေ အစိတ်အပိုင်းမှ နှင်ထုတ်ပေးရန် တရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။သက်သေခံအမှတ် (က) မြေပုံကို အယူခံတရားလိုအား စစ်ဆေးသောအခါ မူလရုံးက ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သက်သေခံအဖြစ် လက်ခံခဲ့သောအခါလည်း တရားမဝင်ဟု ကန့်ကွက်ခြင်း မပြုခဲ့ပေ။ တရားမမှုတွင် အစိုးရက ဝင်ရောက် စွက်ဖက်ခြင်း မပြုပဲ၊ အငြင်းအခုံ ဖြစ်ကြရာတွင် တဖက်နှင့်တဖက် သဘောတူညီမှုကိုပြုလုပ်နိုင်သဖြင့် သက်သေတင်ပြ ထွက်ဆိုချက်များကိုလည်း နှစ်ဦးနှစ်ဖက် သဘောတူ၍ ရုံးက အများကို မထိခိုက်လျှင် လက်ခံနိုင်ပေသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၆၇ အရ၊ အကြောင်းတခုကို တရားနည်းလမ်း မဟုတ်ပဲ သက်သေတင်ပြလျှင်၊ တင်ပြသောအခါတွင် ကန့်ကွက်ရပေမည်။ နောင်ကို ကန့်ကွက်ရှိ မရပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။အချင်းဖြစ်မြေသည် အယူခံတရားခံ လက်ရှိဖြစ်သည်ကို အငြင်းမပွား။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၁၀ အရ၊ ပစ္စည်းတခုကို လက်ယှိုရယူထားသူသည် ပိုင်ဆိုင်သူ မဟုတ်ကြောင်း ပြရန်မှာ ဤသို့စွပ်စွဲသောသူ၏တာဝန်သာ ဖြစ်သည်ကားမှန်၏။ သို့သော် လက်ယှိုရယူထားသူသည် တရားဥပဒေအရ လက်ယှိုရယူသူသာ ဖြစ်ရပေမည်။ လက်ယှိုရယူထားသူသည် ပိုင်ဆိုင်ခြင်းကို ခြေရာမခံနိုင်သော်လည်း မြေပိုင်ဆိုင်သည်ကို အနည်းဆုံးအပေါ်ရုံအားဖြင့် ပြသရပေမည်။ အမှုတွင် နှစ်ဦးနှစ်ဖက်မှာ ပိုင်ဆိုင်ကြောင်းကို ပြသကြသဖြင့် မည်သည့်ဖက်မှ ပြသရန်တာဝန်ရှိကြောင်း ပြဿနာမပေါ်ပေါက်ပေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။သက်သေ ထွက်ဆိုချက်များမှာ တဆင့်ကြား စကားဖြစ်စေကာမူ၊ ဤစကားများသည် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ၊ တရားဝင် သက်သေထွက်ဆိုချက်များအဖြစ် လက်ခံသင့်ပေသည်။ သက်သေများသည် လုပ်သားပြည်သူ အများအပြားတို့၏ စိတ်ဝင်စား အကျိုးစပ်လျဉ်း ဆက်ဆံခြင်းတို့နှင့် ပတ်သက်၍ အမှုမဖြစ်မီကပင် ထင်မြင်ကြားသူးသည့် အကြောင်းများကို ထွက်ဆိုကြခြင်းသာဖြစ်၍ လက်ခံရပေမည်။ ဤအကြောင်းအရာများမှာ အများနှင့် ပတ်သက်သော ရှေးဟောင်းအဖြစ်အပျက် အကြောင်းအရာများဖြစ်၍ တိုက်ရိုက် သက်သေထွက်ဆိုချက်များရယူရန် အလွန်ခဲယဉ်းသော်လည်း အမှုတွင် ဤသက်သေ ထွက်ဆိုချက်

စာမျက်နှာ

များအပြင် တိုက်ရိုက် သက်သေထွက်ဆိုချက်များလည်း ယှဉ်နေသည်။ အမှုများနှင့် သက်ဆိုင်နေ၍ မည်သူတဦးတယောက်ကမျှ မိမိ၏ ကိုယ်ကျိုး အတွက် ထွက်ဆိုရန်အကြောင်းမယှိပေ။ ထို့ကြောင့် အဘက်အရှယ် အဆင့်အတန်းကြီး၍ ယုံကြည်လောက်သော ဤလူကြီးသူမြတ် သက်သေများ၏ ထွက်ဆိုချက်များကို လက်မခံနိုင်ပါက အမှုနှင့် သက်ဆိုင်သော ရှေးဟောင်းခေတ် အကြောင်းများကိုပြသရန် လွယ်ကူမည် မဟုတ်ပေ။ ဤထွက်ဆိုချက်များသည် သတင်းရှင့်ကျော်ကြားသော တဆင့်ကြား စကားများ ဖြစ်လင့်ကစား သက်သေခံ အက်ဥပဒေ ပုဒ်မ ၃၂ (၄) အရ တရားဝင်သည်။ ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုး၊ ဇရပ်၊ သိမ်အစရှိသည့် ရတနာသုံးပါးနှင့် သက်ဆိုင်သော ပစ္စည်းများမှာ ဗုဒ္ဓဘာသာဝင်အများပြည်သူနှင့်သက်ဆိုင်သောပစ္စည်းဖြစ်ပေသည်။

**မောင်ကျော်သူ နှင့် ထွန်းမြအောင်** ... ၁၂၆

**အက်သေထူရန်တာဝန်**—ယေဘုယျအားဖြင့် တရားလိုအပေါ် ဦးစွာကျရောက်ခြင်း—အထူးဥပဒေအချို့၌ စွပ်စွဲခံရသူက ဦးစွာသက်သေထူရသော်လည်း ထုချေချက်ခိုင်လုံလျှင် တာဝန်ကျေပွန်ခြင်း—ဤထုချေချက်ကို ဖြိုဖျက်နိုင်က ဖြိုဖျက်၍ အပြစ်ရှိလျှင် အဓိကတာဝန်သည် တရားလိုထံသို့ကူးပြောင်းသွားပြန်ခြင်း ... ၉၉

**အမှုခေါ်စာချုန်တော်**—မြေတကွက်အတွက် ဂရုံရလိုကြောင်းအပြိုင် လျှောက်ထားခြင်း—အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းမှုများအရဆောင်ရွက်ရသောကိစ္စဖြစ်ခြင်း—**စာချုန်တော် အာဏာစက်အောက်သို့ ရောက် မရောက်။** ။**ဆုံးဖြတ်ချက်**။ ။မြေဂရုံထုတ်ပေးခြင်းသည် အဓိကအားဖြင့် အုပ်ချုပ်ရေးကိစ္စဖြစ်၏။ တရားစီရင်ရေး၊ သို့မဟုတ် တရားစီရင်ရေး သဘောပါသောကိစ္စ အကျုံးဝင်သည် ဟုပင်မဆိုသာချေ။ အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းမှုများအရ ဆောင်ရွက်ရသောကိစ္စဖြစ်၏။ ဤကိစ္စမျိုးတွင် မကျေနပ်သူက အုပ်ချုပ်မှု အာဏာပိုင် အဆင့်ဆင့်သို့အယူခံတင်ခြင်း၊ ပြင်ဆင်ရန် လျှောက်ထားခြင်း ပြုနိုင်ရန် ဥပဒေက ပြဋ္ဌာန်းပေးထား၏။ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စသာဖြစ်၍ ရုံး၏ စာချုန်တော် အာဏာစက် အောက်သို့ မရောက်။ ။ဟွပ်ဖေါ် နှင့် အင်းစိန်ခရိုင်ဝန်၊ ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ် ၇၆။ ။ဆရာမှုဒင် နှင့် ဦးအင်းထိန်၊ ၁၉၆၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ် ၁၆၄။ ။ဦးဖေါ် နှင့် မအူပင်မြူနီစီပါယ်အဖွဲ့၊ ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ နိုင်ငံတော်တရားရုံးချုပ် ၁၃၄။ ။ဖေါ်သိန်းရှင် နှင့် သစ်တောဝန်ကြီး၊ နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၇၊ တရားမအထွေထွေ လျှောက်ထားမှု ၁၁၄ ညွှန်းသည်။

**ဒေါ်ရွှေညွန့် ပါ ၃ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဌာန၊ ရန်ကုန်မြို့** ... ၉၆

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA



**အက်ဥပဒေများ။**


ကချင်တောင်တန်းဒေသလက်အုပ်ဥပဒေ။

ကာလစည်းကမ်းသတ်အက်ဥပဒေ။

တရားမကျင့်ထုံး။

ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံးဥပဒေ။

သင်္ဘောအက်ဥပဒေ။

အလုပ်သမားလျော်ကြေးအက်ဥပဒေ။

၁၉၆၂ ခု၊ တော်လှန်ရေးကောင်စီ အက်ဥပဒေ အမှတ် (၁၃)။


**ဇာရီမှု**—မြေကိုအပ်ပေးရန် ဒီကရီရရှိခြင်း—ဇာရီပြုလုပ်ရာ ဇာရီမှုကို ဆိုင်းငံ့ထားစေရန် အမိန့်ချမှတ်ခြင်း—ဒီကရီ၏ အကျိုးအာနိသင်ကို တစိတ်တဒေသအားဖြင့် အတည်ပြုခြင်းမှ ရပ်ဆိုင်းထားခြင်း—ဒီကရီ တခုလုံးမှ ရပ်ဆိုင်းထားဘိသကဲ့သို့ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၅ အရ မှတ်ယူရခြင်း။ ။အယူခံ တရားခံများ (တရားနိုင်) က ၁၉၆၅ ခုနှစ်တွင် ဇာရီမှုပြုလုပ်ရန် လျှောက်ထားရာ ၎င်းတို့၏ တောင်းဆိုသော "တရားရှုံးများ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦကို ဖြိုဖျက်နှင်ထုတ်ပေးရန်" သက်သာခွင့်မှာ တရားရုံးချုပ်မှ ညွှန်ကြားချက်နှင့် ဆန့်ကျင်နေသဖြင့် အမှုကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် တရားစရိတ်နှင့် ပတ်သက်၍ ချမှတ်ထားသော ဒီကရီကို အတည်ပြုရန် လျှောက်ထားပြန်သည်။ တရားရှုံးများက တရားနိုင်များ လျှောက်ထားသည့် လျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟုထုချေသည်။ **ဆုံးဖြတ်ချက်။** ။အမှုတွင် အလွန်ထင်ရှားပေါ်လွင်သည့် အချက်များမှာ တရားနိုင်များသည် ဒီကရီရရှိပြီး သုံးနှစ်အတွင်း ထိုဒီကရီကို အတည်ပြုရန်အတွက် လျှောက်ထားခဲ့သည်။ ထိုကဲ့သို့ လျှောက်ထားရာ၌ မိမိတို့၏ လျှောက်လွှာတွင်

စာမျက်နှာ

ရုံးတော်က ချမှတ်ပေးသည့် တရားစရိတ်များကိုလည်း ဖေါ်ပြထားသည်။ ရုံးက မည်ကဲ့သို့သော ကူညီထောက်ပံ့မှုကို ပေးစေလိုကြောင်း ဖေါ်ပြထားရာ၌ တရားရှုံးများ ဆောက်လုပ်ထားသော အဆောက်အဦကို ဖြိုဖျက်၍ ၎င်းတို့အား နှင်ထုတ်ပေးရန်ဟု ဖေါ်ပြထားသည်ကားမှန်၏။ ယင်းကဲ့သို့ ဖေါ်ပြထားလင့်ကစား တရားနိုင်များသည်မိမိတို့က တရားရှုံးများအပေါ် တွင် ရရှိထားသည့် ဒီကရီ တခုလုံးကို အတည်ပြုရန်အတွက် လျှောက်ထားခြင်းမဟုတ်ဟု မည်သည့်နည်းနှင့်မျှမယူဆနိုင်၊ တရားနိုင်များ တောင်းဆိုထားသည့် သက်သာခွင့်သည် ဤရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်နေသောကြောင့်၊ မူလရုံးသည် ဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်းထားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ဒီကရီ၏ အကျိုးအာနိသင်ကို တစိတ်တဒေသအားဖြင့် အတည်ပြုခြင်းမှ ရပ်ဆိုင်းထားခြင်းသည်၊ ဒီကရီတခုလုံးမှ ရပ်ဆိုင်းထားဘိသကဲ့သို့ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၅ အရ မှတ်ယူရမည်။ စိပ္ပိကိနာချီရာအပ်ပချစ်တီး နှင့် မောင်ဖေ၊ အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၁၉၁၇ ပုဒ်မ ၂၀၊ ၈၁၊ ၄၃ ရည်ညွှန်းသည်။

ဦးရှုမ်လျှောင်နှင့် မောင်တင်ရွှေပါ ၆ .... .... .... ၁၉၄

တရားမ စာဒကမှု—မြေပြန့်တွင် အိမ်ယာထူထောင်ကြသော ကချင်တောင်တန်းသား ဇနီးမောင်နှံ—သင်မယားကွာလိုမှု တရားစွဲဆိုခြင်း—မည်သည့်ရုံးက စီရင်သင့်သနည်း၊ မည်သည့်ဥပဒေကို ကျင့်သုံး၍ ဆုံးဖြတ်သင့်သနည်း စသည့်ပြဿနာ—လက်ထပ်ထိမ်းမြား၊ အိမ်ထောင်ရေး စသည်တို့သည် လူမှုရေးကိစ္စသာဖြစ်ခြင်း—လူမှုရေးကိစ္စဖြစ်သည့်အားလျော်စွာ အိမ်ယာထူထောင်ရာနိုင်ငံ၊ ဒေသ လူအများကလက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေဖြင့်သာ ယင်းအိမ်ထောင်ရေး၏ကိစ္စအဝဝကို ဆုံးဖြတ်သင့်ခြင်း—လီဆူးတို့၏ ဓလေ့ထုံးတမ်း ဥပဒေသည် ဤလီဆူးဇနီးမောင်နှံတို့၏အိမ်ထောင်ရေးကိစ္စတွင်အရေးပိုင်သောဥပဒေ( Dominant Law ) ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။အမှုသည်အိမ်ထောင်ရေးကိစ္စမှပေါ်ပေါက်သည်။ အိမ်ထောင်ရေးကိစ္စသည် လူမှုရေးဖြစ်သည်။ ဘာသာရေးနှင့် ရောနှောရန် မဟုတ်ချေ။ လက်ထပ်ထိမ်းမြားရေး၊ အိမ်ထောင်ရေး စသည်တို့သည် ဘာသာရေးကိစ္စမဟုတ်၊ လူမှုရေးကိစ္စသာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အစဉ်ရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည်။ ။အိမ်ထောင်ရေးသည် လူမှုရေးကိစ္စဖြစ်သည့် အားလျော်စွာ အိမ်ယာထူထောင်ရာ နိုင်ငံ၊ ဒေသ လူအများက လက်ခံကျင့်သုံးသော ဓလေ့ ထုံးတမ်း ဥပဒေဖြင့်သာ ယင်းအိမ်ထောင်၏ အရေးကိစ္စအဝဝကို ဆုံးဖြတ်သင့်သည်။ သို့မှသာလည်း အိမ်ထောင်သည်များအဖို့ မျှတ၊ ရပ်ရွာကလည်း နားလည်လက်ခံနိုင်ပေမည်။ ။အမှုတွင် ဇနီးသည်ဖြစ်သူ နာစီတီသည်၎င်း၊ ခင်ပွန်းဖြစ်သူ အာဖူစီသည်၎င်း၊လီဆူးအမျိုးသားတောင်ပေါ် သားတို့ဖြစ်သည်။၎င်းတို့သည် ခရစ်ယာန်ဘာသာကို ကိုးကွယ်သူများဖြစ်ကြ၍၊ သင်းအုပ် ဆရာက ၎င်းတို့အား လက်ထပ်ပေးခဲ့သည်ဆိုစေကာမူ၊ လီဆူး ဓလေ့ထုံးတမ်းအရလည်း ပွဲလုပ်ခြင်း၊ လက်ဖွဲ့ခြင်း၊ ကိုယ်ဖိုးပေးခြင်း စသည်တို့ကိုပြုလုပ်ခဲ့သည်ဆို၏။ အိမ်ထောင်ရေး အရေးကြုံလျှင် တရားရုံးသို့မသွား၊ခရစ်ယာန်ဘာသာဝင်တို့နှင့် ဆိုင်သော လင်မယားကွာရှင်းရေး အက်ဥပဒေကို မကျင့်သုံး၊ ဓလေ့ထုံးတမ်းအရ၊ ရွာလူကြီးများထံသို့သာ သွားရောက်၍ အဆုံးအမကို ခံယူခဲ့ကြသည်။ ၎င်းတို့သည် မြေပြန့်တွင် နေသည်မှန်၏

စာမျက်နှာ

သို့ရာတွင် တောင်ပေါ်ဒေသနှင့်ဝေးသည်မဟုတ်၊ တောင်ခြေတွင်နေသည်။ ကချင်ပြည်နယ်နှင့် ကင်းသည်မဟုတ်၊ ပြည်နယ်တွင်း၌ပင်နေသည်၊ လီဆူးရွာ၌ အိမ်ယာထူကာ လီဆူးဓလေ့ထုံးတမ်းနှင့်ပင် ယဉ်ပါးရင်းနှီးကြသေးသည်။ ထို့ကြောင့်လည်း နာစိတိက ကွာလိုမှုစွဲဆိုရာတွင် အာဖူစိသည် လီဆူးဓလေ့ထုံးတမ်းအရ မင်္ဂလာကြေး ပေးသွင်းရန် ငြင်းဆန်ပါသည်ဟု အကြောင်းတကြောင်းပြသည်။ အာဖူစိက အမှုကိုရင်ဆိုင်ရာ၌ အက်ဥပဒေစကားကိုမဆို၊ မင်္ဂလာကြေးစသည်ကိုပြန်ပေးလျှင် ကွာရှင်းရန် သဘောတူသည်ဟုဆိုသည်။ သူတို့၏ စကား၊ သူတို့၏အတွေးသည် အက်ဥပဒေစကား၊ အက်ဥပဒေ အတွေးမဟုတ်၊ သူတို့၏စိတ်နှလုံးတွင် ကိန်းဝပ်လျက်ရှိသော ဓလေ့ထုံးတမ်း၊ စကား၊ အတွေးဖြစ်သည်။ ဓလေ့ထုံးတမ်း၏ အလေ့အကျင့်ဖြစ်သည်။ လင်မယားကွာရှင်းလိုမှုသည် တရားမကြောင်းဆိုင်ရာကိစ္စဖြစ်၍ သာမန်အားဖြင့်လည်း ၂ ဦးကြေနပ် သဘောတူခြင်းဖြင့်၊ ကိစ္စပြီးမြောက်နိုင်သည်။ ။ထို့ကြောင့် လီဆူးတို့၏ ဓလေ့ထုံးတမ်း ဥပဒေသည် ဤလီဆူးဇနီးမောင်နှံတို့၏ အိမ်ထောင်ရေးကိစ္စတို့တွင် အရေးပိုင်သော ဥပဒေ (Dominant Law) ဖြစ်သည်။ ယင်းဓလေ့ထုံးတမ်းဥပဒေအရ တောင်တန်းခရိုင်ဝန်ကဤအမှုကို လက်ခံကာစီမံဆောင်ရွက်ပေးအပ်သည်။ ။ပြည်ထောင်စုမြန်မာနိုင်ငံ နှင့်နော်ခွန်ဇော်ဘာ၊ ရာဇဝတ်စာအုပ်စာ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၁၄၁၇။ ဆဲရယ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၈၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ အထူးရာဇဝတ်ရုံး အယူခံအမှု၊ စာ ၁။ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မခင်ရီ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၆၀၇။ မောင်ကိုကြီးနှင့် ဒေါ်အုန်းခင်၊ ၁၉၆၅၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၉၁၃။ "မြန်မာဓလေ့ထုံးတမ်းဥပဒေ" ဦးမြစိန်ရေး၊ မဟာဒဂုံ ကြိမ်ထုတ်၊ မန္တလေး၊ ၁၉၆၈။ Burmese Customary Law, in *Law and Custom in Burma and* the Burmese Family, Dr Maung Maung, The Hague 1963. မရင်မြနှင့် တန်ယောက်ပု၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၅၊ စာ ၄၀၆။ ဒေါ်သိုက် နှင့် ချောင်အာလင်း၊ ၁၉၅၁၊ မြန်မာနိုင်ငံ စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ ၁၃၃ ရည်ညွှန်းသည်။

နာစိတိ နှင့် အဖူစိ — .... .... .... ၁၅၅

**တရားမဇာရီမှု—ကန်တော်ကလေး သိန်းဆုဌာန လုပ်ငန်းတွင် အစုစပ်များဖြစ်ခြင်း—ကန်တော်ကလေး သိန်းဆုဌာနအမည်ကို သုံးစွဲခြင်းမပြုရန် အစုစပ်လုပ်ငန်းမှ နုတ်ထွက်သွားသူက သဘောတူ ဝန်ခံခဲ့ခြင်း—ကန်တော် ဘုရင်ဆိုသော အမည်ကို သုံးခြင်းမှာ တစုံတရာ ဖေါက်ဖျက်ခြင်း ဖြစ်မဖြစ်။** ။**ဆုံးဖြတ်ချက်**။ ။အယူခံတရားလိုနှင့် အယူခံ တရားပြိုင်တို့သည် မူလက ကန်တော်ကလေး သိန်းဆုဌာန လုပ်ငန်းတွင် အစုရှင်များဖြစ်ကြသည်။ ထိုအစုစပ် လုပ်ငန်းမှ အယူခံတရားလို နုတ်ထွက်သွားသဖြင့် အစုစပ်လုပ်ငန်းဖြစ်သည့် ကန်တော်ကလေး သိန်းဆုဌာန အမည်ကို သုံးစွဲခြင်းမပြုရန် အယူခံတရားလိုက သဘောတူ ဝန်ခံခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ နှစ်ဦးသဘောတူရာ၌ ကန်တော်ကလေး သိန်းဆုဌာနအမည်ကိုလည်းကောင်း၊ တစိတ်တဒေသဖြစ်သည့် ကန်တော်ကလေးဆိုသော အမည်ကို အခြားအမည်နှင့်တွဲဖက်၍ သော်လည်းကောင်း၊ ကန်တော်ကလေးဆိုသည့် အမည်နှင့် ဆင်တူရိုးမှား အခြားစကားရပ် တခုခုကိုလည်းကောင်း၊ အယူခံတရားလိုက

**စာမျက်နှာ**

အသုံးမပြုရန် ရည်ရွယ်ချက်ရှိပေသည်။ ယခုအယူခံ တရားလို အသုံးပြုသည့် ကန်တော်ဘုရင် ဆိုသော အမည်မှာ ထိုရည်ရွယ်ချက်အား တစုံတရာဖေါက်ဖျက်သည်ဟု မယူဆနိုင်ပေ။

**မောင်ထွန်းလှိုင် နှင့် ဒေါ်ခင်သန်း .... .... .... ၁၆၇**

**ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—သစ်တော အက်ဥပဒေပုဒ်မ ၇၄ (ဃ) အရ အစစ်ခံချက်များ ရယူခြင်း—ယင်းသို့ ရယူစဉ် တရားခံမရှိခြင်း—သစ်တောအက်ဥပဒေ ပုဒ်မ ၅၃ အရ သက်သေခံဝင် မဝင်။** ။အယူခံ တရားလိုအား ကျွန်းသစ်များနှင့် ပတ်သက်၍ ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေအရ အရေးယူခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။ သစ်တောအရာရှိများသည် တွေ့ရှိရသော ကျွန်းသစ်နှင့် ကျွန်းပျဉ်များကို စာရင်း ပြုလုပ်ထားသည်။ သစ်တောဝန်ထောက်သည် ထိုနေရာတွင်ပင် သစ်တောအက် ဥပဒေပုဒ်မ ၇၄ (ဃ) အရ ဦးညီမောင်၏ အစစ်ခံချက် သက်သေခံအမှတ် (ဂ)၊ ဦးဥတ္တရ၏ အစစ်ခံချက် သက်သေခံအမှတ် (ဃ)၊ မောင်မြခိုင်၏ အစစ်ခံချက် သက်သေခံအမှတ် (င) တို့ကို ရယူခဲ့လေသည်။ ယင်းသို့ သက်သေများကို စစ်ဆေး စဉ်အခါက အယူခံတရားလိုမရှိပေ။ ထို့ကြောင့် သက်သေခံအမှတ် (ဂ) (ဃ) (င) တို့မှာ သစ်တောအက်ဥပဒေပုဒ်မ ၅၃ အရ သက်သေခံမဝင်နိုင်ပေ။

**ဦးထွန်းရင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... .... ၁၇၆**

**မြေနှင့်အိမ်ကို ပြန်လည်လွှဲပြောင်းပေးစေလိုမှု—တရားမကျင့်ထုံးပုဒ်မ ၁၀၀ အရ အယူခံရုံးက မည်သည့်အခါ ဝင်ရောက်စွက်ဖက်နိုင်ခြင်း—"ဘီနာမီ" ခေါ် နာမည်ဖြင့် အရောင်း အဝယ်ပြုလုပ်ကြသည့်စံနစ်—မွတ်ဆလင်များဖြစ်ကြ၍ ယင်းစံနစ်ကို အသုံးပြုနိုင်စရာ ရှိ-မရှိ—"ဘီနာမီ" ခေါ် နာမည်ငှါးဖြင့် အရောင်းအဝယ် ပြုလုပ်သော ကိစ္စများ၌ စဉ်းစားသင့်သည့်မှု။** **။ဆုံးဖြတ်ချက်။** ။မူလ ရုံးမှ ထုတ်နုတ်ခဲ့သည့် အဓိကကောက်ချက်နှစ်ရပ်မှာ အကြောင်းခြင်းရာ သက်သက်နှင့် စပ်ဆိုင်သည့် ကောက်ချက်များ မဟုတ်ချေ။ အကြောင်းသော်ကား ထိုကောက် ချက်များကို အဆုံးအဖြတ်ပြုရာ၌ အမှုတွင် ထင်ရှားပေါ်လွင်သည့် အချက်များကို ထောက်ဆ၍ တရားဥပဒေအရ မည်ကဲ့သို့သော ယူဆချက်များ ပြုလုပ်သင့်သည်ကို ထည့်သွင်းစဉ်းစားရန်လိုသည်။ သက်သေထင်ရှား ပြသနိုင်သည့် အခြင်းအရာ တခုသည် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆင်ခြင်စဉ်းစားရန် ကိစ္စမှာ ဥပဒေပြဿနာဖြစ်လေရာ၊ အောက်ရုံးများသည် မိမိတို့ရှေ့မှောက်တွင် သက်သေ ထင်ရှား ပြသနိုင်သည့် အခြင်းအရာများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အကျိုးသက် ရောက်နိုင်သည်ကို ဆင်ခြင်စဉ်းစားရန် အားမထုတ်လျှင် အယူခံရုံးသည် ကျင့်ထုံး ပုဒ်မ ၁၀၀ အရ ဝင်ရောက်စွက်ဖက်နိုင်သည်။ **ဒေါက်တာ မစ္စ အေ၊ ဂျီ၊ ဒီနက်တို နှင့် မအိမ်သူ ပါ အများ၊** မြန်မာပြည်စီရင်ထုံး၊ ၁၉၅၀ ခုနှစ်၊ (တရားလွှတ်တော်) စာ ၉၃ ရည်ညွှန်းလိုက်နသည်။ **။ထပ်မံဆုံးဖြတ်ချက်။** ။အမှုမှအမှုသည်များ သည် မွတ်ဆလင်များဖြစ်ကြရာ "ဘီနာမီ" စံနစ်ခေါ် နာမည်ငှါးဖြင့် အရောင်း အဝယ်ပြုလုပ်ကြသည့် စံနစ်ကို အသုံးပြုနိုင်စရာ အကြောင်းရှိမရှိစဉ်းစားရန် လိုအပ် ပေသည်။ **မောင်ကျော်ဇေ ပါအများနှင့် မောင်ကြည်၊** ရန်ကုန်စီရင်ထုံး၊ အတွဲ

**စာမျက်နှာ**

(၆) စာ ၂၀၃ ရည်ညွှန်းသည်။ ။"ဘိနာမီ" ခေါ် နာမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်သော ကိစ္စများ၌ အောက်ပါအချက်များအပေါ်တွင် မူတည်၍ စဉ်းစားသင့်သည်။ ။(၁) နာမည်ငှါး စံနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်ရန် အကြောင်းရှိ-မရှိ။ (၂) နာမည်ငှါးများနှင့် တကယ်တန်းဝယ်ယူသူတို့၏ ဆက်စပ်နေပုံအရ၊ တကယ်တန်းဝယ်ယူသူက ထိုနာမည်ငှါးများကို ရွေးချယ်ရန်အကြောင်းရှိ-မရှိ။ (၃) ပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ မည်သူ့ထံတွင်ရှိသနည်း။ (၄) ပစ္စည်းသည် မည်သူ့လက်ဝယ်တွင်ရှိသနည်း။ (၅) မည်သူ့ထံမှ အဖိုးငွေကို ရရှိသနည်း။ အထက်ပါ အကြောင်းအချက်များသည် နာမည်ငှါးစံနစ်၏ မှတ်ကျောက်သဘွယ်ဖြစ်သည်။ ။အမှု၌ အယူခံတရားလို၏ အဆိုပြုချက်များသည် အထက်ဖေါ်ပြပါ အချက်အားလုံးတို့နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရသည်။ အရောင်းအဝယ်တခုသည် နာမည်ငှါးစံနစ်အရ ဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင် အကြောင်းခြင်းရာများအရ တွေ့ရသည့်အခါ၌ နာမည်ခံသူများသည် ပစ္စည်းနှင့် စာချုပ်စာတမ်းကို လက်ရှိထားသူများမဟုတ်လျှင် ထိုအရောင်းအဝယ်သည် နာမည်ငှါးစံနစ်အရ ဖြစ်သည်မှာ သေချာသည်ဟု ယူဆသင့်သည်။

ဒေါ်အစုရာဘီ(ခေါ်)ဒေါ်ချစ်တီယားနှင့်ဒေါ်ဖာတူး(ခေါ်)ဒေါ်မြမြဝင်း                ၁၄၀

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၃၈၈—မယားစရိတ်လျှောက်ထားမှုများတွင် လက်ထပ်ထိမ်းမြား** ခြင်းကို စံနှုန်းစံ၍ ပြသရန်မလိုခြင်း။ ။ဆုံးဖြတ်ချက်။ ။ထိမ်းမြားလက်ထပ်မှုသည် အရေးကြီးသော လူမှုရေးကိစ္စတရပ် ဖြစ်သော်လည်း မယားစရိတ်လျှောက်ထားမှုများတွင် လက်ထပ်ထိမ်းမြားခြင်းကို စံနှုန်းစံ၍ ပြသရန်မလိုပေ။ ဓလေ့ထုံးတမ်းအရလည်း ထိမ်းမြားလက်ထပ်လျှင် တရားဝင်စေရန်အတွက် မည်သည့် အခမ်းအနားမျှမလို၊ ကာယကံရှင် နှစ်ဦး သဘောတူညီစွာ ပေါင်းသင်းနေထိုင်သော ဆန္ဒ၊ အပြုအမူနှင့် ကျော်စောသတင်းကိုသာ ထောက်ထားရမည်ဖြစ်သည်။ ဤကိစ္စမှာ အများပြည်သူတို့နှင့်အကျုံးဝင် အရေးကြီးသော အချက်တခုပင် ဖြစ်ပေသည်။

မလှခင် နှင့် ဦးသိန်းမောင် ....       ....       ....       ....      ၁၆၄

**ဓလေ့နှင့် အလင်းရောင်တို့ကို ပိတ်ဆို့ခြင်းမှ ထာဝစဉ်တားမြစ်ပေးရန် တရားစွဲဆိုခြင်း— ထာဝစဉ်တားမြစ် အမိန့်အစား လျော်ကြေးပေးရန် ပဏာမ ဒီကရီချမှတ်ခြင်း— တရားရုံးချုပ်မှ မပြီးပြတ်သေးသော တန်ဘိုးငွေ ငါးသောင်းထက် မကျော်သည့် တရားမမှုများကို ရန်ကုန်မြို့ တရားမရုံးသို့ လွှဲပြောင်းခြင်း—ပဏာမ ဒီကရီတွင် ဒိုင်ဝန်က စုံစမ်းစစ်ဆေးရမည်ဟုညွှန်ကြားထားပါလျက် တရားမရုံး၏ ရုံးဝန်ထောက်က စုံစမ်းစစ်ဆေးခဲ့ခြင်းမှာ ပျက်ပြယ်ခြင်း ဖြစ်-မဖြစ်—ဤအမှုမျိုးတွင် လျော်ကြေးငွေ ပြဿနာကို ဖြေရှင်းရန်မှု—မူလရုံး၏ လျော်ကြေးငွေ အမိန့်ကို အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် သင့်-မသင့်။** ။လေနှင့် အလင်းရောင်တို့ကို ပိတ်ဆို့ခြင်းမှ ထာဝစဉ်တားမြစ်ပေးရန် တရားစွဲဆိုရာ အမှုစွဲဆိုနေစဉ်အတွင်း အဆောက်အဦကို ပြီးစီးအောင် အတင်းဆောက်လုပ်လိုက်သဖြင့် ရုံးမှ ထာဝစဉ်တားမြစ်မိန့်အစား လျော်ကြေးပေးရန် ပဏာမ ဒီကရီချမှတ်လိုက်ရာ တရားလွှတ်တော်၏ဒိုင်ဝန်က ယင်းကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်နေစဉ် ရန်ကုန်မြို့တရားရုံး၏

စီရင်ပိုင်ခွင့်အာဏာကိုတိုးမြှင့်လိုက်သောကြောင့် အမှုတွဲအား တရားမရုံးသို့ ပေးပို့လိုက်၏။ တရားမရုံး၏ တရားသူကြီးချုပ်က ၎င်း၏ရုံးဝန်ထောက်အား စုံစမ်း စစ်ဆေး အစီရင်ခံရန် ညွှန်ကြားလိုက်သဖြင့် ရုံးဝန်ထောက်က အစီရင်ခံစာတင်ရာ တရားသူကြီးချုပ်က လျော်ကြေးငွေ သတ်မှတ်ကာ အပြီးသတ် ဒီကရီချမှတ်လိုက်လေသည်။ ။ဆုံးဖြတ်ချက်။ ။၁၉၄၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အက်ဥပဒေအမှတ် ၁၃ ၏ ပုဒ်မ ၃ တွင်တန်ဘိုးငွေ ငါးသောင်းကျပ်ထက် မကျော်သည့် တရားရုံးချုပ်၌ မပြီးမပြတ်သေးသော တရားမမှုများအားလုံးသည် ရန်ကုန်မြို့ တရားမရုံးသို့ လွှဲပြောင်းပြီးဖြစ်သည်ဟု ယူဆရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် ထိုပြဋ္ဌာန်းချက်အရ ဒိုင်ဝန်ရှေ့ရှိ စုံစမ်းမှုမှာ တရားမရုံးသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ယင်းသို့ ရောက်ရှိသွားသည့်အမှုကို တရားမရုံး၏ တရားသူကြီးချုပ်သည် စီရင်ပိုင်ခွင့်ရှိသည့်အလျောက် တရားသူကြီးချုပ်မှ တရားမဝန်ထောက်အား စုံစမ်းစစ်ဆေးရန်ညွှန်ကြားခြင်းသည် ဥပဒေနှင့် မညီညွတ်ဟု မဆိုနိုင်။ တရားသူကြီးချုပ်သည် တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ အပြင်လူတဦးဦးကိုပင် ထိုကဲ့သို့ စုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာရှိပေသည်။ သို့ဖြစ်ရာ ပဏာမ ဒီကရီတွင် ဒိုင်ဝန်က စုံစမ်းစစ်ဆေးရမည်ဟု ညွှန်ကြားထားပါလျက်၊ တရားမရုံး၏ ရုံးဝန်ထောက်က စုံစမ်းစစ်ဆေးခဲ့သည့် အကြောင်းကြောင့် မူလရုံး၏ဆောင်ရွက်ချက်မှာပျက်ပြယ်သည်ဆိုသည်ကို လက်မခံနိုင်။ ။ထပ်မံဆုံးဖြတ်ချက်။ ။လေနှင့် အလင်းရောင်ပိတ်ဆို့ခြင်း ခံရသည့်အမှုများတွင် နစ်နာသူသည် လျော်ကြေးငွေ မည်မျှရသင့်ရထိုက်သည်ဆိုသော ပြဿနာကို ဖြေရှင်းရန် မလွယ်ကူလှပေ။ ယင်းသို့ မလွယ်ကူသဖြင့် မဖြေရှင်းဘဲလည်းထား၍ မဖြစ်။ ထိုကဲ့သို့ အမှုမျိုးတွင် အဆောက်အဦဖက်ဘက် ကျွမ်းကျင်တတ်မြောက်သည့် ပါရဂူ၏ ထင်မြင်ချက်၊ အလားတူကိစ္စများတွင် လိုက်နာကျင့်သုံးခဲ့သည့် ထုံးတမ်းနှင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းခြင်းရာများအပေါ် မှီငြမ်း၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ ။ယခုကဲ့သို့ လျော်ကြေးငွေ သတ်မှတ်သည့်ကိစ္စမျိုးတွင် မူလရုံး၏ အမိန့်သည် ပေါ်ပေါက်လျက်ရှိသော မှုပြစ်ကြောင်းခြင်းရာနှင့် လုံးဝစပ်ဟပ်၍ မရနိုင်အောင် အသင်အရှား မှားယွင်းနေမှသာ အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်သင့်ပေသည်။ အထင်အရှား မှားယွင်းခြင်းမရှိပဲ ဝင်ရောက်စွက်ဖက်လျှင် မူလရုံး၏ ဆုံးဖြတ်ချက်ကို အယူခံရုံးက ၎င်း၏ထင်မြင်ချက်ဖြင့် အစားထိုးခြင်းသာ ဖြစ်ပေလိမ့်မည်။

ဦးမောင်စိန် ပါ ၅ နှင့် အမ်၊အီး၊အရစ် (မ်) .... .... ၃၇၃

အိမ်ထောင်ရေးသည် လူမှုရေးကိစ္စ—ဓလေ့ထုံးတမ်း ဥပဒေ ဖြင့်သာအိမ်ထောင်ရေးကိစ္စများကို ဆုံးဖြတ်သင့်ခြင်း—ဓလေ့ထုံးတမ်း၏ အလေ့ အကျင့်များ။ ၁၅၅

အလုပ်သမား လျော်ကြေးအက်ဥပဒေအရ လျော်ကြေးရလိုကြောင်း လျှောက်လွှာ—အလုပ်သမား လျော်ကြေး တောင်းခံခြင်းများသည် ယင်းအက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်ခြင်း ရှိ-မရှိ ပြဿနာ—အလုပ်သမားသည် အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာ ရကြောင်းကို၊ အလုပ်ရှင်သိလျှင်၊ အလုပ်သမားက အထူးတလည် အကြောင်းကြားရန် လို-မလို—ကျယ်ကျယ် ဝန်းဝန်း ပြည့်ပြည့် စုံစုံ၊ စုံစမ်း စစ်ဆေးပြီးမှသာလျှင် အက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်သည် မညီညွတ်သည်ကို ဆုံးဖြတ်နိုင်ခြင်း—

စာမျက်နှာ

အချိန်နှောင်း၍ လျော်ကြေးတောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။အက်ဥပဒေပုဒ်မ ၁၀ ကိုသုံးသပ်ရာတွင်၊ ကျယ်ဝန်းစွာ ကြည့်ရှုအပ်သည်၊ အလုပ်သမားသည် အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာရကြောင်းကို၊ အလုပ်ရှင်ကသိလျှင်၊ အလုပ်သမားက အထူးတလည် အကြောင်းကြားရန် မလိုချေ။ အက်ဥပဒေပုဒ်မ ၁၀ (၁) ခြွင်းချက် (ဘီ) တွင်၊ ဤသို့ပြဋ္ဌာန်းပြီး ဖြစ်ပေသည်။ ထို့ပြင် အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သော ဒဏ်ရာရရှိခဲ့လျှင် လျော်ကြေးတောင်းရာ၌ အချိန်လွန်စေကာမူ လုံလောက်သော အကြောင်းရှိသည်ဟု ယူဆရမည်။ မောင်ညွှန့်စိန် နှင့် ဦးရှိန်ကြီး၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၉၉၁ ရည်ညွှန်းသည်။ ။ ထို့ကြောင့် ထိခိုက်ဒဏ်ရာရခြင်းကို၊ အလုပ်သမားဖက်မှ အကြောင်းကြား-မကြား ၁၂ လအတွင်း လျော်ကြေးတောင်း-မ တောင်း စသည်ကို စစ်ဆေးရုံမျှနှင့် မပြီးသေး။ ထိခိုက်ဒဏ်ရာရခြင်းကို အလုပ်ရှင် သိ-မသိ၊ ဒဏ်ရာအခြေအနေ၊ ဆေးပါး ကုသခြင်းတို့ကို ထောက်ရှု၍ အလုပ်သမားက အကြောင်းကြားခြင်း၊ လျော်ကြေး တောင်းခြင်းပြုနိုင်ခြင်း ရှိခဲ့-မရှိခဲ့ စသည်တို့ပါ ကျယ်ကျယ် ဝန်းဝန်း၊ ပြည့်ပြည့် စုံစုံ စုံစမ်းစစ်ဆေးပြီးမှသာလျှင်၊ အက်ဥပဒေပုဒ်မ ၁၀ နှင့်ညီညွတ်သည် မညီညွတ်သည် ကို ဆုံးဖြတ်နိုင်ပေမည်။ ။ဒေါ်မိက လျော်ကြေးတောင်းသော အမှု၌၊ အလုပ်ရှင် ၏ကိုယ်စားလှယ် ဦးဗိုတာ ကိုယ်တိုင်ကပင်၊ ဒေါ်မိပြောပြ၍ ဦးပြင်းသည် အလုပ် ခွင်၌ရသော ဒဏ်ရာကြောင့် ဆေးကုနေရသည်ဟု သိရကြောင်း၊ လျော်ကြေး မင်းကြီးထံ၌ ထွက်ဆိုခဲ့လေသည်။ ဦးဗိုတာက သိခြင်းသည် အလုပ်ရှင် ဦးယုဆိုင်က သိခြင်းဖြစ်သည်။ ။ဒေါ်သောင်းရင်က ၎င်း၏ယောကျ်ားသေဆုံးရသည့်အတွက် လျော်ကြေးတောင်းသော အမှု၌လည်း၊ အလုပ်ရှင်၏ မန်နေဂျာများက ဦးအပနား သည် အလုပ်ခွင်၌ သံစူး၍ ၎င်းတို့ကဆေးရုံတင်ပေးခဲ့ရကြောင်းထွက်ဆိုခဲ့ကြသည်။ ထို့ကြောင့် ထိခိုက်ဒဏ်ရာရခြင်းကို အလုပ်ရှင်၏ကိုယ်စားလှယ်များက သိကြသည်။ အထက်ပါ အကြောင်းတို့ကြောင့် ဒေါ်မိ၊ ဒေါ်သောင်းရင် တို့၏လျော်ကြေး တောင်းဆိုခြင်းသည်၊ အက်ဥပဒေပုဒ်မ ၁၀ (၁) ၏ ခြွင်းချက် (ဘီ) တွင် အကျုံး ဝင်သည်။ အလုပ်သမားတို့သည်လည်း ကြာမြင့်စွာနာကြ၍ ဦးပြင်းသည် နောက် ဆုံး၌ မျက်စေ့ကွယ်၊ ဦးအပနားသည် အသက်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် အချိန် နှောင်း၍ လျော်ကြေးတောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိ၊ ဦးအပနား နှင့် ပတ်သက်၍ ဆိုလျှင် အသက်ပင်ဆုံးရှုံးရသောကြောင့် အလုပ်ရှင်တွင် လျော် ကြေးပေးရန် တာဝန်ပေါ်ပေါက်သကဲ့သို့၊ သေဆုံးကြောင်းသိလာသော လျော် ကြေးမင်းကြီးကလည်း ယင်းလျော်ကြေးကို ထိုက်သည့်သူတို့ ရရှိစေရန် ဆောင် ရွက်ပေးရန် တာဝန်ကို အက်ဥပဒေပုဒ်မ ၁၀ (အေ) အရ ခံယူရပေသည်။ ။ အထက်ပါ အကြောင်းအကျိုးတို့ကို ထောက်ချင့်လျှင် ဒေါ်မိနှင့် ဒေါ်သောင်းရင် တို့က လျော်ကြေးတောင်းခြင်းသည် ကာလစည်းကမ်းသတ်လွန်သည်၊ အက်ဥပဒေ ပုဒ်မ ၁၀ ကိုဆန့်ကျင်သည်ဟု မဆိုနိုင်။

၁။ ဦးယုဆိုင် } နှင့် { ၁။ ဒေါ်မိ ....<br>
၂။ ဦးယုဆိုင် } { ၂။ ဒေါ်သောင်းရင် } .... .... ၉၀၀

•

အလုပ်သမားလျော်ကြေး အက်ဥပဒေအရ လျော်ကြေးရလိုကြောင်း လျှောက်ထား ခြင်း—ဥပဒေအရပေးရန်ရှိသည်တို့ကို အမြေအကြေသဘောဖြင့် ၂ ဦးသဘောတူ

စာမျက်နှာ

လက်မှတ်ရေးထိုးထားသောစာကို မှတ်တမ်းတင်ပေးရန် ချေပခြင်း—အလုပ်ရှင်နှင့် သေဆုံးသူအလုပ်သမား၏ မှီခိုသူဘိုကိုပေးယူ ပြေကြေရန်သဘောတူသော လျော်ကြေးသည် ဥပဒေ၏ အဘိအကျသဘ်မှတ်ထားချက်တို့ကို လွှမ်းနိုင်သလော၊ သို့မဟုတ် ဥပဒေက သဘောတူညီချက်ကိုလွှမ်းသလောဟူသည့် ပြဿနာ—လျော်ကြေးပေးရန်တာဝန်နှင့် လျော်ကြေး၏ ပမာဏကို ဥပဒေက သတ်မှတ်ပြီးဖြစ်၍ ပဋိညာဉ်ဖြင့်လျော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းပြု၍ မရနိုင်။ ။အလုပ်ရှင်နှင့် သေဆုံးသူ အလုပ်သမား၏ မှီခိုသူဘိုကပေးယူပြေကြေကြရန် သဘောတူသော လျော်ကြေးသည် ဥပဒေ၏ အဘိအကျ သဘ်မှတ်ထားချက်တို့ကို လွှမ်းမိုးနိုင်သလော၊ သို့မဟုတ် ဥပဒေက သဘောတူညီချက်ကို လွှမ်းသလောဟူသည့် ပြဿနာပေါ်ရာ။ ။ဆုံးဖြတ်ချက်။ ။လျော်ကြေးမှုဖွင့်ပြီးနောက်၊ လျော်ကြေးမင်းကြီးက ဥပဒေနှင့်အညီ စုံစမ်းရာတွင် အချက်အလက်များထင်ရှားပြီး၍ အလုပ်ရှင်က လျော်ကြေးပေးရမည့်တာဝန်ရှိသည်ကို တွေ့ရသောအခါ အလုပ်ရှင်အား ဥပဒေသတ်မှတ်သော လျော်ကြေးကိုပေးရန်ကိုသာ ညွှန်ကြားနိုင်လေသည်။ ထိုထက် လျော့နည်းသော လျော်ကြေးကို သတ်မှတ်ပိုင်ခွင့်မရှိ။ လျော့နည်းသောငွေကို ပေးခြင်းဖြင့်လည်း အလုပ်ရှင်၏ လျော်ကြေးပေးရန် တာဝန်ကျေပွန်မည်မဟုတ်ချေ။ လျော်ကြေးပေးရန် တာဝန်နှင့် လျော်ကြေး၏ ပမာဏကို ဥပဒေက သတ်မှတ်ပြီးဖြစ်သည်။ ပဋိညာဉ်ဖြင့်လျော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းပြု၍ မရတော့ချေ။ ။အလုပ်ခွင်ဘွင်ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်သည် အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်ဖြစ်ကြောင်းကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၅(၆) တွင်၊ ထပ်မံ၍ အလေးအနက်ပြုကာ ဖော်ပြထားသည်။ အလုပ်သမားလျော်ကြေးအက်ဥပဒေသည်လည်း ယင်းဥပဒေတွင် အကျုံးဝင်သည်။

ပေါင်အင်ဆန်း နှင့် { ၁။ အလုပ်သမားလျော်ကြေးမင်းကြီး (ပုသိမ်မြို့)။ ၂။ ဒေါ်စောခင် .... .... .... ၁၇၁ }

# ညွှန်းချက်

# INDEX

---

## နိုင်ငံတော်တရားရုံးချုပ်

## CHIEF COURT OF BURMA

စာမျက်နှာ


အက်ဥပဒေများ

ငွေတိုးချစားသူများအက်ဥပဒေ။

တရားမကျင့်ထုံး။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ။

ရာဇဝတ်ကျင့်ထုံး။

ရာဇသတ်ကြီး။

အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေ။

အလုပ်သမားလျော်ကြေးအက်ဥပဒေ။

အရေးပေါ်စီမံမှုအက်ဥပဒေ။


ဇာရီမှု—၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေ—၎င်းအက်ဥပဒေပုဒ်မ ၉ အရ၊ငွေတိုးချစားသည့်တရားနိုင်အား၊ဇာရီမှုကိုလျှောက်ထားခြင်းမပြုရဟု တားမြစ်ထားခြင်း ရှိမရှိ။ ။ဆုံးဖြတ်ချက်။ ။၁၉၄၅ ခုနှစ်၊ ငွေတိုး ချစားသူများ အက်ဥပဒေ ပုဒ်မ ၉ အရ၊ ငွေတိုး ချစားသူတဦးသည် ၎င်း ရရှိခဲ့သည့်ဒီကရီ တရပ်ရပ်နှင့် ပတ်သက်၍ မှတ်ပုံတင်လက်မှတ် မရှိလျှင် ထိုဒီကရီအား အကျိုးသက်ရောက်အောင် ဇာရီရုံးမှ သက်သာခွင့် တောင်းဆိုခြင်း မပြုနိုင်ပေ။ ထိုပုဒ်မက ငွေတိုးချစားသည့် တရားနိုင်သည် ဇာရီမှုကို လျှောက်ထားခြင်းမပြုရဟု တားမြစ်ထားခြင်းမရှိ။ သို့ဖြစ်ရာ ဇာရီရုံးအနေဖြင့် မှတ်ပုံတင်လက်မှတ် မရှိစေကာမူ ဇာရီလျှောက်လွှာကို လက်ခံနိုင်သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ ယင်းသို့လက်ခံပြီးဖြစ်လျှင် ဇာရီရုံးသည် တရားရုံး၏ ကန့်ကွက်ချက်အရ သော်၎င်း၊ တရားနိုင်၏ တောင်းဆိုချက်အရသော်၎င်း၊ ဇာရီမှုကို ပိတ်ထားပိုင်ခွင့်ရှိမည်မှာ သဘာဝပင် ဖြစ်ပေသည်။


ဦးစံတင် နှင့် ဘာနာစီလား၊ လာစာရိဟား .... .... ၂၃၂


တရားမကျင့်ထုံးပုဒ်မ ၅၁—တရားရုံးများအား ဖမ်းဆီး၍ ထောင်တွင်အကျဉ်းချထားနိုင်သည့်အာဏာ—သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ၊ ပြုလုပ်နိုင်သည့်

စာမျက်နှာ

**အာဏာဖြစ်ခြင်း—ယင်းပုဒ်မခွင်းချက်၌ထိုအာဏာကိုချုပ်ချယ်ထားခြင်း။** ။ ဗျိုင်းရေအိုးစင် စားသုံးသူ သမဝါယမအသင်း၏ စာရင်းရှင်းတာဝန်ခံက၊ အသင်း၏ငွေများနှင့် စပ်လျဉ်း၍ ကုန်ဝယ်ကိုယ်စားလှယ်ဟောင်းဖြစ်သူ ပဌမအယူခံတရားပြိုင်အပေါ်၌ သမဝါယမအက်ဥပဒေအရ ဒီကရီရရှိခဲ့သည်။ အလားတူစွာ ကျွဲးကွက်သစ်စာရင်းရှင်းတာဝန်ခံကလည်း အသင်း၏ ငွေများနှင့် ပတ်သက်၍ မန်နေဂျာဟောင်းဖြစ်သူ ဒုတိယအယူခံတရားပြိုင်အပေါ် ဒီကရီရရှိခဲ့သည်။ တရားနိုင်များသည် ဒီကရီများအတည်ပြုရန် လျှောက်ထားရာတွင် တရားရှုံးများအား ဖမ်းဆီးရန် တရားမအကျဉ်းထောင်တွင် ချထားရန်အတွက် နောက်ဆုံးတွင် လျှောက်ထားခဲ့သည်။ **။ဆုံးဖြတ်ချက်။** ။အမှု၌တရားရှုံးများသည် ကုမ္ပဏီတခု၏ ဒါရိုက်တာလူကြီးတဦးကဲ့သို့၎င်း၊ ကုန်ဖက်စပ်လုပ်ငန်းတခု၏ ပါတနာတဦးအဖြစ်၎င်း၊ တူညီသည့် အခြေအနေရှိကြောင်း သက်သေခံအထောက်အထား တစုံတရာမရရှိခဲ့ချေ။ သို့ဖြစ်လေရာ ၎င်းတို့သည် တရားမကျင့်ထုံး ပုဒ်မ ၅၁ ခွင်းချက်၏ အပိုဒ်ငယ် (ဂ) တွင် အကျုံးဝင်သည်ဟု ယူဆရန်ခဲယဉ်းပေသည်။ ဤအချက်နှင့် ပတ်သက်၍ မူလရုံးရှေ့တွင် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရာ၌ တရားနိုင်များသည် သက်သေခံအထောက်အထား တစုံတရာဖေါ်ပြထုတ်နိုင်ခြင်း မရှိချေ။ မည်သို့ပင်ဖြစ်စေကာမူ၊ တရားမကျင့်ထုံးပုဒ်မ ၅၁ အရ၊ တရားရှုံးများအားဖမ်းဆီး၍ ထောင်သွင်း အကျဉ်းချထားနိုင်သည့်အာဏာသည် သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့် အာဏာဖြစ်သည်။ ဒီကရီကို အတည်ပြုရန်အတွက် တရားရှုံးအားဖမ်းဆီး၍အကျဉ်းချခံစေရန်တရားရုံး၌အာဏာရှိကြောင်း ပုဒ်မ ၅၁ တွင် ပြဋ္ဌာန်းထားသည်။ ထိုအာဏာကိုတရားရုံးသည်၊မိမိသင့်တော်သည်ဟုထင်မြင်သည့်အတိုင်း အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းပုဒ်မခွင်းချက်၌ ထိုအာဏာကို ချုပ်ချယ်ထားသည်။ ခွင်းချက်၏အပိုဒ်ငယ် (က)၊ (ခ)နှင့် (ဂ) တွင် ဖေါ်ပြထားသည့်အချက်များနှင့်ကိုက်ညီကြောင်း တရားရုံးကကျေနပ်မှုရှိသည့်ကိစ္စမှလွဲ၍ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်မချရဟု ပိတ်ပင်ထားသည်။ တနည်းအားဖြင့်ဆိုသော် ခွင်းချက်၏အပိုဒ်ငယ်(က)၊(ခ)နှင့်(ဂ)တို့တွင်အကျုံးဝင်သည့်ကိစ္စ၌တရားရုံးသည်မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်းတရားရှုံးအား၊အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သော်လည်း၊ ထိုအချက်များနှင့် မကိုက်ညီလျှင် ယင်းကဲ့သို့သော အမိန့်ချမှတ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ထိုခွင်းချက်များနှင့် အကျုံးဝင်သော အမှုတိုင်း၌ တရားရှုံးအား၊ အကျဉ်းကျခံစေရန် အမိန့်ကို မပြုမနေရဟု အဓိပ္ပါယ်ကောက်ယူ၍ မဖြစ်နိုင်။ ခွင်းချက်၏ အပိုဒ်ငယ်(က)၊(ခ) နှင့် (ဂ) ပါအချက်များနှင့် ကိုက်ညီကြောင်း ရုံးက ကျေနပ်မှုမရှိလျှင် တရားခံအား၊ အကျဉ်းကျခံစေရန် အမိန့်မချမှတ်ရဟု တားမြစ်ထားသဖြင့် ထိုအချက်များနှင့် စပ်လျဉ်း၍ ရုံးက ကျေနပ်မှုရှိသည့်အခါ၊ တရားရှုံးအား၊ အကျဉ်းကျခံစေရန် အမိန့်ချမှတ်ရမည်ဟု မဆိုလို။ တရားရှုံးအား၊ အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်သည့် ယေဘုယျအာဏာမှာ ရုံးက မိမိသဘောအတိုင်း သင့်တော်သည်ဟု ထင်မြင်သည့်အခါ၌ သာလျှင် အသုံးပြုနိုင်သည်။ **။စောသာဦးနှင့် မအေးသိ၊ ၁၉၅၇၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ ၁၇၉** ခြားနားပြသည်။

စာရင်းရှင်းတာဝန်ခံ ဗျိုင်းရေအိုးစင်သမဝါယမ / ကျွဲးကွက်သစ်သမဝါယမ နှင့် ဦးထွန်းလှ / ဦးလှရွှေ .... ၂၀၃

**စာမျက်နှာ**

ပဋိညာဉ်အရ၊ သဘောတူသည့်အတိုးနှုန်း ခွင့်ပြုသင့် မသင့်　....　....　၂၁၀

**မြေကွက်ပေါ်မှ ထွက်ခွါသွားရန်နှင့် မြေပေါ်၌ ကျူးကျော် နေထိုင်သည့်အတွက် နစ်နာကြေး ပေးဆောင်ရန် ဒီကရီရရှိခြင်း—နစ်နာကြေးနှင့် တရားစရိတ်ကို အတည်ပြုရန် ဇာရီမှု ဖွင့်လှစ်ခြင်း—အမှုဖွင့်လှစ်ခြင်း ပြုနိုင် မပြုနိုင်။ ။ဆုံးဖြတ်ချက်။** ။တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက်နေ့စွဲပါ အထွေထွေဌာန စာအမှတ် ၂၃၂/၂၀/၁၅၅ (၆၃) မှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းမှ နှင်ထုတ်သည့်ဒီကရီကိုသော်လည်းကောင်း၊ အမိန့်ကိုသော်လည်းကောင်း အကျိုးသက်ရောက်စေရန် အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းထားရန် တရားမရုံးများအားညွှန်ကြားထားသည့်စာဖြစ်ပေသည်။ထိုစာ၏ရည်ရွယ်ချက်မှာ မြေ (သို့မဟုတ်) အဆောက်အဦတခုခုကို လက်ရှိဖြစ်သူအား အရမ်းကာရော လက်မဲ့မဖြစ်စေရန် ယာယီအနေဖြင့် ညွှန်ကြားခဲ့ခြင်းပင်ဖြစ်သည်။ ငွေဒီကရီ အတွက်သော်လည်းကောင်း၊ တရားစရိတ်အတွက် သော်လည်းကောင်း ဇာရီမှု ဖွင့်လှစ်ခြင်းမပြုရဟု တားမြစ်ထားခြင်းမရှိပေ။

**ဦးဘရှင် နှင့် ၁။ ဦးသာသွင်၊ ၂။ ဒေါ်စိန်ကြိုင်**　....　....　၂၄၂

**နစ်နာကြေးနှင့် တရားစရိတ်ကို အတည်ပြုရန် ဇာရီဖွင့်လှစ်ခြင်း—အမှုဖွင့်လှစ်ခြင်း ပြုနိုင် မပြုနိုင်**　....　....　....　....　....　၂၄၂

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၊—မယားစရိတ်။ ။ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈ (၄) အရ၊ လင်နှင့် မယားသည် နှစ်ဦးသဘောတူ သီးခြား နေထိုင်လျက်ရှိမှသာ မယားဖြစ်သူက လင်ထံမှ မယားစရိတ်တောင်းဆိုခြင်းကို ပိတ်ပင်မည်ဖြစ်သည်။ မယားသည် လင်နှင့်အတူမနေဘဲ သီးခြားနေထိုင်လျက် ရှိခြင်းသည် နှစ်ဦးသဘောတူညီချက်အရဖြစ်မှသာ စရိတ်တောင်းခြင်းကိုပိတ်ပင် ကြောင်းသတိချပ်ရမည်။

**ဦးလှသောင်း နှင့် ဒေါ်အမာ**　...　...　...　၂၄၄

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၂ ပါပြဋ္ဌာန်းချက်ကို မလိုက်နာခဲ့ခြင်း—ရာဇဝတ်ကျင့် ထုံးပုဒ်မ ၅၃၇ (က) အရ၊ ကုစားၡရနိုင်သည့် ချို့ယွင်းချက်တခုဖြစ် မဖြစ်**　...　၂၂၇

**ရာဇသတ်ကြီး ပုဒ်မ ၁၄၁ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်း—ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၄၂ ပါပြဋ္ဌာန်းချက်ကို မလိုက်နာခဲ့ခြင်း—ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ (က) အရ၊ ကုစား၍ရနိုင်သည့်ချို့ယွင်းချက်တခုဖြစ် မဖြစ်။ ။ဆုံးဖြတ် ချက်။** ။ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာခြင်း မပြုသည့်အကြောင်းကြောင့် အမှုတွဲတခုလုံး သည် ပျက်ပြယ်သည်ဟု ယူဆရန်မဟုတ်၊ တရားခံအနေဖြင့်၎င်းအပေါ် စွပ်စွဲထား သည့် စွပ်စွဲချက်ကို နားလည်သဘောပေါက်ပြီး ထုချေခွင့်ရရှိခဲ့လျှင်၊ ကျင့်ထုံး အတိုင်း လိုက်နာခြင်းမရှိခဲ့စေကာမူ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစား၍ ရနိုင်ပေသည်။ အဓိက စဉ်းစားရမည့်အချက်မှာ ကျင့်ထုံးအတိုင်းလိုက်နာရန် ပျက်ကွက်ခဲ့ခြင်းသည် တရားမျှတမှုဆိတ်သုန်းခဲ့ခြင်း ရှိမရှိ ဆိုခြင်းပင် ဖြစ်သည်။

စာမျက်နှာ

တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲချက်ကို မသိရှိနားမလည်ပဲ ထုချေခွင့် မရခဲ့လျှင် တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ အမှုမှာလည်း ပျက်ပြယ်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ စွပ်စွဲချက်ကို သိရှိနားလည်ပြီး ခုခံချေပခွင့် ရခဲ့လျှင်၊ တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်။ ။အယူခံမှုလာ ရုံးတရားသူကြီးသည် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၄၂ အရ၊ ဖြစ်မှု၏အကြောင်းခြင်းရာ အသေးစိတ်ကို လျှောက်ထားသူ ရုံးရှေ့သို့ ရောက်သည့်နေ့၌ ရှင်းလင်းပြောပြခြင်းမပြုပဲ၊ တရားလိုပြသက်သေများကို စစ်ဆေးခဲ့ပေသည်။ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူအား စွဲချက်ကို နှုတ်မှပြောပြကာ လျှောက်ထားသူနှင့် ၎င်း၏ သက်သေများကို စစ်ဆေးပြီး အမိန့်ချမှတ်ခဲ့သည်။ တနည်းဆိုရသော် လျှောက်ထားသူအပေါ် စွပ်စွဲထားသည့်ဖြစ်မှုမှာ သမ္မာန်မှုတခုသာဖြစ်သော်လည်း၊ စွဲချက်ကို ရေးသားခြင်းမပြုခဲ့သည်မှအပ၊ ဝါရမ်းမှုများအား စစ်ဆေးသည့် ကျင့်ထုံးအတိုင်း လိုက်နာစစ်ဆေးခဲ့ပေသည်။ သမ္မာန်မှုကို ဝါရမ်းမှုကဲ့သို့ စစ်ဆေးခဲ့ခြင်းသည် လျှောက်ထားသူအပေါ် တစုံတရာနစ်နာမှု မရှိနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ (က) အရ၊ ကုစားရ၍ ရနိုင်သည့် ချို့ယွင်းချက်တခုဖြစ်သည်။ ။ဦးကျော်လှညို နှင့် ပြည်ထောင်စု၊ ၁၉၆၁၊ မြန်မာပြည် စီရင်ထုံး၊ ၇၈ (တရားလွှတ်တော်) ခြားနားပြသည်။ ။ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဂိုဗင်ဒါသာမိ၊ ၁၉၄၉၊ မြန်မာပြည် စီရင်ထုံး၊ ၆၆၂ (တရားလွှတ်တော်)။ ။အဗ္ဗဒုရာမန်နှင့် အစိုးရ၊အတွဲ ၅၊ ရန်ကုန် ၅၃ (ပရီဗီကောင်စီ)။ ။အစိုးရနှင့် ဘိုးမင်း၊အတွဲ ၁၀၊ ရန်ကုန် ၅၁၁ (စုံညီခုံ)။ ။မောင်ဦးခိုင် နှင့် အစိုးရ၊ အတွဲ ၁၃၊ ရန်ကုန် ၁။ ။မရွာဘီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး၊ ၃၇၄ (တရားလွှတ်တော်) ရည်ညွှန်းသည်။

မောင်အေးသိန်း(ခ)မောင်ပိုက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(ဒေါ်အေးရင်) ၂၂၇

ရာဇသတ်ကြီး ပုဒ်မ ၃၉၇ အရ၊ မှုဖြစ်ထင်ရှားစီရင်ခြင်း—မည်သည့်အခါ တရားခံကို ဤပုဒ်မအရ ဖြစ်မှုထင်ရှားစီရင်နိုင်မည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ။လူတဦးတယောက်အား အပြင်းအထန်နာကျင်စေရန် ကိုယ်ထိလက်ရောက်ပြုလုပ်သည့် တရားခံကိုသာလျှင် ဤပုဒ်မအရ ဖြစ်ဒဏ်ထင်ရှားစီရင်နိုင်မည်ဖြစ်သည်။ အပြင်းအထန်နာကျင်စေရန် ပြုလုပ်ခြင်းမရှိသည့် အဖော်လူဆိုးများသည် ဤပုဒ်မနှင့် အကျုံးဝင်မည်မဟုတ်ပေ။ ထိုပုဒ်မ၌ "ထိုသူကို" ဆိုသည့်စကားရပ်ကို သုံးနှုန်းထားသဖြင့်အပြင်းအထန်နာကျင်စေသည့် လူဆိုးသာလျှင် ဤပုဒ်မအရ တာဝန်ရှိမည်ဖြစ်သည်။ ။မောင်စိန်နှင့် အစိုးရ၊ အတွဲ ၃၊ အောက်မြန်မာပြည်စီရင်ထုံး ၁၂၁။ ။ဘိုးဝင်း နှင့် အစိုးရ၊အတွဲ ၄၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆။ ။ဘိုးမြိုင် နှင့် အစိုးရ၊ အတွဲ ၁၈၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၉ ရည်ညွှန်းသည်။

မောင်ချစ် (ခေါ်) မောင်ချစ်ကလေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၂၁၈

ရွှေနေများစာရင်းမှ ထုတ်ပယ်ထားသည်ကို ရွှေနေများစာရင်းထဲသို့ ပြန်လည်ထည့်သွင်းရန်လျှောက်ထားခြင်း—ရွှေနေလုပ်ငန်းသည် မှန်မြတ်သော ပြည်သူ့ အကျိုးပြုလုပ်ငန်းဖြစ်ခြင်း—ကျင့်ဝတ်သိက္ခာနှင့် အညီအညွတ်တာဝန် ကျေပွန်စွာ ဆောင်

ကျက်ကြသော ရှေ့နေကြီးများသည် နိုင်ငံတွင် အများစုဖြစ်ကြသည်ဟု တွေ့မြင်ရခြင်း။ ။ဆုံးဖြတ်ချက်။ ။ရှေ့နေလုပ်ငန်းသည် မွန်မြတ်သောပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်ကြောင်း၊ တရားလွှတ်တော်ခုံရုံးက လျှောက်ထားသူ၏ ၁၉၅၂ ခုနှစ်၊ လျှောက်လွှာပေါ်၌ မှတ်ချက်ပြုခဲ့သည်ကို လေးနက်စွာ ထောက်ခံလိုပေသည်။ တရားဥပဒေအရာတွင် မကျွမ်းကျင်ကြသော ပြည်သူတို့ကိုယ်စား ဆောင်ရွက်ကြရသောကြောင့် ရှေ့နေကြီးများသည် ပြည်သူ့ အကျိုးဆောင်များဖြစ်ကြပေသည်။ မှန်ကန်မျှတခြင်းကို ဖြစ်ထွန်းစေအောင် တရားရုံးများနှင့်အတူတွဲ၍ အမှားကိုဖယ်ရှောင် အမှန်ကိုဖေါ်ထုတ်ကြရသောကြောင့် ရှေ့နေကြီးများသည် အမှန်တရား၏ အကျိုးဆောင်၊ တရားရုံးများ၏ အရာရှိများလည်း ဖြစ်ကြသည်။ ဤကဲ့သို့ တာဝန်ရှိကြသောပုဂ္ဂိုလ်တို့သည် အမှန်တရားအပေါ် မပြတ်သစ္စာထား၍ ပြည်သူ့အကျိုးပြု တရားစီရင်ရေးကို ဖြစ်ထွန်းစေသောကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းဆောင်ရွက်ကြရန်လိုပေသည်။ ကျင့်ဝတ်သိက္ခာနှင့် အညီအညွတ်၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြသော ရှေ့နေကြီးများသည် နိုင်ငံတွင် အများစုဖြစ်ကြသည်ဟု တွေ့မြင်ရပေသည်။ သို့ရာတွင် ကျင့်ဝတ်သိက္ခာမညီ၊ တာဝန်မကျေကြသော ရှေ့နေများကိုလည်း ရံဖန်ရံခါ တွေ့မြင်ကြရပေသေးသည်။ ကျင့်ဝတ်သိက္ခာဖေါက်ဖျက်၊ တာဝန်ပျက်ကွက်ချို့ယွင်းသော ရှေ့နေများကို အခြားရှေ့နေကြီးများက အချင်းချင်း သတိပေးပြုပြင်သင့်ကြပေသည်။ ပြုပြင်၍မရ၊ ဆိုးဝါးသောကျူးလွန်မှုတို့ ပေါ်ပေါက်လျှင်မူကား၊ ထိရောက်ပြတ်သားစွာ အရေးယူရန်သာရှိပေလိမ့်မည်။ ယင်းသို့ဝိုင်းဝန်းပြုပြင်ခြင်း၊ အရေးယူခြင်းပြုကြမှသာလျှင်ရှေ့နေကြီးများသည် ပြည်သူ့အကျိုးပြုတရားစီရင်ရေး၏အကျိုးဆောင်၊ ကြက်သရေဆောင်များဖြစ်ကြပေလိမ့်မည်။

**ဦးဒုန်းဘေ (ခေါ်) ဦးရွှေဒုန်းကိစ္စ　....　....　....　၂၃၇**

ရောင်းခွန်နည်းဥပဒေအပိုဒ် ၂၂ (၄) (ဿ) အယူခံဝင်လိုသော အခွန်ထမ်းသည်ပေးသွင်းရန် ဝန်ခံထားသည့်ငွေကို ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြနိုင်မှ အယူခံလက်ခံနိုင်ရန်ရှိခြင်း — ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်တို့ကို တိကျစွာ ဆောင်ရွက်ကျင့်သုံးကြရခြင်း — မိမိသဘောအရချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ ငြင်းဆန်ခြင်းပြုလျှင် လုပ်ပိုင်ခွင့်ကို ကျူးလွန်ရာရောက်ခြင်း။ ။ဆုံးဖြတ်ချက်။ ။ရောင်းခွန်စည်းကြပ်သောပုဂ္ဂိုလ်များ၊ အယူခံပြင်ဆင်မှုတို့ကိုကြားနာဆုံးဖြတ်သောပုဂ္ဂိုလ်များ၊ လွှဲအပ်မှုများတွင် ပေါ်ပေါက်သော ဥပဒေ ပြဿနာတို့ကို သုံးသပ်ဆုံးဖြတ်ရသော နိုင်ငံတော် တရားရုံးချုပ်စသည်တို့သည် ရောင်းခွန် အက်ဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်တို့ကို ခံယူ၍ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက် တို့ကိုတိကျစွာ ဆောင်ရွက်ကျင့်သုံးကြရသည်။ လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်တို့ကို မိမိတို့သဘောအလျောက်ချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ ငြင်းဆန်ခြင်း မပြုနိုင်ကြပေ။ ယင်းသို့ပြုကြလျှင် ဥပဒေပြုလုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်ကို ကျူးလွန်ရာ ရောက်ပေလိမ့်မည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေးဆိုင်ရာတို့က သော်လည်းကောင်း အဓိပ္ပါယ်ဖွင့်ရန်၊ ငှါကာချဲ့ရန် မလိုချေ။ ယင်းသို့ပြုပြင်လျှင် အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေကို ချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ ထွင်ခြင်း စသည်ကိုပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံ့ရန်၊ ထွင်ရန်လိုလျှင် ဥပဒေပြုအဖွဲ့အစည်းကသာ လို

စာမျက်နှာ

အပ်သလို ပြုလုပ်နိုင်သည်။ ဥပဒေစကားရပ်များကမထင်ရှား၊ မသဲကွဲဖြစ်နေမှ သာလျှင်၊ လက်ငင်းအားဖြင့် ဥပဒေပြု အဖွဲ့အစည်း၏ ရည်ရွယ်ချက်ဖြစ်မြောက် စေလေအောင်၊ ဥပဒေစကားနှင့် လက်တွေ့အခြေအနေ ဇပ်ဟပ်မိနိုင်လေအောင် လိုအပ်သလောက်၊ အဓိပ္ပါယ်ဖွင့်ဆိုရသည်။ ယင်းသို့ အဓိပ္ပါယ်မဖွင့်လျှင် မဖြစ် သော အခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသော တရားရုံးကသာလျှင် အထူး သတိထား၍ စည်းကမ်းစောင့်ထိန်းကာ မိမိ၏ စီရင်ပိုင်ခွင့်ကို မကျော်စေပဲ၊ ညီညွတ်သော ထုံးပြုပေးရသည်။

စိန်ရတနာပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးပါ ၃ ၂၀၅

လက်ရောက်ပေးအပ်သည် — ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ ၏အပိုဒ်(ခ) အရ၊ အဓိပ္ပါယ်ကောက်ယူချက် .... .... .... ....

**အပေါင်ဒီကရီရလိုကြောင်း တရားစွဲဆိုခြင်း—အမှုသည်တဦး၏ထုချေချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက် အမှုသည်နှင့် သက်သေတို့အား စစ်ဆေးစဉ် ပြန်လှန် မေးခွန်း ထုတ်ထားခြင်း မရှိခြင်း—ထုချေချက်သည် နောက်မှအကြံရကာ တင်ပြသည့် ထုချေချက်သာဖြစ်သည်ဟုယူဆရန်ဖြစ် မဖြစ်။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှု** များတွင် တရားခံတဦးသည် မိမိအပေါ်စွပ်စွဲသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ ထုချေလိုက ထုချေနိုင်သည်။ မထုချေလိုကလည်း မထုချေပဲ နေနိုင်သည်။ သို့ဖြစ်ပါလျက်တရားခံသည်ရင်း၏ထုချေချက်ကို စောစောစီးစီးတင်ပြခြင်းမပြုလျှင် လုပ်ကြံတင်ပြသည့် ထုချေချက် ဖြစ်သည်ဟု ယူဆနိုင်လျှင် တရားမမှုများ၌ သာရှုပ်အလားတူယူဆချက်ကိုအသုံးပြုနိုင်မည်သာဖြစ်သည်။ ယင်းယူဆချက်မှာ အမှုသည်တဦးဦး၏ ပြုမူချက်အပေါ် မူတည်၍ ဆုံးဖြတ်ရသည့် ယူဆချက်ဖြစ်ပေ သည်။ လူ့ သဘာဝအရတဖက်သားအပေါ် တိကျသည့် စွပ်စွဲချက်ရှိလျှင်ထိုသူအား မေးမြန်းခွင့်ရရှိချိန်၌ထိုစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ထုတ်ဖော်မေးမြန်းမည်မှာ ကေန် ဖြစ်သည်။ ယင်းသို့မေးမြန်းခြင်းမရှိလျှင်ထိုစွပ်စွဲချက်သည် နောက်မှ အကြံရပြီး တင်ပြသည့်စွပ်စွဲချက်သာဖြစ်သည်ဟုယူဆရန်အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ တဘက်သားအနေဖြင့်လည်း ၎င်းစွပ်စွဲချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းခွင့်မရသည့် အလျောက် တဖက်သတ်စွပ်စွဲချက်တခုအဖြစ်သာရပ်တည်နေပေမည်။ ဦးတင်ထွန်း နှင့် ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည် စီရင်ထုံး ၁၉၂ ညွှန်းသည်။

၁။ ကိုသောင်းရင်
၂။ ဒေါ်ဂေါက်
၃။ မအေးမိ
၄။ မစန်

} နှင့် ကိုဖုန်းဝင်း .... .... .... ၁၉၇

**အပေါင်ဒီကရီရလိုကြောင်းဘက်ကတရားစွဲဆိုခြင်း—ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေး၍ ပေါင်နှံကာချေးယူခြင်း—ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွါးမီ ကပင် တရားစွဲဆိုသည့်နေ့အထိ တဆက်တည်းမြန်မာပြည်၌ ဇယားဝင် ဘဏ်တခု အနေဖြင့် ဘဏ်လုပ်ငန်းများဆောင်ရွက်နေခြင်း—ယင်းသို့ ဆောင်ရွက်သည့်ကာ လအတွင်း ထုတ်ချေးခဲ့သည့်ငွေကို ပြန်လည်တောင်းခံပိုင်ခွင့် ရှိ မရှိ—ပစ္စည်းလွှဲ**

စာမျက်နှာ

**ပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၈၊ အပိုဒ်(စ) — " လက်ရောက်အပ်ပေးသည် " ဆိုသောစကားရပ် — ပေါင်နှံခြင်း ပြုသည့်အရပ်မှာ ရန်ကုန် မြို့ဖြစ်ခြင်း — ၁၉၅၀ ခုနှစ်၊ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင် မဝင် — ပဋိညာဉ်အရ သဘောတူသည့်အတိုးနှုန်း — ခွင့်ပြုသင့် မသင့်။**

။အယူခံတရားပြိုင်ဘဏ်သည် ဘဏ်လုပ်ငန်းများကို ပြည်သူပိုင်မလုပ်မီက၊ ဆက်သွယ်ရေးဘဏ်ဖြစ်၍ တရုတ်ပြည်သူ့ သမတနိုင်ငံတွင် တည်ထောင်ပြီး ရန်ကုန်မြို့၌ ဇယားဝင်ဘဏ်တခုဖြစ်သည်။ အယူခံတရားလိုတို့အား၊ ဘဏ်ငွေပို့စာရင်းဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် ကျောက်တံတားမြို့ရှိ ဆန်စက်နှင့် ဆန်စက်တည်ရှိရာ မြေကွက်၏ ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများကို လက်ရောက်အပ်ပေး၍ ပေါင်နှံခြင်းဖြင့် ငွေများ ထုတ်ချေးခဲ့သည်။

။**ဆုံးဖြတ်ချက်**။ ။အယူခံတရားပြိုင် ဘဏ်သည် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ပွါးမီကပင် တရားစွဲဆိုသည့်နေ့အထိ၊ တဆက်တည်း မြန်မာပြည်၌ ဇယားဝင် ဘဏ်တခုအနေဖြင့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ၊ ယင်းသို့ ဆောင်ရွက်ခဲ့သည့် ကာလအတွင်း ထုတ်ချေးခဲ့သည့်ငွေကို ပြန်လည်တောင်းခံပိုင်ခွင့် ရှိသည်။

။**ထပ်မံဆုံးဖြတ်ချက်**။ ။ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၈ ၏ အပိုဒ် (စ) အရ၊ ပေါင်နှံခြင်းမြောက်ရန် အင်္ဂါသုံးရပ် ရှိပေမည်။ ၎င်းတို့မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို မြီရှင် (သို့မဟုတ်) မြီရှင်၏ကိုယ်စားလှယ်သို့ လက်ရောက်အပ်ပေးရမည်။ ကြွေးငွေအတွက် အပေါင်ပစ္စည်း အနေဖြင့် ရည်ရွယ်၍ အပ်ပေးခြင်း ဖြစ်ရမည်။ ယင်းသို့ အပ်ပေးခြင်းသည် ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့ (သို့မဟုတ်) စစ်တွေမြို့ တမြို့မြို့တွင် ဖြစ်ရမည်။ ထိုအင်္ဂါရပ်များနှင့် ပြည့်စုံမှသာ ပေါင်နှံခြင်းအထမြောက်မည်ဖြစ်သည်။ ။ပေါင်နှံခြင်း အထမြောက်စေရန် ပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို မြီစားက မြီရှင်အား လက်ရောက်အပ်ပေးရမည်ဆိုသော အင်္ဂါရပ်ရှိရန်လိုသည်မှာ မှန်၏။ သို့ရာတွင် " လက်ရောက်အပ်ပေးသည် " ဆိုသော စကားရပ်မှာ ကိုယ်ထိလက်ရောက်အပ်ပေးခြင်းသာမက၊ လက်ရောက်အပ်ပေးသည်ဟု အဓိပ္ပါယ်သက်ရောက်သော အပ်ပေးခြင်းလည်း ပါဝင်သည်ဟု ယူဆရမည်ဖြစ်သည်။ ငွေထုတ်ချေးခြင်း မပြုမီ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများသည် ထုတ်ချေးသည့်ငွေကိစ္စနှင့် ပတ်သက်ပြီး မြီရှင်၏ လက်ထဲသို့ ရောက်ရှိနေပါမူ၊ ငွေချေးသည့်နေ့တွင် ထိုစာချုပ်စာတမ်းများအား မြီရှင်က မြီစားထံသို့ ပြန်ပေးပြီး၊ မြီစားက တဖန်မြီရှင်ကို လက်ရောက်အပ်ပေးရန် လိုမည်မဟုတ်ပေ။ ချေးငွေအတွက် စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေးခဲ့ပြီးဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်သည်။

။**ထပ်မံဆုံးဖြတ်ချက်**။ ။အမှုဘွင် ပေါင်နှံခြင်း ပြုသည့် အရပ်မှာ ရန်ကုန်မြို့ ဖြစ်ပြီး ရန်ကုန်မြို့တွင် မည်သည့်အခါကမျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ရုပ်သိမ်းခဲ့ခြင်း မရှိသဖြင့် ၁၉၅၀ ခုနှစ်၊ အထူးစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်။ သို့ပါ၍ အယူခံ တရားပြိုင်ဘဏ်သည် အယူခံတရားလိုတို့ထံမှ ငွေတောင်ချေးယူသည့်နေ့မှစ၍ တရားစွဲဆိုသည့်နေ့အထိ အတိုးငွေကို ရထိုက်သည်။ တရားစွဲဆိုသည့်နေ့ဒီကရီချမှတ်သည့်နေ့အထိအတိုးနှုန်းကို မူလရုံးက ရုံးနှုန်းအတိုင်း ငွေတရာလျှင် တနှစ် ၉ ရာခိုင်နှုန်း ဖြင့် ခွင့်ပြုခဲ့သည်ကို တွေ့ရ၏။ ပဋိညာဉ်အရနှစ်ဦးသဘောတူခဲ့သည့် အတိုးနှုန်းမှာ ၆ ရာခိုင်နှုန်းသာဖြစ်ပေသည်။ တရားရုံးများအနေဖြင့် ပဋိညာဉ်အရ၊ သဘောတူခဲ့သည့် အတိုးနှုန်းသည်

ရှုံးနှုန်းထက်များနေမှသာ သက်သာသောရှုံးနှုန်းအတိုင်း အတိုးငွေကို ခွင့်ပြုလေ့ရှိပေသည်။ ပဋိညာဉ်အရ သဘောတူခဲ့သော အတိုးနှုန်းသည် ရှုံးနှုန်းထက်နည်းနေပါမူ၊ သက်သာသည့် အတိုးနှုန်းကိုသာ ခွင့်ပြုသင့်သည်။

**မကျင်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ် (၁၁)** .... .... ၂၁၀

**အလုပ်သမားလျော်ကြေးအက်ဥပဒေ—၎င်းအက်ဥပဒေ ပုဒ်မ ၂ (၁) (၃) အရ၊ သေဆုံးသူသည် အလုပ်သမားတဦး ဖြစ်ကြောင်း ထင်ရှားခြင်း—အလုပ်ခွင်၌ အလုပ်ဆောင်ရွက်နေစဉ် ဒါးထိုးခံရ၍ အလုပ်သမားသေဆုံးခြင်း—လျော်ကြေး ရသင့် မရသင့်။ ။ဆုံးဖြတ်ချက်။ ။**သေဆုံးသူသည်၊အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၂ (၁) (၃) တွင် ပြဆိုထားသည့် အလုပ်သမားတဦးဖြစ်ကြောင်း ထင်ရှားသည်။ အချင်းဖြစ်သည့် နေ့က သေသူသည် ဒါးနှင့်ထိုးသူ၏ ဝမ်းစာစပါးများကို ကြိတ်ပေးနေစဉ် ဒါးနှင့်ထိုးသူက ဆန်ထွက်လျော့သည်ဆိုပြီး စိတ်ဆိုး၍ သေသူအား ကျောကို ဒါးနှင့် ထိုးလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်ရကား သေဆုံးသူ ဒါးထိုးခံရသည်မှာ အလုပ်ခွင်၌ အလုပ်ရှက်ဆောင်နေစဉ် ဒဏ်ရာ ရရှိသေဆုံးခဲ့ခြင်း ဖြစ်သောကြောင့်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၃ (၁) နှင့် ညီညွတ်သဖြင့် အလုပ်ရှင်ဖြစ်သူ အယူခံတရားလိုသည် သေဆုံးသူ အလုပ်သမားအတွက် လျော်ကြေးကို ပေးရန် တာဝန်ရှိပေသည်။

**ဦးကိုးရင် နှင့် ဒေါ်စန်းနွဲ့** .... .... .... .... ၂၃၄

**၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅ (စ)အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း— လိုအပ်သော အင်္ဂါရပ်များ ပြည့်စုံမှု ရှိ မရှိ။ ။ဆုံးဖြတ်ချက်။ ။**အဆိုပါပုဒ်မ အရဆိုပါမူ၊ တရားခံ တဦးဦးက ဟန့်တားသည်၊ သို့မဟုတ် နှောင့်နှေးစေသည့် သယ်ယူပို့ဆောင်ရေးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လိုအပ်သော သယ်ယူပို့ဆောင်မှုဖြစ်ရမည်။ သာမန်သယ်ယူပို့ဆောင်မှုကို ဟန့်တားခြင်း၊ သို့မဟုတ် နှောင့်နှေးစေခြင်းသည် ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်ရာ၌ ထိခိုက်စေလိမ့်မည်ဟု ယူဆရန် ခဲယဉ်းပေသည်။ ထို့ပြင် သယ်ယူပို့ဆောင်မှုကို ဟန့်တားရန် သော်၎င်း၊ နှောင့်နှေးစေရန်သော်၎င်း၊ ချုပ်ချယ်ရန်သော်၎င်း ကြံရွယ်၍ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဟု ပြဋ္ဌာန်းထားသည့် အလျောက် တရားခံတဦးဦးသည် ၎င်း၏ ပြုလုပ်မှုနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်မှုအား ဟန့်တားရန် သော်၎င်း၊ နှောင့်နှေးစေရန် သော်၎င်း၊ ချုပ်ချယ်ရန် သော်၎င်း အကြံအစည်နှင့် ရည်ရွယ်ချက် ရှိကြောင်း တရားလိုဘက်မှ ထင်ရှားအောင် တင်ပြရန် လိုပေသည်။ တနည်းဆိုသော် တရားခံသည် ဤပုဒ်မတွင် ပြဋ္ဌာန်း ထားသည့် ကိစ္စကို ပြုလုပ်ရန် အကြံအစည်နှင့် ရည်ရွယ်ချက်ရှိသည်ဆိုသော အင်္ဂါရပ်များ ပြည့်စုံမှသာ ၎င်းအပေါ် အပြစ်ပေးနိုင်မည်ဖြစ်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စောတင်လေဘကြူ၊** ၁၉၅၈ ခု၊ မြန်မာပြည် စီရင်ထုံး ၂၈၊ (တရားလွှတ်တော်) ရည်ညွှန်းသည်။

**မောင်တင်မောင်၊ ဦးထွန်းရှိန်၊ ကိုခင်မောင် (ခေါ်) တေလေ၊ ကိုတုပ်၊ ကိုဖေခိန်၊ ကိုခင်မောင်၊ ကိုကျော်သိန်းနှင့် ကိုဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** .... .... .... .... ၂၂၂

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဋ္ဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဂျိုးဇက်အော်လီ ပါ ၃ (အယူခံတရားလိုများ) † ၁၉၆၉

မတ်လ ၁၅ ရက်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့

(အယူခံတရားခံ) *

လျော်ကြေးငွေများ ရယူရန်တရားစွဲဆိုခြင်း—လက်မှတ်တွင်ပါယှိသည့်အမှတ် ၆ စည်းကမ်းချက်—လေယာဉ်လက်မှတ်ပေါ်တွင် သယ်ယူပို့ဆောင်သည့် စည်းမျဉ်းများကျောဖက်တွင် ပြဆိုထားကြောင်း ထင်ရှားစွာရေးသားထားခြင်း—ခရီးသည်များအား သိယှိနားလည်စေရန်လိုအပ်သမျှ ဆောင်ရွက်ပြီးဖြစ်သည်ဟု ယူဆရခြင်း—ကျောဖက်ပါ အမှတ် ၆ စည်းကမ်းကို သဘောတူလက်ခံခဲ့၍ မတော်တဆထိခိုက်မှု အက်ဥပဒေအရ အခွင့်အရေးကို စွန့်လွှတ်ပြီးကြောင်းဟုယူဆရခြင်း—ဝါဆောစာချုပ် ပါ နည်းဥပဒေများသည် ပြည်တွင်းလေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ယနေ့တိုင် အကျုံးမဝင်သေးခြင်း။

ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် ဒါကိုတာလေယာဉ်ပျံသန်းသွားရာ တောင်နှင့်တိုက်ပြီး ပျက်စီးသွားသဖြင့် လေယာဉ်ပေါ်ပါ ခရီးသည် ၆ ဦးသေဆုံးသွားရာကျန်ယှိရစ်သည့်ဇနီးနှင့် သားသမီးဖြစ်သူ အယူခံတရားလိုများက ဆုံးရှုံးခြင်းဖြစ်ရသည့်အတွက် လျော်ကြေးငွေများရယူရန် တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။သေဆုံးသူ မစ္စတာအော်လီသည် မြန်မာပြည်သို့ အချင်းမဖြစ်မီ ရက်သတ္တပတ်ခန့်မှရောက်ယှခဲ့ပြီး လေယာဉ်လက်မှတ်ကို အချင်းဖြစ်သည့်နေ့က လေယာဉ်ပေါ်တက်ခါနီးမှ ရယူခဲ့သဖြင့် ရည်ညွှန်းသည့်အမှတ် ၆ စည်းကမ်းချက်လက်မှတ်တွင် ပါယှိသည်ဟုရင်း၊ ထိုစည်းကမ်းချက်ကို သဘောတူညီခဲ့သည်ဟုရင်း အထောက်အထားမပါယှိသဖြင့် မစ္စတာအော်လီ

---

* ၁၉၆၇ ခုနှစ်၊ တရားမပဋ္ဌမအယူခံမှုအမှတ် ၆။

† ၁၉၅၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၁ တွင် ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ တရားလွှတ်တော် မူလဘက်ရုံးတော်၏ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၆၉
ဂျူးဇက်အော်လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။

သည် ပဋိညာဉ်ဥပဒေအရ "စည်းကမ်းအမှတ် ၆" ကိုသဘောတူညီလက်ခံခဲ့ပြီဟု ယူဆရန်မသင့်ပါ ဆိုသည်နှင့်ပတ်သက်၍ လေယာဉ်လက်မှတ်ပေါ်တွင် သယ်ယူပို့ဆောင်သည့် စည်းမျဉ်းများကျောဖက်တွင် ပြဆိုထားကြောင်း ထင်ရှားစွာ ခရေးသားထားသဖြင့် အယူခံတရားခံအဖွဲ့မှထိုစည်းကမ်းချက်များကို ခရီးသည်များအား သိယှိနားလည်စေရန် လိုအပ်သမျှဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟုသာ ယူဆရမည်ဖြစ်သည်။

**Penton v. Southern Railways** ၁၉၃၁၊ ၂ ကေး၊ ဘီ၊ စာ—၁၀၃ ရည်ညွှန်းသည်။

သေဆုံးသူ မစ္စတာအော်လီအတွက် လူသေစေသော မတော်တဆထိခိုက်မှုအက်ဥပဒေအရ အယူခံတရားခံများအပေါ် ဆုံးရှုံးမှုအတွက် လျော်ကြေးရယူရန်တရားစွဲဆိုခွင့်ယှိကြောင်းကို အယူခံတရားခံများကလည်း မငြင်းဆိုကြပေ။ သို့ရာတွင် သေဆုံးသူ မစ္စတာအော်လီကပင် လေယာဉ်လက်မှတ်ကျောဖက်ပါ အမှတ် ၆ စည်းကမ်းကိုသဘောတူလက်ခံခဲ့၍ ထိုအခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း ယူဆရမည်ဖြစ်ရကား တရားလိုများတို့သည် တရားစွဲဆိုရန်ပိတ်ပင်ခြင်းဖြစ်နေသည်။

**U Hla Pe v. The Board of Directors, Union of Burma Airways 1951 B.L.R., p. 347** ရည်ညွှန်းသည်။

ဝါဆောစာချုပ်ပါ နည်းဥပဒေများသည် ပြည်တွင်းလေကြောင်းသယ်ယူပို့ ဆောင်ရေးအတွက် ယနေ့တိုင်အကျုံးမဝင်သေးကြောင်း ထင်ရှားနေသဖြင့် လေယာဉ်လက်မှတ်ကျောဖက်တွင် ပါယှသည့် အမှတ် ၆ စည်းကမ်းချက်မှာ အလိုအလျောက် ပျက်ပြယ်ခြင်း ဖြစ်နေသည်ဟုရင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များအကျုံးဝင်သည်ဟုရင်း၊ လူသေစေသော မတော်တဆထိခိုက်မှု အက်ဥပဒေနှင့် ဆန့်ကျင်၍ တရားဝင်စည်းကမ်းချက်မဟုတ်ပါဟုရင်း မဆိုနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် လူတဦးတယောက်သည် မိမိပေါ်ကျရောက်မည့် တာဝန်ကို ပဋိညာဉ်အက်ဥပဒေအရ ကင်းလွတ်ခွင့်ရယူနိုင်သည်။

**Luddit and others v. Ginger Coote Airways Limited 1947 Appeal Cases (P.C.) p. 233** ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအေး။

အယူခံတရားခံအတွက်။ ။ဦးချောင်ဖိုး။

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင် **XY-ADC** အမှတ်အသားပါ ဒါကိုတာ လေယာဉ်သည်၊ ၁၉၅၆ ခု၊ ဩဂုတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့မှ မန္တလေး ခရီးစဉ်အရ၊ နံနက် ၈ နာရီအချိန် ပျံသန်းသွားရာ တောင်ပိုင်းရှမ်းပြည် ဝဲစမလှင်တောင်နှင့် တိုက်ပြီး ပျက်စီးသွားရာ၊ လေယာဉ်ပေါ်တွင် ခရီးသည်အဖြစ် ပါဝင်သည့်လူ ၆ ဦး အသက်ဆုံးရှုံးခဲ့ပြီး၊ ကပ်ဆိုင်းဆိုသူတယောက်သာ လွတ်မြောက်ခဲ့ပေသည်၊ ထို့အတွက် ခရီးသည် ၆ ဦးတို့၏ ကျန်ယှိရစ်သည့် ဇနီးနှင့် သားသမီးများဖြစ်သူ အယူခံတရားလိုများ အပါအဝင်တို့က ဆုံးရှုံးခြင်းဖြစ်ရသည့်အတွက် အယူခံတရားခံ မြန်မာနိုင်ငံ

၁၉၆၉

ဂျီးဇက်အော်လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။

လေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ထံမှ လျော်ကြေးငွေများ ရယူရန် ဤရုံး မူလဘက်ဆိုင်ရာ တရားမမှုအမှတ် ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇ နှင့် ၈၁/၅၇ တို့တွင် တရားစွဲဆိုခဲ့ရာ၊ အယူခံတရားလိုများ၏အမှုမှာ အမှုအမှတ် ၈၁/၅၇ ဖြစ်လေသည်။ ထိုအမှုများ၏ အကြောင်းခြင်းရာတို့မှာ တူညီနေသဖြင့် အမှုအမှတ် ၇၅/၅၇ တွင် တပေါင်းတည်း ကြားနာပြီး၊ သက်သေရယူသုံးသပ်၍ အမှုများကို ပလပ်လိုက်လေသည်။ ထို့အတွက် တရားလိုများတို့က မကျေနပ်၍ အယူခံမှုများကို တင်သွင်းခဲ့ရာ၊ အခြားတရားလိုများက အယူခံမှုတို့ကို အသီးသီးပြန်လည် ရုပ်သိမ်းသွားသော်လည်း အယူခံတရားလိုတို့ကမူ လူမှုအဖြစ် အယူခံဝင်ခွင့်ရယူရန် လျှောက်ထား အောင်မြင်ခဲ့သည့်အတိုင်း ယခုအယူခံမှု ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။

အမှုအကြောင်းအရာကို မူလရုံး စီရင်ချက်တွင် အကျယ်တဝင့် အသေးစိတ် ဖော်ပြထားပြီး ဖြစ်ပေသည်။ အယူခံတရားလို မစ္စစ် အော်လီမှာ ကွယ်လွန်သူ မစ္စတာ အော်လီ၏ ဇနီးဖြစ်ပြီး၊ ဒုတိယနှင့် တတိယအယူခံ တရားလိုများမှာ ၎င်းတို့၏ သားသမီးများ ဖြစ်ပေသည်။ ကွယ်လွန်သူ မစ္စတာ အော်လီမှာ အင်္ဂလိပ်လူမျိုး အင်ဂျင်နီယာတဦးဖြစ်ပြီး အချင်းဖြစ်ချိန်က မြန်မာနိုင်ငံ ကာကွယ်ရေးဌာနနှင့် သဘောတူညီချက်အရ၊ တလလျှင်လစာငွေ ၂,၂၀၀ ဖြင့် ခေတ္တလာရောက်အမှုထမ်းနေသူဖြစ်ပြီး၊ မြန်မာပြည်သို့ အချင်းမဖြစ်မီ ရက်သတ္တတပတ်လောက်ကမှ ရောက်ယှိခဲ့သည်ဆိုသည်။

တရားလိုဖြစ်သူ အယူခံတရားလိုများ၏ စွဲလွှာအရ အချင်းဖြစ်သည့် ၁၉၅၆ ခု၊ ဩဂုတ်လ ၈ ရက်နေ့ နံနက်တွင်ပျက်စီးသွားသည့်အယူခံတရားခံအဖွဲ့ပိုင် XY-ADC ဒါကိုတာလေယာဉ်ပေါ်၌ မစ္စတာ အော်လီမှာ ခရီးဆောင်ရွက်ရန် မန္တလေးမြို့သို့ ပါသွားပြီး၊ လေယာဉ် ပျက်စီးရာတွင် အသက် ဆုံးရှုံးခဲ့ကြောင်း နှစ်ဖက် အငြင်းမပွါးပေ။ ထို့အတွက် တရားလိုဖြစ်သူ အယူခံတရားလိုတို့က လေယာဉ် ပျက်စီးရခြင်းကို စုံစမ်းမှု ပြုလုပ်နိုင်ရန်၊ နိုင်ငံတော် အစိုးရက ဖွဲ့စည်းစုံစမ်းစေခဲ့သည့် အဖွဲ့မှ အဆိုပါ လေယာဉ်ကို မောင်းနှင်ခဲ့သူ အယူခံတရားခံ အဖွဲ့၏အမှုထမ်းတဦးဖြစ်သည့် လေယာဉ် ကပ္ပတိန် ဝီလ်ရှိုင်းယား၏ ပေါ့ဆစွာမောင်းနှင်မှုကြောင့် လေယာဉ်ပျက်စီးပြီး ခရီးသည်များ၏အသက်ဆုံးရှုံးခဲ့ကြောင်းတွေ့ယှိအစီရင်ခံထားရာ လေယာဉ်များ ပျံသန်းခြင်း စည်းမျဉ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံကြီးများက ဝါဆောမြို့တွင် ချုပ်ဆိုခဲ့သည့် စာချုပ်၌ သဘောတူညီ လက်ခံခဲ့သည့် စည်းမျဉ်းများ အကျုံးဝင်နေသဖြင့်၊ လေယာဉ်လက်မှတ်နောက်ကျောတွင် ဖော်ပြထားသည့် စည်းကမ်း အမှတ် ၆ မှာ ပျက်ပြယ်ခြင်းဖြစ်ပြီး အကျိုးသက်ရောက်နိုင်ခြင်း မယှိတော့သဖြင့် တရားခံဖြစ်သူ အယူခံတရားခံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သည်တောင်းဆိုသည့် လျော်ကြေးငွေများ ကို ပေးရန် တာဝန်ယှိကြောင်း ပြဆိုလေသည်။

၁၉၆၉

ဂျူးဇက်အောင်
လီ ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
လေကြောင်း
သယ်ယူပို့ဆောင်
ရေးအဖွဲ့။

တရားခံများဖြစ်သူ အယူခံတရားခံ လေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့ကမူ အချင်းဖြစ်လေယာဉ်မှာ ဥပဒေလိုအပ်ချက်အရမှတ်ပုံတင်ထားသည့်အပြင်၊မောင်းနှင်အသုံးချရန် သင့်တော်ကြောင်း လက်မှတ် ရယူထားပေသည်။ ထို့အတွက် ၁၉၅၂ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ အမှတ် ၃၉ အရ၊ လေကြောင်းခရီး သွားလာမှုကို ရွက်ဆောင်ခွင့် ယှိပါကြောင်း၊ အချင်းဖြစ် လေယာဉ်ကို မောင်းနှင်ခဲ့သည့် အဖွဲ့၏ လေယာဉ်မှူး ပေါ့ဆမှုကြောင့် လေယာဉ်ပျက်စီး ဆုံးရှုံးခြင်း ဖြစ်ရသည် ဆိုသည်ကို ငြင်းဆို၍ စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာမှာ သက်သေခံဝင်သည် ဆိုလင့်ကစား တွေ့ယှိချက်များကို ဤရုံးမှ လုံးဝ လက်ခံရမည်မဟုတ်ပေ။ထို့ပြင် လေယာဉ်ပျံသန်းခြင်း ကိစ္စနှင့် ပတ်သက်၍ ဝါဆောမြို့တွင် သဘောတူညီ လက်ခံခဲ့သည့်စာချုပ်ပါ စည်းကမ်းများမှာ ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကို အကျုံးဝင်ခြင်း မယှိသေးသည် တကြောင်း၊ လေယာဉ် လက်မှတ်ကျောတွင် ဖေါ်ပြထားသည့် စည်းကမ်းချက် အမှတ် ၆ မှာ တရားဝင် သဘောတူညီထားသည့် စည်းကမ်းချက် ဖြစ်သဖြင့် သေသူပင်လျှင် တရားစွဲဆိုရန် အခွင့်အရေး မယှိတော့သောကြောင့် တရားလိုများ၏အမှုကို ပလပ်ရမည်သာဖြစ်ပေသည်ဟု ချေပလေသည်။

အဆိုလွှာနှင့် ချေလွှာများအရ၊ အမှုတွင် ကောက်ချက် ၇ ချက်ထုတ်နုတ် စစ်ဆေးခဲ့ရာ ပထမကောက်ချက်ဖြစ်သည့် တရားစွဲဆိုသည့် အယူခံ တရားလိုများသည် ကွယ်လွန်သူ မစ္စတာ အော်လီ၏ တရားဝင်ဇနီးနှင့် သားသမီးများ ဖြစ်ကြောင်း အငြင်းမပွါးကြပေ။ ကျန်ကောက်ချက် ၆ ချက်တို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

" (2) Did the defendant represent that the aircraft mentioned in issue No. 1 was registered and that it was in legal possession of license for operation of air transport service ?

(3) Are the provisions of National Carriage and Air Convention signed in Warsaw applicable to internal flights within the Union of Burma ?

(4) Was there any negligence on the part of Captain Wiltshire, and if he was so negligent, is the defendant liable to pay compensation for the death (I have omitted the name), and if so liable, what is the amount ?

(5) Are the findings of the Court of Inquiry binding on the defendant ? (Singular is used for consistency).

(6) Is the defendant (singular is used for consistency) absolved from all liabilities for the death (I have omitted

ဂျီးဇက်အော် လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင် ရေးအဖွဲ့။

the name) in view of Condition 6 printed on the ticket purchased by the deceased ?

(7) Is this suit maintainable in view of Condition 6 printed on the back of the ticket purchase by the deceased ?"

အမှတ် ၂ ကောက်ချက်နှင့် ပတ်သက်၍ အယူခံတရားခံအဖွဲ့သည်၊ ၁၉၅၂ ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေအမှတ် ၃၉ အရ၊ ပြည်ပ နှင့် ပြည်တွင်းလေကြောင်းပျံသန်းခွင့်ကို တဦးတည်း ရယူခဲ့သဖြင့် လိုင်စင်ရယူရန်မလိုသောကြောင့် ပင်ရင်းညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ စည်းကမ်းချက်များသည် အကျုံးမဝင်တော့သောကြောင့်၊ လေယာဉ်လက်မှတ် ကျောဖက်တွင်ဖော်ပြထားသည့် အမှတ် ၆ စည်းကမ်းမှာ တရားဝင်သည့် စည်းကမ်းချက် ဖြစ်သည်ဟုငြင်း၊

အမှတ် ၃ ကောက်ချက်ပေါ်မူ ဝါဆော စာချုပ်ပါ စည်းကမ်းများ၏ ရည်ရွယ်ချက်မှာ အနယ်နယ်ပြည်ပ လေယာဉ် ပို့ဆောင်ရေးနှင့် ပတ်သက်ကြောင်း ထင်ရှားသည့်အပြင်၊ တရားလိုများကလည်း မငြင်းဆိုကြပေ။ သို့ရာတွင် တရားလိုများက အမှတ် ၆ နှင့် ၇ ကောက်ချက်များနှင့် ပတ်သက်၍ ထိုစာချုပ်ပါ နည်းဥပဒေများကို ပြည်တွင်း လေကြောင်း သယ်ယူပို့ဆောင်ရေး အတွက်ပါ ထည့်သွင်းသုံးသပ် သင့်သည့်အတိုင်း ဆင်ခြင်မှုလေယာဉ်လက်မှတ်ကျောဖက်တွင် ပြဆိုထားသည့်အမှတ် ၆ စည်းကမ်းမှာ အလိုလို ပျက်ပြယ်ခြင်း ဖြစ်နေပါသည်ဟု ဆိုသည်နှင့် ပတ်သက်၍ စာချုပ်ပါနည်းဥပဒေများသည် ပြည်ပလေကြောင်း သယ်ယူပို့ဆောင်ရေးကို အကျုံးဝင်သော်လည်း၊ ၁၉၄၇ ခု၊ မြန်မာပြည် လေကြောင်းအက်ဥပဒေ ပုဒ်မ ၄ အရ၊ နိုင်ငံတော် သမတက ယခုတိုင် ထိုနည်း ဥပဒေများကို လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ ထည့်သွင်းပြီး ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကိစ္စအတွက်ပါ အကျုံးဝင်စေရမည်ဟု ကြေညာခဲ့ခြင်းမရှိသေးသဖြင့် ပင်ရင်းညာဉ်ဥပဒေအရသာ စဉ်းစားရမည်ဖြစ်ရာ ရည်ညွှန်းသည့် သာဓကများအရပင် လေယာဉ်အဖွဲ့တခုသည် မိမိပေါ် ကျရောက်မည့်တာဝန်ကို သဘောတူညီမှု စည်းမျဉ်းအရ ဖယ်ရှားနိုင်ခွင့် ရှိသည့်အတိုင်း လက်မှတ်ကျောဖက်ပါ အမှတ် ၆ စည်းကမ်းမှာ တရားဝင်သည့် စည်းကမ်းဖြစ်သည်ဟု ယူဆရပေမည်။ ထိုအဘွက်မှုလချုံးမှ အယူခံတရားခံအဖွဲ့သည် လျော်ကြေးများပေးရန် တာဝန် မရှိတော့သဖြင့် တရားလိုများသည် တောင်းဆိုသည့် လျော်ကြေးငွေများကို ရပိုင်ခွင့်မရှိဟုဖြေဆိုသည့်အတိုင်းအမှတ် ၄ ကောက်ချက်ဖြစ်သည့် လေယာဉ်မှူးသည်လေယာဉ်မောင်းနှင်ရာတွင် ပေါ့ဆမှုရှိ မရှိဆိုသည့်ကောက်ချက်ကို ထပ်မံစဉ်းစားရန်မလိုတော့ရကား၊ ယင်းကောက်ချက်ကို ချန်လှပ်၍ အထက်ပါ ကောက်ချက်များ၏ဖြေဆိုချက်အရ အယူခံ တရားလိုများ၏အမှုကို ပလပ်သိက်ခြင်း ဖြစ်ပေသည်။

၁၉၆၉ — ဂျူးဇက်အော်လီ ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။

ယခု အယူခံရာဝယ် အယူခံတရားလိုများက မူလရုံးမှ အမှုတွင် တရားမျှတရန် အခြေခံ ပြုလုပ်ခဲ့သည့် ဝါဆောမြို့ စာတမ်းပါ စည်းကမ်းများအပေါ် အခြေပြု ဆုံးဖြတ်ခဲ့ခြင်း မပြုခြင်းနှင့် လေယာဉ်လက်မှတ် ကျောဖက်ယို အမှတ် ၆ စည်းမျဉ်းကို ကွယ်လွန်သူ မစ္စတာ အော်လီသည် သဘောတူညီ လက်ခံခဲ့ကြောင်း သက်သေ အထောက်အထား ထင်ရှားစွာ မယိုသည်နှင့် အမှု သိယိုသည်ဆိုစေဦး ထိုစည်းမျဉ်းများမှာ အယူခံတရားလိုများအပေါ် အကျိုးသက်ရောက်နိုင်ခြင်း မယိုသည့်အပြင် ယင်းစည်းကမ်းချက်မှာ အများပြည်သူ့ဘို၏ အကျိုးကို ထိခိုက်သဖြင့် ဥပဒေအရ ပျက်ပြယ်နေသည့်အတိုင်း တရားလိုများသည် လူသေစေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေ (**Fatal Accidents Act**) အရ တောင်းဆိုသည့် လျော်ကြေးငွေများကို ရထိုက်သည်ဟု မဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ များစွာမှားယွင်းနေပါသဖြင့် မူလရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အယူခံတရားလိုများ တရားစွဲဆိုသည့် အတိုင်း လျော်ကြေးငွေများ ပေးစေရန် ဒီကရီချမှတ် ပေးသင့်ပါသည်ဟု တင်ပြလေသည်။

အထက်ပါ ပြဆိုချက်များနှင့် ပတ်သက်၍ အယူခံ တရားလိုများအတွက် လိုက်ပါ ဆောင်ရွက်သည့် ရှေ့နေကြီးက ဝါဆောမြို့ စာတမ်းပါ စည်းကမ်းချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံကသဘောတူညီပါဝင် လက်ခံခဲ့သည့်အတိုင်း ထိုစာချုပ်ပါ နည်းဥပဒေများသည် ပြည်ပလေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် အကျုံးဝင်နေပေပြီ။သို့အတွက် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် နိုင်ငံတော် သမတက လိုအပ်သည့် ကျေညာချက်ကို ထုတ်ဆင့်ခဲ့ခြင်း မယိုသေးသော်လည်း တရားမျှတစေရန် အခြေခံ ရေးဆွဲထားသည့် နည်းဥပဒေများကို ယခုအမှုတွင် ထည့်သွင်း စဉ်းစားသင့်ပါသည်ဟု တင်ပြရာဝယ် စာချုပ်ပါသဘောတူညီချက်ဖြစ်သည့် ၁၉၃၄ ခု၊ မြန်မာပြည် လေကြောင်းအက်ဥပဒေ (**Burma Carriage by Air Act, 1934**) ပထမဇယားတွင် ပါဝင်သည့် အောက်ပါ နည်းဥပဒေ သတ်မှတ်ချက်တို့ကို ဂရုံးကား ပေသည်။

နည်းဥပဒေ ၁၇။

> "The carrier is liable for damage sustained in the event of the death or wounding of a passenger or any other bodily injury suffered by a passenger, if the accident which caused the damage so sustained took place on board the aircraft or in the course of any of the operations of embarking or disembarking."

၁၉၆၉

ဂျိုးဇက်အောင် လီ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။

နည်းဥပဒေ ၂၁ (၁)မှာ—

"The carrier is not liable if he proves that he and his agents have taken all necessary measures to avoid the damage or that it was impossible for him or them to take such measures."

နှင့် အရေးပါသည့် နည်းဥပဒေ ၃၂ မှာ—

"Any clause contained in the contract and all special agreements entered into before the damage occurred by which the parties purport to infringe the rules laid down by this Schedule, whether by deciding the law to be applied or by altering the rules as to jurisdiction, shall be null and void."

ထို့အတွက် အထက်ပါနည်းဥပဒေများအရဆိုမူ ယခုအမှုတွင် လေယာဉ်ပျက်စီး၍ မဒ္ဒတာအော်လီ သေဆုံးရသည်မှာ အယူခံတရားခံ လေကြောင်းအဖွဲ့ လေယာဉ်မှူး၏ ပေါ့ဆလျော့ရဲ့မှုကြောင့် ဖြစ်ရကြောင်း ထင်ရှားနေသဖြင့် လေယာဉ်လက်မှတ် ကျောဖက် ပါအမှတ် ၆ စည်းကမ်းမှာ ပျက်ပြယ်သည့် စည်းကမ်းသာဖြစ်ကြောင်း ထင်ရှားနေသည့်အပြင်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များ အကျုံးဝင်နေကြောင်း။ ထို့အတွက် အယူခံတရားခံအဖွဲ့သည် ထိုစည်းကမ်းချက်အပေါ် အခြေပြုပြီး အမှုကို ခုခံချေပရန် အခွင့်အရေး မယူနိုင်ပါ။ ထိုမှအပ လူသေစေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေအရ တရားလိုများသည် ဆုံးရှုံးမှုအတွက် တောင်းဆိုသည့် လျော်ကြေးများ ရထိုက်ကြောင်း ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားပါသဖြင့် စည်းကမ်းအမှတ် ၆ မှာ ထိုဥပဒေ ခွင့်ပြုချက်ကို ကျူးကျော်ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ပျက်ပြယ်ခြင်း ဖြစ်နေ၍ တရားမဝင်တော့ပါ။ ထို့အတွက် အယူခံတရားခံအဖွဲ့ အခြေပြုသည့် လေယာဉ်လက်မှတ်ကျောပါ အမှတ် ၆ စည်းကမ်းမှာ ဝါဆောစာချုပ် နည်းဥပဒေ အရသော်၎င်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရသော်၎င်း၊ လူသေစေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေအရသော်၎င်း ဆန့်ကျင်နေသောကြောင့် တရားလိုများသည် တောင်းဆိုသည့် သက်သာခွင့် ရထိုက်ပါသည်ဟု တင်ပြလေသည်။

ယခုအမှုတွင် အယူခံ တရားခံများ အခြေပြုသည့် အရေးပါသောလေယာဉ်လက်မှတ်ကျောတွင် ပါရှိသည့် အမှတ် ၆ စည်းကမ်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"The passenger and the property or baggage of the passenger is carried at the passenger's own risk and the carrier is not a common carrier and does not accept the obligations or liability of a common carrier and shall be

၁၉၆၉

ဂျိုးဇက်အောင်လီ ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
လေကြောင်း
သယ်ယူပို့ဆောင်
ရေးအဖွဲ့။

exempt from any liability under the law whether to the passenger or to his dependants, next-of-kin or other legal representatives, in case of death, injury of delay to the passenger, or non-completion of the flight or damage, loss or detention of the property or baggage of the passenger from any cause whatsoever (including negligence or default of pilots, agents, flying, ground or other staff or employees of the carrier of breach of statutory or other regulations) whether in the course of the journey or prior or subsequent thereto and whether while the passenger, property or baggage be on board the aircraft or otherwise."

ရှေးဦးစွာ အယူခံတရားလိုများ တင်ပြသည့် အချက်ဖြစ်သော သေဆုံးသူ မစ္စတာ အော်လီသည် မြန်မာပြည်သို့ အချင်းမဖြစ်မီ ရက်သတ္တ တပတ်ခန့်မှ ရောက်ယှိခဲ့ပြီး၊ လေယာဉ်လက်မှတ်ကို အချင်းဖြစ်သည့်နေ့က လေယာဉ်ပေါ် တက်ခါနီးမှ ရယှိခဲ့သဖြင့် ရည်ညွှန်းသည့် အမှတ် ၆ စည်းကမ်းချက် လက်မှတ်တွင် ပါယှိသည်ဟုငင်း၊ ထိုစည်းကမ်းချက်ကို သဘောတူညီ ခဲ့သည်ဟုငင်း အထောက်အထား မယှိပါသဖြင့် မစ္စတာ အော်လီသည် ပဋိညာဉ် ဥပဒေအရ စည်းကမ်းအမှတ် ၆ ကို သဘောတူညီ လက်ခံခဲ့ပြီဟု ယူဆရန်မသင့်ပါဆိုသည်နှင့် ပတ်သက်၍ လေယာဉ် လက်မှတ်ပေါ်တွင် သယ်ယူပို့ဆောင်သည့် စည်းမျဉ်းများ ကျောဖက်တွင် ပြဆိုထားကြောင်း ထင်ရှားစွာ ရေးသားထားသဖြင့် အယူခံတရားခံအဖွဲ့မှ ထိုစည်းကမ်းချက်များကို ခရီးသည်များအား ဘိသို့နားလည်စေရန် လိုအပ်သမျှ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟုသာ ယူဆရမည် ဖြစ်ကြောင်း မူလရုံးမှ ရည်ညွှန်းထားသည့် သာဓကများအနက် ***In Penton v. Southern Railways*** (၁) စီရင်ထုံးပါ ပြဆိုချက်အရ များစွာထင်ရှား နေသည့် အပြင်၊ အယူခံတရားလိုများက ၎င်းတို့၏ ပြဆိုချက်နှင့်ပတ်သက်၍ သာဓက အထောက်အထား တင်ပြနိုင်ခြင်း မယှိသဖြင့် ထိုပြဆိုချက်ကို လက်ခံနိုင်ရန် မယှိချေ။

ဒုတိယ တင်ပြချက်ဖြစ်သည့် တရားလိုများသည် သေဆုံးသူ မစ္စတာ အော်လီ အတွက် လူ့သေစေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေအရ အယူခံ တရားခံများ အပေါ် ဆုံးရှုံးမှုအတွက် လျော်ကြေးရယှိရန် တရားစွဲဆိုခွင့်ယှိကြောင်းကို အယူခံ တရားခံများကလည်း မငြင်းဆိုကြပေ။ သို့ရာတွင် သေဆုံးသူ မစ္စတာ အော်လီကပင် လေယာဉ်လက်မှတ် ကျောဖက်ပါ အမှတ် ၆ စည်းကမ်းကို သဘောတူ လက်ခံခဲ့၍ ထိုအခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း ယူဆရမည် ဖြစ်ရကား၊ တရားလိုများ တို့သည် တရားစွဲဆိုရန် ပိတ်ပင်ခြင်း ဖြစ်နေကြောင်း ယခင်တရားလွှတ်တော်မှ

---

၁) ၁၉၃၁ ခု၊ ၂ ကေ၊ဘီ၊ ၈၁ ၁၁၃။

ဦးလှဖေနှင့် *The Board of Directors, Union of Burma Airways* (၂) စာမျက်နှာ ၃၅၃ တွင် အောက်ပါအတိုင်း ပြဆိုထားလေသည်။

"It is contended that these conditions are unlawful inasmuch as they would defeat the provisions of the Fatal Accidents Act. But under that Act the representatives of a deceased person may sue for damages when, and only when, the deceased person, if alive, would have been entitled to maintain an action for recovery of damages in respect of a wrongful act, neglect or default; and accordingly if the deceased before his death had by a valid contract excluded himsesf from such a right, his representatives would not be competent to institute a suit under the Fatal Accidents Act. I hold therefore that conditions (6) of carriage were valid."

တဖန် အယူခံတရားလိုများက ဝါဆော စာချုပ်အရ ချမှတ်ထားသည့် နည်းဥပဒေများကို ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးတွင်ပါ ထည့်သွင်းစဉ်းစားသင့်ကြောင်းပြဆိုချက်နှင့် ပတ်သက်၍ အင်္ဂလန် နိုင်ငံတွင်ပင် စာချုပ်ပါ နည်းဥပဒေများကိုလိုအပ်သည့် ဖြည့်စွက်ပြင်ဆင်ချက်များနှင့်သာ ထည့်သွင်း လက်ခံခဲ့ပေသည်။ မြန်မာပြည်အဖို့တွင် ၁၉၄၃ ခု၊ မြန်မာပြည်လေကြောင်း အက်ဥပဒေ ပုဒ်မ ၄ အရ၊ နိုင်ငံတော် သမ္မတက လိုအပ်သည့် ပြင်ဆင်ဖြည့်စွက် ချက်များနှင့် ကြေညာပြဋ္ဌာန်းချက် ထုတ်ဆင့်ရန် လိုအပ်ကြောင်း ဥပဒေက သတ်မှတ်ထားသဖြင့် ယင်းပြဋ္ဌာန်းချက် မထုတ်ဆင့်ရသေးမီ မည်သည့် နည်းဥပဒေများ ကို လက်ခံ ကျင့်သုံးမည်ဖြစ်ကြောင်း အခြေပြု စဉ်းစားနိုင်ရန် မဖြစ်သေးပေ။

ထို့အတွက် အယူခံ တရားလိုများ၏ ရှေ့နေကြီး ဝန်ခံသည့်အတိုင်း ဝါဆော စာချုပ်ပါ နည်းဥပဒေမှာ ပြည်တွင်းလေကြောင်း သယ်ယူ ပို့ဆောင်ရေးအတွက် ယနေ့တိုင် အကျုံးမဝင်သေးကြောင်း ထင်ရှားနေသဖြင့် လေယာဉ်လက်မှတ် ကျော ဖက်တွင် ပါရှိသည့် အမှတ် ၆ စည်းကမ်းချက်မှာ အလိုအလျောက် ပျက်ပြယ်ခြင်း ဖြစ်နေသည်ဟူရင်း၊ ပင်္ဂိုညာဉ် အက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များ အကျုံးဝင်သည်ဟူရင်း၊ လူသေစေသော မတော်တဆ ထိခိုက်မှု အက်ဥပဒေနှင့် ဆန့်ကျင်၍ တရားဝင် စည်းကမ်းချက် မဟုတ်ပါဟူရင်း မဆိုနိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် လူတဦးတယောက်သည် မိမိပေါ် ကျရောက်မည့် တာဝန်ကို ပဋိညာဉ် အက်ဥပဒေအရ

---

(၂) 1951 B.L.R. p. 347.

၁၉၆၉

ကျီးဇက်အောင် လီပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင် ရေးအဖွဲ့။

ကင်းလွတ်ခွင့် ရယူနိုင်ကြောင်း ပရီဗီကောင်စီမှ *Luddit and Others* v. *Ginger Coote Airways, Limited* (၃) စီရင်ထုံး စာမျက်နှာ ၂၃၂ တွင် အောက်ပါအတိုင်း ပြဆိုခဲ့လေသည်။

"If a passenger has entered a train on a mere invitation or permission from a railway company without more, and he receives injury in an accident caused by the negligence of its servants, the company is liable for damages for breach of a general duty to exercise care. Such a breach can be regarded as one either of an implied contract, or of a duty imposed by the general law, and in the latter case as in form a tort. But in either view this general duty may, subject to such statutory restrictions as exist in Canada and in England in different ways, be superseded by a specific contract, which may either enlarge, diminish, or exclude it. If the law authorizes it, such a contract cannot be pronounced to be unreasonable by a court of justice. The specific contract, with its incidents either expressed or attached by law, becomes in such a case the only measure of the duties between the parties, and the plaintiff cannot by any device of form get more than the contract allows him."

ထို့အတွက် အယူခံ တရားလိုများ တင်ပြသည့်အတိုင်း မြန်မာနိုင်ငံတွင် ယခုလက်ယှိ ဆောင်ရွက်နေသည့် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေး အစီအစဉ်အရ၊ တရားမျှတမှု ဖြစ်စေရန် ဝါဆောစာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်သင့်သည်ဆိုသည့် တင်ပြချက်မှာ လက်ခံသင့်သော်လည်း လေယာဉ် လက်မှတ် ကျောဖက်ပါ အမှတ် ၆ စည်းကမ်းချက်မှာ တည်ဆဲဥပဒေအရ တရားဝင်သည့် စည်းကမ်းချက်မဟုတ်၊ ပျက်ပြယ်ခြင်း ဖြစ်နေပါသည် ဆိုသည်ကို ကျွန်ုပ်တို့ လက်ခံနိုင်ရန်မယှိပေ။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကို အစိုးရအနေနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့အား တဦးတည်း ဆောင်ရွက်နိုင်ခွင့် ပြုထားသဖြင့် ခရီးသည်များတို့သည် လေကြောင်းဖြင့် ပြည်တွင်းသွားလာနိုင်ရန် အခွင့်အရေး ကျဉ်းမြောင်းနေရကား ပြည်ထောင်စု မြန်မာနိုင်ငံ အပါအဝင် ရှက်ဆောင်သဘောတူညီ ချုပ်ဆိုခဲ့သည့် ဝါဆောစာချုပ်ပါ စည်းကမ်းချက်များကို သင့်တော်သည့် ပြင်ဆင်ချက်များနှင့် ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် အကျုံးဝင်စေရန် ရှက်ဆောင်ရန် လေးနက်စွာ စဉ်းစားသင့်ပြီဖြစ်ကြောင်း ပေါ်ပြလိုပေသည်။

(၃) 1947 Appeal cases (P.C.) p. 233.

အထက်ပါ ပြဆိုချက်များအရ ယခုအမှုတွင် မှုလရုံးက ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီမှာ အကြောင်းခြင်းရာများအရ သော်၎င်း၊ ဥပဒေအရ သော်၎င်း မှားယွင်းချွတ်ချော်ခြင်း ဖြစ်နေသည်ဟု မည်သို့မျှ မတွေ့ယှိရပေ။ ယခုအမှုမှာ အမှု၏ထူးခြားသည့် အကြောင်းခြင်းရာများအရ အများပြည်သူများနှင့် သက်ဆိုင်သည့် အရေးပါသော ဥပဒေ အချက်အလက်များကို ပြန်လည်သုံးသပ် သင့်သည်ဟု တွေ့ယှိသည့်အတိုင်း အသနားခံတရားလိုတို့အား လွှမ့်အဖြစ် အယူခံဝင်ခွင့် ပေးခဲ့ခြင်း ဖြစ်သောကြောင့် ယခုအယူခံမှုကို စရိတ်မယှိပလပ်လိုက်သည်။

၁၉၆၉

ဂျိုးဇက်အောင်
လိ ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
လေကြောင်း
သယ်ယူပို့ဆောင်
ရေးအဖွဲ့။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၆၉ ဇတ်လ ၈ ရက်။

ဒေါ်ငွေတင် (အယူခံတရားလို)

နှင့်

ကိုချောက်ထောင် ပါ ၂ (အယူခံတရားခံများ) *

**တရားမကျင့်ထုံး ပုဒ်မ ၇၅ (ခ) နှင့် ပုဒ်မ ၁၀၇ (၂) အရ ခရိုင်လယ်ဝန်အား ကော်မရှင်နာအဖြစ် ခန့်ထားခြင်း—ခေါင်းစဉ်အပြည့်အစုံနှင့် စုံလင်စွာ ရေးသားထားသည့် ကော်မရှင် အစီရင်ခံစာ—သက်သေခံအက်ဥပဒေပုဒ်မ ၅၁—အသက်ရှင်လျက်ယှိသူ တဦးတယောက်၏ ထင်မြင်ချက်—ထင်မြင်ချက်ကိုမူတည်သော အချက်အလက်များမှန် မမှန် ရုံးက စစ်ဆေးစမ်းသပ်ရခြင်း—အထူးတတ်မြောက်ကျွမ်းကျင်သူ ကော်မရှင်နာ၏ အစီရင်ခံချက်နှင့်၎င်း၏ သက်သေထွက်ချက်တို့ကို မည်သို့မည်ပုံ ချင့်ချိန်လက်ခံသင့်ကြောင်းမှု။**

အယူခံတရားလိုက အယူခံတရားခံများအပေါ် မြေကိုကျူးကျော်ဝင်ရောက်သည်ဟုဆိုကာ ကျူးကျော်ထားခြင်းမှဖယ်ရှားပေးရန် တရားစွဲဆိုသည်။

**ဆုံးဖြတ်ချက်။** ။ခရိုင်လယ်ဝန်က အငြင်းဖြစ်မြေများ၏ နယ်နိမိတ်ကို တိုင်းထွာသောအခါ နှစ်ဖက်မြေရှင်များနှင့် ရပ်ကွက်လူကြီးများယှိကြသည်။ တိုင်းထွာရာတွင် အသုံးပြုသည့်မြေပုံများကို ဖော်ပြပြီး မြေပုံစာရင်းများအရ တွေ့ယှိသည့်အချက်အလက်များကိုသေချာစွာ ရေးသားထားသည့်အပြင် ကော်မရှင် အစီရင်ခံချက်တွင်လည်း ခေါင်းစဉ်အပြည့်အစုံနှင့်စုံလင်စွာ ရေးသားထားသည်။ ရုံးတွင်လည်း ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် အောက်အယူခံရုံးသည် ၎င်း၏စီရင်ချက်တွင် ရေးသားထားသည့်အတိုင်း မိမိကိုယ်တိုင် စဉ်းစားဆင်ခြင်ပြီး စုံလင်စွာ အကြောင်းအရာများကို ဖော်ပြရေးသားထားသည်ကိုတွေ့မြင်ရပေသည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၅၁ အရ အသက်ရှင်လျက်ယှိသူတဦးတယောက်၏ ထင်မြင်ချက်နှင့်စပ်ဆိုင်၍ ဝေဖန်ရမည်ဆိုလျှင် ထိုသူ၏ထင်မြင်ချက်ကို မူတည်သောအချက် အလက်များလည်း စပ်ဆိုင်သည်ဟုဆိုရမည်။ မူတည်သောအချက်အလက်များမှန် မမှန်ကိုရုံးကစစ်ဆေးစမ်းသပ်ရမည်။

အထူးတတ်မြောက်ကျွမ်းကျင်သူ တဦး၏ သတိနှင့် ရှည်လျားသေချာစွာ စုံစမ်းစစ်ဆေးစမ်းသပ်ဆုံးဖြတ်ချက်တခုကို လုံလောက်သောအကြောင်းယှိမှသာ ဝင်ရောက်စွက်ဖက်ရမည်။ ရုံးသည်အယုံအကြည်ယှိသော ကော်မရှင်နာ၏ အစီရင်ခံချက်တွင် စေ့စေ့စုံစုံရေးမှတ်ထားသောအကြောင်းကို

---

* ၁၉၆၈ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၆၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ တွင် သထုံမြို့၊ ခရိုင်တရားမ တရားသူကြီး၏ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲဖြင့်ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

**၁၉၆၉**

ဒေါ်ငွေတင် နှင့် ကိုချောက် ထောင် ပါ ၂။

ငြင်းပယ်ပြီး အထူးတတ်မြောက်ကျွမ်းကျင်သူတဦးအနေဖြင့် လုပ်ကိုင်ဆောင်ရွက် ဆုံးဖြတ်ရန်မသင့်ပေ။ ဤသည်ကား အထူးတတ်မြောက်ကျွမ်းကျင်သူ ကော်မရှင်နာ၏ အစီရင်ခံချက်နှင့် ၎င်း၏ သက်သေထွက်ဆိုချက်တို့ကို မည်သို့မည်ပုံ ချင့်ချိန်လက်ခံသင့်ကြောင်း မူပင်ဖြစ်သည်။

**အယူခံတရားလို အတွက်။** ။ဦးသန်းအောင်။

**အယူခံတရားခံများအတွက်။** ။ဦးဘိုးသာ။

**တရားသူကြီး ဦးကျော်ဇံဦး။** ။ဤအယူခံမှုတွင် အယူခံ တရားလိုသည် အယူခံ တရားခံများ အပေါ် ကျိုက်ထိုမြို့၊ နယ်ပိုင် တရားမ တရားသူကြီးရုံးတွင် သက်သေခံ အမှတ် (က) မှတ်ပုံတင် အရောင်း အဝယ် စာချုပ် အရ၊ ၎င်း၏ အပိုင်ဖြစ်သော ကျိုက်ထိုမြို့ ဈေး အကွက် မြေချိန် ဧရိယာ ဒသမ ၀၂၆ ရှိ၊ ၁၉၆၃-၆၄ ခုနှစ်၊ ဦးပိုင် အမှတ် ၃၂ ဖြစ်သော အိမ်ယာမြေ အတွင်း တောင်ဘက် မြေဧရိယာ ဒသမ ၀၁၁ ယှိ မြေကို ကျူးကျော် ဝင်ရောက်၍ အိမ်ဆောက်လုပ်ထားသည်ဟုဆိုကာ ထိုကျူးကျော်ထားခြင်းမှ ဖယ်ရှားပေးပြီး၊ ၎င်းအား လက်ရောက် ပြန်အပ်ပေးရန်၊ ၁၉၆၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂ တွင် တရားစွဲဆိုရာ အယူခံ တရားခံ လင်မယားက ထုချေသည်မှာ၊ သူတို့သည် အဆိုပါ ဦးပိုင် အမှတ် ၃၂ တောင်ဘက်နှင့် စပ်လျက်ယှိသော ဦးပိုင် အမှတ် ၃၃ မြေချိန် ဧရိယာ ဒသမ ၀၅၅ ရှိ မြေကို၊ ၁၉၅၇ ခုနှစ်တွင်၊ နိုင်ငံခြားသား တရုပ်လူမျိုးဖြစ်၍ မှတ်ပုံတင် အရောင်း စာချုပ် မလုပ်ပဲ၊ ပထမပိုင်ရှင် ဦးရှန်မီး၏ သမီးထံမှ လက်ရောက် အပိုင် ဝယ်ယူ၍၊ သက်သေခံ အမှတ် (၁) စာချုပ် အဟောင်းကို ရယူခဲ့သည်ဖြစ်၍၊ ကျူးလွန်ခြင်း မယှိ။

အယူခံ တရားလို၏ ဦးပိုင် အမှတ် ၃၂၊ မြေဧရိယာမှာ ဒသမ ၀၂၆ ဖြစ်ပြီး၊ အယူခံ တရားခံများ၏ ဦးပိုင် အမှတ် ၃၃ မြေမှာ ဒသမ ၀၅၅ ဖြစ်သည်ကို အငြင်းမယှိ၊ အရေးကြီးသော အချက်မှာ မူလ အမှုကို စစ်ဆေး ကြားနာခဲ့သောရုံးမှ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၉ ရက် နေ့စွဲဖြင့် ထုတ်သော အောက်ဖော်ပြပါ ငြင်းချက် အမှက် နှစ်ပင် ဖြစ်သည်ကိုလည်း အငြင်းမယှိကြပေ။ "အဆိုလွှာ အပိုဒ် ၂ တွင် ဖော်ပြလားသည့် မြေနေရာကိုတရားခံများက ကျူးလွန်၍ဝင်ရောက်ကြသလား" မူလရုံးသည်၊ အငြိမ်းစား မြေတိုင်း အင်စပိတ်တော် ဦးဘမောင် (လိုပြ-၃) ၏ ထွက်ဆိုချက်ကို လက်ခံပြီး၊ မြေတိုင်း အင်စပိတ်တော် ဦးတင်မြင့် (ခံပြ-၁) နှင့် မြေတိုင်း စာရေး မောင်စိုး (ခံပြ-၂) တို့၏ ထွက်ဆိုချက်များကို ပယ်ချပြီး အယူခံ တရားလိုအား တရားစွဲဆိုသည့် အတိုင်း စရိတ်နှင့် တကွ အနိုင် ဒီကရီပေးလိုက်ရာ၊ အယူခံ တရားခံများက မကျေနပ်၍၊ သထုံမြို့၊ ခရိုင် တရားမရုံးတွင် ၁၉၆၇ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၆ တွင် အယူခံဝင်ခဲ့ရာ၊ အယူခံတရားခံများက မြေတိုင်း အရာယှိများသည် အမှုတွင်

၁၉၆၉

ဒေါ်ငွေတင်
နှင့်
ကိုချောက်
ထောင် ပါ ၂။

နှစ်မျိုးနှစ်စားထွက်ဆိုနေကြ၍ တရားမျှတမှု ရယှဉ်စေရန်၊ တရားမ ကျင့်ထုံး ပုဒ်မ ၇၅ (ခ) နှင့် ပုဒ်မ ၁၀၇ (၂) အရ၊ သထုံခရိုင်၊ လယ်ဝန်အား ကော်မရှင်နာ အဖြစ် အချင်းဖြစ်မြေများ၏ နယ်နိမိတ်ကို တိုင်းထွာ စစ်ဆေး၍ မြေပုံ အနေအထားအမှန်ကို ရယူရန် လျှောက်ထားချက်ကို၊ အယူခံ တရားလိုက ကန့်ကွက်၍ နှစ်ဦး နှစ်ဘက်တို့၏ လျှောက်လဲချက်များကို ကြားနာပြီးနောက်၊ ကြေးတိုင်နှင့် မြေစာရင်းမင်းကြီးအခွင့် အရ၊ ခရိုင် လယ်ဝန်အား အချင်းဖြစ်မြေကို မိမိကိုယ်တိုင် တိုင်းထွာစေခဲ့ပြီး၊ ရုံးကပင် ခေါ်ယူစစ်ဆေးရာတွင် ၎င်း၏ မြေတိုင်းထွာခြင်း ကော်မရှင် အစီရင်ခံချက်ကိုလည်း အယူခံ အမှုတွဲတွင် တွဲထားသည်ကို တွေ့ရှိသည်။အယူခံ တရားခံတို့သည် မူလရုံး တွင်လည်း၊ ဤကဲ့သို့ပင် ခရိုင် လယ်ဝန်ကို စစ်ဆေးရန် လျှောက်ထားခဲ့သော်လည်း၊ မအောင်မြင်ခဲ့ပေ။

မူလရုံးက ဦးတင်မြင့်သည်၊ ဦးပိုင် အမှတ် ၃၂ နှင့် ဦးပိုင် အမှတ် ၃၃ တို့၏ နယ်ခြား တဘက်တည်းကိုသာ တိုင်းထွာ၍၊ ကျန် သုံးဘက်ကို မတိုင်းခဲ့သည်ဖြစ်၍ ကျူးလွန်ခြင်း ယို မယှိကို သိသူ မဟုတ်ဟု ယူဆသည်။ ထို့ပြင် မြေတိုင်းစာရေး မောင်စိုးသည် မြေကို တိုင်းထွာခြင်း မပြုခဲ့ပဲနှင့် လိမ်လည်၍ ပြုသည်ဟု ယူဆခဲ့သည်။ ဦးဘမောင်ကမူ မြေကို တဆက်တည်း တိုင်းထွာပြီး မြေရေိယာ ဒသမ ၀၁၁ ကျူးလွန်ကြောင်းကို မြေပုံ (သက်သေခံ အမှတ်-၁) တင်ပြ၍ ထွက်ဆို သည်ဟု၊ မူလရုံး စီရင် ချက်တွင် ရေးသား ထားသည်ကို မြင်ရသည်။ ဦးဘမောင်၏ ထွက်ဆိုချက်တွင်၊ သူသည် မည်ကဲ့သို့ တိုင်းထွာသည်၊ မည်ကဲ့သို့ မြေပုံနှင့် စာရွက် စာတမ်းများကို အထောက်အထားပြု၍ခဲ့သည်ဟု ဖော်ပြခြင်း မယှိပေ။ မြေရေိယာ ဒသမ ၀၁၁ ကျူးကျော်သည်ဟုသာ ဆိုသည့် အချက်ကို မူလရုံးက လက်ခံ၍ အယူခံတရားလိုကို အနိုင်ပေးခဲ့သည်။

အောက် အယူခံရုံးတွင် ခရိုင် လယ်ဝန် ဦးဖေမြင့် ကိုယ်တိုင် ရုံးတွင် အစစ်ခံပြီး ၎င်း၏ အတွေ့ အမြင် အထောက်အထားပြုသည့် အချက် အလက်များကို ပြည့်ပြည့်စုံစုံ အထက်ဖေါ်ပြပါ ကော် မရှင် အစီရင်ခံချက်တွင် ရေးသားထားသည်။ ၎င်း၏ ထွက်ဆို ချက်အရ ဦးဘမောင် ရေးဆွဲထားသော သက်သေခံ အမှတ် (၁) မြေပုံမှာ မှားနေပြီး၊ မောင်စိုး ရေးစွဲသော သက်သေခံ အမှတ် (၂) မြေပုံသာ မှန်သည်ဟုဆိုကာ၊ မှတ်တမ်း စာရင်း ၁/က ဖြင့်၊ သက်သေခံ အမှတ် (၁) ကို တိုက်ဆိုင်ကြည့်ရှုရာ၊ မှားယွင်းနေသည်ကို တွေ့ရ၍ ဖြစ်သည်ဟု ဆိုသည်။ ခရိုင် လယ်ဝန်သည် အရောင်း အဝယ်စာချုပ်များကို တောင်း မကြည့်ဟု ဝန်ခံထားရာ၊ ထိုစာချုပ်များကြည့်ရန် လည်း လိုလိမ့်မည် မဟုတ်ပေ။ အရောင်း အဝယ် စာချုပ်များတွင် မြေ၏ ရာဇဝင် များ မပါ၊ မြေ၏ နယ်နိမိတ်၊ ဦးပိုင် အမှတ်နှင့် မြေချိန် စသည်တို့နှင့်သာ သက်ဆိုင်၍

ထည့်သွင်းရေးသားဖေါ်ပြထားကြလေ့ယှိသည်။ အချင်းဖြစ် မြေတို့မှာ ဦးပိုင် ခွဲစိတ်ခြင်း မယှိသေးသည့်အပြင်၊ ပိုင်ရှင် အပြောင်းအလဲ တကြိမ်မှသာ ယှိခဲ့သည်ဟု ဆိုသည်။ ခရိုင် လယ်ဝန်က ဦးဘမောင်သည် ၁၉၆၁ ခုနှစ်ကပင် စ၍ မှားလာခဲ့သော ၁၉၆၆-၆၇ ခုနှစ်၊ မြေပုံကို ကြည့်၍ ရေးဆွဲခြင်းကြောင့်၊ ၎င်း၏ မြေပုံ (သက်သေခံ အမှတ်-၁) မှာ မှားနေသည်ဟု ဆိုသည့် အချက်ကို မငြင်းနိုင်ပေ။ ၁၉၆၆-၆၇ ခုနှစ်၊ မြေပုံမှာလည်း မှန်ကြောင်း သက်ဆိုင်ရာ လယ်ဝန် လက်မှတ်ရေးထိုး၍ မပါသည်က တကြောင်း ဖြစ်သည်။ ဦးဖေမြင့် ကိုယ်တိုင် ရေးဆွဲသော မြေပုံကို အယူခံအမှုတွဲတွင် တွေ့ထားသည်။ ၎င်း၏ ဝေဖန် ထင်မြင်ဆုံးဖြတ်ချက်ပြုသည့် အကြောင်းကို စေ့စေ့ စပ်စပ် သေချာစွာ ဤသို့ ရေးထားသည်။ ၁၉၆၉ ခေါ်ငွေတင် နှင့် ကိုချောက် ထောင် ပါ ၂။

"ကျွန်တော်၏ တိုင်းထွာချက်များအရ၊ ဦးပိုင် အမှတ် ၃၂ နှင့် ၃၃ ခြားတွင် ယှိနေသော လက်ယှိ ခြံစည်းရိုးနေရာ၌ ပြွန်ယှိနေပါသည်။ ၎င်းပြွန်သည် ခြံစည်းရိုး၏ အောက် တည့်တည့်တွင် ဖြစ်ပါသည်။ ကျွန်တော်၏ မြေပုံ၌ ဘီအမှတ်အသား ပြထားသော နေရာပြွန်ယှိသော နေရာဖြစ်ပါသည်။ အီး အမှတ် အသား ပြထားသောနေရာသည်ပြွန်မယှိပါ။ အေအမှတ်အသားပြထားသောအောက်တွင် ပြွန်ယှိသော်လည်း အုတ်တံတိုင်းအောက်တွင် ဖြစ်၍ မချာခဲ့ပါ။ ကျွန်တော်၏ မြေပုံတွင် အက်ဖ် အမှတ်အသားနေရာ၌ ပြွန်တခုယှိ၍ ပြွန်နေရာများကို မှုတည်ပြီး၊ မြေ၏ အတိုင်းအထွာများကို ဆွဲယူခြင်းအားဖြင့် အေ၊ အီး နှင့် ဂျီ၊ နေရာများကို မှတ်သားရယှိပါသည်။"

ထို့ပြင် ၎င်း၏ ကော် မရှင် အစီရင်ခံချက်တွင်လည်း၊ ခေါင်းစဉ် အပြည့် အစုံနှင့် စုံလင်စွာ ရေးသားထားသည်ကို တွေ့ယှိရသည်။ ကျွန်ုပ်တို့ ထပ်လောင်း၍ ရေးသား ဖေါ်ပြရန် မလိုပေ။ ခရိုင် လယ်ဝန်သည် အချင်းဖြစ်မြေများကို တိုင်းထွာသော အခါလည်း၊ နှစ်ဘက်မြေရှင်များနှင့် ရပ်ကွက် လူကြီးများယှိသည်။ တိုင်းထွာရာတွင် အသုံးပြုသည့် မြေပုံများကို ဖေါ်ပြပြီး မြေပုံ စာရင်းများအရ၊ တွေ့ယှိသည့် အချက် အလက်များကို သေချာစွာ ရေးသားပြီး၊ အယူခံ တရားခံတို့သည် အယူခံ တရားလို၏ မြေကို ကျူးကျော်ခြင်း မယှိဟု ထင်မြင်ချက်ပေးသည်ကို လက်ခံ၍၊ မူလရုံးက ပေးယှိသော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ရာ၊ ယခုတာ‌ဝန် မူလ တရားလို များက မကျေနပ်၍ ဤဒုတိယ အယူခံမှုကို တင်ဆက်ခြင်းဖြစ်သည်။

အယူခံ တရားလို၏ ဝတ်လုံတော်ရက ဤအယူခံမှုတွင် အရေး တကြီး လျှောက် ထားချက်တခုမှာ၊ အောက် အယူခံရုံးသည်၊ ခရိုင် လယ်ဝန်၏ ကော်မရှင် အစီရင် ခံချက် တခုတည်း ကိုသာ မှုတည်၍ ဆုံးဖြတ်ချ...ပေးသည်မှာ မှန်သည်ဟု လျှောက်လဲ

ချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ အဘယ့်ကြောင့် ဆိုသော် ခရိုင် လယ်ဝန်သည် အစီရင်ခံချက် တခုတည်းကိုသာ တင်ဆက်ခြင်း မဟုတ်ပဲ၊ ရုံးတွင်လည်း ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် အောက် အယူခံရုံးသည် ၎င်း၏ စီရင်ချက်တွင် ရေးသားထားသည့် အတိုင်း မိမိကိုယ်တိုင် စဉ်းစား ဆင်ခြင်ပြီး စုံလင်စွာ အကြောင်း အရာများကို ဖေါ်ပြ ရေးသားထားသည်ကို တွေ့မြင်ရပေသည်။ ၎င်း၏ စီရင်ချက်တွင် ဤသို့ ရေးသားထားသည်။

"ခရိုင် လယ်ဝန်က ၎င်း၏ မြေပုံကို အချင်းဖြစ် မြေကွက်တွင် ယိုသော ပြွန်များ၊ ခြံစည်းရိုးများ၊ မှတ်ပုံတင် ၁ (က)၊ စာရင်း မှတ်တမ်း များနှင့် သို့နှိုင်း၍ ရေးဆွဲခဲ့ကြောင်း ရှင်းလင်း ပြောပြသည်။၎င်း၏ မြေပုံအရ၊ (ဘ)နှင့် (အက်ဖ်) အမှတ်ပြနေရာ နှစ်ခုတွင်၊ ပြွန်များယို၍ ၎င်းနေရာများကို အခြေတည်ပြီး မြေနယ်နိမိတ်များကို တိုင်းထွာ ရေးမှတ်ခဲ့သည်။ အချင်းဖြစ် ဦးပိုင် နှစ်ခုတို့သည်၊ ပိုင်ရှင် အပြောင်း အလဲယို့ခဲ့သော်လည်း၊ မူလယို့ရင်းစွဲ ဦးပိုင် များကို ခွဲစိတ်ခဲ့ခြင်းမယို့၍၊ နဂိုအတိုင်း အတွာများအတိုင်း တည်ယို့နေသည်။ သို့ဖြစ်၍ အထက်ပါ ပြွန်နေရာများကို အခြေတည်ပြီး၊ မြေနယ်နိမိတ်များကို တိုင်းထွာမှတ်သားယူသည်မှာ ဂျီဩမေထရီ နည်းစနစ်အရ တိုင်းထွာမှုသာဖြစ်၍ တိကျမှန်ကန်ရမည်သာ ဖြစ်ပေသည်။"

အယူခံ တရားလို၏ ဝတ်လုံတော်ရကာ ခရိုင် လယ်ဝန်၏ ကော်မရှင် အစီရင်ခံချက်သည် ရုံးကို စည်းနှောင်ခြင်း မပြုနိုင်ဟု လျှောက်လဲသည်။ တနည်းအားဖြင့် ဆိုသော်၊ အောက် အယူခံရုံးသည် မိမိ၏ ဝေဖန်စဉ်းစားခြင်း မရှိပဲ၊ ဤအစီရင်ခံချက်ကို မှီတည်၍ ဆုံးဖြတ်ချက် မချနိုင်ပေ။ သို့သော် ဤအမှုတွင် ဤကဲ့သို့ မဟုတ်ပေ။ ခရိုင် လယ်ဝန်ကို နှစ်ဦး နှစ်ဘက်က ပြန်လှန် မေးမြန်းနိုင်ခွင့်ယို့သည်။ အောက် အယူခံ ရုံးကလည်း ၎င်း၏ သက်သေထွက်ချက်နှင့် အစီရင်ခံချက်များကို လေးနက်စွာ ဝေဖန် ခဲ့သည်ကို အထက်က ကျွန်ုပ်တို့ ဖေါ်ပြခဲ့ပြီးဖြစ်သည်။

သက်သေခံ အက်ဥပဒေ ပုဒ်မ ၅၁ အရ၊ အသက်ရှင်လျက် ရှိသူ တဦး တယောက်၏ ထင်မြင်ချက်နှင့် စပ်ဆိုင်၍၊ ဝေဖန်ရမည်ဆိုလျှင် ထိုသူ၏ ထင်မြင်ချက်ကို မှီတည် သော အချက် အလက်များလည်း စပ်ဆိုင်သည်ဟု ဆိုရမည်။ မှီတည်သော အချက် အလက်များ မှန် မမှန်ကို ရုံးကစစ်ဆေးစမ်းသပ်ရမည်။ ဤအမှုတွင် ခရိုင် လယ်ဝန်သည် အထူး တတ်မြောက် ကျွမ်းကျင်သူ အနေဖြင့် ပေးယို့သော အထင် အမြင်နှင့် သက် သေထွက်ချက်တို့မှာ အထောက် အထားမယို့ဟု၊ အယူခံ တရားလို၏ ဝတ်လုံတော်ရက လျှောက်လဲခြင်း မပြုခဲ့ပေ။ ရုံးရှေ့တွင် အစီရင်ခံချက်၌ အထောက် အထားယို့သည်ကို

မငြင်းနိုင်ပေ။ အထူး ဘတ်မြောက်ကျွမ်းကျင်သူတဦး၏ သတိနှင့် ရှည်လျား သေချာစွာ စုံစမ်း စစ်ဆေး ဝမ်းသပ် ဆုံးဖြတ်ချက်တခုကို လိုလောက်သောအကြောင်း ယှိမှသာ ဝင်ရောက်စွက်ဖက်ရမည်။ ရှုံးသည့် အယုံအကြည် ယှိသော ကော်မရှင်နာ၏ အစီရင်ခံချက်တွင် စေ့စေ့စုံစုံ ရေးမှတ်ထားသော အကြောင်းကို ငြင်းပယ်ပြီး၊ အထူး တတ်မြောက်ကျွမ်းကျင်သူ တဦး အနေဖြင့် လုပ်ကိုင်ဆောင်ရွက် ဆုံးဖြတ်ရန် မသင့်ပေ။ ဤသည်ကား အထူး တတ်မြောက် ကျွမ်းကျင်သူ ကော်မရှင်နာ၏ အစီရင်ခံချက်နှင့် ၎င်း၏ သက်သေထွက်ဆိုချက်တို့ကို မည်သို့ မည်ပုံ ချင့်ချိန် လက်ခံ သင့်ကြောင်း မူပင်ဖြစ်သည်။

ဒေါ်ငွေတင် နှင့် ကိုချောက်ထောင် ပါ ၂။

အထက် ဖေါ်ပြပါ အကြောင်းများ ကြောင့် အောက် အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ရန် အကြောင်း မမြင်သဖြင့်၊ ဤအယူခံမှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ဘရုံးရုံးချုပ် ရှေ့နေခ ၉၀ ကျပ် ဖြစ်သည်။

# နိုင်ငံတော် တရားရုံးချုပ်

## တရားမ အထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးသွန်းတင်တို့ရှေ့တွင်

† ၁၉၆၉
မတ်လ ၈ ရက်။

## ဒေါ်စောလှိုင် (လျှောက်ထားသူ)

နှင့်

## ဦးသိန်းမောင် ပါ ၂ (လျှောက်ထားခံရသူများ)*

**အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း—မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှါးအဖြစ်အသိအမှတ်ပြုရန် လျှောက်ထားခြင်း—မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်က မြို့ပြဆိုင်ရာ ကြီးကြပ်ရေးဥပဒေပုဒ်မ ၂၁၊ အပိုဒ် (၄) အရအမိန့် တရပ်ထုတ်ပေးလိုက်ခြင်း—၎င်းအမိန့်မှာ အခွင့်အာဏာမရှိဘဲ အရေးယူခဲ့ခြင်း ဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။အခင်းဖြစ်သည့် အိမ်ခန်းကို ပဌမလျှောက်ခံရသူသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင်မှ ဝင်ရောက်ငှါးရမ်းနေထိုင်ကြောင်း တွေ့ယှိရသဖြင့် ထိုသို့ဝင်ရောက်နေထိုင်ခြင်းမှာ ငှါးရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၂၁၊အပိုဒ် (၄) တွင်ပြဆိုထားသည့် ၁၉၅၀ ပြည့်နှစ်၊အောက်တိုဘာလ ၂၁ ရက်နေ့နောက်ပိုင်းဖြစ်သောကြောင့် ၎င်းပုဒ်မအရ ထိုနေ့နောက်ပိုင်းတွင် ဥပစာတခုမှ အိမ်ငှါးထွက်ခွါသွားခြင်းယှိကကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ အိမ်ရှင်က အိမ်ငှါးတဦးကို ထပ်မံငှါးရမ်းနေထိုင်ခွင့်မပေးနိုင်။ ထိုဥပစာမှာ လစ်လပ်ကြောင်း ကြီးကြပ်ရေးဝန်ထံ အကြောင်းကြားပြီး၊ ၎င်း၏ခွင့်ပြုချက်ရမှသာ အိမ်ငှါးသစ်တဦးအား နေထိုင်ခွင့်ပေးနိုင်လေသည်။

သို့ရာတွင် အခင်းဖြစ် အခန်းအား ပဌမလျှောက်ထားခံရသူသို့ ငှါးရမ်းခွင့်ပြုရန်လျှောက်သူ အိမ်ရှင်က ပုဒ်မ ၂၁ အရ ငှါးရမ်းခကြီးကြပ်ရေးဝန်ထံ အကြောင်းကြားခဲ့ခြင်းမရှိသောကြောင့် ငှါးရမ်းခကြီးကြပ်ရေး ဥပဒေအရ ပဌမလျှောက်ထားခံရသူမှာ အခင်းဖြစ်သည့်အိမ်ခန်းအတွက် အိမ်ငှါးတဦးအနေသို့ ရောက်ယှိခဲ့သည်ဟု ယူဆရန်ခဲယဉ်းလေသည်။

ထို့ကြောင့် ပဌမလျှောက်ထားခံရသူက ငှါးရမ်းခကြီးကြပ်ရေးဝန်ထံသို့ ၁၉၆၇ ခုနှစ်၊ဇူလိုင်လ ၂၅ ရက်နေ့ကတင်သွင်းသည့်လျှောက်လွှာကိုငှါးရမ်းခကြီးကြပ်ရေးဝန်က အချင်းဖြစ်သည့်အိမ်ခန်းနှင့် ပတ်သက်၍ ပုဒ်မ ၂၁၊အပိုဒ် (၄) အရ အရေးယူခဲ့ခြင်းမှာ မိမိဘွင်အခွင့်အာဏာမယှိဘဲအရေးယူခဲ့ခြင်းဖြစ်သည်ဟု၎င်း၊ထိုအခွင့်အာဏာကိုကျူးကျော်ဆောင်ရွက်ပါသည်ဟု၎င်းမည်သို့မျှမဆိုနိုင်ပေ။

---

* ၁၉၆၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၁၃။

† ရန်ကုန်မြို့၊ ငှါးရမ်းခကြီးကြပ်ရေးဝန်၏ အမှုတွဲအမှတ် စီ-၁၃၂/၆၇ တွင် ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲပါ အမိန့်ကိုမကျေနပ်၍ အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန် လျှောက်ထားသောလျှောက်လွှာ။

ဒေါ်မမလေးနှင့် ဦးညွန့် ပါ ၃၊ ဦးလှ ပါ ၃၊ ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ-၁၃၉၅။
ဘာဘူရပ်ဒတ် (စ်) နှင့် ရွှေဘိုမြို့၊ အိမ်ငှါးခကြီးကြပ်ရေးဝန်၊ ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၀၅ ခြားနားပြသည်။

၁၉၆၉
ဒေါ်စောလှိုင်
နှင့်
ဦးသိန်းမောင်
ပါ ၂။

**လျှောက်ထားသူအတွက်။** ။ဦးမြင့်တင်။
**လျှောက်ထားခံရသူ (၁)။** ။ကိုယ်တိုင်။
**လျှောက်ထားခံရသူ (၂)။** ။အစိုးရတရားရုံးချုပ် ရှေ့နေကြီး ဒေါ်မြသန်းနု။

**တရားသူကြီးဦးထွန်းတင်။** ။လျှောက်ထားသူ ဒေါ်စောလှိုင်က ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်မှာ ၎င်းပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ဘိုလိန်းလမ်း၊ အမှတ် ၃၆၅ အိမ် အောက်ထပ်၏ အိမ်ငှါးဖြစ်သည်ဆိုသည်။ ထိုအိမ် အောက်ထပ်နှင့် မော်တော်ကားရုံကို တလလျှင်အခငွေ ၁၇၀ိ နှင့် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ငှါးရမ်းခဲ့သည်ဆိုသည်။ ၁၉၆၇ ခုနှစ်ခန့်တွင် လျှောက်ထားသူ အိမ်ရှင်နှင့် လျှောက်ထားခံရသူ ဦးသိန်းမောင် တို့သည် အနည်းငယ် ပဋိပက္ခဖြစ်ကြရာမှ လျှောက်ထားသူ အိမ်ရှင်က လျှောက်ထားခံရသူ ဦးသိန်းမောင်အား ၎င်းအိမ်ခန်းမှ ဖယ်ရှားပေးရန် နို့တစ်စာ ပေးသည်ဆိုသည်။ ထို့အတွက် ပဌမလျှောက်ထားခံရသူ ဦးသိန်းမောင်က ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ ၎င်းအား အခင်းဖြစ်သည့် အိမ်ခန်း၏အိမ်ငှါးအဖြစ် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁)အရ အသိအမှတ်ပြု၍ အမိန့်ထုတ်ပေးရန် လျှောက်ထားသည်ကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ၎င်း၏ရုံးအမှုအမှတ် စီ-၁၃၂/၆၇ တွင် စုံစမ်းမှုပြုလုပ်ပြီး ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့စွဲပါ အမိန့်အရ၊ ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင် လျှောက်ထားသည့်အတိုင်း ခွင့်ပြု၍၊ လျှောက်ထားသူ အိမ်ရှင် ဒေါ်စောလှိုင်ထံသို့ ဦးသိန်းမောင်အား အခင်းဖြစ်သည့် အိမ်ခန်းကို ချထားရန် မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁၊ အပိုဒ် (၄) အရ အမိန့်တရပ် ထုတ်ပေးလိုက်လေသည်။

ထိုသို့ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်မှာ အိမ်ငှါးတဦး ဖြစ်ပါလျက်၊ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁)အရ ထပ်မံပြီး အိမ်ငှါးတဦး ဖြစ်သည်ဟု ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အသိအမှတ်ပြုပြီး၊ ပုဒ်မ ၂၄ (၁)အရ၊ အမိန့်တရပ် ထုတ်ပေးခြင်းမှာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် မိမိတွင် အခွင့်အာဏာကို လွန်၍ ဆုံးဖြတ်ထားခြင်း ဖြစ်သည်ဟုသာယူဆရန်ယိုသဖြင့်၊ ဤရုံးမှ အမူခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားသူက လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

**၁၉၆၉**

**ဒေါ်စောလှိုင် နှင့် ဦးသိန်းမောင် ပါ ၂။**

အထက်ပါ လျှောက်လွှာနှင့် ပတ်သက်၍၊ လျှောက်ထားသူဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်မှာ အခင်းဖြစ်သည့် အိမ်ခန်း၏ အိမ်ငှါးတဦးဖြစ်ကြောင်း မိမိ၏ အမှုသည်က ဝန်ခံလေသည်။ ထိုအတွက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် အခင်းဖြစ်သည့် အိမ်ခန်း၏ အိမ်ငှါးတဦးဖြစ်နေသူအား ထပ်မံ၍၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှါးအဖြစ် အသိအမှတ်ပြုရန် အခွင့်အရေးမယှိတော့ကြောင်းကို **ဒေါ်မမလေး နှင့် ဦးညွန့် ပါ ၃၊ ဦးလှ ပါ ၃ အမှု(၁)စီရင်ထုံးနှင့်၊ ဘာဘူရပ်ဒတ်(စ်) နှင့် ရွှေဘိုမြို့၊ အိမ်ငှါးခ ကြီးကြပ်ရေးဝန် အမှု(၂)စီရင်ထုံးများပါ** ပြဆိုချက်ကို ကိုးကားလျှောက်ထားလေသည်။ သို့ရာတွင် ၎င်းစီရင်ထုံးများပါ အကြောင်းခြင်းရာများသည်၊ ယခုအမှု၏ အကြောင်းခြင်းရာများနှင့် တူညီခြင်း မယှိပါဟု ဒုတိယလျှောက်ထား ခံရသူ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်အတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက တင်ပြလေသည်။

အဘယ်ကြောင့်ဆိုသော် အခင်းဖြစ်သည့် အိမ်ခန်းကို ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်သည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင်မှ ဝင်ရောက်ငှါးရမ်း နေထိုင်ကြောင်း တွေ့ယှိရသဖြင့်၊ ထိုသို့ ဝင်ရောက် နေထိုင်ခြင်းမှာ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁၊ အပိုဒ်(၄)တွင် ပြဆိုထားသည့် ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နောက်ပိုင်းဖြစ်သောကြောင့် ၎င်းပုဒ်မအရ ထိုနေ့ နောက်ပိုင်းတွင် ဥပစာတခုမှအိမ်ငှါး ထွက်ခွါသွားခြင်းယှိက၊ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ၊ အိမ်ရှင်က အိမ်ငှါးတဦးကို ထပ်မံငှါးရမ်း နေထိုင်ခွင့် မပေးနိုင်၊ ထိုဥပစာမှ လစ်လပ်ကြောင်း ကြီးကြပ်ရေးဝန်ထံ အကြောင်းကြားပြီး၊ ၎င်း၏ ခွင့်ပြုချက်ရမှသာ အိမ်ငှါးအသစ်တဦးအား နေထိုင်ခွင့် ပေးနိုင်လေသည်။ ထို့ကြောင့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက အခင်းဖြစ်သည့်အိမ်ခန်း ဥပစာမှာ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ အိမ်ငှါးမယှိကြောင်း ထင်ရှားနေသဖြင့်၊ ထိုအခန်းတွင် ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်အား အိမ်ငှါးအဖြစ် ထားယှိနိုင်ရန် အိမ်ရှင်ဖြစ်သူ လျှောက်ထားသူက ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ သဘောတူညီ ခွင့်ပြုချက်ကို ဥပဒေအရ ရယူရန် လိုအပ်လေသည်။ ထို့ကြောင့် ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်က ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံတွင် ၁၉၆၇ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့က တင်သွင်းသည့် လျှောက်လွှာကို ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ်သည့် အိမ်ခန်းနှင့် ပတ်သက်၍ ပုဒ်မ ၂၁၊ အပိုဒ်(၄)အရ၊

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာ ၁၃၉၅။

(၂) ၁၉၅၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး စာ ၁၀၅။

၁၉၆၉

ဒေါ်စောလှိုင် နှင့် ဦးသိန်းမောင် ၏ ၂။

အရေးယူခဲ့ခြင်းမှာ မိမိတွင် အခွင့်အာဏာမယှိဘဲအရေးယူခဲ့ခြင်း ဖြစ်သည်ဟု မည်သို့မျှ မဆိုနိုင်ပေ။

တဖန် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက လျှောက်ထား ခံရသူ ဦးသိန်းမောင်မှာ အခင်းဖြစ် ဥပစာ၌ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့လောက်တွင်မှ အိမ်ရှင် လျှောက်ထားသူ ဒေါ်စောလှိုင်၏ ခွင့်ပြုချက်အရ၊ ဝင်ရောက်နေထိုင် ခဲ့သော်လည်း ထိုသို့အခင်းဖြစ် အခန်းအား ဦးသိန်းမောင်သို့ ငှါးရမ်းခွင့်ပြုရန် အိမ်ရှင် ဒေါ်စောလှိုင်က ပုဒ်မ ၂၁ အရ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ထံ အကြောင်းကြားခဲ့ခြင်း မရှိသောကြောင့်၊ ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေအရ ပဌမ လျှောက်ထားခံရသူ ဦးသိန်းမောင်မှာ အခင်းဖြစ်သည့် အိမ်ခန်းအတွက် အိမ်ငှါးတဦးအနေသို့ ရောက်ရှိခဲ့သည်ဟု ယူဆရန် ခဲယဉ်းလေသည်။

အထက်ပါ အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု တင်ပြချက်နှင့်ပတ်သက်၍ သက်ဆိုင်သည့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမှုတွဲကို လေ့လာသည့်အခါ၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က ဦးသိန်းမောင်၏ ၁၉၆၇ ခု၊ ဇူလိုင်လ ၂၅ ရက်နေ့က လျှောက်ထားသည့် လျှောက်လွှာကို ငှါးရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂၁၊ အပိုဒ် (၄) အရ အခြေပြု စဉ်းစားပြီး အမိန့်ချမှတ်ထားကြောင်း တွေ့ယှိရသဖြင့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနု တင်ပြသည့် အတိုင်း၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အရေးယူ ဆောင်ရွက်ခဲ့ခြင်းမှာ မိမိ အခွင့်အာဏာ မယှိဘဲ ဆောင်ရွက်ခဲ့သည်ဟု ၎င်း၊ ထိုအခွင့် အာဏာကို ကျူးကျော် ဆောင်ရွက်ပါသည်ဟု ၎င်း၊ ထိုလျှောက်လွှာနှင့် ပတ်သက်၍ ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့က ချမှတ်သည့်အမိန့်မှာအပေါ်ယံကြောကြည့်ရုံနှင့် မှားယွင်းနေသည့် အမိန့် တချပ် ဖြစ်သည်ဟု ၎င်း ကျွန်ုပ်တို့ မည်သို့မျှယူဆရန် အကြောင်းယှိသည်ဟု မတွေ့ယှိရသဖြင့် ထိုအမိန့်မျိုးကို ဤရုံးမှ အမှုခေါ်စာချွန်တော် အမိန့်ဖြင့် ဝင်ရောက် စွက်ဖက်ရန်အခွင့်မယှိပေ။

ဖေါ်ပြပါ အကြောင်းများကြောင့်၊ ယခု လျှောက်လွှာကို ခွင့်ပြုရန် အကြောင်း မယှိသဖြင့် ပလပ်လိုက်သည်။

အမှုသည်များတို့သည် မိမိတို့၏ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့်တရားသူကြီး ဦးချစ် တို့ရှေ့တွင်

† ၁၉၆၉ မတ်လ ၂၁ ရက်။

## ဒေါ်စိန် (အယူခံတရားလို)

နှင့်

## မနစ်အမာလ် (အယူခံတရားခံ)*

**ဒီကရီငွေအတွက် အဆောက်အဦကို ဝါရမ်းဖမ်းဆီးလေလံတင်ရောင်းချပေးရန်လျှောက်ထားခြင်း—ဥပဒေအရ အခွင့်အရေးယိုနေခြင်း—ဥပဒေအရ မှားယွင်းပြီး တဖက်စီးနင်းဖြစ်နေသည်ဟု မည်သို့မျှမတွေ့ယိုခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားနိုင်ဖြစ်သူ အယူခံတရားခံတို့က တရားရှုံးဖြစ်သူ အယူခံတရားလို၏ အဆောက်အဦကို မိမိတို့ရရန်ယိုသည့်ဒီကရီငွေအတွက် လေလံတင်ရောင်းချရန် ဥပဒေအရ အခွင့်အရေးယိုနေသည်ကတကြောင်း၊ တရားရှုံးဖြစ်သူ အယူခံတရားလိုကထိုငွေများကို တလလျှင်အရစ်ကျ ၂၅ိ ပေးဆောင်ရန်တောင်းဆိုခြင်းမှာ တရားမျှတခြင်းဖြစ်သည်ဟု မဆိုနိုင်၍ ခွင့်မပြုခြင်းဖြစ်ပေရာ ထိုအမိန့်မှာ ဥပဒေအရမှားယွင်းပြီး တဖက်စီးနင်းဖြစ်နေသည်ဟု မည်သို့မျှမတွေ့ယိုရသောကြောင့် အောက်ရုံးအမိန့်၌ ဝင်ရောက်ပြင်ဆင်စွက်ဖက်ရန်အကြောင်းယိုသည်ဟု မဆိုနိုင်။

**အယူခံတရားလိုအတွက်။** ။ဦးသန်းတင်။

**အယူခံတရားခံအတွက်။** ။မစ္စတာ ချော်ဘေး။

**တရားသူကြီး ဦးထွန်းတင်။** ။ရန်ကုန်မြို့၊ တရားမရုံး၊ တရားမကြီးမှု အမှတ် ၁၀၇၅/၆၃ တွင်၊ ကွယ်လွန်သူ မစ္စတာ အယ်(လ်)ပတ်နိုက်က ငွေ ၂၆,၀၀၀ိ ပေးဆပ်ရန် ဒီကရီရရှိခဲ့လေသည်။ ထိုဒီကရီငွေများကို အယူခံတရားလိုက မပေးဆပ်နိုင်သဖြင့် အယူခံ တရားခံက အယူခံတရားလိုပိုင် အခင်းဖြစ်အဆောက်အဦကို ဝါရမ်းဖမ်းဆီး လေလံတင် ရောင်းချပေးရန် လျှောက်ထားခဲ့လေသည်။ ထိုသို့ လျှောက်ထားခဲ့သည့်အတိုင်း၊ ရန်ကုန်မြို့၊ တရားမရုံး၊ ဇာရီမှုအမှတ် ၂၀၁/၆၈ တွင် ဝါရမ်းဖမ်းဆီးခွင့်ပြုခဲ့လေသည်။

---

* ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆၄။

† ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၇၅ တွင် ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံးတရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၆၉

ဒေါ်စိန်နှင့် မနှစ်အမာလ်။

ထို့အတွက် တရားရှုံးဖြစ်သူ အယူခံတရားလိုက ဒိကရီကျငွေများကို အရစ်ကျ တလလျှင် ၂၅ိ စီပေးသွင်းခွင့်ပြုရန် လျှောက်ထားသည်တွင် ရုံးမှ ဒိကရီကျငွေများမှာ များပြားနေသဖြင့် လျှောက်ထားသည့် အတိုင်း ခွင့်ပြုရန် တရားမျှတမှု မဟုတ်ဆိုပြီး အယူခံတရားလို၏ လျှောက်လွှာကို ပလပ်လိုက်လေသည်။ ထို့အတွက် အယူခံတရားလို ကယခုအယူခံမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအယူခံမှုနှင့် ပတ်သက်၍ အယူခံ တရားလို၏ ရှေ့နေကြီးက အခင်းဖြစ်သည့် ဥပစာမှာ တရားရှုံးဖြစ်သူ အယူခံတရားလိုပိုင်ဆိုင်ကြောင်း မငြင်းဆိုပေ။ ထို့အတွက် တရားနိုင်ဖြစ်သူ အယူခံ တရားခံတို့က ထိုဥပစာကို ဒိကရီကျငွေများ ပေးဆပ်ရန် အတွက် ဝါရမ်းဖမ်းဆီး လေလံတင် ရောင်းချရန် ဥပဒေအရ အခွင့်အရေး ယှိကြောင်းကို ဝန်ခံပေသည်။ ထို့ကြောင့် မူလရုံးမှ အယူခံတရားလိုက ဒိကရီငွေများကို အရစ်ကျ ပေးသွင်းနိုင်ရန် လျှောက်ထားရာ၌ ပေးသွင်းခွင့် တောင်းဆိုသည့် ငွေမှာ နည်းလွန်း သဖြင့် တရားမျှချက် ယှိမည်မဟုတ် ဆိုပြီး လျှောက်လွှာကို ပလပ်လိုက်သည်။

တရားနိုင်က တောင်းဆိုသည့်အတိုင်း အယူခံတရားလို၏ ဥပစာကို ဆက်လက် လေလံတင် ရောင်းချခွင့် ပြုခဲ့သည့် အမိန့်မှာ ဥပဒေအရ မည်သို့မျှ မှားယွင်းသည့် အမိန့်တရပ် ဖြစ်သည်ဟု အယူခံ တရားလိုများ၏ ရှေ့နေကြီးက ပြဆိုခဲ့ခြင်း မယှိပေ။ ထို့ပြင် ဒိကရီကျငွေမှာ ၂၆,၀၀ဝိ ခန့်ယှိသဖြင့် အယူခံတရားလို ပြဆိုသည့်အတိုင်း အရစ်ကျတလလျှင် ၂၅ိ ပေးသွင်းခွင့် ပြုပါက အနှစ် ၈၀ ကျော်ကြာမှ ပြေလည်မည် ဖြစ်သဖြင့် အောက်ရုံးမှ ခွင့်ပြုရန် မသင့်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ တဘက်စီးနင်း ဖြစ်နေ သည်ဟု မဆိုနိုင်ပေ။

မည်သို့မှုင် ဖြစ်စေ၊ အထက်က ပြဆိုခဲ့သည့်အတိုင်း တရားနိုင်ဖြစ်သူ အယူခံ တရားခံတို့က တရားရှုံးဖြစ်သူ အယူခံတရားလို၏ အဆောက်အဦကို မိမိတို့ ရရန်ယှိသည့် ဒိကရီငွေ အတွက် လေလံတင် ရောင်းချရန် ဥပဒေ အရ အခွင့်အရေး ယှိနေသည်က တကြောင်း၊ တရားရှုံးဖြစ်သူ အယူခံ တရားလိုက ထိုငွေများကို တလလျှင် အရစ်ကျ ၂၅ိ ပေးဆောင်ရန် တောင်းဆိုခြင်းမှာတရားမျှတခြင်း ဖြစ်သည်ဟု မဆိုနိုင်၍ ခွင့်မပြုခြင်း ဖြစ်ပေရာ၊ ထိုအမိန့်မှာ ဥပဒေအရ မှားယွင်းပြီး တဘက်စီးနင်း ဖြစ်နေသည်ဟု မည်သို့မျှ မတွေ့ယှိရသောကြောင့် **ဦးခင်မြင့် ပါ ၁ နှင့် မအုံးအုံး ပါ -၁** (၁) တွင် ချမှတ်ခဲ့သည့် အမိန့်အရ အောက်ရုံး အမိန့်၌ ဝင်ရောက်ပြင်ဆင် စွက်ဖက်ရန် အကြောင်းယှိသည်ဟု မဆိုနိုင် သောကြောင့်၊ လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေကြီး စရိတ်အဖြစ် ကျပ် ၃၄ိ သတ်မှတ်လိုက်သည်။

---

(၁) ၁၉၆၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၉ (တရားရုံးချုပ်)။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

† ၁၉၆၉
မတ်လ ၂၉
ရက်။

## ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

## မောင်လှသန်း ပါ ၄ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

**ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ တရားစွဲဆိုခြင်း —ပြည်သူ့ပိုင် ပစ္စည်းများ ဖြစ်သည်ဟု ယူဆနိုင်ရန်အကြောင်းခြင်းရာ။**

**ဆုံးဖြတ်ချက်။** ။အမှုတွင်တွေ့ရှိသော ကျွန်းသစ်ခွဲသားများကို သက်ဆိုင်ရာအာဏာပိုင်တို့ မတွေ့ယှိနိုင်ရန် အချိန်မတော်လှည်းဖြင့် တင်ဆောင်လာခြင်း၊ ယင်းခွဲသားများ၌ အစိုးရ တံဆိပ် အမှတ်အသားများမပါယှိခြင်း၊ ၎င်းခွဲသားများမှာ လက်လွှဖြင့်ခွဲထားခြင်းအပြင် သစ်စိုများဖြစ် နေသောကြောင့် ယင်းပစ္စည်းများသည် ပြည်သူ့ပိုင်ပစ္စည်းများ ဖြစ်သည်ဟု ယူဆနိုင်ပေသည်။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးနု၈။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဦးပေါ်မောင်။

တရားသူကြီး ဦးချစ်။ ။လျှောက်ထားခံရသူ မောင်လှသန်း လက်ဝယ်မှ ပြည်သူ့ ပိုင်ကျွန်းသစ်ခွဲသား ၂၈ ချောင်း၊ တန်ဘိုးငွေ ၂၉၄ ကျပ် ၈၀ ပြားကိုသိမ်းဆည်းရမိခြင်း ကြောင့်သော်၎င်း၊ လျှောက်ထားခံရသူ မောင်စံသိန်းလက်ဝယ်မှလည်း ပြည်သူ့ပိုင် ကျွန်းသစ်ခွဲသား ၃၈ ချောင်း၊ တန်ဘိုးငွေ ၃၂၃ ကျပ်/၁၀ ပြားကို သိမ်းဆည်းရမိခြင်း ကြောင့်သော်၎င်း၊ လျှောက်ထားခံရသူ မောင်ထွန်းမြင့် လက်ဝယ်မှပြည်သူ့ပိုင် ကျွန်း

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၅ (၁)၊ ၂၀၆ ( )၊ ၂၀၇ (၁)၊ ၂၀၈ (၁)။

† လျှောက်ထားခံရသူများအပေါ် ပေါင်းတည်မြို့၊ ၂ ရာအက်ရာဇဝတ် တရားသူကြီးရုံးရာကြီးမှု အမှတ် ၁၄၀/၆၈ တွင် ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁)အရ စွဲဆိုထားခြင်းကို ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့က တရားသေလွှတ်လိုက်သဖြင့် ပြည်မြို့၊ ပြည်သူ့ ရဲတပ်ဖွဲ့ ကြီးကြပ် ရေးမှူးမှ ပြင်ဆင်မှုဖွင့်ရန် လျှောက်ထားချက်အရ၊ ပြည်မြို့၊ ခရိုင်ရာဇဝတ်တရားသူကြီးရုံးရာပြင်ဆင်မှု ၁၆၂/၆၈ ဖြင့် ဤခုံးပြင်ဆင်မှု ၇၁ (ခ)/၆၈ ကိုရည်ညွှန်း၍ ညွှန်ကြားချက်ပေးပါရန် ပေးပို့သော လျှောက်လွှာ။

သစ်ခွဲသား ၈၁ ချောင်း၊ တန်ဘိုး ငွေ ၂၀၀ ကျပ် ၈၀ ပြားကိုသိမ်းဆည်းရမိခြင်းကြောင့် သော်၎င်း၊ လျှောက်ထားခံရသူ မောင်အေး လက်ဝယ်မှလည်း ပြည်သူပိုင်ခွဲသား ၃၆ ချောင်း၊ တန်ဘိုးငွေ ၃၁၂ ကျပ် ၆၀ ပြားကို သိမ်းဆည်းရမိခြင်းကြောင့် သော်၎င်း၊ ၎င်းတို့အသီးသီး အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁) အရအရေးယူ၍၊ ပေါင်တည်မြို့၊ ၂ ရပ်ဘက်ရာဇဝတ် တရားသူကြီးရုံး ရာဇဝတ်ကြီးမှုအမှတ် ၁၄၀/၆၈၊ ၁၄၁/၆၈၊ ၁၄၂/၆၈ နှင့် ၁၄၃/၆၈ တို့တွင်အသီး သီး ခွဲခြား၍တရား စွဲဆိုတင်ပို့ခဲ့သည်။ ထိုရုံးကယင်းအမှုများကို တရားလိုဘက်မှ လျှောက်ထားခံရသူများထံမှ တွေ့ယူသောကျွန်းသစ်ခွဲသားများသည် ပြည်သူပိုင် ပစ္စည်းဖြစ်သည်ဟု တသစ်ချတင်ပြနိုင်ခြင်း မရှိသောကြောင့်၊ ၎င်းတို့အားလုံးကို အမှု အသီးသီးမှ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

၁၉၆၉

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်လှသန်း ပါ ၄။

ယင်းအမိန့်များကို၊ ပြည်မြို့ခရိုင် ရာဇဝတ် တရားသူကြီးက ၎င်း၏ရုံး ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆၂/၆၈၊ ၁၆၃/၆၈၊ ၁၆၄/၆၈ နှင့် ၁၆၅/၆၈ တို့ကိုဖွင့်လှစ်၍ အမှုများကို ပြန်လည်အသေးစိတ် သုံးသပ်ခဲ့လေသည်။ ခရိုင် ရာဇဝတ်တရား သူကြီးက မူလရုံးသည် အမိန့်များ ချမှတ်ရာတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အေးအမ်၊ရှာရာဇီး (၁) အမှုကိုကိုးကားပြီး၊ လျှောက်ထားခံ ရသူများအား တရားသေလွှတ်လိုက်ခြင်းဖြစ်သည်ဟု ဖေါ်ပြထားသည်။ ၎င်းလိုအမှုများ ကိုသုံးသပ်ရာတွင် စီရင်ထုံး ကိုလိုက်နာသင့် မသင့်ကိုလည်း ခရိုင်ရာဇဝတ်တရားသူကြီးက၊ ၎င်းရုံးမှ ညွှန်ကြားချက်ကို တောင်းခံထားသည်။

တရားသေလွှတ်သော အမိန့်များကို၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၁၇ အရ အယူခံဝင်ရောက်ခြင်းမယှိဘဲ၊ ယခုကဲ့သို့ ပြင်ဆင်မှုဖွင့်၍ သုံးသပ်နိုင်ကြောင်းကို၊ ဦးဘမောင်နှင့် မောင်စိန်ရ (၂) အမှုနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဒေါ်ညို (၃) အမှုတို့တွင် အဆုံးအဖြတ် ပေးထားသည်။

ခရိုင်ရာဇဝတ် တရားသူကြီး တင်ပြသော ပြင်ဆင်မှု ၄ မှုတွင် အမျိုးတူညီသော အချက်များမှ ပေါ်ပေါက်လာသဖြင့်၊ ၎င်းရုံး ၁၉၆၈ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂၁၅ (ခ) တွင်ချမှတ်သောအမိန့်သည် ယင်းပြင်ဆင်မှု အားလုံးတို့နှင့် သက်ဆိုင်စေရမည်။

၁၉၆၈ ခု၊ ဧပြီလ ၁၁ ရက်နေ့နံနက် ၄ နာရီခွဲအချိန်လောက်တွင် ပေါင်းတည်မြို့နယ်၊ မကျည်းကုန်းရွာ နှင့် ကျွန်းတိုင်ရွာသွား လှည်းလမ်းတွင် လျှောက်ထားခံရသူများ

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး တရားလွှတ်တော်၊ စာ ၅၄၃။

(၂) ၁၉၆၆ ခု၊ မြန်မာပြည်စီရင်ထုံး၊ စာ ၁၀၅။

(၃) နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၈ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၁ (ခ)။

၁၉၆၉
ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်လှသန်း ပါ ၄။

သည့် လှည်းကိုယ်စီဖြင့်၊ အထက်တွင်ပြဆိုခဲ့သော ကျွန်းသစ်ခွဲသားများကို တင်ဆောင်လာကြရာ၊ သက်ဆိုင်ရာ အာဏာပိုင်တို့က တွေ့ယှ်ရသဖြင့် ဖမ်းဆီးပြီးလျှင်၊ ၎င်းတို့အသီးသီးအပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရ မူလရုံး၌ တရားစွဲ ဆိုခဲ့ခြင်းဖြစ်သည်။ မူလရုံးက အမှုများကို တသီးတခြားစီခွဲ၍ စစ်ဆေးပြီး သက်ာလ တရားလိုဘက်မှ ယင်းကဲ့သို့ဖမ်းဆီး၍ သက်သေခံအဖြစ် တင်ပြသော ကျွန်းသစ်ခွဲသားများမှာ ရှာရာဇီး အမှုကိုသုံးသပ်ကာ ပြည်သူ့ပိုင်ပစ္စည်းများ ဖြစ်သည်ဟု တင်ပြနိုင်ခြင်းမယှိသဖြင့် လျှောက်ထား ခံသူများအား တရားသော လွှတ်လိုက်လေသည်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရဆိုလျှင် တရားလိုဘက်မှ ပြဆိုရန်မှာ သက်သေခံ ပစ္စည်းများသည် ပြည်သူ့ပိုင်ပစ္စည်းများ ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထိုကဲ့သို့ ပြဆိုပြီးလျှင်၊ တရားခံဘက်က ထိုပစ္စည်းများကို ၎င်းတို့သည် ဥပဒေနှင့် အညီ လက်ဝယ် ထားရှိခြင်း ဖြစ်ပါသည်ဟု ပြောဆိုရန် ၎င်းတို့အပေါ် တာဝန်ကျရောက်လာပေသည်။

ယခုအမှုတွင် တွေ့ရှိရသော ကျွန်းသစ်ခွဲသားများကို သက်ဆိုင်ရာ အာဏာပိုင်တို့ မတွေ့ရှိနိုင်ရန် အချိန်မတော် လှည်းဖြင့်တင်ဆောင်လာခြင်း၊ ယင်းခွဲသားများ၌ အစိုးရတံဆိပ် အမှတ်အသားများ မပါရှိခြင်း၊ ၎င်းခွဲသား များမှာ လက်လွှဖြင့် ခွဲထားခြင်း အပြင် သစ်စိုများဖြစ်နေသောကြောင့်၊ ယင်းပစ္စည်းများသည် ပြည်သူ့ပိုင် ပစ္စည်းများ ဖြစ်သည်ဟု ယူဆနိုင် ပေသည်။ ယင်းကဲ့သို့ ယူဆခဲ့သည့် အတိုင်း လျှောက်ထားခံရသူ အသီးသီးအပေါ်၌ မူလရုံးက ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ စွဲချက်များ တင်ခဲ့လေသည်။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း၊ တရားခံများ ဖြစ်ကြသော လျှောက်ထားခံရသူတို့သည် ထိုပစ္စည်းများကို တရားသဖြင့် မိမိတို့လက်ဝယ်တွင် ရှိကြောင်းပြဆိုရန်ရှိပေသည်။ ယခုအမှုများတွင် သေချာစွာ ပြဆိုထားခြင်း မတွေ့ရှိရပေ။ အမှုကို စစ်ဆေးရာ၌ ပြည့်စုံလုံလောက်မှုမျိုး မရှိသည်ကို တွေ့ရှိရသောကြောင့် မူလရုံးက လျှောက်ထားခံရသူများအား တရားသေလွှတ်လိုက်သော အမိန့်သည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ၎င်းပြင် မူလရုံးက ရှာရာဇီးအမှုကို လိုက်နာပြီး ဤအမှုများတွင် သုံးသပ်ထားသည်မှာလည်း သိသိသာသာကြီး မှားယွင်းသည်ကို တွေ့ရှိရသည်။ ရှာရာဇီးအမှုတွင် ဖြစ်ပျက်သော ဖြစ်ရပ်နှင့် ယခုအမှုများ၏ ဖြစ်ရပ်တို့မှာ တူညီမှုမရှိပေ။ မူလရုံးသည် ယခုအမှုများ၏ ဖြစ်ရပ်မှန်ကို သုံးသပ်ပြီးမှ ရှာရာဇီး စီရင်ထုံးနှင့် ကိုက် မကိုက်ကို ဆင်ခြင်ဝေဖန်ပြီးမှ ကိုးကားရန် သင့်သည်။ အမှုဖြစ်ရပ် အကြောင်းအရာများကို သေချာနစွာ သုံးသပ်ပြီးမှ စီရင်ထုံးများကို ကိုးကားရန်

ယှိုသည်။ စီရင်ထုံးများကို အခြေခံပြုပြီး ယင်းစီရင်ထုံးတွင် ဖေါ်ပြသော ဖြစ်ရပ်နှင့် ကိုက်ညီစေရန် ထည့်သွင်းစဉ်းစားရ၍ မဖြစ်နိုင်ပေ။ ဤအကြောင်းနှင့် ပတ်သက်၍ ဤရုံးမှ မကြာသေးမီက စီရင်ဆုံးဖြတ်လိုက်သော **ဦးထွန်းအောင်သာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၄) အမှုတွင် ညွှန်ပြထားသည့်အတိုင်း လိုက်နာရမည် ဖြစ်သည်။ ယင်းစီရင်ထုံးကို ဤရုံး ၁၉၆၉ ခု၊ တရားရုံးချုပ် ညွှန်ကြားလွှာအမှတ် (၂) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ရာ၊ အထူးလေ့လာလိုက်နာရန် လိုအပ်ပေသည်။

၁၉၆၉

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် မောင်လှသန်း ပါ ၄။

အထက်တွင်ပြဆိုသော အကြောင်းခြင်းရာများအရ၊ ခရိုင်ရာဇဝတ် တရားသူကြီး ၏ ထောက်ခံတင်ဆက်ချက်များကို လက်ခံအတည်ပြုကာ အထက်တွင် ပြဆိုခဲ့သည့် မှုလရုံး အမှုအသီးသီးမှ လျှောက်ထားခံရသူ အသီးသီးတို့အား တရားသေလွှတ်စေရန် ချမှတ်သော အမိန့်ကိုပယ်ဖျက်လိုက်ပြီး၊ တရားမျှတမှု ယှိစေရန် ယင်းအမှုများကို ခရိုင်ရာဇဝတ်တရားသူကြီးက အခြားသင့်တော်သည့် စီရင်ပိုင်ခွင့် အာဏာရှိသော ရာဇဝတ် တရားသူကြီး တဦးဦးအား ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။

ယခုအမှုနှင့် အလားတူ ဖြစ်ခဲ့သော **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဒေါ်ညို** အမှုတွင် စီရင်ဆုံးဖြတ်ထားပြီး ဖြစ်သဖြင့် ၎င်းအတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

---

(၄) ၁၉၆၈ ခု၊ အထူးအယူခံမှုအမှတ် ၂။

## နိုင်ငံတော် တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၉ မတ်လ ၇ ရက်။

မောင်စံသိန်း(ခေါ်)မောင်သိန်းဇော် / ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ / မောင်စံသိန်း (ခေါ်) မောင်သိန်းဇော် *

ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ မှုပြစ်ထင်ရှား စီရင်ခြင်း—ဖြောင့်ချက်ကို ရဲကဖြားယောင်းသည့်အတွက်ပေးရသည်ဟုဆို၍ ပြန်လည်ရုပ်သိမ်းခြင်း—အကြောင်းခြင်းရာများနှင့်တကွပြန်လည်တွေ့ယှိရသော ပစ္စည်းများက ဖြောင့်ချက်ကို ထောက်ခံထားသဖြင့် ဖြောင့်ချက်ကိုလေးနက်စွာ ခံယူရမည်ဖြစ်ခြင်း—သေသူမသေမီက ၎င်းသဘောမတူဘဲ ပစ္စည်းများကိုရယူခြင်းမှာသေသူ၏ ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် ရယူခြင်းဖြစ်၍ ရာဇသတ်ပုဒ်မ ၃၇၉ အရ မှုပြစ်မြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုက ရုံးတွင်ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ ဖြောင့်ချက်ပေးရခြင်းမှာရဲကဖြားယောင်းသည့်အတွက် ပေးရသည်ဟုဆိုသည်။ သို့သော် လျှို့ရေးမှုးကို စစ်ဆေးစဉ်က ထိုအကြောင်းနှင့်ပတ်သက်၍ တခွန်းတပါဒမျှ မေးမြန်းထားခြင်းမတွေ့ရပေ။ ထို့ကြောင့် နောက်မှအကြံရ၍ စွပ်စွဲခြင်းမျိုးဖြစ်သဖြင့် လက်ခံရန် လုံလောက်သောအကြောင်း မယှိပေ။

အစိုးရ နှင့် မောင်ညွန့်၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊ စာ ၃၉၃ ရည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုတွင် အယူခံတရားလိုက သေသူအားဓါးနှင့် ထိုးစဉ်အခါကမျက်မြင်သက်သေမယှိသည်မှာမှန်၏။ သို့သော် အကြောင်းခြင်းရာများနှင့်တကွ ပြန်လည်တွေ့ယှိရသော ပစ္စည်းများက ဖြောင့်ချက်ကို ထောက်ခံထားသဖြင့် ယင်းဖြောင့်ချက်ကိုလေးနက်စွာ ခံယူရမည်ဖြစ်သည်။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမအမှတ် ၂၁၆။

၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၁ (ခ) / ၁၉၆၈ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၂၂ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀ တွင်မှချတ်သော ၁၉၆၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့စွဲပါ မအူပင်မြို့၊ ဒုတိယအထူးရာဇဝတ်တရားသူကြီး၏အမိန့်ကိုအယူခံမှု။

မောင်စံသိန်း (ခ) မောင်သိန်းဇော် ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ မောင်စံသိန်း (ခ) မောင်သိန်းဇော်။

အစိုးရ နှင့် လှမောင်၊ ၁၉၄၆၊ ရန်ကုန်စီရင်ထုံး၊ စာ ၁၀၂ ရှည်ညွှန်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေထွက်ချက်များအရ ဓါးဒဏ်ရာများဖြင့် လဲနေသော သေသူကို သွားကြည့်ရာတွင် သေသူအသက်မပျောက်သေးပေ။ ဆရာဝန်ကလည်း ထိုဒဏ်ရာမှာ ချက်ခြင်း မသေနိုင်။နာရီဝက်မျှ အသက်ရှင်နိုင်သေးသည်ဟု ထွက်ဆိုထားရာ သေသူမသေမီက ၎င်းသဘော မတူဘဲ ရွှေထည်ပစ္စည်းများကို အယူခံတရားလိုက ရယူခြင်းမှာ သေသူ၏ ပစ္စည်းကို အယူခံတရားလို သည်မရိုးဖြောင့်သော သဘောဖြင့် ရယူခြင်းဖြစ်သောကြောင့် ရာဇသတ်ပုဒ်မ ၃၇၉ အရ မှုမြောက်သည်ကိုလည်း တွေ့ယှိရသည်။

အယူခံတရားလိုအတွက်။ ။ဦးအေးမောင်။
အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။
ဦးထွန်းရှိန်။

အယူခံတရားခံအတွက်။ ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။
ဦးအေးမောင်။

တရားသူကြီး ဦးချစ်။ ။အယူခံတရားလို မောင်စံသိန်း (ခေါ်) မောင်သိန်းဇော် အပေါ် ရာဇသတ်ပုဒ်မ ၃၉၇ အရ၊ မှုပြစ်ထင်ရှား စီရင်၍ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ် ကျခံစေရန်၊ မအူပင်မြို့၊ ဒုတိယ အထူးတရားသူကြီးရုံး၊ ၁၉၆၆ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀ တွင် အမိန့်ချမှတ်ခဲ့လေသည်။ ယင်းအမိန့်ကို အယူခံ တရားလိုက မကျေနပ်သဖြင့်၊ တရားရုံးချုပ်ရှေ့နေ ဦးအေးမောင်မှတဆင့် ဤရုံးသို့ အယူခံ တင်သွင်းခြင်းဖြစ်သည်။

ဤရုံးကလည်း ဤအယူခံမှုကို လက်ခံသုံးသပ်ရာတွင်၊ အယူခံတရားလို ကျူးလွန်သည်ဆိုသော မှုပြစ်သည် ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ဂ)တွင် အကျုံးဝင်သည်ဟု ယူဆရန် အကြောင်းယှိသဖြင့်၊ ယင်းပုဒ်မအရ မှုပြစ်ထင်ရှား စီရင်ရန်သင့် မသင့်ကို စဉ်းစားရာ၊ ဤရုံး ၁၉၆၈ ခု၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ (က)ကို ဖွင့်ခဲ့လေသည်။

မူလမှုမှ မောင်စံလှိုင် (လိုပြ-၁၂)သည် မူလရုံးက ၁၉၆၈ ခု၊ ဧပြီလ ၂၃ ရက်နေ့စွဲဖြင့် သက်သေခံပစ္စည်း အမှတ် (၄)ဒိုးပုံပုံသဏ္ဌာန် ကြုတ်ပါရှိသော ရွှေဆွဲကြိုးတကုံးကို ဦးတုတ်ပေါ (လိုပြ-၂)သို့ ခံဝန်ဖြင့် ပေးထားရာ၊ ယင်းအမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်၍ ထိုသက်သေခံပစ္စည်းကို ၎င်းအား ပြန်ပေးရန် ဤရုံး ၁၉၆၈ ခု၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၂၂ (ခ) တွင်လျှောက်ထားလေသည်။

အထက်တွင် ပြဆိုခဲ့သော ဤရုံးရှေ့ယှိ အမှုသုံးမှုတို့မှာ မူလမှု တမှုတည်းမှ ပေါ်ပေါက်လာသဖြင့် ယခုချမှတ်သည့် အမိန့်သည် ၎င်းအမှုများ အားလုံးနှင့် သက်ဆိုင်သည်။

၁၉၆၉

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မောင်စံသိန်း(ခ)မောင်သိန်းဇော်။

မောင်စံသိန်း(ခ)မောင်သိန်းဇော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမှုအကြောင်းအရာ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ည ၉ နာရီအချိန်တွင် မအူပင်မြို့၊ ရွှေဘုန်းမြင့်စေတီ အရှေ့မုခ်တွင် သေသူ မောင်ကျော်ညိမ်းသည် ကျောနှင့် ဝမ်းဗိုက်များ၌ ဓါးဒဏ်ရာများနှင့် ပက်လက်လန်လဲနေသည်ကို မောင်လှမြင့် (လိုပြ-၁၇) နှင့် ကိုကြောက်စိန်း (လိုပြ-၁၈) တို့က တွေ့ကြရာ ၎င်းတို့သည် နယ်(လ်)ဆင် (လိုပြ-၁)၊ ဦးတုတ်ပေါ(လိုပြ-၂)၊ မသန်းတင့် (လိုပြ-၃)တို့ကို သွားရောက်၍ အကြောင်းကြားသည်။ ၎င်းတို့သည် သေသူမောင်ကျော်ညိမ်းလဲသော နေရာသို့ လာရောက်ကြည့်ရှုရာ၊ မောင်ကျော်ညိမ်းမှာ အသက်ထွက်လုဆဲဆဲ ဖြစ်နေသည်ကို တွေ့ရှိရသည်။ ဦးတုတ်ပေါသည် သေသူ မောင်ကျော်ညိမ်း၏အဖေဖြစ်သည်။ မသန်းတင့်သည် ဦးတုတ်ပေါ၏ သမီးဖြစ်သည်၊ နယ်(လ်)ဆင်သည် မသန်းတင့်၏ ခင်ပွန်းဖြစ်သည်။ မောင်ကျော်ညိမ်းမှာ ဓါးဒဏ်ရာများနှင့် သွေးများပေကျံနေသည်ကို တွေ့ရှိရသည်။ ၎င်းဝတ်ဆင်ထားသောနာရီ နှင့် ရွှေလက်ပတ်ကြိုးအပြင် ရွှေဆွဲကြိုးကို မတွေ့ရပေ။ ရွှေလက်ပတ်ကြိုးကိုသာလျှင် ဝတ်လျက်တွေ့ရသည်။ နယ်(လ်)ဆင်သည်မအူပင်ရဲစခန်းသို့သွား၍၊ ပဌမ သတင်းပေးတိုင်တန်းချက် ပေးသည်။ ၎င်းနှင့်ရဲများ ရောက်ရှိလာသောအခါ မောင်ကျော်ညိမ်းမှာ အသက်ပျောက်သွားပြီး ဖြစ်သည်။ အလောင်းကို ညတွင်းချင်းပင် မအူပင် ပြည်သူ့ဆေးရုံသို့ ပို့သည်၊ ဒေါက်တာ ဦးလေးရွှေ (လိုပြ-၁၅)က အပြင်ဒဏ်ရာများကို စစ်ဆေးရာ ကျောတွင် ဓါးထိုးဒဏ်ရာနှစ်ခု တွေ့သည်။ ဝမ်းဗိုက်တွင်လည်း ဓါးဒဏ်ရာနှစ်ခုတွေ့သည်။ ကျောတွင်ရသော ဒဏ်ရာနှစ်ခုမှာ ဓါးထိုးရာတွင် ဝင်ပေါက်ဖြစ်၍ ဝမ်းဗိုက်တွင် ရရှိသော ဒဏ်ရာနှစ်ခုမှာထွက်ပေါက်ဖြစ်သည်။ ထိုဒဏ်ရာများကို ရရှိရန် အသွားရှည်သော ဓါးမြောင်နှင့် အားဖိုက်၍ ပြုလုပ်ရမည်။ ဒဏ်ရာအမှတ် (၁)မှာ မုချသေရမည့် ဒဏ်ရာဖြစ်သည်။ ဒဏ်ရာများကို ရရှိပြီးနောက် သေသူသည် နာရီဝက်အများဆုံး အသက်ရှင်နိုင်သည်ဟု ဆရာဝန်က ထင်မြင်ချက် ပေးထားသည်။

ရဲက ဤအမှုကို စုံစမ်းရာမှ ၁၉၆၆ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အယူခံတရားလို မောင်သိန်းဇော်ကို ကျိုက်လတ်မြို့တွင် ဖမ်းဆီးမိသည်။ ထိုနေ့မှာပင် အယူခံတရားလိုကို ရဲကစစ်ဆေးသည်။ စစ်ဆေးပြီးနောက် မောင်စံလှိုင်(လိုပြ-၁၂)ထံမှ ဒိုးပုံကြွတ်တပ်ထားသော ရွှေဆွဲကြိုး တကုံးကို သက်သေခံ (စ)အမှတ်ဖြင့် သိမ်းဆည်းလေသည်။ ထိုနေ့မှာပင် အယူခံ တရားလိုက ဖြောင့်ချက်ပေးလိုသည်ဟု ဆိုသဖြင့်၊ ကျိုက်လတ်မြို့၊ (၁)ရာဘက် ရာဇဝတ်တရားသူကြီး ဦးအောင်ကျော်ထွန်း (လိုပြ-၂၁) ထံသို့ ပို့ရာ အယူခံတရားလိုက သက်သေခံအမှတ် (ဃ) ဖြောင့်ချက်ကို ပေးသည်။ ထိုဖြောင့်ချက်တွင် အယူခံတရားလိုသည် လွန်ခဲ့သော ၄ လလောက်က သေသူ မောင်ကျော်ညိမ်းကို မအူပင်မြို့၊ ရွှေဘုန်းမြင့်ဘုရားရှေ့လမ်းတွင် တွေ့ရှိကြောင်း၊

၁၉၆၉

မောင်စံသိန်း (ခ)မောင်သိန်း ဇော်
ပြည်ထောင်စု မြန်မာနိုင်ငံ
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ
မောင်စံသိန်း (ခ)မောင်သိန်း ဇော်။

ထိုအခါက မသသူမှာ အရက်မူးနေကြောင်း၊ ကျော်ညိမ်းမှန်း မသိကြောင်း၊ အယူခံတရားလိုလည်း အရက်မူးနေကြောင်း၊ အယူခံတရားလိုက သေသူကို ဖမ်းလိုက်ရာ သေသူက ဘာ့ကြောင့် ဖမ်းရသလဲဆိုပြီး ၎င်းတွင်ပါလာသော ထီးနှင့် ရိုက်ကြောင်း၊ အယူခံ တရားလိုက ရှောင်လိုက်ပြီး ဝင်လုံးကြောင်း၊ လုံးနေစဉ် အယူခံတရားလိုတွင် အသင့်ပါလာသော တထွာကျော်ခန့် အရှည်ယှိသည့် ဓါးမြှောင်ကို ထုတ်လိုက်ကြောင်း၊ သေသူကဓါးကိုလုကြောင်း၊ အယူခံ တရားလိုက သေသူကို ကန်၍ထပြေးမည်အလုပ်တွင် သေသူက အယူခံတရားလိုအား ထီးနှင့် လိုက်ရမ်းသော်လည်း မထိကြောင်း၊ ဤတွင် အသင့်ကိုင်ဆောင်ထားသောဓါးနှင့် သေသူအား နောက်ပြန်၍ ထိုးလိုက်ကြောင်း၊ သေသူ၏ဘေးကို ထိသွားကြောင်း၊ ထိုအခါသေသူ လဲကျသွားကြောင်း၊ သေသူလဲကျ အသွားတွင် သေသူလက်မှ လက်ပတ်နာရီနှင့် လက်ပတ်ကြိုးကို ဖြုတ်ယူ၍ သေသူတွင်ဆွဲအားသော ရွှေဆွဲကြိုးကိုလည်း ဖြုတ်ယူခဲ့ကြောင်း၊ နောက်နေ့ မိုးလင်းသောအခါ မြောက်စရွာကို လယ်ထွန်ရန်သွားကြောင်း၊ ထိုနောက် ၄ ရက်အကြာတွင် ကျိုက်လတ်မှ ဒေါ်မကြည်ထံတွင် ရွှေလက်ပတ်ကြိုးနှင့် ရွှေဆွဲကြိုးကို ၁,၂၆၀ိ ဖြင့် ရောင်းကြောင်း၊ ထိုငွေနှင့်ပင် တဖန် မထွေး ဆိုင်မှ ရွှေဆွဲကြိုးတကုံးကို ၆၉၀ိ နှင့် ဝယ်ယူကြောင်း၊ ၎င်းပြင် လက်စွပ်တကွင်းကိုလည်း ၁၀၅ိ ပေး၍ဝယ်ခဲ့ကြောင်း၊ လက်စွပ်ကို ခေါင်းစားပစ်လိုက်ကြောင်း၊ ထိုနောက် မိန်းမယူရန် ငွေလိုသဖြင့် ဆွဲကြိုးကို မောင်စံလှိုင်အား ၇၃၀ိ နှင့်ရောင်းလိုက်ကြောင်း၊ ထိုဆွဲကြိုးမှာ ဖြောင့်ချက်ယူသော တရားသူကြီးရှေ့တွင် ပြထားသည့် ဆွဲကြိုးပင်ဖြစ်ကြောင်း၊ နာရီကိုမူ မောင်ခွေးက ဖဲရိုက်ချင်သည်ဆိုသဖြင့် ၎င်းအား ပေးလိုက်ကြောင်း၊ သေသူကို ထိုးသည့်ဓါး ရွှေဘုန်းမြင့်ကျောင်း အနောက်ဘက်က ချောင်းနံတွင် လွှင့်ပစ်ခဲ့ကြောင်းဟူ၍ ဖော်ပြထားသည်။

အယူခံ တရားလိုကရုံးတွင် ဖြောင့်ချက်ကို ပြန်လည် ရုပ်သိမ်းခဲ့လေသည်။ ဖြောင့်ချက်ပေးရခြင်းမှာ ရဲက ဖြားယောင်းသည့်အတွက် ပေးရသည်ဟုဆိုသည်၊ သို့သော် လျှို့ဝှက်ရေးမှူး ဦးသိန်းအောင် (လိုပြ-၂၄)ကို စစ်ဆေးစဉ်က ထိုအကြောင်းနှင့်ပတ်သက်၍ တခွန်းတပါဒမျှ မေးမြန်းထားခြင်း မတွေ့ရပေ။ ထို့ကြောင့် နောက်မှ အကြံရ၍ စွပ်စွဲခြင်းမျိုး ဖြစ်သဖြင့် လက်ခံရန်လုံလောက်သော အကြောင်းမယှိပေ။ **အစိုးရ နှင့် မောင်ညွန့်** (၁)အမှုကိုကြည့်လေ။

ဤအမှုတွင် မျက်မြင်သက်သေ မယှိချေ။ အယူခံတရားလို၏ ဖြောင့်ချက်သည် အဓိကအချက်ဖြစ်သည်၊ ယင်းဖြောင့်ချက်သည် အလိုအလျောက် ပေးသော ဖြောင့်ချက်နှင့် အမှုအသွားအလာအရ မှန်ကန်သော ဖြောင့်ချက်ဟုတ် မဟုတ်ကို သုံးသပ်ရန် လိုပေသည်။ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အယူခံတရားလိုသည် အဖမ်းခံရပြီး

---

(၁) ဧဆ၊ ဆိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊ ၈၁ ၃၉၃။

ခုံမိုင
မောင်စံသိန်း (ခ) မောင်သိန်းဇော်
ပြည်ထောင်စုမြန်မာနိုင်ငံ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ
မောင်စံသိန်း (ခ) မောင်သိန်းဇော်။

နောက် နေ့တွင် မိမိသဘောအရ ဖြောင့်ချက် ပေးခဲ့သည်ဟုဆိုသည်၊ ရုံးတွင ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းရာ၌ ၎င်းကိုရဲက ဖြားယောင်းသဖြင့် ပေးရသည်ဟု ဆိုသည်ကို လက်မခံခဲ့ပေ။ ထို့ကြောင့် ထိုဖြောင့်ချက်သည် အလိုအလျောက်ပေးသော ဖြောင့်ချက် ဖြစ်သည်ဟု ယူဆရန်ယှိသည်။ ဖြောင့်ချက်သည် မှန်ကန်သော ဖြောင့်ချက် ဟုတ် မဟုတ်ကို သုံးသပ်ရာ၌ အမှုဖြစ်ပျက်သော အကြောင်း ခြင်းရာများနှင့် စပ်ဟပ် ရပေမည်။ ဖြောင့်ချက်တွင် ရွှေဘုန်းမြင့်ဘုရား အရှေ့မုခ်လမ်းတွင် သေသူကို အယူခံ တရားလိုက တွေ့ယှိသည်ဟုဆိုသည်၊ ထိုအချင်းဖြစ် အချိန်၌ သေသူသည် ရွှေဘုန်းမြင့် ဘုရား အနောက်ဘက်နေ မခင်ကြည်အေး (ခေါ်) မစိုးတင့် (လိုပြ-၄) အိမ်သို့ ညနေ ၅ နာရီလောက်မှစ၍ သွားရောက်ခဲ့သည်။ သေသူနှင့် မခင်ကြည်အေး၏ ခင်ပွန်း ကိုမြင့်ကျော်တို့မှာ သူငယ်ချင်း ဖြစ်ကြသည်။ ထိုအခါက သေသူတွင် ရွှေလက်ပတ်ကြိုး နှင့် လက်ပတ်နာရီ တခုကို ဝတ်ဆင်ထားသည်။ လက်တွင်လက်စွပ် တကွင်းလည်းယှိ သည်။ ရွှေဆွဲကြိုး တကုံးလည်း ဝတ်ဆင်ထားသည်ဟု ထိုသက်သေက ထွက်ဆိုခဲ့သည်။ ထို့ပြင် ကိုမြင့်ကျော်နှင့်အတူ အရက် အနည်းငယ် သောက်သည်ဟုဆိုသည်။ ရွှေထည် များ ဝတ်ဆင်၍ မခင်ကြည်အေးအိမ်သို့ အလည် ထွက်သွားကြောင်းကို နယ်(လ်)ဆင် (လိုပြ-၁)၊ ဦးတုတ်ပေါ (လိုပြ-၂) နှင့် မသန်းတင့် (လိုပြ-၃) တို့က ထွက်ဆိုထားသည်။ ဖြောင့်ချက်တွင် သေသူသည် အရက်မူးနေသည်၊ ရွှေထည်များကို ဝတ်ဆင်ထား၍ ထိုရွှေထည်များမှ ဂာက်ပတ်နာရီ၊ လက်ပတ်ကြိုး၊ ရွှေဆွဲကြိုးတို့ကို သေသူအား ဓါးနှင့် ထိုးပြီးမှ ယူသွားသည်ဟုထွက်ဆိုထားသည်။ နယ်(လ်)ဆင်၊ ဦးတုတ်ပေါနှင့်မသန်းတင့် တို့သည်၊ အချင်းဖြစ်ည ၉ နာရီကျော်တွင် သေသူ မောင်ကျော်ညိမ်း လဲနေရာသို့ သွားကြည့်သောအခါ လက်ပတ်နာရီ၊ ရွှေလက်ပက်ကြိုးနှင့် ရွှေဆွဲကြိုးတို့ မောင်ကျော် ညိမ်းတွင် မယှိတော့သည်ကို တွေ့ယှိရသည်။ ထိုဖြောင့်ချက်တွင် သေသူကစ၍ ထိုးနှင့် ရှိုက်သည်ဟုဆိုသည်။ မောင်ကျော်ညိမ်း လဲနေသော နေရာတွင် သက်သေခံပစ္စည်း အမှတ် (၁) ယောကျ်ားဆောင်း ထီးတလက်ကို တွေ့ရသည်။ ဖြောင့်ချက်တွင် သေသူကို အယူခံတရားလိုက တထွာခန့်အသွားယှိသော ဓါးမြှောင်နှင့်ဘေးကို ထိုးလိုက်သည်ဟုဆိုသည်။ ထိုဓါးကို ဘုန်းကြီးကျောင်းနောက် ရေကန်ထဲသို့ ပစ်ခဲ့သည် ဟုဆိုသည်။ ရဲက ရေကန်ထဲတွင် ရှာဖွေသော်လည်း မတွေ့ရပေ။ သို့ရာတွင် ဒေါ်နု (လိုပြ-၁၉)က အယူခံတရားလိုသည် ၎င်းထံမှ ကြက်သွန်လှီးသည့်ဓါးကို လာ၍ ငှါးယူသွားကြောင်း၊ ထိုသို့ငှါးပြီး ၁၅ ရက်အကြာတွင် လူသတ်မှုဖြစ်ကြောင်း၊ ထိုဓါးကို အယူခံတရားလိုထံမှ ပြန်မရကြောင်း ထွက်ဆိုထားသည်။ ဖြောင့်ချက်တွင် သေသူနှင့် အယူခံတရားလိုတို့ လုံးထွေးကြသည်ဟုဆိုသည်။ ဒေါ်မှေး (လိုပြ-၂၀)က အချင်း ဖြစ် ည ၉ ½ နာရီအချိန်တွင် ဘုရားရှိခိုးပြီး အိမ်အပြင်ဘက်သို့ ကြည့်လိုက်ရာ၊

**၁၉၆၉**

မောင်စံသိန်း (ခ)မောင်သိန်းဇော်

ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ

မောင်စံသိန်း (ခ)မောင်သိန်းဇော်။

ဘုရားမုခ်ရှေ့ လမ်းပေါ်တွင် လူနှစ်ယောက် လုံးထွေးနေသည်ကို တွေ့ယို့ရသည်ဟု ထွက်ဆိုထားသည်။ ဖြောင့်ချက်တွင် အယူခံ တရားလိုက သေသူကိုဓါးဖြင့် ဘေးသို့ နှစ်ချက် ထိုးသည်ဟုဆိုသည်။ သေသူတွင် ဓါးထိုးဒဏ်ရာနှစ်ချက် ကျောဘက်တွင် ရရှိကြောင်း ဆရာဝန်က ထွက်ဆိုထားသည်။ အယူခံ တရားလိုက သေသူကိုဓါးနှင့် ထိုးရာတွင် သေသူသည် ဖင်ထိုင်လျက် ကုန်းကျအသွား၌ သေသူ ဝတ်ဆင်ထားသော ရွှေလက်ပတ်ကြိုးနှင့် လက်ပတ်နာရီ၊ ၎င်းပြင် ရွှေဆွဲကြိုးကို ရယူပြီး၊ ကျိုက်လပ်မြို့ ဒေါ်ကြည် (လိုပြ-၉)ထံသို့သွား၍ ရွှေလက်ပတ်ကြိုးနှင့် ရွှေဆွဲကြိုးကို ၁,၅၀၀ိ လောက်နှင့် ရောင်းလိုက်သည်ဟုဆိုသည်။ ဒေါ်ကြည် (လိုပြ-၉)က ဝါဆိုလလောက်တွင် ၎င်း၏ဆိုင်သို့ လူနှစ်ယောက် ရောက်လာသည်။ အယူခံတရားလို မောင်သိန်းဇော်သည် ရွှေလက်ပတ်ကြိုး တချောင်းနှင့် ရွှေဆွဲကြိုးတကုံးကို လာရောက်ရောင်းရာ ငွေ ၁,၅၀၀ိ လောက်နှင့် ဝယ်လိုက်ရသည်။ ရွှေလက်ပတ်ကြိုးကို ကျိုလိုက်ပြီး ရွှေကြိုးကိုမူ ဦးမောင် (လိုပြ-၂၃)သို့ ရောင်းလိုက်သည်ဟု ထွက်ဆိုသည်။ ဦးမောင် (လိုပြ-၂၃)ကလည်း ဒေါ်ကြည်၏ ရွှေဆိုင်မှ ရွှေဆွဲကြိုးတကုံးကို ဝယ်ယူသည်ဟု ဆိုသည်။ ထိုရွှေဆွဲကြိုးကို ၎င်းထံမှ ၁၉၆၆ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ရဲများက သက်သေခံအမှတ် (င) ရှာဖွေပုံစံဖြင့် သိမ်းဆည်းသွားလေသည်။ ထိုရွှေဆွဲကြိုးကို သက်သေခံ ပစ္စည်းအမှတ် (ဂ)ကို အလားတူ ပစ္စည်းများနှင့် ရောနှော၍ ပြသရာတွင်၊ဦးတုတ်ပေါနှင့် မသန်းတင့်တို့က သေသူ မောင်ကျော်ညိမ်း ဝတ်ဆင်သော ရွှေဆွဲကြိုးဖြစ်ကြောင်း မှန်ကန်စွာ ဆွဲပြသည်။ ဖြောင့်ချက်တွင် အယူခံတရားလိုက ဒေါ်ကြည်ထံမှ ရွှေရောင်း၍ရသော ငွေနှင့် ဒိုးပုံကြုတ်ပါသော ဆွဲကြိုးတကုံးနှင့် လက်စွပ်တကွင်းဝယ်ကြောင်း ထွက်ဆိုထားသည်။ ကိုဝေလွင် (လိုပြ-၁၁)က ၎င်းထံသို့ အယူခံတရားလို မောင်သိန်းဇော် လာ၍ ဒိုးပုံကြုတ်ပါသော ဆွဲကြိုးတကုံးနှင့် ကြောက်နီလက်စွပ် တကွင်းကို ဝယ်သွားကြောင်း ထွက်ဆိုထားသည်။ ထို့ပြင်ဖြောင့်ချက်၌ လက်ပတ်ကြိုး ရောင်းစားလိုက်သည်ဟုဆိုသည်။ မောင်သန်းရွှေ (လိုပြ-၁၃) က မောင်သိန်းဇော်၏ ညီအစ်ကို မောင်ခွေး (လိုပြ-၅)က ကျောက်နီ လက်စွပ်တကွင်းကို ငွေ ၅၀ိ နှင့် ရောင်းသဖြင့် ဝယ်လိုက်ကြောင်း၊ ရွှေကိုအရည်ကျိုလိုက်ကြောင်း၊ ကျောက်နီသာလျှင် ကျန်ကြောင်း၊ ထိုကျောက်နီကို ၁၉၆၆ ခု၊ နိုဝင်ဘာလ ၂ ရက်နေ့က ရဲများက ၎င်းထံမှ သက်သေခံ ရှာဖွေပုံစံအမှတ် (ဇ) အရ သိမ်းဆည်းသွားကြောင်း ထွက်ဆိုထားသည်၊ ထို့ပြင် ဖြောင့်ချက်၌ အယူခံတရားလိုသည် ဦးဝေလွင်ထံမှ ဝယ်ခဲ့သော ဒိုးပုံကြုတ်နှင့် ရွှေဆွဲကြိုးကို မောင်စံလှိုင် (လိုပြ-၁၂) အား၊ ငွေ ၇၃၀ိ နှင့်ရောင်းကြောင်း ဖေါ်ပြထားသည်။ မောင်စံလှိုင် (လိုပြ-၁၂)က သက်သေခံပစ္စည်း အမှတ်(၄) ဒိုးပုံကြုတ်ပါ ရွှေဆွဲကြိုးကို အယူခံဘရားလို မောင်သိန်းဇော်ထံမှ ငွေ ၇၀၀ိ ကျော်ပေး၍ ဝယ်ခဲ့ကြောင်း၊ ထိုသို့

၁၉၆၉

မောင်စံသိန်း (ခ)မောင်သိန်း ဇော်

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ

မောင်စံသိန်း (ခ)မောင်သိန်း ဇော်။

မဝယ်မီ ဦးဝေလွင် (လိုပြ-၁၁)ကို မေးမြန်းရာ၊ ဦးဝေလွင်က ၎င်းပန်းတိမ်မှ ပစ္စည်းဖြစ်သဖြင့် မှန်ကန်ကြောင်း ပြောသည့်အတွက် ဝယ်လိုက်ကြောင်း ထွက်ဆိုသည်။ ၁၉၆၆ ခုအောက်တိုဘာလ ၃၁ ရက်နေ့တွင် မောင်စံလှိုင်ထံမှ ထိုရွှေဆွဲကြိုးကိုရဲများက သက်သေခံအမှတ် (စ) ရှာဖွေပုံစံပြုလုပ်၍ သိမ်းဆည်းခဲ့လေသည်။ ထို့ပြင် ဖြောင့်ချက်တွင်သေသူထံမှ ရခဲ့သော လက်ပတ်နာရီကို မောင်ခွေးအား ဖဲရိုက်ရန်ပေးလိုက်သည်ဟု ဖေါ်ပြထားသည်။ မောင်သောင်းငွေ(လိုပြ-၆)၊မောင်ဘိုး (လိုပြ-၇) နှင့်မောင်အုန်းဖေ (လိုပြ-၈)တို့ ဖဲကစားကြရာတွင်၊ အယူခံတရားလိုနှင့် မောင်ခွေး(လိုပြ-၅) တို့ ယှိုကြပါသည်။ မောင်ခွေးက လက်ပတ်နာရီ တလုံးကို ငွေ ၆၀ တန်ဘိုးထား၍ ဝင်ထိုးပါသည်။ ရှုံးသဖြင့် ထိုလက်ပတ်နာရီကို မောင်ဘိုး ရသွားလေသည်။ နောက်ကစားဝိုင်းတခုတွင် မောင်ဘိုးက ရှုံးသဖြင့် ထိုနာရီကို ကိုမောင် ရသွားလေသည်။ ထို ကိုမောင်ထံမှ ၁၉၆၆ ခုနိုဝင်ဘာလ ၂ ရက်နေ့တွင် ရဲများကရှာဖွေပုံစံအမှတ်(ဆ)ဖြင့်သိမ်းဆည်းခဲ့လေသည်။ ထိုနာရီကို အခြားပစ္စည်းများနှင့် ရောနှော၍ပြသရာ၊ ဦးတုတ်ပေါနှင့် မသန်းတင့်တို့က သေသူ မောင်ကျော်သိမ်းဝတ်သော နာရီ ဟုမှန်ကန်စွာ စွဲဆိုပြလေသည်။

အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေ ဦးအေးမောင်က ဤအမှုတွင် အယူခံတရားလို၏ ဖြောင့်ချက်တခုသာ ယှိုပါသည်၊ ထိုဖြောင့်ချက်ကို အယူခံတရားလိုက ပြန်လည်ရုပ်သိမ်းခဲ့ပါသည်၊ ဖြောင့်ချက်ကို ထောက်ခံသော အကြောင်းအချက်အလက်များမည်သို့မျှ မယှိုပါ၊ ပစ္စည်းများကိုလည်း ပြသရာ၌ တရားမျှတမှု မယှိုပါ ပစ္စည်းစွဲဆိုကြသော ဦးတုတ်ပေါနှင့် မသန်းတင့်တို့က စိတ်အထင်နှင့် စွဲဆိုကြခြင်းဖြစ်ပါသည်။ ပစ္စည်းများမှာ မည်သို့မျှ အမှတ်အသား မယှိုပါ၊ အယူခံတရားလိုအပေါ် ငြိစွန်းသည့် သက်သေခံချက် လုံးဝ မယှိုသောကြောင့် အယူခံ တရားလိုအား တရားသေလွှတ်သင့်ပါသည်ဟု အကျယ်တဝင့် တင်ပြသွားပြီး စီရင်ထုံးအများအပြားကို ကိုးကားသွားလေသည်။ အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်က၊ ဤအမှုတွင် မျက်မြင်သက်သေ မယှိုသည်မှာ မှန်၏။ ဖြောင့်ချက်မှာ အလိုအလျောက်ပေးသော ဖြောင့်ချက်ဖြစ်၍ မှန်ကန်သော ဖြောင့်ချက်ဖြစ်ပါသည်။ ထို့ကြောင့် အယူခံတရားလိုသည် သေသူအား သေစေလိုသော သဘောဖြင့် ဓါးနှင့် နှစ်ချက်ထိုးပြီးနောက်မှ ပစ္စည်းရလိုသော အကြံဖြင့် ရွှေထည်များကို ဖြုတ်ယူသွားသည်ဖြစ်ရာ၊ မူလရုံးက အယူခံ တရားလိုအပေါ် လုယက်မှုတွင် ပြင်းထန်သော ဒဏ်ရာရအောင် ပြုလုပ်ခြင်းကြောင့် ရာဇသတ်ပုဒ်မ ၃၉၇ ဖြင့်တွေ့ယှိုပြီး၊ အပြစ်ပေးထားခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပါ၊ အမှန်မှာ ရာဇသတ်ပုဒ်မ ၃၀၂ (၂)နှင့် ရာဇသတ်ပုဒ်မ ၃၇၉ အရသာလျှင် ဖြစ်ထိုက်ပါသည်။ သို့ဖြစ်သောကြောင့် အယူခံကို ပလယ်ပြီး၊ ပြင်ဆင်မှုတွင် ယင်းပုဒ်မများ၏ ပြစ်မှုများဖြင့် ပြောင်းလဲ၍ အပြစ်ပေးသင့်ပါသည်ဟု တင်ပြသွားလေသည်။

ကျွန်ုပ်တို့သည် အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အသေးစိတ် သုံးသပ်ကြသည်။ ဤအမှုတွင် မျက်မြင်သက်သေ မယှိသည်မှာ မှန်၏။ သို့သော် အယူခံတရားလိုကို ဖမ်းပြီး နောက်နေ့တွင် သက်သေခံအမှတ် (ဃ) ဖြောင့်ချက်ကို အလိုအလျောက် ပေးခဲ့သည်ဟု ယူဆသည်၊ ထိုဖြောင့်ချက်တွင်ပါသော အချက်အလက် အမျိုးအပြား ကို အမှုအမှန်တကယ် ဖြစ်ပျက်ခြင်းက ထောက်ခံလျက်ယှိကြောင်း အထက်တွင် ပြဆိုခဲ့ပြီးသော သက်သေများ၏ ထွက်ချက်များအရ ပေါ်လွင်လျက်ယှိသည်။ သို့ဖြစ်ရကား၊ ရှေ့နေကြီး ဦးအေးမောင် တင်ပြချက်များကို လက်ခံနိုင်ရန် လုံလောက်သော အကြောင်း ယှိသည်ဟု မတွေ့ယှိရသဖြင့် လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ ရှေ့နေကြီး ဦးအေးမောင် တင်ပြသည့်အတိုင်း ဤအမှုတွင် အယူခံတရားလို၏ ဖြောင့်ချက်သည အဓိကဖြစ်ပေသည်။ ဖြောင့်ချက်ကို သုံးသပ်ရာ၌ ဖြောင့်ချက်တပိုင်းကို ယုံ၍လက်ခံပြီး၊ ဖြောင့်ချက်တပိုင်းကို မယုံဘဲ လက်မခံခြင်းမျိုး မဖြစ်စေရ၊ လက်ခံလျှင် ဖြောင့်ချက် တခုလုံးကိုလက်ခံ၍ ပယ်လျှင်လည်း ဖြောင့်ချက်တခုလုံးကို ပယ်ရန်ယှိသည်။ **ပြည် ထောင်စု မြန်မာနိုင်ငံ** နှင့် **အောင်ထွန်း (ခေါ်) အောင်မြင့်၊ အောင်ထွန်း (ခေါ်) အောင်မြင့်** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံ** (၂)အမှုကိုကြည့်လေ။

ယခုအမှုတွင် ပြဆိုခဲ့ပြီးသည့်အတိုင်း ဖြောင့်ချက်၌ ပြဆိုထားသော အချက်အလက် များကို ထောက်ခံထားသည့် အချက်အလက်များစွာ ယှိနေသည်။ ၎င်းတို့ကိုလည်း ပေါ်ပြပြီးဖြစ်သည်။

ဤအမှုဖြစ်ရပ်နှင့် **အစိုးရ** နှင့် **လှမောင်** (၃)အမှု ဖြစ်ရပ်တို့မှာ ဆင်တူရိုးမှား ဖြစ်သည်ကို တွေ့ယှိရသည်။ ထိုလှမောင် အမှုတွင်လှမောင်သည် ဖြောင့်ချက်ကို ပေးခဲ့ သည်၊ သို့သော်လည်း ရုံးတွင် ပြန်လည်ရုပ်သိမ်း ခဲ့လေသည်။ ထိုဖြောင့်ချက်တွင် သေသူ လှဖေအား သတ်ပြီး ၎င်းထံမှရယှိသော လက်စွပ်တကွင်းကို အခြားနေရာသို့ သွားထားသည်။ ထိုလက်စွပ်ကို လှမောင်ကယူ၍ ရဲများကိုအပ်သည်၊ ထိုလက်စွပ် သည် သေသူ၏လက်စွပ်ဖြစ်ကြောင်း ပေါ်လွင်သည်။ လှမောင်က လှဖေကို သတ်ရာ၌ မျက်မြင်သက်သေ မယှိသော်လည်း ၎င်းထံမှ လက်စွပ်ရ၍ ထိုလက်စွပ်သည် သေသူ လှဖေ၏ လက်စွပ်ဖြစ်ကြောင်း လှမောင်၏ ရုပ်သိမ်းသော ဖြောင့်ချက်ကို တနည်းနည်း ဖြင့် ထောက်ခံသည်ဟု ကောက်ယူပြီး လှမောင်အား လူသတ်မှုဖြင့် အပြစ်ပေးလိုက်ခြင်း ဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလိုက သေသူအား ဓါးနှင့်ထိုးစဉ် အခါကမျက်မြင် သက်သေ မယှိသည်မှာ မှန်၏။ သို့သော် အကြောင်းခြင်းရာများနှင့် တကွ ပြန်လည်

(၂) ၁၉၅၈ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ ၁။

(၃) ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၁၀၂။

၁၉၆၉

မောင်စံသိန်း (ခ)မောင်သိန်း ဇော် ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ မောင်စံသိန်း (ခ)မောင်သိန်း ဇော်။

တွေ့ယှိရသော ပစ္စည်းများက ဖြောင့်ချက်ကို ထောက်ခံထားသဖြင့် ယင်း ဖြောင့်ချက်ကို လေးနက်စွာ ခံယူရမည်ဖြစ်သည်။

ရှေ့နေကြီး ဦးအေးမောင်က ဖြောင့်ချက်ကို လက်ခံစေကာမူ၊ အယူခံ တရားလိုသည် သေသူအား သေစေရန် အကြံဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်ပါ၊ သေသူကစ၍ ထိုးနှင့်ရိုက်သဖြင့် အယူခံတရားလိုက ထိုးနှင့်ရိုက်ပြီး ၎င်း၏ဓါးကို လုသောကြောင့် အယူခံတရားလိုက ကာကွယ်ခုခံသည့် အနေဖြင့် ဓါးနှင့် တွက်လိုက်ရခြင်း ဖြစ်ပါသည်ဟု တင်ပြချက်ကို ကျွန်ုပ်တို့ လက်ခံနိုင်ရန် လုံလောက်သော အကြောင်းယှိသည်ဟု မတွေ့ယှိရပေ။ အဘယ့်ကြောင့်ဆိုသော် သေသူကထိုးနှင့် စရိုက်သည်ဟု ဆိုစေကာမူ၊ အယူခံတရားလိုက ဓါးနှင့်ထိုးရန် အကြောင်းမယှိပေ။ ဓါးနှင့် ထိုးရာမှာလည်း ဆရာဝန်၏ ထွက်ချက်အရ အလွန်ပြင်းထန်စွာ နှစ်ချက် ထိုးလိုက်ခြင်းဖြစ်သည်။ ဓါးမှာလည်း အလွန်ရှည်သော အသွားယှိပေသည်ဟု ဝင်ပေါက်နှင့် ထွက်ပေါက်များကို ကြည့်ခြင်းအားဖြင့် ပေါ်လွင်လျက်ယှိသည်။ ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ ပြုမူမှုဖြင့်ကာကွယ်ခုခံပိုင်ခွင့်မျိုး ယှိသည်ဟု မယူဆနိုင်ပေ၊ အလွန်ဆုံး သေသူကစ၍ ထိုးနှင့်ရိုက်မှုဖြင့် အယူခံတရားလိုမှာ စိတ်ဆိုးစရာ အကြောင်းယှိသည်။ ထိုစိတ်ဆိုးခြင်းမျိုးသည် ရုတ်တရက် ဒေါသထွက်ပြီး စိတ်ဆိုးသည့် အနေမျိုးသာလျှင် ဖြစ်နိုင်၍ ကြီးကျယ်သော စိတ်ဆိုးစရာအကြောင်း မဟုတ်ပေ၊ ထိုအကြောင်းနှင့် ပတ်သက်၍ အပြစ်ပေးရာ၌ သက်ညှာသင့် မသင့်ကို စဉ်းစားရန် သာယှိပေသည်။

အထက်တွင် ဖေါ်ပြသော အကြောင်းခြင်းရာများနှင့်တကွ သုံးသပ်ချက်များအရ အယူခံ လက်ခံနိုင်စရာ အကြောင်းမယှိသဖြင့် ပလပ်လိုက်သည်။ သို့သော် အယူခံတရားလို၏ ပြုမူမှုမှာ သေသူ၏ ရွှေထည်ပစ္စည်းများကို ရယူနိုင်ရန် လူသတ်မှု ကျူးလွန်သည်ဟု မဆိုနိုင်ပေ။ အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သော ဓါးနှင့် အယူခံတရားလိုက သေသူကို ထိုးပြီးမှ သေသူလဲကျအသွား ရွှေထည်ပစ္စည်းများကို ယူသဖြင့် ထိုရွှေထည်ပစ္စည်းများကို သေသူ သဘောမတူဘဲ မရိုးဖြောင့်သော စိတ်ဖြင့် ရယူခြင်းဖြစ်သည်။

ထို့ကြောင့် အယူခံ တရားလိုအပေါ် ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ဂ)အရ မှုပြစ်မြောက်သည်ဟု ယူဆရန် အကြောင်းမယှိပေ။ အယူခံတရားလို၏ ပြုမူမှုမှာ သေစေရန် အကြံအစည်ဖြင့် ဓါးနှင့်ထိုးသဖြင့် ထိုဓါးဒဏ်ရာများကြောင့် သေသူ သေဆုံးသွားရခြင်းဖြစ်သည်၊ ယင်းကဲ့သို့ ပြုမူမှုမှာလည်း တင်ကူးကြံရွယ်ချက် ယှိသည်ဟု အမှုတွင် မပေါ်လွင်ပေ။ ထို့ကြောင့် အယူခံတရားလိုသည် ရာဇသတ်ပုဒ်မ ၃၀၂ (၂)အရ မှုပြစ်ကျူးလွန်သည်ဟု ကျွန်ုပ်တို့တွေ့ယှိရသည်။ ၎င်းပြင် နယ်(လ်) ဆင်၊ ဦးတုတ်ပေါနှင့် မသန်းတင့်တို့၏ ထွက်ချက်များအရ ဓါးဒဏ်ရာများဖြင့် လဲနေသော မောင်

၁၉၆၉

မောင်စံသိန်း (ခ) မောင်သိန်း ဇော်

ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ မောင်စံသိန်း (ခ) မောင်သိန်း ဇော်။

ကျော်ညိမ်းကို သွားကြည့်ရာတွင် မောင်ကျော်ညိမ်း အသက်မပျောက်သေးပေ။ ဆရာဝန်ကလည်း ထိုဒဏ်ရာမှာ ချက်ခြင်းမသေနိုင်၊ နာရီဝက်မျှ အသက်ရှင်နိုင်သေးသည်ဟု ထွက်ဆိုထားရာ၊ သေသူ မသေမီကငင်းသဘောမတူဘဲ ရွှေထည် ပစ္စည်းများကို အယူခံတရားလိုက ရယူခြင်းမှာ သေသူ၏ပစ္စည်းကို အယူခံ တရားလိုသည် မရိုးဖြောင့်သောသဘောဖြင့် ရယူခြင်း ဖြစ်သောကြောင့် ရာဇသတ်ပုဒ်မ ၃၇၉ အရ မှုပြစ်မြောက်သည်ကိုလည်း ကျွန်ုပ်တို့ တွေ့ယူရသည်။

အပြစ်ဒဏ် ချမှတ်ရာ၌ ကျွန်ုပ်တို့သည် လေးနက်စွာ ဆင်ခြင်ကြသည်။ သေသူကစ၍ အယူခံတရားလိုအား ထိုးနှင့် ရိုက်သဖြင့် အယူခံတရားလိုမှာ စိတ်ထိခိုက်လာပြီး၊ ထိုအခါ၌လည်း အယူခံတရားလိုမှာ အရက်မူးနေ၍ ဓါးနှင့် နှစ်ချက်ထိုးမိသည်။ အယူခံတရားလိုအား ပြင်းထန်သော အပြစ်ဒဏ်ပေးရန် မသင့်ဟု ကျွန်ုပ်တို့ ယူဆသည့်အတိုင်း ယင်းမှုပြစ်အရ အယူခံတရားလိုအား အလုပ်နှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထို့ပြင်သေသူ၏ ရွှေထည်ပစ္စည်းများကို ၎င်းမသေမီက မရိုးဖြောင့်သော သဘောဖြင့် ရယူသော မှုပြစ်ကြောင့် အယူခံတရားလိုအား အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ အထက်ပါပြဆိုခဲ့သော ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန်ကိုလည်း အမိန့်ချမှတ်လိုက်သည်။

အယူခံတရားလိုသည် ဤရုံးမှ ချမှတ်လိုက်သော ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရမည်ဖြစ်သော ပြစ်ဒဏ်မှ အချုပ်ခံရသော ၁၉၆၆ ခု၊ အောက်တိုဘာလ ၃၁ ရက်နေ့မှ ၁၉၆၈ ခု၊ ဧပြီလ ၂၃ ရက်နေ့အထိ အချုပ်ခံရသောရက်ပေါင်း ၅၄၁ ရက်ကို ထုတ်နုတ်ပယ်ရမည်။

ယခုကဲ့သို့ ပုဒ်မများကို ပြောင်းလဲ၍ အပြစ်ဒဏ် ပေးလိုက်ခြင်းကြောင့် အယူခံတရားလိုတွင် ထိခိုက်နစ်နာမှု ယိုမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မူလရုံးက အယူခံတရားလိုအပေါ် စွဲချက်တင်စဉ်က ရာဇသတ်ပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ထားပြီး ဖြစ်သဖြင့်၊ အယူခံတရားလိုသည် မှုပြစ်အကြောင်းခြင်းရာများကို သိယှိပြီး ဖြစ်သည့်ပြင်၊ မည်ကဲ့သို့ ထုချေရမည်ကိုလည်း သိယှိပြီးဖြစ်သည်။

ထို့ပြင် မောင်စံလှိုင် (လိုပြ-၁၂)၏ လျှောက်ထားချက်နှင့် ပတ်သက်၍လည်း စဉ်းစားရန် ယှိပေသည်။ ၎င်းထံမှရဲက သိမ်းဆည်းသွားသော သက်သေခံပစ္စည်း အမှတ် (၄) ဒိုးပုံကြူတ်ပါသော ရွှေဆွဲကြိုးမှာ ခိုးရာပါပစ္စည်း ဖြစ်သည်ဟု တထစ်ချ မပေါ်လွင်ပေ။ အဘယ်ကြောင့်ဆိုသော် အယူခံတရားလိုသည် ခိုးရာပါပစ္စည်း ရွှေထည်

၁၉၆၉ — မောင်စံသိန်း (ခ) မောင်သိန်း ဇော် ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ မောင်စံသိန်း (ခ) မောင်သိန်း ဇော်။

များကို ရောင်းပြီးမှ ရသောငွေဖြင့် ထိုဒိုးပုံကြုတ် ရွှေဆွဲကြိုး ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ခိုးရာပါပစ္စည်း အသွင်ပြောင်းသွားခြင်း ဖြစ်ပေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးကျော်လင်း (၄) အမှုကိုကြည့်လေ။

ထို့ကြောင့် မူလရုံးမှ သက်သေခံပစ္စည်းအမှတ် (၄) ဒိုးပုံကြုတ်နှင့် ရွှေဆွဲကြိုးကို ဦးတုတ်ပေါ် (လိုပြ-၂)ထံသို့ ခံဝန်ချုပ်နှင့် ပေးထားသော အမိန့်ကို ပယ်ဖျက်လိုက်ပြီး၊ ယင်းပစ္စည်းကို မောင်စံလှိုင်(လိုပြ-၁၂)အား ပြန်လည်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

(၄) ၁၉၆၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ စာ ၃၁၇။

# နိုင်ငံတော် တရားရုံးချုပ်

## ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

မောင်တင်ထွန်း ပါ ၃ (လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (မဝင်းရီ) (လျှောက်ထားခံရသူ)*

† ၁၉၆၉

မတ်လ ၁၀ ရက်။

**ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၈ အရ အာမခံလျှောက်လွှာ—ရာဇသတ်ကြီး ပုဒ်မ ၃၆၆/၃၆၆/၁၁၄ အရ တရားစွဲဆိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုတွင် တရားလိုဖြစ်သူ လျှောက်ထားခံရသူအားပင် မစစ်ဆေးရသေးသဖြင့် အမှုနှင့်ပတ်သက်၍ လျှောက်ထားသူများသည်အမှုအတောအတွင်း အာမခံရသင့်သည်ဟု ဆုံးဖြတ်ရန်ခဲယဉ်းပေသည်။ မည်သို့ပင်ဖြစ်စေ လျှောက်ထားခံရသူ တိုင်းထန်းချက်အရ လျှောက်ထားသူများ၏ အနိုင် အထက်ပြုမှုချက်မှာ အမျိုးသမီးတဦး၏ လူနေမှုဘဝလုံခြုံရေးကို ထိပါးရာရောက်ကြောင်း တွေ့ရှိရသည့်အပြင် လျှောက်ထားသူများအား အမှုနှင့်ပတ်သက်၍ အာမခံပေးထားသင့်ကြောင်း ထူးခြားလုံလောက်သည့် အချက်အလက်များ ရှိသည်ဟုမတွေ့ရှိသောကြောင့် လျှောက်လွှာများကို လက်ခံနိုင်ရန် လုံလောက်သောအကြောင်းရှိသည်ဟုမဆိုနိုင်။

**လျှောက်ထားသူများအတွက်။** ။ဦးခင်းလှိုင်။

**လျှောက်ထားခံရသူ အတွက်။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဒေါ်မြသန်းနု။

တရားသူကြီး ဦးထွန်းတင်။ ။လျှောက်ထားသူ မောင်တင်ထွန်းနှင့် ဦးချစ်ဆိုတို့မှာ သား အဖဖြစ်ပြီး၊ တတိယ လျှောက်ထားသူ မောင်ဘိုဝင်းမှာ၎င်းတို့၏ မိတ်ဆွေဖြစ်လေသည်။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ် အထွေထွေ လျှောက်လွှာအမှတ် ၆၇။

† လျှောက်ထားသူများအား လယ်ဝေးမြို့ (၁) ရာဘက် ရာဇဝတ်တရားသူကြီးရုံး ရာကြီးမှုအမှတ် ၁၂၃/၆၈ တွင် ၁၉၆၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ကအာမခံပေးလိုက်သည်ကို လျှောက်ထားခံသူရ မဝင်းရီက မကျေနပ်၍ ပျဉ်းမနားမြို့ စက်ရှင်ရုံး ရာသေးမှု ၈/၆၈ တွင် အာမခံပယ်ဖျက်ပေးပါရန် လျှောက်ထားရာ ထိုရုံးမှ အာမခံပယ်ပြီး ပြန်လည်ဖမ်းဆီးရန်အမိန့်ချမှတ်လိုက်သည်ကို မကျေနပ်၍ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၉၈ အရ အာမခံလျှောက်လွှာ။

**၁၉၆၉**

**မောင်တင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မဝင်းရီ)။**

လျှောက်ထားသူများသည် လျှောက်ထားခံရသူ အသက် ၁၈ နှစ် ခန့်ရှိ မဝင်းရီအား ၁၉၆၈ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့ည ၇ နာရီ အချိန်ခန့်တွင် အမြှောက်နက်များဖြင့် ဆွဲခေါ်သွားသဖြင့် ရာဇသတ် ပုဒ်မ ၃၆၆/၃၆၆/၁၁၄ အရ၊ လယ်ဝေးမြို့ (၁) ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၁၂၃/၆၈ တွင် တရားစွဲတင်ခဲ့လေသည်။ ထိုရုံး၌ လျှောက်ထားသူများက ၁၉၆၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က အာမခံ ရရှိရန် လျှောက်ထားသည့် အခါ၊ ရဲအစီရင်ခံစာအရ၊ တရားလိုပြ သက်သေများကို စစ်ဆေးပြီးမှ အာမခံ စဉ်းစားသင့်ကြောင်း မှတ်ချက်ပြု ထားသော်လည်း၊ လျှောက်ထားသူများသည် ထွက်ပြေးတိမ်းရှောင်ခြင်း၊ သက်သေများ ဖျက်ဆီးခြင်း ပြုလုပ်ရန် အကြောင်းရှိသည်ဟု မပေါ်လွင်ဆိုပြီး အာမခံနှင့် နေထိုင်ရန် ခွင့်ပြုခဲ့ပေသည်။

ထိုသို့ အာမခံပေးလိုက်သည့် အမိန့်ကို လျှောက်ထားခံရသူမဝင်းရီက မကျေနပ်၍၊ ပျဉ်းမနားမြို့၊ စက်ရှင် တရားသူကြီးရုံး ရာဇဝတ်သေးမှု အမှတ် ၁၈/၆၈ တွင်၊ ရာဇသတ် ကျင့်ထုံး ပုဒ်မ ၄၉၇ (၅) အရ၊ အာမခံ ပယ်ဖျက်ပေးပါရန် လျှောက်ထားသည့် အခါ၊ စက်ရှင် တရားသူကြီးက အမှုတွင် သက်သေတဦး တယောက်မျှ မစစ်ဆေးရသေးမီ ရဲစက္ကူများဖြင့် အာမခံပေးထားသည်မှာ စောလွန်းသည်ဟု ယူဆရန် ရှိသည်ဆိုပြီး၊ မူလရုံးမှ အာမခံပေးထားသည့် အမိန့်ကို ပယ်ဖျက်လိုက်လေသည်။ ထို့အတွက်လျှောက်ထားသူများကရာဇသတ်ကျင့်ထုံး ပုဒ်မ ၄၉၈ အရ၊ အာမခံရယူရန် ထပ်မံလျှောက်ထားခဲ့ခြင်းဖြစ်သည်။

ယခု လျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားသူများ၏ ရှေ့နေကြီးက၊ မူလရုံးမှ အာမခံပေးခဲ့သည့် အမိန့်ကို စက်ရှင် တရားသူကြီးက ပယ်ဖျက်ရဝယ် လုံလောက်သည့် အကြောင်းရှိသည့် ပြဆိုချက်များ မယှိပါသဖြင့်၊ မူလရုံး အမိန့်ကို အတည်ပြုပြီး လျှောက်ထားသူများအား အာမခံပေးထားသင့်ကြောင်း တင်ပြလေသည်။

အစိုးရ အတွက် လိုက်ပါ ဆောင်ရွက်သည့် အစိုးရ ရှေ့နေကြီး ဒေါ်မြသန်းနုက ယခုအမှုတွင် တရားလိုဖြစ်သူ ကာယကံရှင် မဝင်းရီကိုပင် စစ်ဆေးခဲ့ခြင်း မရှိသေးသောကြောင့် အာမခံ အတွက် စဉ်းစားရန် စောလွန်းနေပါသေးသည်။ လျှောက်ထားခံရသူ တိုင်တန်းချက်နှင့် ရဲစက္ကူများကို ကြည့်ရှုမူ၊ လျှောက်ထားသူများ အပေါ် စွဲဆိုထားသည့် အမှုမှာ အခြေအမြစ် မယှိပါဟု မဆိုနိုင်ပါ။ ထို့ပြင် လျှောက်ထားသူများသည် အမှု အတောအတွင်း ၎င်းတို့အား အာမခံ ပေးထားရန် ထူးခြား လုံလောက်သည့် အကြောင်းများယှိပါသည်ဟု ပြဆိုနိုင်ခြင်းမယှိသဖြင့် ယခု အခိုက်

အတန့်တွင် လျှောက်ထားသူများအား အာမခံနှင့် ထားသင့်ပါသည်ဟု မဆိုနိုင် ပါဟု တင်ပြသွားလေသည်။

၁၉၆၉

မောင်တင်ထွန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မဝင်းရှိ)။

သက်ဆိုင်သည့် အောက်ရုံး အမှုတွဲနှင့် ရဲစက္ကူများကို လေ့လာသည်။ အမှုတွင် တရားလိုဖြစ်သူ လျှောက်ထားခံရသူ မဝင်းရှိအားပင် မစစ်ဆေးရသေးသဖြင့်၊ ယခု အမှုနှင့် ပတ်သက်၍ လျှောက်ထားသူများသည် အမှု အတော အတွင်း အာမခံ ရသင့်သည်ဟု ဆုံးဖြတ်နိုင်ရန် ခဲယဉ်းပေသည်။ မည်သို့ပင် ဖြစ်စေ၊ လျှောက်ထား ခံရသူ တိုင်တန်းချက် အရ၊ လျှောက်ထားသူများ၏ အနိုင် အထက် ပြုမူချက်မှာ၊ အမျိုးသမီးတဦး၏ လူနေမှု ဘဝလုံခြုံရေးကို ထိပါးရာရောက်ကြောင်း တွေ့ရှိရသည့် အပြင်၊ လျှောက်ထားသူများအား ယခု အမှုနှင့် ပတ်သက်၍ အာမခံ ပေးထားသင့် ကြောင်း၊ ထူးခြား လုံလောက်သည့် အချက်အလက်များ ယိုသည်ဟု မတွေ့ရှိရ သောကြောင့် လျှောက်လွှာများကို လက်ခံနိုင်ရန် လုံလောက်သော အကြောင်းယို သည်ဟု မဆိုနိုင် သောကြောင့် ပလပ်လိုက်သည်။

## နိုင်ငံတော်၌တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးသက်ဖေအို့ရှေ့တွင်၊

† ၁၉၆၉ မတ်လ ၁၁ ရက်။

မောင်သက်နိုင်း
မောင်ကြင်ဟုတ် } (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

**ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—တရားခံနှစ်ဦးသည် တဦးအပေါ် တဦးအပြစ်လွှဲချလျက်ယှိခြင်း—တရားခံတို့၏ ထုချေချက်ကိုမှုတည်၍ အတူ တရားစွဲဆိုခြင်း—သို့တည်းမဟုတ် တမှုစီခွဲ၍ တရားစွဲဆိုခြင်း ပြုသင့်သလောဆိုသည့် ပြဿနာကို ဆုံးဖြတ်ခြင်း ပြုသင့် မပြုသင့်။**

ပဌမ လျှောက်သူအပေါ် ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆၊ (၁)အရရင်း၊ ဒုတိယ လျှောက်သူအပေါ် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁)/၉ အရ ရင်း တရားစွဲဆိုခဲ့သည်။ တရားခံ ၂ ဦးသည် တဦးအပေါ် တဦး အပြစ်လွှဲချလျက်ယှိရာ။

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၃၉ (က) နှင့် (ခ) တို့ဘွင် ပူးပေါင်း၍ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူတို့ကိုရင်း၊ ကိုယ်သိလ.ာက်ရောက်ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော တရားခံကို အားပေးကူညီသည်ဟု စွပ်စွဲခံရသော တရားခံနှင့် ရင်းတမှုတည်းတွင် အတူတရားစွဲဆိုနိုင်ကြောင်း အတိအလင်း ခွင့်ပြုထားပေသည်။ တရားလိုဘက်မှ စွပ်စွဲချက်အပေါ် တွင်သာ မှုတည်၍ အတူ တရားစွဲဆိုခြင်းပြုသင့်သလော၊ တမှုစီခွဲ၍ တရားစွဲဆိုခြင်းပြုသင့်သလောဆိုသည့် ပြဿနာ ဆုံးဖြတ်ရမည်ဖြစ်သည်။ တရားခံတို့၏ ထုချေချက်ကိုမှုတည်၍ ဆုံးဖြတ်ခြင်းမပြုနိုင်ပေ။

**အန်ဝါခန် နှင့် ပြည်ထောင်စု၊** ၁၉၅၂၊ မြန်မာပြည် စီရင်ထုံး၊ ၃၃၁ (တရားလွှတ်တော်)။ **ဘိုးလန်း နှင့် အစိုးရ၊** ၁၉၄၇၊ ရန်ကုန်စီရင်ထုံး၊ ၃၇၉။ **အာဇင်အူဒင် နှင့် အစိုးရ၊** အတွဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး၊ ၆၇။ **ကျော်ဒွေး နှင့် အစိုးရ၊** အတွဲ ၁၊ ဘားမားလောဂျာနယ်၊ ၆၉ ခြားနား ပြသည်။ **မောင်မှတ်ကြီးနှင့် ပြည်ထောင်စု၊** ၁၉၆၀၊ မြန်မာပြည်စီရင်ထုံး၊ ၄၇၃ (တရားလွှတ်တော်) ရည်ညွှန်းလိုက်နာသည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၄၂(ခ)။ / ၂၁၅(ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံဝင်မှု အမှတ် ၂၃၊ ၂၄ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့စွဲပါ ထားဝယ်မြို့၊ စက်ရှင်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

**၁၉၆၉**

**မောင်သက်နှင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

**ပြင်ဆင်ရန်လျှောက်ထားသူများ အတွက်။** ။ဦးဘိုးသာ၊ ဦးမြင့်စိုး။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးလှသောင်း။

**တရားသူကြီး ဦးသက်ဖေ။** ။ထားဝယ်မြို့၊ ဒုတိယရာဇဝတ်တရားသူကြီး ရုံးမှ လျှောက်ထားသူ မောင်သက်နှင်း အပေါ် ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက် ဥပဒေပုဒ်မ ၆ (၁) အရရင်း၊ လျှောက်ထားသူ မောင်ကြင်ဟုတ် အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက် ဥပဒေ ပုဒ်မ ၆(၁)/၉ အရရင်း၊ အလုပ်နှင့် ထောင်ဏ် တနှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်ကို မကျေနပ်သဖြင့် ထားဝယ်မြို့ စက်ရှင်ရုံးသို့ အယူခံဝင်သော အခါ၊ စက်ရှင် တရားသူကြီးက မူလရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး၊ ၎င်းတို့ အပေါ် တမှုစီခွဲ၍ အသစ်တဖန် ပြန်လည် စစ်ဆေးရန် အမိန့်ချမှတ်လိုက်သောကြောင့်၊ ဤပြင်ဆင်မှုများ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

မောင်သက်နှင်းသည် ထားဝယ်မြို့ ရဲတပ်ဖွဲ့ရှိ မော်တော်ယာဉ်ဌာနတွင်၊ ဒု-တပ်ကြပ် အဆင့်ရှိသည့် စက်ပြင် ဆရာဖြစ်သည်။ မောင်ကြင်ဟုတ်မှာ မော်တော်ယာဉ်ဌာနကို တာဝန်ခံ အုပ်ချုပ်ရသည့် ဒု-လုံခြုံရေးမှူးဖြစ်သည်။ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက် နေ့တွင် ထားဝယ်ခရိုင် ကြီးကြပ်ရေးမှူး (ပြည်သူ့ရဲ) ဦးဘသွင်သည်၊ ၎င်းတို့နှစ်ဦး အား မော်တော်ယာဉ် အပို ပစ္စည်းများ ဝယ်ယူရန်၊ ငွေ ၁,၉၆၆ ကျပ်-၅၀ ပြားနှင့် ယာဉ် ပစ္စည်း ကုန်ဝယ်စာအုပ် ၁၈ အုပ်တို့ကို အပ်ပေးလိုက်ပြီး၊ ရန်ကုန်မြို့သို့ စေလွှတ်လိုက်သည်။ ရန်ကုန်မြို့သို့ ရောက်သော အခါ၊ ၎င်းတို့သည် ပါလာသော ကုန်ဝယ်စာအုပ်များဖြင့်၊ ဘက်ထရီအိုး ၁၃ လုံး ဝယ်ယူခဲ့ကြသည်။ ထိုဘက်ထရီအိုး ၁၃ လုံး အနက် ၄ လုံးမှာ ရဲတပ်ဖွဲ့မှ ပေးလိုက်သော ငွေနှင့် မလောက်သဖြင့်၊ မောင်သက်နှင်းက ၎င်း၏ ငွေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထို့နောက် မောင်သက်နှင်း သည် ဩဂုတ်လဆန်းတွင် ထားဝယ်မြို့သို့ တဦးတည်း အရင်ပြန်သွားသည်။ မောင် ကြင်ဟုတ်က ဘက်ထရီအိုးများကို ရွှေနဂါး သင်္ဘောဖြင့်၊ ရန်ကုန်မှ ထားဝယ်သို့ ပို့လိုက်သည်။

မောင်သက်နှင်းက ရဲတပ်ဖွဲ့၏ စတိုး တာဝန်ခံ ရဲတပ်ကြပ်ကြီး မောင်ဘသန်းအား၊ ၎င်း၏ ငွေဖြင့် ဝယ်ခဲ့သည့် ဘက်ထရီအိုး ၄ လုံး ပါလာမည် ဖြစ်ကြောင်း ကြိုတင် အကြောင်းကြားထားသဖြင့်၊ ရွှေနဂါး သင်္ဘော ရောက်လာသော အခါ၊ ထိုသင်္ဘော ဖြင့် ပါလာသည့် ဘက်ထရီအိုး ၈ လုံး အနက်မှ ၄ လုံးကို မောင်ဘသန်းသည် မောင်သက်နှင်းအား ပေးလိုက်သည်။ ရဲတပ်ဖွဲ့ အနေဖြင့် ဘက်ထရီအိုး ၄ လုံးသာ ရယူခဲ့ပေသည်။

၁၉၆၉

မောင်သက်နှင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ထိုကဲ့သို့ ဘက်ထရီအိုးများကို မောင်သက်နှင်းအား ပေးလိုက်ပြီးနောက် ၁၀ ရက် လောက်ကြာမှသာ မောင်ကြင်ဟုတ်သည် ထားဝယ်မြို့သို့ ပြန်လည် ရောက်ရှိလာပေ သည်။ ပြန်ရောက်လာပြီးနောက် မောင်ကြင်ဟုတ်သည် ကံဘောက် ရဲတပ်စခန်းသို့ ပြောင်းရွှေ့သွားရပြီး မော်တော်ယာဉ်ဌာနသို့ တာဝန်ခံအဖြစ် ဦးစံမောင်မြ ရောက်လာ သည်။ ဦးစံမောင်မြသည်၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့သို့ လာရောက်ပြီးရဲတပ်ဖွဲ့အတွက် ဘက်ထရီအိုးများ ဝယ်ယူသောအခါ၊ ယာဉ် ပစ္စည်း ကုန် ဝယ်စာအုပ်အချို့မှာ ၆ လ အတွင်း ဘက်ထရီအိုးများ ဝယ်ယူထားပြီး ဖြစ်ကြောင်း တွေ့ရှိသဖြင့်၊ ခရိုင် ကြီးကြပ်ရေးမှူးအား တိုင်တန်းလိုက်၍ စုံစမ်းကြည့်ရာ၊ မောင်သက် နှင်း နှင့် မောင်ကြင်ဟုတ်တို့သည် ရဲအဖွဲ့ပိုင် ကုန်ဝယ် စာအုပ်ဖြင့်၊ ဘက်ထရီအိုး ၁၃ လုံးဝယ်ယူခဲ့သော်လည်း ၄ လုံးကိုသာ ရဲအဖွဲ့သို့ ပေးသွင်းခဲ့ပြီး၊ ၄ လုံးကို မောင် သက်နှင်းက ၎င်း၏ ငွေဖြင့် ဝယ်ယူခဲ့သဖြင့်၊ ၎င်း၏ ပစ္စည်းဖြစ်သည်ဟု ဆိုကာ တဆင့် ရောင်းချခဲ့ကြောင်း ပေါ်ပေါက်လာသောကြောင့် ၎င်းတို့ အပေါ် ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး အက် ဥပဒေ အရ၊ တရားစွဲဆိုခဲ့ခြင်း ဖြစ်လေသည်။

မောင်သက်နှင်းက ရဲအဖွဲ့မှပေးလိုက်သော ငွေမလုံလောက်သဖြင့်၊မောင်ကြင်ဟုတ် ၏ ခွင့်ပြုချက်အရ၊ ဘက်ထရီအိုး ၄ လုံးကို မိမိ၏ ငွေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဝယ်ယူခဲ့သော ဘက်ထရီအိုးများသည် ပြည်သူ့ပိုင် ပစ္စည်းမဟုတ်၍ ဖြစ်မှု ကျူးလွန်ခြင်း မရှိကြောင်း ထုချေသည်။ မောင်ကြင်ဟုတ်က မိမိသည် စက် အကြောင်း နားမလည်၍၊ ငွေနှင့် ကုန်ဝယ်စာအုပ်များကို မောင်သက်နှင်းအား အပ်နှံထားခဲ့သဖြင့်၊ ဘက်ထရီအိုးများကို မောင်သက်နှင်းကပင် ဝယ်ခြမ်းခဲ့ကြောင်း၊ မောင်သက်နှင်းအား ဘက်ထရီအိုး ၄ လုံးကို၊ ၎င်း၏ ငွေဖြင့် ဝယ်ရန် ခွင့်မပြုခဲ့ရ ကြောင်း ထုချေလေသည်။ သို့ရာတွင် မူလရုံးမှ ၎င်းတို့၏ ထုချေချက်များကို လက်မခံ ဘဲ၊ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ပြစ်ဒဏ် ထင်ရှား စီရင်ခဲ့ပေသည်။ ထိုကဲ့သို့ ပြစ်ဒဏ် ထင်ရှားစီရင်ခြင်းကို မကျေနပ်၍၊ စက်ရှင်ရုံးသို့ အယူခံဝင်သောအခါ၊ စက်ရှင် တရားသူကြီးက တရားခံ နှစ်ဦးသည် တဦးအပေါ် တဦး အပြစ်လွှဲချလျက် ရှိရာ၊ ထိုတရားခံ နှစ်ဦးအား တမှုတည်းတွင် စစ်ဆေး စီရင်ခြင်း မပြုနိုင်ကြောင်း၊ တဦးကို တမှုစီခွဲ၍ စစ်ဆေးမှသာ၊ မှန်ကန်သော ဆုံးဖြတ်ချက်ရနိုင်မည် ဖြစ်ကြောင်း ဖေါ်ပြ၍၊ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ကာ လျှောက်ထားသူ နှစ်ဦး အပေါ် တမှုစီ အသစ် ပြန်လည် စစ်ဆေး စီရင်ရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

မောင်သက်နှင်း၏ တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာက၊ လျှောက်ထားသူတို့အား တမှုစီခွဲ၍ ပြန်လည် စစ်ဆေးရန် ချမှတ်ခဲ့သောစက်ရှင်ရုံး၏ အမိန့်သည်၊ တရားဥပဒေ နှင့် ညီညွတ်ခြင်း မရှိသဖြင့် ပယ်ဖျက်သင့်ကြောင်း၊ ဘက်ထရီအိုး ၄ လုံးမှာ

၁၉၆၉

မောင်သက်နှင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဓိမိ‌ငွေဖြင့် ဝယ်လာသည့် ပစ္စည်းဖြစ်၍ ပြည်သူပိုင်ပစ္စည်း မဟုတ်ကြောင်း တင်ပြလာပြီး၊ မောင်ကြင်ဟုတ်၏ တရားရုံးချုပ် ရှေ့နေ ဦးမြင့်စိုးကလည်း၊ လျှောက်ထားသူတို့ အနေဖြင့် မူလ ရုံးမှ ချမှတ်ခဲ့သော အပြစ်ဒဏ်များကို ကျခံပြီးဖြစ်ရာ၊ ၎င်းတို့အား အသစ်တဖန် ပြန်လည် စစ်ဆေးစေခြင်းအားဖြင့်၊ တရားမျှတမှုဖြစ်စေရန် အကြောင်း မသို့ရှိ၍၊ အောက် အယူခံရုံး၏ အမိန့်ကို ပယ်ဖျက်သင့်ကြောင်း၊ မောင်သက်နှင်းက ဘက်ထရီအိုး ၄ လုံးကို ယူစဉ်က၊ မောင်ကြင်ဟုတ်သည် ထားဝယ်သို့ ပြန်မရောက် သေးသဖြင့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုရာ၌ အားပေး ကူညီခဲ့သည်ဟု မယူ ဆနိုင်ကြောင်း လျှောက်လဲသွားသည်။

အောက်အယူခံရုံးမှ တရားခံ နှစ်ဦးသည် တဦး အပေါ် တဦး အပြစ်လွှဲချလျက် ယိုလျှင်၊ ထိုတရားခံများအား တမှုထည်းတွင် တရားစွဲဆိုခြင်း မပြုနိုင်ဘဲ၊ တမှုစီခွဲ၍ တရားစွဲဆိုရမည် ဆိုသော ဆုံးဖြတ်ချက်နှင့် ပတ်သက်၍၊ **အန်ဝါ နှင့် ပြည်ထောင်စု** (၁) တို့ စီရင်ထုံးကို ကိုးကားခဲ့သည်။ ထိုစီရင်ထုံးသည် **ဘိုးလန်း နှင့် အစိုးရ** (၂) **စီရင်ထုံး** ကို မှီငြမ်းခဲ့ပေသည်။ **ဘိုးလန်း နှင့် အစိုးရ** (၂) တို့ အမှု၌ တရားခံ နှစ်ဦးအား စွဲဆိုရာ၌၊ တဦးမဟုတ်က တဦးဖြစ်ရမည် ဟူသော အမှုမျိုး၊ သို့တည်း မဟုတ်၊ တရားခံ နှစ်ဦးသည် တဦး အပေါ် တဦး အပြစ်လွှဲချလျက် ယိုသည့် အမှုမျိုးတွင် တရားခံများ အား တမှုစီခွဲ၍ စစ်ဆေး စီရင်ရမည်ဟု ဆုံးဖြတ်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် ထိုအမှု၌ တရားလိုပြ သက်သေအချို့မှာ၊ တရားခံတဦးကသာလျှင်သတ်မှု ကျူးလွန်ကြောင်း ထွက်ဆိုကြပြီး၊ အခြား တရားလိုပြ သက်သေတို့ကမူ၊ အခြားတရားခံသာ ပြစ်မှု ကျူးလွန်သည်ဟု ထွက်ဆိုခဲ့ကြခြင်းဖြစ်၍၊ ပြစ်မှုကျူးလွန်သူသည် တရားခံ တဦး မဟုတ်က၊ ကျန် အခြားတရားခံဖြစ်သည်ဆိုသော အမှုမျိုးသာ ဖြစ်ပေသည်။ **ဘိုးလန်း နှင့် အစိုးရ** (၂) တို့အမှုကိုဆုံးဖြတ်ရာ၌ **အာဇင်အူဒင်နှင့် အစိုးရ** (၃)၊ **ကျော်ဒွေး နှင့် အစိုးရ** (၄) တို့ အမှုများကို လိုက်နာခဲ့ပေသည်။ ထိုအမှုများ တွင် ပြစ်မှုကျူးလွန်သူသည် တရားခံ နှစ်ဦး ယိုသည့် အနက် တဦးမဟုတ်က၊ တဦးဖြစ်သည် ဆိုသော အမှုမျိုး၌၊ တရားခံ နှစ်ဦးအား တမှုထည်းတွင် မစစ်ဆေးနိုင်ဘဲ တမှုစီခွဲ၍ စစ်ဆေးရမည်ဟု ဆုံးဖြတ်ထားခြင်းသာ ဖြစ်သည်။ တရားခံတဦးက၊ အခြား တရားခံ တဦး အပေါ် အပြစ်လွှဲချနေသည့် အမှုမျိုးနှင့် အကျုံးဝင်သည်ဟု

(၁) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံး ၃၃၁ (တရားလွှတ်တော်)။

(၂) ၁၉၄၇ ခု၊ ရန်ကုန်စီရင်ထုံး ၃၇၉။

(၃) အတွဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး ၆၀။

(၄) အတွဲ ၁၊ ဘားမားလော ဂျာနယ် ၆၉။

၁၉၆၉

မောင်သက်နှင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စီရင် ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ချေ။ ယင်း ကိစ္စနှင့် ပတ်သက်၍ **မောင်မှတ်ကြီးနှင့် ပြည်ထောင်စု** (၅) သို့ အမှုတွင်၊ သက်ဆိုင်ရာ စီရင်ထုံးများကို အသေးစိတ် ဝေဖန်ကာ၊ တရားခံ နှစ်ဦး အနက် ပြစ်မှုကျူးလွန်သူသည်၊ တဦး မဟုတ်က တဦးဖြစ်သည် ဆိုသော စွပ်စွဲသည့် အမှုမျိုး၌သာ၊ တရားခံတို့ကို တမှုစီခွဲ၍ စစ်ဆေး စီရင်ရန် လိုပြီး၊ တရားခံ တဦးက အခြား တရားခံ တဦး အပေါ် အပြစ် လွှဲချနေသည့် အမှုမျိုးနှင့် သက်ဆိုင်ခြင်း မယို့ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့လည်း သဘောတူသည်၊ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၃၉ (က) နှင့် (ခ) တို့တွင် ပူးပေါင်း၍ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူတို့ကို ၎င်း၊ ကိုယ်ထိ လက်ရောက် ပြစ်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသော တရားခံကိုအားပေး ကူညီသည်ဟု စွပ်စွဲခံရသော တရားခံနှင့်၎င်း၊ တမှုထည်းတွင် အတူတရားစွဲဆိုနိုင်ကြောင်း အတိအလင်း ခွင့်ပြုထားပေသည်။ တရားလိုဘက်မှ စွပ်စွဲချက် အပေါ်တွင်သာ မူတည်၍ အတူ တရားစွဲဆိုခြင်း ပြုသင့် သလော၊ တမှုစီခွဲ၍ တရားစွဲဆိုခြင်း ပြုသင့်သလော ဆိုသည့် ပြဿနာကို ဆုံးဖြတ်ရမည် ဖြစ်သည်။ တရားခံတို့၏ ထုချေချက်ကို မူတည်၍ ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ တရားခံတို့၏ ထုချေချက်ကို မူတည်၍ ဆုံးဖြတ်ရမည်ဆိုလျှင်၊ တရားခံ တဦးထက် များသော အမှုများ၌၊ အများအားဖြင့် ဤအမှုတွင် ဖြစ်ပေါ်လျက်ယှိသည့် ပြဿနာမျိုး ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ မိုးမဆုံး မြေမဆုံး အမှုများ တိုးပွါးဘွယ်ရာ အကြောင်းယှိနေပေသည်။

ယခု အမှုတွင် မောင်သက်နှင်းအား ပြည်သူပိုင် ပစ္စည်း အလွဲသုံးစားမှုဖြင့် ၎င်း၊ မောင်ကြင်ဟုတ် အပေါ် ထိုကဲ့သို့ အလွဲသုံးစားခြင်းကို အားပေး ကူညီမှုဖြင့်၎င်း တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ မူလရုံးမှလည်း ၎င်းတို့ အပေါ် စွဲဆိုသည့် ပြစ်မှုများအရ၊ ပြစ်ဒဏ် ထင်ရှားစီရင်ခဲ့ပေသည်။ ၎င်းတို့ အပေါ် စွဲဆိုသည့် အမှုများမှာ၊ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၃၉ (ခ) နှင့် တိုက်ရိုက် အကျုံးဝင်နေသဖြင့်၊ ၎င်းတို့အား မူလရုံးမှ တမှုတည်း၌ ကြားနာစစ်ဆေးခဲ့ခြင်းသည်၊ ဥပဒေနှင့် ဆန့်ကျင်နေသည်ဟုမည်သို့မျှ မဆိုနိုင်သည့် အလျောက်၊ ၎င်းတို့ နှစ်ဦးအား တမှုစီခွဲ၍ ထပ်မံ စစ်ဆေးရန်အမိန့် ချမှတ်ခဲ့သည့် စက်ရှင်ရုံး၏ အမိန့်သည်၊ ထင်ထင်ရှားရှား မှားယွင်းနေကြောင်း ပေါ်လွင်နေသဖြင့်၊ ကျွန်ုပ်တို့ အနေဖြင့် ပယ်ဖျက်ရမည် ဖြစ်သည်။

မောင်သက်နှင်းက ၎င်း၏ ငွေဖြင့် ဝယ်ယူခဲ့သော ဘက်ထရီအိုး ၄ လုံးသည် ပြည်သူပိုင် ပစ္စည်း ဟုတ် မဟုတ်၊ ပြည်သူပိုင် ပစ္စည်း ဖြစ်ပါက ထိုပစ္စည်းကိုမောင်သက်နှင်းက၊ အလွဲသုံးစား ပြုလုပ်ရာ၌၊ မောင်ကြင်ဟုတ်သည် အားပေးကူညီခဲ့ခြင်း ယှိ-မယှိ

(၅) ၁၉၆၀ ခု၊ မြန်မာပြည် စီရင်ထုံး ၄၇၃ (တရားလွှတ်တော်)။

ဆိုသော ပြဿနာတို့မှာ အောက်အယူခံရုံးမှ ဆုံးဖြတ်ရမည့် ကိစ္စများဖြစ်၍၊ ကျုပ်နိုင်တို့အနေဖြင့် ဘာစုံတရာ ဝေဖန်ခြင်း မပြုလိုပေ။

အထက်ပါ အကြောင်းများကြောင့်၊ လျှောက်ထားသူ မောင်သက်နှင်း နှင့် မောင်ကြင်ဟုတ်တို့အား ပြစ်ဒဏ်ထင်ရှား စီရင်ခဲ့သည့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ ၎င်းတို့အား တမှုစီခွဲ၍ ပြန်လည် စစ်ဆေးရန် ချမှတ်ခဲ့သော စက်ရှင်ရုံး၏ အမိန့်ကို ပယ်ဖျက်ကာ၊ ၎င်းတို့၏ အယူခံလွှာများကိုတရားဥပဒေအရ၊ ဆက်လက်ကြားနာဆုံးဖြတ်ရန်၊ ထားဝယ်မြို့၊ စက်ရှင်တရားသူကြီးအား ညွှန်ကြားလိုက်သည်။

၁၉၆၉

မောင်သက်နှင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

# နိုင်ငံတော် တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးစိန်သင်းရွှေတွင်

† ၁၉၆၈

ဇွန်လ ၁၅ ရက်။

မောင်သောင်းဖေ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

**၁၉၆၃ ခုနှစ်၊ အမျိုးသားနှင့်သက်ဆိုင်သောပစ္စည်းကို ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပစ္စည်းတစုံတရာဖြင့် ယုံမှတ်အပ်နှံခြင်း ခံရသူသည် ထိုပစ္စည်းနှင့် ပတ်သက်၍ စာရင်းအင်းမပြနိုင်ခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၄ အရ ၎င်း၏အကျိုးနှင့်ဆန့်ကျင်သည့် အခြင်းအရာများယှဉ်ကြောင်း တရားရုံးကမှတ်ယူခွင့်ယှဉ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းတစုံတရာဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းနှင့်ပတ်သက်၍ စာရင်းအင်းမပြနိုင်လျှင်၊သို့တည်းမဟုတ်မိမိတင်ပြသောစာရင်းသည်မယုံကြည်ထိုက်သည့်လိမ်လည် ဖေါ်ပြထားသောစာရင်းဖြစ်ကြောင်းပေါ်လွင်လျှင် ၎င်းအပေါ်၌ သက်သေခံဥပဒေပုဒ်မ ၁၀၄ အရ ၎င်း၏အကျိုးနှင့် ဆန့်ကျင်သည့် အခြင်းအရာများယှဉ်ကြောင်း တရားရုံးကမှတ်ယူခွင့်ယှိသည်။

**ဆိုနာမိယာ နှင့် နိုင်ငံတော်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ ၄၇၆ ရည်ညွှန်းသည်။**

**အယူခံတရားလိုအတွက်။** ။

**အယူခံတရားခံအတွက်။** ။အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးဇင်။

**တရားသူကြီး ဦးစိန်သင်း။** ။အယူခံတရားလို မောင်သောင်းဖေသည်၊ မင်းလှမြို့နယ်၊ ကုန်သွယ်ရေးဌာန လက်အောက်ယှိ ရေနံမပြည်သူ့ဆိုင်တွင် ဆိုင်တာဝန်ခံအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၄ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်မောင်သောင်းဖေသည် မင်းလှမြို့သို့ ပြောင်းရွှေ့ရသဖြင့် မိမိ၏အလုပ်ဝတ္တရားများကို မောင်ဝမ်းမောင် (လိုပြ-၂) အား လွှဲအပ်ပေးခဲ့ရသည်။ ထိုသို့လွှဲအပ်ခဲ့ရာ၌၊ စာရင်းပိုနေသည့် ဖလန်နယ် ဂိုက် ၃၀၊ နို့ဆီဘူး အလုံးပေါင်း ၂၄၀၊ စေးနဲဆန် ၁ တင်းနှင့် သာကူစေ့ ၄ ပိဿာ.

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၇၅။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင် ချမှတ်သော ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့စွဲပါ သရက်မြို့၊ ဒုတိယအထူးတရားသူကြီး၏အမိန့်ကိုအယူခံမှု။

ကို မိမိ၏အိမ်သို့ ပို့လိုက်လေသည်။ ၁၉၆၄ ခု၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မင်းလှမြို့မှ လက်ထောက် ဆိုင်တာဝန်ခံ ဦးသက်လွင် နှင့် နလက ဥက္ကဋ္ဌတို့ ရောက်ယှိလာပြီး ထိုဆိုင်ကို စစ်ဆေးလေသည်။ ဦးသက်လွင်တို့သည်ဆိုင်ယှိပစ္စည်းများကို စစ်ဆေးပြီး ဆိုင်တွင်ထားယှိသည့် ဘင်ကပ်ပြားများကို သိမ်းဆည်းလိုက်သည်။ ထို့နောက် ဆက်လက် စစ်ဆေးခြင်းများ ပြုလုပ်သောအခါ၊ ငစိန် စက်ကလေးဆန် ၂၇၈ အိတ်နှင့် ဇီယာ စက်ကလေးဆန် ၅၁ အိတ် လိုနေသည်ကို တွေ့ယှိရသည်။ စာရင်းကွာနေသည့်ပစ္စည်းစုစုပေါင်း တန်ဘိုးမှာ ခြောက်ထောင်ကျော် ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ မောင်သောင်းဖေအပေါ်၌၊ သရက်မြို့၊ ဒုတိယအထူးတရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီး မှုအမှတ် ၃၃ တွင်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ၊ တရားစွဲဆို တင်ပို့ခဲ့သည်။ မူလရုံးတရားသူကြီးသည်မောင်သောင်းဖေအား၊ အဆိုပါပုဒ်မအရ မှုပြစ်ထင်ရှားစီရင်၍၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုစီရင်ချက်နှင့် အမိန့်တို့ကို မကျေနပ်သဖြင့်၊ ယခုကျွန်ုပ်ရှေ့ရှိအယူခံလွှာကို၊ တင်သွင်းခြင်းဖြစ်သည်။

မှုလရုံးတွင် မောင်သောင်းဖေက မိမိသည် ဆိုင်ရှိပစ္စည်းများအားလုံးကို စာရင်းပြုလုပ်ပြီး၊ မောင်ဝမ်းမောင်အား လွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။ စာရင်းတွင် ပိုနေသည့်ပစ္စည်းများကို မိမိအိမ်သို့ယူဆောင်သွားသည်ဆိုခြင်းမှာ မမှန်ကန်ပါ။ ဆိုင်တွင်ပင်ထားပစ်ခဲ့ပါသည်။ ဆန်အိတ်များလျော့နည်းနေခြင်းနှင့် ပတ်သက်၍ မိမိအားတရားစွဲဆိုသောအခါမှ သိရှိရခြင်းဖြစ်ပါသည် အစယှိသဖြင့်ထုချေခဲ့သည်။ မောင်သောင်းဖေသည်ဖလန်နယ်အထည်အလိပ်များ၊နို့ဆီသေတ္တာများ နှင့်သံပုံးများကို မိမိ၏ယောက္ခမအိမ်သို့သယ်ယူသွားခဲ့ကြောင်း မောင်ထွန်းမြင့်(လိုပြ-၃)၊ မောင်ထွန်းကြည်(လိုပြ-၄) နှင့်မောင်ခင်မောင်သန်း (လိုပြ-၅) တို့ကတညီတညွတ်တည်း ထွက်ဆိုထားကြသည်။ ၎င်းတို့၏ အစစ်ခံချက်များကို ဦးမောင်(လိုပြ-၆)နှင့် ကိုကျော်တင့်(လိုပြ-၇)တို့ကလည်းထောက်ခံထွက်ဆို ထားကြသည်။ မောင်သောင်းဖေ၏ ယောက္ခမ ဖြစ်သူဒေါ်စောလှိုင် (လိုပြ-၈)ကိုယ်တိုင်ကလည်း ဖလန်နယ် ၂၁ ကိုက်နှင့်နို့ဆီဘူးများကို မောင်သောင်းဖေက ရောင်းခိုင်းသဖြင့် ရောင်းလိုက်ရကြောင်း ဝန်ခံထားသည်။ ထိုပစ္စည်းများသည် ပြည်သူ့ဆိုင်မှ ပစ္စည်းများဖြစ်သည်။ စာရင်းတွင်ပိုနေစေကာမူ ထိုပစ္စည်းများကို ရောင်းပိုင်ခွင့်မယှိချေ။ ထိုကြောင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ မောင်သောင်းဖေသည် မိမိအပေါ်၌ တင်သွင်းထားသည့် စွဲချက်အရပြစ်မှုကျူးလွန်ကြောင်းထင်ရှားလေသည်။ ဆန်အိတ်များနှင့် ပတ်သက်၍လည်း မောင်သောင်းဖေသည်လုံလောက်သည့်အကြောင်း တစုံတရာပြသနိုင်ခြင်း မယှိချေ။ ဂိုဒေါင်တာဝန်ခံဖြစ်သူ မောင်ကြက် (လိုပြ-၁၄)၏အစစ်ခံချက်အရ မောင်သောင်းဖေ အုပ်ချုပ်ရသည့်

၁၉၆၈

---

မောင်သောင်းဖေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ခ၉၆၀

မောင်သောင်းဖေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဆိုင်သို့ ငစိန်စက်ကလေး ဆန် ၄,၃၄၁ အိတ်နှင့် ဇီယာစက်ကလေးဆန် ၁,၇၅၁ အိတ် ထုတ်ပေးခဲ့ကြောင်း သက်သေခံ အထောက်အထား ရယူခဲ့သည်။ သို့ရာတွင်တရားခံရေးသွင်းသည့် ဘင်ကပ်ပြား စာရင်းအရမူ ငစိန်စက်ကလေး ဆန် ၄,၀၆၃ အိတ်နှင့် ဇီယာစ က်ကလေး ဆန် ၁,၇၀၀ အိတ်သာ ရယူကြောင်း တွေ့ယူရသည်။ ကွာခြားနေသည့် ဆန်အိတ်များနှင့် ပတ်သက်၍၊ မောင်သောင်းဖေသည် တစုံတရာရှင်းလင်း နိုင်ခြင်း မယူပေ။ ပစ္စည်းတစုံတရာဖြင့် ယုံမှတ်အပ်နှံခြင်း ခံရသူသည် ထိုပစ္စည်းနှင့် ပတ်သက်၍ စာရင်းအင်း မပြနိုင်လျှင်၊ သို့တည်းမဟုတ် မိမိတင်ပြသော စာရင်းသည် မယုံကြည်ထိုက်သည့် လိမ်လည်ဖေါ်ပြထားသော စာရင်းဖြစ်ကြောင်း ပေါ်လွင်လျှင် ၎င်းအပေါ်၌ သက်သေခံဥပဒေပုဒ်မ ၁၁၄ အရ ၎င်း၏အကျိုးနှင့် ဆန့်ကျင်သည့်အခြင်းအရာများ ယူကြောင်း တရားရုံးက မှတ်ယူခွင့်ယူသည်။ ယင်းမူအတိုင်းပင်လျှင် ဆိုနာမီယာနှင့် နိုင်ငံတော် (၁) အမှုစီရင်ထုံး၌ ကျင့်သုံးထားသည်ကို တွေ့ယူနိုင်သည်။

ယခုကျွန်ုပ်ရှေ့ယူအမှုတွင်လည်း မောင်သောင်းဖေသည် ဆန်အိတ်များဖြင့်ယုံမှတ်အပ်နှံခြင်းခံရသူဖြစ်သည်။ထိုဆန်အိတ်များအနက် စာရင်းမပြနိုင်သည့် ဆန်အိတ်များနှင့်စပ်လျဉ်း၍ မောင်သောင်းဖေသည် ယုံကြည်ထိုက်သည့် ရှင်းလင်းချက်များ တင်ပြနိုင်ခြင်းမယူချေ။ထိုကြောင့် ၎င်းအပေါ်၌မူလရုံးတရားသူကြီးက၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရမူပြစ်ထင်ရှား စီရင်ခြင်းကို ဝင်ရောက်စွပ်ဖက်ရန် အကြောင်းမမြင်ချေ။ မောင်သောင်းဖေအပေါ်၌ ချမှတ်ထားသည့်ပြစ်ဒဏ်မှာလည်း အဆိုပါပုဒ်မအရ အနည်းဆုံး သတ်မှတ်နိုင်သည့်ပြစ်ဒဏ်ဖြစ်သည်။ ထိုကြောင့် မောင်သောင်းဖေ၏ အယူခံလွှာကို ပလပ်လိုက်သည်။

---

(၁) ရန်ကုန်စီရင်ထုံး အတွဲ ၂၊ စာ ၄၇၆။

# နိုင်ငံတော် တရားရုံးချုပ်

## တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦး နှင့် ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်။

အက်(စ်)ပီအက်(စ်)ဗါရန် (အယူခံဘရားလို)

နှင့်

မန်နေဂျာ၊ပြည်သူ့ဘဏ် အမှတ် ၁/၆ မောင်းတော
(အယူခံတရားခံ) *

**တရားမကျင့်ထုံးပုဒ်မ ၈၀—နို့တစ်စာပေးရန်လိုအပ်သောအမှုနှစ်မျိုးနှစ်စားယှဉ်ခြင်း—ပဌမအမျိုးအစားဖြစ်သည့်အစိုးရကိုစွဲသည့် အမှုမျိုး၌ နို့တစ်စာပေးရန်လိုခြင်း—ဒုတိယအမျိုးအစားဖြစ်သည့် ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့်အမှုမျိုးနှင့် ပတ်သက်၍မှု ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ရာထူးအလိုက်ဆောင်ရွက်ခဲ့သည့်ပြုမှုချက်နှင့် ကျူးဝင်မှ နို့တစ်စာပေးရန် လိုခြင်း။**

အယူခံတရားလိုက အယူခံတရားပြိုင် ပြည်သူ့ဘဏ် မန်နေဂျာအပေါ် မြွက်ဖော်ချက် ဒီကရီရလိုကြောင်း တရားစွဲဆိုသည်။

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ပုဒ်မ ၈၀ မှာ နို့တစ်စာပေးရန်လိုအပ်သည့် အမှုနှစ်မျိုးနှစ်စားယှဉ်ပေသည်။ ပဌမအမျိုးအစားမှာ အစိုးရကိုစွဲဆိုသည့်အမှုဖြစ်ပြီး၊ ဒုတိယအမျိုးအစားမှာ ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့်အမှုပင်ဖြစ်သည်။ပဌမအမျိုးအစားဖြစ်သည့်အစိုးရကို စွဲဆိုသည့်အမှုတိုင်း၌ နို့တစ်စာပေးရန်လိုသည်။နို့တစ်စာမပေးဘဲ လုံးဝတရားစွဲဆိုခြင်းမပြုနိုင်။ ဒုတိယအမျိုးအစားဖြစ်သည့် ပြည်သူ့ဝန်ထမ်းအားစွဲဆိုသည့်အမှုနှင့်ပတ်သက်၍မှု ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ရာထူးအလိုက်ဆောင်ရွက်ခဲ့သည့်ပြုမှုချက်နှင့် အကျုံးဝင်မှသာ နို့တစ်စာပေးရန်လိုပေသည်။ ပြည်သူ့ဝန်ထမ်းတို့မည်သည်မိမိတို့အား အပ်နှင်းထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်လိုပေသည်။ထိုတာဝန်များ ကို ထမ်းဆောင်ရာ၌ တပါးသူ၏ အကျိုးကိုထိပါးကောင်းထိပါးမည်ဖြစ်ရာ၊ ယင်းသို့ထိပါးတိုင်း ကြိုတင်အကြောင်းမကြားဘဲ တရားစွဲဆိုခြင်းခံရမည်ဆိုလျှင် တရားရုံးများ၌သာ အချိန်ကုန်ပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့်ပြုမှုချက်နှင့်ပတ်သက်လာလျှင် ကြိုတင်၍ နို့တစ်စာပေးရန်လိုမည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းပင်ဖြစ်လင့်ကစား ပြည်သူ့ဝန်ထမ်းအနေဖြင့်တာဝန်

---

* ၁၉၆၈ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၅၈။

† ၁၉၆၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉ တွင်၊ ရန်ကုန်မြို့တရားမရုံး တတိယတရားသူကြီးရုံးတော်၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၉

အက် (စ်) ပီ၊ အက် (စ်) ဗါရန် နှင့် မန်နေဂျာ၊ ပြည်သူ့ဘဏ် အမှတ် ၁/၆ မောင်းတော။

အရထမ်းဆောင်ခဲ့သည့် ပြုမူချက်မဟုတ်ပါက ထိုပြုမူချက်အတွက် နို့တစ်စာမပေးဘဲ တရားစွဲဆိုခြင်းမပြုရဟု ဥပဒေကတားမြစ်ထားခြင်းမယှိပေ။

အယူခံတရားလိုသည် အယူခံတရားပြိုင်အပေါ် ပြည်သူ့ဝန်ထမ်း တဦးအနေဖြင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့်ပြုမူချက်အတွက် တရားစွဲဆိုခြင်းမဟုတ်ကြောင်း ထင်ရှားသည်။ ဘီဗါသီဘန်း သေဆုံးခြင်းမှာ အယူခံတရားပြိုင်၏ လက်ချက်ကြောင့်ဖြစ်သည်ဟုရင်း၊ အယူခံတရားပြိုင်တင် တာဝန်ယှိသည်ဟုဆော်ရင်း စွပ်စွဲထားခြင်းမယှိချေ။ အယူခံတရားပြိုင်အပေါ် သက်သာခွင့်ပင် တောင်းဆိုထားသည်ကိုမတွေ့ရပေ။ သို့ဖြစ်ရာအယူခံတရားလိုစွဲဆိုသော အမှုသည် တရားမကျင့်ထုံး ပုဒ်မ ၈၀ နှင့် အကျုံးဝင်သည့်အမှုမျိုးဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှမဆိုနိုင်။

အယူခံတရားလိုအတွက်။ ။မစ္စတာ အာမ်၊ အေ၊ ဆူးဘန်း။

အယူခံတရားခံအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေကြီးမစ္စတာအက်(စ်)၊ကေ၊ဂုပ္ပ။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့၊ တရားမရုံးတွင် အယူခံ တရားလို အက် (စ်) ပီ အစ်ဗါရန်က အယူခံတရားပြိုင်၊ မောင်းတောမြို့၊ ပြည်သူ့ဘဏ် အမှတ် ၁/၆ ၏ မန်နေဂျာအပေါ်၊ ဘီပါသီဘန်း ဆိုသူသည် ကွယ်လွန် အနိစ္စရောက်ပြီဟု ယူဆရန် မြွက်ဖေါ်ချက် ဒီကရီရလိုကြောင်းတရားစွဲဆိုရာ၊ အယူခံတရားပြိုင်က တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ ၎င်းအပေါ် နို့တစ်စာ ချအပ်ခြင်းမပြုဘဲ တရားစွဲဆိုခြင်း မပြုနိုင်ကြောင်း ထုချေသည်ကို အောက်ရုံးက လက်ခံပြီး စွဲဆိုသည့် အမှုကို တရားစရိတ်နှင့် တကွ ပလပ်လိုက်သောကြောင့် ဤအယူခံမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ယခုအမှုတွင် စဉ်းစားရမည့် တခုတည်းသော ပြဿနာမှာ အယူခံတရားလိုသည် တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ နို့တစ်စာမပေးဘဲ အယူခံတရားပြိုင်အား တရားစွဲဆိုနိုင်ပါသလော ဆိုခြင်းပင်ဖြစ်၏။ တရားမကျင့်ထုံး ပုဒ်မ ၈၀ မှာ ဤအမှုအတွက် လိုရင်းကို ဖေါ်ပြရသော် အောက်ပါအတိုင်း ဖြစ်ပေသည်။

> "No suit shall be instituted against the Government or against a public officer in respect of any act purporting to be done by such a public officer in his official capacity, until the expiration of two months next after notice in writing has been delivered . . . ."

အထက်ပါ ပြဋ္ဌာန်းချက်အရ ဆိုပါက၊ နို့တစ်စာပေးရန် လိုအပ်သည့် အမှုနှစ်မျိုး နှစ်စား ယှိပေသည်။ ပဌမအမျိုးအစားမှာ အစိုးရကို စွဲဆိုသည့်အမှုဖြစ်ပြီး၊ ဒုတိယ အမျိုးအစားမှာ ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့် အမှုပင်ဖြစ်သည်။ ပဌမအမျိုး

အစားဖြစ်သည့် အစိုးရကို စွဲဆိုသည့်အမှုတိုင်း၌ နို့တစ်စာပေးရန်လိုသည်။ နို့တစ်စာ မပေးဘဲ လုံးဝ တရားစွဲဆိုခြင်း မပြုနိုင်။ ဒုတိယအမျိုးအစား ဖြစ်သည့် ပြည်သူ့ဝန်ထမ်းအား စွဲဆိုသည့် အမှုနှင့်ပတ်သက်၍မူ ထိုပြည်သူ့ဝန်ထမ်းက မိမိ၏ရာထူးအလိုက် ဆောင်ရွက်ခဲ့သည့် ပြုမူချက်နှင့် အကျုံးဝင်မှသာ နို့တစ်စာပေးရန် လိုပေသည်။ ပြည်သူ့ဝန်ထမ်းတို့မည်သည် မိမိတို့အား အပ်နှင်းထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုပေသည်။ ထိုတာဝန်များကို ထမ်းဆောင်ရာ၌ တပါးသူ၏အကျိုးကို ထိပါးကောင်း ထိပါးမည်ဖြစ်ရာ၊ ယင်းသို့ ထိပါးတိုင်း ကြိုတင်အကြောင်းမကြားဘဲ တရားစွဲဆိုခြင်း ခံရမည်ဆိုလျှင်၊ တရားရုံးများ၌သာ အချိန်ကုန်ပြီး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြလိမ့်မည် မဟုတ်ပေ။ ထိုကြောင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့် ပြုမူချက်နှင့် ပတ်သက်လာလျှင် ကြိုတင်၍ နို့တစ်စာပေးရန် လိုမည်ဖြစ်သည်။ ပြည်သူ့ဝန်ထမ်းပင် ဖြစ်လင့်ကစား၊ ပြည်သူ့ဝန်ထမ်းအနေဖြင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့် ပြုမူချက် မဟုတ်ပါက ထိုပြုမူချက်အတွက် နို့တစ်စာမပေးဘဲ တရားစွဲဆိုခြင်း မပြုရ ဟု ဥပဒေက တားမြစ်ထားခြင်း မယှိပေ၊ဘရားမကျင့်ထုံး ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက်များမှာ အလွန်ပင် ရှင်းလင်း ပြတ်သားနေသဖြင့် ထိုပုဒ်မကို အဓိပ္ပါယ် ဖွင့်ဆိုရာတွင် စီရင်ထုံးများအား ရည်ညွှန်းရန်ပင် လိုမည်မဟုတ်ပေ။

၁၉၆၉
အက် (စ်) ပီ၊ အက် (စ်) ဗါရန် နှင့် မန်နေဂျာ၊ ပြည်သူ့ဘဏ် အမှတ် ၁/၆ မောင်းတော။

ယခုအမှုတွင် အယူခံတရားလိုက၊ ဘီပါသီဘန်းသည် မိမိ၏ တဝမ်းကွဲညီ ဖြစ်ကြောင်း၊ ဘီပါသီဘန်းသည် မိမိနှင့်အတူ ရန်ကုန်မြို့ပဒုမသွန်မဆင်ရိပ်သာ အမှတ် ၁၆ တွင် နေထိုင်ခဲ့ရာ၊ ၁၉၄၉ ခု၊ မေလ ၁၇ ရက်နေ့ညက အိမ်မှပျောက်သွားကြောင်း၊ ၁၉၄၉ ခု၊ မေလ ၂၀ ရက်နေ့တွင် ဘိုတထောင်ရဲတပ်စခန်း၌ လူပျောက်တိုင်တန်းပြီး ရှာဖွေခဲ့သော်လည်း ၁၈ နှစ်လုံးလုံး ပြန်မတွေ့သဖြင့် သေဆုံးပြီဟု ယူဆရမည် ဖြစ်ကြောင်း၊ ယင်းသို့အိမ်မှ ပျောက်ဆုံးသွားစဉ် ဘီပါသီဘန်းသည် ယူနိုက်တက်ကော်မာရှယ်ဘဏ်၌ လက်ထောက်ငွေကိုင်အဖြစ် တာဝန်ထမ်းဆောင်လျက်ယှိကြောင်း၊ ယူနိုက်တက် ကော်မာရှယ်ဘဏ်ကို ပြည်သူပိုင်သိမ်းလိုက်သဖြင့် အယူခံတရားပြိုင် ပြည်သူ့ဘဏ်အမှတ် ၁/၆ ဖြစ်လာကြောင်း၊ အယူခံ တရားပြိုင်ဘဏ်တွင် ဘီပါသီဘန်း၏ ငွေ ၁,၃၂၀ ကျပ် ၄၄ ပြားယှိနေကြောင်း သိရ၍ အမွေထိန်းဝန်ရုံး၌ ထိုငွေအားတောင်းခံနိုင်ရန် အမွေဆက်ခံသည့် လက်မှတ် လျှောက်ထားရာ၊ အမွေထိန်းဝန်က ဘီပါသီဘန်း သေဆုံးပြီးကြောင်း မြွက်ပေါ်ချက်ဒီကရီတရပ်ကို တရားရုံးမှ တောင်းခံရန် ညွှန်ကြားသဖြင့် ထိုညွှန်ကြားချက်အတိုင်း တရားစွဲဆိုရကြောင်း အဆိုပြုထားပေသည်။

၁၉၆၉

အက် (စ်) ပီ၊ အက် (စ်)ဗါရန် နှင့် မန်နေဂျာ၊ ပြည်သူ့ဘဏ် အမှတ် ၁/၆ မောင်းတော။

ထိုအဆိုပြုချက်များကို ထောက်ရှုပါက အယူခံတရားလိုသည် အယူခံတရားပြိုင် အပေါ် ပြည်သူ့ဝန်ထမ်း တဦးအနေဖြင့် တာဝန်အရ ဆောင်ရွက်ခဲ့သည့် ပြုမူချက် အတွက် တရားစွဲဆိုခဲ့ခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ ဘီပါသီဘန်း သေဆုံး ခြင်းမှာ အယူခံတရားပြိုင်၏ လက်ချက်ကြောင့် ဖြစ်သည်ဟုသော်၎င်း၊ အယူခံ တရားပြိုင်တွင် တာဝန်ယှိသည်ဟုသော်၎င်း စွပ်စွဲထားခြင်း မယှိချေ။ အယူခံတရားပြိုင် အပေါ် သက်သာခွင့်ပင် တောင်းဆိုထားသည်ကို မတွေ့ရပေ။ သို့ဖြစ်ရာ အယူခံ တရားလို စွဲဆိုသောအမှုသည် တရားမကျင့်ထုံး ပုဒ်မ ၈၀ နှင့် အကျုံးဝင်သည့် အမှုမျိုး ဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်၍ အောက်ရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး တရားမကျင့်ထုံး အမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ အယူခံ တရားလိုစွဲဆိုသော အမှုကို မူလအမှုနံပါတ်နှင့်ပင် တရားဥပဒေအရ ဆက်လက် စစ် ဆေးကြားနာရန် အောက်ရုံးသို့ ပြန်လည်ပေးပို့လိုက်သည်။ ဤအယူခံမှု၏ တရား စရိတ်များကို နောက်ဆုံးတွင် အမှုရှုံးသူက ကျခံရမည်။ ရှေ့နေစရိတ် ၃၄ သတ် မှတ်လိုက်သည်။

ရုံးခွန် အက်ဥပဒေ ပုဒ်မ ၁၃ အရ အယူခံလွှာတွင် ထမ်းဆောင်ခဲ့သည့်ရုံးခွန်ငွေကို အယူခံတရားလိုအား ပြန်ပေးရန် လက်မှတ်ထုတ်ပေးပါ။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်ရှေ့တွင်

ဦးခင်မြင့် ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

မအုန်းအုန်း ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ)*

† ၁၉၆၇ နိုဝင်ဘာလ ၉ ရက်။

**ရန်ကုန်မြို့၊ တရားမရုံး ဥပဒေပုဒ်မ ၂၅ အရ တင်သွင်းသည့် ပြင်ဆင်လွှာ—ဒီကရီကျငွေများရယူနိုင်ရန် တရားရှုံးပိုင်ပစ္စည်းများကို ဂါရမ်းဖမ်းဆီးလေလံတင်ရောင်းချရန်လျှောက်ထားခြင်း—တရားခွဲ့ကနဦးငွေများကို အရစ်ကျပေးဆပ်ရန်လျှောက်ထားခြင်း—အောက်ရုံးတရားသူကြီးက မိမိ၏ဆင်ခြင်တုံတရားကိုရှေ့ရှုပြီး တရားမျှတခြင်းဖြစ်စေရန် ဆုံးဖြတ်သည့်အမိန့် ဝင်ရောက်စွက်ဖက်ရန်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။အမှုတွင်တရားနိုင်များဖြစ်သူ လျှောက်ခံရသူတို့က မိမိတို့ရယူခဲ့သည့်ဒီကရီကျငွေများကိုရယူနိုင်ရန် တရားရှုံးဖြစ်သူ လျှောက်သူတို့ပိုင်ပစ္စည်းများကို ဝါရမ်းဖမ်းဆီးလေလံတင်ရောင်းချရန်တောင်းဆိုခဲ့ခြင်းဖြစ်ပြီး တရားရှုံးများအားဖမ်းဆီးရန်တောင်းဆိုထားခြင်း မဟုတ်ပေ။ ထိုသို့တောင်းဆိုရန် ၎င်းတို့မှာ ဥပဒေအရ အခွင့်အရေးယှိကြောင်းကိုလည်း မငြင်းဆိုနိုင်ပေ။ အမှုတွင် ဒီကရီချမှတ်ခဲ့သည်မှာလည်း အချိန်အတော်ကြန့်ကြာနေပြီဖြစ်ပြီး၊ တရားနိုင်တို့သည် ဒီကရီကျငွေများကို ယနေ့တိုင်အပြေအလည်မရယှိသေးသဖြင့် အောက်ရုံးတရားသူကြီးက တရားရှုံးဖြစ်သူလျှောက်သူတို့က ကျန်ငွေများကို အရစ်ကျပေးဆပ်ရန်လျှောက်ထားခြင်းကို ခွင့်ပြုရန်သင့်တော်မည်မဟုတ်ဟု ယူဆဆုံးဖြတ်ပြီး၊ ၎င်းတို့၏လျှောက်လွှာကိုပလပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ချမှတ်ခဲ့သည့်အမိန့်မှာ အောက်ရုံးတရားသူကြီးက မိမိ၏ ဆင်ခြင်တုံတရားကိုရှေ့ရှုပြီး တရားမျှတခြင်းဖြစ်စေရန် ဆုံးဖြတ်ခဲ့သည့်အမိန့်တရပ်သာဖြစ်ကြောင်း ထင်ရှားနေပြီး၊ ထိုအမိန့်မှာဥပဒေအရ မှားယွင်းနေသည်ဟုငှင်း၊ တဖက်စီးနင်းဖြစ်နေပါသည်ဟုငှင်း မည်သို့မျှပြဆိုနိုင်ခြင်း မယှိသဖြင့် ၎င်းအမိန့်တွင် ဤရုံးမှပြင်ဆင်သည့်ရုံးအနေနှင့်ဝင်ရောက်စွက်ဖက်ရန်သင့်သည်ဟု မဆိုနိုင်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။ဦးစောလှိုင်။

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။ဦးဘဇ။

---

* ၁၉၆၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၉။

† ၁၉၆၇ ခုနှစ်၊ တရားမ ဇာရီမှုအမှတ် ၆၉ တွင်ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်ရုံးတော်၏ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၆၀ တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ ရန်ကုန်မြို့၊ တရားမရုံး၊ တရားမကြီး

ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂။

မှုအမှတ် ၅၉၉/၆၂ မှ ပေါက်ဖွါးလာသည့် တရားမဇာရီမှုအမှတ် ၆၉/၆၀ တွင် ၁၉၆၀ ခု၊ မေလ ၂၄ ရက်နေ့ကချမှတ်ခဲ့သည့် အမိန့်ကို မကျေနပ်၍ ရန်ကုန်မြို့၊ တရားမရုံး၊ ဥပဒေပုဒ်မ ၂၅ အရ တင်သွင်းခဲ့သည့် ပြင်ဆင်လွှာဖြစ်သည်။

အမှုအကြောင်းရာမှာ ရန်ကုန်မြို့၊ တရားမရုံး အမှုအမှတ် ၅၉၉/၆၂ တရားလိုဖြစ်သူ လျှောက်ခံရသူများက တရားခံဖြစ်သူလျှောက်သူတို့အပေါ် ငွေ ၂၄,၉၄၇ ရယူရန် တရားစွဲဆိုခဲ့သည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီကို အယူခံရုံးမှ ချမှတ်ပေးခဲ့လေသည်။ ထိုဒီကရီနှင့် ပတ်သက်၍ တရားရှုံးဖြစ်သူ လျှောက်သူတို့က မူလရုံးတွင် ကြိုတင်ဝါရမ်းဖမ်းဆီးထားသည့် ၎င်းတို့၏ ဒတ်ဆန်းကားကို ငွေ ၁၇,၀၀ဝ နှင့်ရောင်းချပြီး ပေးဆပ်ခဲ့ရာ၊ ငွေပေါင်း ၆,၇၀ဝ ခန့်ပေးဆပ်ရန် ကျန်ယိုကြောင်း၊ ထိုငွေများအတွက်တရားနိုင်ဖြစ်သူ လျှောက်ခံရသူတို့က ဇာရီမှုအမှတ် ၆၉/၆၀ တွင် ၎င်းတို့ပိုင်ဂိုဒေါင်နှင့် ပြောင်းရွှေ့နိုင်သည့် ပစ္စည်းများကို ဝါရမ်းဖမ်းဆီး ရောင်းချရန် လျှောက်ထားရာ တရားရှုံးဖြစ်သူ လျှောက်သူတို့က ကျန်ငွေများကို အရစ်ကျပေးဆပ်ရန် ရုံးသို့ လျှောက်ထားခဲ့သည်။ ထိုသို့ လျှောက်ထားရာတွင် တရားရှုံးဖြစ်သူ လျှောက်သူတို့က ကျန်ငွေများကို တလလျှင် ၂၀ဝ၊ ၆ လ ပေးဆပ်ရန်နှင့် လိုငွေများကို ဝါရမ်းဖမ်းဆီးသည့် ဂိုဒေါင်နှင့် ပစ္စည်းများ ရောင်းချပေးရန် ခွင့်ပြုပါမည့်အကြောင်း လျှောက်ထားခဲ့လေသည်။

အဆက်ပါ လျှောက်ထားသူများ၏ လျှောက်လွှာနှင့် ပတ်သက်၍ တရားသူကြီးက နှစ်ဦးနှစ်ဖက် ကြားနာပြီး၊ ၁၉၆၀ ခု၊ မေလ ၂၄ ရက်နေ့စွဲပါ အမိန့်အရလျှောက်သူများက ဒီကရီငွေများကို အရစ်ကျ ပေးဆပ်ရန် လျှောက်ထားသည့် လျှောက်လွှာကို ပလပ်လိုက်ပြီး တရားနိုင်များ ဖြစ်သူတို့ တောင်းဆိုသည့်အတိုင်း ပစ္စည်းများကို ဝါရမ်းဖမ်းဆီးရန် ခွင့်ပြုလိုက်လေသည်။ ထိုသို့ခွင့်ပြုလိုက်သည့် အမိန့်ကိုမကျေနပ်၍ တရားရှုံးဖြစ်သူ လျှောက်သူတို့က ပြင်ဆင်ပေးရန် ယခု လျှောက်ထားခဲ့ခြင်း ဖြစ်ပေသည်။

ယခုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားသူများက ယခု အခိုက်အတန့်တွင် ဝါရမ်းဖမ်းဆီးသည့် ပစ္စည်းကို ရောင်းချရန် လွယ်ကူမည်မဟုတ်၊ ရောင်းချခဲ့လျှင်လည်း တန်ဘိုးများစွာ လျော့ကျမည်ဖြစ်၍ ၎င်းတို့ နစ်နာဘွယ် ရှိသောကြောင့် လျှောက်သူတို့ တောင်းဆိုသည့်အတိုင်း ဒီကရီကျငွေများကို အရစ်ကျ တလလျှင် ၂၀ဝ ခန့် ၆ လ ပေးသွင်းခွန်နှင့် ၎င်းအချိန်အတွင်း ဝါရမ်း ဖမ်းဆီးထားသည့် ပစ္စည်းများကို ရောင်းချပေးရန် ခွင့်ပြုသင့်ပါသည်ဟု ဖေါ်ပြလေသည်။

တရားနိုင်ဖြစ်သူ လျှောက်ခံရသူတို့ကမူ အမှုတွင် ဒီကရီကို ၁၉၆၂ ခုနှစ်က ရရှိခဲ့သော်လည်း ယနေ့တိုင် ဒီကရီကျငွေများကို အပြေအလည် မရသိုသေးပါ၊ တရားရှုံး

ဖြစ်သူ လျှောက်သူတို့မှာ ထိုငွေများကို ပေးဆပ်နိုင်ရန် လုံလောက်သည့် ပစ္စည်း ယှိနေပါလျက်၊ မပေးဆပ်လို၍ အချိန်ဆွဲနေခြင်းသာဖြစ်ကြောင်း၊ ထို့အတွက် ၎င်းတို့ သည် တရားရှုံးပိုင် ပစ္စည်းများကို ဝါရမ်းဖမ်းဆီး လေလံတင် ရောင်းချရယူခွင့် ယှိသည့် အတိုင်း ပြုလုပ်ခဲ့ခြင်း ဖြစ်သဖြင့် အောက်ရုံးမှ ချမှတ်ခဲ့သည့် အမိန့်မှာ ဥပဒေအရ မည်သို့မျှ မှားယွင်းချတ်ချော်ခြင်း ဖြစ်နေသည်ဟု မဆိုနိုင်သောကြောင့် ဤရုံးမှ ဝင်ရောက် စွက်ဖက်ရန် အကြောင်းမယှိပါဟု တင်ပြလေသည်။ ထို့ပြင် လျှောက်ခံရသူ များက ၎င်းတို့ ရယှိရန်ယှိသည့်ငွေများမှာ တရားရှုံးများ တင်ပြသည့်အတိုင်း ၆,၇၀၀ိ မဟုတ်၊ ငွေပေါင်း ၂၄,၀၀ိ ကျော်ခန့် ရရန် ယှိပါသည်ဟု ဖေါ်ပြလေသည်။

၁၉၆၀ ဦးခင်မြင့် ပါ ၂ နှင့် မအုန်းအုန်း ပါ ၂။

ယခု အမှုတွင် တရားနိုင်များဖြစ်သူ လျှောက်ခံရသူတို့က မိမိတို့ ရယှိခဲ့သည့် ဒီကရီ ကျငွေများကို ရသိုနိုင်ရန် တရားရှုံးဖြစ်သူ လျှောက်သူတို့ပိုင် ပစ္စည်းများကို ဝါရမ်းဖမ်းဆီး လေလံတင် ရောင်းချရန် တောင်းဆိုခဲ့ခြင်း ဖြစ်ပြီး၊ တရားရှုံးများအား ဖမ်းဆီးရန် တောင်းဆိုထားခြင်း မဟုတ်ပေ၊ ထိုသို့တောင်းဆိုရန် ၎င်းတို့မှာ ဥပဒေအရ အခွင့်အရေး ယှိကြောင်းကိုလည်း မငြင်းဆိုနိုင်ပေ။ အမှုတွင် ဒီကရီ ချမှတ်ခဲ့သည်မှာ လည်း အချိန်အတော် ကြန့်ကြာနေပြီဖြစ်ပြီး၊ တရားနိုင်တို့သည် ဒီကရီ ကျငွေများကို ယနေ့တိုင် အပြေအလည် မရယှိသေးသဖြင့် အောက်ရုံး တရားသူကြီးက တရားရှုံးဖြစ်သူ လျှောက်သူတို့က ကျန်ငွေများကို အရစ်ကျ ပေးဆပ်ရန် လျှောက်ထားခြင်းကို ခွင့်ပြုရန် သင့်တော်မည်မဟုတ်ဟု ယူဆဆုံးဖြတ်ပြီး၊ ၎င်းတို့၏ လျှောက်လွှာကို ပလပ် ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ချမှတ်ခဲ့သည့် အမိန့်မှာ အောက်ရုံးတရားသူကြီးက မိမိ၏ ဆင်ခြင်တုံတရားကို ရွေးပြီး တရားမျှတခြင်း ဖြစ်စေရန် ဆုံးဖြတ်ခဲ့သည့် အမိန့်တရပ် သာဖြစ်ကြောင်း ထင်ရှားနေပြီး၊ ထိုအမိန့်မှာ ဥပဒေအရ မှားယွင်းနေသည်ဟူ၍၎င်း၊ တဖက်စီးနင်း ဖြစ်နေပါသည်ဟူ၍၎င်း မည်သို့မျှ ပြဆိုနိုင်ခြင်း မယှိသဖြင့် ၎င်းအမိန့်တွင် ဤရုံးမှ ပြင်ဆင်သည့် ရုံးအနေနှင့် ဝင်ရောက်စွက်ဖက်ရန် သင့်သည်ဟု မဆိုနိုင် သောကြောင့် လျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေကြီး စရိတ် အဖြစ် ၃၄ိ သတ်မှတ်သည်။

## နိုင်ငံတော်တရားရုံးချုပ်

## အထူးရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

† ၁၉၆၉
မတ်လ ၂၂
ရက်။

### ဦးထွန်းအောင်သာ (အယူခံတရားလို)

နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားပြိုင်) *

**မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—သောင်းကျန်းသူများ သိမ်းယူသွားသော မိမိ၏သေနတ်ပြန်လည်ရယူရန်အတွက် ဖိနပ်ပေးခြင်း—သောင်းကျန်းသူ တို့ကိုထောက်ပံ့ခြင်း၊ ကူညီခြင်း မြောက် မမြောက်—မှုခင်းတရပ်ကို ကိုင်တွယ်စစ်ဆေးရာတွင် ပြစ်မှုမြောက်စေသောအင်္ဂါရပ်များစုံညီထင်ရှား ယှိ မယှိကိုကောင်းစွာဖေါ်ထုတ်၍ စစ်အပ် ခြင်း—အချက်အလက် စုံလင်ထင်ရှားပိုင်နိုင်ပြီးမှ ဥပဒေနှင့် စပ်ဟပ်ညှိနှိုင်း၍ အဆုံးအဖြတ် ကိုပေးရခြင်း—ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည်လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကိုယူခြင်းကပို၍ မှန်ကန်တတ်ခြင်း—ပြည်သူအများက နားလည် လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိကမှတ်ကျောက်ဖြစ်ခြင်း—တရားဥပဒေသည် အမြဲ သက်ဝင်လှုပ်ရှား၍ထာဝစဉ်ပြောင်းလဲနေသော လူ့ဘောင်အဆောက်အအုံ၊လူ့ရေးလူမှုတို့တွင် ထိရောက်စွာ ပါဝင်၍ အကျိုးပြုရခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုအဖြစ်အပျက်ကာလ၌ အခြင်းဖြစ်ပွါးရာ နယ်ဒေသတွင် သောင်းကျန်း သူတို့လှုပ်ရှားနေကြသည်။ အဓိက သက်သေ ၂ ဦးပင် သောင်းကျန်းသူဖြစ်နေကြသည်။ အယူခံ တရားလိုက ၎င်းထံမှ သောင်းကျန်းသူတို့က သေနတ်သိမ်းယူသွားကြောင်းကို ရဲစခန်းသို့တိုင်မည် ပြုရာ ရွာနာမည်စိုး၍ မတိုင်ပါနှင့်ဟု ရွာလူကြီးများက တားကြကြောင်းပေါ်လွင်သည်။ နောက်ပိုင်း တွင်မှ နယ်မြေရှင်းလင်းသည်။ ယင်းအခြေအနေတွင် အယူခံတရားလိုသည် ၎င်းကကောင်းစွာ ထိန်းသိမ်းရာတာဝန်ရှိသော သေနတ်ကိုရွာလူကြီး ဦးထွန်းအောင်အား အဝတ်ဖိနပ်ပေး၍ ပြန်လည် ရယူခဲ့ခြင်းသည် သောင်းကျန်းသူတို့ကို ထောက်ပံ့ခြင်း၊ ကူညီခြင်း မြောက်သည်ဟုမဆိုသာ။

**ထပ်မံဆုံးဖြတ်ချက်။** ။မှုခင်းတရပ်ကို ကိုင်တွယ် စစ်ဆေးရာတွင် ပြစ်မှုမြောက်စေသော အင်္ဂါရပ်များ စုံညီထင်ရှား ယှိ မယှိကိုကောင်းစွာ ဖေါ်ထုတ်၍ စစ်ဆေးအပ်သည်။ ပြစ်မှုမမြောက် ကင်းလွတ်စေသောအချက်များရှိနိုင်ကလည်း ဖေါ်ထုတ်၍ စစ်ဆေးအပ်သည်။ အချက်အလက်စုံလင်

---

* ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ် ၂။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင် ဆင်မှုအမှတ် ၂၃၃ (ခ) တွင်ချမှတ်သော ၁၉၆၈ ခုနှစ်၊ ဖေဖေါ်ဝါရီ လ ၂၄ ရက်နေ့စွဲပါ နိုင်ငံတော် တရားရုံးချုပ်တရားသူကြီး၏အမိန့်ကိုအယူခံမှု။

ထင်ရှား ပိုင်နိုင်ပြီးမှ ဥပဒေနှင့်စပ်ဟပ်ညှိနှိုင်း၍ အဆုံးအဖြတ်ကိုပေးရသည်။ ဥပဒေကို အဓိပ္ပါယ်ကောက်ယူရာတွင် လမ်းညွှန်မှုလိုမှသာဆီလျော်ရာမြန်မာနိုင်ငံစီရင်ထုံးတို့ကို သုံးသပ်ကိုးကားရသည်။ တမနှင့်တမှု ကြောင်းခြင်းရာ မှုခင်းဖြစ် အခြေအနေထပ်ဘူညီတူသည်ဟုမယှိနိုင်သဖြင့် စီရင်ထုံးတို့၏ လမ်းညွှန်မှုကို ကောင်းစွာသောသတိဖြင့်သာ ခံယူရသည်။ အချက်အလက်စုံလင်ထင်ရှားပိုင်နိုင်ခြင်းမယှိသေးပဲ စီရင်ထုံးကိုရှာလျှင် ဆီလျော်ရာကိုမတွေ့ပဲလည်းယှိတတ်သည်။ အချက်အလက်ပေါ်ထုတ်ရာတွင်လည်း ချွတ်ချော်တိမ်းပါးဖြစ်တတ်သည်။ ဖြစ်ပျက်ခဲ့သောအချက်အလက်အတွက်စီရင်ထုံးရှာခြင်းမျိုးထက် ကြိုက်နှစ်သက်ရာ စီရင်ထုံးတွင်းသို့ ဝင်အောင် အချက်အလက်တို့ကို သွပ်သွင်းသည့်သဘောမျိုးလည်းဖြစ်သွားတတ်သည်ကို သတိပြု၍ ဆင်ခြင်ရသည်။

ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ အများနားလည် လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကို ယူခြင်းကပို၍ မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပါယ်ဖွင့်ဆိုမှသာလျှင် ဥပဒေကိုပြည်သူ အများနားလည်လက်ခံမည်။ လိုက်နာလေးစားကြမည်။ ဥပဒေနှင့်ပြည်သူရင်းနှီးကာ ဥပဒေများ သက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကိုလေ့လာကောင်းပါ၏။ သို့သော်ငြားလည်း ထိုသို့ရောက်လာသော မှုခင်းများကိုစစ်ဆေးစီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်ကာလ၊ ဒေသ အခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု၊ ဓလေ့ထုံးတမ်း စသည်တို့ကို စစ်ဆေးဆင်ခြင်ကာ ဥပဒေဘောင်အတွင်းက မျှတမှန်ကန်၍ အများနားလည်သဘာဝကျသော တရားကိုစီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကိုရွေ့ထား ကိုးကားလျှင် တရားစီရင်ရေးသည်မြန်မာပီသမည်မဟုတ်၊ မြန်မာ့အခြေအနေနှင့်ကင်း၍ ပြည်သူနှင့်ဝေးဖွယ်ရာသာယှိသည်။ ပြည်သူအများကနားလည်လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိကမှတ်ကျောက်ဖြစ်သည်။ အဓိကတန်ခိုးအာနိသင်ဖြစ်သည်။

တရားဥပဒေသည် စာအုပ်ကြီးများစီရင်ထုံးများတွင်စကားလုံးများအဖြစ်သာလျှင်တည်နေရန်မဟုတ်၊ အမြဲသက်ဝင်လှုပ်ရှား၍ ထာဝစဉ်ပြောင်းလဲနေသော လူ့အဆောက်အအုံ၊ လူရေးလူမှုတို့တွင် ထိရောက်စွာပါဝင်၍ အကျိုးပြုရမည်။ ထို့ကြောင့်တရားဥပဒေဟူသည် တဖက်တွင် ဥပဒေဘောင်ကိုဖေါက်ကျော်ခြင်းမပြု၊ ထုံးတမ်းလည်းညီညွတ်စေ၍ တဖက်တွင်လည်းပြောင်းလဲတိုးတက်မှုတွင် အင်အားသစ်ဖြင့် တက်ကြွစွာသက်ဝင်လှုပ်ရှားနိုင်ရမည်။ လူ့အဆောက်အအုံ တိုးတက်မှု၊ လူမှုရေးဘို့နှင့် အကိုက်အညီ ပြဋ္ဌာန်းထားသော ဘောင်အတွင်းမှ မှန်ကန်မျှတစွာ ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုအပ်သည်။ တရားမျှတမှန်ကန်ခြင်းဆိုသည်ကို ပြည်သူတို့က နားလယ်လက်ခံခြင်းဖြင့် မှတ်ကျောက်တင်အပ်သည်။

**အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။**

**အယူခံတရားပြိုင်အတွက်။ ။အစိုးရ တရားရုံးချုပ် ရှေ့နေကြီး ဦးနှစ်။**

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။ဦးထွန်းအောင်သာသည်၊ စိုက်ပျိုးရေး အရာယှိ အဖြစ် ရမည်းသင်း ခရိုင်တွင် ဂုံလျော် စိုက်ပျိုးရေး လုပ်ငန်း၌ တာဝန်ယူခဲ့ဖူး၏။ ၁၉၆၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၇ ရက်နေ့တွင် ရင်းသည် ပြည်ထောင်စု

အလံတော် ကြိုဆိုရာတွင် ပါဝင်ပြီး၍၊ သာယာအေးရွာသို့ စိုက်ပျိုးရေး စည်းရုံးမှု အတွက် လုပ်ဖေါ် ကိုင်ဖက်၊ မိတ်ဆွေများနှင့် သွားရောက်ခဲ့သည်။ ယင်းသို့ ရွာများသို့ လှည့်လည် သွားရောက်ရာ၊ သစ်ဆိမ့်ပင်ရွာအနီးတွင် လက်နက်ကိုင် ကွန်မြူနစ် သောင်းကျန်းသူများဟု ယူဆရသူတို့က၊ ဦးထွန်းအောင်သာတို့၏ နွားလှည်းကို ရပ်၍၊ ဦးထွန်းအောင်သာတွင် ပါလာသော သေနတ် တလက်ကို သိမ်းယူကြသည်။

သာယာအေးရွာသို့ ပြန်လှည့်၍ ရောက်ကြသောအခါ၊ ဦးထွန်းအောင်သာက၊ ရွာလူကြီးများအား နီးရာ ပြည်သူ့ ရဲစခန်းသို့ တိုင်ကြားမည်ဟု ပြောသည်။ ရွာမှ ဦးထွန်းအောင်ဆိုသူနှင့် လူကြီးများက၊ ရဲအား တိုင်ကြားလျှင် ရွာနာပါလိမ့်မည်၊ သူတို့က သေနတ် ပြန်ရအောင် စီစဉ်ပေးပါမည်ဟု ပြောကြသည်။ ရက်အနည်းငယ် ကြာသော အခါ၊ ဦးထွန်းအောင်ကအဝတ် ဖိနပ် ၁၀ ရံပေးရန် တောင်း၍၊ ဦးထွန်းအောင်သာက ဝယ် ပေးလိုက်သည်။ နောက် မကြာမီ ဦးထွန်းအောင်က သေနတ်ယူလာကာ ပြန်ပေးသည်။ သူကိုယ်တိုင်ကမူ သောင်းကျန်းသူတို့နှင့် မဆက်သွယ်ခဲ့ပါဟု ဦးထွန်းအောင်သာက ရုံးတွင်ထွက်ဆိုသည်။

ဦးထွန်းအောင်သာ ကိုယ်တိုင်၊ သောင်းကျန်းသူတို့အား တနည်း တဖုံ လိုလိုချင်ချင် အားပေးကူညီသည်ဟု တရားလိုဘက်မှ မပြနိုင်။ ထိုစဉ်က တောခိုလျက်ယှိခဲ့၍ နောက်မှ အလင်းဝင်လာသော ဦးအုန်းခင် (လိုပြ-၇) ကသာလျှင်၊ ၎င်း၏ သေနတ် ပြန်လည် ရယှိရေး အတွက်၊ ဦးထွန်းအောင်သာကိုယ်တိုင် မိမိ (ဦးအုန်းခင်) နှင့် သောင်းကျန်းသူ အချို့အား တောဘွင်း စခန်းသို့ လာရောက်တွေ့ဆုံသည်။ မိမိတို့က ယမ်းတောင့်ပေးလျှင် သေနတ်ပြန်ပေးမည်ဟု ပြောလိုက်သည်။ နောက်ပိုင်းတွင် တောဘွင်း စခန်းသို့ ဦးထွန်းအောင်သာ ပို့လိုက်သည် ဆိုသော အဝတ် ဖိနပ် ၁၀ ရံ နှင့် ယမ်းတောင့် ၅၀ ရောက်လာသည်။ ယင်းပစ္စည်းတို့ကို ရသော်လည်း၊ သေနတ်ကို ပြန်မပေးလိုက်ပါ။ ဦးထွန်းအောင်သာက နောင်တွင်လည်း မြို့မှနေ၍ ကူညီပါမည်ဟု ဆိုကြောင်း ထွက်ဆိုသည်။

ထိုစဉ်က တောခိုလျက်ယှိခဲ့သူ ဦးဆင့် (လိုပြ-၅) ကမူ၊ ဦးထွန်းအောင်သာ လာသည်။ သောင်းကျန်းသူတို့က ကျည်ဆံသော်၎င်း၊ ငွေသော်၎င်း ပေးလျှင် သေနတ် ပြန်ပေးမည်ဟု ဆိုကြောင်း၊ နောက် ၃ ရက်ခန့် ကြာသောအခါ၊ ဦးထွန်းအောင်သာထံမှ ဖိနပ် ၁၀ ရံ ရကြောင်း သာပြောသည်။ ကျည်ဆံပို့သည်၊ သောင်းကျန်းမှုကို မြို့မှ ကူညီမည်ဟု ဦးထွန်းအောင်သာ ပြောသည်မဆို။

ဦးထွန်းအောင်သာက ဦးအုန်းခင်အား၎င်း၊ ဦးဆင့်အား၎င်း မသိ၊ တောသို့ သွား၍ သောင်းကျန်းသူများနှင့် မဆက်သွယ်၊ ကျည်ဆံပေးမည်ဟု မိမိမပြော၊ မပေး၊ ဦးထွန်းအောင်က တဆင့်သာလျှင် ဖိနပ် ၁၀ ရံပေးသည် စသည်ဖြင့် ထွက်ဆိုခဲ့သည်။

ပျဉ်းမနား နယ်ပိုင် ဝန်ထောက် ဦးထွန်းသွင် (ခံပြ-၂)က ဦးထွန်းအောင်သာသည်၊ တောတွင်း သောင်းကျန်းသူများနှင့် ဆက်သွယ်သည်ဟု မကြားဖူးပါဟု ဆိုသည်။

၁၉၆၉
ဦးထွန်းအောင်သာ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တောင်သူ ကိုမောင်ပု (ခံပြ-၃)သည် သာယာအေး ရွာသားဖြစ်၍၊ ဦးထွန်းအောင်သာ ရွာသို့ ရောက်လာစဉ်ကယို့သည်။ သေနတ်လုခံရ၍ရဲစခန်းအား တိုင်မည် ပြောရာ၊ ရွာလူကြီးများနှင့် ဦးထွန်းအောင်တို့က တိုင်လျှင် ရွာနာပါလိမ့်မည်ဟု တားကာ၊ သေနတ်ပြန်ရရေး အတွက် ဆောင်ရွက်ပေးပါမည် ဆိုကြကြောင်း။ ဦးထွန်းအောင်သည် မိမိနှင့်အတူ အချုပ်ခံနေရစဉ် သေဆုံးသွားပြီဖြစ်ကြောင်းကို မောင်ပုကဆက်ဆိုသည်။

အမှုစစ်ရုံးက ဦးထွန်းအောင်သာအား သောင်းကျန်းသူများနှင့် "ဆက်သွယ်" သည်ဟုဆိုကာ၊ မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ၊ စွဲချက်တင်ခဲ့သည်။ အလင်းဝင် သက်သေများဖြစ်ကြသော ဦးအုန်းခင်နှင့် ဦးဆင့်တို့ကို ရုံးက လုံးဝဥဿုံ ယုံပုံမပေါ်။ ဦးထွန်းအောင်သာသည်၊ တောတွင်းသို့သွား၍ သောင်းကျန်းသူတို့နှင့် ဆက်သွယ်သည်ဟု ဆုံးဖြတ်ခြင်း မပြု၊ ယမ်းတောင့်ပေးသည်၊ သောင်းကျန်းမှုကို ကူညီမည်ပြောသည်ဟုလည်း မယူဆ။ "သူ၏ သေနတ် ပြန်လည် ရယိုရေး အတွက် သောင်းကျန်းသူများအား ကိုယ်တိုင် ဖိနပ် ဝယ် မပေးသော်လည်း၊ ဦးထွန်းအောင်မှ တဆင့် ဝယ်ပေးခဲ့ခြင်းဖြစ်သည်"ဟု ယူဆ၍သာ စွဲချက်အတိုင်း အပြစ်ယှိသည်ဟု ဆုံးဖြတ်ခါ ထောင်ဒဏ် ၂ နှစ် ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်၏။

ဦးထွန်းအောင်သာ၏ သေနတ်ကို သောင်းကျန်းသူတို့က အဓမ္မ သိမ်းယူသွားခြင်း၊ သိမ်းယူခံရပြီးလျှင် ပြီးခြင်း ဦးထွန်းအောင်သာက ရဲစခန်းသို့ တိုင်မည်ပြုသော်လည်း ရွာနာမည်ဆိုကြ၍၊ မတိုင်ကြားရခြင်း၊ ဦးထွန်းအောင်ဆိုသူကတဆင့် အဝတ်ဖိနပ်ဝယ် ပေးသဖြင့် သောင်းကျန်းသူတို့ထံမှ သေနတ် ပြန်ရခြင်း တို့သည် အမှုစစ်ရုံးက လက်ခံခဲ့ပြီးသော ထင်ရှားသည့် အချက် အလက်များ ဖြစ်ပေသည်။ ယင်း အချက် အလက်များအရ၊ ဦးထွန်းအောင်သာသည် မတရားသင်း အက် ဥပဒေ ပုဒ်မ ၁၇ (၁) တွင် အကျုံးဝင်သောပြစ်မှုကို ကျူးလွန်ခဲ့သလောဟူသော ပြဿနာသည် အချက် အချာ ဖြစ်၏။

အမှုစစ်ရုံးက ယင်းပြဿနာကို ကျေညက်စွာ မစဉ်းစားပဲ၊ သောင်းကျန်းသူနှင့် "ဆက်သွယ်" ခြင်း ထင်ရှားသည်၊ ထို့ကြောင့် ပြစ်မှုမြောက်သည်ဟု ဆုံးဖြတ်ခဲ့၏။ ပဌမ အယူခံရုံးက အယူခံကို အကျဉ်းနည်း ပယ်ခဲ့သည်။ ဤရုံးသို့ ပြင်ဆင်မှုဖြင့် ဦးထွန်းအောင်သာ တက်ရောက်လာသော အခါ၊ အထူး ဥပဒေ တရပ်က ပြဌာန်းသော ပြစ်မှုမျိုးတွင် မနေသာ မြောက် ကျူးလွန်ရန် လိုသလား၊ တနည်းဆိုသော်

၁၉၆၉ — ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အပြစ်ရှိသော စိတ်စေတနာ ( guilty mind-*mensrea* ) လိုသလား၊ ဟူသော ဥပဒေ ပြဿနာကို အလေးပေး၍ စဉ်းစားခဲ့သည်။ စီရင်ထုံး အမျိုးမျိုးကို ကိုးကားကာ၊ ဤအမှုမျိုး၌ မနောကံမြောက် ကျူးလွန်ရန် မလို၊ သက်ဆိုင်ရာ ပုဒ်မတွင် ဖော်ပြထားသော ကာယကံမှုများကို ပြုကြောင်း ပေါ်လျှင်ပြစ်မှုမြောက်သည်ဟု ရှုံးက ယူဆလေသည်။ ဦးထွန်းအောင်သာသည် သောင်းကျန်းသူထံမှ သေနတ်ကို ပြန်ရအောင် ပြုလုပ်ရာတွင်၊ ချီးကျူးဖွယ်ရာသော ရည်ရွယ်ချက် စေတနာပင်ပါ ကောင်းပါမည်။ သို့ရာတွင် ပြစ်မှုမြောက်ခြင်းမှမူ မလွတ်ကင်းနိုင်ဟု ဆိုကာ ဦးထွန်းအောင်သာ၏ ပြင်ဆင်မှုကို ပယ်ခဲ့သည်။ (၁)

မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) ကိုမူရင်း အင်္ဂလိပ်လို ဤသို့ ပြဋ္ဌာန်းထား၏။

> " 17. (1) Whoever is a member of an unlawful association, or takes part in meeting of any such association, or contributes or receives or solicits any contribution for the purpose of any such association, or in any way assists the operations of any such association, shall be punished with imprisonment for a term which shall not be less than two years and more than three years and shall also be liable to fine. "

ယင်း ပြဋ္ဌာန်းချက်ကို မြန်မာလို အကြမ်းအားဖြင့် အောက်ပါ ကဲ့သို့ ပြန်ဆိုနိုင်ပေသည်။

> ပုဒ်မ ၁၇ (၁)။ မည်သူမဆို မတရားသင်း အဖွဲ့ဝင်ဖြစ်လျှင်၊ သို့တည်းမဟုတ် ၎င်းအသင်း၏ အစည်းအဝေး၌ ပါဝင်ဆောင်ရွက်လျှင်၊ သို့တည်းမဟုတ် ၎င်းအသင်းအတွက် ဝင်ကြေးထည့်ဝင် ရယူတောင်းခံလျှင်၊ သို့တည်းမဟုတ် တနည်းနည်းဖြင့် ၎င်းအသင်း၏လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင်၊ ထောင်ဒဏ် ၂ နှစ်ထက်မနည်း၊ သုံးနှစ်ထက် မပိုသော အပြစ်ဒဏ်နှင့် ငွေဒဏ်ကိုလည်း ပေးရမည်။

အမှု ဖြစ်ပျက် အကြောင်း ခြင်းရာ အရ၊ ဦးထွန်းအောင်သာသည်၊ အထက်ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော ပြစ်မှုကျူးလွန်ခဲ့သလော ဟူသော ပြဿနာကို စဉ်းစားဆုံးဖြတ် နိုင်ရန် ကျွန်ုပ်တို့က အထူး အယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

" **Contribute** " ဆိုသည့်စကားရပ်ကို မြန်မာလိုဆက်ကြေးပေးခြင်း၊ ထောက်ပံ့ကြေးပေးခြင်း၊ ဝင်ကြေးပေးခြင်း စသည်ဖြင့် ပြန်ဆိုပါသည်။ ထိုအဓိပ္ပါယ် ဖွင့်ဆို

---

(၁) ဦးထွန်းအောင်သာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၁၀၂

၁၉၆၉

ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ချက် အရ၊ ဦးထွန်းအောင်သာ၏ အပြုအမူသည် ပြစ်မှု မမြောက်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဆက်ကြေး စသည်ကို ပေးခဲ့သည် မဟုတ်၊ သောင်းကျန်းသူတို့က သူ့ထံမှ အဓမ္မသိမ်းယူသွားခဲ့သောသေနတ်ကို ပြန်လည်ရယူရန် အဝတ် ဖိနပ် ပေးခြင်းသာ ဖြစ်ပါသည်။ အလွန်ဆုံး လဲလှယ်ခြင်းသာ ဖြစ်မြောက်ပါသည်။ သောင်းကျန်းသူတို့ကို ကူညီခဲ့ခြင်းလည်း မဟုတ်သဖြင့် စွဲဆိုသော ပြစ်မှု မမြောက်နိုင်ပါဟု အယူခံ တရားလို၏ ရှေ့နေကြီး ဦးမြင့်စိုးက လျှောက်လဲသည်။

အစိုးရ တရားရုံးချုပ် ရှေ့နေကြီး ဦးနှစ်ကလည်း ဦးထွန်းအောင်သာသည်၊ သောင်းကျန်းသူအား ဆက်ကြေးပေးခြင်း၊ ကူညီခြင်း ပြုသည်ဟု အမှု အဖြစ်အပျက်တို့မှ မပေါ်ပါ။ အဝတ် ဖိနပ် ပေးခြင်းသည်လည်း သောင်းကျန်းသူများ အတွက် ပေးခြင်းထက် မိမိ၏ သေနတ် ပြန်လည်ရယူရန်၊ တနည်းဆိုသော် မိမိ အတွက်ပေးခြင်းသာ ဖြစ်ပါသည်၊ ပတ်ဝန်းကျင် အခြေ အနေအရ၊ ယင်းပြုမှုချက်သည် ပြစ်မှုမြောက်သည်ဟု ဆိုရန် ခဲယဉ်းပါသည်ဟု တင်ပြသည်။

ယင်းတင်ပြချက်သည် သဘာဝကျ၍ အမှု အဖြစ် အပျက် ကာလ ဒေသ အခြေအနေတို့နှင့် ကိုက်ညီသည်ဟု ဆိုရမည်။ ထိုကာလ၌ အချင်းဖြစ်ပွါးရာ နယ်ဒေသတွင် သောင်းကျန်းသူတို့ လှုပ်ရှားနေကြသည်။ အစိကသက်သေ ၂ ဦးပင် သောင်းကျန်းသူ ဖြစ်နေကြသည်။ ဦးထွန်းအောင်သာ က ၎င်းထံမှ သောင်းကျန်းသူတို့က သေနတ် သိမ်းယူသွားကြောင်းကို ရဲစခန်းသို့ တိုင်မည်ပြုရာ ရွာနာမည်စိုး၍ မတိုင်ပါနှင့်ဟု ရွာလူကြီးများက တားကြကြောင်း ပေါ်လွင်သည်။ နောက်ပိုင်းတွင်မှ နယ်မြေ ရှင်းလင်းသည်။ ယင်းအခြေအနေတွင် ဦးထွန်းအောင်သာသည်၊ ၎င်းက ကောင်းစွာ ထိန်းသိမ်းရန် တာဝန်ယူခဲ့သော သေနတ်ကို ရွာလူကြီး ဦးထွန်းအောင်အား၊ အဝတ် ဖိနပ် ပေး၍ ပြန်လည် ရယူခဲ့ခြင်းသည် သောင်းကျန်းသူတို့ကို ထောက်ပံ့ခြင်း၊ ကူညီခြင်း မြောက်သည်ဟု မဆိုသာ။

မှုခင်း တရပ်ကို ကိုင်တွယ် စစ်ဆေးရာတွင်၊ ပြစ်မှုမြောက်စေသော အင်္ဂါရပ်များ စုံညီထင်ရှားယို မယိုကိုကောင်းစွာဖေါ်ထုတ်၍စစ်ဆေးအပ်သည်။ ပြစ်မှုမမြောက်ကင်းလွတ်စေသော အချက်များယိုနိုင်ကလည်းဖေါ်ထုတ်၍စစ်ဆေးအပ်သည်။ အချက်အလက် စုံလင်ထင်ရှား ပိုင်နိုင်ပြီးမှ ဥပဒေနှင့် စပ်ဟပ်ညှိနှိုင်း၍ အဆုံး အဖြတ်ကို ပေးရာသည်။ ဥပဒေကို အဓိပ္ပါယ်ကောက်ယူရာတွင်၊ လမ်းညွှန်မှုလိုမှသာ ဆီလျော်ရာ မြန်မာနိုင်ငံ စီရင်ထုံးတို့ကို သုံးသပ် ကိုးကားရသည်။ တမှုနှင့် တမှု ကြောင်းခြင်းရာ မှုခင်းဖြစ်အခြေအနေ ထပ်တူ၊ ညီတူသည်ဟု မယိုနိုင်သဖြင့် စီရင်ထုံးတို့၏ လမ်းညွှန်မှုကို ကောင်းစွာသော သတိဖြင့်သာ ခံယူရသည်။ အချက်အလက် စုံလင် ထင်ရှား ပိုင်နိုင်ခြင်း မယိုသေးပဲ စီရင်ထုံးကို ရှာလျှင် ဆီလျော်ရာကို မတွေ့ပဲလည်း ယိုတတ်သည်။

အချက် အလက်ပေါ် ထုတ်ရာတွင်လည်း ချွတ်ချော်တိမ်းပါး ဖြစ်တတ်သည်။ ဖြစ်ပျက်ခဲ့သောအချက်အလက်အတွက် စီရင်ထုံးရှာခြင်းမျိုးထက်၊ ကြိုက်နှစ်သက်ရာ စီရင်ထုံးတွင်းသို့ဝင်အောင် အချက် အလက်တို့ကို သွတ်သွင်းသည့် သဘောမျိုးလည်းဖြစ်သွားတတ်သည်ကို သတိပြု၍ ဆင်ခြင်ရသည်။

ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌လည်း စကားပြေအရ၊ အများ နားလည် လက်ခံ၍ သဘာဝကျသော အဓိပ္ပါယ်ကို ယူခြင်းက ပို၍ မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပါယ်ဖွင့်ဆိုမှသာလျှင်၊ ဥပဒေကို ပြည်သူအများ နားလည် လက်ခံမည်၊ လိုက်နာလေးစားကြမည်၊ ဥပဒေနှင့် ပြည်သူ ရင်းနှီးကာ၊ ဥပဒေများ သက်ဝင် လှုပ်ရှားမည်။ တရားသူကြီးများသည် အခြား နိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ ရှေ့သို့ ရောက်လာသော မှုခင်းများကို စစ်ဆေး စီရင်ရာတွင် ကား၊ မှုခင်း ဖြစ်ပျက်၊ ကာလ၊ ဒေသ အခြေအနေ၊ ပတ်ဝန်းကျင် လူနေမှု၊ ဓလေ့ ထုံးတမ်း စသည်တို့ကို စစ်ဆေး ဆင်ခြင်ကာ ဥပဒေ ဘောင်အတွင်းက၊ မျှတ မှန်ကန်၍ အများ နားလည် သဘာဝကျသော တရားကို စီရင်အပ်ပေသည်။ အခြား နိုင်ငံများမှ စီရင်ထုံးများကို ရှေ့ထား ကိုးကားကာ စီရင်ရန် မဟုတ်။ ယင်းသို့ ရှေ့ထား ကိုးကားလျှင် တရားစီရင်ရေးသည် မြန်မာ ပီသမည် မဟုတ်၊ မြန်မာ့ အခြေအနေနှင့် ကင်း၍ ပြည်သူနှင့်ဝေးဖွယ်ရာသာယှိသည်။ ပြည်သူအများက နားလည် လက်ခံခြင်းသည်၊ တရားစီရင်ရေး၏ အဓိက မှတ်ကျောက်ဖြစ်သည်။ အဓိကတန်ခိုး အာနိသင်ဖြစ်သည်။ ဤအချက်တို့ကို၊ ကျွန်ုပ်တို့သည် ကြုံကြိုက်သလို မှတ်ချက်ပြုခဲ့ကြဖူးပြီ။

တရားဥပဒေသည် စာအုပ်ကြီးများ၊ စီရင်ထုံးများတွင် စကားလုံးများအဖြစ်သာလျှင် တည်နေရန် မဟုတ်။ အမြဲသက်ဝင် လှုပ်ရှား၍၊ ထာဝစဉ် ပြောင်းလဲနေသော လူ့ အဆောက်အအုံ၊ လူရေး လူမှုတို့တွင် ထိရောက်စွာ ပါဝင်၍ အကျိုးပြုရမည်။ ထို့ကြောင့် တရား ဥပဒေဟူသည် တဖက်တွင် ဥပဒေဘောင်ကို ဖေါက်ကျော်ခြင်းမပြု၊ ထုံးတမ်းလည်း ညီညွတ်စေ၍ တဖက်တွင်လည်း ပြောင်းလဲတိုးတက်မှုတွင် အင်အားသစ်ဖြင့် တက်ကြွစွာ သက်ဝင်လှုပ်ရှားနိုင်ရမည်ဟု အောက်ပါအတိုင်း မြန်မာဓလေ့ ထုံးတမ်း ဥပဒေကျမ်းတွင်၊ မှတ်ချက်ပြုထားသည်ကို ကျွန်ုပ်တို့ ရည်ညွှန်းလိုသည်။

**"Law is not, or must not be reduced to, mere words in statute books and legal decisions, but is, or should be, an active, ceaseless social process that runs like a nerve system in the living society. Living laws are needed for a living**

society, and the bloodstream of law needs to be constantly renewed and nourished so that it may accomodate change in its continuity, youth in its age." (၂)

၁၉၆၉ — ဦးထွန်းအောင်သာ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

ယင်းကျမ်း၌ပင် လူ့အဆောက်အအုံ တိုးတက်မှု၊ လူမှုရေးတို့နှင့် အကိုက်အညီ ပြဋ္ဌာန်းထားသော ဘောင် အတွင်းမှ မှန်ကန်မျှတစွာ ဥပဒေကို အဓိပ္ပါယ် ဖွင့်ဆိုအပ်ကြောင်း၊တရားမျှတ မှန်ကန်ခြင်း ဆိုသည်ကို ပြည်သူတို့က နားလည် လက်ခံခြင်းဖြင့် မှတ်ကျောက် တင်အပ်ကြောင်းကို အောက်ပါ ကဲ့သို့ ဆိုထားသည်။

"The Judiciary needs to take a bold hand in developing the law, by broad and liberal interpretation, by building a body of case law to harmonize the statutes and the living customs and changing circumstances of society. 'Justice, equity and good conscience' provide an ample reservoir of law, but for the law to live, for it to be the people's law, the notions of justice, equity and good conscience must be those of the people. To discover the notions and give them life and force to guide and educate them where necessary, are tasks which offer both challenge and opportunity to the Government and the Judiciary alike, and to educators, officials and all those engaged in public service—private of governmental—as well." (၃)

အထက်ပါ အတိုင်း ဤအမှုကို လေ့လာသုံးသပ်လျှင် ပတ်ဝန်းကျင် အခြေအနေ အကြောင်းခြင်းရာတို့အရ၊ အယူခံ တရားလို ဦးထွန်းအောင်သာသည် သောင်းကျန်းသူတို့အား ထောက်ပံ့၊ ကူညီခဲ့သည် မဆိုသာ၊ သူ့သေနတ်ကိုသာ သောင်းကျန်းသူတို့က အဓမ္မလုယူခဲ့ကြသည်။ သောင်းကျန်းသူတို့လက်ရောက် သေနတ်တလက်သည် ပြည်သူ အား ဘေးအန္တရာယ် ဖြစ်စေနိုင်သည်။ ထိုဘေးကို မြင်၍ဖြစ်စေ၊ သူ့တာဝန်ကြောင့်ပင် ဖြစ်စေ၊ အယူခံ တရားလိုက သေနတ် ပြန်ရအောင် ကြိုးပမ်း၍ ရလည်းရခဲ့သည်။ပတ်ဝန်းကျင်အခြေအနေတွင်သူတတ်နိုင်သည့်နည်းလမ်းဖြင့်ကြိုးပမ်းခဲ့သည်ကို ပြစ်မှုမြောက်သည်ဟု ဆိုလျှင်သဘာဝနှင့် ဆန့်ကျင်ပေလိမ့်မည်။ ဥပဒေ၏စကားပြေကို မလိုက်၊ လိုရာကို ဆွဲယူရာ ရောက်မည်၊ အများ နားမလည် ရှုပ်ထွေးစေလိမ့်မည်။

အထက်ပါ အကြောင်းတို့ကြောင့် အယူခံကို လက်ခံသည်။ အယူခံတရားလိုအား ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းကို ပယ်ဖျက်၍ ဤအမှုနှင့် ပတ်သက်သမျှ တရားသေလွှတ်သည်။

---

(၂) *Law and Custom in Burma and the Burmese Family* by Dr. Maung Maung, Martinus Nijhoff, 1963, p. 26.

(၃) *ibid*, p. 44.

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

† ၁၉၆၉ မတ်လ ၁၀ ရက်။

## ဦးပု (လျှောက်ထားသူ)

နှင့်

## ငှါးရမ်းခကြီးကြပ်ရေးဝန် ပါ ၃ (လျှောက်ထားခံရသူ)*

**အမှုခေါ်စာချွန်အမိန့်—၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အမိန့်ကြော်ငြာစာ—လက်ထောက်ငါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာအတွက် ပုဒ်မ ၂၇ အရ စံငှါးရမ်းခ သတ်မှတ်ပေးလိုက်သည်မှာ ဥပဒေအရ မှန်ကန်စွာ ပြုလုပ်ခွင့်ယှိသည့်အတိုင်း ချမှတ်ပေးခဲ့သည့်အမိန့်တရပ်ဖြစ်သည်ဟု လက်ခံရမည်ဖြစ်ခြင်း— ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်က စာဒဂကမှုတွင် ပြင်ဆင်ချမှတ်ပေးလိုက်သည့်အမိန့်မှာ ဥပဒေအရ မည်သို့မျှ မှားယွင်းခြင်းဖြစ်နေသည်ဟု မဆိုနိုင်။**

လျှောက်သူက တတိယလျှောက်ခံရသူကို ဂိုဒေါင်ငှါးရမ်းခဲ့ရာ လျှောက်ခံရသူက အချင်းဖြစ် ဂိုဒေါင်၏စံငှါးရမ်းခနှုန်းကို သတ်မှတ်ပေးရန် လျှောက်ထားသဖြင့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ပေးလိုက်သည်။ ထိုအမိန့်ကိုမကျေနပ်၍ လျှောက်သူက ရန်ကုန်မြို့၊ တရားမ တရားသူကြီး ချုပ်ရုံး၌ စာဒဂကတင်ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။၁၉၆၆ ခုနှစ်၊ စက်တဘ်ာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆ ကိုလေ့လာမှု ထိုကြော်ငြာချက်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရသာကြော်ငြာခဲ့ခြင်းဖြစ်ကြောင်းမှာ များစွာမှ ရှင်းလင်းထင်ရှားပေသည်။ ထို့အတွက် ထိုကြော်ငြာစာပါ ရှင်းလင်းချက်အတွက် ပြဆိုထားသည့်ဂိုဒေါင်ကဲ့သို့ ဥပစာနှင့်ပတ်သက် ၍ ပုဒ်မ ၁၃ (၁) အရ ငှါးရမ်းခကြီးကြပ်ရေးဝန်တွင် ဆောင်ရွက်ရန်အာဏာမယှိဆိုသည်မှာမှန်သော် လည်း ယင်းကြော်ငြာချက်သည် ပုဒ်မ ၁၃ မှ လွဲ၍ အခြား မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေးပုဒ်မများ နှင့်သက်ဆိုင်ခြင်းမယှိသောကြောင့် အမှုတွင်လက်ထောက် ငှါးရမ်းခကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာအတွက် ပုဒ်မ ၂၇ အရ စံငှါးရမ်းခသတ်မှတ်ပေးလိုက်သည်မှာ ဥပဒေအရ မှန်ကန်စွာပြုလုပ်ခွင့်

* ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၇၆။

† ရန်ကုန်မြို့၊ ငှါးရမ်းခကြီးကြပ်ရေးဝန်ရုံး၏ ၁၉၆၅ ခုနှစ်၊အမှုအမှတ် ၅၅၂(အေ)တွင် ၁၉၆၆ ခုနှစ်၊စက်တဘ်ာလ ၃၀ ရက်နေ့စွဲပါအမိန့်နှင့် ရန်ကုန်မြို့၊ တရားမရုံးတရားသူကြီးချုပ်ရုံး၏၊ ၁၉၆၆ ခုနှစ်၊အိမ်ငှါးစာဒဂကမှုအမှတ် ၁၉ တွင်၊ ၁၉၆၈ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ အမိန့်တို့ကို မကျေ နပ်၍ အမှုခေါ်စာချွန်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်လွှာ။

ယှဉ်သည့်အတိုင်း ချမှတ်ပေးခဲ့သည့်အမိန့်တရပ်ဖြစ်သည်ဟု လက်ခံရမည်ဖြစ်ပေသည်။ ထို့အတွက် ၎င်းအမိန့်နှင့်ပတ်သက်၍ ရန်ကုန်မြို့ တရားမရုံးတရားသူကြီးချုပ်က စေ့ဒကအမှုအမှတ် ၁၉/၆၆ တွင်ပြင်ဆင်ချမှတ်ပေးလိုက်သည့် အမိန့်မှာလည်း ဥပဒေအရ မည်သို့မျှမှားယွင်းခြင်းဖြစ်နေသည်ဟု မဆိုနိုင်။

၁၉၆၉

ဦးပု နှင့် ငှါးရမ်းခကြီးကြပ်ရေးဝန် ပါ ၃။

**လျှောက်ထားသူအတွက်။** ။ဦးတင်မောင်။

**လျှောက်ထားခံရသူ ၁၊ ၂ အတွက်။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဒေါ်မြသန်းနု။

**လျှောက်ထားခံရသူ ၃ အတွက်။** ။ဦးမှန်စံလှိုင်။

**တရားသူကြီး ဦးထွန်းတင်။** ။လျှောက်ထားသူ ဦးပုသည်၊ ရန်ကုန်မြို့၊ ၅၃ လမ်း၊ အမှတ် ၅၄/၅၆ ဂိုဒေါင်၏ ပိုင်ရှင်ဖြစ်သည်ဟုဆိုသည်။ တတိယ လျှောက်ခံရသူဦးလှကွန့်သည် ထိုဂိုဒေါင်ကို တလလျှင် အခကျပ် ၂၀၀ နှင့် ငှါးရမ်းနေထိုင်ခဲ့သည် ဆိုသည်။ ဦးလှကွန့်က ရန်ကုန်မြို့၊ ငှါးရမ်းခ ကြီးကြပ်ရေးဝန်ရုံးအမှုအမှတ် ၅၅၂ (အေ)/၆၅ တွင် အချင်းဖြစ် ဂိုဒေါင်၏ စံငှါးရမ်းခနှုန်းကို သတ်မှတ်ပေးရန် လျှောက်ထားသည်တွင် ၁၉၆၆ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ငှါးရမ်းခကြီးကြပ်ရေးဝန်က အချင်းဖြစ်ဥပစာ၏ စံငှါးရမ်းခနှုန်းမှာ တလလျှင်ကျပ် ၁၀၀ ဖြစ်ရမည်ဟု သတ်မှတ်ပေးလိုက်လေသည်။

ထိုအမိန့်ကို လျှောက်သူ ဦးပုက မကျေနပ်သဖြင့် ရန်ကုန်မြို့၊ တရားမ တရားသူကြီးချုပ်ရုံး၊ စေ့ဒကမှုအမှတ် ၁၉/၆၆ တွင် စေ့ဒက ဝင်ရောက်ခဲ့ရာ တရားမတရားသူကြီးချုပ်က ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်ပြီး အချင်းဖြစ်ဂိုဒေါင်၏ စံငှါးခနှုန်းမှာ တလလျှင် ကျပ် ၁၁၅ ဖြစ်စေရမည်ဟုပြင်ဆင်သတ်မှတ် ပေးခဲ့လေသည်။

လျှောက်သူ ဦးပုက အချင်းဖြစ် အဆောက်အဦသည် ဂိုဒေါင်ဖြစ်သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာ ဆောက်လုပ်ရေးဌာန၏ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာအရ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ အကျုံးမဝင်သည့် အဆောက်အဦဖြစ်သဖြင့် ထိုဥပစာအတွက် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည်၊ စံငှါးရမ်းခ သတ်မှတ်ပေးရန် မိမိတွင် စီရင်ပိုင်ခွင့်အာဏာ မယှိပဲ၊ သတ်မှတ်ခဲ့ခြင်းဖြစ်နေသည့်အပြင်၊ ထိုအမိန့်ကို ရန်ကုန်မြို့၊ တရားမ တရားသူကြီးချုပ်က ပြင်ဆင်လိုက်သည်မှာလည်း ဥပဒေအရ မှားယွင်းနေပါသဖြင့် ဤရုံးမှ အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ထိုအမိန့်များကို ပယ်ဖျက်ပေးသင့်ကြောင်း လျှောက်ထားခဲ့ခြင်း ဖြစ်ပေသည်။

ယခုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်သူ၏ ရှေ့နေကြီးက ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး ဌာန၏ ၁၉၆၆ ခု၊ စက်တင်ဘာလ ၁ ရက်နေ့စွဲပါ အမိန့်

**၁၉၆၉**

ဦးပု နှင့် ငှါးရမ်းခကြီး ကြပ်ရေးဝန် ပါ ၃။

ကြေငြာစာအမှတ် ၁၇၅ နှင့် ၁၇၆ တို့ကို ရည်ညွှန်းလေသည်။ ယင်းအမိန့်ကြေငြာ များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"အမှတ် ၁၇၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃(၁)အရ၊ အောက်ပါ အမိန့်ကြေငြာစာများကို ၁၉၆၆ ခုနှစ်၊ စက်တင်ဘာ လ ၇ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(၁) ဘဏ္ဍာရေးနှင့် အခွန် ဌာန၏ ၁၉၅၁ ခု၊ ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့စွဲပါ အမိန့်ကြေငြာစာအမှတ် ၃၅။

(၂) ပြည်သူ့လုပ်ငန်း ဌာန၏ ၁၉၅၅ ခု၊ အောက်တိုဘာလ ၆ ရက်နေ့စွဲပါ အမိန့်ကြေငြာစာအမှတ် ၃၇။

အမှတ် ၁၇၆။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ သည်၊ အဆိုပါ အက်ဥပဒေ အာဏာတည်သည့် မြို့ပြဒေသများ အတွင်းရှိ အဆိုပါ အက်ဥပဒေနှင့် အကျုံးဝင်သော နေထိုင်မှုကိစ္စနှင့် လုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် ဥပစာများနှင့် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ သက်ဆိုင်စေရမည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက ပုဒ်မ ၁၃ (၁)အရ၊ ကျေညာလိုက်သည်။

ဤအမိန့် ကြေငြာစာပါ ကိစ္စအလို့ငှါ 'နေထိုင်မှုကိစ္စနှင့်လုပ်ငန်း ကိစ္စအတွက် အသုံးပြုသည့် ဥပစာ' ဆိုသည့် စကားရပ်တွင် လူနေထိုင်ရန် မဟုတ်သော စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီး ကျောင်း၊ ဇရပ်၊ ကလပ်အသင်းအဖွဲ့ သို့မဟုတ် အလားတူ အဖွဲ့အစည်း များ အဖြစ်ဖြင့် အသုံးပြုသည့် ဥပစာ စသည်တို့ မပါဝင်ချေ။

ဘဏ္ဍာရေးနှင့် အခွန်ဌာန၏ ၁၉၄၇ ခု၊ ဖေဖေါ်ဝါရီလ ၅ ရက်နေ့စွဲပါ အမိန့် ကြေငြာစာအမှတ် ၅၇ ကို၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ စ၍ ဖျက်သိမ်းလိုက်သည်။"

အထက်ပါ အမိန့် အမှတ် ၁၇၆ ပါ စကားများဖြစ်သည့် နေထိုင်မှု ကိစ္စနှင့် လုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် ဥပစာဆိုသည်တွင် ဂိုဒေါင် မပါဝင်ဟု ပြဆိုထားခဲ့ သဖြင့် ငှါးရမ်းခ ကြီးကြပ်ရေးဝန်သည် အချင်းဖြစ် ဥပစာနှင့် ပတ်သက်၍ စံငှါးရမ်းခ နှုန်းသတ်မှတ်ပေးရန် အခွင့်အာဏာ မယှိပါဟု တင်ပြလေသည်။

၁၉၆၉ — ဦးပု နှင့် ငှါးရမ်းခကြီး ကြပ်ရေးဝန် ပါ ၃။

တတိယ လျှောက်ခံရသူအိမ်ငှါး ဦးလှကွန့်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီး ဦးမွန်စံလှိုင်ကလည်း ရည်ညွှန်းသည့် ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်အမှတ် ၁၇၅ (၂)အရ၊ ယခင် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)အရ [ယခုပုဒ်မ ၁၃ (၁)] ဥပစာတခုတွင် အိမ်ငှါးအဖြစ် ရှိးသားစွာ နေထိုင်သူတဦးအား အိမ်ငှါးအဖြစ်သတ်မှတ်ပေးရန် ရန်ကုန်မြို့ယိုအဆောက်အဦများနှင့် မပတ်သက်ဟု ၁၉၅၅ ခု၊ အောက်တိုဘာလ ၆ ရက်နေ့ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာအမှတ် ၃၇ ကို ပယ်ဖျက်လိုက်သဖြင့်၊ ကြော်ငြာစာအမှတ် ၁၈၆ သည် ယခင်ပုဒ်မ ၁၂ (၁)၊ [ယခုပုဒ်မ ၁၃ (၁)]၏ လုပ်ငန်းနှင့်သာ သက်ဆိုင်ခြင်းဖြစ်ကြောင်းမှာ ထင်ရှားပါသည်။ ယင်းကျေညာချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေတွင် ပါဝင်သည့် အခြားပုဒ်မများအရ လုပ်ပိုင်ခွင့်ကို မည်သို့မျှ ရည်ညွှန်းခြင်းမယ်ပါ။ ထို့အတွက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာနှင့် ပတ်သက်၍၊ ယခင် ၁၉၄၈ ခုနှစ်၊ ဥပဒေပုဒ်မ ၁၉ (၁) [ယခု ၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၂၇ (၁)]အရ အချင်းဖြစ် ဥပစာအတွက် စံငှါးရမ်းခနှုန်းကို သတ်မှတ်ခွင့် ယိုသည့်အတိုင်း ချမှတ်ပေးခဲ့သည့်၊ ၁၉၆၆ ခု၊ စက်တင်ဘာလ ၃ ရက်နေ့စွဲပါ အမိန့်မှာ ဥပဒေအရ မှန်ကန်သည့် အမိန့်ဖြစ်ပါသည်ဟု ပြဆိုလေသည်။

ပထမနှင့် ဒုတိယ လျှောက်ခံရသူ ငှါးရမ်းခ ကြီးကြပ်ရေးဝန်နှင့် တရားမင်္ဂုံ တရားသူကြီးချုပ်တို့အတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရ ရှေ့နေကြီး ဒေါ်မြသန်းနုကလည်း၊ လျှောက်သူများ ရည်ညွှန်းသည့် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန၏ ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆ မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေးပုဒ်မ ၁၃ နှင့်သာ သက်ဆိုင်ပြီး၊ အခြားပုဒ်မများနှင့် ပတ်သက်ခြင်း မယ်ပါ။ ထို့ပြင် လျှောက်သူများ၏ ရှေ့နေကြီးက ထိုအမိန့်ကြော်ငြာစာအမှတ် ၁၈၆ မှာ ဂိုဒေါင်နှင့် ပတ်သက်၍ ငှါးရမ်းခကြီးကြပ်ရေးဝန်၌ အခွင့်အာဏာ လုံးဝမယိုပါဟု ပြဆိုရာ၌၊ရှင်းလင်းချက်တွင်ပြဆိုထားသည့်အတိုင်း ဇရပ်၊ ကျောင်း၊ ဆန်စက်များ ဖေါ်ပြခဲ့သဖြင့် ၎င်းရှင်းလင်းချက်အရအမိန့်ကြော်ငြာစာသည် စံငှါးရမ်းခ သတ်မှတ်ခြင်းပါ သက်ဝင်သည်ဟု ပြဆိုခဲ့ရာ ထိုပြဆိုချက်မှာ မှန်ကန်သည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျောင်း၊ ဇရပ်နှင့် ဆန်စက်များအတွက် ငှါးရမ်းခကြီးကြပ်ရေးဥပဒေ အကျုံးမဝင်ကြောင်းကို ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်ဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၀၁ အရ၊ ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်။ ထို့အတွက် ၁၉၆၆ ခု၊ စက်တင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆ သည်၊ လျှောက်သူများ တင်ပြသည့် အတိုင်း ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ မှလွဲ၍ အခြားပုဒ်မများနှင့် ပတ်သက်၍

၁၉၆၉ — ဦးပု နှင့် ငှါးရမ်းခကြီး ကြပ်ရေးဝန် ပါ ၃။

ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့်အာဏာကို ပိတ်ပင် တားမြစ်ထားခြင်း မယှိပါဟု တင်ပြလေသည်။

အထက်တွင် ပြဆိုခဲ့သည့် ၁၉၆၆ ခု၊ စက်တဘ်ာလ ၈ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၈၆ ကိုလေ့လာမှု ထိုကြော်ငြာချက်မှာ ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁)အရသာ ကြော်ငြာခဲ့ခြင်း ဖြစ်ကြောင်းမှာ များစွာမှ ရှင်းလင်းထင်ရှားပေသည်။ ထိုအတွက် ထိုကြော်ငြာစာပါ ရှင်းလင်းချက်အတွက် ပြဆိုထားသည့် ဂိုဒေါင်ကဲ့သို့ ဥပစာနှင့် ပတ်သက်၍ ပုဒ်မ ၁၃ (၁)အရ ငှါးရမ်းခ ကြီးကြပ်ရေးဝန်တွင် ဆောင်ရွက်ရန် အာဏာမယှိ ဆိုသည်မှာ မှန်သော်လည်း ယင်းကြော်ငြာချက်သည် ပုဒ်မ ၁၃ မှလွဲ၍၊အခြားမြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးပုဒ်မများနှင့် သက်ဆိုင်ခြင်း မယှိသောကြောင့် အမှုတွင် လက်ထောက် ငှါးရမ်းခ ကြီးကြပ်ရေးဝန်က အချင်းဖြစ် ဥပစာအတွက် ပုဒ်မ ၂၇ အရ စံငှါးရမ်းခ သတ်မှတ်ပေးလိုက်သည်မှာ ဥပဒေအရ မှန်ကန်စွာ ပြုလုပ်ခွင့် ယှိသည့်အတိုင်း ချမှတ်ပေးခဲ့သည့် အမိန့်တရပ် ဖြစ်သည်ဟု လက်ခံရမည်ဖြစ်ပေသည်။ ထို့အတွက် ၎င်း အမိန့်နှင့်ပတ်သက်၍ ရန်ကုန်မြို့၊ တရားမရုံး တရားသူကြီးချုပ်က စေ၁ဒကအမှုအမှတ် ၁၉/၆၆ တွင်ပြင်ဆင် ချမှတ်ပေးလိုက်သည့် အမိန့်မှာလည်း ဥပဒေအရ မည်သို့မျှ မှားယွင်းခြင်း ဖြစ်နေသည်ဟု မဆိုနိုင် သော်ကြောင့် ယခုလျှောက်လွှာကို ခွင့်ပြု လက်ခံနိုင်ရန် အကြောင်းမယှိသဖြင့်ပလပ်လိုက်သည်။ အမှုသည်များတို့သည် မိမိတို့ စရိတ်ကို မိမိတို့ ကျခံစေရမည်ဖြစ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အသေးအဖွဲ့လျှောက်လွှာ

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

ဦးမောင်ကြီး (လျှောက်ထားသူ) † ၁၉၆၉

နှင့် မတ်လ ၁ ရက်။

ကိုကျော်မြိုင် (လျှောက်ထားခံရသူ) *

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅၊ ၅၆၁ (က) အရ လျှောက်ထားခြင်း—ပြင်ပမှုဖြစ်သူက ယင်းကဲ့သို့ လျှောက်ထားခြင်းပြုနိုင် မပြုနိုင်။

လျှောက်ထားသူ၏ သဘော်စလင်အား ရာဇသတ်ကြီး ပုဒ်မ ၃၃၇ အရ မှုဖြစ်ထင်ရှားစီရင်ထားသည်။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူမှာ မူလအမှုများတွင် ပါဝင်ခဲ့ခြင်းမယှိသဖြင့် နစ်နာနေသူ မဟုတ်ပေ။ နစနာသူမှာ လျှောက်ထားသူ၏ စလင်မောင်အုန်းသွင် ဖြစ်သည်။ မောင်အုန်းသွင်က မူလချုံးမှုချမှတ်သော အမိန့်များကို အယူခံနိုင်ပေသည်။ယင်းကဲ့သို့ ၎င်းက အယူမခံဘဲ အမှုပြင်ပမှု ဖြစ်သော လျှောက်ထားသူက ယခုကဲ့သို့ လျှောက်ထားခြင်းကို လက်မခံနိုင်။

**အစိုးရ နှင့် မောင်ညွှန့်၊** အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊စာ ၃၄၉ ရည်ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။ဦးထွန်းစိန်။

**လျှောက်ထားခံရသူအတွက်။** ။

**တရားသူကြီး ဦးချစ်။** ။လျှောက်ထားသူ ဦးမောင်ကြီးမှာ မူလ အမှုများတွင် ပါဝင်ခဲ့ခြင်း မယှိသဖြင့်၊ နစ်နာသူ မဟုတ်ပေ။ နစ်နာသူမှာ လျှောက်ထားသူ၏ စလင် မောင်အုန်းသွင်ဖြစ်သည်။ မောင်အုန်းသွင်ကမူ မူလချုံးမှ ချမှတ်သော အမိန့် များကို အယူခံနိုင်ပေသည်။ ယင်းကဲ့သို့ ၎င်းက အယူမခံဘဲ အမှုပြင်ပမှုဖြစ်သော လျှောက်ထားသူ ဦးမောင်ကြီးက၊ ယခုကဲ့သို့ လျှောက်ထားခြင်းကို ဤရုံးက လက်ခံနိုင်

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၁၁၅။

† လျှောက်ထားသူက တရားခံ ကိုအုန်းသွင်အပေါ် မအူပင်နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု ၄၆/၆၇ တွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့က ရာဇသတ်ပုဒ်မ ၃၃၇ အရ ဒဏ်ငွေ ၅၀၀ိ ပေးဆောင်စေ၊ မဆောင်က ထောင်အလုပ်နှင့် ၆ လကျခံစေရန် ချမှတ်သောအမိန့်နှင့် အမှုကို ပယ်ဖျက်ပေးရန် ရာဇကျင့်ထုံးပုဒ်မ ၄၃၅၊ ၅၆၁ (က) အရ လျှောက်ထားခြင်း။

၁၉၆၉

ဦးမောင်ကြီး နှင့် ကိုကျော်မြိုင်။

ပါသည်ဟု ရှေ့နေကြီးက တင်ပြပြီးနောက်၊ အိန္ဒိယ စီရင်ထုံးများကို တင်ပြသွားလေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍၊ မြန်မာပြည် စီရင်ထုံးများ ရှိလျက်နှင့် အိန္ဒိယ စီရင်ထုံးများကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ **အစိုးရ နှင့် မောင်ညွန့်၊** အမှု၊ ဒေါ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၅၊ ရန်ကုန်၊ စာ ၃၉၄ တွင် ဤသို့ပြဆိုထား၏။

> "Where a party aggrieved has a right of appeal which he has deliberately elected to leave unused the High Court shall, as a rule, be slow to interfere in revision either on its own motion or at the instance of any unauthorized third person . . . ."

ထို့ကြောင့် ယခုလျှောက်လွှာများကို လက်ခံနိုင်ရန် ခဲယဉ်းသည့်အကြောင်းတရပ်ဖြစ်ပေသည်။

လျှောက်ထားသူ၏ ရှေ့နေကြီးက အမှုများကို မူလရုံးက ပြည်တွင်းမီးသဘော်အက်ဥပဒေ ပုဒ်မအရ မစစ်ဆေးဘဲ၊ ရာဇသတ် ဥပဒေဖြင့် စစ်ဆေးထားခြင်းမှာ အမှုစစ်ဆေး စီရင်ပိုင်ခွင့်မယှိဘဲ စစ်ဆေးထားပါသည်ဟု တင်ပြချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ အကယ်ကြောင့်ဆိုသော် ယေဘုယျ စကားရပ်များ အက်ဥပဒေပုဒ်မ ၂၆ အရ၊ မူလရုံးက စီရင်ပိုင်ခွင့် အာဏာအတွင်း စစ်ဆေးထားသည်မှာ မမှန်ကန်ဟု မဆိုနိုင်ပေ။

မူလရုံးက အမှုနှစ်မှုစလုံးတွင် ဥပဒေနှင့်အညီ စစ်ဆေးထား၍ သက်သေများ ထွက်ချက်အရ တွေ့ယှိထားချက်မှာ မှန်ကန်ခြင်းမယှိဟု မဆိုနိုင်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

အထက်တွင် ဖော်ပြသော အကြောင်းအချက်များအရ လျှောက်လွှာများကို လက်ခံရန် လုံလောက်သော အကြောင်းယှိသည်ဟု မတွေ့ယှိရသဖြင့် အကျဉ်းနည်းအားဖြင့် ပလပ်လိုက်သည်။

# နိုင်ငံတော် တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ခံဦး နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

## ဦးဝိလာသ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

## ဦးပညာလောက ပါ ၂ (ပြင်ဆင်ရန်လျှောက်ထားခံရသူများ) *

† ၁၉၆၉

မတ်လ ၁၂ ရက်။

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) အရ ရေးယူပေးရန်လျှောက်ထားခြင်း—၎င်းပုဒ်မအရ အာဏာကို မလွှဲမရှောင်သာမှသာ အသုံးပြုရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ဖြင့်ဤရုံးသို့ပေးထားသော အာဏာကို အလွှဲမရှောင်နိုင်မှသာ အသုံးပြုရမည်။ တနည်းနည်းဖြင့် သက်သာခွင့် ရယူရန် အကြောင်းရှိလျှင် ဤအာဏာကိုအသုံးမပြုရပေ။ ပုဒ်မ ၅၆၁ (က) သည် (၁) ရာဇဝတ်အမိန့်တခုကိုထိထိရောက်ရောက်ဖြစ်စေခြင်း၊ (၂) ရုံး၏ လုပ်ငန်းတခုခုကို အလွဲသုံးစားပြုခြင်းမှ တားမြစ်ခြင်း နှင့် (၃) တရားမျှတစွာ ဖြစ်စေခြင်းတို့နှင့်သာ ပတ်သက်သည်။

လျှောက်ထားသူမှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅ အရ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးထံ သက်သာခွင့်ရယူရန် ပြင်ဆင်မှု တင်သွင်းခွင့်ရှိနေသည်ဖြစ်၍ ပုဒ်မ ၅၆၁ (က) နှင့်လုံးဝမသက်ဆိုင်ပေ။

U Ohn Myint *v.* the Union of Burma (1) (1963) B.L.R. 246 (C.C.) ရည်ညွှန်းသည်။

**ပြင်ဆင်ရန် လျှောက်ထားသူအတွက်။** ။ဦးကျော်ဇံ

**ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။** ။

**တရားသူကြီး ဦးကျော်ခံဦး။** ။ဤအမှု၏ အကြောင်းအရာကို ထပ်ခါထပ်ခါ ရေးသားရန် မလိုပေ။ တိုတိုတုတ်တုတ်နှင့် ပြောရမည်ဆိုလျှင် လျှောက်ထားသူ လေးမျက်နှာမြို့၊ နိဗ္ဗာန်ကျောင်း ဆရာတော် ဦးဝိလာသက ဟင်္သာတမြို့၊ နယ်ပိုင် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့မှုအမှတ် ၇ တွင် အလျှောက်ခံရသူများ ဖြစ်သော လေးမျက်နှာမြို့၊ ဒက္ခိဏာချုံကျောင်း ဆရာတော်

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၂ (ခ)။

† ဟင်္သာတနယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၏ ရာသေးမှု ၇/၆၈ တွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ကချမှတ်သောအမိန့်ကို မကျေနပ်၍ ရာကျင့်ထုံးပုဒ်မ ၅၆၁ (က) အရ ဆက်လက်အရေးယူပေးရန်လျှောက်ထားသောလျှောက်လွှာ။

၁၉၆၉

ဦးဝိလာသ နှင့် ဦးပညာလောက ပါ ၂။

ဦးပညာလောက နှင့် ဦးအောင်ချမ်းတို့သည်၊ အပေါင်းပါများနှင့် နိဗ္ဗာန်ကျောင်းတိုက်အတွင်းသို့ ၁၉၆၈ ခု၊ မတ်လ ၇ ရက်နေ့က အတင်းဝင်ရောက်၍ အမျိုးသမီးဂေဟာ ဆောက်လုပ်ရန် ကျူးလွန်သဖြင့် တဘက်နှင့်တဘက် အချင်းများပြီး မလိုလားအပ်သော အဓိကရုဏ်း ဖြစ်ပွါးလာမည်ကို စိုးရိမ်မကင်းဖြစ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ အရ လျှောက်ထားရာ၊ တရားသူကြီးက အလျှောက်ခံရသူ ဆရာတော် ဦးပညာလောကအမည်ဖြင့် မိဘမဲ့နှင့် ခိုကိုးရာမဲ့ ကလေးများ စောင့်ရှောက်ရေး အဖွဲ့သို့ အခွန်လွတ်ဂရံ ထုတ်ပေးထားသည်ဖြစ်၍ စည်းကမ်းချက်အတိုင်း ဆောင်ရွက်နေသဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမယှိဟု ယူဆ၍ ဆက်လက် ဆောင်ရွက်ရန် မလိုသဖြင့် အမှုကို ပိတ်လိုက်ရာ၊ မကျေနပ်၍ ဤရုံးသို့ တိုက်ရိုက်ပြင်ဆင်ရန် လျှောက်ထားရာ ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့ လျှောက်သူက ဆရာတော် ဦးဝိလာသအတွက် တရားရုံးချုပ်ရှေ့နေ ဦးကျော်ဇံနှင့် အလျှောက်ခံရသူ ဆရာတော် ဦးပညာလောကတို့ကို တရားသူကြီး ဦးသက်ဖေ အပါအဝင်ဖြစ်သော ခုံရုံးက ကြားနာပြီး၊ ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့က အမိန့်ချမှတ်လိုက်သည်မှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ အရ ချမှတ်သည့်အမိန့်မှာ အယူခံ မဝင်နိုင်သဖြင့် ထိုအမိန့်ကို ပယ်ဖျက်လိုက ပြင်ဆင်မှုသာ ဖွင့်လှစ်ရမည်ဖြစ်ရာ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရ၊ ဟသ်ာတမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးထံ ဤရုံးမှနည်းတူ ပြင်ဆင်မှု တင်သွင်းနိုင်သော်လည်း ဤရုံးလက်စွဲအပိုဒ် ၃၃၀ အရ၊ ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးက သက်သာခွင့်ကို ပေးနိုင်လျှင်၊ ဤရုံးက ပြင်ဆင်မှုလျှောက်လွှာကို လက်မခံရဟု အဆိုယှိသည့်အတိုင်း၊ ဟသ်ာတမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးထံ၌ ဦးစွာတင်သွင်းရန် ပြဌာန်းလိုက်ပြီး လျှောက်လွှာကို ပြန်ပေးလိုက်သည်ကို တဖန် မကျေနပ်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) အရ၊ လျှောက်လွှာကို ပြန်လည်ဆင်ခြင်သုံးသပ်ရန် ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၁၈ ရက်နေ့က လျှောက်လွှာတစောင် တင်သွင်း၍ ကျွန်ုပ်တို့သည် လျှောက်ထားသူ ဆရာတော် ဦးဝိလာသကိုယ်စား ဦးကျော်ဇံကို တဖန် ကြားနာခဲ့ကြသည်။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ဖြင့်၊ ဤရုံးသို့ပေးထားသော အာဏာကို မလွဲမရှောင်နိုင်မှသာအသုံးပြုရမည်။ တနည်းနည်းဖြင့် သက်သာခွင့် ရယှိရန် အကြောင်းယှိလျှင် ဤအာဏာကို အသုံးမပြုရပေ။ ပုဒ်မ ၅၆၁ (က) သည် (၁) ရာဇဝတ်အမိန့်တခုကို ထိထိရောက်ရောက် ဖြစ်စေခြင်း၊ (၂) ရုံး၏လုပ်ငန်း. တခုခုကို အလွဲအသုံးပြုခြင်းမှ တားမြစ်ခြင်းနှင့် (၃) တရားမျှတစွာ ဖြစ်စေခြင်းတို့နှင့်သာ ပတ်သက်သည်။

ဤအမှု၌ လျှောက်ထားသူမှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၅ အရ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင် တရားသူကြီးထံ သက်သာခွင့် ရယှိရန်

ပြင်ဆင်မှုတင်သွင်းခွင့် ယှိနေသည်ဖြစ်၍ ပုဒ်မ ၅၆၁ (က) နှင့် လုံးဝမသက်ဆိုင်ပေ။ ဤရုံးနှင့် စက်ရှင်တရားသူကြီးရုံးတို့မှာ အတူအညီ တန်းတူစီရင်ပိုင်ခွင့်ယှိလျှင်ဥပမာ၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရ အာမခံပေးရေးမှာ ပထမဦးစွာ စက်ရှင်တရားသူကြီးရုံးတွင်သာလျှောက်လွှာ တင်သွင်းရမည်ဟု **U Ohn Myint *v.* The Union of Burma** (1) တွင် မူကို ပြဋ္ဌာန်းထားသည်။ ဤအချက်နှင့် ပတ်သက်၍ ယခင်တရားလွှတ်တော်၏ ၁၉၅၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ (ခ) တွင် တရားဝန်ကြီး (နောင်တရားသူကြီးချုပ်) ဦးဘိုကြီးက၊ ဤသို့ ပြဋ္ဌာန်းထားပြီး၊

> "The object of requiring an application for revision to be presented to the District Magistrate or Sessions Judge in the first instance is to prevent the High Court from being inundated with frivolous applications in revision and to enable the High Court in dealing with revisional matters to have before it an expression of opinion by a Court of superior jurisdiction such as that of the Sessions Judge or District Magistrate."

ပြင်ဆင်မှု လျှောက်လွှာကို သက်ဆိုင်ရာတွင် တင်သွင်းရန် ပြန်ပေးလိုက်သည်။ တခြားသက်ဆိုင်ရာ ဥပဒေရှိလျှင် ဤပုဒ်မ ၅၆၁ (က) သည်၊ ထိုဥပဒေကိုမလွှမ်းမိုးနိုင်ပေ။ ဤရုံးသည်စာရေးစာကူးတွင်အပေါင်းအနုတ်သိမ်ဖျင်းသော အမှားစသည်တို့မှအပ မိမိ၏အမိန့်စီရင်ချက်ကို ပြန်လည်ကြည့်ရှု ပြင်ဆင်ခြင်းလည်း မပြုနိုင်ပေ။လျှောက်ထားသူဆရာတော် ဦးဝိလာသသည် ဟင်္သာတမြို့၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၏အမိန့်ကို မကျေနပ်၍ ၎င်းမြို့ ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးထံ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရလျှောက်လွှာတင်သွင်းရမည်သာဖြစ်သည်။ ထိုတရားသူကြီးများထံသို့ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၁ (က) ဖြင့်လျှောက်လွှာ မတင်သွင်းနိုင်ဟု တိုတိုတုတ်တုတ် ပြဋ္ဌာန်းလိုက်ပြီး၊ ၁၉၆၈ ခု၊ ဩဂုတ်လ ၃၁ ရက်နေ့တင်သွင်းသော မူရင်းပြင်ဆင်လွှာကို အထက်တွင် ညွှန်ကြားထားသည့်အတိုင်း သက်ဆိုင်ရာတွင် တင်သွင်းရန် ပြန်ပေးလိုက်ကြောင်း ထပ်မံ၍ ကျွန်ုပ်တို့ အမိန့်ချမှတ်လိုက်သည်။

---

(1) (1963) B.L.R. 246.(C.C.)

# CIVIL FIRST APPEAL

*Before U Kyaw Zan U and U Thet Pe, JJ*

C.C. 1969 — Apl. 4.

## MA KHIN KYI AND OTHERS (APPELLANTS)

v.

## U CHIT PE AND OTHERS (RESPONDENTS).*

*Code of Civil Procedure—suit under s. 92 of the Code for delivery of specific jewelleries—whether a personal decree could be passed against the legal representatives—enforcement of the decree against the legal representatives under s. 52 of the Code of Civil Procedure.*

The plaintiffs (1st and 2nd respondents) who had the same father (U Hpaw, deceased) but different mothers sued the appellants who are their nephews and nieces as the legal representatives of their mother Daw Mya May under s. 92 of the Code of Civil Procedure for delivery of specific jewelleries which were alleged to be in possession of their mother Daw Mya May at the time of her death as properties of the waqf.

*Held :* The suit was filed against Daw Mya May as heir and legal representative of U Ba Kyin and upon her death her children were added as her legal representatives and accordingly no personal decree could be passed against them. It is true that the office of trustee or manager terminates upon death but the estate may remain liable for debt incurred during trusteeship.

S. 52 of the Code of Civil Procedure relates to the enforcement of the decree passed against legal representatives. Under this section one of the conditions is that the legal representatives must have received some property of the deceased. Suit cannot be dismissed merely because a legal representative states that no estates are available. All that is necessary is that he is a person on whom the assets would devolve. The question whether the legal representative is, in fact, in possession of assets is to be determined in execution under s. 52 (2) read with s. 47 of the Code.

*U Ba Nyunt* for the appellant.

*U San Thein* for the respondents 1 and 2.

U KYAW ZAN U, J.—This appeal arises out of Civil Regular Suit No. 2 of 1963 of the District Court of Maubin

---

* Civil First Appeal No. 78 of 1968 against the order of the District Judge, District Court of Maubin in Civil Regular Suit No. 2 of 1963, dated 11th September 1968.

wherein the plaintiffs (1st and 2nd respondents) who had the same father (U Hpaw, deceased) but different mothers sued the appellants who are their nephews and nieces as legal representatives of their mother Daw Mya May under section 92 of the Code of Civil Procedure for delivery of specific jewelleries valued at K 70,000 as per schedule attached to the amended plaint (*see* also Exhibit o) which were alleged to be in possession of their mother Daw Mya May at the time of her death as properties of the Waqf created by their father U Hpaw and his brother U Pho Kyaw (both deceased) and their sister-in-law Daw Chan Tha (PW 2) in the year 1926, and for appointment of themselves as managers or *mutwalis* for the administration of the said Waqf. Maung Tin Aung the original 8th defendant who did not contest the suit has been added as respondent in this appeal. No written statement was filed by any of the defendants (appellants).

The suit was originally filed against Daw Mya May who, in her written statement, denied that her husband U Ba Kyin, one of the sons of U Hpaw, died possessed of the jewelleries as one of the managers of the Waqf. She even went to say that she had never seen the jewelleries nor the jewel box. She died pending suit. It was alleged by the respondents (plaintiffs) that the Waqf was created for public purposes of a charitable and religious nature. The Waqf, in fact, was not in dispute. After hearing the first respondent (plaintiff) and his two witnesses the trial Court held that U Ba Kyin the father of the appellant was in possession of the jewelleries while legitimately acting as manager of the Waqf and upon his death, his wife Daw Mya May was bound to produce them as his heir and agent. The Court also appointed the 1st and 2nd respondents as managers of the Waqf and directed the defendants (appellants) to return the jewelleries or their value (K 70,000) to the 1st and 2nd respondents.

C.C.
1969
MA KHIN KYI AND OTHERS
v.
U CHIT PE AND OTHERS.

The learned Advocate for the appellants read out portions of evidence to show that U Chit Pe (the 1st plaintiff-respondent) himself did not see the jewelleries with Daw Mya May and that he only learned that the key to the jewel box was with U Pho Kyaw's daughters. He submitted that accordingly the appellants were not in a position to hand over the jewelleries. But according to the evidence of Daw Chan Tha (PW 2) aged about 78 years, who was one of the creators of the Waqf, she herself saw the jewelleries. The Waqf, not being in dispute, the plaintiffs who were interested in it could sue under section 10 of the Specific Relief Act to recover these moveable properties, and the question of limitation does not arise in view of the provision of section 10 of the Limitation Act. A legal notice (Exhibit o ) was served on Daw Mya May when she was alive accusing her of taking possession of the jewelleries as wife and legal representative of her husband U Ba Kyin. She was informed of the Waqf and asked to furnish full particulars of the jewelleries which formed the Waqf properties and for accounts, but she never complied. On the other hand she denied *in toto* in her written statement referred to above. There is no denial that U Ba Kyin, before his death, admitted in his evidence in a connected suit being Civil Regular Suit No. 6 of 1937 of the District Court of Maubin that the jewel box was in his possession though he did not have the key. He was admittedly acting as a manager of the Waqf and his wife and legal representative Daw Mya May was bound to account for the jewelleries, and upon her death the present appellants as her legal representatives must also account for them.

We agree with the learned Advocate for the respondents that the argument of the learned appellants' Advocate was based on mis-conception. The suit was filed against Daw Mya May as heir and legal representative of U Ba Kyin and upon her death her children were

added as her legal representatives and accordingly no personal decree could be passed against them. It is true that the office of trustee or manager terminates upon death but the estate may remain liable for debt incurred during trusteeship. The learned appellants' Advocate in his reply agreed and submitted that judgment and decree may be ordered to be amended. Section 52 of the Code of Civil Procedure relates to the enforcement of the decree passed against legal representatives. Under this section one of the conditions is that the legal representatives must have received some property of the deceased. Suit cannot be dismissed merely because a legal representative states that no estates are available. All that is necessary is that he is a person on whom the assets would devolve. The question whether the legal representative is, in fact, in possession of assets is to be determined in execution under section 52 (2) read with section 47 of the Code. The amended plaint (cause-title and paragraph 15) clearly show that the appellants were used in their capacity as legal representatives of Daw Mya May but the judgment does not make this clear. It directs the appellants (defendants) to hand over the jewelleries which formed the properties of the Waqf or in the alternative K 70,000 being their value to the respondents (plaintiffs). It should have added the words "ကွယ်လွန်သူ ဒေါ်မြမေ၏ အမွေစား အမွေခံ အနေဖြင့်" between the words "အဖြစ်ထားပြီး" and "တရားခံများသည်" in the second paragraph under issue No. 11 at page 14 of the judgment and also in the body of the decree. In the cause-title of the decree also no mention is made as to their status that they are legal representatives of Daw Mya May.

In the result the judgment and decree of the lower Court as ordered above to be corrected are confirmed. The parties shall bear their own costs in this appeal.

## CIVIL REVISION

*Before U Kyaw Zan U and U Thet Pe, JJ.*

C.C. 1969 — *June* 27.

T. P. MAMOOTY (APPLICANT)

V.

MA THEIN HLAING (*a*) MA ASARA (RESPONDENT).*

*Suit for rendition of accounts and for dissolution of the partnership and for recovery of the share of the assets and profits—whether article 106 or article 120 of the Limitation Act is applicable.*

*Held* : The respondent (plaintiff) claims not only for rendition of accounts and for dissolution of the partnership, but also for her share of the assets and profits. However, the partnership was dissolved on 22nd February 1962 when the respondents' husband died. The Suit is, therefore, governed by Article 106 of the Limitation Act.

*Tan Soon Lee* v. *Yeo Tong Hoe*, 1958 B.L.R. 365 (H.C.) distinguished.

*Mr. M. A. Subhan* for the applicant.

*U Hlaing* for the respondent.

U KYAW ZAN U, J.—This application to revise the order of the Registrar of the City Civil Court, Rangoon, dated 28th October 1968 must be allowed.

On 9th November 1967 the respondent applied for leave to sue the applicant a foreigner " for accounts and for dissolution of partnership and for injunction " as a pauper alleging that her husband entered into partnership by a registered deed of partnership dated 20th December 1957, a copy of which has been attached to the plaint, with the applicant to run the business known as T. K. A. Bakery and Confectionery in 40th Street, Rangoon and to share the profit and loss equally, but died in Rangoon

* Civil Revision No. 55 of 1968. Against the order of the Registrar, City Civil Court of Rangoon in Civil Miscellaneous Case No. 168 of 1967, dated 28th October 1968.

on 22nd February 1962. It was also alleged that under clauses 13, 14 and 15 of the deed the firm was to be wound up upon the death of a partner, and all sums due to the deceased were to be paid to his heirs and legal representatives but the applicant who is the surviving partner failed to do so.

The applicant in his objection dated 7th May 1968 stated that the respondent "has no cause of action and the suit is barred and not maintainable" adding that she not being the sole heir of her husband "has no right to sue in her sole name".

The arguments on the question of limitation were heard and the Registrar relying upon *Tan Soon Lee* v. *Yeo Tong Hoe* (1) held that since the suit is for accounts and for dissolution of partnership, Article 120 of the Limitation Act applies and the suit is not barred as it was filed within six years of the death of the respondent's husband and overruled the objection. Hence this application.

The Registrar has failed to see the point. In the authority relied upon partnership was still subsisting and there was failure to render accounts. In the present case, however, the partnership was already dissolved on 22nd February 1962 when the respondent's husband died. The partnership was at will and though there is no express provision in the deed that the partnership is dissolved upon the death of a partner it may be inferred from the provisions of clauses 13, 14 and 15 of the deed that the partnership came to an end upon the death of the respondent's husband for they give option to the surviving partner to purchase the share of the deceased partner and to take accounts and pay whatever is due to his legal representatives. Whatever it may be section 42 of the Partnership Act says:

---

(1) 1958 B.L.R. 365 (H.C.).

"Subject to contract between the partners, a firm is dissolved:

(a) * * * * *

(b) * * * * *

(c) by the death of a partner."

This section relates to events whose occurrence will dissolve the firm if there is no agreement to the contrary. On the death of a partner the partnership is at an end. If however it is continued, it may amount to a new partnership. It may not be out of place to mention that the respondent in paragraph (10) (a) of her plaint also claims not only for rendition of accounts and for dissolution of the partnership, but also for her share of the assets and profits. Since the partnership was dissolved on 22nd February 1962 on the death of the respondent's husband, the suit is governed by Article 106 of the Limitation Act. The authority quoted by the Registrar also says that if the suit for accounts is brought after the dissolution then the period of limitation for such a suit is three years under Article 106 of the Limitation Act from the date of dissolution, *i.e.*, 22nd February 1962. In the instant case, the suit having been filed more than three years on 9th November 1967 it is clearly barred. Article 106 covers a suit for partnership account and to recover the plaintiff's share of the assets and property of the partnership business. The residuary Article 120 applies only to a suit for dissolution of an existing partnership and for accounts. The suit was clearly misconceived by the Registrar. In the Punjab case relied upon by the Advocate for the respondent the surviving partner carried on the business alone and to the suit for dissolution and accounts he pleaded that the firm had automatically been dissolved upon the death of his partner. It was held the suit came under section 37 of the Partnership Act which says that when the surviving partner continues the business without

the final settlement of accounts the representative of the deceased partner is entitled to such share of the profits made after dissolution or death and the prayer in the suit for dissolution was an error. It was also held that Article 106 applied to accounting up to dissolution on death of the partner and there was no question of applying the Limitation Act to the accounting period subsequent to dissolution on death as the cause of action continued from day to day. It will be seen that in the present case there is a claim for share of the profits on the death of the deceased partner or on the dissolution of the partnership, and therefore Article 106 applies. The plaint makes it clear that it is a suit in respect of a dissolved partnership. This is not a case of the respondent becoming a partner in the new partnership as the agreement is silent on the point but claiming a right to a share of the profits of a dissolved partnership as a legal representative of the deceased partner.

Under Order XXXIII, Rule 3 (*c*) of the Civil Procedure Code subject to the jurisdiction of the Court to allow amendments to be made the Court shall reject the application for leave to sue as a pauper where the claim appears to be barred.

In the circumstances we set aside the order of the Registrar above referred to with costs. Advocate's fee K 51.

# CRIMINAL APPEAL

*Before U Kyaw Zan U and U Thet Pe, JJ.*

† C.C.
1969
—
Apr. 11.

## U BA SEIN (APPELLANT)

**v.**

## U THEIN (RESPONDENT).*

CODE OF CRIMINAL PROCEDURE—*appeal under s. 476 (b)—application for succession certificate—non-compliance with provisions of the Succession Act—whether the Court has jurisdiction to grant a certificate in respect of a house-site*—ultra vires *and illegal proceeding—whether the provisions of s. 476 of the Code of Criminal Procedure would be attracted if an offence under* s. 193 *Penal Code were committed in the course of such proceeding.*

*Held* :The true copy of the respondent's application for succession certificate bearing the seal of the Court produced before us does not show the particulars required in clauses (*b*), (*c*), (*e*) and (*f*) of sub-s. (1) of s. 372 of the Succession Act and a court has no power to grant a succession certificate except upon an application complying with the provisions of the Succession Act.

The " debts and securities " mentioned in s. 372 (1) (*f*) do not refer to immoveable property. A " debt " for the purpose of a succession certificate is a certain sum of money now payable or becoming payable in the future. " Security " is defined in s. 370 (2) of the Succession Act. It means, *inter alia*, promissory note, debenture, stock, bond, share in a company. Hence the issue of a succession certificate to the respondent in respect of the house-site, being No. 145 in Kanshe Quarter was null and void. The Court had no jurisdiction to grant such a certificate.

*Maung Than Maung* v. *Maung Hlaw*, 3 Burma Law Times, p. 153, referred to.

A proceeding in which a Judge acted without jurisdiction being *ultra vires* and illegal, it is no proceeding at all under s. 476 or 476A. In order to prosecute the respondent for giving false evidence the proceeding must be a " judicial proceeding ". If during the course of proceeding which was *ultra vires* and illegal, an offence under s. 193 was committed, it cannot be said that it was committed in, or in relation to, a judicial proceeding so as to attract the provisions of s. 476 of the Code of Criminal Procedure.

*U Aye Maung* for the appellant.

*U San Thein* for the respondent.

---

* Criminal Appeal No. 486 of 1967.

† From the Order of the District Judge of Taunggyi, dated 31st October 1967, passed in his Criminal Miscellaneous Case No. 1 of 1967.

U KYAW ZAN U, J.—This is an appeal under section 476 (*b*) of the Code of Criminal Procedure against the order of the District Judge of Taunggyi, dated 31st October 1967, in his Criminal Miscellaneous Case No. 2 of 1967 declining to hold an inquiry against the respondent, who is no other than the nephew of the appellant and who, on 17th December 1947 obtained in Civil Miscellaneous Case No. 6 of 1947 of the Court of the Assistant Superintendent of Civil Justice, Taunggyi—the record of which, we are informed by the Advocates for the parties, has now been lost—a succession certificate which was subsequently revoked on 7th April 1967 in Civil Miscellaneous Case No. 11 of 1966 of the District Court of Taunggyi, and to make a written complaint signed by him as the Presiding Officer of the Court (District Court of Taunggyi) against the respondent for making false and untrue statements punishable under section 193 of the Penal Code in his application for succession certificate in the aforesaid Civil Miscellaneous Case No. 6 of 1947 that on the death in June 1944 of Daw Hnin Yee, the mother and grandmother respectively of the appellant and the respondent, he (respondent), being the sole heir under the Burmese customary law, was entitled to the succession certificate in respect of immoveable property—being house-site No. 145 in Kanshe Quarter, Taunggyi, on which were some buildings which were burnt down by Chinese troops in 1942.

The three main points presented for our consideration are:

(1) Whether it could be said that an offence under section 193 of the Penal Code or any other offence was committed by the respondent to attract the provisions of section 476 of the Code of Criminal Procedure in the proceedings, being Civil Miscellaneous Case No. 6 of 1947

C.C.
1969

U BA SEIN
v.
U THEIN.

where the succession certificate was granted illegally under section 377 of the Succession Act to the respondent in respect of immoveable property referred to above on the false and untrue statements made by him, and where no full particulars as required by section 372 (1) of the Succession Act were given in the application made by him for the certificate.

(2) Whether it is expedient in the interests of justice that a complaint should be made after an inquiry against the respondent when the matter may have arisen out of malice or private grudge, and

(3) Whether the delay of about 19 years in making the application to move the Court to lay a complaint is fatal.

It will be more convenient to deal with the first and second points together. The true copy of the respondent's application for succession certificate bearing the seal of the Court produced before us does not show the particulars required in clauses (*b*), (*c*), (*e*) and (*f*) of sub-section (1) of section 372 of the Succession Act. The lower Court was also fully aware of these defects in the application. A court has no power to grant a succession certificate except upon an application complying with the provisions of the Succession Act. In *Maung Than Maung* v. *Maung Hlaw* (1) it was held that the application must specify each debt and security in respect of which a certificate is asked, and the certificate, when granted, must likewise specify each debt and security covered by it. The "debts and securities" mentioned in section 372 (1) (*f*) do not refer to immoveable property. A "debt" for the

(1) 3 Burma Law Times, p. 153.

purpose of a succession certificate is a certain sum of money now payable or becoming payable in the future. "Security" is defined in section 370 (2) of the Succession Act. It means, *inter alia*, promissory note, debenture, stock, bond, share in a company. Hence the issue of a succession certificate to the respondent in respect of the house-site, being No. 145 in Kanshe Quarter was null and void. The Court had no jurisdiction to grant such a certificate. Now the point which arises for consideration is whether the respondent can be prosecuted for making false and untrue statements in a case where the procedure adopted by the court was *ultra vires* and illegal; or, in other words, where the Judge had no jurisdiction to pass the order he did, that is to say, to grant succession certificate in respect of a house-site which was neither a debt nor a security. There is no denial that the statements were untrue, if not false. The respondent, however, explained that he being the eldest of the five children left behind by his deceased mother none of whom would object to the grant of the certificate to him and that his uncle's (appellant's) whereabouts being untraceable, he claimed himself to be the sole heir of his deceased grandmother, Daw Hnin Yee under the Burmese customary law. He submitted that due to circumstances arising out of the War he could not trace his uncle (appellant) and his grandmother and, he *bona fide* believed them to be dead. As a matter of fact, the grandmother was still alive when he obtained the succession certificate and her death certificate shows she died in Rangoon only on 20th July 1956, at the age of 78 years. *Prima facie* she was ordinarily residing in Rangoon at the time of her death beyond the jurisdiction of the District Court of Taunggyi which may not therefore have sufficient authority to entertain the application for the grant of succession certificate. He further submitted that there was neither fraud nor intentional concealment; otherwise he would not have agreed

to the revocation of the succession certificate which he later found out to have been inoperative and *void ab initio* having been obtained under a mistake of fact.

We have studied the various authorities on the point and we are clearly of the opinion that the proceeding in which a Judge acted without jurisdiction being *ultra vires* and illegal, it is no proceeding at all under section 476 or 476A. In order to prosecute the respondent for giving false evidence the proceeding must be a "judicial proceeding." Under section 193 of the Penal Code, for example, where M instituted a civil suit against B and C a decree was passed against B only and subsequently the Court re-heard the suit *de novo* on the application of C, against whom the suit was dismissed, and laid a complaint under section 193 of the Penal Code against B after dismissing the whole suit. It will be seen that C had no *locus standi* to apply to reopen the suit *de novo* and the Court's action being *ultra vires* and illegal, B could not be said to have committed the offence as the proceeding was such under which no evidence could be legally taken. We may give another instance. The District Judge's inquiry into a charge of unprofessional conduct of a Pleader committed in the Township Court is *ultra vires* because under section 14 of the Legal Practitioners' Act, it is only the presiding officer of the Court in which the misconduct was committed who can hold the inquiry and lay a complaint under section 476 of the Code of Criminal Procedure against a witness for perjury. The District Judge has no jurisdiction to hold the inquiry and to lay a complaint. It may be technical but it must be remembered that we administer the law according to the established rules. We therefore rule that if during the course of proceeding which was *ultra vires* and illegal, an offence under section 193 was committed, it cannot be said that it was committed in, or in relation to, a judicial proceeding so as to attract

the provisions of section 476 of the Code of Criminal Procedure. This goes to the root of this appeal. The parties are closely related and there are many litigations between them leading us to form an opinion that they obviously are not on good terms and that this appeal arose out of malice or private grudge and not in the interests of public justice. The question whether a complaint should be made under section 476 of the Code of Criminal Procedure is almost invariably a matter of discretion. Ordinarily, this Court is reluctant and is loathe to interfere with the orders passed by the Courts below. Every case of perjury need not necessarily result in prosecution. It is the policy of the law that primarily serious prosecutions should not be left to private persons but to the State in the interests of justice and not to satisfy the private grudge of a litigant. It has been said, "The thought of man shall not be tried for the devil himself knoweth not the thought of man." But there is always a presumption of malice whenever a private party, especially a close relation, applies to the Court to prosecute his opponent, who is his own relation.

We consider that the views we expressed above, on the first two points, finally dispose of this appeal and we need not burden our judgment by attempting to answer the remaining point on the question of delay in applying to the Court to lay a complaint against the respondent.

In the result the appeal fails and it is dismissed.

## တရားမ ပဌမအယူခံမှု

တရားသူကြီး ဦးထွန်းတင် နှင့် တရားသူကြီး ဦးကျော်ခိုင် တို့ရှေ့တွင်

† ၁၉၆၉ မေလ ၂၉ ရက်။

# ခါတွန်ဘီဘီ (အယူခံတရားလို)

နှင့်

# ခလစ်ဝိုင်အက် (စ်) ဂျမား (အယူခံတရားခံ)*

**ခန်းဝင်ငွေနှင့် မူဟာမဒင် ထုံးတမ်းစဉ်လာ (Iddat) အီဒက်အချိန်အတွင်း အထောက်အပံ့စရိတ် ရလိုကြောင်း တရားစွဲဆိုခြင်း—အမှုကို မူဟာမဒင်တရားဥပဒေအရ အဆုံးအဖြတ်ပေးရမည် ဖြစ်ခြင်း—ခန်းဝင်ငွေကိုပိုမို၍ဖြစ်စေ၊ လျော့ပေါ့၍ဖြစ်စေ ပေးနိုင်သည်ဟု ဥပဒေမယှိခြင်း— အီဒက်အချိန်အတွင်း အထောက်အပံ့ စရိတ်ရနိုင် မရနိုင်။**

အယူခံတရားလိုနှင့် အယူခံတရားခံတို့သည် စူနီမူဟာမဒင်များဖြစ်ကြသည့်အလျောက် ၎င်းတို့၏ ထုံးတမ်းစဉ်လာဖြစ်သော (Nikah) ပဋိညာဉ်အရ ထိမ်းမြား မင်္ဂလာပြုလုပ်ကြရာ အယူခံတရားခံက အယူခံတရားလိုအား ခန်းဝင်ပစ္စည်း (Dower) အဖြစ်ငွေ ၁၀,၀၀၁ ကျပ် တိတိကို မည်သည့်အခါမဆို တောင်းဆိုလျှင်ပေးပါမည်ဟု ဝန်ခံခဲ့သည်။ အယူခံတရားခံသည် မူဟာမဒင် တရားဥပဒေ အရ၊ (Talak) တလက်သုံးကာဆင့်ရေး၍ (Talak-ul-Bidaat) အယူခံတရားလိုကို ကွာရှင်းခဲ့သဖြင့် အယူခံတရားလိုက ခန်းဝင်ငွေနှင့် မူဟာမဒင် ထုံးတမ်းစဉ်လာ (Iddat) အီဒက်အချိန်တွင် အထောက်အပံ့စရိတ် ရလိုကြောင်း တရားစွဲသည်။

**ဆုံးဖြတ်ချက်။** ။အမှုတွင်ပေါ်ပေါက်သော ပြဿနာများကို မူဟာမဒင် တရားဥပဒေအရ အဆုံးအဖြတ်ပေးရမည်။

ခန်းဝင်ပစ္စည်းသည် ထိမ်းမြားမင်္ဂလာ၏ ကျရောက်သက်ဆိုင်သော တစိတ်တဒေသ ဖြစ်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် နှစ်ဦးသဘောတူ ပြုလုပ်သည့် ပဋိညာဉ် (Nikahnama) တွင်ပါယှိသော ခန်းဝင်ငွေကို ပိုမို၍ဖြစ်စေ၊ လျော့ပေါ့၍ဖြစ်စေ ပေးနိုင်သည်ဟု ဥပဒေမယှိသည်ဖြစ်၍ အမှုတွင် အဘောတူညီကြပြီးဖြစ်သောငွေကို အယူခံတရားခံက ပေးရမည်ဖြစ်သည်။

ယောကျ်ားတဦးသည် ၎င်း၏မိန်းမကို သာမညအားဖြင့် အထောက်အပံ့ ပေးရန်တာဝန် ယှိသည်ကို အထူးပြောရန်မလိုပေ။ ပညာရှိမူလာ၏ Principles of Mahomedan Law ပုဒ်မ ၂၇၉ ၌လည်း ကွာရှင်းပြီးနောက် မိန်းမသည် (Iddat) အီဒက်အချိန်အတွင်း အထောက်အပံ့

---

* ၁၉၆၇ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၈၇။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှု ၇၈၈ တွင် ၁၉၆၇ ခု၊ ဖေဖေါ်ဝါရီလ ၁၅ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ တရားမရုံး၊ ဒုတိယတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

စရိတ် ရယိုနိုင်ရာသည်ဟု ဆိုထားရာ အယူခံတရားခံက အယူခံတရားလိုအား လျှောက်ထားတောင်း ဆိုသည့် (Iddat) အီဒက်အချိန်အတွင်း အထောက်အပံ့ စရိတ်ငွေပေးရမည်။

မောင်ကိုကြီးနှင့် ဒေါ်အုန်းခင်၊ ၁၉၆၅ ခုနှစ်၊ မြန်မာပြည် စီရင်ထုံး၊ ၈၁ ၉၁၃ ခြားနားပြသည်။

*Maung Tun Aung* v. *Ma E Kyi*, I.L.R. 14 Ran., 215, F.B.; *A. M. Ebrahim* v. *Fatima Bibi*, 1939, Rangoon Law Reports, p. 383 ရည် ညွှန်း သည်။

၁၉၆၉ ခါတွန်ဘီဘီ နှင့် ခလစ်ဝိုင် အက်(စ်) ရှမား။

အယူခံတရားလိုအတွက်။ ။ဦးစိုးမြင့်။

အယူခံတရားခံအတွက်။ ။ဦးသန်းအောင်။

တရားသူကြီး ဦးကျော်စံဦး။ ။ဤအမှုတွင်အငြင်းမပွါးသောအကြောင်းအရာ များ၏ အတိုချုပ်နှင့် ဆုံးဖြတ်ရန်အချက်မှာအယူခံတရားလိုနှင့် အယူခံတရားခံတို့သည် စုန္နီမူဟာမူဒင်များ ဖြစ်ကြသည့်အလျောက် ၎င်းတို့၏ ထုံးတမ်း စဉ်လာ ဖြစ်သော (Nikah) ပဋိညာဉ် သက်သေခံ ၆ နှင့် ၆၂(က) အရ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့က ထိမ်းမြားမင်္ဂလာပြုကြရာ အယူခံတရားခံက အယူခံတရားလိုအား၊ ခန်းဝင်ပစ္စည်း (Dower) အဖြစ်ငွေ ၁၀,၀၀၁ ကျပ် တိတိကို မည်သည့်အခါမဆို တောင်းဆိုလျှင် ပေးပါမည်ဟု ဝန်ခံခဲ့သည်။ သို့သော် ကလေး တယောက် မွေးဖွါး ပြီးနောက် အယူခံတရားခံသည် မူဟာမူဒင် တရားဥပဒေအရ သက်သေခံအမှတ် က နှင့် က(၁)ဖြင့် (Talak) တလက် သုံးကာဆင့်ရေး၍ (Talak-ul-Bidaat) အယူခံ တရားလိုကို ကွာရှင်းခဲ့သဖြင့် ခန်းဝင်ငွေ ၁၀,၀၀၁ ကျပ်နှင့် မူဟာမူဒင် ထုံးတမ်း စဉ်လာ (Iddat) အီဒက် အချိန်အတွင်း အထောက်အပံ့ စရိတ် တလလျှင်ငွေ ၆၀ ကျပ်ဖြင့် သုံးလအတွက်ငွေ ၁၈၀ ကျပ် စုစုပေါင်း ငွေ ၁၀,၁၈၁ ကျပ် (ကျပ်တ သောင်း တစ်ရာရှစ်ဆယ့်တစ်ကျပ်)တိတိ ကို ရလိုကြောင်း လှူမှုအဖြစ် တရားစွဲဆို၍ တောင်းရာ၊ အယူခံတရားခံက ခန်းဝင်ငွေမှာ အယူခံတရားလို၏ အဆင့်အတန်း အ လျောက် ငွေ ၁၂၀ ကျပ်သာ ပေးထိုက်ကြောင်းထုချေသည်။ အထောက်အပံ့ စရိတ် နှင့်ပတ်သက်၍ ၎င်းမှာ တနေ့လျှင် ၃ ကျပ်ကျဖြင့် တလခန့် ခေတ္တ အလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ရပြီးနောက် အလုပ်အကိုင်မယှိဟု ထုချေသည်။အယူခံတရားလိုက သူမသည် ဂုဏ်သရေရှိအမျိုးမှ ဆင်းသက် လာသည့်အလျောက် ခန်းဝင် ငွေမှာ မူဟာမူဒင် တရားဥပဒေအရ အငြင်းမယှိပေးရမည့်ငွေ ဖြစ်သည်ဟု ပြန်ပြောသည်။ အယူခံတရားခံ လည်း အမျိုးကောင်းတဦး ဖြစ်ပြီး အမွေ ပစ္စည်းများ အတွက် အမှုဖြစ်နေသည်။

၁၉၆၉ — ဓါတ္တန်ဘီဘီ နှင့် ခလစ်ဝိုင် အက်(စ်) ဂျမား။

အောက်ရုံးက သက်သေများကိုစစ်ဆေးပြီး မောင်ကိုကြီး နှင့် ဒေါ်အုံးခင်(၁) စီရင်ထုံးကို အကိုးအကားပြု၍—

"လူလူချင်း အနိုင်အထက်မပြုမှု၊ အမြတ်မထုတ်၊ လောကပါလတရား ကျင့်ဝတ်တို့နှင့်အညီ ကူးလူးဆက်ဆံကြသည့် တရားကို ထောက်ရှု၍၊"

ဟု ယူဆပြီး ငွေ ၃,၀၀၀ ကျပ်သာ ခန်းဝင်အဖြစ် စရိတ်နှင့်တကွ ဒီကရီ ချမှတ်ပေးသည်ကို မကျေနပ်၍ ဤအယူခံမှုကို လူမဲ့အဖြစ်တင်သွင်းရာ၊ စဉ်းစား ဆုံးဖြတ်ရန် အချက်မှာအောက်ရုံးသည်သက်သေခံအမှတ်၆ နှင့် ၆(က)ပဋိညာဉ်(**Nikahnama**) အရ ငွေ ၁၀,၀၀၁ ကျပ်နှင့် (**Iddat**) အီဒက် အချိန်အတွင်း အထောက်အပံ့ စရိတ်ငွေ ၁၈၀ ကျပ်ကို လုံးဝမပေးသည်မှာ မှားသလောက်ပင် ဖြစ်သည်။ ကနဦး ကနစကပင် ဖြေဆိုရမည်ဆိုလျှင် အောက်ရုံး၏ ဆုံးဖြတ်ချက်မှာ မူဟာမဒင် တရားဥပဒေအရ မှားယွင်းသည်ဖြစ်၍ စီရင်ချက် ဒီကရီကို ပယ်ဖျက်ရမည်ဖြစ်သည်။

အောက်ရုံးက အကိုးအကားပြုသော မောင်ကိုကြီး နှင့် ဒေါ်အုံးခင် (၁) စီရင်ထုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာ အချင်းချင်း ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်မှုကြောင့် ပဋိညာဉ် အက်ဥပဒေအရ အပေါ်ယံကြော တွေးတောဆုံးဖြတ်ရန်မဟုတ်ပဲ၊ မြန်မာ့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ဥပဒေကို ကိုးကား၍ ယခုခေတ်အလိုက် လူလူချင်း အနိုင်အထက်မပြုမှု၊ အမြတ်မထုတ်၊ လောကပါလ တရားကျင့်ဝတ်တို့နှင့်အညီ ကတိပျက်ကွက်သော အရွယ်ရောက်ပြီး ယောကျ်ားအပေါ် လျော်ကြေး ရလိုကြောင်း၊ အရွယ်မရောက်သေးသော မိန်းကလေး၏ မိခင်က တရားစွဲဆိုနိုင်သည်ဟု အယူခံတရားခံ၏ ဝတ်လုံတော်ရ ကိုးကား တင်ပြသော *Maung Tun Aung* v. *Ma E Kyi* (၂) စီရင်ထုံးနှင့် သဘောကွဲလွဲ၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။ ယခုမှုမှာမူကား ဤကဲ့သို့မဟုတ်ပေ။ The Burma Laws Act ပုဒ်မ ၁၃ (၁) က—

"Where in any suit . . . it is necessary for the Court to decide any question regarding . . . marriage . .

(*a*) . . . . . .

(*b*) The Muhammadan Law in cases where the parties are Muhammandans . . .

(*c*) . . . . . .

shall form the rule of decision, except in so far as such law has by enactment been altered or abolished, or is opposed to any custom having the force of law."

---

(၁) ၁၉၆၅ ခု၊ မြန်မာပြည်စီရင်ထုံး၊ ၈၁၊ ၉၁၃။

(၂) I. L. R., 14 Rgn. 215, F.B.

ခုနစ်၊ ခါတွန်ဘိုဘိ နှင့် ခလစ်ဝိုင် အက်(စ်)ဂျမှား။

ဟုဆိုသည်။ ပညာရှိမူလာသည် ၎င်း၏ "Principles of Mahomedan Law" (၁၄ ကြိမ်မြောက် ပုံနှိပ်ထုတ်ဝေခြင်း) စာ ၂၅၁ တွင်—

"Dower is an essential incident under the Mussalman law to the status of marriage."

ဟု ပြိဗီကောင်စီ စီရင်ထုံးကိုသာကေပြထားသည်ကိုတွေ့ရှိရသည်။ ထို့အပြင် *Maung Tun Aung* v. *Ma E Kyi* (၂) စီရင်ထုံးတွင် တရားဝန်ကြီး Baguley က—

". . . among Mohamadans dower is so intimately connected with marriage that a marriage contract without dower would appear unreal."

ဟုပြဋ္ဌာန်းထားသည်။ သို့ကြောင့် ခန်းဝင်ပစ္စည်းသည် ထိမ်းမြားမင်္ဂလာ၏ ကျရောက် သက်ဆိုင်သော တစိတ်တဒေသ ဖြစ်သည်ဟု ယူဆရပေမည်။ လင်မယား ကွာရှင်း ရေးနှင့် စပ်လျဉ်း၍ မူဟာမူဒင် (အစ္စလမ်)တရားဥပဒေ၏ မူလသဘောကို ထိခိုက်ခြင်း မပြုစေရဟူပင် ၁၉၅၀ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှစ၍ အတည်ပြုသော မူဆလင် လင်မယား ကွာရှင်းရေး အက်ဥပဒေ (၁၄/၁၉၅၃) ပုဒ်မ ၁(၃) ကလည်း ပြဋ္ဌာန်း ထားသည်။ ထို့အပြင်ဤပုဒ်မ ၁(၃) ကပင် ဆက်လက်၍ လက်ထပ်ရေးနှင့် စပ်လျဉ်း၍ တရားနည်းလမ်းအရ နှစ်ဦး သဘောတူ ပြုလုပ်သည့် ပဋိညာဉ် (Nikahnama) ကိုလည်း မထိခိုက်စေရဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဤအက်ဥပဒေ ပုဒ်မ ၅ က တဖန် ဤသို့ဆိုထားပြန်သည်။

"ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေအရ လင်မယား ကွာရှင်းသည့်အခါ အစ္စလမ် တရားဥပဒေအရ ခန်းဝင်ပစ္စည်း (Dower)နှင့် သို့တည်းမဟုတ် ခန်းဝင်ပစ္စည်း (Dower)၏ တစိတ်တဒေသနှင့် စပ်လျဉ်း၍ အိမ်ထောင်ပြုပြီးသော မိန်းမတဦး ရထိုက်သည့် အခွင့် အရေးကို မထိခိုက် စေ။"

ပညာရှိမူလာ၏ Principles of Mohamadan Law (၁၄ ကြိမ်မြောက် ပုံနှိပ် ထုတ်ဝေခြင်း) ပုဒ်မ ၂၉၆(၂)တွင်—

". . . where a claim is made under a contract of dower, the Court should, unless it is otherwise provided by any legislative enactment, award the entire sum provided in the contract."

ဟုပြဋ္ဌာန်းထားလေသည်။ နှစ်ဦးသဘောတူ ပြုလုပ်သည့် ပဋိညာဉ် (Nikahnama) တွင်ပါရှိသော ခန်းဝင်ငွေကို ပိုမို၍ဖြစ်စေ၊ လျော့ပေါ့၍ ဖြစ်စေ ပေးနိုင်သည်ဟု

၁၉၆၉

ဓါတ္တန်ဘီဘီ နှင့် ခလစ်ဝိုင် အက်(စ်) ဂျမား။

ဥပဒေမယှိသည်ဖြစ်၍၊ ဤအမှုတွင်သဘောတူညီကြပြီးဖြစ်သောငွေ ၁၀,၀၀၁ ကျပ ကို အယူခံတရားခံက ပေးရမည်ဖြစ်သည်။ မူဟာမူဒင် ဘာသာဝင် လူမျိုးများမှာ မိန်းမများသည် ယောကျ်ားများကဲ့သို့ လွတ်လွတ်လပ်လပ် အခွင့်အရေး အာဏာများ မရှိကြပေ။ ယောကျ်ားတဦးသည် ၎င်း၏စိတ်သဘောအရအကြောင်းတစုံတရာမပြပဲ၊ (Talak) တလက် သုံးကာဆိုရုံနှင့်ပင် ၎င်း၏ မိန်းမကို ဥပဒေအရ ကွာရှင်းနိုင်ပေသည်။ မိန်းမမှုကား ဤကဲ့သို့မပြုနိုင်။ ပညာရှိမူလာက ၎င်း၏ အထက်ဖေါ်ပြပါ စာအုပ်တွင် ပုဒ်မ ၃၁၉ ၌ (Talak) တလက်သည် "arbitrary act of the husband" ဟုဖေါ်ပြ ရေးသားထားသည်။ ဤအကြောင်းများကို ထောက်ရှု၍ ပညာယှိမူလာသည် ပြိဗီကောင်စီ၏ စီရင်ထုံးတခုမှ—

"Dower is often high among Mohamadans, to prevent the husband from divorcing his wife, in which case he would have to pay the amount stipulated."

ဟု သာဓကထုတ်၍ ရေးသားထားသည်ကိုလည်း တွေ့ယှိရသည်။ ထို့အပြင်—

"The mere fact that the amount stipulated is excessive or beyond the means of the husband is no defence to the wife's claim."

ဟုလည်း ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ *A. M. Ebrahim* v. *Fatima Bibi* (၃) စီရင်ထုံးတွင်ဤသို့ဆို၏။

"However large the dower fixed may be, the wife is entitled to recover the whole of it from her husband, or if he be dead, from his estate without reference to his circumstances at the time of marriage or the value of his estate at the time when the dower becomes payable."

အောက်ရုံး တရားသူကြီးသည် (Iddat) အိဒက် အချိန်အတွင်း အထောက်အပံ့ စရိတ်နှင့် ပတ်သက်၍ တစုံတခုမျှ ရေးသားဖေါ်ပြဝေဖန်ခြင်း မပြုခဲ့ပေ။ ယောကျ်ား တဦးသည် ၎င်း၏ မိန်းမကို သာမညအားဖြင့် အထောက်အပံ့ ပေးရန် တာဝန်ယှိသည်ကို အထူး ပြောရန် မလိုပေ။ ပညာရှိ မူလာ၏ အထက် ဖေါ်ပြပါ စာအုပ်တွင် ပုဒ်မ ၂၇၉ ၌ ကွာရှင်းပြီးနောက် မိန်းမသည် (Iddat) အိဒက် အချိန်အတွင်း အထောက်အပံ့ စရိတ်ရယှိနိုင်ရမည်ဟု ဆိုထားသည်။ အောက်ရုံး

(2) 1939, Rgn. Law Reports, p. 383.

၁၉၆၉

ဒါတွန်ဘီဘီ နှင့် ဓလစ်ဝိုင် အက်(စ်) ဂျမား

တရားသူကြီးသည် အဆိုလွှာနှင့် မူဟာမူဒင်တရားဥပဒေကို သေချာစွာ ဖတ်ကြည့်ရှုခြင်း မပြုခဲ့သည်မှာ ထင်ရှားသည်။

အထက်ပါ အကြောင်းများကြောင့် အောက်ရုံး၏စီရင်ချက် ဒီကရီကို ပယ်ဖျက်၍ ဤအယူခံမှုကို လက်ခံပြီး အယူခံတရားခံသည် အယူခံတရားလိုအား လျှောက်ထားတောင်းဆိုသည့်အတိုင်း ခန်းဝင်ငွေ ၁၀,၀၀၁ ကျပ် နှင့် (Iddat) အီဒက် အချိန်အတွင်း အထောက်အပံ့စရိတ်ငွေ ၁၇၀ ကျပ် စုစုပေါင်း ၁၀,၁၇၁ ကျပ်ကို စရိတ်နှင့်တကွပေးစေဟု ကျွန်ုပ်တို့ စီရင်ချက် ဒီကရီချမှတ်ပေးလိုက်သည်။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

† ၁၉၆၉ ဇွန်လ ၂၈ ရက်။

ဒေါ်ရွှေညွှန့် ပါ ၃ (လျှောက်ထားသူ)

နှင့်

ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ ရန်ကုန်မြို့ (လျှောက်ထားခံရသူ) *

**အမှုခေါ် စာချွန်တော်—မြေတကွက်အတွက် ဂရံရလိုကြောင်းအပြိုင်လျှောက်ထားခြင်း—အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်း မှုများအရဆောင်ရွက်ရသော ကိစ္စဖြစ်ခြင်း—စာချွန်တော်အာဏာစက် အောက်သို့ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** ။မြေဂရံထုတ်ပေးခြင်းသည် အဓိကအားဖြင့် အုပ်ချုပ်ရေး ကိစ္စဖြစ်၏။ တရားစီရင်ရေး၊ သို့မဟုတ် တရားစီရင်ရေး သဘောပါသော ကိစ္စအကျုံးဝင်သည်ဟုပင် မဆိုသာချေ။ အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းမှုများအရ ဆောင်ရွက်ရသော ကိစ္စဖြစ်၏။ ဤကိစ္စမျိုးတွင် မကျေနပ်သူက အုပ်ချုပ်မှုအာဏာပိုင် အဆင့်ဆင့်သို့ အယူခံတင်ခြင်း၊ ပြင်ဆင်ရန် လျှောက်ထားခြင်းပြုနိုင်ရန် ဥပဒေက ပြဋ္ဌာန်းပေးထား၏။ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စသာဖြစ်၍ ဤရုံး၏ စာချွန်တော် အာဏာ စက်အောက်သို့မရောက်။

**ဟုပ်ပေါ် နှင့်အင်းစိန်ခရိုင်ဝန်၊** ၁၉၅၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ် ၈၆။ **ဆရာမှုဒင် နှင့် ဦးဝင်းထိန်၊** ၁၉၆၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ် ၁၆၄။ **ဦးပေါ နှင့် မအူပင်မြို့နီစီပါယ်အဖွဲ့၊** ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ နိုင်ငံတော်တရားရုံးချုပ် ၁၃၄။ **ဒေါ် သိန်းရင် နှင့် သစ်တောမင်းကြီး၊** နိုင်ငံတော် တရားရုံးချုပ်၊ ၁၉၆၇၊ တရားမအထွေထွေ လျှောက်ထားမှု ၁၁၄ ညွှန်းသည်။

**လျှောက်ထားသူအတွက်။** ။**ဦးကျော်မင်း။**

**လျှောက်ထားခံရသူအတွက်။** ။ဒေါ်မြသန်းနု၊ အစိုးရတရားရုံးချုပ်ရှေ့နေ။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။** ။လျှောက်ထားသူတို့နှင့် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တို့သည် တဖက်တချက်၊ ပဲခူးခရိုင်၊ ညောင်လေးပင်

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၆၇။

† ရန်ကုန်မြို့၊ အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်ဌာန၏ ၁၉၆၉ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို မကျေနပ်၍ အမှုခေါ် စာချွန်အမိန့်ထုတ်ဆင့်ပေးပါရန် လျှောက်ထား သောလျှောက်လွှာ။

မြို့ရှိ မြေတကွက်အပေါ်က် ဂရံရလိုကြောင်း ခရိုင်ဝန်၊ တိုင်းမင်းကြီး၊ ဘဏ္ဍာတော်မင်းကြီး စသော အုပ်ချုပ်ရေး အာဏာပိုင် ပုဂ္ဂိုလ်တို့သို့ အပြိုင်လျှောက်ထားခဲ့ကြသည်။ ဤသို့ နိုင်တဲ့ ရုံးတလှည့်ဖြင့် နှစ်ပေါင်း အတန်ကြာပြီး နောက်ဆုံးတွင် ဘဏ္ဍာရေးနှင့် အခွန်ဌာန အတွင်းဝန်က န-က-ရ-ဖ အား ပဲခူးတိုင်းမင်းကြီးက မြေဂရံထုတ်ပေး သည့်အမိန့်ကို အတည်ပြု၍ လျှောက်ထားသူတို့၏ ပြင်ဆင်မှုကို ပယ်ခဲ့သည်။

၁၉၆၉
ဒေါ်ရွှေညွန့် ပါ ၃
နှင့်
ဘဏ္ဍာရေးနှင့်
အခွန်ဌာန၊
ရန်ကုန်မြို့

ယခု လျှောက်ထားသူတို့က အတွင်းဝန်၏ အမိန့်ကို စာချွန်တော်ဖြင့် ပယ်ဖျက်ပေး ရန် ဤရုံးသို့ လျှောက်ထားလာကြသည်။

ရှေ့နေကြီး ဦးကျော်မင်းက ဂရံစည်းကမ်းမပျက်ခဲ့ပါပဲ လျှောက်ထားသူတို့ထံမှ ဂရံပြန်လည်ရုပ်သိမ်းခြင်းသည် တရားမျှတမှုကင်း၍ အာဏာမဲ့ပါသည်ဟု လျှောက်လဲ သည်။ အစိုးရရှေ့နေကြီးဒေါ်မြသန်းနုက အောက်မြန်မာနိုင်ငံ မြို့ရွာမြေများ အက် ဥပဒေပုဒ်မ ၄၀ ကအပ်နှင်းသော အာဏာအတွင်းက အတွင်းဝန်သည် ပြင်ဆင်မှုကို ဖွင့်လှစ်ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ကိစ္စမှာလည်း အုပ်ချုပ်မှုရေးရာသာ ဖြစ်ပါ သည်။ တရားစီရင်ရေး၊ သို့မဟုတ် တရားစီရင်ရေးသဘောပါသော ကိစ္စမဟုတ်ပါ။ ထို့ကြောင့် စာချွန်တော်ထုတ်ရန် အကြောင်းမယှဉ်ပါဟု တင်ပြသည်။

ကျွန်ုပ်တို့သည် အမှုတွဲကို ကောင်းစွာ လေ့လာကြသောအခါ၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနအတွင်းဝန်သည်၊ ဆိုင်ရာစာရွက်စာတမ်းတို့ကို ကြေလည်စွာ သုံးသပ်ပြီး နောက် အချင်းဖြစ်မြေ၏ အတိတ်ရာဇဝင်ကိုလည်း စစ်ဆေးကြည့်ရှု၏။ ဂရံစည်းကမ်း ချိုးဖောက်ခြင်းများကိုလည်း အကြောင်းခြင်းရာ အနေနှင့်ဖော်ပြ၏။ လက်ရှိအခြေအနေ တွင် မည်သူ့အား ဂရံပေးသင့်သည်ကို မှုအားဖြင့်လည်း လေးနက်စွာစဉ်းစား၏။ ထိုနောက်မှ မိမိ၏အာဏာ အတွင်းက သင့်မြတ်သည်ဟု ယူဆသောအမိန့်ကို ချမှတ်၏။

အာဏာကျော်လွန်ခြင်းမပါ၊ သဘာဝမျှတမှုတရားကို ဆန့်ကျင်ခြင်းမရှိ၊ ပြည့်စုံစွာ လေ့လာပြီးမှ သင့်မြတ်သည်ဟု ယူဆသည့်အတိုင်း ချမှတ်ထားသော အမိန့်မျိုး ဖြစ်သည်။ အောက် တရားရုံးများ၏ ဤသို့ ဆုံးဖြတ်ခြင်းမျိုးကို အုပ်ချုပ် ကွပ်ကဲရသော အထက်အယူခံ တရားရုံးများကသော်မှ အလွယ်တကူ စွက်ဖက် ပြင်ဆင်လေ့မယှိ။ တရားသူကြီးတဦးနှင့်တဦး ကွဲလွဲစွာ မြင်ကြတိုင်း အထက်က အောက်ကို ပြင်နေမည်ဆိုလျှင် မှုခင်းတို့သည် အဆုံးမရှိ အတောမသတ်ဖြစ်တတ်ပေ လိမ့်မည်။

ဤအမှုတွင်ကား တရားစီရင်ရေး၊ သို့မဟုတ် တရားစီရင်ရေး သဘောပါသော ကိစ္စ အကျုံးဝင်သည်ဟုပင် မဆိုသာချေ။ မြေဂရံထုတ်ပေးခြင်းသည် အဓိကအားဖြင့် အုပ်ချုပ်ရေးကိစ္စဖြစ်၏။ အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းမှုများအရ ဆောင်ရွက်ရသော

၁၉၆၉
ဓါတ်ရွှေသည့် ပါ ၃ နှင့် ဘဏ္ဍာရေးနှင့် အခွန်ဌာန၊ ရန်ကုန်မြို့။

ကိစ္စဖြစ်၏။ ဤကိစ္စမျိုးတွင် မကျေနပ်သူက အုပ်ချုပ်မှုအာဏာပုင် အဆင့်ဆင့်သို့ အယူခံဝင်ခြင်း၊ ပြင်ဆင်ရန် လျှောက်ထားခြင်းပြုနိုင်ရန် ဥပဒေက ပြဋ္ဌာန်းပေးထား၏။ ဤအမှုတွင်လည်း ယင်းသို့ပင် နှမ်းဖက်အမှုသည်များက အဆင့်ဆင့် တက်ရောက်ခဲ့ကြ၏။

အုပ်ချုပ်မှုဆိုင်ရာ ပုဂ္ဂိုလ်များသည်လည်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဥပဒေကအပ်နှင်းသော အာဏာကိုသုံးစွဲ၍၊ သတ်မှတ်ထားသော လုပ်ထုံးတို့နှင့်အညီ၊ တရားမျှတစွာစစ်ဆေးဆုံးဖြတ်နိုင်ကြသည်။ အမှုအခြေအနေ ပတ်ဝန်းကျင်ကို ကောင်းစွာကျွမ်းဆင်း စုံစမ်းလေ့လာနိုင်ခြင်း စသည်တို့ကြောင့် ပို၍ပင်မြန်ဆန်မှန်ကန်စွာဆုံးဖြတ်နိုင်ကြသည်။ တရားမျှတမှုသည် တရားရုံးတွင်သာ တည်သည်မဟုတ်၊ တရားမျှတမှုသည် လူ၏ခံယူချက်နှင့်အကျင့်သာဖြစ်၏။ ထိုအကျင့်နှင့်ခံယူချက်တို့ရှိလျှင် ဥပဒေအာဏာအတွင်းက ဆောင်ရွက်ကြသော အုပ်ချုပ်မှုအာဏာပိုင်တို့၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်ချက်တို့သည်လည်း တရားမျှတမှုရယှဉ်မည်သာ ဖြစ်၏။

ကျွန်ုပ်တို့၏ အုပ်ချုပ်မှုကိစ္စတို့တွင် စာချုန်တော်ထုတ်၍ စွက်ဖက်ပြင်ဆင်ရန် အာဏာမယှဉ်၊ ယင်းအာဏာကိုလည်း ကျွန်ုပ်တို့အား အပ်နှင်း အပ်သည်မဟုတ်။ ယစ်မျိုးလိုင်စင်ပယ်ဖျက်သောအမိန့် (ဟွပ်ဖေါ် နှင့် အင်းစိန်ခရိုင်ဝန်)] (၁)၊ မြူနီစီပါယ်က ယိုယွင်းနေသော အဆောက်အဦမှ နေထိုင်သူတို့အား ဖယ်ရှားမိန့် [ဆရာမှုဒင် နှင့် ဦးဝင်းထိန် (၂) ] မြူနီစီပါယ်က လိုင်စင်စည်းကမ်းနှင့်အညီ အဆောက်အဦတခုကို လေယူမည် ဆုံးဖြတ်ခြင်း [ဦးပေါနှင့် မအူပင်မြူနီစီပါယ်အဖွဲ့ (၃) ]၊ သစ်တောမင်းကြီးက သစ်စက်လိုင်စင်ကို သစ်စက်ပိုင်ဆိုင်မှု အငြင်းပွါးနေခိုက် ရုပ်သိမ်းဆိုင်းငံ့ထားသော အမိန့် [ဓေါ်သိန်းရင်နှင့် သစ်တောမင်းကြီး(၄)] စသည်တို့သည် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စတို့သာဖြစ်သည်။ ထို့ကြောင့် ဤရုံး၏ စာချုန်တော် အာဏာစက်အောက်သို့ မရောက်ဟု ဆုံးဖြတ်ခဲ့သော သာဓကများယှိသည်။

အထက်ပါ အကြောင်းတို့ကြောင့် လျှောက်လွှာကို စရိတ်မဲ့ ပယ်လိုက်သည်။

---

(၁) ၁၉၅၀ ခု၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်ချုပ် ဂ၆။
(၂) ၁၉၆၀၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော်ချုပ် ၁၆၄။
(၃) ၁၉၆၂၊ မြန်မာနိုင်ငံ စီရင်ထုံး၊ နိုင်ငံတော် တရားရုံးချုပ် ၁၃၄။
(၄) နိုင်ငံတော်တရားရုံးချုပ်၊ ၁၉၆၇၊ တရားမအထွေထွေလျှောက်ထားမှု ၁၁၄။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးကျော်ငြိမ်း နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

မကြင်မွေး (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံမြိုင်) (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

† ၁၉၆၉ ဇွန်လ ၁၇ ရက်။

**နိုင်ငံခြားသားမှတ်ပုံတင် အက်ဥပဒေပုဒ်မ ၅ (၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်း—နိုင်ငံခြားသား ဖြစ်သလား၊ ပြည်ထောင်စုသား ဖြစ်သလားဟူသော ပြဿနာပေါ်တွင် အခြေခံသော ရာဇဝတ်မှုများ—အမှု၏ ဆီလျော်ဆက်စပ်သမျှသော အချက်အလက်တို့ကို ဖေါ်ထုတ်ရန် လိုအပ်ခြင်း—စွပ်စွဲခံရသူက မိမိသည် ပြည်ထောင်စုသားဖြစ်ပါ၍ ပြစ်မှုမမြောက်ပါဟု ခုခံထုချေလျှင်၊ ယင်းခုခံချက်ကို လေးနက်စွာ စစ်ဆေးရခြင်း—ရာဇဝတ်မှုတွင် စွပ်စွဲသူ စွပ်စွဲခံရသူတို့ တင်ပြချေပ ကြသည့်မျှလောက်ဖြင့်သာ ပြည်ထောင်စုသား ဖြစ်မှုကိစ္စကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်ခဲယဉ်းခြင်း—ရာဇဝတ်မှုနှင့် ဆိုင်သမျှကိုသာ စစ်ဆေးဆုံးဖြတ်ရန် အထူးသတိချပ်အပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။နိုင်ငံခြားသား ဖြစ်သလား၊ ပြည်ထောင်စုသား ဖြစ်သလားဟူသော ပြဿနာပေါ်တွင် အခြေခံသော ရာဇဝတ်မှုများတွင်၊ တရားရုံးသည် ပြဿနာကိုမဆိုင်ဟု လွှဲရှောင်လျှင်၊ အမှု၏ ဆီလျော်ဆက်စပ်သမျှသော အချက်အလက်တို့ကို ဖေါ်ထုတ်၍ အမှန်တရားအတိုင်းဆုံးဖြတ်ရန်တာဝန် ပျက်ကွက်ပေလိမ့်မည်။ အမှုကိုယင်းသို့ အမှန်တရားအတိုင်း စီရင်ရန်လိုသည်ထက်ပို၍ ပြည်ထောင်စုသားဟုတ် မဟုတ်ကို အပြီးအပြတ်ဆုံးဖြတ်ပြန်လျှင်လည်း၊ အမှုနှင့်ပတ်သက်သောစီရင်ပိုင်ခွင့်အာဏာကို လွန်ပေလိမ့်မည်။

ထို့ကြောင့် ပြည်ထောင်စုသားဟုတ် မဟုတ်ဟူသော ပြဿနာပေါ်သော ရာဇဝတ်မှုများတွင် စွပ်စွဲခံရသူက မိမိသည် ပြည်ထောင်စုသားဖြစ်ပါ၍၊ ပြစ်မှုမမြောက်ပါဟု ခုခံထုချေလျှင်၊ ယင်း

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၀ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄ တွင် ချမှတ်သော ၁၉၆၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့စွဲပါ ၁၅ ရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၉

မကြင်မွေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးစံမြင့်)။

ခုခချက်ကိုလေးနက်စွာ စစ်ဆေးရမည်သာဖြစ်၏။ ယင်းသို့မပြုပဲ၊ စွဲချက်ကို အပေါ်ယံ စစ်ဆေး၍ အပြစ်ပေးလျှင် ငွေဒဏ်အနည်းငယ်သာ တပ်ရိုက်စေကာမူ၊ စွပ်စွဲခံရသူအား နိုင်ငံခြားသားဖြစ်သည်ဟု သတ်မှတ်ပြီးသကဲ့သို့ဖြစ်ကာ၊ ၎င်းအား ပြည်ထောင်စုမှ ထွက်ခွါသွားစေရန် ဆက်လက်အရေးယူသည်အထိလည်း ဖြစ်တတ်သည်။ ယင်းသို့အရေးယူခံရသူသည် နိုင်ငံခြားသား အမှန်ဖြစ်နေလျှင် မထောင်းတာ။ ဥပဒေကို မသိနားမလည်သော ပြည်ထောင်စုသား တယောက်ဖြစ်နေခဲ့လျှင်မူကား၊ အဖိုးတန်သော ပြည်ထောင်စုသား ဘဝကို လွယ်လွယ်ဆုံးရှုံးရပြီးလျှင်၊ နိုင်ငံမဲ့ဘဝသို့ကျရောက်ရပေလိမ့်မည်။ ပြည်သူတို့၏ အန္တရာယ်မှ တရားရုံးက စောင့်ရှောက်ကာကွယ်အပ်၏။

သို့ရာတွင်၊ ရာဇဝတ်တရားရုံးက ယင်းအန္တရာယ်မှ ထိုက်သင့်သူအား လိုအပ်သော အကာအကွယ်ကို ပေးသည်ထက်ပိုမို၍၊ ထိုသူသည် ဇာတိအရ ပြည်ထောင်စုသား ဖြစ်သည်ဟု အတိအလင်းမြွက်ဆိုပြန်သော် ပြည်ထောင်စုသား ဖြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုသုံးစွဲရန် တရားဥပဒေအရ အပ်နှင်းထားသော တာဝန်ခံဌာန၏ လုပ်ငန်းနယ်သို့ ဝင်ရောက်ရာကျရောက်တတ်ပြန်သည်။ အချို့သော ပြည်ထောင်စုသား ဖြစ်မှုကိစ္စများ၌ ဒိုဟကင်းရှင်းသည်မဟုတ်။ အချက်အလက် အပြည့်အစုံကို စုံစမ်းစစ်ဆေးပြီးမှ ခိုင်လုံသော အထောက်အထားများပေါ်တွင်၊ တာဝန်ခံဌာနက ဆုံးဖြတ်၍ ဒိုဟကို ရှင်းလင်း ဖယ်ရှားရသည်။ ရာဇဝတ်မှုတွင် စွပ်စွဲသူ စွပ်စွဲခံရသူတို့ တင်ပြချေပကြ သည်မျှလောက်ဖြင့်သာ ပြည်ထောင်စုသား ဖြစ်မှုကိစ္စကိုအပြီးအပြတ်ဆုံးဖြတ်နိုင်ရန်ခဲယဉ်းပေသည်။

ထို့ကြောင့် ရာဇဝတ်မှုတွင် ဆီလျော်ဆက်စပ်သဖြင့် ပေါ်ပေါက်သော ပြည်ထောင်စုသားဖြစ်မှုပြဿနာကို တရားရုံးက အပြီးအပြတ် ဆုံးဖြတ်ခွင့်မရှိ။ ဖြစ်မှုမြောက် မမြောက်၊ သက်သေထူရန်တာဝန်ကျေ မကျေ၊ ဖြစ်မှုကျူးလွန်ကြောင်း ဒိုဟကင်းစွာ ဆုံးဖြတ်နိုင်ခြင်းယှိ မယှိစသည့်ရာဇဝတ်မှုနှင့်ဆိုင်သမျှကိုသာ စစ်ဆေးဆုံးဖြတ်ရန် အထူးသတိချပ်အပ်သည်။

ပြည်ထောင်စုသားအဖြစ်ကို ခံယူလိုသော နိုင်ငံခြားသားတို့အား လက်ခံမည် ငြင်းပယ်မည်ဟူသည်ကား နိုင်ငံတော်၏အချုပ်အခြာအာဏာတရပ်ဖြစ်၏၊ *Bishna Lal* v. *Union of Burma*, **1959 B.L.R. High Court, 3** သဘောကွဲလွဲသည်။

ပါဘာသိပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများစာမျက်နှာ ၁၀၁ ရည်ညွှန်းသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။မင္ဂတာ ဗွီ၊ စံစိဖိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးလှသင်း၊ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေ၊လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ စသည်တို့တွင် ပြဋ္ဌာန်းထားသော ဖြစ်မှုတို့ကို စစ်ဆေးဆုံးဖြတ်ရာတွင် စွပ်စွဲခြင်းခံရသူသည် ပြည်ထောင်စုသားဖြစ်သလား၊နိုင်ငံခြားသားဖြစ်သလားဟူသော အငြင်းပြဿနာပေါ်ပေါက်လာတတ်သည်။

အချို့သော ရာဇဝတ်ရုံးများသည်၊ ယင်းပြဿနာပေါ်သေ ်လည်း လွှဲရှောင်ကာ အပေါ်ယံသာ အမြန်စစ်ဆေးလျက် ဆုံးဖြတ်တတ်သည်။ ဥပမာ၊ စွပ်စွဲခံရသူသည်၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်ခဲ့ပါလျက် လဲလှယ်ရန် ပျက်ကွက်သည်ဟု စွဲချက်တင်လျှင် စွပ်စွဲသည့်အတိုင်း မှန် မမှန်ကိုသာ ကြည့်သည်။ စွပ်စွဲခံရသူက သူသည် တရားဥပဒေအရ ပြည်ထောင်စုသားဖြစ်ပါသည်၊ တချိန်က မှားယွင်း၍ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ထုတ်ယူကိုင်ဆောင်မိပါသည်ဟု ခုခံထုချေသည်ကို ကြားနာခြင်းမပြု၊ ယင်းပြဿနာသည် အမှုနှင့်မဆိုင်၊ ရာဇဝတ်ရုံးတွင် စစ်ဆေးပိုင်ခွင့်မရှိဟုဆိုကြသည်။

၁၉၆၉ မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံမြိုင်)။

အချို့ရာဇဝတ်ရုံးများသည်ကား၊ ပြည်ထောင်စုသား ဟုတ် မဟုတ်ဟူသော ပြဿနာပေါ်လာလျှင်၊ နက်နက် နဲနဲ စစ်ဆေးလျက်၊ ယင်းပြဿနာကို အပြီးအပိုင် ဆုံးဖြတ်ကြသည်။ စွပ်စွဲခြင်းခံရသူသည်၊ ဇာတိအရ ပြည်ထောင်စုသားအထင်အရှား ဖြစ်သည်ဟူသော မှတ်ချက်မျိုးကိုပြုကာ တရားသေလွှတ်ကြသည်လည်းယှိ၏။ အမှု မမြောက်သော် တရားသေလွှတ်ခြင်းသည် မှန်ကန်သော်လည်း၊ ဇာတိအရ၊ ပြည်ထောင စုသားဖြစ်သည် စသည်ဖြင့် ပြီးပြီး ပြတ်ပြတ် မှတ်ချက်ပြုလိုက်ခြင်းဖြင့်၊ ယင်းပြဿနာ ပေါ်တွင် အချက်အလက် ပြည့်ပြည့် စုံစုံ စိစစ်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိနေသေးသည့် အစိုးရဌာနများအား အဟန့်အတားဖြစ်စေ တတ်ပြန်သည်။

တရားရုံးသည် မိမိရှေ့ရောက် ပြဿနာကို လွှဲရှောင်၍လည်းမရ၊ အပြည့်အဝ ဆုံးဖြတ်ရန် တာဝန်ယှိသည်။ အမှုကို ပြည့်စုံမှန်ကန်မျှတစွာ ဆုံးဖြတ်ရန်လိုသည်ထက် ပို၍လည်း ပြဿနာဖေါ်ထုတ်ခြင်း၊ စီရင်ပိုင်မှုင့် ယူခြင်းမပြုအပ်။ စီရင်ပိုင်ခွင့်ကို တရားဥပဒေဖြင့် အတိအလင်း အပ်နှင်းမှုရသည်။ တရားရုံးက လိုသလိုဖန်တီးပြုလုပ်၍ သုံးစွဲနိုင်သည်မဟုတ်ချေ။

နိုင်ငံခြားသားဖြစ်သလား၊ ပြည်ထောင်စုသားဖြစ်သလားဟူသော ပြဿနာပေါ် တွင် အခြေခံသော ရာဇဝတ်မှုများတွင်၊ တရားရုံးသည်ပြဿနာကို မဆိုင်ဟုလွှဲရှောင် လျှင်၊ အမှု၏ ဆီလျော်သက်ဆိုင်သော အချက်အလက်တို့ကို ဖေါ်ထုတ်၍ အမှန် တရားအတိုင်း ဆုံးဖြတ်ရန် တာဝန်ပျက်ကွက်ပေလိမ့်မည်။ အမှုကို ယင်းသို့ အမှန်တရား အတိုင်း စီရင်ရန်လိုသည်ထက်ပို၍၊ ပြည်ထောင်စုသား ဟုတ် မဟုတ်ကို အပြီးအပြတ် ဆုံးဖြတ်ပြန်လျှင်လည်း၊ အမှုနှင့်ပတ်သက်သော စီရင်ပိုင်ခွင့်အာဏာကိုလွန်ပေလိမ့်မည်။

လူသည် မိခင်နိုင်ငံနှင့်ကင်း၍ ရပ်တည်ရန် ခဲယဉ်း၏။ နိုင်ငံမဲ့သူတို့၏ ဘဝသည် ဆက်ခဲ၏။ ထို့ကြောင့် နိုင်ငံသားဖြစ်မှုသည် အဖိုးတန်၏။ ပြည်ထောင်စုသားဖြစ်မှုသည်

ချ၉၆ ၉
မကြှင်မှေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(ဦးစံမြိုင်)။

လည်း အလားတူ တန်ဖိုးယို၏။ ဇာတိအရ၊ ပြည်ထောင်စုသားဖြစ်သူတို့အတွက် ပြည်ထောင်စုသားဖြစ်မှုသည် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်၏။ ပြည်ထောင်စုသား အဖြစ်ကို ခံယူလိုသော နိုင်ငံခြားသားတို့အား လက်ခံမည်၊ ငြင်းပယ်မည်ဟူသည်ကား နိုင်ငံတော်၏ အချုပ်အခြာအာဏာတရပ်ဖြစ်၏။

ထို့ကြောင့် ပြည်ထောင်စုသား ဟုတ် မဟုတ်ဟူသော ပြဿနာပေါ်သော ရာဇဝတ်မှုများတွင်၊ စွပ်စွဲခံရသူက မိမိသည် ပြည်ထောင်စုသားဖြစ်ပါ၍၊ ဖြစ်မှုမမြောက်ပါဟု ခုခံထုချေလျှင်၊ ယင်းခုခံချက်ကို လေးနက်စွာ စစ်ဆေးရမည်သာဖြစ်၏။ ယင်းသို့ မပြုပဲ၊ စွဲချက်ကို အပေါ်ယံစစ်ဆေး၍ အပြစ်ပေးလျှင် ငွေဒဏ်အနည်းငယ်သာတပ်ရိုက် စေကာမူ၊ စွပ်စွဲခံရသူအား နိုင်ငံခြားသားဖြစ်သည်ဟု သတ်မှတ်ပြီးသကဲ့သို့ဖြစ်ကာ၊ ၎င်းအား ပြည်ထောင်စုမှ ထွက်ခွါသွားစေရန် ဆက်လက်အရေးယူသည်အထိလည်း ဖြစ်တတ်သည်။ ယင်းသို့ အရေးယူခံရသူသည် နိုင်ငံခြားသား အမှန်ဖြစ်နေလျှင် မထောင်းတာ။ ဥပဒေကို မသိနားမလည်သော ပြည်ထောင်စုသားတယောက် ဖြစ်နေခဲ့လျှင်မူကား၊ အဖိုးတန်သော ပြည်ထောင်စုသားဘဝကို လွယ်လွယ်ဆုံးရှုံးရပြီးလျှင် နိုင်ငံမဲ့ဘဝသို့ ကျရောက်ရပေလိမ့်မည်။ ပြည်သူကို ဤအန္တရာယ်မှ တရားရုံးက စောင့်ရှောက်ကာကွယ်အပ်၏။

သို့ရာတွင်၊ ရာဇဝတ်တရားရုံးက ယင်းအန္တရာယ်မှ ထိုက်သင့်သူအား လိုအပ်သော အကာအကွယ်ကိုပေးသည်ထက် ပိုမို၍၊ ထိုသူသည် ဇာတိအရ ပြည်ထောင်စုသား ဖြစ်သည်ဟု အတိအလင်း မြွက်ဆိုပြန်သော်၊ ပြည်ထောင်စုသားဖြစ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို သုံးစွဲရန် တရားဥပဒေအရ အပ်နှင်းထားသော တာဝန်ခံဌာန၏ လုပ်ငန်းနယ်သို့ ဝင်ရောက်ရာကျရောက်တတ်ပြန်သည်။ အချို့သော ပြည်ထောင်စုသားဖြစ်မှုကိစ္စများ၌ ဒွိဟ ကင်းရှင်းသည်မဟုတ်။ အချက်အလက် အပြည့်အစုံကို စုံစမ်းစစ်ဆေးပြီးမှ ခိုင်လုံသော အထောက်အထားများပေါ်တွင်၊ တာဝန်ခံဌာနက ဆုံးဖြတ်၍ ဒွိဟကို ရှင်းလင်း ဖယ်ရှားရသည်။ ရာဇဝတ်မှုတွင်စွပ်စွဲသူ၊ စွပ်စွဲခံရသူတို့ တင်ပြချေပကြသည်မျှလောက်ဖြင့်သာ ပြည်ထောင်စုသားဖြစ်မှု ကိစ္စကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန် ခဲယဉ်းပေသည်။

ထို့ကြောင့် ရာဇဝတ်မှုတွင် ဆီလျော်ဆက်စပ်သဖြင့် ပေါ်ပေါက်သော ပြည်ထောင်စုသားဖြစ်မှု ပြဿနာကို တရားရုံးက အပြီးအပြတ် ဆုံးဖြတ်ခွင့်မယို။ ဖြစ်မှုမြောက် မမြောက်၊ သက်သေထွက်ရန် တာဝန်ကျေ မကျေ၊ ဖြစ်မှုကျူးလွန်ကြောင်း ဒွိဟကင်းစွာ ဆုံးဖြတ်နိုင်ခြင်း ယို မယို စသည့်ရာဇဝတ်မှုနှင့်ဆိုင်သမျှကိုသာ စစ်ဆေးဆုံးဖြတ်ရန် အထူးသတိချပ်အပ်သည်။ ယခင်တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်တို့နှင့် နိုင်ငံတော် တရားရုံးချုပ်တို့တွင်၊ ဆုံးဖြတ်ခဲ့သော ရာဇဝတ် အယူခံမှု၊ ရာဇဝတ်ပြင်ဆင်မှုတို့၌

ပင်လျှင် ယင်းသို့ သတိချပ်ခဲ့သည်လည်းယှိသည်။ ရံဖန်ရံခါ၊ သတိလွှတ်၍စကားလွန်ခဲ့သည်များလည်းယှိခဲ့၏။ ဥပမာ၊ **ဘီရှနာလာလ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၁) ရာဇဝတ်ပြင်ဆင်မှုတွင် တရားလွှတ်တော်တဦးတည်း ရုံးထိုင် တရားသူကြီးက နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လဲလှယ်ရန် ပျက်ကွက်မှုတွင် စွပ်စွဲခံရသူအား အမှုစစ်ရုံးက ငွေဒဏ်ချမှတ်ခဲ့သည်ကို ပယ်ဖျက်ရာ၌ ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ရုံမျှ မကသေး၊ စွပ်စွဲခံရသူသည် အထင်အရှားပင် ဇာတိအရ ပြည်ထောင်စုသားဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ ယင်းသို့ မှတ်ချက်ပြုခြင်းသည် အာဏာလွန်သည်၊ မှားယွင်းသည်ဟု ကျွန်ုပ်တို့ ဆိုရမည်။

**ခုနှစ်**

**မကြွင်မေ့း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံမြှင့်)။**

ပြည်ထောင်စုသားဖြစ်မှု ပြဿနာအကျုံးဝင်လာသော ရာဇဝတ်မှုတို့၌ အမှုကို သုံးသပ်ရာတွင်ငင်း၊ဆုံးဖြတ်ရာတွင်ငင်း၊ အပိုအလိုအကွဲအလွဲများယှိကြသည်ကို တွေ့ယှိရ၍၊ တရားရုံးချုပ်က ရာဇဝတ်ရုံးများအား ယင်းအမှုများကို အထူးလေးနက် ပြည့်စုံစွာ စစ်ဆေးစီရင်ကြရမည်ဟု ညွှန်ကြားခဲ့သည်။ (၂) ထို့ပြင် ညီညွတ်သော စီရင်ထုံးများကို ပြုပေးကာ လမ်းညွှန်သမှုပြုရန် ဤရုံးတွင် တာဝန်ကျရောက်သည်ဟု ယူဆသောကြောင့် လိုအပ်သလို စုံညီခုံရုံးဖွဲ့၍ ဆုံးဖြတ်ရန် စီစဉ်ခဲ့သည်။

ဤအမှုတွင် လျှောက်ထားသူ မကြွင်မေ့းအား၊ ရန်ကုန်မြို့ ၁၅ ရာဘက် ရာဇဝတ်တရားရုံးက နိုင်ငံခြားသား မှတ်ပုံတင်ဥပဒေပုဒ်မ ၅ (၁) အရ၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် ပျက်ကွက်မှုဖြင့်၊ ဒဏ်ငွေ ၄၀ ကျပ်တပ်ရိုက်ခဲ့၏။ ဒဏ်ငွေပေးဆောင်ခြင်း မပြုနိုင်က ထောင် ၁ လကျခံရန်ဖြစ်၏။

အမှုတွင် အငြင်းမပွါးသော အချက်တို့သည် ဤသို့ဖြစ်၏။ မကြွင်မေ့းအား ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ဟု၊ မြန်မာနိုင်ငံ၌ မွေးဖွါး၏။ ထိုစဉ်အခါက ၎င်း၏ ဖခင် ချူဖီးရှင် (ခေါ်) ကိုချစ်မောင်သည်ငင်း၊ မိခင် မချီသည်ငင်း နိုင်ငံခြားသားများဖြစ်ကြ၏။ ကိုချစ်မောင်သည် ပြည်ထောင်စုသား ပြုမှုကို လျှောက်ထား၍ ၎င်း၏ နိုင်ငံခြားသားဘဝကို စွန့်ပယ်ကာ၊ ပြည်ထောင်စုသား ပြုမှုလက်မှတ်ကို ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရခဲ့၏။ ၎င်းအုပ်ထိန်းသည့် အရွယ်မရောက်သေးသော သားသမီးများစာရင်းတွင် ကိုချစ်မောင်က မကြွင်မေ့းကို ဖေါ်ပြခြင်းမပြုခဲ့ပေ။ လင်မယားကွဲ၍ မကြွင်မေ့းက မိခင်နှင့်နေသည်ဆို၏။ မကြွင်မေ့းသည် ၁၂ နှစ်အရွယ်မှစ၍၊နိုင်ငံခြားသား ကလေးမှတ်ပုံတင်ကို ကိုင်ဆောင်ခဲ့၏။ မိခင်သည် ပြည်တောင်စုသား ဖြစ်မှုကို လျှောက်ထားခဲ့သော်လည်း မရသေးချေ။

---

(၁) ***BishnaLal* v. *Union of Burma*, 1954 B.L.R. High Court, 3.**

(၂) တရားရုံးများညွှန်ကြားလွှာအမှတ် ၉/၁၉၆၀။

၁၉၆၉ မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံမြင့်)။

မကြင်မွေးသည် ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ၁၈ နှစ်ပြည့်သောအခါ၊ လူကြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားခြင်း မပြုတော့ပဲ၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စု နိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၁၂ အရ၊ ပြည်ထောင်စုသားလက်မှတ်ကို ရယူလိုကြောင်း လျှောက်ထားခဲ့သည်ဆို၏။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် ပျက်ကွက်ခြင်းကြောင့် သက်ဆိုင်ရာက မကြင်မွေးအား ရုံးတင်၍ တရားစွဲခဲ့ခြင်းဖြစ်သေသည်။

ရန်ကုန်မြို့ ၁၅ ရာဘက် ရာဇဝတ်ရုံးက စစ်ဆေးသောအမှုတွင် မကြင်မွေး၏မိခင်၊ ဖခင်ပို့က သက်သေခံကြသည်။ အခြားသက်သေအထောက်အထားများအရလည်း၊ မကြင်မွေးအား မင်္ဂလာဒုံတွင် မွေးဖွားကြောင်း။ ဖခင်သည် ၁၉၆၀ ခုနှစ်မှစ၍ ပြည်ထောင်စုသားဖြစ်ကြောင်းတို့ ပေါ်လွင်လေသည်။ ထိုအချက်တို့ကြောင့်၊ ပြစ်မှုမမြောက်ပါဟု ခုခံချေပသည်ကို ရုံးက စဉ်းစားခြင်းမပြု၊ အဓိကပြဿနာမှာ မကြင်မွေးသည် လူကြီးနိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းကိုင်ဆောင်ခြင်း ပြု မပြု ဖြစ်သည်။ မပြုကြောင်း ထင်ရှား၍ စွဲဆိုသောပြစ်မှုကို ကျူးလွန်သည်ဟု ဆုံးဖြတ်ကာ ငွေဒဏ်ဘပ်ရိုက်လေသည်။

ဤကဲ့သို့ အမှုစစ်ရုံးသည် နိုင်ငံခြားသား ဟုတ် မဟုတ် ပြဿနာကို အမှုနှင့် ဆီလျော်ဆက်စပ်သည်မျှလောက်ပင် သုံးသပ်ခြင်းမပြုတော့ဘဲ စွဲဆိုချက်ကို ကျဉ်းမြောင်းစွာ စစ်ဆေး၍ ဆုံးဖြတ်လိုက်ရာ ရောက်သည်။ ဤကဲ့သို့သော အမှုများတွင် တရားရုံးက ကောင်းစွာစစ်ဆေး၍ ဆီလျော်ဆက်စပ်သောအချက်အလက်တို့ကို လိုသလောက်ပေါ်ထုတ်အပ်ကြောင်း ရုံးဖန်ရုံခါ ဤရုံးက သတိပေးဖူးသည်။ ဥပမာ ပါဘာသီပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၃)။

မကြင်မွေးက ရန်ကုန်မြို့၊ ရာဘက်စက်ရှင်ရုံး သို့ပြင်ဆင်မှုဖြင့် တက်ရောက်သည်။ ရုံးက ပြဿနာကို ပိုမိုကျယ်ဝန်းနက်နဲစွာ သုံးသပ်ပြီးနောက် မကြင်မွေးသည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစကင်အာဏာတည်ပြီးနောက်မှ ပြည်ထောင်စု နိုင်ငံတွင် မွေးဖွားသူဖြစ်ပြီးလျှင် ဖခင်သည်လည်း ပြည်ထောင်စုသားဖြစ်သောကြောင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၅ (က) အရ၊ မြန်မာနိုင်ငံသားဖြစ်သည်ဟု ယူဆရမည်။ ထို့ကြောင့်ရှင်းအပေါ် နိုင်ငံခြားသား မှတ်ပုံတင် မယူခြင်းကြောင့် အပြစ်ပေးခြင်းသည် မှားယွင်းသည်ဟု ယူဆကြောင်းဖြင့် ဤရုံးသို့ အမှုကို တင်ပို့ထောက်ခံခဲ့သည်။

ရှေ့နေကြီး မန္တတာသိုးက မကြင်မွေးသည် ဇာတိအရ ပြည်ထောင်စုသားဖြစ်ကြောင်း ပေါ်လွင်ပါသည်။ အကယ်၍ ယခုချမှတ်ထားသော ပြစ်ဒဏ်အတည်ဖြစ်စေ

(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာမျက်နှာ ၁၀၁။

လျှင်၊ ၎င်းအား မြန်မာနိုင်ငံမှ ထွက်ခွါသွားစေ အမိန့်ချခံရမည့်အန္တရာယ်ယှိပါသည်။ ၎င်းသည်၊ မြန်မာပြည်ဖွါး နိုင်ငံသားဖြစ်ပြီးလျှင် နိုင်ငံခြားနှင့် အဆက်အသွယ်မယှိ၊ မိဖများကလည်း မြန်မာနိုင်ငံဘွင် အိုးအိမ်ခိုက်ထူလျက်ယှိကြ၍၊ ၎င်းအား နိုင်ငံမှ နှင်လျှင် ၎င်း၏ဘဝသုံးရမည်သာဖြစ်ပါသည်။ မကြင်မွေးသည် နိုင်ငံအား အကျိုးမဲ့ ဖြစ်စေအောင်ပြုသူဟူ၍လည်း စွပ်စွဲချက်မယှိပါ။ လက်မှတ်မလဲသဖြင့် တာဝန်အရ လုပ်ရိုးလုပ်စဉ်၊ သက်ဆိုင်ရာတို့က ရုံးတင်ခဲ့ခြင်းသာဖြစ်ပါသည်ဟု လျှောက်လဲသည်။

၁၉၆၉

မကြင်မွေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဦးစံမြိုင်)။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက၊ မကြင်မွေး၏ဖခင်သည် ပြည်ထောင်စုသားဖြစ်၍၊ မကြင်မွေးသည် အက်ဥပဒေပုဒ်မ ၁၂ အရလည်း လျှောက် ထားရန် လိုမည်မယူဆပါ။ ပုဒ်မ ၅ (က) ၏ ခြွင်းချက်အရလည်း ကျေညာရွေးချယ်ရန် လိုမည်ဟု မယူဆရပါ။ ထို့ကြောင့် စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကိုကန့်ကွက် ရန်မယှိပါဟု တင်ပြသည်။

ဤအမှုပေါ် ပေါက်လာရသည့်မှာ၊မကြင်မွေး၏မိဘများ ကွဲကွာနေကြ၍ဖြစ်သည်။ မကြင်မွေး၏အမည်ကို ဖခင်က သူ၏ပြည်ထောင်စုသား လက်မှတ်၌ သားသမီးစာရင်း တွင် ထည့်သွင်းခြင်း မပြုခဲ့၍လည်းဖြစ်သည်။မကြင်မွေးအတွက် ကလေးနိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ယူခဲ့ကြပြီးနောက်မှ အချယ်ရောက်သောအခါ၊ လူကြီးလက်မှတ် လဲလှယ်ခြင်းမပြုကြ၍ သက်ဆိုင်ရာဌာနက အရေးယူခြင်းဖြစ်သည်။

နိုင်ငံခြားသား မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄ အရ၊ စွပ်စွဲခံရသူသည်၊ နိုင်ငံခြားသား ဟုတ် မဟုတ် ပြဿနာပေါ်လျှင် စွပ်စွဲခံရသူကသာမဟုတ်ကြောင်း သက်သေထူရန် တာဝန်ယှိသည်။

ရာဇဝတ်မှုများတွင် ယေဘုယျအားဖြင့် ပြစ်မှုကျူးလွန်ကြောင်း သက်သေထူရန် တာဝန်သည် တရားလိုအပေါ် ဦးစွာနှင့် အဓိကကျရောက်သည်။ သို့ရာတွင် နိုင်ငံခြား သား မှတ်ပုံတင် အက်ဥပဒေကဲ့သို့သော အထူးဥပဒေအချို့တွင် အပြစ်မဲ့ကြောင်း သက်သေထူရန် တာဝန်ကို စွပ်စွဲခံရသူအပေါ် ဦးစွာကျရောက်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ စွပ်စွဲခံရသူက ဦးစွာသက်သေထူရသော်လည်း၊ လက်ခံစဉ်းစား သင့်သော ခုခံထုချေချက်ကို ခိုင်လုံစေနိုင်လျှင် ၎င်း၏တာဝန် ကျေပွန်သည်၊ ခုခံ ထုချေချက်ကို ဖြိုဖျက်နိုင်က ဖြိုဖျက်၍ အပြစ်ယှိကြောင်း သက်သေထူရန် အဓိက တာဝန်သည် တရားလိုထံသို့ ကူးပြောင်းပြန်သည်။

ဤအမှုတွင် မကြင်မွေးက၊ ၎င်းသည် ပြည်ထောင်စုသားဖြစ်မှု အက်ဥပဒေပုဒ်မ ၅ (က) တွင် အကျုံးဝင်သူဖြစ်သည်ဟု ခုခံ ထုချေကာ သက်သေထူနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားသား မဟုတ်ပါဟု သက်သေထူရန် တာဝန်ကို ကျေပွန်စွာ

ထမ်းဆောင်နိုင်ခဲ့ပြီဆိုရမည်။ ယင်းတာဝန်ကျေသဖြင့် ပြစ်မှုမှ လွတ်သင့်သည်။စက်ရှင်တရားသူကြီးထောက်ခံသည့်အတိုင်း ၎င်းအား ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ကျွန်ုပ်တို့ ပယ်ဖျက်သည်။ ဒဏ်ငွေပေးသွင်းပြီးက ပြန်အမ်းရမည်။

သို့ရာတွင် နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေအရ အပြစ်မရှိဟု ကျွန်ုပ်တို့ ဆိုကာမျှနှင့်၊ မကြင်မွေးသည် ပြည်ထောင်စု၊ မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၅ အရဖြစ်စေ၊ အခြားပုဒ်မအရဖြစ်စေ ပြည်ထောင်စုသားဖြစ်နေသည်ဟု အဆုံးအဖြတ်ပေးသည်မဟုတ်၊ ယင်းသို့ ဆုံးဖြတ်ရန်လည်း ကျွန်ုပ်တို့၌ ဤအမှုတွင် စီရင်ပိုင်ခွင့်မယှိ။ ယင်းဆုံးဖြတ်ပိုင်ခွင့်သည် ဥပဒေက အာဏာပေးထားသော တာဝန်ခံဌာနရှိသာ အဓိကအားဖြင့် တည်သည်။

စက်ရှင်တရားသူကြီးက မကြင်မွေးသည် ပြည်ထောင်စုသားဖြစ်သည်ဟု ယူဆကြောင်း မှတ်ချက်သည် ရာဇဝတ်မှုတွင် ပြစ်မှုမြောက် မမြောက် သက်သေအထောက်အထားဘို့ကို ချိန်ဆခြင်းနှင့် သာသက်ဆိုင်သည်။ ပြည်ထောင်စုသားဖြစ်မှု ပြဿနာကို အစိုးရ တာဝန်ခံဌာနကသာ အမြဲက ဆုံးဖြတ်ရပေမည်။ မကြင်မွေး၏ လျှောက်လွှာသည် ယင်းဌာန၌ ရှိနေသည်ဖြစ်ရာ၊ လိုအပ်သလို ဆက်လက် အရေးယူဆောင်ရွက်ပေးလိမ့်မည်ဟုကျွန်ုပ်တို့ ယုံကြည်သည်။

တာဝန်ခံဌာနသည် တဖက်တွင်၊ ပြည်ထောင်စုသားတို့ အက်ဥပဒေကို မသိနားမလည်၊ မှားယွင်းမိကြခြင်းကြောင့် ၎င်းတို့၏ ပြည်ထောင်စုသားဘဝကို ဆုံးရှုံးခြင်းမရှိရလေအောင် စောင့်ရှောက်ရသည်။ တဖက်တွင်လည်း နိုင်ငံတွင် နေခွင့်ပြုထားသော နိုင်ငံခြားသားတိုက ဥပဒေနှင့်အညီ မှတ်ပုံတင်ကြရန် စည်းကြပ်ကွပ်ကဲရသည်။ ဥပဒေမဲ့ ဝင်လာသူ၊ နေထိုင်သူတို့ကိုလည်း ဖေါ်ထုတ် အရေးယူရသည်။ ပြည်ထောင်စုသားပြုမှု လျှောက်ထားသူတို့အား စိစစ်၍၊ မှုနှင့်အညီ ဆုံးဖြတ်ရသည်။ ယင်းတာဝန်အဝဝကို မကြန့်ကြာ၊ မလစ်ဟင်းစေအောင် တာဝန်ခံဌာနက ဆောင်ရွက်လျက်ရှိသည်ဟု ကျွန်ုပ်တို့ ကြားသိရသဖြင့် နှစ်ထောင်းအားရယှိပေသည်။ စိစစ်ဆုံးဖြတ်ခြင်း မှန်ကန် မြန်ဆန်မှုတသည်နှင့်အမျှ၊ ဤအမှုကဲ့သို့သော မှုခင်းများသည်လည်း နည်းပါးလာဖွယ်ရာ ယှိပေသည်။

## နိုင်ငံတော်တရားရုံးချုပ်

## အခွင့်ထူးတရားမအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးကျော်ငံဦး၊ တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

## မတင်လှ (အယူခံတရားလို)

နှင့်

## ဒေါ်ဂေါက် ပါ ၃ (အယူခံတရားခံ)*

† ၁၉၆၉

ဧပြီလ ၅ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆—သေဆုံးသူ ဖောက်ျား၏အသက် အာမခံငွေကိုဇနီးဖြစ်သူက အမွေဆက်ခံစာထုတ်ပေးပါရန် လျှောက်ထားခြင်း—ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အက်ဥပဒေသည် ယင်းဥပဒေပါ အသက်အာမခံ၊ ထောက်ပံ့မှု အာမခံနှင့် အထွေထွေအာမခံများနှင့်ပတ်သက်သော အထူးဥပဒေတရပ်ဖြစ်ခြင်း—ပြည်ထောင်စုအာသက် အာမခံစနစ်အက်ဥပဒေပုဒ်မ ၁၅ ၏ ရည်ရွယ်ချက်—၎င်းသည်အခြားဥပဒေ၊ ဓလေ့ထုံးတမ်း ဥပဒေတို့ကိုလွှမ်းမိုးခြင်း—ယင်းပုဒ်မနှင့် ယင်းဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများ အရ တရားဝင်လွှဲပြောင်းခြင်းခံရသူတို့ကသာလျှင် အသက်အာမခံ ပေါ်လစီ၏ အကျိုးကို ခံစားခွင့်ယှိခြင်း။

အယူခံတရားလိုသည် ကျောင်းဆရာ ဦးမင်းလွင်၏ ဇနီးဖြစ်ခဲ့၏။ ဦးမင်းလွင်သည် အယူခံ တရားလိုနှင့် အိမ်ထောင်မပြုမီက အသက်အာမခံ ပေါ်လစီကို ပြည်ထောင်စု အာမခံစနစ်အဖွဲ့မှ ထုတ်ယူခဲ့သည်။ ပေါ်လစီမှရသင့်သောငွေများကို မိမိ၏မိခင်၊ အစ်မနှင့် တူတော်သူတို့အား လွှဲပြောင်းပေးပါသည်ဟု အဖွဲ့သို့အကြောင်းကြားခဲ့သဖြင့် အဖွဲ့ကလွှဲပြောင်းပေးခြင်းကို လက်ခံ မှတ်ပုံတင်ထား၏။ ဦးမင်းလွင် သေဆုံးသွားရာ အယူခံတရားလိုက ၎င်းသည် ကွယ်လွန်သူ၏ တရားဝင်အမွေဆကခံသူဖြစ်သည့်အလျောက် အမွေဆက်ခံစာထုတ်ပေးပါရန် လျှောက်ထားသည်။

ဆုံးဖြတ်ချက်။ ။ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အက်ဥပဒေသည် ယင်းဥပဒေပါ အသက် အာမခံ၊ ထောက်ပံ့မှု အာမခံနှင့် အထွေထွေ အာမခံများနှင့် ပတ်သက်သော အထူးဥပဒေတရပ် ဖြစ်သည်။ ပုဒ်မ ၁၅ သည် အသက်အာမခံများနှင့် သက်ဆိုင်၍ ယင်းပုဒ်မအရ မပြုမနေရသော လွှဲပြောင်းပေးခြင်းသည် အခြားဥပဒေ၊ ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းတို့ကို လွှမ်းမိုးသည်ဟု အတိအလင်းဆိုပြီးဖြစ်သည်။ ဥပဒေ၏ စကားရပ်တို့ကို သဘာဝယုတ္တိနှင့်အညီ

* ၁၉၆၉ ခုနှစ်၊ အခွင့်ထူးတရားမအယူခံမှုအမှတ် ၂။

† ၁၉၆၇ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှုအမှတ် ၃ တွင် မန္တလေးမြို့၊ တရားရုံးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၉ — မတင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

ရည်ရွယ်သည့်အတိုင်း မချဲ့မထွင် မချုပ်မချယ် အဓိပ္ပါယ်ကောက်ယူရသည်။ ပုဒ်မ ၁၅ ၏ရည်ရွယ်ချက်သည် အသက်အာမခံ ပေါ်လစီများ၏ အကျိုးခံစားခွင့်ကို အာမခံထားသူ ကွယ်လွန်ခဲ့လျှင် အရှုပ်အထွေးမရှိ မကြန့်မကြာ လွှဲပြောင်းပေးခြင်း ခံရသူတို့အား ထုတ်ပေးနိုင်ရန် ဖြစ်ပေသည်။ လွှဲပြောင်းပေးခြင်း စည်းကမ်းချက် (မူလရုံးတွင် တင်သွင်းထားသော သက်သေခံစာရွက်) အရ၊ ပေါ်လစီသက်တမ်း ကုန်ဆုံးသည့်အခါတွင် အာမခံထားသူ အသက်ရှင်လျက် ရှိခဲ့သော် အကျိုးခံစားခွင့်များသည် ၎င်းထံသို့ပြန်ရောက်သည်။

ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း တရားဝင်လွှဲပြောင်းထားခြင်းရှိပါလျက်နှင့် လွှဲပြောင်းခြင်းခံရသူတို့က အသက်အာမခံ ပေါ်လစီ အကျိုးခံစားခွင့်ကို တရားရုံးတွင် အမွေဆက်ခံစာ တောင်းခံပြီးမှသာ ထုတ်ယူခွင့်ရှိကြမည်ဆိုလျှင် ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက် မပြောက်၊ ပြဋ္ဌာန်းခြင်းတွင် အဓိပ္ပါယ်မဲ့ ဖြစ်ပေလိမ့်မည်။ များမြောင်လှစွာသော တပ်မတော်သား၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်း၊ အလုပ်သမားများသည် ၎င်းတို့၏ မိသားစုများ အကျိုးငှါ အသက်အာမခံပေါ်လစီများကို တတ်အားသရွေ့ထားရှိကြသည်။ သူတို့ကွယ်လွန်ကြလျှင် လွှဲပြောင်းပေးခြင်းခံရသူတို့က တရားရုံးသို့သွားရောက်၍ အမွေဆက်ခံစာများကို လျှောက်ထားရယူပြီးမှ အကျိုးခံစားကြရမည်ဆိုပါက စရိတ်ကုန်လှုပန်း၍ အချိန်ညောင်းဖွယ်သာရှိသည်။ ယင်းသို့ မဖြစ်ရလေအောင် ဥပဒေပုဒ်မ ၁၅ ကို အတိအလင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

အမှုတွင် မိသားစုဝင်များအား ဦးမင်းလွင်က ၎င်း၏ အသက်အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခဲ့၏။ အဖွဲ့ကလည်း လွှဲပြောင်းပေးခြင်းကို လက်ခံ၍ မှတ်တမ်းတင်ခဲ့၏။ အိမ်ထောင်ပြုပြီး ၃ နှစ်ကာလတွင် ဦးမင်းလွင်က ယခင်လွှဲပြောင်းပေးခြင်းတို့ကိုပုဒ်မ ၁၅ (၃) က ခွင့်ပြုသည့်အတိုင်း ပြင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်ခဲ့၏။ ထိုသို့လည်း မပြုလုပ်ခဲ့ချေ။ ထို့ကြောင့် မိသားစုဝင်တို့အား လွှဲပြောင်းပေးခဲ့ခြင်းသည် မပျက်မပြယ် တည်နေ၏။ ပြည်ထောင်စု အသက်အာမခံစနစ် အက်ဥပဒေပုဒ်မ ၁၅ သည် အခြားဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေတို့ကို လွှမ်းမိုးသဖြင့် ယင်းပုဒ်မနှင့် ယင်းဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများအရ တရားဝင်လွှဲပြောင်းခြင်းခံရသူတို့ကသာလျှင် အသက်အာမခံ ပေါ်လစီ၏ အကျိုးကို ခံစားခွင့်ရှိ၏။ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်ဇနီးသည် ကွယ်လွန်သူ၏ ခင်ပွန်း၏ အမွေစားအမွေခံ ဖြစ်စေကာမူ၊ ခင်ပွန်းသယ်၏ အသက်အာမခံ ပေါ်လစီ၏ အကျိုးခံစားခွင့် ဘက်ဆင်းရောက်မည့်အကြောင်းကို အထူးဥပဒေက အတိအလင်း သတ်မှတ်ပြီးဖြစ်သဖြင့် ယင်းအကျိုးခံစားခွင့်နှင့် ပတ်သက်၍ အမွေဆက်ခံစာ မရနိုင်ချေ။

ပြည်ထောင်စု အာမခံစနစ် အက်ဥပဒေအရ ထားရှိသော အသက်အာမခံ ပေါ်လစီ၏ အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်း ခံရသူတို့သည် အကျိုးခံစားခွင့်ကိုရရန် အလို့ငှါ အမွေဆက်ခံစာ လျှောက်ထားရယူရန် မလိုချေ။ ထို့ကြောင့် ယင်းသို့သော သူတို့က မှားယွင်း၍ အမွေဆက်ခံစာ လျှောက်ထားတောင်းခံကြလျှင် တရားရုံးက ၎င်းတို့အား ပြည်ထောင်စု အာမခံစနစ်အဖွဲ့သို့ညွှန်ရန်ဖြစ်၏။

ဒေါ်ကောက် ပါ ၃ နှင့် မတင်လှ၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၅၅၂။
ဒေါ်မကြီး နှင့် မရန် ပါ ၃၊ ၁၉၆၄ ခုနှစ်၊ တရားမပဋ္ဌမအယူခံမှုအမှတ် ၅၂။

ဒေါ်မကြီး လျှောက်ထားသူ၊ (သေဆုံးသူ ဦးချစ်တင်၏ ပစ္စည်းများကိစ္စ) နိုင်ငံတော် တရားခွင်ချုပ်၏ ၁၉၆၃ ခုနှစ်၊ တရားမအသေးအမှုအမှတ် ၉၄ စီရင်ချက်ကို ပူးတွဲထားသည်။ ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးကိုကိုကြီး (၂)။

အယူခံတရားခံအတွက်။ ။မည်သူမျှမလာ။

ရှုံးသဟာယအတွက်။ ။လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။အယူခံတရားလို မတင်လှသည်၊ ရွှေဘိုခရိုင်၊ ကန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးရွာမှ ကျောင်းဆရာ ဦးမင်းလွင်၏ ဇနီးဖြစ်ခဲ့၏၊ ဦးမင်းလွင်သည် မတင်လှနှင့် အိမ်ထောင်မပြုမီက ငွေ ၄,၀၀၀ တန် အသက်အာမခံ ပေါ်လစီကို ပြည်ထောင်စုအာမခံ စနစ်အဖွဲ့မှ ထုတ်ယူခဲ့သည်၊ ပေါ်လစီမှ ရသင့်ငွေများ အနက်၊ မိမိ၏မိခင် ဒေါ်ဂေါက်အားငွေ ၂,၀၀၀၊ အစ်မ ဒေါ်အေးပိုင်အား ငွေ ၁,၀၀၀၊ တူ မောင်ကျော်အုန်းအားငွေ ၁,၀၀၀ လွှဲပြောင်း ပေးပါသည်ဟု ဦးမင်းလွင်က အဖွဲ့သို့ အကြောင်းကြားခဲ့ပါသဖြင့် အဖွဲ့က လွှဲပြောင်းပေးခြင်းကို လက်ခံမှတ်ပုံတင်ကာ အဆိုပါသူများကို လွှဲပြောင်းပေးခြင်း ခံရသူများအဖြစ် ဖော်ပြထားသော ပေါ်လစီကို ဦးမင်းလွင်အား ထုတ်ပေးခဲ့လေသည်။

ဦးမင်းလွင်သည်၊ အသက်အာမခံ ပေါ်လစီ ထုတ်ယူပြီး နောက်ပိုင်းတွင် မတင်လှနှင့် အိမ်ထောင်ကျ၏၊ အိမ်ထောင်သက် သုံးနှစ်ခန့်တွင် ဦးမင်းလွင် သေဆုံးခဲ့၏၊ ထိုသုံးနှစ်တာမျှအတွင်း အသက်အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်ကို ဇနီးအား လွှဲပြောင်းပေးခြင်း မပြုခဲ့ချေ။ ထို့ကြောင့် ၎င်းသေဆုံးသော အခါ၌ ဒေါ်ဂေါက်စသူတို့ သာလျှင် ပေါ်လစီ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးခြင်း ခံရသူများ အဖြစ် တည်နေသည်။

အထက်ပါ အချက်အလက်တို့ကို မတင်လှကမူ ဖော်ပြ၍၊ ၎င်းသည် ဇနီးဖြစ်သဖြင့် ကွယ်လွန်သူ ဦးမင်းလွင်၏ တရားဝင်အမွေဆက်ခံသူ ဖြစ်ပါသည်၊ အသက်အာမခံငွေ ၄,၀၀၀ ကိုလည်း၊ ၎င်းကသာ ဆက်ခံထိုက်သူ ဖြစ်ပါသည်၊ ထို့ကြောင့် ထိုငွေကို ထုတ်ယူနိုင်ရန် ၎င်းအား အမွေဆက်ခံစာ ထုတ်ပေးပါဟု ရွှေဘိုခရိုင်တရားမရုံးသို့သွားရောက် လျှောက်ထားသည်။

ဒေါ်ဂေါက်တို့က ၎င်းတို့အား ဦးမင်းလွင်က အသက်အာမခံ ပေါ်လစီ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးပြီး ဖြစ်ပါသည်၊ ထို့ကြောင့် ယင်းအကျိုးခံစားခွင့်ကို မတင်လှ ရပိုင်ခွင့် မယှိတော့ပါ ဟုလျှောက်ထား ကန့်ကွက်ကြသည်၊ ရုံးတွင်သက်သေခံ

၁၉၆၉

မထင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

တင်သွင်းထားသော ပေါ်လစီနှင့် အကျိုးခံစားခွင့် လွှဲပြောင်းပေးသော စာတို့အရ လည်း၊ အချက်အလက်များ ထင်ရှားပေါ်လွင်သည်၊ မတင်လှသည် ကွယ်လွန်သူ၏ တရားဝင်ဇနီး၊ ဒေါ်ဂေါက်သည် မိခင်၊ ဒေါ်အေးပိုင်သည် အစ်မ၊ မောင်ကျော်အုန်း သည် တူဖြစ်ခဲ့ကြောင်း၊ ဒေါ်ဂေါက်တို့သည် ပေါ်လစီ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်း ပေးခြင်း ခံရသူများဖြစ်ကြောင်း၊ ဦးမင်းလွင် ကွယ်လွန်သော အချိန်၌ လွှဲပြောင်းပေး ခြင်းတည်သေးကြောင်း တို့သည် အငြင်းမထွက်သော အချက်အလက်များ ဖြစ်လေ သည်။

ခရိုင် တရားမရုံးက ယင်းအချက်အလက်များကို အခြေခံ၍ ပြည်ထောင်စုအာမခံ စနစ်အဖွဲ့ ဥပဒေပုဒ်မ ၁၅ ကိုသုံးသပ်ကာ၊ ဦးမင်းလွင်က ၎င်း၏မိခင်သို့ ပေါ်လစီကို လွှဲပြောင်းပေးခဲ့ခြင်းသည် ၎င်းအိမ်ထောင်မပြုမီက ဖြစ်ခဲ့သည်။ ပုဒ်မ ၁၅ (၂) အရ၊ အိမ်ထောင်ပြုသည်နှင့် တပြိုင်နက် လွှဲပြောင်းပေးခြင်းသည် အလိုအလျောက် ပျက် ပြယ်သည်၊ ထို့ကြောင့် တရားဝင်ဇနီးဖြစ်ခဲ့သူ မတင်လှသည် ၎င်းတောင်းခံသော အမွေဆက်ခံစာကို ရ ထိုက်သည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ဒေါ်ဂေါက်တို့က မူလရုံး၏ ဆုံးဖြတ်ချက်မှ မန္တလေးရုံးထိုင် နိုင်ငံတော် တရားရုံး ချုပ်သို့ အယူခံဝင်ခဲ့သည်။ အယူခံရုံးက ပုဒ်မ ၁၅ (၂) သည်၊ အမှု၏အကြောင်းခြင်း ရာများနှင့် ဆီလျော်ဆက်စပ်ခြင်းမရှိ၊ မိသားစုမရှိသော အာမခံထားသူ တဦးသည် ပုဒ်မ ၁၅ (၁) (ခ) အရ၊ မိမိသဘောအလျောက် လွှဲပြောင်းပေးခြင်း ပြုနိုင်သည်။ ယင်းကဲ့သို့ မိသားစုမဟုတ်သော အခြားသူ တဦးဦးကို လွှဲပြောင်းပေးထားခြင်းသည် သာလျှင် နောင်တွင် အာမခံထားသူ အိမ်ထောင်ပြုသောအခါ၊ ပုဒ်မ ၁၅ (၂) အရ၊ အလိုအလျောက်ပျက်သည်။ ဤအမှုတွင် လွှဲပြောင်းပေးခြင်း ခံရသူတို့သည် မိသားစု များဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သို့ လွှဲပြောင်းပေးခဲ့ခြင်းသည် မပျက်၊ တည်နေ သည်။ ပြည်ထောင်စု အာမခံစနစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၅ သည်၊ မြန်မာလေ့ ထုံးတမ်းဥပဒေကို လွှမ်းမိုးပြီးဖြစ်သည်။ ထို့ကြောင့် တရားဝင်ဇနီးဖြစ်သော မတင်လှ သည်၊ ကွယ်လွန်သူ ခင်ပွန်း၏ အာမခံငွေများအတွက် အမွေဆက်ခံစာ ရပိုင်ခွင့်မယှိဟု အယူခံရုံးကဆုံးဖြတ်ကာ မူလရုံး၏အမိန့်ကိုပယ်ဖျက်ခဲ့၏။ အမွေဆက်ခံစာကို ဒေါ်ဂေါက် တို့အား ထုတ်ပေးစေဟုလည်း အမိန့်ချမှတ်လိုက်၏။

မတင်လှက ဤရုံးသို့ အယူခံဝင်ရန် အခွင့်ထူးကို လျှောက်ထားတောင်းခံခဲ့၏။ လျှောက်လွှာကို ကြားနာသော ခုံရုံးက အောက်ပါကဲ့သို့ အမိန့်ချမှတ်ကာ အခွင့်ထူး အယူခံမှု ဖွင့်ပေးခဲ့၏။

" (၁) ပြည်ထောင်စု အသက်အာမခံ စနစ်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၅ (၁)နှင့် ခြွင်းချက် (က) (ခ) နှင့် ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်

ပတ်သက်၍ ပထမအယူခံရုံးမှ အဓိပ္ပါယ်ဖွင့်ဆို ကောက်ယူချက် မှန်ကန်ခြင်းရှိ-မရှိနှင့်

(၂) သာမန်အားဖြင့် အကျဉ်းနည်းဖြင့် စစ်ဆေးဆုံးဖြတ်ရသည့် အမွေဆက်ခံစာလက်မှတ် ရယူရန် လျှောက်ထားမှုမျိုးတွင် ပြည်ထောင်စုအသက်အာမခံ စနစ်အဖွဲ့ အက်ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်လည်း အကျုံးဝင်နေလျှင် ယင်းပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်သောအချက်အလက်တို့ကို ပေါ်လွင်ထင်ရှားစေရန် စစ်ဆေး၍ ထည့်သွင်း သုံးသပ်ရန်လို မလို ဆိုသည့် အရေးကြီးသော ဥပဒေပြဿနာကို ကျယ်ပြန့်စွာ စဉ်းစား ဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရသဖြင့် အထူးအယူခံဝင်ခွင့်ပေးလိုက်သည်။

အရေးကြီး၍ အများပြည်သူနှင့် ပတ်သက်ကာ၊ ပြည်ထောင်စုအသက်အာမခံ အက်ဥပဒေကို အဓိပ္ပါယ် ဖွင့်ဆိုရန် ပြဿနာများဖြစ်သဖြင့် နိုင်ငံတော် ရှေ့နေချုပ် ဌာနခွဲက သက်ဆိုင်ရာ ဌာနမှညွှန်ကြားချက်ကို လိုအပ်ကယူကာ၊ သဟာယ အဖြစ် လိုက်ပါဆောင်ရွက်ပေးရန် မေတ္တာရပ်ခံသည်။ ”

အယူခံဝင်ရန် အခွင့်ထူးပေးသင့်သော အကြောင်း တရပ်လည်း ရှိသေး၏။ ဤအမှုတွင် ပထမ အယူခံရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံ စီရင်ထုံးတွင် ထည့်သွင်းပြီးဖြစ်သည်ကို တွေ့ရသည်။ (၁) သို့ရာတွင် စီရင်ထုံးများတွင် မပါသေးသော **ဒေါ်မကြီး နှင့် မရန်ပါ ၃ (၂)** တို့၏ ပထမအယူခံမှုတွင်၊ ဤရုံးတရားသူကြီး ၃ ဦးထိုင်ခုံရုံးက အနည်းငယ် ကွဲလွဲဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

**ဒေါ်မကြီး** အမှုပါ အချက်အလက်များသည်၊ ဤအမှုပါ အချက်အလက်များနှင့်ဆင်တူ၏။ ဒေါ်မကြီးသည် ကွယ်လွန်သူ ခင်ပွန်း၏ အသက်အာမခံ ငွေများကိုထုတ်ယူခွင့်ရယူရန် ဤရုံး မူလဘက်တွင် အမွေဆက်ခံစာ လျှောက်ထား တောင်းခံခဲ့၏။ ၎င်း၏ ခင်ပွန်းသည် ၎င်းနှင့် အိမ်ထောင်မပြုမီက ဆိုး၏ အစ်မများနှင့် နေ၏။ အသက်အာမခံ ပေါ်လစီကို အစ်မများအား လွှဲပြောင်းပေးခဲ့၏။ အိမ်ထောင်ပြုပြီးသောအခါ၌လည်း ဇနီးသို့ လွှဲပြောင်းပေးခြင်း မပြု။ သေဆုံးသော အခါ၌ အစ်မများသည်သာလျှင် လွှဲပြောင်းပေးခြင်း ခံရသူများ အဖြစ်ပေါ်လစီတွင် ပေါ်လွင်ထင်ရှားနေခဲ့၏။ ဒေါ်မကြီး၏ အမွေဆက်ခံ လျှောက်လွှာကို ကွယ်လွန်သူ၏ အစ်မများက ကန့်ကွက်ကြရာ၊ မူလရုံးက ၎င်းတို့သည်၊ ပြည်ထောင်စု အသက်အာမခံ

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး ၅၂။

(၂) ၁၉၆၄ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၅၂။

၁၉၆၉ — မထင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

စနစ် အက်ဥပဒေပုဒ်မ ၂ (ဇ) တွင် အဓိပ္ပါယ်ဖွင့်ဆို ထားသည့် "မသားစု" ဟုတ် မဟုတ်ကို စစ်ဆေးခဲ့သည်။ ယင်းသို့ ဟုတ်ကြောင်း အထောက်အထား အခိုင်အလုံ သည်ဟုတွေ့ယူကာ၊ ပြည်ထောင်စု အာမခံစနစ်အဖွဲ့မှ ကျွမ်းကျင်သူ တဦးအားလည်း ဖိတ်ခေါ် စစ်ဆေးပြီး ပုဒ်မ ၁၅ ကိုသုံးသပ်၍၊ မိသားစုဝင်တို့အား လွှဲပြောင်း ပေးထားခြင်းသည်၊ အာမခံထားသူ နောင်တွင် အိမ်ထောင်ပြုသောအခါ၊ အလို အလျောက် ပျက်ပြယ်ခြင်းမရှိ၊ ထို့ကြောင့် ဇနီး ဒေါ်မမကြီးသည် အာမခံငွေများ အတွက် အမွေဆက်ခံစာ ရပိုင်ခွင့် မယှိဟုဆုံးဖြတ်ကာ၊ ၎င်း၏ လျှောက်လွှာကို ပယ်ခဲ့သည်။

ပထမအယူခံရုံးကမူ **ဒေါ်မမကြီး** သည်၊ တရားဝင်ဇနီး ဖြစ်သည်ကို အငြင်းမပွါး လျှင်၊ ၎င်းအားသာလျှင် အမွေဆက်ခံစာ ထုတ်ပေးအပ်သည်၊ အမွေ ဆက်ခံစာ လျှောက်လွှာ ပေါ်တွင် ဥပဒေအကြောင်း ခြင်းရာတို့ကို နက်နဲစွာ စစ်ဆေး စုံစမ်းရန် မဟုတ်၊ အကျဉ်းနည်းဖြင့်သာ ဆုံးဖြတ်ရသည်ဟု ဆုံးဖြတ်ခဲ့လေသည်။

အထက်ပါ ကဲ့သို့ ဤရုံးပင်လျှင် ဤအမှု ပထမ အယူခံတွင် တမျိုး၊ ဒေါ်မမကြီး အမှု ပထမ အယူခံတွင် တဖုံ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ အသက် အာမခံ ပေါ်လစီများကို လွှဲပြောင်းပေးခြင်း၊ လွှဲပြောင်းပေးခံရသူတို့၏ ရပိုင်ခွင့်၊ အာမခံ စနစ်အဖွဲ့၏ ပေါ်လစီငွေများကို ထုတ်ပေးရန် တာဝန် စသည်တို့သည် အများပြည်သူ တို့နှင့် နီးကပ်စွာ ပတ်သက်သော ကိစ္စများ ဖြစ်ပေရာ၊ ဤရုံးက ညီညွတ်သော ထုံးကို ပြုပေးရန် လိုအပ်သည်ဟု တွေ့မြင်ရ၍လည်း၊ ဤအခွင့်ထူး အယူခံမှုကို ဖွင့် ပေးခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် **ဒေါ်မမကြီး**က အမွေခံစာ လျှောက်ထားမှုတွင် မူလရုံးက ချမှတ် သော စီရင်ချက်၊ (၃) ပထမ အယူခံရုံး၏ စီရင်ချက်တို့ကို မိတ္တူများ ပြုစေ၍ နှစ် ဖက် အမှုသည်များအားရင်း၊ ရုံးသဟာယ လက်ထောက်ရှေ့နေချုပ်အားရင်း ကြိုတင်၍ ပေးခဲ့သည်။

အယူခံမှုကိုလျှောက်လဲသော တရားရုံးချုပ်ရှေ့နေ ဦးကိုကိုကြီးက ဒေါ်ဂေါက် တို့သည်၊ မူလရုံးတွင် အမွေဆက်ခံစာ လျှောက်ထားခြင်း မပြုကြပါ။ မတင်လှ၏ လျှောက်လွှာကို ကန့်ကွက်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ပထမ အယူခံရုံးက ဒေါ်ဂေါက်တို့အား အမွေဆက်ခံစာ ထုတ်ပေးစေရန် အမိန့်ချမှတ်ခြင်းသည် မှား ယွင်းပါသည်။ ထို့ပြင် ဒေါ်ဂေါက်တို့သည် ကွယ်လွန်သူ၏ မိသားစုတွင်ပါဝင်ကြောင်း မူလရုံးအမှုတွဲတွင် မပေါ်လွင်ပါ။ အကြောင်းခြင်းရာ မခိုင်လုံဘဲ ပထမအယူခံရုံးက

(၃) နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ တရားမသေးဖွဲ့မှု ၉၄၊ စီရင်ချက်ကို ပူးတွဲ ထားသည်။

၁၉၆၉ မတင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

ရင်းတို့သည် မိသားစုဖြစ်သည်ဟု ယူဆခြင်းသည် မှားယွင်းပါသည်။ မတင်လှသည် ကွယ်လွန်သူ၏ ဇနီးဖြစ်ခဲ့ကြောင်း ထင်ရှားသောကြောင့်၊ မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေအရ၊ ရင်းသာလျှင် အမွေဆက်ခံစား ရထိုက်ပါသည် စသည်ဖြင့် လျှောက်လဲသည်။

ရုံးသဟာယ လက်ထောက် ရှေ့နေချုပ် ဦးလှသင်းက ဓလေ့ထုံးတမ်းနှင့် အခြား ဥပဒေများကို အသက် အာမခံ ပေါ်လစီ၏ အကျိုး ခံစားခွင့်များကို လွှဲပြောင်း ပေးခြင်းနှင့် ပတ်သက်သရွေ့ ပြည်ထောင်စု အသက် အာမခံ စနစ် အဖွဲ့ အက်ဥပဒေ ပုဒ်မ ၁၅ က လွှမ်းမိုးကြောင်းကို ညွှန်ပြသည်။ ပုဒ်မ ၁၅ (၁) အရ၊ အာမခံထားသူသည် လွှဲပြောင်းပေးခြင်း မပြု မနေရပါ။ အာမခံထားသူသည် မိသားစုရှိလျှင် မိသားစုတွင် မပါဝင်သော သူအား လွှဲပြောင်းပေးခြင်း မပြုရ၊ မိသားစု မရှိလျှင်ကား၊ တပါးသူအား လွှဲပြောင်းပေးနိုင်သည်။ ယင်းသို့ တပါးသူအားလွှဲပြောင်းပေးထားခြင်းသည်၊ အာမခံထားသူ အိမ်ထောင်ပြုပြီးလျှင်၊ အလိုအလျောက် ပျက်ပါသည်။ ပေါ်လစီ၏ အကျိုးခံစားခွင့်ကို သူစိမ်းတဦးဦး မခံစားစေရပဲ၊ ဇနီးဖြစ်သူ ခံစားစေရအောင် ဥပဒေက ပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။ လွှဲပြောင်းပေးခြင်းခံရသူသည် မိသားစုဝင် ဖြစ်လျှင်ကား အာမခံထားသူ အိမ်ထောင်ပြုခြင်းကြောင့် အလိုအလျောက် ပျက်ပြယ်ခြင်း မရှိပါဟု ဦးလှသင်းက ရှင်းလင်း တင်ပြသည်။

ဤနေရာတွင် ပုဒ်မ ၁၅ ကို အပြည့်အစုံ ထုတ်နုတ် ဖော်ပြလျှင် သင့်မြတ်မည်ဟု ကျွန်ုပ်တို့ယူဆသည်။ ပုဒ်မ ၁၅ က အောက်ပါကဲ့သို့ဆို၏။

(၁) ဥပဒေ၌သော်ငင်း၊ ဥပဒေ ကဲ့သို့ပင် အာဏာတည်သော ဓလေ့ ထုံးစံ၌သော်ငင်း၊ မည်သို့ပင် ဆိုထားစေကာမူ၊ ဤအက် ဥပဒေ အရ ပြုသည့် အသက် အာမခံ ပေါ်လစီ လွှဲပြောင်းပေးခြင်းမှာ မပြု မနေရ ဖြစ်ရမည့်ပြင်၊ ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းသည် မည်သည့် စည်းကမ်းချက် ပါရှိစေကာမူ ဆိုခဲ့သည့် ဥပဒေကြောင့် သော်ငင်း၊ ဆိုခဲ့သည့် ဓလေ့ထုံးစံကြောင့်သော်ငင်း မပျက်စေရ။

**ခြွင်းချက်။** ။(က) သို့ရာတွင် မိသားစုရှိသော ဤအက်ဥပဒေ အရ၊ အာမခံထားသူတဦးသည်၊ မိမိ၏ မိသားစု၌ မပါသော သူအား ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကို မပြုရ။

(ခ) ထို့ပြင်၊ မိသား တစု မရှိသော ဤအက် ဥပဒေအရ အာမခံထားသူ တဦးသည်၊ မည်သည့် အတွက် မဆို ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကို မိမိသဘော အလျောက် ပြုနိုင်သည်။

ဆင့်စု
မထင်လှ
နှင့်
ဒေါ်ဂေါက်
ပါ ၃။

(၂) ပုဒ်မခွဲ (၁) ခြင်းချက် (ခ) အရ၊ အာမခံထားသူက ပြုသည့် ဆိုခဲ့သော လွှဲပြောင်းပေးခြင်းသည်၊ ထိုသူ အိမ်ထောင်ပြုသည်နှင့်တပြိုင်နက် အလို အလျောက်ပျက်သည်ဟု မှတ်ယူရမည်။

(၃) အာမခံထားသူသည်၊ ဤအက် ဥပဒေအရ၊ ပြုသည် ဆိုခဲ့သော လွှဲပြောင်းပေးခြင်းကို အဖွဲ့က ပြဋ္ဌာန်းသည့် စည်းကမ်းချက်များ အတိုင်း ပြင်နိုင်သည်။ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

"မိသားစု" ဆိုသည့် စကားရပ်ကို၊ အက် ဥပဒေ ပုဒ်မ ၂ (၉) တွင် အောက်ပါကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆို၏။

"မိသားစု" ဆိုသည့် စကားရပ်တွင်—

(၁) ဤအက်ဥပဒေအရ၊ အာမခံထားသူသည် ယောကျ်ားဖြစ်လျှင်ထိုသူ၏ တရားဝင် မယားနှင့် ကလေးများ၊

(၂) ဤအက်ဥပဒေအရ၊ အာမခံထားသူသည် မိန်းမဖြစ်လျှင် ထိုသူ၏ တရားဝင် လင်နှင့် ကလေးများ၊

(၃) ဤအက်ဥပဒေအရ အာမခံထားသူ၏ မိခင် ဘခင်၊

(၄) ဤအက်ဥပဒေအရ၊ အာမခံထားသူက မှီခိုအားထားခဲ့ရသည့်၊ သို့မဟုတ် ၎င်း၏ အပေါ်တွင် မှီခိုအားထားနေသည့် နီးစပ်သော ဆွေမျိုးညာတိများပါဝင်သည်။

ဦးလှသင်၏၊ ဤအမှုတွင် လွှဲပြောင်းပေးခြင်း ခံရသူတို့သည် မိခင်၊ အစ်မ၊ တူတို့ဖြစ်ကြ၍၊ မိသားစုဝင်များ ဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့်လည်း ပြည်ထောင်စု အသက် အာမခံ စနစ်အဖွဲ့က ၎င်းတို့အား လွှဲပြောင်းပေးခြင်း ခံရသူများအဖြစ် မှတ်ပုံတင်ကာ ပေါ်လစီတွင် ဖေါ်ပြထားခြင်း ဖြစ်ပါသည်။ အသက် အာမခံ ပေါ်လစီများကို အာမခံထားသူက လွှဲပြောင်းပေးရမည်ဟု ဥပဒေဖြင့် ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်မှာလည်း၊ အာမခံ ထားသူ ကွယ်လွန်လျှင် လွှဲပြောင်းပေးခြင်းခံရသူတို့က အမွေဆက်ခံစာ စသည်တို့ကို တရားရုံးသို့ သွားရောက် လျှောက်ထားနေရန် မလိုပဲ၊ ပေါ်လစီအရ အကျိုးခံစားခွင့်ကို ထုတ်ယူနိုင်ရန်နှင့် အာမခံ စနစ် အဖွဲ့ကလည်း ယင်းသို့ လွှဲပြောင်းပေးခြင်း ခံရသူတို့ကိုသာလျှင် ထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။ အသက် အာမခံ ပေါ်လစီအရ၊ အကျိုးခံစားခွင့်ကို ပြည်ထောင်စု အသက် အာမခံ စနစ် အဖွဲ့ အက် ဥပဒေကသာလျှင် သတ်မှတ် ပြဋ္ဌာန်းသောကြောင့် အမွေဆက်ခံခြင်း ဥပဒေအရ၊ အမွေဆက်ခံစာ ထုတ်ပေးရန်ပင် မဟုတ်ပါ။ အလားတူ နမူနာမှာ၊ အိုးနာစာ ရံပုံငွေ အက် ဥပဒေ (**Provident Fund Act**) အရ၊ လွှဲပြောင်းပေးခြင်းကို

ယင်း ဥပဒေဖြင့်သာ ဆုံးဖြတ်ရပါသည်။ ဓလေ့ထုံးတမ်း ဥပဒေ၊ အခြား ဥပဒေများကို လွှမ်းမိုးပါသည်ဟု ရှုံးသဟာယ လက်ထောက် ရှေ့နေချုပ်က တင်ပြသည်။ ၁၉၅၉ မတင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

ပြည်ထောင်စု အာမခံ စနစ် အဖွဲ့ အက်ဥပဒေသည်၊ ယင်းဥပဒေပါ အသက် အာမခံ ထောက်ပံ့မှုအာမခံနှင့် အထွေထွေ အာမခံများနှင့် ပတ်သက်သော အထူး ဥပဒေ တရပ် ဖြစ်သည်။ ပုဒ်မ ၁၅ သည်၊ အသက် အာမခံများနှင့် သက်ဆိုင်၍ ယင်းပုဒ်မအရ၊ မပြုမနေရသော လွှဲပြောင်းပေးခြင်းသည် အခြား ဥပဒေ၊ ဥပဒေ ကဲ့သို့ အာဏာ တည်သော ဓလေ့ထုံးတမ်းတို့ကို လွှမ်းမိုးသည်ဟု အတိ အလင်းဆိုပြီး ဖြစ်သည်။ ဥပဒေ၏ စကားရပ်တို့ကို သဘာဝ ယုတ္တိနှင့် အညီ၊ ရည်ရွယ်သည့် အတိုင်း၊ မချဲ့မထွင် မချုတ် မချယ်၊ အဓိပ္ပါယ် ကောက်ယူရသည်။ ပုဒ်မ ၁၅ ၏ ရည်ရွယ်ချက်သည် အသက်အာမခံ ပေါ်လစီများ၏ အကျိုးခံစားခွင့်ကို အာမခံ ထားသူကွယ်လွန်ခဲ့လျှင်၊ အရှုပ်အထွေးမရှိ၊ မကြန့်မကြာ၊ လွှဲပြောင်းပေးခြင်းခံရ သူတို့အား ထုတ်ပေးနိုင်ရန် ဖြစ်ပေသည်။ လွှဲပြောင်းပေးခြင်း စည်းကမ်းချက် (မူလ ရုံးတွင် တင်သွင်းထားသော သက်သေခံစာရွက်) အရ၊ ပေါ်လစ သက်တမ်း ကုန်ဆုံးသည့် အခါတွင် အာမခံထားသူ အသက်ရှင်လျက် ယှိခဲ့သော်မူ၊ အကျိုး ခံစားခွင့်များသည်၊ ၎င်းထံသို့ ပြန်ရောက်သည်။

ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း၊ တရားဝင် လွှဲပြောင်းထားခြင်းယှိပါလျက်နှင့် လွှဲပြောင်းခြင်း ခံရသူတို့က အသက်အာမခံပေါ်လစီ အကျိုးခံစားခွင့်ကို တရားရုံးတွင် အမွေဆက်ခံစာ တောင်းခံပြီးမှသာ ထုတ်ယူခွင့် ယှိကြမည်ဆိုလျှင် ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်ပျောက်၊ ပြဋ္ဌာန်းခြင်းတွင် အဓိပ္ပါယ်မဲ့ ဖြစ်ပေလိမ့်မည်၊ များမြောင် လှစွာသော တစ်မတော်သား၊ ပြည်သူ့ ရဲဘပ်ဖွဲ့ဝင်၊ ပြည်သူ့ဝန်ထမ်း အလုပ်သမား များသည် ၎င်းတို့၏ မိသားစုများ အကျိုးငှါ၊ အသက်အာမခံ ပေါ်လစီများကို တတ် အားသရွေ့ ထားယှိကြသည်၊ သူတို့ ကွယ်လွန်ကြလျှင် လွှဲပြောင်းပေးခြင်း ခံရသူတို့က တရားရုံးသို့သွားရောက်၍ အမွေဆက်ခံစာများကို လျှောက်တောင်း ရယူပြီးမှအကျိုးခံ စားကြရမည် ဆိုပါက၊ စရိတ်ကုန် လူပန်း၍ အချိန်ဆြောင်းဖွယ်သာယှိသည်၊ယင်းသို့ မဖြစ်ရလေအောင် ဥပဒေပုဒ်မ ၁၅ ကို အတိအလင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ယင်းဥပဒေပုဒ်မ ၂၂ က အပ်နှင်းသော အာဏာကို သုံးစွဲ၍၊ အစိုးရက ပြည်ထောင် စုအာမခံ စနစ်အဖွဲ့ နည်းဥပဒေများကို ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်ခဲ့လေသည်၊ နည်းဥပဒေ ၂၃ က အောက်ပါကဲ့သို့ သတ်မှတ်ထားသည်။

" အာမခံထားသူ အနိစ္စ ရောက်သောအခါ၊ အနိစ္စရောက်ကြောင်းနှင့် အသက် မှန်ကန်ကြောင်း ကြေနပ်လောက်အောင် သက်သေခံ အထောက်အထား ပြပါက လွှဲအပ်ခြင်း ခံရသူအား သင့်သော တောင်းခံသည့်ငွေကို ပေးရမည် "။

၁၉၆၉

မတင်လှ
နှင့်
ဒေါ်ဂေါက်
ပါ ၃။

အထက်ပါကဲ့သို့ နည်းဥပဒေတွင ပြဋ္ဌာန်း ထားခြင်းသည်လည်း လွှဲပြောင်းပေး ခြင်းခံရသူက အကျိုးခံစားခွင့်ကို ထုတ်ယူပိုင်ခွင့်၊ အဖွဲ့က ၎င်းအား ထုတ်ပေးရမည့် တာဝန်တို့ကို အလေးအနက်ပြုပေသည်။

ဤအမှုတွင်မိသားစုဝင်များအား ဦးမင်းလွင်က ၎င်း၏ အသက်အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်များကို ဥပဒေနှင့်အညီ လွှဲပြောင်း ပေးခဲ့၏။ အဖွဲ့ကလည်း လွှဲပြောင်း ပေးခြင်းကို လက်ခံ၍ မှတ်တမ်းတင်ခဲ့၏၊ အိမ်ထောင်ပြုပြီး ၃ နှစ်ကာလတွင် ဦးမင်းလွင် က ယခင် လွှဲပြောင်းပေးခြင်းတို့ကို ပုဒ်မ ၁၅ (၃) က ခွင့်ပြုသည့်အတိုင်း ပြင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်ခဲ့၏။ ထိုသို့လည်း မပြုလုပ်ခဲ့ချေ။ ထို့ကြောင့် မိသားစုဝင်တို့အား လွှဲပြောင်းပေးခဲ့ခြင်းသည် မပျက်မပြယ် တည်နေ၏။ ပြည်ထောင်စု အသက်အာမခံ စနစ် အက်ဥပဒေပုဒ်မ ၁၅ သည် အခြားဥပဒေ၊ ဓလေ့ထုံးတမ်း ဥပဒေတို့ကို လွှမ်းမိုး သဖြင့် ယင်းပုဒ်မနှင့် ယင်းဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများအရ၊ တရားဝင် လွှဲပြောင်းခြင်း ခံရသူတို့ကသာလျှင် အသက်အာမခံပေါ်လစီ၏ အကျိုးကို ခံစားခွင့် ယို၏။ ထို့ကြောင့် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ တရားဝင် ဇနီးသည် ကွယ်လွန်သူ၏ ခင်ပွန်း၏ အမွေစား အမွေခံ ဖြစ်စေကာမူ၊ ခင်ပွန်းသည်၏ အသက်အာမခံ ပေါ် လစီ၏အကျိုးခံစားခွင့် သက်ဆင်းရာလမ်းကြောင်းကို အထူးဥပဒေက အတိအလင်း သဘ်မှတ်ပြီး ဖြစ်သဖြင့် ယင်းအကျိုးခံစားခွင့်နှင့် ပတ်သက်၍ အမွေဆက်ခံစာ မရနိုင်ချေ။

ပထမ အယူခံရုံးက ဤအမှုတွင် မတင်လှ၏ အမွေဆက်ခံစာ လျှောက်ထားခြင်းကို ပယ်ခြင်းသည် ဥပဒေနှင့် ကိုက်ညီမှန်ကန်၏။ ဒေါ်ဂေါက်တို့အား အသက်အာမခံ ပေါ်လစီတွင် လွှဲပြောင်းပေးခြင်း ခံရသူများအဖြစ် ဖေါ်ပြထားပြီး၊ ပြည်ထောင်စု အာမခံ စနစ်အဖွဲ့ကလည်း အသိအမှတ်ပြု၊ မတင်လှ ကိုယ်တိုင်ကလည်း ပေါ်လစီကို လွှဲပြောင်းပေးခြင်း ခံကြရသူများ ဖြစ်ကြောင်း ဝန်ခံထားသောသူများ ဖြစ်ကြ၍၊ ၎င်းတို့က အမွေဆက်ခံစာထုဘ်ယူရန် မလိုချေ။ ၎င်းတို့ ကိုယ်တိုင်ကလည်း တောင်းခံ ကြသည်မဟုတ်၊ မတင်လှ၏ လျှောဘ်သွာကို ကန့်ကွက်ကြခြင်းမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ပဌမအယူခံရုံးက ဒေါ်ဂေါက်တို့အား အမွေဆက်ခံစာ ထုတ်ပေးစေ ချမှတ်သော အမိန့်ကို ပယ်ဖျက်ရပေမည်။

ပြည်ထောင်စု အာမခံစနစ် အက်ဥပဒေအရ ထားယှာသော အသက်အာမခံ ပေါ်လ စီ၏ အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်း ခံရသူတို့သည် အကျိုး ခံစားခွင့်ကိုရရန် အလို့ငှါ အမွေဆက်ခံစာလျှောက်ထား ရယူရန် မလိုချေ။ ထို့ကြောင့် ယင်းသို့သောသူတို့က မှားယွင်း၍ အမွေဆက်ခံစာ လျှောက်ထားတောင်းခံကြလျှင်၊ တရားရုံးက ၎င်းတို့အား ပြည်ထောင်စု အာမခံစနစ်အဖွဲ့သို့ ညွှန်ရန်ဖြစ်၏။

၁၉၆၉

မတင်လှ နှင့် ဒေါ်ဂေါက် ပါ ၃။

ဤအမှုမှာကဲ့သို့ ပေါ်လစီကို လွှဲပြောင်းပေးခြင်း ခံရသူကမဟုတ်ပဲ၊ အခြားတဦးဦး ကလာရောက်၍ အသက်အာမခံ ပေါ်လစီ၏ အကျိုးကို ခံစားနိုင်ရန် အမွေဆက်ခံစာ လျှောက်ထားလျှင်၊ ယင်းလျှောက်ထားသူကသာလျှင် လွှဲပြောင်း ပေးခဲ့ခြင်းသည် ပြည်ထောင်စု အာမခံစနစ် အက်ဥပဒေနှင့် မညီပါ၊ သို့မဟုတ် ယင်းဥပဒေအရ ပျက်ပြယ်ပါသည်ဟု အထင်အရှား သက်သေထူရန် ဖြစ်သည်။ အက်ဥပဒေနှင့် မညီကြောင်း၊ သို့မဟုတ် အက်ဥပဒေအရ ပျက်ပြယ်ကြောင်း အတိအလင်း အကြောင်းပြမြွက်ဆိုလျှင် အကြောင်းနှင့်ဆီလျော်သမျှကို တရားရုံးက စစ်ဆေးဆုံးဖြတ် ပေးရမည်သာ ဖြစ်ပေသည်။ သို့ရာတွင် ပြည်ထောင်စု အာမခံစနစ် အက်ဥပဒေကို မျက်ခြည်မပြတ်စေအပ်၊ အခြားသောဥပဒေ၊ ခေလှထုံးတမ်း ဥပဒေတို့ကို ယင်းဥပဒေပုဒ်မ ၁၅ က လွှမ်းမိုး ကြောင်းကို အစဉ်သတိချပ်အပ်သည်။

ထို့ကြောင့် ပူးတွဲထားသော ဤရုံး၏ မူလဘက်မှ **ဒေါ်မမကြီး**အမှုတွင် ချမှတ်ထားသောမူများကို လက်ခံကြောင်း ကျွန်ုပ်တို့ မှတ်တမ်းတင်သည်။ ယင်းမူများနှင့် အထက်ပါ အကြောင်းများကြောင့် ပထမ အယူခံရုံးက ဒေါ်ဂေါက်အား အမွေဆက်ခံစာထုတ်ပေးရန် ချမှတ်သောအမိန့်ကို ပြင်ဆင်ပယ်ဖျက် ပေးသည်မှအပ၊ ဤအခွင့်ထူး အယူခံကိုပယ်၍ ပထမအယူခံရုံး၏ စီရင်ချက်နှင့် အမိန့်ကို အတည်ပြုသည်။ ဤရုံးတွင် စရိတ်မယို့။

ရုံးသဘာသအဖြစ် လိုက်ပါထိရောက်စွာ ကူညီသော လက်ထောက်ရှေ့နေချုပ် ဦးလှသင်းအား ကျေးဇူးတင်ကြောင်း ကျွန်ုပ်တို့ မှတ်တမ်းတင်ပါသည်။

## ORIGINAL CIVIL JURISDICTION

CIVIL MISCELLANEOUS NO. 94 OF 1963

C.C. 1964

28. Feb.

IN THE MATTER OF THE ESTATE OF U CHIT TIN (DECEASED) (OBJECTORS)

*v.*

DAW MA MA GYI (PETITIONER).*

*U Nyunt Tin* for the petitioner.

*U Myint Tin* for the objectors.

DR. MAUNG MAUNG, J.—Daw Ma Ma Gyi, the petitioner, asks for a succession certificate to enable her to collect the benefits of a life insurance policy held by U Chit Tin, her deceased husband with the Union Insurance Board. The objectors, sisters of the deceased, point out that the benefits of the policy had been validly assigned to them, and therefore they do not form part of the estate of U Chit Tin.

The following are the undisputed facts. U Chit Tin and Daw Ma Ma Gyi were married on 6th August 1957 before the 3rd Additional Magistrate, Rangoon, as evidenced by the affidavit of marriage filed. U Chit Tin was married before to one Daw San Ngwe who later died. The objectors are the sisters of U Chit Tin. The life insurance policy was taken out by U Chit Tin on 1st March 1953, according to the evidence of U Tin Maung, (PW 7), of the Union Insurance Board, who made his statements in Court by reference to the files. The assignee of the policy was Daw San Ngwe, but on 15th May 1957, that assignment was cancelled, and the names of the three objecting sisters were registered by U Chit Tin with the Union Insurance Board as the new assignees. The evidence of the sisters establishes that the fresh assignment was made after the death of the wife, Daw San Ngwe. Some

---

Civil Miscellaneous No. 94/63.

three months after that, U Chit Tin married Daw Ma Ma Gyi, and on his death on 22nd July 1963, *i.e.* nearly six years after the marriage, the insurance policy still stood in the name of the sisters. U Chit Tin raised a loan from the Union Insurance Board, on his policy, and according to U Aung Than (PW 5), from the Ministry of Finance and Revenue, where he worked as a Superintendent he paid the premia on the policy till his death. Thus, the policy was never abandoned or treated as paid-up; it grew to maturity on his death.

Normally, as the status of Daw Ma Ma Gyi is unchallenged, she would be entitled to a succession certificate, should she need one, to collect from her late husband's estate. Her status is so clear and so widely accepted that she has been finding no need for a certificate in representing her late husband in his financial affairs, and U Aung Than states that papers are being processed to pay out his pension and gratuity to her. In regard to the money payable under the insurance policy, however, section 15 (1) of the Union Insurance Board Act, as amended by Act 44 of 1960, stands in her way.

The section reads:

"၁၅။ ။(၁) ဥပဒေနှင့်သော်၎င်း၊ ဥပဒေကဲ့သို့ပင် အာဏာတည်သောမလေ့ထုံးစံဖြင့်သော်၎င်း၊ မည်သို့ပင်ဆိုထားစေကာမူ၊ ဤဥပဒေအရပြုသည့်အသက်အာမခံပေါ်လစီ လွှဲပြောင်းပေးခြင်းမှာ မပြုမနေရဖြစ်ရမည့်ပြင်၊ဆိုခဲ့သည့်လွှဲပြောင်းပေးခြင်းသည် မည်သည့်စည်းကမ်းချက် ပါရှိစေကာမူ၊ ဆိုခဲ့သည့်ဥပဒေကြောင့်သော်၎င်း၊ ဆိုခဲ့သည့် မလေ့ထုံးစံကြောင့်သော်၎င်း မပျက်စေရ။

ခြွင်းချက်။ ။(က) သို့ရာတွင်မိသားစုရှိသောဤအက်ဥပဒေအရအာမခံထားသူတဦးသည်၊ မိမိ၏မိသားစုဝင် မပါသောသူအား ဆိုခဲ့သည့် လွှဲပြောင်းပေးခြင်းကိုမပြုရ။

(ခ) ထိုပြင်၊မိသားစုတစုမရှိသော ဤအက်ဥပဒေအရ အာမခံထားသူတဦးသည်၊ မည်သူ့အတွက်မဆိုဆိုခဲ့သည့်လွှဲပြောင်းပေးခြင်းကိုမိမိသဘောအလျောက်ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ခြွင်းချက် (ခ) အရ၊ အာမခံထားသူကပြုသည် ဆိုခဲ့သော လွှဲပြောင်းပေးခြင်းသည်၊ ထိုသူ အိမ်ထောင်ပြုသည်နှင့် တပြိုင်နက် အလိုအလျောက် ပျက်သည်ဟု မှတ်ယူရမည်။

(၃) အာမခံထားသူသည၊ ဤအက်ဥပဒေအရ ပြုသည်ဆိုခဲ့သော လွှဲပြောင်းပေးခြင်းကို အဖွဲ့က ပြဋ္ဌာန်းသည့် စည်းကမ်းချက်များအတိုင်း၊ (ပြင်နိုင်သည်) ၂ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

As it is plainly said in section 15 (1), its provisions override any customary law that may apply to the estate of the deceased. Had it not been for this overriding force, the assignment would have been of no effect unless it strictly followed the rules of inheritance or succession laid down by the customary law, in which case the assignment would have been redundant. In *Daw Yu* v. *Sun Life Assurance Co., Canada,* (1) it was held, because such statutory provision was absent, that " a nomination in a life insurance policy of a person to whom the amount should be payable on the death of the insured has no effect as such a person is not a party to the contract of insurance. The insurance money forms of the estate of the deceased, and is a debt due to his legal representatives. The insurances are bound to pay the legal representatives of the deceased and no one else."

Though now that has been overcome by section 15 (1) of the Union Insurance Board Act, there are provisos to the section that somewhat restrict the liberty and preference of the assignor. If he has a family, he must assign the policy to one or more members of the family of his choice, but not to a stranger. If he has no family, he has full liberty to assign the policy to anyone he likes. If, however, after such an assignment he marries, then sub-section 2 of section 15 comes into play, and renders the assignment null and void. The intention of that sub-section is clear enough. If a man has assigned his policy to a stranger, and later marries, he may cancel the assignment himself under sub-section 3, and make an express assignment to his wife; if he forgets or fails to do that, the law steps in and nullifies the assignment to the stranger,

(1) 1935 A.I.R. Rangoon, 211.

so that the benefits of the policy will return and remain in his estate.

C.C. 1964

U CHIT TIN (DECEASED) v. DAW MA MA GYI.

U Nyunt Tin, learned advocate for the petitioner, argues with his usual ability that the assignments made to his sisters by U Chit Tin were nullified on his remarriage by the operation of sub-section 2 of section 15. U Myint Tin, learned advocate for the objectors, claims that the assignment came under proviso (*kagyi*), and was therefore untouched by the operation of sub-section 2 which only applies to assignments made under proviso (*khagwe*), *i.e.* those made in favour of strangers. This poses the question whether the sisters were members of U Chit Tin's family, within the definition of section 2 (*zagwe*) of the Act, or whether they fell outside that definition.

Section 2 (*zagwe*) of the Union Insurance Board Act reads as follows:

(ဇ) "မိသားစု" ဆိုသည့် စကားရပ်တွင်—

(၁) ဤအက်ဥပဒေအရ အာမခံထားသူသည် ယောကျ်ားဖြစ်လျှင်၊ ထိုသူ၏ တရားဝင်မယားနှင့် ကလေးများ။

(၂) ဤအက်ဥပဒေအရအာမခံထားသူသည်မိန်းမဖြစ်လျှင်၊ ထိုသူ၏တရားဝင် လင်နှင့် ကလေးများ။

(၃) ဤအက်ဥပဒေအရ အာမခံထားသူ၏ မိခင် ဘခင်။

(၄) ဤအက်ဥပဒေအရ အာမခံထားသူက မှီခိုအားထားခဲ့ရသည့်၊ သို့မဟုတ် ၎င်းအပေါ်တွင် မှီခိုအားထားနေသည့် နီးစပ်သော ဆွေမျိုးညာတိ များပါဝင်သည်။"

Clause 4 of the definition lays down two tests: one is the closeness of the blood tie, and the other is dependence. As to test one, there can be no dispute or doubt. The objectors are sisters of the full blood, and that is close enough by any law or custom. The question of dependence is one of evidence, and both sides have led evidence to prove or disprove it.

The sisters, in their evidence, have stated that they were, unmarried, they lived together with U Chit Tin who supported them, paid them K 150 a month regularly, paid the rent, and made other provisions as and when necessary. Even when U Chit Tin's first wife was alive, they say, they lived together, and it was only on his remarriage that they parted, though U Chit Tin continued to support them. They have tried to earn something in small trade, but their brother was their main support. They are supported by Captain Ko Ko Lay, U Tha Tun, U Khin Maung, and, to some extent by Daw Saw Yin, witness No. 1 for the petitioner, who states that when the sisters were her tenants, U Chit Tin was often seen at their house until one day they told her that their brother had moved away.

The dependency required under section 2 (ဇ) (4) does not have to be total. It is left to be tested in each case in the plain and natural meaning of the definition to see whether a dependent qualifies under this clause. U Nyunt Tin invites me to look at the definition of "dependent" in the Workmens' Compensation Act, by way of drawing an analogy, and section 2 (1) (*d*) (ii) clearly brings "an unmarried or widowed sister. . . if wholly or in part dependent on the earnings of a workmen at the time of his death" within the definition. Thus the dependence, even as defind in the said Act, does not have to be whole; it can be partial. In the Union Insurance Board Act, however, no degree of dependence is laid down as the test and the plain and natural meaning of the expression—"မှီခိုသားလေး" must be taken. The facts of this case can leave no doubt that the sisters qualified as members of the family of U Chit Tin both by their dependence on him and also by their closeness in blood to him.

It is interesting to note that the Union Insurance Board Act, originally enacted as Act No. 16 of 1950, did not contain clauses 3 and 4 in section 2 (*zagwe*). These were

added by the amending Act No. 44 of the same year. The intention of the law-makers is therefore clear that the meaning of "family" should be enlarged and the parents of the policy holder as well as those close relatives on whom he was dependent or who depended on him should be brought within the benefits of section 15 of the Act. Section 15 proviso (*kagyi*) was also amended by the later Act to make the benefits to an insurance policy available to members of the family. Proviso (*kagyi*), before the amendment read as follows:

> "ခြွင်းချက်။ ။(က) သို့ရာတွင် အိမ်ထောင်ရှိသော အာမခံ ထားရှိသူ တဦးသည်၊ မိမိ၏ မိသားစု၌ မပါသောသူအား၊ ဆိုခဲ့သည့် လွှဲပြောင်းပေး ခြင်းကို၊ သို့တည်းမဟုတ် ဆိုခဲ့သည့် အမည်သွင်းထားခြင်းကို မပြုစေရ"။

The plain meaning of that proviso was that a man who had a wife could assign his policy in favour of the members of the family but not to strangers. If a man had a family but not a wife it would appear under the proviso that he would be free to assign his policy outside his family. The proviso (*kagyi*) as it reads now is clear that if a man has a family, as interpreted more widely under section 2 (*zagwe*), then he cannot assign his policy to a stranger at all. Within the family, however, his choice of assignee is unrestricted.

On the evidence I find that the sisters were members of U Chit Tin's family within the meaning of section 2 (*zagwe*) of the Union Insurance Board Act at the time he assigned the life insurance policy to them. The assignment was therefore valid. It could have been disturbed only by U Chit Tin himself cancelling the assignment, as he was at liberty to do under section 15 (3) of the Act. Six years passed between the assignment and his death, and U Chit Tin who, as Superintendent of the Ministry of Finance and Revenue, had experience of procedures, did not cancel the assignment made in favour of his sisters.

It could not have been inadvertence on his part or oversight, for he raised a loan on the policy and paid premium for it till he died. He also knew he could cancel the assignment and make a fresh one, for when his first wife died he had done that, nominating his sisters in the place of the deceased wife.

The other way in which the assignment to the sisters could have been nullified was by operation of section 15 (2) of the Act, but this applies only to assignments made in favour of strangers at the time the assignor was unmarried. Here, the assignment was made under section 15 (*1*) proviso (*kagyi*) and is not therefore caught by sub-section 2.

U Nyunt Tin argues that the validity of an assignment can only be fully tested at the time of the death of the policy holder for that is the time when the policy becomes ripe for payment. Again he draws an analogy with the Workmens' Compensation Act where compensation becomes payable on the death of the workman. There, however, the death of the workman " out of and in the course of his employment " is the reason why compensation becomes payable. In the case of insurance, however, though the policy becomes payable on the death of the holder or on maturity in his lifetime the reason why the money is payable is that he has been saving it up. The test of the validity of an assignment of an insurance policy must, therefore, be made at the time of the assignment.

The Provident Funds Act probably provides a closer analogy to the Union Insurance Board Act in some regards. Section 5 (*1*) of the Provident Funds Act protects the rights of nominees, where nominations are duly made in accordance with the rules, " notwithstanding anything contained in any law for the time being in force of disposition, whether testamentary or otherwise, by a subscriber." This is analogous to the provision of section 15 (*1*) of the

Union Insurance Board Act. The definition of "dependent" in the Provident Funds Act seems to be even more liberal for it includes unmarried sisters, deceased son's widow and child etc., and does not require the actual fact of dependence. The relationship is all that Act goes by.

Because of the reasonably close analogy between the Provident Funds Act and the Union Insurance Board Act it may be usefull to refer to the ruling in *Edith Mary Hannay* v. *Ellen Florence Rodriguez and others* (2). There, Sharpe, J., sitting on the Original Side of the late High Court ruled that:

> "Where a subscriber has a family within the meaning of the Burma Contributory Provident Fund Rules, he cannot leave his provident fund to any one outside the family. But if he has not a family, he is entitled to leave his fund to a charitable institution. The intention of the legislature is that a subscriber may have something on which to live when he retires. If he dies before he is able to enjoy his retirement and if he has no family then he has something to leave and it matters not to whom he leaves it."

The decision was upheld on appeal.

U Tin Maung of the Union Insurance Board, whom U Nyunt Tin was good enough to call as his witness on my suggestion, has given information relating to the policy in dispute and also useful information on the practice of the Union Insurance Board over the years in matters relating to assignments. He states that in applying section 15 of the Act the Board examines the application for assignments, and if the assignee is a relative of the assignor no questions are asked. The assignment is considered to be valid and duly registered. After that the Board regards the assignee as the only person to whom it should pay out on the policy in the event of the policy holder's death. The Board does not investigate whether the assignee is

(2) 1941 R.L.R. 912.

dependent on the assignor, and if so to what extent. When the assignment is made in favour of a stranger then the Board satisfies itself that the assignor has no family, *i.e.*, no wife or children and no relatives. This practice over the years, U Tin Maung says, has not raised any problem and in his experience in insurance business dating from 1938 this is the first time that contending claims between the widow of the deceased policy-holder and the duly registered have been put up.

In the circumstances, I must find that the assignment made by the late U Chit Tin in favour of his sisters still stands and by virtue of section 15 (1) of the Union Insurance Board Act the benefits under the policy fall outside his estate. The succession certificate cannot therefore be granted to his widow who claims her interest under customary law or other statute law which in this case is superceded by the Act. The application of Daw Ma Ma Gyi is therefore dismissed. As this decision has turned on some fine points of law, the parties will bear their own costs.

# နိုင်ငံတော်တရားရုံးချုပ်

## တရားမဒုတိယအယူခံမှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

## မောင်ကျော်သူ (အယူခံတရားလို)

နှင့်

## ထွန်းမြအောင် (အယူခံတရားခံ)*

† ၁၉၆၉
ဧပြီလ ၂၂ ရက်။

**သာသနာ့မြေကို ကျူးကျော်ဝင်ရောက်နေသည်မှ နှင်ထုတ် ပေးရန် တရားစွဲဆိုခြင်း—မြေပုံကို သက်သေခံအဖြစ်လက်ခံခြင်း—သက်သေခံ အက်ဥပဒေ ပုဒ်မ ၁၆၇ အရ၊အကြောင်းတခုကို တရားနည်းလမ်းမဟုတ်ပဲ သက်သေတင်ပြလျှင် တင်ပြသောအခါတွင် ကန့်ကွက်ရခြင်း—သက်သေခံ အက်ဥပဒေပုဒ်မ ၁၁ဝ အရ၊မြေကိုလက်ယှိရယူထားသူသည်ပိုင်ဆိုင်ခြင်းကိုအနည်းဆုံးအပေါ် ရုံအားဖြင့်သက်သေပြရခြင်း —သက်သေခံထွက်ဆိုချက်များမှာတဆင့်ကြားစကားဖြစ်စေကာမူ သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ၊ တရားဝင် သက်သေထွက်ဆိုချက်များအဖြစ်လက်ခံသင့်ခြင်း။**

အယူခံတရားလိုက ကျောင်းတကာများကိုယ်စား အယူခံတရားခံအပေါ် ကျူးကျော်ဝင်ရောက်နေသည့် သာသနာ့မြေ အစိတ်အပိုင်းမှ နှင်ထုတ်ပေးရန် တရားစွဲဆိုသည်။

**ဆုံးဖြတ်ချက်။** ။သက်သေခံအမှတ် (က) မြေပုံကို အယူခံတရားလိုအား စစ်ဆေးသောအခါ မူလရုံးက ၁၉၆၆ ခု၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သက်သေခံအဖြစ် လက်ခံခဲ့သောအခါလည်း တရားမဝင်ဟု ကန့်ကွက်ခြင်း မပြုခဲ့ပေ။ တရားမမှုတွင် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်းမပြုပဲ၊ အငြင်းအခုံဖြစ်ကြရာတွင် တဖက်နှင့်တဖက် သဘောတူညီမှုကို ပြုလုပ်နိုင်သဖြင့် သက်သေတင်ပြ ထွက်ဆိုချက်များကိုလည်း နှစ်ဦးနှစ်ဖက်သဘောတူ၍ ရုံးကအများကိုမထိခိုက်လျှင် လက်ခံနိုင်ပေသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၆၇ အရ၊ အကြောင်းတခုကို တရားနည်းလမ်းမဟုတ်ပဲ သက်သေတင်ပြလျှင်၊ တင်ပြသောအခါတွင် ကန့်ကွက်ရပေမည်။ နောင်ကိုကန့်ကွက်၍မရပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။အချင်းဖြစ်မြေသည် အယူခံတရားခံ လက်ယှိဖြစ်သည်ကို အငြင်းမယှိ။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁ဝ အရ၊ ပစ္စည်းတခုကို လက်ယှိရယူထားသူသည် ပိုင်ဆိုင်သူမဟုတ်ကြောင်းပြရန်မှာ ဤသို့စွပ်စွဲသောသူ၏ တာဝန်သာ ဖြစ်သည်ကားမှန်၏။ သို့သော်လက်ယှိရယူထားသူသည် တရားဥပဒေအရ လက်ယှိရယူသူသာ ဖြစ်ရပေမည်။ လက်ယှိရယူထားသူသည်

---

* ၁၉၆၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃။

† ၁၉၆၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင် ၁၉၆၇ ခု၊ ဇူလိုင်လ ၂၄ ရက်နေ့စွဲဖြင့် စစ်တွေမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ခ၉၆၉

မောင်ကျော်သူ နှင့် ထွန်းမြအောင်။

ပိုင်ဆိုင်ခြင်းကို ခြေရာမခံနိုင်သော်လည်း မြေပိုင်ဆိုင်သည်ကို အနည်းဆုံး အပေါ်ရံအားဖြင့် ပြသရပေမည်။ အမှုတွင် နှစ်ဦးနှစ်ဖက်မှာ ပိုင်ဆိုင်ကြောင်းကို ပြသကြသဖြင့် မည်သည့်ဘက်မှ ပြသရန်တာဝန်ယှိကြောင်း ပြဿနာမပေါ်ပေါက်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။သက်သေထွက်ဆိုချက်များမှာ တဆင့်ကြားစကား ဖြစ်စေကာမူ၊ ဤစကားများသည် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ၊ တရားဝင်သက်သေထွက်ဆိုချက်များအဖြစ်လက်ခံသင့်ပေသည်။ သက်သေများသည် လုပ်သားပြည်သူအများအပြားတို့၏ စိတ်ဝင်စားအကျိုးစပ်လျဉ်းဆက်ဆံခြင်းတို့နှင့် ပတ်သက်၍ အမှုမဖြစ်မီကပင် ထင်မြင်ကြားဘူးသည့်အကြောင်းများကိုထွက်ဆိုကြခြင်းသာဖြစ်၍လက်ခံရပေမည်။ ဤအကြောင်း အရာများမှာအများနှင့်ပတ်သက်သော ရှေးဟောင်း အဖြစ်အပျက် အကြောင်းအရာများဖြစ်၍ တိုက်ရိုက်သက်သေထွက်ဆိုချက်များ ရယှိရန်အလွန်ခဲယဉ်းသော်လည်း အမှုတွင် ဤသက်သေထွက်ဆိုချက်များအပြင် တိုက်ရိုက်သက်သေထွက်ဆိုချက်များလည်းယှိနေသည်။ အများနှင့် သက်ဆိုင်နေ၍ မည်သူတဦးတယောက်ကမျှ မိမိ၏ကိုယ်ကျိုးအတွက် ထွက်ဆိုရန် အကြောင်းမယှိပေ။ ထို့ကြောင့် အသက်အရွယ် အဆင့်အတန်းကြီး၍ယုံကြည်လောက်သော ဤလူကြီးသူမြတ် သက်သေများ၏ ထွက်ဆိုချက်များကို လက်မခံနိုင်ပါက အများနှင့် သက်ဆိုင်သော ရှေးဟောင်း ခေတ်အကြောင်းများကို ပြသရန် လွယ်ကူမည်မဟုတ်ပေ။ ဤထွက်ဆိုချက်များသည် သတင်းလွှင့် ကျော်ကြားသော တဆင့်ကြားစကားများဖြစ်လင့်ကစား သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ တရားဝင်သည်။ ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုး၊ ဇရပ်၊ သိမ်အစရှိသည့် ရတနာသုံးပါးနှင့် သက်ဆိုင်သော ပစ္စည်းများမှာ ဗုဒ္ဓဘာသာဝင်အများပြည်သူနှင့် သက်ဆိုင်သော ပစ္စည်းဖြစ်ပေသည်။

**အယူခံတရားလိုအတွက်။** ။ဦးဘကျော်။

**အယူခံတရားခံအတွက်။** ။ဦးမောင်မောင်ခင်။

**တရားသူကြီး ဦးကျော်ငံဦး။** ။အယူခံတရားလိုသည်စစ်တွေခရိုင်၊ မင်းပြားမြို့၊ ကျောင်းသစ် ကျောင်းတကာများကိုယ်စား အယူခံတရားခံအပေါ် သက်သေခံအမှတ် (က)အရ လက်ခံခဲ့သောမြေပုံကိုရည်ညွှန်း၍ဦးပိုင်အမှတ်မယှိ၊မင်းပြားမြို့၊ကျိန်တောင်ရှင်ကွင်းအမှတ် ၁၃၂၃၊ သာသနာ့မြေ ၁၅ ဧက ၆၉ ဒသမအနက် တောင်ဘက်ယှိမြေကို ကျိန်တောင်တက်လမ်း၊ တောင်ကိုဒေါ်ပန်းစ ဦးမြေ၊ အရှေ့ကို စွန်ရဲလမ်း၊ အနောက်ကို ငမဲရှေ့နှင့် စောလှအောင်ဉယျာဉ်မြေများအတွင်းယှိ၊ ၇ ဧက ၇၄ ဒသမ သာသနာ့မြေကို ကျူးကျော်ဝင်ရောက် ခြံစည်းရိုးထိုး၍ ငှက်ပျောပင်များ စိုက်ပျိုးသဖြင့်၊ ကျောင်းတကာများက သွားရောက်တားဆီး ကန့်ကွက်ကြသော်လည်း၊ မရ၍ ထို ၇ ဧက ၇၄ ဒသမယှိ သာသနာ့မြေမှ ခြံစည်းရိုးများကို ဖြိုဖျက်ယူပြီး နှင်ထုတ်ပေးရန်၊ မင်းပြားမြို့နယ် တရားမရုံးတွင် တရားစွဲဆိုရာ၊ကျောင်းသစ်ကျောင်းမယှိခင်ကပင်၊ ၎င်း (အယူခံတရားခံ) ၏ အဖိုး ဦးချင်းအောင် ဒါးဦးမြေကျ လုပ်ကိုင်စိုက်ပျိုး

ဝဉ်ဇ

မောင်ကျော်ဆု နှင့် ထွန်းမြအောင်။

ခဲ့သော မြေသာဖြစ်၍၊ သာသနာ့မြေမဟုတ်ဟု ထုချေသည်။ ကျောင်းသစ်ကျောင်း တကာများ လာရောက်ပြီး၊ ခြံစည်းရိုးကို ဖြိုဖျက်၍ ထွက်ခွါသွားရန်ပြောသည်ကိုကား မကြင်းပေ။ ဆိုလိုသည်မှာ အချင်းဖြစ်မြေမှာ ၎င်း၏အဖိုး ဦးချင်းအောင် (ယခုသေပြီ) ၏ မြေဖြစ်၍၊ သူနှင့်တခြားအမွေစား အမွေဆိုင်တို့၏ မြေသာဖြစ်၍ သာသနာ့မြေ မဟုတ်၊ အယူခံတရားလိုက အယူခံတရားခံ၏ အဖိုး ဦးချင်းအောင် အပါအဝင် ကျောင်းတကာကြီး ၄ ဦးက လွန်ခဲ့သောနှစ်ပေါင်း ၆၀ လောက်က အစိုးရထံမှ သာသနာ့မြေအဖြစ် အရယူရန် တရားသဖြင့် ဆောင်ရွက်ခဲ့ကြပြီး၊သံဃိကပစ္စည်းအဖြစ် ကျောင်းသစ်ကျောင်း တည်ဆောက်၍၊ ပထမ ဆရာတော်ကြီး ဦးညာဏ၏တပည့် ဦးယသိန္ဒ၊ ဒုတိယ ဦးဇာဂရိယ တတိယ လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရ ဆရာတော် အသီးသီးတို့ အဆက်ဆက် ကျောင်းထိုင်ခဲ့ကြရာ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင်၊ ကျောင်းတိုက် ဇရပ် ရေကန်များ လုံးဝပျက်စီးသွားသည်ဟု ပြန်ဖြေသည်။ ထို့ပြင် အယူခံတရားခံနှင့် အခြားအမွေစား အမွေဆိုင်တို့သည်၊ အချင်းဖြစ်မြေနှင့် ရေစီး ကြောင်း ခြားလျက်ရှိသော ၄ ကေ ဂ၀ ဒဿမ ဥယျာဉ်မြေကိုသာ ယခုတိုင် ဆက်လက် စိုက်ပျိုး လုပ်ကိုင်နေကြပြီး၊ အခွန်ထမ်းဆောင်နေကြသည်ဟု ဖြေဆိုသည်။

အရေးကြီးသောအချက်မှာ၊ အချင်းဖြစ်မြေသည် သာသနာ့မြေ၊ သို့မဟုတ်အယူခံ တရားလို၏ အဖိုး၊ အဖွား ဆွေစဉ်မျိုးဆက်မြေ ဖြစ်သလောပင်ဖြစ်သည်။ မူလရုံးက သက်သေထွက်ဆိုချက်များကို သေခြာစွာ လေ့လာဝေဖန်ခဲ့ပြီး အချင်းဖြစ်မြေသည် အယူခံတရားခံ၏ ဖိုး ဖွား ဆွေစဉ်မျိုးဆက် မြေတွင် မပါဝင်ပဲ၊ သာသနာ့ကျောင်းမြေ ဖြစ်သည်ဟု ဆုံးဖြတ်ကာ၊ အယူခံတရားခံကို ထိုမြေမှ ခြံစည်းရိုးများကို ဖြိုဖျက်၍ ထွက်ခွါသွားစေဟု စရိတ်နှင့်တကွ၊ စီရင်ချက် ဒီကရီချမှတ်ပေးခဲ့ရာ၊ အယူခံတရားခံက မကျေနပ်၍၊ စစ်တွေမြို့ ခရိုင်တရားမင်္ဂုံးတွင် အယူခံဝင်ရာ၊ အချင်းဖြစ်မြေနှင့်ကျောင်း ဇရပ်၊ ရေကန်တို့ကို သံဃာတို့အား ရေစက်ချ၍ လှူဒါန်းခဲ့ကြောင်း ခိုင်ခိုင်မာမာ သက်သေထွက်ဆိုချက်များ မယှိပဲ၊ တဆင့်စကားများသာ ထွက်ဆိုကြသည်ဆိုပြီး၊ အရေးကြီးသော ဒေါ်နှင်းဆီ (လိုပြ-၂) နှင့် ဦးစန္ဒာဘာသ (လိုပြ-၁၀) တို့၏ သက်သေထွက်ဆိုချက်တို့ကို လက်မခံနိုင်ဟု အကြောင်းပြ၍၊ အချင်းဖြစ်မြေနှင့် ကျောင်းတို့ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၂၃ အရ၊ မှတ်ပုံတင်၍၊ လွှဲပြောင်းခြင်းမယှိခဲ့သည့်ပြင်၊ သက်သေခံအမှတ် (က) မြေပုံမှာလည်း၊ တရားမဝင် သဖြင့် သာသနာ့မြေ မဖြစ်နိုင်ကြောင်း ဖြေဆိုပြီးနောက်၊ ဦးစောလှအောင်၊ ဦးရွှေကျော်ဦး နှင့် ဦးပန်သာအောင် (ခံပြ-၁၊၂၊၃) တို့၏ သက်သေထွက်ဆိုချက် တချို့ကိုသာ ဝေဖန်ပြီး၊ အချင်းဖြစ်မြေသည် အယူခံတရားခံ၏ အဖိုးမြေတွင် ပါဝင် သည်ဟု ယူဆလျက်မူလရုံး၏ စီရင်ချက် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်

၁၉၆၉

မောင်ကျော်သူ
နှင့်
ထွန်းမြအောင်။

သည်ကို အယူခံ တရားလိုကမကျေနပ်၍၊ ဤဒုတိယအယူခံမှုကို တရားမကျင့်ထုံးပုဒ်မ ၁၀၀ (၁) အရ အယူခံဝင်ခြင်းဖြစ်သည်။

သက်သေခံအမှတ် (က) မြေပုံနှင့်ပတ်သက်၍ မြေတိုင်းစာရေး ဦးမောင်ပု (လိုပြ-၈) ကဆိုသည်မှာ၊ သူသည်ဇာတိမင်းပြားမြို့မှဖြစ်သည့်အပြင်၊ ၁၉၆၁ ခုနှစ်တွင် ကျိန်းတောင်ကွင်းများကို တိုင်းထွာပြီး၊ သာသနာ့မြေများပါဝင်သည့် မြေများကို မြေခွန်စည်းကြပ်ခြင်း မပြုပဲ၊ အချင်းဖြစ်မြေကိုလည်း ၁၉၅၀-၅၂ ခုနှစ်တွင်ယှိသည့် အတိုင်း၊ မျက်မြင်လက်ယှိနေထိုင်သူများ ညွှန်ပြချက်များအရမြေပုံပြုလုပ်၍မြေစာရင်း ဌာနမှ အတည်ပြုထားခြင်း ဖြစ်သည်။ သက်သေသည် မြေစာရင်းဌာနတွင် ၁၉၄၁ ခုနှစ်ကပင် စတင်ဝင်ရောက် အမှုထမ်းဆောင်စဉ်ကစ၍၊အချင်းဖြစ်မြေသည် သာသနာ့ မြေအဖြစ်၊ သတ်မှတ်ထားသည်ကိုသိယှိသူတဦးဖြစ်သည်။ အယူခံတရားလို၏ ထွက်ဆို ချက်မှာ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မြေစာရင်းဌာန မူရင်းမြေပုံများ ပျက်စီးသွား ၍၊ သက်သေခံ အမှတ် (က) မြေပုံကို ဆရာတော်ကြီး ဦးညာဏ (ပြန်လွှန်တော်မူပြီး) ကိုယ်တိုင် ညွှန်ပြ၍ ဦးမောင်ပုက တိုင်းထွာပြီး၊ ဦးကျော်ဇံလှ ဆိုသူက အမှုမစွဲမီ ၂ နှစ် ကျော်က ၁၉၆၃ ခုနှစ်၊ဩဂုတ်လ ၄ ရက်နေ့တွင် ရေးဆွဲကူးပေးသည်။ ထိုအချိန်တွင် အယူခံ တရားခံသည် အချင်းဖြစ်မြေကိုကျူးကျော်ခြင်း မယှိသေးပေ။ ဤသက်သေခံ အမှတ် (က)မြေပုံကိုအယူခံတရားလိုအား စစ်ဆေးသောအခါ၊ မူလရုံးက ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သက်သေခံအဖြစ် လက်ခံခဲ့သောအခါလည်း၊ တရားမဝင် ဟု ကန့်ကွက်ခြင်း မပြုခဲ့ပေ၊ တရားမမှုတွင် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း မပြုပဲ၊ အငြင်းအခုံဖြစ်ကြရာတွင် တဘက်နှင့်တဘက် သဘောတူညီမှုကို ပြုလုပ်နိုင်သဖြင့်၊ သက်သေတင်ပြထွက်ဆိုချက်များကိုလည်း၊ နှစ်ဦးနှစ်ဘက် သဘောတူ၍ ရုံးကအများ ကိုမထိခိုက်လျှင်လက်ခံနိုင်ပေသည်။သက်သေခံအက်ဥပဒေပုဒ်မ၁၆၇ အရ အကြောင်း တခုကိုတရားနည်းလမ်းမဟုတ်ပဲ၊သက်သေတင်ပြလျှင်ဘင်ပြသောအခါတွင်ကန့်ကွက်ရ ပေမည်။ နောင်ကို ကန့်ကွက်၍မရပေ။ ယခုအမှုမှာကား ဤကဲ့သို့ ကန့်ကွက်ခြင်း မယှိခဲ့ပေ။ ထို့ပြင်အဆိုပါပုဒ်မအရလည်း၊ ထိုမြေပုံကို တရားနည်းလမ်းမကျပဲတင်သွင်း လက်ခံခဲ့စေကာမူ၊ တခြားသက်သေတင်ပြထွက်ဆိုချက်များယှိသဖြင့်အမှုကို ပြန်လည် စစ်ဆေးခြင်းစီရင်ချက် ဒီကရီကို ပယ်ဖျက်ခြင်းပြုလုပ်ရန်အကြောင်းမပေါ်ပေါက်ပေ။ အောက်အယူခံရုံးကသက်သေခံအမှတ် (က) မြေပုံမှာတိကျခိုင်မာသည်ဟုမယူဆနိုင် ဟုအဆိုယှိသဖြင့်၊ ယခု ဒုတိယအယူခံမှုတွင်မြေစာရင်းဌာနမှမှန်ကြောင်းသက်သေခံ သောမြေပုံတခုကို၊တဘက်မှကန့်ကွက်ချက်မယှိပဲ၊ တင်သွင်းထားလျက်ယှိသည်။ဤမြေ ပုံမှာလည်းအချင်းဖြစ်မြေကို သက်သေခံအမှတ် (က) မြေပုံမှာကဲ့သို့ပင် တွေ့မြင်ရ သည်။ ထို့ကြောင့် သက်သေခံအမှတ် (က) မြေပုံကိစ္စမှာ ယခုအရေးမကြီးလှပေ။

၁၉၆၉
မောင်ကျော်အေး နှင့် ထွန်းမြအောင်။

အချင်းဖြစ်မြေသည်၊ အယူခံတရားခံလက်ယိုဖြစ်သည်ကိုအငြင်းမယို။သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၀ အရ ပဋိညဥ်းတခုကို လက်ယိုရယူထားသူသည်၊ ပိုင်ဆိုင်သူ မဟုတ်ကြောင်း ပြရန်မှာ၊ ဤသို့ စွပ်စွဲသူ၏တာဝန်သာဖြစ်သည်ကား မှန်၏။သို့သော် လက်ယိုရယူထားသူသည် တရားဥပဒေအရ လက်ယိုရယူသူသာ ဖြစ်ရပေမည်။ လက်ယို ရယူထားသူသည်ပိုင်ဆိုင်ခြင်းကို ခြေရာမခံနိုင်သော်လည်း၊ မြေပိုင်ဆိုင်သည်ကို အနည်း ဆုံး အပေါ်ရုံအားဖြင့် ပြသရပေမည်။ ဤအမှုတွင် နှစ်ဦးနှစ်ဘက်မှာ ပိုင်ဆိုင် ကြောင်းကို ပြသကြသဖြင့်၊ မည်သည့်ဘက်မှ ပြသရန် တာဝန်ယိုကြောင်း ပြဆနေ့ မပေါ်ပေါက်ပေ။ ဦးပိုင်အမှတ် မယိုပဲ၊ အချင်းဖြစ်မြေသည် သာသနာ့မြေဟု အဆိုပါ မြေပုံများက ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အသက် ၇၉ နှစ်ယို အငြိမ်းစားမြေတိုင်းစာရေး ဦးငမဲ (လိုပြ-၁)သည်၊ အဆိုပါ အလုပ်ကို စတင်ဝင်ရောက်ထမ်းဆောင်သော ၁၉၁၀ ခုနှစ်ကပင်စ၍ အချင်းဖြစ်မြေကို သိသူဖြစ်သည်။ သိသည်မှာ ၅၅ နှစ်ကျော်နေပြီ၊ သက်သေက အချင်းဖြစ်မြေကို ၁၉၂၅ ခုနှစ်တွင် တိုင်းထွာပြီး သာသနာ့မြေဟု သက်သေခံအမှတ် (က) တွင်ပြထား သကဲ့သို့ အစိမ်းရောင်ဖြင့် ပြထားသည်ဟု ဆိုသည်။ စိတ်အထင် တောင်နှင့် မြောက်၊ ပေ ၂၉၀ ခန့်ယိုသည်ဟု ဆိုရခြင်းမှာ၊ သက်သေက ပြန်လည်တိုင်းတွာရေးဆွဲသော မူရင်းမြေပုံမှာ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မီးလောင်၍ ပျက်စီးသွားသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ဤသက်သေ၏ ထွက်ဆိုချက်ကို အောက်အယူခံရုံးက ဝေဖန်ခြင်း မပြုခဲ့ပါ။ အသက် ၅၈ နှစ်ရှိ ဦးမောင်သာလှ (လိုပြ-၃) မှာ မင်းပြားမြို့သားဖြစ်သည့် အားလျော်စွာ အချင်းဖြစ်မြေတွင် လက်ဝါးကြီး(ခေါ်) ဦးသုန္ဒရဆရာတော်ထိုင်သော ကျောင်း၊ ဇရပ်နှင့် ရေကန်များကို တွေ့ဘူးကြောင်း ထွက်ဆိုသည်။ ကွယ်လွန်သူ ကျောင်းတကာလည်း တဦးဖြစ်သူ ဦးထွေးအောင်က အစိုးရထံမှ သာသနာ့မြေအဖြစ် အလှူခံ၍ ရသောမြေဖြစ်ကြောင်း ပြောဘူးသည်ဟုဆိုသည်။ တို့ပြင် ဆရာတော်ကြီး ဦးညာဏပြောပြချက်အရ ရေစက်ချပြီး ကျောင်းသစ်ကျောင်းသို့ လှူဒါန်းသည်ကို လည်း သိသူတဦးဖြစ်သည်။ မြို့မသူကြီး ဦးအောင်ဇံဦး (လိုပြ-၄) ၏ထွက်ဆိုချက် အရလည်း၊ အချင်းဖြစ်မြေသည် ကျောင်းသစ်ကျောင်းမြေဖြစ်သည်။ဤသက်သေသည် ကျောင်းနေစဉ်ကပင် လက်ဝါးကြီး (ခေါ်) ဆရာတော် ဦးသုန္ဒရ ကျောင်းထိုင်သည်ကို သိသည်။ ဒုတိယကျောင်းထိုင်ဆရာတော်၊ သက်တော် ၇၀၊ ဝါ ၁၇ ဝါရှိ ဦးဇာဂရိယ (လိုပြ-၆) သည်၊ ၁၂၆၃ ခုနှစ်တွင် ဆရာတော်ကြီး ဦးညာဏလက်အောက်တွင် သိတင်းသုံးခဲ့သည်။ ၎င်း၏အဖိုး ဦးမောင်သာဦးဆိုသူက ကျောင်းသစ်ကျောင်း ဆောက်ရန် အစိုးရထံမမြေကို တောင်းယူခြင်းဖြစ်သည်။ ထိုနောက် အယူခံ တရားခံ၏ အဖိုး ဦးချစ်အောင်အပါအဝင် ကျောင်းတကာကြီးများက အချင်းဖြစ်မြေကို သာ-

၁၉၆၉

မောင်ကျော်သူ
နှင့်
ထွန်းမြအောင်။

သာသနာ့မြေအဖြစ် ရေစက်ချ၍ ခံယူကြသည်ကို ပြောပြ၍ သိသူဖြစ်သည်။ အောက် အယူခံရုံးက ဤသက်သေထွက်ဆိုချက်များမှာ တဆင့်ကြား စကားမျှသာဖြစ်သည်ဟု ဆိုသည်။ တဆင့်ကြားစကား ဖြစ်စေကာမူ၊ ဤစကားများသည် သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ တရားဝင် သက်သေထွက်ဆိုချက်များအဖြစ် လက်ခံ သင့်ပေသည်။ သက်သေများသည် လုပ်သားပြည်သူ အများအပြားတို့၏ စိတ်ဝင်စား အကျိုးစပ်လျဉ်းဆက်ဆံခြင်းတို့နှင့်ပတ်သက်၍ အမှုမဖြစ်မီကပင်ထင်မြင်ကြားဘူးသည့် အကြောင်းများကို ထွက်ကြဆိုခြင်းသာဖြစ်၍ လက်ခံရပေမည်။ ဤအကြောင်းအရာ များမှာ အများနှင့်ပတ်သက်သော ရှေးဟောင်းအဖြစ်အပျက် အကြောင်းအရာများ ဖြစ်၍ တိုက်ရိုက်သက်သေထွက်ဆိုချက်များရယူရန် အလွန်ခဲယဉ်းသော်လည်း၊ ဤအမှု တွင် ဤသက်သေ ထွက်ဆိုချက်များအပြင်၊ တိုက်ရိုက်သက်သေထွက်ဆိုချက်များလည်း ယှိနေသည်ကို အောက်တွင်ဖေါ်ပြ ဝေဖန်လိမ့်မည်။အများနှင့် သက်ဆိုင်နေ၍၊ မည်သူ တဦးတယောက်ကမျှ မိမိ၏ကိုယ်ကျိုးအတွက် ထွက်ဆိုရန်အကြောင်းမယှိပေ။ ထို့ ကြောင့် အသက်အရွယ် အဆင့်အတန်းကြီး၍ ယုံကြည်လောက်သော ဤလူကြီး သူမြတ်သက်သေများ၏ ထွက်ဆိုချက်များကို လက်မခံနိုင်ပါက၊ အများနှင့်သက်ဆိုင် သော ရှေးဟောင်း ခေတ်အကြောင်းများကို ပြသရန် လွယ်ကူမည်မဟုတ်ပေ။ ဤထွက်ဆိုချက်များသည် သတင်းလွှင့် ကျော်ကြားသော တဆင့်ကြားစကားများ ဖြစ်လင့်ကစား၊ သက်သေခံ အက်ဥပဒေပုဒ်မ ၃၂ (၄) အရ၊ တရားဝင်သည်။ ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုး၊ ဇရပ်၊ သိမ် အစရှိသည့် ရတနာသုံးပါးနှင့် သက်ဆိုင်သောပစ္စည်း များမှာ၊ ဗုဒ္ဓဘာသာဝင် အများပြည်သူနှင့် သက်ဆိုင်သောပစ္စည်းများ ဖြစ်ပေသည်။

အထက်ဖေါ်ပြခဲ့သော သက်သေထွက်ဆိုချက်များအပြင်၊ ကွယ်လွန်သူ ကျောင်း တကာ ဦးထွေးအောင်၏သမီး အသက် ၈၁ နှစ်ယှိသူ၊ဒေါ်နှင်းဆီ (လိုပြ-၂) ၏ ထွက်ဆိုချက်သည် အလွန်အရေးကြီးသည်။ ၎င်း၏ဘခင်သည် နှစ်ပေါင်း ၅၀ ကျော်က သေဆုံးသွားသည်မှစ၍၊ ဘခင်၏ ခြေရာကိုခံ၍ ကျောင်းတကာမအဖြစ်၊ကျောင်းသစ် ကျောင်းကို ကိုးကွယ်နေသူအဖြစ် ကျောင်း၏ရာဇဝင်ကို စုံစုံလင်လင် ပြောပြနိုင်သူ ဖြစ်သည်။ မူရင်းမြေပုံကိုလည်း မြင်ဘူးသူ ဖြစ်သည်။ အချင်းဖြစ်မြေမှာ သာသနာ့မြေ အဖြစ် ကျောင်းသစ်ကျောင်းပိုင် ဖြစ်သည်ကို ကိုယ်တိုင်သိသူဖြစ်သည်။ ဤသက်သေကို ပြန်လှန်မေးမြန်းရာတွင် တစုံတခုမျှ ပျက်ပြယ်ခြင်း မပြုနိုင်ခဲ့ပေ။ အောက်အယူခံရုံး သည် သက်သေ၏ ထွက်ဆိုချက်များကို ဝေဖန်ရာတွင် ရောနှောရှုပ်ထွေးခြင်းယှိသည်ကို တွေ့မြင်ရသည်။ အချင်းဖြစ်မြေသည် သာသနာ့မြေဖြစ်၍၊ ၎င်း၏ ဘခင်သည် ကျောင်း တကာတဦး အပါအဝင်အနေဖြင့်၊ ဆရာတော်ကြီး ဦးညာဏကိုယ်တော်အား ကြီးမှူး၍ လှူဒါန်းခြင်းဖြစ်သည်။ နောက်မှသာ တခြားသီးသီးခြားခြား ကျောင်းထိုင်နေသော

လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရဆရာတော်သည် တတိယဆရာတော်အဖြစ်ကျောင်းထိုင်သည်။ သက်တော် ၇၆ နှစ်ယို ဦးစန္ဒောဘာသဆရာတော် (လိုပြ-၁၀) တပါးလည်း မိမိကိုယ်ဘိုင် သိယိုသည့်အကြောင်းကို ထွက်ဆိုရာ၌၊ အချင်းဖြစ်မြေကို သာသနာ့မြေအဖြစ် ကျောင်းတကာများက ရေစက်ချ၍ လှူဒါန်းသည်ကို အဘ်ဂန္တုအနေဖြင့် ဖိတ်ခေါ်ခြင်း ခံရ၍ သိသည်ဟု ဆိုသည်။ အောက်အယူခံရုံးက ဆရာတော်သည် ၄၆ နှစ်ခန့်က ရေစက်ချလှူဒါန်းသည့် အခမ်းအနားသို့ ရောက်ယှိရမည်ဟု တွက်ချက်ကြည့်ရာ၊ ကျောင်းတကာတဦးဖြစ်သူ သက်သေ၏ဘခင် ဦးထွေးအောင်သည် သင်္ဂြိုဟ်အုတ်ဂူ (သက်သေခံအမှတ် ၃၊ ၄၊ ၅)တွင် ကဗျည်းထိုးထားချက်အရ နှစ်ပေါင်း ၅၆ နှစ်ကပင် သေဆုံးသွားပြီဖြစ်၍ ဆရာတော်၏ ထွက်ဆိုချက်တို့ကို လက်မခံနိုင်သလို ရေးသားထားသည်မှာ မှားသည်။အဘယ်ကြောင့်ဆိုသော်၊ဤ(သက်သေခံအမှတ် ၃၊ ၄၊ ၅) သင်္ဂြိုဟ်ဂူ ကဗျည်းထိုးစာများကို ခေါ်ပုံရိုက်သူ ဦးမောင်စောအောင်ဆိုသူကို သက်သေအဖြစ် စစ်ဆေးခြင်းမယှိသည်ဖြစ်၍၊ ဤသက်သေခံချက်များကို မည်ကဲ့သို့အမှုတွင် လက်ခံခဲ့သည်ကို မတွေ့မမြင်ရသောကြောင့် ဖြစ်သည်။ ကဗျည်းများတွင် ထိုးထားသည့်အတိုင်း၊ ထိုနေ့၊ ရက်၊ နှစ်တွင် ဦးထွေးအောင် သေဆုံးသည်ကို သက်သေမပြနိုင်ခဲ့ပေ။ အထောက်အထားလည်းမယှိ၊ထို့ကြောင့် အောက်အယူခံရုံးကယူဆချက်တို့မှာ မှားသည်။ ထိုပြင် ဦးဘကြိုင် (လိုပြ-၇)က ဆရာတော်ကြီး ဦးဉာဏမပြန်လှန်မီ ၄ နှစ်လောက်က အယူခံတရားခံ အပါအဝင် အလှူရှင်တို့သည် ကျောင်းတိုင်အသစ် စိုက်ထူကြစဉ်က သာသနာ့မြေဖြစ်ကြောင်း ဆရာတော်ကြီးက ပြောခဲ့သည်ဟု ထွက်ဆိုသည်။ ပြန်လှန်မေးမြန်းသောအခါ အယူခံတရားခံသည်၊ ၎င်း၏ဥယျာဉ်မှ တိုင်တတိုင်ကိုဖြတ်ယူ၍ အမှတ်တရအဖြစ် ကျောင်းသစ်ဝင်ပေါက်တွင် တိုင်စိုက်ထူသားခဲ့သည်ဟု ဆိုသည်။

ခုဇဠ

မောင်ကျော်သူ
နှင့်
ထွန်းမြအောင်။

အယူခံ တရားခံဘက်မှ သက်သေငါးယောက် စစ်ဆေးသော်လည်း အချင်းဖြစ်မြေသည်၊ ၎င်း၏ ဖိုးဖွါးဒွေစဉ် မျိုးဆက်မြေဖြစ်ကြောင်း တစုံတခုမျှ အထောက်အထား မပြနိုင်ပေ။ သက်သေခံအမှတ် (၁၊ ၂)အရ တင်ပြသော မြေခွန်ပြေစာများမှာ ၁၉၁၅ ခုနှစ်မှ ၁၉၁၇ ခုနှစ်အတွက် ဖြစ်သည်။ ၎င်းတို့သည် အချင်းဖြစ်မြေအတွက် အခွန်ထမ်းဆောင်သည်ဟု မပေါ်ပေါက်ပေ။ မြေရေိယာတွင် နာမည်တို့လည်းမတူ၊ ထိုအပြင် တခုပြေစာက ဦးပိုင်အမှတ် ၁၀၅ အတွက်ဖြစ်ပြီး၊ နောက်တခုက ဦးပိုင်အမှတ် ၈၈ အတွက်ဖြစ်သည်။ အချင်းဖြစ် မြေနှင့် မည်သို့မျှ မသက်ဆိုင်ပေ။ ၁၉၅၅-၅၆ ခုနှစ်မှ ၁၉၆၆-၆၇ ခုနှစ်ထိ တင်သွင်းထားသော သက်သေခံအမှတ် ၆ မှ ၁၄ အထိ အခွန်ပြေစာများမှာလည်း၊ အယူခံ တရားခံ၏အစ်ကို ဦးစောလှအောင် (ခံပြ-၁) ၏ နာမည်ဖြင့်သာယှိသော ကျိန်းတောင်ရှင်အမှတ် ၁၃၂၃/၉ ကွင်းယှိ၊

စဉ်၆၉ — မောင်ကျော်သူ နှင့် လွှန်းမြအောင်။

ဦးပိုင်အမှတ် ဂ၊ ဂ (၁) နှင့် ၇ မြေများအတွက်သာ ဖြစ်သည်။ မြေများမှာလည်း ၅ ကေ၊ ၃ ကေ ၅၀ ဒသမ၊ ၄ ကေ ၈၀ ဒသမအသီးသီး ယှိကြသည်။ အချင်းဖြစ်မြေနှင့် မည်သို့မျှဆက်စပ်၍ မရပေ။

အယူခံတရားခံကလည်း ၎င်း၏အဖိုး ဦးချင်းအောင် တည်ထောင်ခဲ့သောကျောင်းတွင် ဦးဇာဂရိယနှင့် လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရဆရာတော်များ ကျောင်းထိုင်ခဲ့သည်ကို မငြင်းပေ။ ၎င်း၏အဆိုအရ၊ လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရဆရာတော်သည် မြန်မာပြည်ကို မဟာမိတ်တပ်သို့ ပြန်လည်သိမ်းယူသည့်အချိန်တွင် ပြန်လွန်တော်မူ၍၊ နောက် ကျောင်းထိုင်ဆရာတော် မယှိ၊ ၎င်း၏အဖိုးလည်း ဦးသုန္ဒရဆရာတော် ကျောင်းထိုင်၍ ၆ နှစ်ခန့်ကြာလျှင် သေဆုံးသွားသည်ဟု ၎င်း၏ဘခင်က ပြောပြ၍ သိသည်ဟု ဆိုသည်။ အယူခံ တရားခံသည် အသက် ၄၉ နှစ်သာယှိသည်ဖြစ်၍၊ ၎င်း၏အဖိုးလည်း ရေစက်ချ၍ လှူဒါန်းခဲ့သည် မခဲ့သည်အကြောင်းကို ကိုယ်တိုင်မသိပေ။ အယူခံတရားခံ၏ ဆိုလိုချင်းမှာ အချင်းဖြစ်မြေသည် ကျောင်းသစ်ကျောင်းမဟုတ်၊ သူ၏အဖိုးမြေသာ ဖြစ်သည်။ သို့သော် အချင်းဖြစ်မြေသည် သူ၏ အဖိုးမြေဖြစ်ကြောင်း အထောက်အထား လုံလောက်အောင် မပြနိုင်ပေ။ အချင်းဖြစ်မြေသည် သူနှင့်သာဆိုင်သည်ဟု ပြလိုသည်မှာ၊ မယ်သီလရှင် ဒေါ်နန္ဒီ (ခံပြ-၅) သည် ၁၉၄၇ ခုနှစ်တွင် ထိုမြေတွင် ဇရပ်တဆောင် ဆောက်လုပ်သောအခါ၊ ဆရာတော်ကြီး ဦးညာဏထံ အခွင့်တောင်းရာ၊ ဆရာတော်ကြီးက မပေးနိုင်ကြောင်း ပြောပြီး၊ ကျောင်းတကာများထံမှ အခွင့်တောင်းယူရန်ပြော၍ တောင်းရာ မပေးနိုင်ဟု ပြောသဖြင့်၊ အယူခံတရားခံထံသို့လာ၍ သူကသာ ဇရပ်ဆောက်ရန် ခွင့်ပြုလိုက်သည်ဟု ဆိုသည့်အချက်ကို ထောက်ခံသူများ မယှိပေ။ ၎င်း၏သက်သေ ဒေါ်နန္ဒီကိုယ်တိုင်ကလည်း အယူခံတရားခံထံမှ အခွင့်တောင်း ရသော်လည်း၊ သူပိုင် မပိုင်ကိုမသိဟု တိတိလင်းလင်း ထွက်ဆိုထားသည်။ ဦးအောင်သာလှ (လိုပြ-၃) နှင့် ယခုကျောင်းသစ်ကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဦးပညာဝံသ (လိုပြ-၅) တို့၏ ထွက်ဆိုချက်အရဆိုလျှင်၊ တခြားကျောင်းတကာများ ထံမှလည်း အခွင့်တောင်းယူရခြင်း ဖြစ်သည်။ ဆရာတော် ဦးပညာဝံသသည်၊ သက်တော် ၆၃ နှစ်ယှိပြီး၊ ၁၂ နှစ်အရွယ်ကပင် ကျောင်းသစ်ကျောင်းတွင် ဆရာတော်ကြီး ဦးညာဏထံ ပညာသင်ကြားခဲ့သည်။ ကျောင်းမှာ ပထမဝါးကျောင်းဖြစ်ပြီး၊ နောက်မှ ပျဉ်ကာကျောင်းကြီး ဖြစ်လာသည်။ ထိုအချိန်တွင် ဆရာတော်ကြီး ဦးညာဏ ထိုင်သောကျောင်းနှင့် လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရထိုင်သော ကျောင်းတို့သည် အချင်းဖြစ်မြေတွင် တဆက်တည်းဖြစ်သည်။ ဤအကြောင်းကို ဆရာတော်ကြီး ဦးညာဏက ပြောပြခဲ့သည်ဟု ယခုကျောင်းသစ်ကျောင်းထိုင် ဆရာတော်ဦးပညာဝံသ ကထွက်ဆိုထားသည်ကို လက်မခံနိုင်ရန်အကြောင်း မယှိပေ။ အယူခံ တရားခံ၏အဆိုကို

ဦးစောလှအောင် (ခံပြ-၁) သည်၊ လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရဆရာတော် ကျောင်းထိုင်စဉ်ကစ၍သာ သိသူဖြစ်သည်။ ၎င်း၏အဖိုး ဦးချင်းအောင်က ခွင့်ပြု၍ ကျောင်းထိုင်သည်ကို ဝန်ခံထားသည်။ သို့သော် ကျောင်းကို ရေစက်ချလှူဒါန်းခဲ့သူကို ကိုယ်တိုင်သိသူ မဟုတ်ပေ။ ဦးရွှေကျော်ဦး (ခံပြ-၂) သည်၊ လက်ဝါးကြီး (ခေါ်) ဦးသုန္ဒရဆရာတော် ကျောင်းထိုင်ပြီးနောက်အကြောင်းကို သိသူမဟုတ်ပေ။ မဟာမိတ်တပ်များ မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်ချိန်တွင်ကျောင်း၊ဇရပ်များ ပျက်စီးပြီး၊အယူခံတရားခံတို့၏ဆွေမျိုးများ လက်ယိုဟူ၍ စတင်စိုက်ပျိုးကြသည်ဟုသာ ထွက်ဆိုထားသည်။

နှစ်ဦးနှစ်ဘက် တင်ပြသော သက်သေထွက်ဆိုချက်များကို သေချာစွာ စစ်ဆေးလေ့လာကြည့်ရာ၊ အချင်းဖြစ်မြေကို သာသနာ့မြေအဖြစ် ရှေးယခင်ကပင် အသုံးပြုလာခဲ့ရာ၊ ဒုတိယကမ္ဘာစစ်ကြီးကြောင့်၊ ကျောင်းဇရပ် ရေကန်စသည်များသည် ပျက်စီးချိုယွင်းကြသဖြင့်၊ ပြုပြင်ပြန်လည်ထူထောင်ရန် မလွယ်ကူ၍ အယူခံတရားခံ၏အဖိုး ဦးချင်းအောင်သည် ကျောင်းတကာကြီး တဦးဖြစ်သည့်အလျောက်၊ ၎င်း၏နာမည်ကို အားကိုးလျက် ပြုလုပ်၍ ဝင်ရောက် လက်ယိုယူပြီး ဥယျာဉ်စိုက်ပျိုး ပြုလုပ်သည်မှာ ထင်ရှားသည်။ အယူခံတရားခံက ပစ္စည်းကို ရေစက်ချ၍ မလှူဒါန်းခဲ့ပါဟု ခြေပချက်မှာ မှန်စေဦး၊ ဗုဒ္ဓဘာသာ တရားဥပဒေအရ ပစ္စည်းတခုခုကို လှူဒါန်းရာ၌ ရေစက်ချ၍လှူဒါန်းရန် မလိုကြောင်း၊ မြန်မာပြည်တွင်လည်း စီရင်ထုံးများယှိသည်ကို အထူးပြောရန်မလိုပေ။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ စာချုပ်စာတမ်းရေးပြီး၊ မှတ်ပုံတင်၍ ပြောင်းလွှဲရမည်ကားမှန်၏။ သို့သော် ဤကဲ့သို့မယှိခဲ့၍ မတည်မြဲမခိုင်မာသောအနေသို့ ရောက်ယှိလာလျှင်လည်း၊ နှစ်ပေါင်းများစွာ ကျောင်းထိုင်ဆရာတော်များအဆင့်ဆင့်ပြန်လွှန်တော်မူကြ၍ ကျန်ရစ်သော သင်္ဃာများက ကျောင်းထိုင်ပုဂ္ဂိုလ်တဦး၊ တင်မြှောက်လျှင် သံဃိကပစ္စည်းဟု မှတ်ယူရမည်သာဖြစ်သည်။

> *U Zagara* v. *U Sandawbatha* (1) စီရင်ထုံး ခေါင်းစဉ် တွင်
> **"Where the gift of a *kyaungdike* is invalid for want of a registered deed it must be considered to be *Sanghika* property . . ."**

ဟုပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အထက်ပါ အကြောင်းပြချက်များအရ အောက်အယူခံရုံးက စီရင်ချက် ဒီကရီကို ပယ်ဖျက်၍၊ မူလရုံး၏ စီရင်ချက် ဒီကရီကို တလျှောက်လုံးလုံး စရိတ်နှင့်တကွ အတည်ပြု၍၊ အယူခံတရားလိုတို့၏ တောင်းဆိုချက်အရ စီရင်ချက် ဒီကရီချမှတ်ပေးလိုက်သည်။

တရားရုံးချုပ်ရှေ့နေခ ၆၈ ကျပ်သတ်မှတ်သည်။

---

(1) 1948 B.L.R. p. 366 (H.C.).

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အထွေထွေလျှောက်လွှာ

တရားသူကြီး ဒေါက်တာ မောင်မောင် နှင့် တရားသူကြီး ဦးထွန်းတင် တို့ရှေ့တွင်

† ၁၉၆၉

ဧပြီလ ၁ ရက်။

## မောင်ချစ်မောင် (ခေါ်) မောင်ချစ်တီး (လျှောက်ထားသူ)

နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

**ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အယူခံဝင်ခွင့်ရယူရန်လျှောက်ထားခြင်း— ထောင်းကစားအက်ဥပဒေပုဒ်မ ၆ အရ၊ ဒု-ကြီးကြပ်ရေးမှူးက ကြီးကြပ်ရေးမှူးကိုယ်စား ရှာဖွေဝါရမ်းထုတ်ပေးခြင်း—ခရိုင်ရဲကြီးကြပ်ရေးမှူးဆိုသည့်စကားအဓိပ္ပါယ်ဖွင့်ဆိုရာ၌ ဒု-ကြီးကြပ်ရေးမှူးလည်း ပါဝင်ခြင်း—ထုတ်ပေးသော ဝါရမ်းမှာ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။မှုလရုံးမှုအမှုတွဲကို လေ့လာသောအခါ၊ လောင်းကစား အက်ဥပဒေပုဒ် ၆ အရ၊ ထုတ်ပေးသည့် ရှာဖွေဝါရမ်းကို ဒု-ကြီးကြပ်ရေးမှူးက ကြီးကြပ်ရေးမှူး ကိုယ်စား လက်မှတ်ရေးထိုးထုတ်ပေးလိုက်ကြောင်း တွေ့ရှိရသည်။ ပုဒ်မ ၆ အရ၊ ဝါရမ်းထုတ်ဆင့်ရန် အာဏာရှိသူမှာ ခရိုင်ရဲကြီးကြပ်ရေးမှူးဟု ပြဆိုထားလေသည်။ သို့ရာတွင် ခရိုင်ရဲကြီးကြပ်ရေးမှူး ဆိုသည့်စကား အဓိပ္ပါယ်ကိုဖွင့်ဆိုရာ၌ လောင်းကစား အက်ဥပဒေပုဒ်မ ၃ (၅) ၌ ဒု-ကြီးကြပ်ရေးမှူး၊ သို့မဟုတ် ၎င်း၏ ဝတ္တရားများကို ရွက်ဆောင်နေသူလည်း ပါဝင်ကြောင်း၊ အတိအလင်း ပြဆိုထားသဖြင့် အမှုတွင် ရှာဖွေဝါရမ်းကို ဒု-ကြီးကြပ်ရေးမှူးက ပုဒ်မ ၆ လိုအပ်ချက်ဖြစ်သည့် ယုံကြည်လက်ခံသည့် မှတ်တမ်းကို ရေးသားပြီး ထုတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မည်သို့မျှ မှားယွင်းချွတ်ချော်ခြင်း ဖြစ်သည်ဟုမဆိုနိုင်။ သို့ဖြစ်ရကား ၎င်းဝါရမ်းအရ ရှာဖွေဖမ်းဆီးခဲ့ခြင်းကြောင့် ပုဒ်မ ၇ အရ ရုံးမှုထင်မြင်ယူဆချက်များကို ဥပဒေအရ လုပ်ပိုင်ခွင့်ရှိလေသည်။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်လွှာအမှတ် ၈။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၆ (ခ) တွင်ချမှတ်သော ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီး၏ အမိန့်ကို မကျေနပ်၍ အထူးအယူခံ ဝင်ခွင့်ပြုရန်လျှောက်လွှာ။

| | |
|---|---|
| လျှောက်ထားသူအတွက်။ ။ဦးလှဖေ (၂)။ | ၁၉၆၉ |
| လျှောက်ထားခံရသူအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေ ဒေါ်မြသန်းနု။ | မောင်ချစ်မောင် (ခ) မောင်ချစ်ထီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ။ |

တရားသူကြီး ဦးထွန်းတင်။ ။ယခုအမှုမှာ လျှောက်ထားသူ မောင်ချစ်မောင် (ခေါ်) ချစ်တီး ပါ ၈ ဦးတို့အား၊ ပြည်မြို့ ၂ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၃၇၂/၆၆ တွင် ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့ ည ၉ နာရီ ခွဲအချိန်၊ ဒု-လုံခြုံရေးမှူး ဦးကြည်က ရှာဖွေဝါရမ်းအရ မောင်ချစ်ထွေး ဆိုသူ၏ နေအိမ်သို့ တက်ရောက်ရှာဖွေရာ၌ ငွေ ၁၅၄ ကျပ် ၉၅ ပြားနှင့်အတူ ဖဲများကစား နေကြကြောင်း၊ ဖမ်းဆီးရမိသည့်အတိုင်း လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၁/၁၂ အရ တရားစွဲတင်ခဲ့ရာ၊ အိမ်ရှင် မောင်ချစ်ထွေးအား ပုဒ်မ ၁၂ အရနှင့် ကျန်တရားခံ များအား ပုဒ်မ ၁၁ အရ မှုပြစ်ကျူးလွန်၍ ထောင်ဒဏ် အလုပ်နှင့် တလစီ ကျခံစေရ မည်ဟု ပြစ်ဒဏ်စီရင်ခဲ့လေသည်။

ထိုအမိန့်ကို မကျေနပ်၍ လျှောက်ထားသူက ပြည်မြို့ စက်ရှင် တရားသူကြီးရုံး၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၂/၆၇ တွင် ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ရာ၊ စက်ရှင် တရားသူကြီးက အမှုတွင် လောင်းကစားမှု အက်ဥပဒေ ပုဒ်မ ၆ အရ ထုတ်ပေးခဲ့သည့် ရှာဖွေဝါရမ်းမှာ ခရိုင် ရဲကြီးကြပ်ရေးမှူးက ထုတ်ပေးရမည်ဖြစ်သော်လည်းဒု-ကြီးကြပ် ရေးမှူးက ခရိုင်ကြီးကြပ်ရေးမှူးကိုယ်စား လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သဖြင့် ဥပဒေအရ တရားဝင်သည့် ဝါရမ်းမဟုတ်သောကြောင့် ပုဒ်မ ၇ အရ ရုံးမှ ထင်မြင် ကောက်ယူချက်များ မပြုလုပ်နိုင်ပါ။ထို့ပြင် ဝါရမ်းထုတ်ပေးရန် လိုအပ်သည့် မှတ်တမ်း ကို ဒု-ကြီးကြပ်ရေးမှူးက မှတ်တမ်းတင်ထားကြောင်း မပေါ်လွင်သဖြင့် လျှောက်ထား သူအပေါ် မူလရုံးမှ မှုပြစ်တွေ့ယိုပြစ်ဒဏ်စီရင်ထားခြင်းတို့မှာ ဥပဒေအရ မှန်ကန်သည် မဆိုနိုင်၍ ပယ်ဖျက်သင့်ကြောင်း၊ ဤရုံးသို့ ထောက်ခံပေးပို့ခဲ့လေသည်။

အထက်ပါ ထောက်ခံချက်ကို ဤရုံးမှ ပြင်ဆင်မှုအမှတ် ၁၇၆ (ခ)/၆၇ တွင် သုံးသပ်ခဲ့ရာ ကြားနာသည့် တရားသူကြီး ဦးချစ်က အမှုတွင် ထုတ်ပေးခဲ့သည့် ရှာဖွေ ဝါရမ်းမှာလောင်းကစား အက်ဥပဒေ ပုဒ်မ ၆ နှင့် ညီညွတ်ခြင်းမယှိုဆိုသည်ကိုရှင်းလင်း နိုင်စေရန် ဝါရမ်း ထုတ်ပေးခဲ့သူ ဒု-ကြီးကြပ်ရေးမှူး ဦးပုအား ခေါ်ယူစစ်ဆေး ခဲ့လေသည်။ ဦးပု၏ အစစ်ခံချက်အရ မိမိက လိုအပ်သည့် မှတ်တမ်းများကို ရေးသား မှတ်တမ်း တင်ထားပြီးမှ ဝါရမ်းကိုထုတ်ပေးခဲ့ကြောင်း တွေ့ယိုခဲ့သည်။ ထို့အတွက် ပုဒ်မ ၆ အရ ရှာဖွေ ဝါရမ်းကို ခရိုင် ရဲကြီးကြပ်ရေးမှူးက ထုတ်ပေးရန်ဖြစ်သော်လည်း ဟာဝန် တွေ့ရား မျှားပြား၍ ၎င်းအရာယှိမှာ ခရီးထွက်နေသဲ ဖြစ်သောကြောင့် ဒု-ကြီးကြပ်ရေးမှူးက ၎င်း၏ကိုယ်စားဝါရမ်းထုတ် ပေးခဲ့ခြင်းမှာ ကာလဒေသနှင့်

၁၉၆၉
မောင်ချစ်မောင် (ခ) မောင်ချစ်ထီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လျော်ညီစွာ ဥပဒေ ပြဋ္ဌာန်းချက်များကို မထိခိုက်ပဲ အဓိပ္ပါယ် ပြန်ဆိုသင့်သည့်အတိုင်း ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်ဟု ယူဆဆုံးဖြတ်၍ ဝါရမ်းမှာ ဥပဒေနှင့် မကိုက်ညီဟု မဆိုနိုင်ဆိုပြီး၊ လက်ခံ၍၊ စက်ရှင်တရားသူကြီး၏ ထောက်ခံချက်ကို အတည်မပြုပဲ မူလရုံးမှ ပြစ်မှုဟွေ့ယှိ ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို အတည်ပြုခဲ့ပေသည်။

ထို့အတွက် လျှောက်ထားသူက ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရယှိရန် ယခု လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ လျှောက်ထားရာဝယ်၊ လျှောက်ထားသူက လောင်းကစား အက်ဥပဒေ ပုဒ်မ ၆ အရ ရှာဖွေဝါရမ်းကို ခရိုင်ရဲ ကြီးကြပ်ရေးမှူးကသာ ထုတ်ပေးနိုင်သည့် အခွင့်အာဏာ ရှိပါလျက် ဒု-ကြီးကြပ်ရေးမှူးက ခရိုင်ရဲ ကြီးကြပ်ရေးမှူးကိုယ်စား ထုတ်ပေးခဲ့သည့် ဝါရမ်းမှာ ဥပဒေ လိုအပ်ချက်နှင့် ဆန့်ကျင်ပြီး၊ အခွင့်အာဏာယှိသူကထုတ်ပေးခဲ့သည့် ဝါရမ်းမဟုတ်ကြောင်း ထင်ရှားနေသဖြင့် ပုဒ်မ ၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ဆင်ခြင်ကောက်ယူချက်များကို မပြုလုပ်နိုင်တော့သဖြင့် မူလရုံးနှင့် ပြင်ဆင်သည့် ရုံးများမှ ချမှတ်ခဲ့သည့် အမိန့်တို့မှာ ဥပဒေနှင့် ဆန့်ကျင်မှားယွင်းနေပါသည်။ အဆိုပါ မှားယွင်းချက်မှာ အများပြည်သူတို့နှင့် ပတ်သက်၍ အရေးကြီးသည့် ဥပဒေပြဿနာ တရပ်ဖြစ်သည့်အတွက် စဉ်းစားပေးရန် လိုအပ်သော ကြောင့် တောင်းဆိုသည့် အခွင့်ထူးကို ပေးသင့်ကြောင်း တင်ပြလေသည်။

အထက်ပါ တင်ပြချက်နှင့်ပတ်သက်၍ အစိုးရဘက်မှ လိုက်ပါ ဆောင်ရွက်သည့် အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက လျှောက်ထားသူအပါအဝင် အမှုလတရားခံများတို့ သည်၊အချင်းဖြစ်သည့်အခါက ရှာဖွေခြင်းခံရသည့်ဦးချစ်ထွေးအိမ်၌ အကောက်အစား ယူပြီး ဖဲကစားနေကြောင်း ပေါ်လွင်နေပြီး၊ လျှောက်ထားသူ အပါအဝင် တရားခံ နှစ်ဦးမှအပ၊ အခြားတရားခံများက မှုပြစ် ကျူးလွန်ကြောင်း ဝန်ခံခဲ့ကြလေသည်။ ထို့ပြင် အမှုတွင် ထုတ်ပေးခဲ့သည့် ရှာဖွေဝါရမ်းမှာ ခရိုင်ရဲ ကြီးကြပ်ရေးမှူး ကိုယ်စား ဒု-ကြီးကြပ်ရေးမှူးက လိုအပ်သည့် မှတ်တမ်းများကို ရယူပြီးနောက်မှ ထုတ်ပေးခဲ့ ကြောင်း ထင်ရှားနေသည့်ပြင်၊ ထိုသို့ ထုတ်ပေးစဉ်က ခရိုင်ရဲ ကြီးကြပ်ရေးမှူးမှာ နယ်ထွက်နေသဖြင့် အလားတူ ယခင်ကလည်းထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတိုင်း ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားသဖြင့် ဝါရမ်းမှာ ဥပဒေ လိုအပ်ချက်နှင့် ဆန့်ကျင်နေသည်ဟု ယူဆရန်မယှိပါ၊ ထို့အတွက် ပုဒ်မ ၇ အရ ရုံးမှ ထင်မြင်ယူဆချက် များကို ပြုလုပ်နိုင်သည့်အတိုင်း၊ လျှောက်ထားသူအပေါ် မှုပြစ်မှုဖြင့် ပြစ်ဒဏ် စီရင်ခြင်းကို အတည်ပြုခဲ့သည်မှာ မှန်ကန်သဖြင့် အထူးအယူခံဝင်ခွင့် မပေးသင့်ပါဟု ဆိုခဲ့လေသည်။

သက်ဆိုင်သည့် မူလရုံးမှ အမှုတွဲကိုလှေလာသောအခါ၊ လောင်းကစား အက်ဥပဒေ ပုဒ်မ ၆ အရ ထုတ်ပေးသည့်ရှာဖွေဝါရမ်းကို ဒု-ကြီးကြပ်ရေးမှူးဖြစ်သူ ဦးပုက ကြီးကြပ်ရေးမှူးကိုယ်စား လက်မှတ် ရေးထိုး ထုတ်ပေးလိုက်ကြောင်း တွေ့ယှိရသည်။ ထိုအတွက် ယခုအမှုတွင် သုံးသပ်ရန်မှာ ထိုသို့ ကြီးကြပ်ရေးမှူးကိုယ်စား ဒု-ကြီးကြပ်ရေးမှူးက ထုတ်ပေးခဲ့သည့် ဝါရမ်းမှာ ပုဒ်မ ၆ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ဖြစ်-မဖြစ်ဆိုသည် ဖြစ်ပေသည်။ ပုဒ်မ ၆ အရ ဝါရမ်းထုတ်ဆင့်ရန် အခွင့်အာဏာ ယှိသူမှာ ခရိုင်ရဲ ကြီးကြပ်ရေးမှူးဟု ပြဆိုထားလေသည်။ သို့ရာတွင် ခရိုင်ရဲ ကြီးကြပ်ရေးမှူးဆိုသည့် စကားအစိပ္ပါယ်ကို ဖွင့်ဆိုရာ၌ လောင်းကစား အက်ဥပဒေ ပုဒ်မ ၃(၅) ၌ အောက်ပါအတိုင်း ပြဆိုထားလေသည်။

> "'District Superintendent of Police' shall include any Assistant District Superintendent, Deputy Superintendent of Police or other person appointed by general or special order of the President of the Union to exercise the powers, and to perform the duties, of a District Superintendent of Police under this Act in any area."

ထို့ကြောင့် ပုဒ်မ ၆ တွင် ပြဆိုထားသည့် ခရိုင်ရဲ ကြီးကြပ်ရေးမှူးတွင် ဒု-ကြီးကြပ်ရေးမှူး၊ သို့မဟုတ် ၎င်း၏ဝတ္တရားများကို ရွက်ဆောင်နေသူလည်း ပါဝင်ကြောင်း အတိအလင်းပြဆိုထားသဖြင့်ယခုအမှုတွင် ရှာဖွေဝါရမ်းကိုဒု-ကြီးကြပ်ရေးမှူးက ပုဒ်မ ၆ လိုအပ်ချက်ဖြစ်သည့် ယုံကြည်လက်ခံသည့် မှတ်တမ်းကို ရေးသားပြီး ထုတ်ပေး ခဲ့ခြင်းမှာ ဥပဒေအရ မည်သို့မျှ မှားယွင်း ချွတ်ချော်ခြင်း ဖြစ်သည် ဟုမဆိုနိုင်ပေ။

သို့ဖြစ်ရကား၊ ၎င်းဝါရမ်းအရ ရှာဖွေဖမ်းဆီးခဲ့ခြင်းကြောင့် ပုဒ်မ ၇ အရ ရုံးမှထင်မြင်ယူဆချက်များကို ဥပဒေအရ လုပ်ပိုင်ခွင့်ယှိသဖြင့် မူလရုံးနှင့် ပြင်ဆင်သည့် ရုံးတို့မှ အမှုတွင် ထုတ်ဆင့်ခဲ့သည့် ရှာဖွေဝါရမ်းမှာ လောင်းကစား အက်ဥပဒေ ပုဒ်မ ၆ လိုအပ်ချက်များနှင့် ဆန့်ကျင်နေခြင်း မဟုတ်ဟု ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ လွဲမှားချွတ်ချော်နေခြင်း ဖြစ်နေသည်ဟု မဆိုနိုင်တော့ပေ။ ထို့အတွက် ယခု အမှုနှင့်ပတ်သက်၍ အများပြည်သူတို့နှင့်သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာကို ဆင်ခြင်သုံးသပ်ရန် လိုအပ်ကြောင်း မည်သို့မျှ မပေါ်လွင်တော့သဖြင့် လျှောက်လွှာကို လက်ခံခွင့်ပြုနိုင်ရန် မယှိသဖြင့် စရိတ်မရှိ ပလပ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉
ဧပြီလ၁၀ရက်။

ဦးညို ပါ ၃ (ပြင်ဆင်ရန်လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ခင်ဥ) (ပြင်ဆင်ရန်လျှောက်ထားခံရသူ) *

**ရာဇသတ်ကြီးပုဒ်မ ၄၀၄ အရ၊ ဖြစ်မှုမြောက်အင်္ဂါရပ်။**

**ဆုံးဖြတ်ချက်။** ။ရာဇသတ်ကြီးပုဒ်မ ၄၀၄ အရ၊ ဖြစ်မှုမှာ ကွယ်လွန်သူတဦး၏ ပစ္စည်းကို ထိုကွယ်လွန်သူနှင့် လုံးဝသက်ဆိုင်ခြင်းမဟုတ်သည့် တစိမ်းတရံစာလူ တဦးဦးကသော်၎င်း၊ ကွယ်လွန်သူ၏စာရေး၊ သို့မဟုတ် အစေခံတဦးဦးကသော်၎င်း ကွယ်လွန်သူ၏ ပစ္စည်းများကို မရိုးမဖြောင့် သေသသဘောဖြင့် အလွဲသုံးစားပြုသည့်အခါ အပြစ်ပေးရန် ပြဋ္ဌာန်းထားသည့် ပုဒ်မတရပ်ဖြစ်ပေသည်။ ကွယ်လွန်သူ၏ သွေးမျိုးများအနေဖြင့် အမွေဆိုင်ဖြစ်ကြသည်ဟုဆိုကာ အမွေထိန်းပစ္စည်းများကို ထိန်းသိမ်းထားသည့်ကိစ္စတွင် အသုံးပြုရန်မဟုတ်ချေ။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။ဦးစိန်ဗွေး။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဦးကိုကိုကြီး (၃)။

**တရားသူကြီး ဦးသက်ဖေ။** ။လျှောက်ထားသူများ ဖြစ်ကြသည့် ဦးညိုကိုထွန်းကြည် နှင့် မအေးကြည်တို့ အပေါ်တွင်၊ ရေနေပြည်မြို့ ပဌမရာဘက် ရာဇဝတ်တရားသူကြီးရုံး၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁ ၌ ရာဇဝတ်ပုဒ်မ ၄၀၄ အရ စွဲချက်တင်ခဲ့ရာ၊ ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန် လျှောက်ထားသည့်ကိစ္စဖြစ်သည်။

ဧနေပြည်မြို့၊ ၁၃ ရပ်ကွက်၊ စမ်းချောင်းလမ်းနေ၊ ဒေါ်ညိမ်းအေး ဆိုသူသည် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သေဆုံးသွားလေသည်။ ဒေါ်ညိမ်းအေးသည် မုဆိုးမဖြစ်ပြီး သားသမီးအရင်းမရှိပေ။ ညီမများ ဖြစ်ကြသည့် ဒေါ်ခင်ဥ၊

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၁၇ (ခ)။

† ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် (၁) တွင် ချမှတ်သော ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့စွဲပါ၊ ရေနေပြည်မြို့ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကိုပြန်၍ပြင်ဆင်ခြင်းမှု။

၁၉၆၉

ဦးညိုပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်ခင်ဥ)။

ဒေါ်နုနုတို့အပြင်၊ မောင်ဖြစ်သူ ဦးခင်ညွှန့်တို့မှာ ရန်ကုန်မြို့၌ နေထိုင်လျက်ယှိကြသည်။ ဒေါ်ညိမ်းအေး သေဆုံးသည့် အချိန်၌ ဒေါ်ညိမ်းအေး၏ အိမ်ပေါ်တွင်၊ လျှောက်ထားသူသုံးဦးတို့ နေထိုင်လျက်ယှိကြပြီး၊ ဒေါ်ညိမ်းအေး၏ အသုဘကိစ္စကို လျှောက်ထားသူ မအေးကြည်ကပင် ဆောင်ရွက်ခဲ့သည် ဆိုခြင်းမှာ အငြင်းမပွားပေ။

ဒေါ်ညိမ်းအေး၏ ညီမတဦးဖြစ်သူ ဒေါ်ခင်ဥသည်၊ အစ်မဖြစ်သူ မသေဆုံးခင် ရက်ပိုင်းလောက်ကမှ ဓနုဖြူမြို့သို့ ရောက်ယှိခဲ့သည်။ အသုဘကိစ္စပြီးသည့်နောက်၊ ဒေါ်ခင်ဥက ဒေါ်ညိမ်းအေး၏ အမွေပစ္စည်းများကို အပ်ပေးရန်တောင်းဆိုရာ၊ မအေးကြည်က ၎င်းသည် ဒေါ်ညိမ်းအေး၏ ကိတ္တိမသမီး ဖြစ်သည်ဟုဆိုကာ ငြင်းဆန်နေသဖြင့်၊ ဒေါ်ခင်ဥက ဓနုဖြူမြို့၊ ပဉ္စမရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင်၊ မအေးကြည်၊ ၎င်း၏ ခင်ပွန်း ကိုထွန်းကြည်နှင့် ဦးညိုတို့သုံးဦးအပေါ် သေသူ၏ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုခဲ့ကြသည်ဟုဆိုပြီး ရာဇသတ်ပုဒ်မ ၄၀၄ အရ၊ အရေးယူရန် ဦးတိုက်လျှောက်ထားခဲ့လေသည်။

ပဉ္စမရာဇဝတ်တရားသူကြီးသည် တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက်၊ လျှောက်ထားသူတို့ အနေဖြင့် ရာဇသတ်ပုဒ်မ ၄၀၄ အရ ပြစ်မှု ကျူးလွန်ခဲ့သည်ဆိုသော အထောက်အထားယှိသည်ဟုဆိုကာ စွဲချက် တင်ခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူတို့၏ တရားရုံးချုပ် ရှေ့နေဦးစိန်မှုးက၊ မအေးကြည်အား ဒေါ်ညိမ်းအေးသည် ၂ နှစ်သမီးအရွယ်မှစ၍ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်ဆိုသော အချက်နှင့်ပတ်သက်၍၊ မှုလရုံးအမှုတွဲယှိသက်သေခံ စာရွက်စာတမ်းများအရ ထင်ရှားလျက်ယှိကြောင်း၊ ရာဇသတ်ပုဒ်မ ၄၀၄ အရ ပြစ်မှုမှာ၊ သေသူနှင့် လုံးဝအဆက်အသွယ်မယှိသည့် တစိမ်းတရံစာလူများကို သော်၎င်း၊ သေသူ၏စာရေး၊ သို့မဟုတ် အစေခံကို သော်၎င်း၊ သေသူ၏ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးစား ပြုလုပ်သည့်အခါ အပြစ်ပေးရန်ပြဋ္ဌာန်းထားသည့် ပြစ်မှုတခုသာဖြစ်ပြီး၊ ယခုကဲ့သို့ မွေးစားသမီးက မွေးစားမိခင်၏ ပစ္စည်းကို ထိန်းသိမ်းထားသည့် ကိစ္စမျိုးနှင့် မပတ်သက်၍၊ လျှောက်ထားသူတို့အပေါ် တင်ထားသည့် စွဲချက်ကိုပယ်ဖျက်သင့်ကြောင်း တင်ပြသွားသည်။

ဒေါ်ခင်ဥ၏ တရားရုံးချုပ်ရှေ့နေ ဦးကိုကိုကြီးကမူ၊ ဒေါ်ခင်ဥသည် မအေးကြည်အား ကွယ်လွန်သူ ဒေါ်ညိမ်းအေး၏ ကိတ္တိမသမီး ဖြစ်သည်ဆိုခြင်းကို ငြင်းဆန်ကြောင်း၊ မအေးကြည်သည် ဒေါ်ညိမ်းအေး၏ ကိတ္တိမသမီး ဖြစ်သည်ဆိုသော တင်ပြချက်ကို၊ မအေးကြည်အနေဖြင့် သက်သေထူရန် လိုသောကြောင့်၊ ယခု အခြေအနေ၌ တင်ထားသည့် စွဲချက်ကို ပယ်ဖျက်ရန် အကြောင်းမပေါ်ပေါက်သေးကြောင်း ပြန်လည်တင်ပြသွားသည်။

၁၉၆၉
ဦးညိုပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
(ဒေါ်ခင်ဥ)။

နိုင်ငံတော် အစိုးရအတွက် လိုက်ပါ ဆောင်ရွက်သည့် အစိုးရဟာရှေ့နေ ဦးမြရှိန်က၊ ယခုအမှုမှာ ကွယ်လွန်သူ၏ အမွေပစ္စည်းများကို သူရထိုက်သည်- ငါရထိုက်သည်ဟု ငြင်းခုံနေသည့် အမှုကိစ္စဖြစ်သည့်အားလျော်စွာ ရာဇဝတ်ကြောင်းဖြင့် အရေးမယူပဲ၊ တရားမကြောင်းဖြင့်သာ အရေးယူသင့်သည့် အလျောက်မူလရုံး၏ စွဲချက်ကို ပယ်ဖျက်သင့်ကြောင်း ဝေဖန်သွားလေသည်။

မူလရုံးတွင် တရားလိုဘက်မှ တင်ပြသည့် သက်သေထွက်ချက်များကို ကျွန်ုပ်တို့အနေဖြင့် အသေးစိတ်လေ့လာကြည့်ရှုရာ၊ ဒေါ်ခင်ဥကိုယ်တိုင်က မအေးကြည်ကို ဒေါ်ညိမ်းအေးက မွေးစားထားသည် ဆိုခြင်းကို ငြင်းဆိုခြင်း မယှိပဲ၊ အခိုင်းအစေသဘောဖြင့်သာ မွေးစားထားသည်ဟုစွပ်စွဲထားသည်၊ ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းက အောက်ပါအတိုင်းထွက်ဆိုထားခဲ့သည်။

"မအေးကြည်ကို အခိုင်းအစေခံသဘောနှင့် မွေးသည်ဟု ကျွန်မသိပါသည်။"

ထို့ပြင်၊ တရားလိုပြ သက်သေတဦးဖြစ်သူ ဦးမောင်ဇင် (လိုပြ-၉)က၊ မအေးကြည်ကို ဒေါ်ညိမ်းအေး အိမ်တွင် နှစ်ပေါင်းများစွာကစ၍ တွေ့ဘူးကြောင်း၊ ဒေါ်ညိမ်းအေး၏ ယောကျ်ား ကိုဟန်ဖေ မဆုံးမီကပင် တွေ့ဘူးကြောင်း ထွက်ဆိုထားရာ၊ မအေးကြည်သည် ကွယ်လွန်သူ ဒေါ်ညိမ်းအေး၏ ကိုယ်တိုင် မွေးစားသမီးဟုတ်- မဟုတ်ဆိုသော ပြဿနာမှာ၊ ယခုအခြေ၌ ယတိပြတ် ဆုံးဖြတ်ခြင်းမပြုနိုင်သော်လည်း၊ မအေးကြည်သည် ဒေါ်ညိမ်းအေးနှင့်အတူ ငယ်စဉ်ကပင် နေထိုင်ခဲ့သည်ဆိုခြင်းမှာ၊ မငြင်းနိုင်သည့်ကိစ္စတရပ် ဖြစ်နေပေသည်။ ထို့ပြင် မအေးကြည်က တင်ပြထားသည့်၊ ကြံ့နိုင်ရေးအသင်းဝင်လက်မှတ်များ၊ နိုင်ငံသား လက်မှတ်၊ ဆွမ်းသွတ်တရားနာ ဘိတ်ကြားစာ၊ အိမ်ထောင်စုစာရင်း စသည်တို့ကို ပေါင်းစပ်၍ ကြည့်ရှုလျှင်၊ မအေးကြည်သည် ကွယ်လွန်သူ ဒေါ်ညိမ်းအေးနှင့် လုံးဝသက်ဆိုင်ခြင်း မယှိသည့် တစိမ်းတရံစာ လူတဦးဖြစ်သည်ဟု ဆိုရန်ခဲယဉ်းပေသည်။ ထို့မျှမက၊ မအေးကြည်သည် ဒေါ်ညိမ်းအေး၏ အသုဘကိစ္စများကိုလည်း ဆောင်ရွက်ခဲ့ကြောင်းကို၊ ဒေါ်ခင်ဥ ကိုယ်တိုင်ပင်လျှင် ဝန်ခံထားပေသည်။ အထက်ပါ အချက်အလက်များကို ထောက်ရှုလျှင်၊ မအေးကြည်သည် ကွယ်လွန်သူ ဒေါ်ညိမ်းအေး၏ အမွေပစ္စည်းများကို ထိန်းသိမ်းထားသည့်ကိစ္စတွင်၊ တစိမ်းတရံစာလူအနေဖြင့် ထိန်းသိမ်းထားခြင်း မဟုတ်ကြောင်းမှာ ပေါ်လွင်ပေသည်။

ရာဇသတ်ပုဒ်မ ၄၀၄ အရ ပြစ်မှုမှာ၊ ကွယ်လွန်သူတဦး၏ ပစ္စည်းကို ထိုကွယ်လွန်သူနှင့် လုံးဝသက်ဆိုင်ခြင်းမယှိသည့် တစိမ်းတရံစာ လူတဦးဦးကသော်၎င်း၊ ကွယ်လွန်သူ၏ စာရေး၊ သို့မဟုတ် အစေခံ တဦးဦးကသော်၎င်း၊ ကွယ်လွန်သူ၏ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစား ပြုသည့်အခါ၊ အပြစ်ပေးရန် ပြဋ္ဌာန်းထားသည့်

၁၉၆၉

ဦးညိုပါ ၃

နှင့်

ပြည်ထောင်စု

မြန်မာနိုင်ငံ

(ဒေါ်ခင်ဥ)

ပုဒ်မတရပ် ဖြစ်ပေသည်။ ကွယ်လွန်သူ၏ ဆွေမျိုးများအနေဖြင့် အမွေဆိုင်ဖြစ်ကြသည်ဟုဆိုကာ အမွေထိန်း ပစ္စည်းများကို ထိန်းသိမ်းထားသည့် ကိစ္စတွင် အသုံးပြုရန် မဟုတ်ချေ။ ယခုအမှုတွင်၊ ဒေါ်ညိမ်းအေး သေဆုံးသည့်အခါ ညီမဖြစ်သူ ဒေါ်ခင်ဥသည်၊ အမွေပစ္စည်းများကို လက်ယိုဖြစ်နေသည့် မအေးကြည်ထံမှ ပြန်၍တောင်းသည်၊ မအေးကြည်က ၎င်းသည် ဒေါ်ညိမ်းအေး၏ ကိတ္တိမသမီး ဖြစ်သည်ဟုဆိုကာ အမွေပစ္စည်းများကို ပြန်မပေးသောကြောင့်၊ ဒေါ်ခင်ဥသည် မူလရုံး၌ မအေးကြည်နှင့် အပေါင်းပါတို့အား၊ ရာဇဝတ်မှုဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။ အမှန်မှာ၊ ဒေါ်ခင်ဥ အနေဖြင့် အစ်မဖြစ်သူ ဒေါ်ညိမ်းအေး၏ အမွေပစ္စည်းများကို လက်ရောက်ရလိုကြောင်း တရားမကြောင်းဖြင့် စွဲဆိုသင့်ပေသည်။ ယခုကဲ့သို့ ဖြတ်လမ်းကို လိုက်သည့် အနေဖြင့်၊ ရာဇဝတ်မှု စွဲဆိုခြင်းမပြုသင့်ပေ။ တရားရုံးများကလည်း၊ ထိုသို့ တရားမမှု စွဲဆိုသင့်သည်ကို မစွဲဆိုပဲ၊ ဖြတ်လမ်းလိုက်သည့် အနေဖြင့် ရာဇဝတ်မှု စွဲဆိုခြင်းမျိုးကို အားမပေးသင့်ပေ။

အထက်ပါ အကြောင်းများကြောင့်၊ ဦးညို၊ ကိုထွန်းကြည် နှင့် မအေးကြည်တို့ အပေါ် ရာဇသတ်ပုဒ်မ ၄၀၄ အရစွဲဆိုချက်တင်ထားသည့် မူလရုံး၏ အမိန့်သည်၊ တရားရုံး၏ ယန္တရားကို အလွဲသုံးစား ပြုလုပ်ရာ ကျရောက်နေသဖြင့် ပယ်ဖျက်ရမည် ဖြစ်ပေသည်။ သို့ဖြစ်လေရာ၊ ၎င်းတို့ သုံးဦးအပေါ် ရာဇသတ်ပုဒ်မ ၄၀၄ အရစွဲချက် တင်ထားသည့်၊ နေပြည်မြို့၊ ပဌမရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၎င်းတို့အား ဤအမှုနှင့် ပတ်သက်၍ တရားသေ လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၆၉

ဧပြီလ ၁ ရက်။

ဦးဝိမလ (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဦးပညာဝံသ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ ခရိုင်ရာဇဝတ်တရားသူကြီး ချမှတ်ပေးသည့် အမိန့်—ပြင်ဆင်ရန် လျှောက်ထားခြင်း—တရားရုံးချုပ်သို့ လျှောက်လွှာကို တိုက်ရိုက်တင်ဆက်ရန်လို မလို— ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ အရ၊ စက်ရှင်တရားသူကြီးက ခရိုင်ရာဇဝတ် တရားသူကြီး ကိုယ်တိုင် စုံစမ်းစစ်ဆေး ဆုံးဖြတ်သောအမှုကို ခေါ်ယူဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်ရှိ မရှိ။**

ဆုံးဖြတ်ချက်။ ။ခရိုင်ရာဇဝတ် တရားသူကြီးမှအပ အခြားအရည်အချင်း အာဏာနှင့် ပြည့်စုံသော လက်အောက်ခံ ရာဇဝတ်တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ၊ ချမှတ်သော အမိန့်ကို မကျေနပ်က ပြင်ဆင်မှုကို လျှောက်သောအမှုများမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ (၁) အရ၊ တရားရုံးချုပ်၊ စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ် တရားသူကြီးတို့မှာ အတူ အညီတန်းတူ စီရင်ပိုင်ခွင့်ရှိ၍ ဤတရားရုံးချုပ် လက်စွဲအပိုဒ် ၃၃၀ တွင် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးက သက်သာခွင့်ပေးနိုင်လျှင် ဤရုံးကပြင်ဆင်မှုကို အထူးသီးခြား အရေးကြီးသော အကြောင်းမရှိပဲ လက်မခံနိုင်ဟု ပြဋ္ဌာန်းထားသည်။ ခရိုင်ရာဇဝတ် တရားသူကြီး ကိုယ်တိုင်စုံစမ်းစစ်ဆေးသော အမှုမှ ပေါ်ပေါက်လာသော ပြင်ဆင်ပေးရန် လျှောက်လွှာကို တရားရုံးချုပ်သို့တိုက်ရိုက်တင်ဆက်ရပေမည်။

*U Ohn Myint* v. *The Union of Burma*, 1963 B.L.R. 246 (C.C. ရည်ညွှန်းသည်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ အရ၊ စက်ရှင်တရားသူကြီးသည် ၎င်း၏ လက်အောက်ယိ ရာဇဝတ်ရုံးများမှ အမှုများထဲမှ စစ်ဆေးခြင်း၊ ထင်မြင်ယူဆခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ အမိန့်ပေး ခြင်းတို့သည် ဥပဒေအရ သင့်တော် မသင့်တော်၊ မှန်မမှန် စသည်တို့ကို စစ်ဆေးကြည့်ရှုရန် အမှုတွဲများကို ခေါ်ယူနိုင်သော်လည်း ထိုပုဒ်မ၏ ရှင်းလင်းချက်အရ ခရိုင်ရာဇဝတ် တရားသူကြီး ကိုယ်တိုင်စုံစမ်းစစ်ဆေးဆုံးဖြတ်သော အမှုများကို ခေါ်ယူဆုံးဖြတ်ရန် စီရင်ပိုင်ခွင့် မရှိပေ။

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၇ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့မှုအမှတ် ၂၆ တွင်ချမှတ်သော ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ မော်လမြိုင်မြို့၊ ခရိုင်ရာဇဝတ် တရားသူကြီး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၆၉

ဦးဝိမလ နှင့် ဦးပညာဝံသ။

စိရင်ပိုင်ခွင့်မယှိသည်ဖြစ်၍ စက်ရှင်တရားသူကြီးသည်၊ ခရိုင်ရာဇဝတ် တရားသူကြီး၏ အမှုကို စစ်ဆေးပြီး ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၈ (၁) အရ၊ ဤတရားရုံးချုပ်သို့ ထောက်ခံချက်ပြု၍ အမိန့်ချမှတ်ရန် အစီရင်မခံနိုင်ပေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အစိုးရတရားရုံးချုပ် ရှေ့နေ ဦးမြရှိန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။

တရားသူကြီး ဦးကျော်ဇံဦး။ ။ဤအမှုနှင့် ပတ်သက်၍ မော်လမြိုင်မြို့၊ စက်ရှင် တရားသူကြီးက ရေးသားထားသော အကြောင်းအရာ အတိုချုပ်မှာ မော်လမြိုင်မြို့ ဘီလူးမဝတ်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူ၍ ကျောင်းထိုင် နေရာကိစ္စအတွက် ၎င်းကျောင်းတွင် သီတင်းသုံးလျက် ရှိနေသော သံဃာတော် ကိုးပါးအနက်၊ လျှောက်ထားသူနှင့် ၆ ပါးကတဖက်၊ အလျှောက်ခံရသူနှင့် တခြား တပါးကတဖက်၊ မသင့်မတင့် ပဋိပက္ခဖြစ်၍ ခရိုင်ဝန်က သာသနာရေးအရာယှိနှင့် အတူ ကျောင်းသို့ သွားပြီး အကြိမ်ကြိမ် သင့်တင့်ညီညွတ်စွာ သီတင်းသုံးတော် မူကြရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည်သာမက တဖက်နှင့်တဖက် ရိုက် နှက်ကြရာ ပစ္စည်းများ ကျောင်းအောက်သို့ ပစ်ချခြင်း၊ ကျောင်းတံခါးကို ပိတ်ထား ခြင်း စသော လက်ရောက် ကျူးလွန်မှုများကို ပြုလုပ်လာကြသဖြင့် ခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ အဖွဲ့ဝင်များနှင့် သာသနာရေး အရာယှိတို့က အဓိကရုဏ်း မဖြစ်ကြရန် လျှောက်ထား တောင်းပန်ကြသော်လည်း မရသောအခါ ရဲမှ ၁၉၆၇ ခု၊ ဇူလိုင်လ ၈ ရက်နေ့စွဲဖြင့် တင်ပြအစီရင်ခံစာအရ၊ ခရိုင်ရာဇဝတ် တရားသူကြီးက နောင်ကို ဆက်လက်၍ မဖြစ်ပွါးစေရန် ရည်ရွယ်ပြီး ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ အမှုဖွင့်ကာ ကျောင်းကို ယာယီချိပ်ပိတ်ထား၍ မန္တလေးကျောင်း ဂိုဏ်းဝင် သံဃာတော်များသည် ၁၉၆၇ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အစည်းအဝေး ပြုလုပ် ကြပြီး အချင်းဖြစ်ကျောင်းတွင် သီတင်းသုံးနေတော်မူသော အလျှောက်ခံရသူ ဦးပညာဝံသသည် အရည်အချင်းပြည့်သော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆုံးဖြတ်ကြပြီး၊ ကျောင်းထိုင် ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ကြသည်ကို ခရိုင် ရာဇဝတ် တရားသူကြီးက လက်ခံ၍ ကျောင်းကို လက်ရောက် ပေးအပ်ကြောင်း အမှုတွင်အမိန့်ချမှတ်ပေးသဖြင့် မကျေနပ်၍ စက်ရှင်တရားသူကြီးကရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၃၅ အရ၊ ခရိုင် ရာဇဝတ် တရားသူကြီး၏ အမိန့်ကို ပယ်ဖျက်ပေးရန်နှင့် ခရိုင်ရာဇဝတ် တရားသူကြီးပင်ဖြစ်စေ၊ သို့မဟုတ် အခြား ရာဇဝတ် တရားသူကြီး တဦးဦးကဖြစ်စေ၊ အမှုကို အသစ်ပြန်လည်၍ တရားဥပဒေအရ နှစ်ဖက်မှ တင်ပြသော သက်သေများကို စစ်ဆေးပြီး သင့်တော်သလို အမိန့်ချမှတ်ပေးရန် ထောက်ခံချက်

၁၉၆၉

ဦးဝိမလ နှင့် ဦးပညာဝံသ။

ပြုလုပ်၍ ဤရုံးသို့ တင်ဆက်ရာတွင် အောက်ဖော်ပြပါ အချက်နှစ်ချက်ကို တင်ပြထားသည်။

(၁) ဤကဲ့သို့ ခရိုင်ရာဇဝတ် တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ ပေးသောအမိန့်ကိုမကျေနပ်၍ စက်ရှင်တရားသူကြီးရုံးသို့ ပြင်ဆင်ပေးရန် လျှောက်ထားရာ ထိုရုံးက ဆုံးဖြတ်ချက် ပေးနိုင် မပေးနိုင်။

(၂) ဤကဲ့သို့ ပြင်ဆင်ပေးရန် လျှောက်လွှာများကို စက်ရှင် တရားသူကြီးရုံးမှတဆင့်၊ သို့မဟုတ် ဤတရားရုံးချုပ်သို့ တိုက်ရိုက်တင်ဆက်နိုင်သလား။

ဒုတိယအချက်ကို ပထမဖြေဆိုအံ့။ ဤအချက်နှင့် ပတ်သက်၍၊ ပြင်ဆင်လွှာကို ဤရုံးသို့ တိုက်ရိုက်တင်ဆက်ရပေမည်။ ခရိုင် ရာဇဝတ်တရားသူကြီးမှအပ တခြားအရည်အချင်း အာဏာနှင့် ပြည့်စုံသော လက်အောက်ခံ ရာဇဝတ်တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၅ အရ၊ ချမှတ်သောအမိန့်ကို မကျေနပ်က ပြင်ဆင်မှုကို လျှောက်သော အမှုများမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၅ (၁) အရ၊ တရားရုံးချုပ်၊ စက်ရှင် တရားသူကြီးနှင့် ခရိုင် ရာဇဝတ် တရားသူကြီးတို့မှာ အတူအညီ တန်းတူစီရင်ပိုင်ခွင့်ယှိ၍ ဤတရားရုံးချုပ်လက်စွဲ အပိုဒ် ၃၃၀ တွင် ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် စက်ရှင်တရားသူကြီးက သက်သာခွင့် ပေးနိုင်လျှင် ဤရုံးက ပြင်ဆင်မှုကို အထူးသီးခြား အရေးကြီးသောအကြောင်းမယှိပဲ လက်မခံနိုင်ဟု ပြဋ္ဌာန်းထားသည့် အပြင် ယခင် တရားလွှတ်တော်၏ ၁၉၅၅ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၁၅(ခ)၊ **ဦးချစ်မောင် ပါ ၁၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** အမှုတွင် တရားဝန်ကြီး (နောင်တရားသူကြီးချုပ်) ဦးဘိုကြီးက ဤသို့ ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့မြင်ရပေလိမ့်မည်။

"The object of requiring an application for revision to be presented to the District Magistrate or Sessions Judge in the first instance is to prevent the High Court from being inundated with frivolous applications in revision and to enable the High Court in dealing with revisional matters to have before it an expression of opinion by a Court of superior jurisdiction such as that of the Sessions Judge or District Magistrate."

ဤရုံး၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၈၂ (ခ)၊ ဦးဝိလာသနှင့် ဦးပညာလောက ပါ ၂ အမှုတွင် ကျွန်ုပ်တို့သည် ဤအမှုကိုပင် လက်ခံခဲ့ကြသည်။ ဤတရားရုံးချုပ်နှင့် စက်ရှင် တရားသူကြီးရုံးတို့မှာ အတူအညီ တန်းတူစီရင်ပိုင်ခွင့်

ယှိလျှင်၊ ဥပမာ၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၁ အရ အာမခံပေးရေးမှာ ပထမဦးစွာ စက်ရှင် တရားသူကြီးရုံးတွင်သာ လျှောက်လွှာ တင်သွင်းရမည်ဟု U Ohn Myint v. The Union of Burma (1) တွင် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်ရပေလိမ့်မည်။ ယခု အမှုမှာကား ခရိုင် ရာဇဝတ် တရားသူကြီးကိုယ်တိုင် စုံစမ်းစစ်ဆေးသောအမှုမှ ပေါ်ပေါက်လာသော ပြင်ဆင်မှုဖြစ်၍ ဤတရားရုံးချုပ်သို့ လျှောက်လွှာကို တိုက်ရိုက် တင်ဆက်ရပေမည်။

ပထမအချက်နှင့် ပတ်သက်၍ အဖြေမှာ ဆုံးဖြတ်ချက် မပေးနိုင်ဟု ပြောရပေမည်။အဘယ်ကြောင့်ဆိုသော် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၃၅ အရ၊ စက်ရှင်တရားသူကြီးသည် ၎င်း၏လက်အောက်ယှိ ရာဇဝတ်ရုံးများမှ အမှုများတွင် စစ်ဆေးခြင်း၊ ထင်မြင်ယူဆခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ အမိန့်ပေးခြင်းတို့သည် ဥပဒေအရသင့်တော် မသင့်တော် မှန် မမှန်စသည်တို့ကို စစ်ဆေးကြည့်ရှုရန် အမှုတွဲများကို ခေါ်ယူနိုင်သော်လည်း၊ ထိုပုဒ်မ၏ ရှင်းလင်းချက်အရ ခရိုင် ရာဇဝတ် တရားသူကြီးကိုယ်တိုင် စုံစမ်း စစ်ဆေး ဆုံးဖြတ်သော အမှုများကို ခေါ်ယူဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်မယှိပေ။ စီရင်ပိုင်ခွင့် မယှိသည်ဖြစ်၍ စက်ရှင်တရားသူကြီးသည် ခရိုင် ရာဇဝတ် တရားသူကြီး၏ အမှုကို စစ်ဆေးပြီးရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၈(၁)အရ ဤတရားရုံးချုပ်သို့ ထောက်ခံချက်ပြု၍ အမိန့်ချမှတ်ရန် အစီရင်မခံနိုင်ပေ။

ထို့ကြောင့် မော်လမြိုင်မြို့၊ စက်ရှင် တရားသူကြီး၏ ထောက်ခံချက်မှာ စီရင်ပိုင်ခွင့်မယှိပဲ ပြုလုပ်ခြင်းဖြစ်သည့် အားလျော်စွာ ကျွန်ုပ်တို့သည် ၎င်းကို လက်မခံပဲ အထက်ဖော်ပြပါ မှတ်ချက်များနှင့်တကွ အမှုတွဲများကို ပြန်ပို့လိုက်သည်။

(1) 1953 B.L.R. 246 (C.C.).

# နိုင်ငံတော် တရားရုံးချုပ်

## တရားမအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်းတို့ရှေ့တွင်

† ၁၉၆၉
စက်တင်ဘာလ ၂ ရက်။

ဒေါ်အစုရာဘီ (ခေါ်) ဒေါ်ချစ်တီးယား (အယူခံတရားလို)

နှင့်

ဒေါ်ဖါတူး (ခေါ်) ဒေါ်မြမြဝင်း (အယူခံတရားခံ)*

**မြေနှင့်အိမ်ကို ပြန်လည်လွှဲပြောင်းပေးစေလိုမှု—တရားမကျင့်ထုံး ပုဒ်မ ၁၀၀ အရ အယူခံရုံးက မည်သည့်အခါ ဝင်ရောက်စွက်ဖက်နိုင်ခြင်း—"ဘီနာမီ" ခေါ် နာမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်ကြသည့်စံနစ်—မှတ်ဆလင်များဖြစ်ကြ၍ ယင်းစံနစ်ကို အသုံးပြုနိုင်စရာရှိမရှိ— "ဘီနာမီ" ခေါ်နာမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်သော ကိစ္စများ၌ စဉ်းစားသင့်သည့်မှု။**

**ဆုံးဖြတ်ချက်။** ။မူလရုံးမှထုတ်နုတ်ခဲ့သည့် အဓိကကောက်ချက်နှစ်ရပ်မှာ အကြောင်းခြင်းရာသက်သက်နှင့် စပ်ဆိုင်သည့် ကောက်ချက်များမဟုတ်ချေ။ အကြောင်းသော်ကား ထိုကောက်ချက်များကို အဆုံးအဖြတ်ပြုရာ၌ အမှုတွင် ထင်ရှားပေါ်လွင်သည့်အချက်များကို ထောက်ဆ၍ တရားဥပဒေအရ မည်ကဲ့သို့သောယူဆချက်များ ပြုလုပ်သင့်သည်ကို ထည့်သွင်းစဉ်းစားရန်လိုသည်။ သက်သေထင်ရှားပြသနိုင်သည့် အခြင်းအရာတခုသည် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆင်ခြင်စဉ်းစားရန်ကိစ္စမှာ ဥပဒေပြဿနာဖြစ်လေရာ၊ အောက်ရုံးများသည် မိမိတို့ရှေ့မှောက်တွင် သက်သေထင်ရှားပြသနိုင်သည့်အခြင်းအရာများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆင်ခြင်စဉ်းစားရန် အားမထုတ်လျှင်အယူခံရုံးသည် ကျင့်ထုံးပုဒ်မ ၁၀၀ အရ ဝင်ရောက်စွက်ဖက်နိုင်သည်။

**ဒေါက်တာ မစ္စ၊ အော၊ဂျီ၊ ဒီ နက်တို့နှင့် မအိမ်သူပါ အများ၊** မြန်မာပြည်စီရင်ထုံး၊ ၁၉၅၀ ခုနှစ်၊ (တရားလွှတ်တော်) ၈၁-၉၃ ရည်ညွှန်းလိုက်နာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုမှ အမှုသည်များသည် မှတ်ဆလင်များဖြစ်ကြရာ "ဘီနာမီ" စံနစ်ခေါ် နာမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်ကြသည့် စံနစ်ကိုအသုံးပြုနိုင်စရာ အကြောင်းရှိမရှိစဉ်းစားရန် လိုအပ်ပေသည်။

---

* ၁၉၆၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂ နှင့် ၃။

† ၁၉၆၇ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၅ တွင် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် နေ့စွဲပါ မော်လမြိုင်မြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

ခမောင်ကျော်ဖေပါအများ နှင့် မောင်ကြည်။ ရန်ကုန်စီရင်ထုံး၊ အတွဲ (၆)၊ စာ- ၂၀၃ ရည်ညွှန်းသည်။

၁၉၆၉

ဒေါ်အစ္စရာဘီ (ခ) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖါတူး (ခ) ဒေါ်မြမြဝင်း။

" ဘီနာမီ " ခေါ် နာမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်သော ကိစ္စများ၌ အောက်ပါအချက်များအပေါ်တွင် မူတည်၍ စဉ်းစားသင့်သည်။

(၁) နာမည်ငှါးစံနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန်အကြောင်းရှိ-မရှိ။

(၂) နာမည်ငှါးများနှင့် တကယ်တန်း ဝယ်ယူသူတို့ဆက်စပ်နေပုံအရ၊ တကယ်တန်း ဝယ်ယူသူက ထိုနာမည်ငှါးများကို ရွေးချယ်ရန် အကြောင်းရှိ-မရှိ။

(၃) ပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် စာချုပ်စာတန်းများ မည်သူ့ထံတွင်ရှိသနည်း။

(၄) ပစ္စည်းသည်မည်သူ့လက်ဝယ်တွင် ရှိသနည်း။

(၅) မည်သူ့ထံမှ အဖိုးငွေကို ရရှိသနည်း။

အထက်ပါ အကြောင်းအချက်များသည် နာမည်ငှါးစံနစ်၏ မှတ်ကျောက်သဘွယ်ဖြစ်သည်။

အမှု၌ အယူခံတရားလို၏အဆိုပြုချက်များသည် အထက်ဖေါ်ပြပါ အချက်အားလုံးတို့နှင့် ကိုက်ညီနေသည်ကိုတွေ့ရှိရသည်။ အရောင်းအဝယ်တခုသည် နာမည်ငှါးစံနစ်အရ ဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင်အကြောင်းခြင်းရာများအရ တွေ့ရသည့်အခါ၌ နာမည်ခံသူများသည်ပစ္စည်းနှင့် စာချုပ်စာတန်းကို လက်ရှိထားသူများမဟုတ်လျှင် ထိုအရောင်း အဝယ်သည် နာမည်ငှါးစံနစ်အရ ဖြစ်သည်မှာ သေချာသည်ဟု ယူဆသင့်သည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးအောင်ရှိန်ဝန်း။

**တရားသူကြီး ဦးစိန်သင်း။** ။မော်လမြိုင်မြို့၊ ရာဘက် နယ်ပိုင်တရားမရုံး ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ (က)တွင် တရားလို ဒေါ်အစ္စရာဘီက တရားခံ ဒေါ်ဖါတူး အပေါ်၌ အခင်းဖြစ်မြေနှင့် အိမ်ကို ပြန်လည်လွှဲပြောင်း ပေးစေလိုမှု တရားစွဲဆိုခဲ့သည်။ ထိုအခင်းဖြစ် ပစ္စည်းများနှင့် ပတ်သက်၍ပင်လျှင် မော်လမြိုင်မြို့၊ ရာဘက်နယ်ပိုင်တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃(က)တွင် ဒေါ်ဖါတူးက ဒေါ်အစ္စရာဘီနှင့် အခြားနှစ်ဦးတို့ အပေါ်၌ ထိုမြေ၏ သုံးပုံနှစ်ပုံကို ပိုင်ဆိုင်ကြောင်း မြွက်ဟရန်နှင့် လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုခဲ့သည်။ ထိုအမှု နှစ်မှုစလုံးနှင့် သက်ဆိုင်သည့် အဓိကကောက်ချက် နှစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အချင်းဖြစ်မြေကို ဒေါ်အစ္စရာဘီသည် မိမိပိုင်ငွေဖြင့် ဒေါ်ဖါတူး၊မစပေဒါ၊ မပါတီမာ နှင့် မမူနာတို့၏ နာမည်များကို အငှါးထည့်၍ ဝယ်ယူခဲ့ခြင်း ဟုတ် - မဟုတ်။

ခုနှစ်

ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ်ထီးယား နှင့် ဒေါ်ဖါးတူး (ခ) ဒေါ်မြမြဝင်း။

၂။ ထိုပစ္စည်းများကို ဝယ်ယူရာ၌ ဒေါ်ဖါတူးသည် ထိုပစ္စည်းများ၏တန်ဘိုးဖြစ်သော ငွေ ၃,၀၀၀ ကျပ်အနက် ငွေ ၂,၀၀၀ ကျပ်ကိုထည့်၍ ဝယ်ယူခဲ့သည်ဆိုသည်မှာ မှန်ပါသလား။

မူလရုံး အမှုတွဲများတွင် ရရှိသည့် သက်သေခံချက်များကို ဆင်ခြင်သုံးသပ်ပြီးနောက်၊ မူလရုံး တရားသူကြီးက အခင်းဖြစ်ပစ္စည်းများကို ဒေါ်အစုရာဘီသည် အခြားသူများ၏ အမည်ကိုခံကာ မိမိ၏ငွေဖြင့် ဝယ်ယူသည်ဟု အဆိုပြုထားသော်လည်း၊ ထိုအဆိုပြုချက်ကို ညီမဖြစ်သူ မမူနာ တဦးတည်းကသာ ထောက်ခံ ထွက်ဆိုထားသည်ကိုတွေ့ရှိရပါသည်။ထိုပစ္စည်းများကို ဝယ်ယူရာ၌ ဒေါ်ဖါတူးသည်ငွေ ၂,၀၀၀ ကျပ် ထည့်၍ဝယ်ယူခဲ့ကြောင်း ဦးခဲဘော် (လိုပြ-၂) က ထောက်ခံထားသည်ကို တွေ့ရှိရပါသည်။ ဒေါ်အစုရာဘီက အငှါးနာမည်များဖြင့် ဝယ်ယူခဲ့ခြင်းမှာ မိမိနှင့် ကွဲကွာနေသည့် လင်ယောကျ်ား အနှောက်အယှက်ပြုမည်ကို စိုးရိမ်သောကြောင့် ဝယ်ယူရပါသည်ဟု ဆိုငြားသော်လည်း မဟာမေဒင် တရားဥပဒေအရ မယား၏ ပစ္စည်းတွင် လင်ယောကျ်ား၏ ပိုင်ရေးပိုင်ခွင့် မရှိသဖြင့် ယင်း အကြောင်းပြချက်မှာ မခိုင်လုံပါ။ အငှါးနာမည်ဖြင့် ဝယ်ယူသည့် စံနစ်မှာ မြန်မာလူမျိုးများနှင့် စပ်လျဉ်း၍ လက်ခံကျင့်သုံးသည့် စံနစ်မဟုတ်ပါ အစရှိသဖြင့် ကောက်ယူဆုံးဖြတ်ကာ ဒေါ်အစုရာဘီ စွဲဆိုသည့် အမှုကို ပလပ်လိုက်ပြီး၊ ဒေါ်ဖါတူး စွဲဆိုသည့်အမှုကိုမူ စွဲဆိုသည့်အတိုင်း ဒီကရီချပေးခဲ့သည်။ ဒေါ်အစုရာဘီသည် အမှုနှစ်ခုစလုံးတွင် အရေး ရှုံးနိမ့်သွားသောကြောင့် မော်လမြိုင်မြို့၊ ခရိုင်တရားမရုံး၊ ၁၉၆၇ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၄ နှင့် ၅ တို့တွင် အယူခံလွှာများ တင်သွင်းခဲ့ရာ၊ အောင်မြင်မှုမရရှိချေ။ ထို့ကြောင့် ယခု ကျွန်ုပ်တို့ရှေ့ရှိ ဒုတိယအယူခံလွှာများကို တင်သွင်းခြင်းဖြစ်သည်။ ဤ အယူခံမှု နှစ်မှုစလုံးတွင် အကြောင်းခြင်းရာ ပြဿနာနှင့် ဥပဒေ ပြဿနာများ အတူတူပင် ဆက်စပ်လျက်ရှိသောကြောင့်၊ဤစီရင်ချက်သည်အယူခံမှုနှစ်ခုစလုံးနှင့်သက်ဆိုင်သည်။

အယူခံတရားပြိုင်၏ အကျိုးဆောင်ကြီး ဦးအောင်ရှိန်ဝန်းက အခင်းဖြစ်ပစ္စည်းများကို နံမည်ငှါးစံနစ်ဖြင့် ဝယ်ယူခြင်းဟုတ် - မဟုတ် ဟူသည့်ပြဿနာနှင့် စပ်လျဉ်း၍ ၎င်း၊ ယင်းပစ္စည်းများကို ဝယ်ယူရာ၌ဒေါ်ဖါတူးငွေ ၂,၀၀၀ ကျပ် ပါ မပါဟူသည့် ပြဿနာနှင့်စပ်လျဉ်း၍၎င်း၊ မူလရုံးမှ ကောက်ချက်များတိကျစွာ ထုတ်နုတ်ပြီးအဆုံးအဖြတ်ပြုခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များကို ပထမအယူခံရုံးကလည်း လက်ခံပြီး ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းခြင်းရာနှင့် စပ်လျဉ်းသည့် အောက်ရုံး နှစ်ရုံးစလုံး၏ တသဘောတည်း ဆုံးဖြတ်ချက်များကို ဒုတိယအယူခံမှုတွင် ကျင့်ထုံးပုဒ်မ ၁၀၀ အရ ဆင်ခြင်စဉ်းစားခြင်းမပြုနိုင်ပါဟု တင်ပြသွားသည်။ သို့ရာတွင် မူလရုံးမှ ထုတ်နုတ်ခဲ့သည့် အထက်ဖေါ်ပြပါ ကောက်ချက်များသည် အကြောင်းခြင်းရာ သက်သက်နှင့် စပ်ဆိုင်

၁၉၆၉

ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖါတူး (ခ) ဒေါ်မြမြဝင်း။

သည့် ကောက်ချက်များမဟုတ်ချေ။ အကြောင်းသော်ကား ထိုကောကချကများကု အဆုံးအဖြတ်ပြုရာ၌ အမှုတွင်ထင်ရှား ပေါ်လွင်သည့် အချက်များကို ထောက်ဆ၍ တရားဥပဒေအရ မည်ကဲ့သို့သော ယူဆချက်များ ပြုလုပ်သင့်သည်ကို ထည့်သွင်း စဉ်းစားရန်လိုသည်။ သက်သေထင်ရှား ပြသနိုင်သည့် အချင်းအရာ တခုသည် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆင်ခြင် စဉ်းစားရန်ကိစ္စမှာ ဥပဒေ ပြဿနာဖြစ်လေရာ၊ အောက်ရုံးများသည် မိမိတို့ ရှေ့မှောက်တွင် သက်သေထင်ရှား ပြသနိုင်သည့် အချင်း အရာများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ဆင်ခြင်စဉ်းစားရန် အားမထုတ်လျှင် အယူခံရုံးသည် ကျင့်ထုံးပုဒ်မ ၁၀၀ အရဝင်ရောက် စွက်ဖက်နိုင် ကြောင်း **ဒေါက်တာမစ္စ၊ အေ၊ ဂျီ၊ ဒီနက်တို့ နှင့် မအိမ်သူပါအများ** (၁) အမှုစီရင်ထုံး တွင် ပြဆိုထားသည်ကို သတိမူရမည်။

ဤအမှုတွင် အလွန်အရေးကြီးသည့် စဉ်းစားရန်အချက်မှာ "ဘီနာမီ" ခေါ် နံမည်ငှါးဖြင့် အရောင်းအဝယ်ပြုလုပ်ကြသည့် စံနစ်ဖြစ်သည်။ မူလရုံး တရားသူကြီးသည် ထိုအချက်နှင့်စပ်လျဉ်း၍ **မောင်ကျော်ဖေပါအများ နှင့် မောင်ကြည်** (၂) အမှုစီရင် ထုံးကို ကိုးကားသွားသည်။ ထိုစီရင်ထုံးတွင် နံမည်ငှါးဖြင့် ဝယ်ယူသည့် စံနစ်သည် မြန်မာလူမျိုးများ၏ တိုင်းရင်းသား လုပ်ရိုး လုပ်စဉ်မဟုတ်၊ ပစ္စည်းများကို မြီရှင်များက ဝါရမ်းကပ်မည် စိုးရိမ်သောကြောင့်၎င်း၊ အစိုးရအား ပိုင်ရှင် အမည်မှန်ကို မသိစေလို သောကြောင့်၎င်း၊ ပြုလုပ်ခြင်းသာကြလျှင် ဖြစ်သည်ဟု မှတ်ချက်ပြုထားသည်။ ယင်း မှတ်ချက်ကို အခြေခံ အကြောင်းတရပ်အဖြစ် အသုံးပြုကာ မူလရုံး တရားသူကြီး က ယခုအမှုတွင် အမှုသည်များသည် မြန်မာလူမျိုးများ ဖြစ်သောကြောင့် ၎င်းတို့ ပြုလုပ်ကြသည့် အရောင်းအဝယ်သည် နံမည်ငှါး စံနစ်အရ ပြုလုပ်ခြင်းမဟုတ်တန်ရာ ဟု ယူဆခဲ့သည်။ သို့ရာတွင် ထိုစီရင်ထုံး၌ မွတ်ဆလင်နှင့် ဟိန္ဒူလူမျိုးများသည် ယင်းစံနစ်ကို အကြောင်းတစုံတရာ မရှိလျက်ပင် များစွာ ကျင့်သုံးသည့် အလေ့အထ ရှိကြောင်း အသိအမှတ် ပြု ထားသည်ကို ပညာရှိ မူလရုံး တရားသူကြီး သတိမူမိဟန် မတူချေ။ ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှုမှ အမှုသည်များသည် မွတ်ဆလင်များဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ယင်းစံနစ်ကို အသုံးပြုနိုင်စရာ အကြောင်းမရှိဟု မူလရုံး တရားသူကြီး ယူဆခဲ့ခြင်းသည် မှားယွင်းလေသည်။ တဖန် ပထမအယူခံရုံး တရားသူ ကြီး၏ စီရင်ချက်၌ ဒေါ်အစုရာဘီက မိမိသည် ကွဲကွာနေသည့် လင်ယောကျ်ားရန်ကို ကြောက်ရွံ့သောကြောင့် ပစ္စည်းများကို နံမည်ငှါးစံနစ်ဖြင့် ဝယ်ယူခြင်း ဖြစ်သည်ဟု အကြောင်း ပြထားခြင်းမှာ ခိုင်လုံခြင်း မရှိဟု ဖေါ်ပြထားသည်။ ပထမအယူခံတရား

(၁) မြန်မာပြည်စီရင်ထုံး၊ ၁၉၅၀ ခုနှစ်၊ (တရားလွှတ်တော်) စာ-၉၃။

(၂) ရန်ကုန်စီရင်ထုံး၊အတွဲ (၆)၊ စာ ၂၀၃။

၁၉၆၉

ဒေါ်အစုရာဘီ (၁) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖါတူး (၁) ဒေါ်မြမြဝင်း။

သူကြီးက ဒေါ်အစုရာဘီနှင့် ကွဲကွာနေသော လင်ယောကျ်ားမှာ ဦးပုဆိုသူဖြစ်ပါသည်။ ဦးပုသည် ရိုးသား၍ အကျင့်စာရိတ္တ ကောင်းမွန်သူတဦး ဖြစ်သည့်ပြင် နောက်အိမ်ထောင်လည်းမရှိပါ။ ၎င်းပြင် ဦးပုသေဆုံးသွားသည်မှာ ၇ နှစ်ကျော်ရှိပြီဖြစ်သော်လည်း၊ ဦးပုသေဆုံးလျှင် ဆုံးခြင်း ဒေါ်အစုရာဘီသည် ပစ္စည်းများကို မိမိ၏အမည်သို့ ပြန်လည်လွှဲပြောင်းရန် အားမထုတ်ခဲ့ပါ။ ထို့ကြောင့် ဦးပု အနေ့ာက်အယှက်ပြုမည်ကို စိုးရိမ်သဖြင့် ယင်းကဲ့သို့ အမည်ငှါး စံနစ်ဖြင့် ဝယ်ယူသည်ဆိုသော ဆင်ခြေကိုလက်ခံနိုင်ရန် အကြောင်းမရှိပါဟုဝေဖန်သွားသည်။ အထက်တွင် ရည်ညွှန်းထားသည့်မောင်ကျော်ဖေဘို စီရင်ထုံး၌ မှတ်ဆလင်များသည် အကြောင်းမဲ့ သက်သက်ပင်လျှင်နံမည်ငှါးဖြင့် ဝယ်ယူသည့်စံနစ်ကို အသုံးပြုလေ့ရှိကြောင်း ဖေါ်ပြထားပြီး ဖြစ်သည်။ ၎င်းပြင် ဦးပုသည်အကျင့်စာရိတ္တ ကောင်းမွန်သူတဦး ဖြစ်ယုံကာမျှဖြင့် ဒေါ်အစုရာဘီ၌ စိုးရိမ်ကြောင့်ကျမှု မရှိသင့်ဟု ယူဆနိုင်မည်မဟုတ်ချေ။ ဦးပုကိုယ်တိုင်က အလွန်ရိုးသားသူ ဖြစ်စေကာမူ ၎င်း သေဆုံးသွားပြီးသည့်နောက်ပိုင်း၌ ၎င်း၏ အမွေစားအမွေခံများ၏ ရန်ပေါ်ပေါက်လာနိုင်သည်။ သို့ဖြစ်လေရာ ပထမ အယူခံရုံးတရားသူကြီး၏ အကြောင်းပြချက်ကို လက်ခံနိုင်ရန်ခဲယဉ်းလေသည်။

ကျွန်ုပ်တို့သည် မူလရုံး အမှုတွဲများတွင် ရရှိသည့် သက်သေခံချက်များကို သေချာစွာ လေ့လာကြည့်ရှုပြီးဖြစ်သည်။ ဤအမှု၌ အငြင်းမပွားနိုင်သည့် အချက်များကိုအောက်ပါအတိုင်း တွေ့ရှိရသည်။ အချင်းဖြစ် ပစ္စည်းများ ဝယ်ယူစဉ်က ကိုယ်တိုင်ကိုယ်ကျ အဖိုးငွေထုတ်ပေးသူမှာ ဒေါ်အစုရာဘီဖြစ်သည်။ ဒေါ်အစုရာဘီက မိမိ၏အမည်နှင့် မဝယ်လို၊ ခလေး ၄ ဦးအမည်ဖြင့် ဝယ်လိုသည်ဟု ပြောဆိုကြောင်း ဦးထွန်းအေး (လိုပြ-၁) ကတိကျစွာထွက်ဆိုထားသည်။ ငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ ဦးအာဂါ (လိုပြ-၂) နှင့် ဦးအီဘရာဟင် (လိုပြ-၃)တို့၏ ထောက်ခံချက်များလည်း ရရှိခဲ့သည်။ ထို့ပြင် အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်းသည့် စာချုပ် စာတန်းများမှာ ဒေါ်အစုရာဘီ၏ လက်ဝယ်တွင် အမြဲတစေရှိနေသည့်ပြင်၊ ဒေါ်ဖါတူးမှာ ထိုပစ္စည်းများကို မည်သည့်အချိန်ကမျှ လက်ဝယ်ရရှိခဲ့ခြင်း မရှိချေ။ ဒေါ်အစုရာဘီသာလျှင်လက်ဝယ် ရရှိထားသူဖြစ်သည်။ ထိုအချက်များသည် ဒေါ်အစုရာဘီ၏ အဆိုပြုချက်များကို အလေးသာစေသည့် အချက်များဖြစ်သည်။ "ဘီနာမီ" ခေါ် နံမည်ငှါးဖြင့် အရောင်းအဝယ် ပြုလုပ်သောကိစ္စများ၌ အောက်ပါ အချက်များ အပေါ်တွင် မူတည်၍ စဉ်းစားသင့်သည်။

(၁) နံမည်ငှါးစံနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်ရန် အကြောင်းရှိ မရှိ။

(၂) နံမည်ငှါးများနှင့် တကယ်တန်း ဝယ်ယူသူတို့၏ ဆက်စပ်နေပုံအရ၊ တကယ်တန်း ဝယ်ယူသူကထိုနံမည်ငှါးများကို ရွေးချယ်ရန် အကြောင်း ရှိ-မရှိ။

(၃) ပစ္စည်းပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် စာချုပ် စာတန်းများ မည်သူ့ထံတွင် ရှိသနည်း။

(၄) ပစ္စည်းသည်မည်သူ့ လက်ဝယ်တွင်ရှိသနည်း။

(၅) မည်သူ့ထံမှ အဘိုးငွေကိုရရှိသနည်း။

အထက်ပါ အကြောင်းအချက်များသည် နံမည်ငှါး စံနစ်၏ မှတ်ကျောက်သဘွယ် ဖြစ်သည်။

၁၉၆၉ ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖါတူး (ခ) ဒေါ်မြမြင်း။

ယခု ကျွန်ုပ်တို့ရှေ့ရှိ အမှု၌ဒေါ်အစုရာဘီ၏အဆိုပြုချက်များသည် အထက်ဖေါ်ပြပါ အချက်အားလုံးတို့နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရသည်။ အရောင်းအဝယ်တခုသည် နံမည်ငှါးစံနစ်အရ ဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင် အကြောင်းခြင်းရာများအရ တွေ့ရှိရသည့်အခါ၌ နံမည်ခံသူများသည် ပစ္စည်းနှင့် စာချုပ်စာတန်းကို လက်ရှိ ထားသူများ မဟုတ်လျှင် ထိုအရောင်းအဝယ်သည် နံမည်ငှါးစံနစ်အရ ဖြစ်သည်မှာ သေချာသည်ဟု ယူဆသင့်သည်။

မူလရုံး အမှုတွဲများတွင် ရရှိသည့်သက်သေခံချက် အားလုံးကိုခြုံ၍ ကြည့်လျှင် အောက်ပါအချက်များ ပေါ်လွင် ထင်ရှားသည်။ ဒေါ်အစုရာဘီသည် အချင်းဖြစ် ပစ္စည်းများကို ဝယ်နိုင်စွမ်းရှိသူတဦးဖြစ်သည်။ နံမည်ငှါး အဖြစ် စာချုပ်တွင် ထည့်သွင်းခြင်း ခံရသူများမှာလည်း ဒေါ်အစုရာဘီ၏ ညီမ၊ တူမ နှင့် ချွေးမများဖြစ်သည်။ ပစ္စည်းဝယ်ယူရာ၌ ပစ္စည်း၏ တန်ဘိုးငွေကို ပစ္စည်းရောင်းသူများလက်သို့ ဒေါ်အစုရာဘီ ကိုယ်တိုင်၊ ကိုယ်ထိလက်ရောက် အပ်ပေးခဲ့သည်။ ဝယ်ယူချိန်တွင် ဒေါ် အစုရာဘီက မိမိသည် ထိုပစ္စည်းများကို မိမိ၏နံမည်ဖြင့် မဝယ်လို၊ အခြားသူများ နံမည်ဖြင့် ဝယ်လိုကြောင်း အတိအလင်း ပြောပြခဲ့သည်။ ဝယ်ယူပြီးသည်မှစ၍ ဒေါ်အစုရာဘီ သည် ထိုပစ္စည်းကို လက်ရှိထားခဲ့သူဖြစ်သည်။ ပစ္စည်းနှင့် ပတ်သက်သည့် စာချုပ် စာတန်းများမှာလည်း၊ ဒေါ်အစုရာဘီ ထံတွင် အမြဲတစေရှိနေသည်။ နံမည်ငှါးစံနစ် ဖြင့် ဝယ်ယူရန် ဒေါ်အစုရာဘီ၌ ယုတ္တိတန်သည့် အကြောင်းပြချက်ရှိသည်။ ယင်း အချက်အားလုံးကို စုပေါင်း၍ ဆင်ခြင်စဉ်းစားလျှင် ဒေါ်အစုရာဘီသည် အချင်းဖြစ် ပစ္စည်းများကို နံမည်ငှါးစံနစ်ဖြင့် ဝယ်ယူကြောင်း ထင်ရှားသည်ဟု ဥပဒေအရ မှတ်ယူနိုင်မည်ဖြစ်သည်။

တဖက်မှ တင်ပြချက်ကို ဆင်ခြင်သုံးသပ်သောအခါ ဒေါ်ဖါတူးသည် ထိုပစ္စည်း များ ဝယ်ယူရာ၌ ငွေ ၂,၀၀၀ ကျပ်ထည့်သွင်းရကြောင်းခိုင်လုံသည့် သက်သေခံ အထောက်အထားများ မတွေ့ရှိရချေ။ အောက်ရုံး တရားသူကြီးများသည် ထိုအချက် နှင့်စပ်လျဉ်း၍ ဦးခဲဘော်ဆိုသူ တဦးတည်း၏ ထောက်ခံချက်များကို အားကိုးအား ထားပြုခဲ့သည်။ သို့ရာတွင် ဦးခဲဘော်မှာ ဒေါ်အစုရာဘီနှင့် သင့်မြတ်ခြင်း မရှိကြောင်း

၁၉၆၉

ဒေါ်အစုရာဘီ (ခ)ဒေါ်ချစ်တီယား နှင့် ဒေါ်ဖါတူး (ခ) ဒေါ်မြမြဝင်း။

ပေါ်လွင်သည်သာမက ၎င်း၏ အစစ်ခံချက်များတွင်လည်း ယုတ္တိမတန်သည့်အချက်များပါရှိနေသည်ကို တွေ့ရသည်။ ထိုအချက်နှင့် ပတ်သက်၍ ဒေါ်ဖါတူးတွင် သက်သေထင်ရှားပြသရန် တာဝန်ရှိလေရာ မူလရုံး အမှုတွဲများတွင် ရရှိသည့် သက်သေခံချက်များအရ ဒေါ်ဖါတူးသည် မိမိအပေါ်၌ သက်ရောက်သည့် တာဝန်ကို ထမ်းဆောင်နိုင်သည်ဟု ကျွန်ုပ်တို့ မည်သည့်နည်းနှင့်မျှ မယူဆနိုင်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အောက်ရုံးများက ချမှတ်ထားသည့် စီရင်ချက်များနှင့် ဒီကရီများကို ပယ်ဖျက်လိုက်သည်။ မော်လမြိုင်မြို့ ရာဘက် နယ်ပိုင် တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၃ (က) တွင် ဒေါ်ဖါတူး စွဲဆိုသည့် အမှုကို ပလပ်စေရန်၎င်း။ အဆိုပါရုံး ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈(က)တွင် ဒေါ်အစုရာဘီ စွဲဆိုသည့်အမှု၌ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးရန်၎င်း၊ ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။ရုံးအဆင့်ဆင့်တွင် ကုန်ကျသည့် တရားစရိတ်ကို အယူခံတရားပြိုင် ဒေါ်ဖါတူးက ပေးဆောင်ရမည်။ ဤရုံး၏ ရှေ့နေကြေးခမှာ ၅၁ိ ဖြစ်သည်ဟု သတ်မှတ်လိုက်သည်။

## နိုင်ငံတော် တရားရုံးချုပ်

### တရားမစေ့ဒကမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးကျော်ဇံဦး နှင့် တရားသူကြီး ဦးချစ်တို့ရှေ့တွင်

† ၁၉၆၉ — ဇူလိုင်လ ၁၈ ရက်။

နာစိတိ

နှင့်

အဖူးစိ*

တရားမစေ့ဒကမှု—မြေပြန့်တွင် အိမ်ယာထူထောင်ကြသော ကချင်တောင်တန်းသား ဇနီးမောင်နှံ—လင်မယားကွာလိုမှုတရားစွဲဆိုခြင်း—မည်သည့်ရုံးကစီရင်သင့်သနည်း၊ မည်သည့်ဥပဒေကို ကျင့်သုံး၍ ဆုံးဖြတ်သင့်သနည်း စသည့် ပြဿနာ—လက်ထပ်ထိမ်းမြား၊ အိမ်ထောင်ရေး စသည်တို့ သည်လူမှုရေးကိစ္စသာဖြစ်ခြင်း—လူမှုရေးကိစ္စ ဖြစ်သည့်အားလျော်စွာ အိမ်ယာထူထောင်ရာ နိုင်ငံ၊ ဒေသလူအများက လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်း ဥပဒေဖြင့်သာ ယင်းအိမ်ထောင်ရေး၏ ကိစ္စအဝဝကို ဆုံးဖြတ်သင့်ခြင်း—လီဆူးတို့၏ ဓလေ့ထုံးတမ်း ဥပဒေသည် ဤလီဆူးဇနီးမောင်နှံတို့၏ အိမ်ထောင်ရေးကိစ္စတွင် အရေးပိုင်သော ဥပဒေ (Dominant Law) ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုသည်အိမ်ထောင်ရေးကိစ္စမှ ပေါ်ပေါက်သည်၊ အိမ်ထောင်ရေးကိစ္စသည် လူမှုရေးဖြစ်သည်။ ဘာသာရေးနှင့် ရောနှောရန် မဟုတ်ချေ။ ထိမ်းမြားလက်ထပ်ရေး၊ အိမ်ထောင်ရေး စသည်တို့သည် ဘာသာရေးကိစ္စမဟုတ်၊ လူမှုရေးကိစ္စသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အစဉ်ရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည်။

အိမ်ထောင်ရေးသည် လူမှုရေးကိစ္စဖြစ်သည့်အားလျော်စွာ အိမ်ယာထူထောင်ရာနိုင်ငံ၊ ဒေသလူအများက လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်း ဥပဒေဖြင့်သာ ယင်းအိမ်ထောင်၏ အရေးကိစ္စအဝဝကို ဆုံးဖြတ်သင့်သည်။ သို့မှသာလည်း အိမ်ထောင်သည်များအဖို့မှာ၊ ရပ်ရွာကလည်း နားလည်လက်ခံနိုင်ပေမည်။

အမှုတွင် ဇနီးသည်ဖြစ်သူ နာစိတိသည်၎င်း၊ ခင်ပွန်းဖြစ်သူ အဖူးစိသည်၎င်း၊ လီဆူးအမျိုးသားတောင်ပေါ်သားဘို့ဖြစ်သည်။၎င်းတို့သည် ခရိယာန်ဘာသာကို ကိုးကွယ်သူများဖြစ်ကြ၍၊ သင်းအုပ်ဆရာက ၎င်းတို့အား လက်ထပ်ပေးခဲ့သည်ဆိုစေကာမူ၊ လီဆူးဓလေ့ထုံးတမ်းအရလည်း ပွဲလုပ်ခြင်း၊

---

* ၁၉၆၉ ခုနှစ်၊ တရားမစေ့ဒကမှုအမှတ် ၁။

† မြစ်ကြီးနားမြို့၊ ခရိုင်တရားမတရားသူကြီး(ဦးသောင်းတင်)ရုံး၏ တရားမကြီးမှုအမှတ် ၅/၆၈ တွင်၊ ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါရည်ညွှန်းလွှာအရ၊ ဤအမှုကို ၎င်းကပင်အဆုံးအဖြတ်ပေးရမည်။ (သို့မဟုတ်) တောင်တန်းဒေသခရိုင် တရားမတရားသူကြီး (ခရိုင်ဝန်) က ဆုံးဖြတ်ပေးရမည်ဟူသောပြဿနာမှပေါ်ပေါက်လာသည့်ကိစ္စ။

၁၉၆၉

နာစီတီ နှင့် အဖူးစီ။

လက်ဖွဲ့ခြင်း၊ ကိုယ်ဖိုးပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်ဆို၏။ အိမ်ထောင်ရေး အရေးကြုံလျှင် တရားရုံးသို့မသွား၊ ခရိယာန်ဘာသာဝင်တို့နှင့် ဆိုင်သော လင်မယားကွာရှင်းရေး အက်ဥပဒေကို မကျင့်သုံး ဓလေ့ထုံးတမ်းအရ၊ ရွာလူကြီးများထံသို့သာ သွားရောက်၍ အဆုံးအမကိုခံယူခဲ့ကြသည်။ ၎င်းတို့သည်မြေပြန့်တွင်နေသည်မှန်၏၊ သို့ရာတွင် တောင်ပေါ်ဒေသနှင့်ဝေးသည်မဟုတ်၊ တောင်ခြေတွင်နေသည်။ ကချင်ပြည်နယ်နှင့်ကင်းသည်မဟုတ်၊ ပြည်နယ်တွင်း၌ပင်နေသည်၊ လီစူးရွာ၌အိမ်ယာထူကာ လီစူးဓလေ့ထုံးတမ်းနှင့်ပင် ယဉ်ပါးရင်းနှီးကြသေးသည်။ ထို့ကြောင့်လည်း နာစီတီကကွာလိုမှု စွဲဆိုရာတွင် အဖူးစီသည် လီစူးဓလေ့ထုံးစံအရ မင်္ဂလာကြေးပေးသွင်းရန် ငြင်းဆန်ပါသည်ဟု အကြောင်းတကြောင်းပြသည်။ အဖူးစီက အမှုကို ရင်ဆိုင်ရာ၌ အက်ဥပဒေစကားကိုမဆို၊ မင်္ဂလာကြေးစသည်ကို ပြန်ပေးလျှင် ကွာရှင်းရန် သဘောတူသည်ဟုဆိုသည်။ သူတို့၏စကား၊ သူတို့၏ အတွေးသည် အက်ဥပဒေစကား၊ အက်ဥပဒေအတွေးမဟုတ်၊ သူတို့၏ စိတ်နှစ်လုံးတွင် ကိန်းဝပ်လျက်ရှိသော ဓလေ့ထုံးတမ်း၊ စကား၊ အတွေးဖြစ်သည်။ ဓလေ့ထုံးတမ်း၏ အလေ့အကျင့်ဖြစ်သည်။ လင်မယားကွာရှင်းလိုမှုသည် တရားမကြောင်းဆိုင်ရာကိစ္စဖြစ်၍ သာမန်အားဖြင့်လည်း ၂ ဦးကြေနပ် သဘောတူခြင်းဖြင့်၊ ကိစ္စပြီးမြောက်နိုင်သည်။

ထို့ကြောင့် လီစူးတို့၏ ဓလေ့ထုံးတမ်း ဥပဒေသည် ဤလီစူးဇနီးမောင်နှံတို့၏ အိမ်ထောင်ရေး ကိစ္စတို့တွင် အရေးပိုင်သောဥပဒေ (Dominant Law) ဖြစ်သည်။ ယင်းဓလေ့ထုံးတမ်း ဥပဒေအရ တောင်တန်းခရိုင်ဝန်က ဤအမှုကို လက်ခံကာ စီမံဆောင်ရွက်ပေးအပ် သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် နေဘ်ခွန်ဇော်ဘာ ရာဇဝတ်စေ့စပ်ရေးအမှု၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၁၄၁၇။ ဆဲရယ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၈၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ အထူးရာဇဝတ်ရုံး အယူခံအမှု၊ စာ ၁။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မခင်ရီ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ ၆၀၇။ မောင်ကိုကြီး နှင့်ဒေါ်အုန်းခင်၊ ၁၉၆၅ ခု၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ၉၁၃ "မြန်မာဓလေ့ထုံးတမ်း ဥပဒေ" ဦးမြစိန်ရေး၊ စာတွဲကြိမ်ထုတ် မန္တလေး၊ ၁၉၆၈။ Burmese Customary Law, in Law and Custom in Burma and the Burmese Family, Dr. Maung Maung, the Hague, 1963.
မရင်မြနှင့် တန်ယောက်ပု၊ ရန်ကုန်စီရင်ထုံး၊ အတွဲ ၅၊ စာ ၄၀၆။ ဒေါ်သိုက် နှင့် ချောင်အာလင်း ၁၉၅၁၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ ၁၃၃။ ရည်ညွှန်းသည်။

ရုံးသဟာယအတွက်။ ။ပြည်နယ် အကြံပေးအရာရှိ ဦးတင်အုန်း။ ...

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။ ။မြစ်ကြီးနားမြို့နယ် တရားမ တရားသူကြီးရုံးတွင် လီစူးအမျိုးသမီး နာစီတီက သူ၏ ယောကျ်ား လီစူးအမျိုးသား အဖူးစီမှ ကွာရှင်း ပြတ်စဲလိုကြောင်း တရားစွဲဆိုလေသည်။

နာစီတီနှင့် အဖူးစီတို့သည်၊ ကချင်တောင်တန်းဒေသ လက်စွဲဥပဒေ (၁) အရ တောင်တန်းသားများ ဖြစ်သည်။ သို့ရာတွင် သူတို့သည် မြစ်ကြီးနားမြို့အနီး ကြက်ပေါင်ခြံရွာတွင် လုပ်ကိုင်စားသောက် အိုးအိမ် စိုက်ထူလာခဲ့ကြသည်မှာ နှစ်ပေါင်း

(၁) Kachin Hill-Tribes Regulation.

၁၉၆၉

နာစီတီ နှင့် အဖူးစီ။

များစွာ ကြာခဲ့ပြီ။ တောင်ပေါ်သို့ပြန်ရန် ရည်ရွယ်ချက် မရှိကြချေ။ ထို့ကြောင့် ၎င်းတို့ နှစ်ဦးသည် မြေပြန့်တွင် အိမ်ယာထူလျက်ရှိသော တောင်တန်းသားများ ဖြစ်သည်။

၎င်းတို့ နှစ်ဦးလုံး ခရိယာန်ဘာသာကို ကိုးကွယ်ကြသည်။ ခရိယာန်သင်းအုပ်ဆရာက ၎င်းတို့အား လက်ထပ်ပေးခဲ့သည်ဆို၏။ သို့ရာတွင် လီစူးဓလေ့ထုံးတမ်းအရလည်း မင်္ဂလာပွဲလုပ်ကာ မင်္ဂလာလက်ဖွဲ့ကြေးများကို သတို့သားက ပေးရသည်ဟု အဆိုရှိ၏။ လင်မယား ပေါင်းသင်းနေစဉ် မပြေ မလည် ရှိကြသော အခါ၊ လူကြီးများထံသို့ပင် သွားရောက်၍ ဖြေရှင်းကြေအေးရန် ကြိုးစားခဲ့ကြသည်ဟုလည်း ဆို၏။

နာစီတီက သူ့အား အဖူးစီက ညှဉ်းပန်းနှိပ်စက်ပါသည်။ အိမ်မှုလည်း မှောင်းနှင်ပါသည်။ လူကြီးများက ဆုံးမကြသည်ကို လင်ယောကျ်ားက မနာခံပါ။ ထို့ကြောင့် ကွာရှင်းလိုပါသည်ဟု မြစ်ကြီးနားမြို့နယ် တရားမရုံးသို့ သွားရောက် စွဲဆိုသည်။ အဖူးစီက စွပ်စွဲချက်တို့ကိုငြင်း၍၊ မင်္ဂလာကြေးပေးပြီး၊ ပွဲလုပ်ပြီး၊ လင်မယားမြောက်ခဲ့ကြသည်။ ယောက္ခမ၊ ဇနီးတို့ကို ကောင်းစွာ လုပ်ကျွေးခဲ့သည်။ မိမိတွင် ငွေကုန်ခံမှု ကွာရှင်းလိုကြောင်း စွဲခြင်းဖြစ်ပါသည်။ ငွေများပြန်ဆပ်က ကွာရှင်းရန် သဘောတူပါမည်ဟု ချေပသည်။

အမှုကို မြေပြန့်တွင် စီရင်ပိုင်ခွင့်ရှိသော မြို့နယ် တရားမ တရားသူကြီးကပင် ခရိယာန် ဘာသာဝင်တို့နှင့် သက်ဆိုင်သော လင်မယား ကွာရှင်းခြင်း အက်ဥပဒေ (၂) အရ စစ်ဆေး ဆုံးဖြတ်လျှင် သင့်မြတ်မည်လော၊ သို့မဟုတ် အမှုသည်များသည် တောင်တန်းသားများ ဖြစ်သည့်ပြင်၊ လက်ထပ် ပေါင်းသင်း ကြရာ၌လည်း လီစူးဓလေ့ထုံးဘမ်းကို အလေးထားခဲ့ကြကြောင်း ပေါ်လွင်သဖြင့် တောင်တန်း ခရိုင်ဝန်က လီစူး ဓလေ့ထုံးတမ်းအရ စစ်ဆေးဆုံးဖြတ်သင့်သလော ဟူသော ပြဿနာကို မြင်သဖြင့် မြစ်ကြီးနားခရိုင် တရားမ တရားသူကြီးက အမှုတွဲကို ပေးပို့၍ ဤရုံး၏ ညွှန်ကြားချက်ကို တောင်းသည်။ အမှုသည် နှစ်ဦးတို့ နားလည် ကျင့်သုံးကြသော ဓလေ့ထုံးတမ်း ဥပဒေကို လေးစားသည့် အနေဖြင့် တောင်တန်း ခရိုင်ဝန်က အမှုကို စစ်ဆေးစီရင်လျှင် ပိုမို လျော်ကန်ပါလိမ့်မည် ဟူ၍လည်း ထောက်ခံထားသည်။

မြေပြန့်တွင် အိမ်ယာထူကြသော တောင်တန်းသား ဇနီးမောင်နှံ၊ ခရိယာန် ဘာသာဝင်ဖြစ်ကြ၍၊ သင်းအုပ်ဆရာ လက်ထပ်ပေးခဲ့သော်လည်း လီစူး ဓလေ့ထုံးတမ်း အရ ပွဲလုပ်၊ မင်္ဂလာကြေးပေးကာ အရေးကြုံလျှင် ရွာသူကြီးများကို ချဉ်းကပ်ခဲ့သော

---

(၂) Burma Divorce Act.

အိမ်ထောင်ရေး၊ ဤသို့သော ထူးခြားချက်တို့ကြောင့် လင်မယား ကွာလိုမှုကို မည်သည့်ရုံးက စီရင်သင့်သနည်း၊ မည်သည့် ဥပဒေကို ကျင့်သုံး၍ ဆုံးဖြတ်သင့်သနည်း၊ စသော ထူးခြားသည့် ပြဿနာများ ပေါ်လာခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့သည်၊ ပြဿနာများကို ရှုဒေါင့်အသွယ်သွယ်မှ လေ့လာနိုင်ရန် ကချင်ပြည်နယ် ဦးစီးအဖွဲ့နှင့် ကချင်ပြည်နယ် တိုင်းမင်းကြီးတို့၏ အကြံဉာဏ်ကို တောင်းခဲ့၏။ ပြည်နယ်များ ဥပဒေအရာရှိ ဦးတင်အုန်းကိုလည်း ရုံးသဟာယအဖြစ် လိုက်ပါကူညီဆောင်ရွက်ရန် ဖိတ်ကြားခဲ့၏။ ထို့နောက် စုံညီခုံရုံးဖွဲ့ကာ ပြဿနာများကို သုံးသပ်ခဲ့ကြသည်။

ကချင်ပြည်နယ် ဦးစီးအဖွဲ့က အမှုကို ကချင်ဓလေ့ထုံးတမ်းနှင့် အညီ၊ ကချင်တောင်းတန်းသား ဒေသလက်စွဲဥပဒေအရ လက်ရှိ အခြေအနေတို့ကိုပါ စပ်ဟပ်ပြီး စီရင်ဆုံးဖြတ်ပါက၊ လျှောက်ထားသည့်မြတ်ကာအမှုသည် နှစ်ဦးအတွက်လည်း ပိုမိုသဘာဝကျပြီး လက်ခံနိုင်ဖွယ် ရှိပါသည်ဟု အကြံဉာဏ်ပေးသည်။

ကချင်ပြည်နယ် တိုင်းမင်းကြီးကလည်း၊ လီစူးလူမျိုးတို့သည် တောင်ပေါ်မှ ဆင်းသက်၍ မြေပြန့်တွင် လုပ်ကိုင်နေထိုင် တတ်ကြသော်လည်း ၎င်းတို့၏ ဓလေ့ထုံးတမ်းများကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံး ကြပါသည်။ ထို့ကြောင့် ဤအမှုတွင်လည်း ဓလေ့ထုံးတမ်းနှင့် အညီ ဆုံးဖြတ်မှသာလျှင် နှစ်ဖက်ကြေနပ်၍ နောင်အတွက်လည်း အေးချမ်း ပြေငြိမ်းပါလိမ့်မည်။ ခရိယာန် ဘာသာအရ လက်ထပ်ထားသည်ဆိုစေကာမူ၊ တရားမရုံးက လင်မယား ကွာလိုမှုကို စစ်ဆေး ဆုံးဖြတ်ခြင်းကိုကျေနပ်လက်ခံကြမည်ဟု မယူဆနိုင်ပါဟု ဆိုသည်။

ပြည်နယ် ဥပဒေအရာရှိ ဦးတင်အုန်းကလည်း၊ ကချင်ပြည်နယ်တွင် လည်းကောင်း ချင်းဝိသေသတိုင်းတွင်လည်းကောင်း၊ တိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာ၊ ခရိယာန်၊ နတ်၊ စသည်ဖြင့် ယုံကြည် ကိုးကွယ်လိုရာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ကြစေကာမူ၊ အိမ်ထောင်ရေးကိစ္စတို့၌ ဒေသအလိုက် ရိုးရာအဆက်ဆက် ကျင့်သုံးကျသော ဓလေ့ထုံးတမ်းကိုသာ ရိုသေစွာ လိုက်နာကြသည်ကို တွေ့ရပါသည်။ ခရိယာန်ဘာသာဝင်များက သင်းအုပ်ဆရာဖြင့် လက်ထပ်သည် ဆိုစေကာမူ၊ ဤအမှုမှာကဲ့သို့ ဓလေ့ထုံးတမ်းအရ ပွဲလုပ်ခြင်း၊ လက်ဖွဲ့ခြင်း စသည်ကို ပြုလုပ်ကြပါသည်။ အမွေဆက်ခံမှု၊ လင်မယားကွာရှင်းရေး စသည်တို့ကိုလည်း ဘာသာရေးကိစ္စဟူ၍ မမှတ်ယူ၊ လူမှုရေးကိစ္စသက်သက်ဟု လက်ခံကာ၊ ဓလေ့ထုံးတမ်းအရသာလျှင် ဆောင်ရွက်ဆုံးဖြတ်ကြပါသည်။ ယင်းကိစ္စတို့တွင် ခရိယာန် သာသနာပြု များကပင် ဝင်ရောက် စွက်ဖက်ခြင်း မပြုကြကြောင်းလေ့လာသိရှိရပါသည်။ ကချင်တောင်တန်းသားတို့သည် မြေပြန့်တွင် နေစေကာမူ အိမ်ထောင်ရေး ကိစ္စတို့တွင် ဓလေ့ထုံးတမ်းကို ကိုယ်နှင့်မကွာ ယူဆောင်

၁၉၆၉

နာစီတိ နှင့် အဖွဲ့စီ။

လာကာ လေးစားစွာ လိုက်နာကျင့်သုံး ကြပါသည်။ ဤသို့ လက်တွေ့အခြေအနေ ရှိနေသော ကြောင့်လည်း ကချင်ပြည်နယ် ဦးစီးအဖွဲ့ တိုင်းမင်းကြီးတို့က ဤအမှုကို ဓလေ့ ထုံးတမ်းအရ စစ်ဆေးစီရင်စေလျှင် နှစ်ဖက်ပို၍ ကြေနပ်ကြဖွယ်ရှိကြောင်း အကြံပြုကြခြင်း ဖြစ်ပါသည်။ စီရင်ပိုင်ခွင့် ရှိသည့်တရားရုံး၊ ကျင့်သုံးသင့်သောဥပဒေ တို့နှင့်ပတ်သက်၍ ပြဿနာ ပေါ်သောကြောင့် နိုင်ငံတော် တရားရုံးချုပ်က ထုံးပြု ပေးသင့်ပါသည်ဟု ဦးဘင်အုန်းက တင်ပြပါသည်။

တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းဥပဒေများတွင်၊ တရားမျှတခြင်း၊ သိမ်မွေ့ခြင်းအင်္ဂါရပ်များစွာပါဝင်ကြောင်း၊ ထိုကြောင့်လည်း ယင်းဓလေ့ထုံးတမ်းများ သည် ရပ်ရွာလုံခြုံရေး၊ စည်းလုံးရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုတို့ကို ကောင်းစွာ ထိန်းသိမ်းနိုင်ခဲ့ပြီးလျှင် ဥပဒေအဖြစ် ခိုင်မာစွာ သက်ဝင်လှုပ်ရှားနိုင်ခဲ့ကြောင်း။ ဥပဒေ ဟူသည် လူအများ၏ စိတ်နှလုံးတွင် ကိန်းဝပ်နေပါမှ တန်ခိုးထက်မြက်ကြောင်း ထို့ ကြောင့် လူအများက သိကျွမ်းနားလည်၍ သဘာဝအလျောက် လက်ခံကြသော ဓလေ့ ထုံးတမ်းဥပဒေများသည် အထူးပင် တန်ခိုးထက်မြက်ကြောင်း။ နိုင်ငံတော်အစိုးရက လည်း ယင်းအချက်ကို ကောင်းစွာသတိချပ်၍ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ ထုံးတမ်းတို့ကို စုဆောင်းလေ့လာကာ ကောင်းသည်တို့ကို ထိန်းသိမ်းပျိုးထောင်ကာ၊ ခေတ်နှင့်မလျော်ရာတို့၌ ပညာပေးပြုပြင်လျက်ရှိကြောင်းတို့ကို **ပြည်ထောင်စုမြန်မာ နိုင်ငံ နှင့် နော်ခွန်ဇော်ဘာ ရာဇဝတ်စေဒကမှု** (၃) ကျွန်ုပ်တို့က မှတ်ချက် ပြုခဲ့ကြ ဖူးပြီ။

ရာဇဝတ်မှုခင်းများ၌ပင်လျှင်၊ အခင်းဖြစ်ပုံကိုထောက်၍၊ ရပ်ရွာစည်းလုံးရေးအ တွက်လည်းကောင်း၊ နစ်နာသူအား စား-ဝတ်-နေရေး အထောက်အကူဖြစ်စေရန် လည်းကောင်း၊ ကျူးလွန်သည့်ဖက်က နစ်နာသူအား လျော်ကြေးပေးစေသော ဓလေ့ ထုံးတမ်းသည် သင့်မြတ်၍ အများလက်ခံနိုင်သော တရားစီရင်ခြင်းဖြစ်သည်ကို **ဆဲရယ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၄) တွင် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က စီရင်ထုံးပြုခဲ့ ဖူးသည်။ ယင်းအမှုတွင် စုန်း ဟုစွပ်စွဲကာ သတ်ဖြတ်ခဲ့ကြခြင်းသည် ခေတ်နှင့်မလျော်၊ တပါးသူတို့အား များစွာနစ်နာစေသည်။ အစွဲအလမ်းတရပ်ကို ဓလေ့ထုံးတမ်းဟုခေါ် ဝေါ်ကာမျှနှင့် ယင်းအစွဲအလန်းသည် တရားဥပဒေ၏အာနိသင်ကိုမရနိုင်။ ဓလေ့ထုံးတမ်း ဟူသမျှသည်လည်း တရားဥပဒေ၏ အာနိသင်ရှိကြသည်မဟုတ်၊ အဓွန့်ရှည်စွာ၊ ဒေသမှ လူအများက၊ နားလည်ကျင့်ထုံးခဲ့၍၊ ကျူးလွန်ဖေါက်ဖျက်လျှင် သတ်မှတ်သောပြစ် ဒဏ်များကို တရားရုံးကဖြစ်စေ၊ ရွာလူကြီးများကဖြစ်စေ၊ ကျူးလွန်သူ့အပေါ် ချမှတ်

(၃) ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံးများ ၁၄၁၇။

(၄) ၁၉၆၇၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ အထူးဇရာဝတ်ရုံး အယူခံအဖွဲ့ စာ ၁။

၁၉၆၉ / နာစီတီနှင့် အပူးစီ။

ပေလိမ့်မည်ဟု လကခံသိရှိထားသော ဓလေ့ထုံးတမ်းများသည်သာလျှင် တရားဥပဒေမြောက်သော ဓလေ့ထုံးတမ်း ဥပဒေများဖြစ်ကြောင်းကိုလည်း ယင်းအယူခံမှုဘွင် ရှင်းလင်းဖော်ပြထားသည်။

စုန်း၊ ကဝေဟု ရိုးစွပ်သတ်ဖြတ်ခြင်းကို ဥပဒေကခွင့်မပြုကြောင်း၊ အထူးရာဇဝတ် ရုံး အယူခံအဖွဲ့က၊ ထုံးဖွဲ့ ပညာပေးခဲ့သလို ရန်ငြိုးဖွဲ့ကာ၊ ရန်ကြွေးဆပ်သည့်သဘော အတောမသတ် အပြန်အလှန် သတ်ဖြတ်ကြခြင်းကိုလည်း ခွင့်မပြုအပ်။ လူအများ ဆုံးရှုံးနစ်နာ၍ ရပ်ရွာစည်းလုံးမှုပျက်စေသော အစွဲအလမ်း အကျင့်ဆိုးဖြစ်သည်ကို မြင်၍၊ နိုင်ငံတော်အစိုးရနှင့် ချင်းဦးစီးအဖွဲ့တို့က တောင်ပိုင်းချင်းဝိသေသတိုင်း၌ "အောင်မေတ္တာ" စစ်ဆင်ရေးဆင်ကာ ရန်ကြွေးများ အမြန်ကြေအေးကြစေရန် ရွာလူကြီး အောင်တမန်များဖြင့် လိုက်လံဖြေရှင်း စည်းလုံးလျက်ရှိကြသည်။ "အောင်မေတ္တာ"သည် များစွာအောင်မြင်လျက်ရှိသည်ကို ကျွန်ုပ်တို့လေ့လာတွေ့ရှိရသည်။

အထက်ပါမှတ်ချက်တို့သည် တိုင်းရင်းသား ဓလေ့ထုံးတမ်းဥပဒေများနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ အမြင်ဖြစ်ပေသည်။

ဤအမှုသည် အိမ်ထောင်ရေးကိစ္စမှ ပေါ်ပေါက်သည်၊ အိမ်ထောင်ရေးကိစ္စသည် လူမှုရေးဖြစ်သည်။ ဘာသာရေးနှင့်ဆရာနှောရန်မဟုတ်ချေ။ လက်ထပ်ထိမ်းမြားရေး၊ အိမ်ထောင်ရေး စသည်တို့သည် ဘာသာရေးကိစ္စမဟုတ်၊ လူမှုရေးကိစ္စသာ ဖြစ်ကြောင်း မြန်မာနိုင်ငံ၌ အစွန့်ရှည်စွာလက်ခံကျင့်သုံးခဲ့ကြသည်။ အနောက်နိုင်ငံများနှင့် ခရိယာန် ဘာသာဝင်များကလည်း ထိုသို့ပင် ယူဆလာကြပြီးလျှင် ခရိယာန် ဘာသာဝင် ဂိုဏ်းကြီးများကလည်း အိမ်ထောင်ရေးကိစ္စများပေါ်တွင် နှစ်ပေါင်းများစွာက ချမှတ်ခဲ့သော ပညတ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်လျက် ရှိပြီဖြစ်ကြောင်းကို ဤရုံးက၊ **ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မခင်ရီ နှင့် မောင်ကိုကြီး နှင့် ဒေါ်အုန်းခင်** (၅) အမှုများတွင် ညွှန်ပြခဲ့ပြီ၊ ခရိယာန်ဘာသာဝင်တို့၏ အိမ်ထောင်ရေးဆိုင်ရာဥပဒေများကိုလည်း အင်္ဂလန်နိုင်ငံ၌ ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိသည်။ ကျွန်ုပ်တို့နိုင်ငံတွင် တည်ဆဲဖြစ်နေသော လင်မယားကွာရှင်းခြင်း အက်ဥပဒေသည်ပင် ခေတ်နောက်ကျနေလေပြီ။

ဗုဒ္ဓဘာသာဝင်များ၏ အိမ်ထောင်ရေးကိစ္စများနှင့် သက်ဆိုင်သော မြန်မာဓလေ့ထုံးတမ်းဥပဒေသည် လူမှုရေးဓလေ့ထုံးတမ်းများဖြစ်သည်။ ဗုဒ္ဓဘာသာရေးနှင့် ရော

---

(၅) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ ၆၀၇။
၁၉၆၅ ခုနှစ်၊ မြန်မာ နိုင်ငံ စီရင်ထုံး၊ ၉၁၃။

ယှက်ခြင်းကင်းသည်။ ထို့ကြောင့် "မြန်မာဗုဒ္ဓဘာသာဥပဒေ"ဟူသော အခေါ် အဝေါ်ပင်လျှင် မှားယွင်းနေကြောင်း စီရင်ထုံးများက ပြခဲ့ကြသည်။ ကျွန်ုပ်တို့ကလည်း အခေါ်အဝေါ်နှင့်တကွ အတွေးအမြင် မှန်ကန်လာစေရန် "မြန်မာဓလေ့ထုံးတမ်းဥပဒေ" ဟုသာမှတ်ခေါ်ဝေါ်လျက် ရှိကြသည်။ ကျမ်းဆရာတို့ကလည်း ယင်းသို့ ရေးသားလျက် ရှိကြပြီ။ (၆)

ချုပ်ပြု
နာစီထိ
နှင့်
အထူးစီ။

တကြိမ်တခါက ဘာသာရေး၊လူမျိုးရေးနှင့်လူမှုရေးကိစ္စဘို့ကို ရောထွေးကျင့်သုံးခဲ့ကြ၍၊ အိမ်ထောင်ရေးကိစ္စများတွင် တိုင်းရင်းသား အမျိုးသမီးတို့များစွာ နစ်နာခဲ့ကြသည်။ တရားရုံးများတွင် အိမ်ထောင်ရေးမှုခင်းများ၌ မမျှမတဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ တရားရုံးများက နိုင်ငံတွင်းနေ တိုင်းရင်းသားတို့ လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေဘို့ကို လေးစားရမည့်အစား၊ နိုင်ငံခြားသားယောကျ်ား လက်ခံသည်ဆိုသောဥပဒေကို ဦးစားပေးသည်များလည်းရှိခဲ့သည်။ ဥပမာ တရုတ်ပြည်သား ယောကျ်ားတဦးနှင့်မြန်မာအမျိုးသမီးတို့၏အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ တရားစီရင်ရာတွင်၊ တရုတ်ဓလေ့ ထုံးတမ်းဥပဒေကို လိုက်နာကျင့်သုံးခဲ့သဖြင့်၊ ယင်းဓလေ့ထုံးတမ်း ဥပဒေကို ကောင်းစွာမသိကျွမ်းသောကြောင့် အမှားမှားအယွင်းယွင်းဖြစ်ခဲ့ရသည်။ မြန်မာအမျိုးသမီးမှာလည်းနစ်နာခဲ့ရသည်။ ယင်းအခြေအနေကို ဟိုက်ကုတ်တရားရုံးက **မရင်မြ နှင့် တန်ယောက်မှု** (၇)တွင် စုံညီခုံရုံးစီရင်ထုံးဖြင့် ပြုပြင်ပြောင်းလဲပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အိုးအိမ်ထူထောင်သော ဗုဒ္ဓဘာသာဝင်တို့သည် မြန်မာဓလေ့ထုံးတမ်းဥပဒေကိုသာ လိုက်နာကြရမည်။ တရားရုံးများက ၎င်းတို့၏ အိမ်ထောင်ရေးခင်းတို့၌ နိုင်ငံခြား ဥပဒေများကိုရှာဖွေသုံးသပ်နေရန်မလို၊ တိုင်းရင်းသားတို့နားလည်ကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေကိုသာ ကျင့်သုံးရမည်ဟုဆုံးဖြတ်ခဲ့သည်ကိုနောက်စီရင်ထုံးများက အခိုင်အမာပြုခဲ့သည်။ (၈)

အိမ်ထောင်ရေးသည် လူမှုရေးကိစ္စဖြစ်သည်အားလျော်စွာ အိမ်ယာထူထောင်ရာ နိုင်ငံ၊ဒေသလူအများက လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေဖြင့်သာ ယင်းအိမ်ထောင်၏ အရေးကိစ္စအဝဝကို ဆုံးဖြတ်သင့်သည်။ သို့မှသာလည်း အိမ်ထောင်သည်များအဖို့မျှတ၊ ရပ်ရွာကလည်း နားလည်လက်ခံနိုင်ပေမည်။ ထိုသို့တွေးခေါ်၍

---

(၆) ဥပမာ "မြန်မာဓလေ့ထုံးတမ်း ဥပဒေ" ဦးမြစိန်ရေး၊ စာတူညီကြိမ်ထုတ်၊ မန္တလေး ၁၉၆၀။ Burmese Customary Law, in *Law and Custom in Burma and the Burmese Family*, Dr. Maung Maung, The Hague 1963.

(၇) ရန်ကုန်စီရင်ထုံး အတွဲ ၅၊ စာ ၄၀၆။

(၈) ဥပမာ ခေါ်ဆိုက် နှင့် ချောင်အာထင်၊ ၁၉၅၁၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် ၁၃၃။ *Law and Custom in Burma*, pp. 61-66.

လည်း ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပေသည်။ ယင်းဥပဒေ၏ ယေဘုယျအကျိုးသက်ရောက်မှုအရ၊ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာ အမျိုးသမီးတဦးဦးနှင့် အိမ်ယာထူထောင်သော အမျိုးသားတဦးဦးသည် ၎င်းက မည်သည့်လူမျိုးပင်ဖြစ်စေ၊ မည်သည့်ဘာသာကိုပင် ကိုးကွယ်စေကာမူ၊ ယင်းအိမ်ထောင်ရေး၊ ကွာရှင်းရေး၊ အမွေဆက်ခံမှု၊ သားသမီးထိန်းသိမ်းမှု စသည်တို့ကို မြန်မာ့ဓလေ့ထုံးတမ်းအရ ဆုံးဖြတ်ပေးရမည်။

ယင်းဥပဒေသည် ပြည့်စုံလုံလောက်သည်ဟု မဆိုသာသေး။ ပျော့ကွက်၊ဟာကွက်များရှိသေးသည်။ လက်တွေ့ကျင့်သုံးရာတွင်လည်း အခက်အခဲများရှိနေသေးသည်။ ဥပဒေပြု အာဏာပိုင်တို့က ကျယ်ဝန်းစွာလေ့လာ၍ လိုအပ်သောဥပဒေများကို သင့်မြတ်သောအခါ၌ ပြုလုပ်ပေးလိမ့်မည်ဟု ယူဆရသည်။

မည်သို့ပင်ဆိုစေ၊ အိမ်ထောင်ရေးသည် လူမှုရေးကိစ္စဖြစ်၍ သက်ဆိုင်သူတို့နှင့် ရပ်ရွာက နားလည်လက်ခံသော ဓလေ့ထုံးတမ်းအရ ဆုံးဖြတ်သင့်ကြောင်း စီရင်ထုံး၊ ဥပဒေတို့က ညွှန်ပြလျက်ရှိသည်။ ဆုံးဖြတ်သင့်သလို ဆုံးဖြတ်နိုင်ရန်ကိုလည်း စီရင်ထုံး၊ ဥပဒေတို့က လမ်းခင်းပေးလျက်ရှိသည်။ ဤသည်ကား မြန်မာနိုင်ငံ၌သာမဟုတ်၊ နိုင်ငံအရပ်ရပ်၌ဖြစ်သည်။

ဤအမှုတွင် ဇနီးသည်ဖြစ်သူ နာစီတီသည်၎င်း၊ ခင်ပွန်းဖြစ်သူ အဖူးစီသည်၎င်း၊ လီစူးအမျိုးသား တောင်ပေါ်သားတို့ဖြစ်သည်။ ၎င်းတို့သည် ခရိယာန်ဘာသာကိုးကွယ်သူများဖြစ်ကြ၍၊ သင်းအုပ်ဆရာက ၎င်းတို့အား လက်ထပ်ပေးခဲ့သည်ဆိုစေကာမူ၊ လီစူးဓလေ့ထုံးတမ်းအရလည်း ပွဲလုပ်ခြင်း၊ လက်ဖွဲ့ခြင်း၊ ကိုယ်ဖိုးပေးခြင်း၊ စသည်တို့ကိုပြုလုပ်ခဲ့သည်ဆို၏။ အိမ်ထောင်ရေး အရေးကြုံလျှင်၊ တရားရုံးသို့မသွား။ ခရိယာန်ဘာသာဝင်တို့နှင့် ဆိုင်သော လင်မယားကွာရှင်းရေး အက်ဥပဒေကိုမကျင့်သုံး၊ ဓလေ့ထုံးတမ်းအရ၊ ရွာလူကြီးများထံကိုသာ သွားရောက်၍ အဆုံးအမကို ခံယူခဲ့ကြသည်။ ၎င်းတို့သည် မြေပြန့်တွင်နေသည်မှန်၏။ သို့ရာတွင် တောင်ပေါ်ဒေသနှင့် ဝေးသည်မဟုတ်၊ တောင်ခြေတွင်နေသည်။ ကချင်ပြည်နယ်နှင့် ကင်းသည်မဟုတ် ပြည်နယ်တွင်း၌ပင် နေသည်၊ လီစူးရွာ၌ အိမ်ယာထူကာ လီစူးဓလေ့ထုံးတမ်းနှင့်ပင် ယဉ်ပါးရင်းနှီးကြသေးသည်။ ထို့ကြောင့်လည်း နာစီတီကကွာလိုမှုစွဲဆိုရာတွင် အဖူးစီသည် လီစူး ဓလေ့ထုံးတမ်းအရ မင်္ဂလာကြေးပေးသွင်းရန် ငြင်းဆန်ပါသည်ဟူ အကြောင်း တကြောင်းပြသည်။ အဖူးစီက အမှုကိုရင်ဆိုင်ရာ၌အက်ဥပဒေစကားကို မဆို၊ မင်္ဂလာကြေးစသည်ကို ပြန်ပေးလျှင် ကွာရှင်းရန်သဘောတူသည်ဟုဆိုသည်။ သူတို့၏စကား၊ သူတို့၏အတွေးသည် အက်ဥပဒေစကား၊အက်ဥပဒေအတွေးမဟုတ်၊ သူတို့၏စိတ်နှလုံးတွင် ကိမ်းဝပ်လျက်ရှိသော ဓလေ့ထုံးတမ်း၊စကား၊အတွေးဖြစ်သည်။

၁၉၆၉

နာဇီတီ နှင့် အထူးစီ။

မလေ့ထုံးတမ်း၏ အလေ့အကျင့်ဖြစ်သည်။ လင်မယားကွာရှင်းလိုမှုသည တရားမကြောင်းဆိုင်ရာကိစ္စဖြစ်၍ သာမန်အားဖြင့်လည်း ၂ ဦးကြေနပ်သဘောတူခြင်းဖြင့်၊ ကိစ္စပြီးမြောက်နိုင်သည်။

ထို့ကြောင့် လီစူးတို့၏ မလေ့ထုံးတမ်းဥပဒေသည် ဤလီစူးဇနီးမောင်နှံတို့၏ အိမ်ထောင်ရေး ကိစ္စတို့တွင် အရေးပိုင်သောဥပဒေ (**Dominant Law**) ဖြစ်သည်။ ယင်းမလေ့ထုံးတမ်းဥပဒေအရ တောင်တန်းခရိုင်ဝန်က ဤအမှုကိုလက်ခံကာ စီမံဆောင်ရွက်ပေးအပ်သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်သည်။ နှစ်ဖက်ကြေနပ်မှုရရှိပါက၊ မှတ်တမ်းတင်ထားရန်သာ ရှိပေလိမ့်မည်။

အကြံဉာဏ်များပေးကြသော ကချင်ပြည်နယ်ဦးစီးအဖွဲ့၊ တိုင်းမင်းကြီး တို့နှင့် ပြည်နယ်ဥပဒေအရာရှိတို့အား ကျွန်ုပ်တို့က ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

# နိုင်ငံတော် တရားရုံးချုပ်

## အထူးရာဇဝတ်အယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးကျော်ဇံဦး တို့ရှေ့တွင်

† ၁၉၆၉
ဩဂုတ်လ ၁၅
ရက်။

## မလှခင် (အယူခံတရားလို)

နှင့်

## ဦးသိန်းမောင် (အယူခံတရားခံ)*

**ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈—မယားစရိတ် လျှောက်ထားမှုများတွင်လက်ထပ် ထိမ်းမြားခြင်းကို စံနှုန်းစံ၍ ပြသရန်မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ထိမ်းမြား လက်ထပ်မှုသည် အရေးကြီးသော လူမှုရေးကိစ္စတရပ် ဖြစ်သော်လည်း မယားစရိတ် လျှောက်ထားမှုများတွင်လက်ထပ်ထိမ်းမြားခြင်းကို စံနှုန်းစံ၍ပြသရန်မလိုပေ။ ဓလေ့ထုံးတမ်းအရလည်း ထိမ်းမြားလက်ထပ်လျှင် တရားဝင်စေရန်အတွက်မည်သည့် အခမ်းအနားမျှမလို။ ကာယကံရှင်နှစ်ဦး သဘောတူညီစွာ ပေါင်းသင်း နေထိုင်သော ဆန္ဒ၊ အပြုအမူနှင့် ကျော်စောသတင်းကိုသာထောက်ထားရမည် ဖြစ်သည်။ ဤကိစ္စမှာအများပြည်သူတို့နှင့် အကျုံးဝင် အရေးကြီးသော အချက်တခုပင် ဖြစ်ပေသည်။

**အယူခံတရားလိုအတွက်။** ။မစ္စတာ ဘီ၊ ကေ၊ ဆင်း။

**အယူခံတရားခံအတွက်။** ။မည်သူမှမလာရောက်။

**တရားသူကြီးဦးကျော်ဇံဦး။** ။ဤအထူး အယူခံမှုကိုခွင့်ပြုရပေမည်။ အကြောင်းပြချက်များမှာမူလရုံးနှင့်အယူခံရုံး (စက်ရှင်) နှစ်ရုံးတို့ကအမှုအဖြစ်အပျက်အကြောင်းခြင်းရာများကို သေချာစွာ စုံစုံလင်လင် လေ့လာ ဆန်းစစ်ကြည့်ရှုပြီး တူညီစွာ အယူခံတရားခံ ပညာအုပ်နှင့် အယူခံတရားလို ကျောင်းဆရာမတို့သည် ရခိုင် ဗုဒ္ဓဘာသာ လူမျိုးဖြစ်ကြသည့်အလျောက် အကြင်လင်မယား အဖြစ် လူသိရှင်ကြား ပေါင်းသင်း နေထိုင်ကြသည်ဟု ဆုံးဖြတ်ချက်ကို ဤရုံး၏ ပြင်ဆင်မှုတွင် တရားသူကြီး ဦးစိန်သင်းက

---

* ၁၉၆၉ ခုနှစ်၊ အထူးရာဇဝတ် အယူခံမှုအမှတ် ၁။

† ၁၉၆၇ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၈၂ (ခ) တွင်၊ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ ဤတရားရုံးချုပ် တရားသူကြီး ဦးစိန်သင်း ချမှတ်သော အမိန့်ကို မကျေနပ်၍ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၈၈ အရ စားစရိတ်အတွက် အထူးအယူခံမှု။

ဝင်ရောက်စွက်ဖက်၍ ၎င်းတို့မှာ အကြင်လင်မယား မဟုတ်ဟု ဆုံးဖြတ်ပြီး ကလေးအား ထောက်ပံ့ချက်ကို အတည်ပြု၍ မယား၏ထောက်ပံ့စရိတ်ကို ပယ်ဖျက်လိုက်သည်က တကြောင်း၊ သက်သေ ထွက်ဆိုချက်များကို စုံစုံလင်လင် အမှန်ကိုရရှိအောင် ဘတ်ကြည့်ရှုခြင်း မပြုသည်ကတကြောင်း၊ ထို့ပြင် ထွက်ဆိုချက်များကို သုံးသပ်ရာ၌ မှားယွင်းနေသဖြင့် အမှု၏ စီရင်ချက်မှာ လမ်းလွဲလမ်းချော်ဖြစ်၍ ပယ်ဖျက်ပေးရန် လုံလောက်ခြင်း ဖြစ်သည်ဟုဆိုသည်။

အသက် ၂၇ နှစ်ရှိ လျှောက်ထားသူနှင့် အသက် ၃၁ နှစ်ရှိ အလျှောက်ခံရသူတို့သည် တယောက်နှင့် တယောက် ချစ်ခင်ကြင်နာကြ၍ သဘောတူ မိဘများက လူကြီးများစုံရာရှေ့တွင် ၁၉၆၄ ခုနှစ်အတွင်း လက်ထပ်ကြပြီး ပေါက်တောမြို့တွင် တအိမ်တည်းမှာပင် ပေါင်းသင်း နေထိုင်ကြရာ ၎င်းမြို့နယ် ပြားသကြွယ်ရွာတွင် အလျှောက်ခံရသူက လျှောက်ထားသူအား မူလတန်းဆရာမအဖြစ်ခန့်ထား၍ ကျောင်းပိတ်ရက်များတွင် ပေါက်တောမြို့သို့လာ၍ အတူတူနေထိုင်ခဲ့ကြရာမှာ ၁၉၆၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် လျှောက်ထားခံရသူသည် သူ၏အမေခေါ်၍ ကျောက်ဖြူမြို့သို့ လိုက်သွားသောအခါ၊ ၁၉၆၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပေါက်တောမြို့ရှိ အစိုးရဆေးရုံတွင်လျှောက်ထားသူသည် သမီးကလေးကို မွေးဖွါးလေသည်။ သို့သော် အလျှောက်ခံရသူသည် ၁၉၆၅ ခုနှစ်၊ မတ် ၂၂ ရက်နေ့တွင် ပြန်ရောက်သော်လည်း အတူပေါင်းဖေါ်နေခြင်းမပြုတော့ပေ။

အထက်ဖေါ်ပြပါ စွပ်စွဲချက်များကို ဖြေဆိုရာတွင် လျှောက်ထားခံရသူက ၎င်းအပေါ် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄ဂဂ အရ မယားစရိတ်တလလျှင် ငွေ ၁၀ဝိ နှင့် သမီးကလေးအတွက်တလလျှင် ငွေ ၅ဝိ၊ စုစုပေါင်းငွေ ၁၅ဝိ တောင်းဆိုထားရာတွင်သူနှင့် မသက်ဆိုင်ဟုဆိုငြားသော်လည်း လျှောက်ထားသူကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှစ၍ “ ထိန်းသိမ်းထားသည်မှာ မှန်ပါသည် ” ဟုဝန်ခံထားသည်။ သို့သော် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ကပင် အိမ်မှဆင်းသွား၍ သူနှင့်မသက်ဆိုင်တော့သည့်အပြင် ဆရာမအနေဖြင့် စားသောက်နေထိုင်ရေး လုံလောက်သဖြင့် သူထံမှ စားစရိတ်တောင်းရန်မလိုဟုဆိုသည်။ သမီးကလေး နှင့်ပတ်သက်၍မူကား တလလျှင် ငွေ ၁၅ ကျပ်သာပေးလိုကြောင်း ရေးသားထားသည်။

သူတို့သည် ထိမ်းမြား လက်ထပ်ကြသည်ကို သက်သေမပြခဲ့သော်လည်း လူသိရှင်ကြား အတူတူပေါင်းသင်း နေထိုင်မှု ရှိသည်ကို ဆန်စက်မန်နေဂျာ ဦးသခ်ါအောင် (လိုပြ-၂)၊ ဆန်စက်ပိုင်ရှင်ဦးကျော်ဇံ (လိုပြ-၉)၊ ဒေါ် စပွါယ်ဖြူ (လိုပြ-၄)၊ ပညာအုပ်၏ မင်းစေ ထွန်းသာအောင် (ခံပြ-၂) နှင့်အငြိမ်းစားကျောင်းဆရာ ဦးစံဦးကျော် (ခံပြ-၄) တို့ကထောက်ခံ၍ထွက်ဆိုကြသည်။ ဦးသခ်ါအောင်က ပေါက်တောမြို့တွင်

ခွဲနံပါ မလှခင် နှင့် ဦးသိန်းမောင်။

အယူခံတရားခံက ပထမတယောက်တည်း နေပြီးနောက် "သူမယား မလှခင် ပေါက်တောသို့ လိုက်လာပြီး တအိမ်တည်းမှာ အတူတူနေကြပါသည်"ဟု တိတိလင်းလင်း ထွက်ဆိုချက်ကို မည်သို့မျှ ပြန်လှန်မေးမြန်းခြင်း မရှိပေ။ အလျှောက်ခံရသူ၏ သက်သေ ကျောင်းဆရာ ဦးလှထွန်းခိုင် (ခံပြ-၃)ကလည်း ထောက်ခံ၍ သူတို့သည် လင်မယား ဖြစ်ကြောင်းကို ကြားသိပါသည်ဟုဆိုသည်။ ထို့အပြင် အလျှောက်ခံရသူ၏ သက်သေ အငြိမ်းစား ကျောင်းဆရာ ဦးစံဦးကျော် (ခံပြ-၄) ကလည်း "ကျွန်တော်က ပညာအုပ် ဦးသိန်းမောင်ကို ဒီကလေးမ ဘယ်ကလဲဟု မေးရာ ၎င်း၏ မယား ဖြစ်ကြောင်းပြောပါသည်" ဟု တိတိကျကျ ထောက်ခံ၍ ထွက်ဆိုထားသည်ကို ပြန်လှန်မေးမြန်းခြင်းတစုံတခုမျှ မပြုလုပ်ခဲ့သည်ကို တွေ့ရသဖြင့် သူတို့မှာ အကြင်လင်မယား ဖြစ်သည်ဟုသာ ယူဆရန်ရှိပေသည်။ သမီးကလေးကို မွေးဖွါးစဉ်ကလည်း အယူခံတရားခံသည် ဆေးရုံသို့လာကြည့်ကြောင်း ဦးကျော်ဇံနှင့် ဒေါ်စပွါယ်ဖြူ (လိုပြ-၃ နှင့် ၄) တို့ကထွက်ဆိုသည်။ အလျှောက်ခံရသူကိုယ်တိုင်ကလည်း "ကျွန်တော်သည် လျှောက်သူမလှခင်နှင့် အတူနေခဲ့ပါသည်။ ပေါက်တောမြို့တွင် သမီးကလေး တယောက်မွေးပါသည်" ဟုကျမ်းကျိန်၍ ထွက်ဆိုပြီး ပြန်လှန်မေးမြန်းရာတွင် "မလှခင်သည် ကျွန်တော့်မိန်းမအဖြစ် တာဝန်ယူပါသည်။ ကလေးကို တာဝန်ယူပါသည်" ဟု ထွက်ဆိုထားပါလျက်နှင့် သားမယားအနေဖြင့် မနေကြပဲ တိတ်တဆိတ် ပေါင်းသင်း စပ်ယှက်လျက် နေကြသည်ဟု ဤရုံး၏ ပြင်ဆင်မှုတွင် တရားသူကြီး ဦးစိန်သင်းက ယူဆချမှတ်ထားသည်မှာ လမ်းလွဲ လမ်းချော် မှားယွင်းခြင်း ဖြစ်နေသည်။ ထိမ်းမြား လက်ထပ်မှုသည် အရေးကြီးသော လူမှုရေး ကိစ္စတရပ် ဖြစ်သည့် အားလျော်စွာ အယူခံတရားခံ၏ ငြင်းချက်များနှင့် သက်သေထွက်ဆိုချက်များအရ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ ၏လိုအပ်ချက်များကို ဖြည့်စွက်ရရှိပြီး ဖြစ်၍ မယားစရိတ်ကို ခွင့်ပြုရန်သာ ရှိပေသည်။ မယားစရိတ် လျှောက်ထားမှုများတွင် လက်ထပ်ထိမ်းမြားခြင်းကို စိစစ်၍ ပြသရန်မလိုပေ။ ဓလေ့ထုံးတမ်းအရလည်း ထိမ်းမြားလက်ထပ်လျှင် တရားဝင်စေရန် အတွက် မည်သည့်အခမ်းအနားမျှ မလို။ ကာယကံရှင် နှစ်ဦးသဘောတူညီစွာပေါင်းသင်းနေထိုင်သောဆန္ဒ၊အပြုအမူနှင့် ကျော်ဇောသတင်းကိုသာ ထောက်ထားရမည်ဖြစ်သည်။ ဤကိစ္စမှာ အများပြည်သူတို့နှင့် အကျုံးဝင် အရေးကြီးသော အချက်တခုပင် ဖြစ်ပေသည်။

အောက်ရုံး နှစ်ရုံးမှ သက်သေထွက်ဆိုချက်များ အရ အမှု၏ အဖြစ်အပျက် အကြောင်းအရာများကို သေချာစွာ သုံးသပ်၍ သဘောတူညီစွာ ဆုံးဖြတ်ထားသည်ကို ဤရုံး၏ ပြင်ဆင်မှုတွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည်မှာမှတရပ်ပင်ဖြစ်သည်။ "ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် မခင်ရီ။ တရားရုံးချုပ်၏ ၁၉၆၉ ခုနှစ်၊

ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄၂(ခ)" သက်သေ ထွက်ဆိုချက်များရှိပြီး ထိုထွက်ဆိုချက်များကို အောက်ရုံးများက လက်ခံယုံကြည်ခဲ့ကြလျှင် ပြင်ဆင်မှုတွင် ထိုထွက်ဆိုချက်များကို တဖန်လေ့လာ ဝေဖန်ခြင်း မပြုလုပ်ပဲ လုံလောက်သော အကြောင်းတစုံတခုမျှ မရှိလျှင် လက်ခံရမည်သာဖြစ်သည်။ *Ma Ain Yu* v. *Dr. Miss A. G. D. Netto and others* (1) စီရင်ထုံးတွင်—

"The practice with regard to the concurrent findings of fact is well established. Such findings will not be disturbed unless there has been a miscarriage of justice or violation of some principle of law or procedure."

ဟု ပြဌာန်းထားသည်။ ထို့ပြင် ***Maung Tun Sein* v. *The Union of Burma*** (2) စီရင်ထုံးတွင်လည်း ဤကဲ့သို့ ပြဌာန်းထားသည်။

"The High Court as a Court of revision will not approach the application as a court of appeal, and will not as a rule go into the evidence but will accept the concurrent findings of facts by the lower courts, except where the judgment of the facts is manifestly wrong and palpably unjust."

သက်သေ ထွက်ဆိုချက်များကို တရားမျှတ ကြည်လင် ဖြောင့်မှန်စွာ လေ့လာဝေဖန်ခဲ့လျှင် သဘောကွဲလွဲယုံမျှနှင့်ပင် ပြင်ဆင်မှုတွင် ပယ်ရှားရန် မဟုတ်ပေ။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့် ဤရုံး၏ ပြင်ဆင်မှုအမိန့်ကို လုံးဝပယ်ဖျက်လိုက်ပြီး ဤအယူခံမှုကို ခွင့်ပြု၍ ပထမအယူခံရုံး (စက်ရှင်)က မယားစရိတ်တလလျှင် ငွေ ၂၅ နှင့် သမီးကလေးအတွက်စရိတ် တလလျှင်ငွေ ၁၅ စုစုပေါင်း ငွေ ၄၀ ကို ပထမလျှောက်ထားသည့်နေ့ (၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) နေ့မှစ၍ ပေးဆောင်စေရန် အမိန့်ကို ကျွန်ုပ်တို့ အတည်ပြုလိုက်သည်။ စရိတ်မရှိ။

(1) 1952 B.L.R. 65, (S.C.) (2) 1954 B.L.R. 293.

## နိုင်ငံတော် တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဗေ တို့ရှေ့တွင်

† ၁၉၆၉

အောက်တိုဘာလ ၅ ရက်။

### မောင်ထွန်းလှိုင် (အယူခံတရားလို)

နှင့်

### ဒေါ်ခင်သန်း (အယူခံတရားခံ)*

**တရားမ ဇာရီမှု—ကန်တော်ကလေး သိန်းဆွေဒွန့် လုပ်ငန်းတွင်အစုစပ်များ ဖြစ်ခြင်း—ကန်တော်ကလေး သိန်းဆွေဒွန့် အမည်ကို သုံးစွဲခြင်းမပြုရန် အစုစပ်လုပ်ငန်းမှ နုတ်ထွက်သွားသူက သဘောတူ ဝန်ခံခဲ့ခြင်း—ကန်တော်ဘုရင် ဆိုသောအမည်ကိုသုံးခြင်းမှာ တစုံတရာဖေါက်ဖျက်ခြင်း ဖြစ်-မဖြစ်။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် မူလက ကန်တော်ကလေး သိန်းဆွေဒွန့် လုပ်ငန်းတွင် အစုရှင်များ ဖြစ်ကြသည်။ ထိုအစုစပ်လုပ်ငန်းမှ အယူခံ တရားလို နုတ်ထွက်သွားသဖြင့် အစုစပ်လုပ်ငန်းဖြစ်သည့်ကန်တော်ကလေး သိန်းဆွေဒွန့်အမည်ကို သုံးစွဲခြင်း မပြုရန် အယူခံတရားလိုက သဘောတူဝန်ခံခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ နှစ်ဦးသဘောတူရာ၌ ကန်တော်ကလေး သိန်းဆွေဒွန့် အမည်ကိုလည်းကောင်း၊ တစိပ်တဒေသဖြစ်သည့် ကန်တော်ကလေး ဆိုသောအမည်ကို အခြားအမည်နှင့် တွဲဖက်၍သော်လည်းကောင်း၊ ကန်တော်ကလေး ဆိုသည့်အမည်နှင့် ဆင်တူရိုးမှား အခြားစကားရပ် တခုခုကိုလည်းကောင်း၊ အယူခံတရားလိုက အသုံးမပြုရန် ရည်ရွယ်ချက်ရှိပေသည်။ ယခုအယူခံတရားလို အသုံးပြုသည့် ကန်တော်ဘုရင် ဆိုသော အမည်မှာ ထိုရည်ရွယ်ချက်အား တစုံတရာ ဖေါက်ဖျက်သည်ဟု မယူဆနိုင်ပေ။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးကိုကိုကြီး (၃)။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

**တရားသူကြီး ဦးသက်ဗေ။** ။ရန်ကုန်မြို့၊ တရားမရုံးတွင် အယူခံတရားပြိုင် ဒေါ်ခင်သန်းက ၎င်း၏မောင်ဖြစ်သူ အယူခံတရားလို ဦးထွန်းလှိုင်အပေါ် ကန်တော်ကလေး

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၂၇။

† ၁၉၆၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၉၂ တွင်၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါ ရန်ကုန်မြို့ တရားမရုံး တတိယ တရားသူကြီးရုံး၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

သိန်းဆုဌာနဆိုသည့် ကုန်တံဆိပ်နှင့်အမည်ကို အသုံးမပြုရန် တားမြစ်ပေးစေလိုမှုစွဲဆိုရာ ၁၉၆၆ ခု၊ အောက်တိုဘာလ ၁၉ ရက်နေ့၌ နှစ်ဦးသဘောတူညီချက်အရ ဒီကရီတချပ်ကို ချမှတ်ခဲ့သည်။ ထိုနှစ်ဦးသဘောတူညီချက် ဒီကရီတွင် ကန်တော်ကလေး သိန်းဆုဌာနဆိုသော အမည်ကိုလည်းကောင်း၊ ထိုအမည်၏ တစိပ်တဒေသကိုလည်းကောင်း၊ ထိုအမည်နှင့် ဆင်တူရိုးမှားကိုလည်းကောင်း ဆက်လက်သုံးစွဲခြင်းမပြုပါဟု ဦးထွန်းလှိုင်က ပေါ်ပြူနှ်ခံခဲ့သည်။

ထိုကဲ့သို့ နှစ်ဦးသဘောတူညီချက် ဒီကရီချမှတ်ပြီးနောက်၊ ဦးထွန်းလှိုင်သည် ကန်တော်ဘုရင် သိန်းဆုဌာနအမည်ဖြစ်သော တံဆိပ်ကိုအသုံးပြုလာသောကြောင့် ဒေါ်ခင်သန်းက ကန်တော်ဘုရင် သိန်းဆုဌာနအမည်ကို သုံးစွဲခြင်းမှတားမြစ်ပေးရန်နှင့် ထိုကဲ့သို့တားမြစ်ပါလျက် လိုက်နာခြင်းမပြုက ဦးထွန်းလှိုင်အား ဖမ်းဆီးပေးရန် ဇာရီမှုလျှောက်ထားခဲ့သည်။ ထိုလျှောက်ထားချက်ကို ဦးထွန်းလှိုင်က ကန့်ကွက်သော်လည်း ဦးထွန်းလှိုင်၏ကန့်ကွက်ချက်ကို လက်မခံပဲဒေါ်ခင်သန်း၏ လျှောက်ထားချက်ကို ခွင့်ပြုလိုက်သဖြင့် ဦးထွန်းလှိုင်ကမကျေနပ်၍ ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေ ဦးကိုကိုကြီးက ကန်တော်ကလေး သိန်းဆုဌာနဆိုသော ကုန်တံဆိပ်အမည်တွင် အစိပ်အပိုင်းနှစ်ခုသာရှိကြောင်း။ ၎င်းတို့မှာ ကန်တော်ကလေးက တပိုင်းဖြစ်ပြီး သိန်းဆုဌာနက ကျန်တပိုင်းဖြစ်ကြောင်း။ အယူခံတရားလိုသည်ကန်တော်ကလေးဆိုသည့်အပိုင်းကို သုံးစွဲခြင်းမပြုပါဟု နှစ်ဦးသဘောတူညီချက် ဒီကရီတွင် ဝန်ခံခြင်းသာဖြစ်ကြောင်း၊ ကန်တော်ကလေး ဆိုသည့်အပိုင်းမှ ထပ်မံ၍စိပ်ဖြာပြီး ကန်တော် ဆိုသောစာလုံးများကိုလည်းကောင်း၊ ကလေး ဆိုသောစာလုံးများကိုလည်းကောင်း၊ အသုံးမပြုပါဟုဝန်ခံခဲ့ခြင်းမဟုတ်၍ ကန်တော်ဘုရင်ဆိုသည့်ကုန်တံဆိပ်အမည်ကို သုံးစွဲခွင့်ရှိကြောင်း တင်ပြသွားသည်။

အယူခံတရားပြိုင်၏ တရားရုံးချုပ်ရှေ့နေဦးသန်းအောင်ကနှစ်ဦးသဘောတူညီချက် ဒီကရီတွင် အယူခံတရားလိုသည် ကန်တော်ကလေး သိန်းဆုဌာနဆိုသော အမည်ကိုလည်းကောင်း၊ ထိုအမည်၏ တစိပ်တဒေသကိုလည်းကောင်း၊ မသုံးစွဲပါဟု ဝန်ခံထားသောကြောင့်၊ ကန်တော်ကလေးဆိုသောအမည်၏ တစိပ်တဒေသဖြစ်သည့် ကန်တော်ဆိုသည့်စကားလုံးများကို မသုံးစွဲနိုင်ကြောင်း ပြန်လည်တင်ပြသွားသည်။ ဦးသန်းအောင်၏ တင်ပြချက်အရဆိုပါက (ကန်) ဆိုသော စာလုံးကိုလည်းကောင်း၊ (တော်) ဆိုသော စာလုံးကိုလည်းကောင်း၊ (က) ဆိုသောစာလုံးကိုလည်းကောင်း၊ (လေး) ဆိုသောစာလုံးကိုလည်းကောင်းအသုံးမပြုရဆိုသည့် အဓိပ္ပါယ်သက်ရောက်သည်။ ၎င်းတို့မှာ စာလုံးများသာဖြစ်သည်။ တခုချင်းအနေဖြင့် တိကျသည့်အဓိပ္ပါယ် လုံးဝမရှိ။

**၁၉၆၉**

**မောင်ထွန်းလှိုင် နှင့် ဒေါ်ခင်သန်း။**

သို့ဖြစ်၍ ထိုစာလုံးများသည် တခုချင်းအနေဖြင့် ကန်တော်ကလေး သိန်းဆုဌာန ဆိုသည့် ကုန်တံဆိပ်အမည်၏ တစိပ်တဒေသဖြစ်သည်ဟု ဆိုရန်ခဲယဉ်းပေသည်။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် မူလကကန်တော်ကလေး သိန်းဆုဌာနလုပ်ငန်းတွင် အစုရှင်များဖြစ်ကြသည်။ ထိုအစုစပ်လုပ်ငန်းမှ အယူခံတရားလိုနုတ်ထွက်သွားသဖြင့် အစုစပ်လုပ်ငန်းဖြစ်သည့် ကန်တော်ကလေး သိန်းဆုဌာနအမည်ကို သုံးစွဲခြင်းမပြုရန် အယူခံတရားလိုက သဘောတူဝန်ခံခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ နှစ်ဦးသဘောတူရာ၌ ကန်တော်ကလေး သိန်းဆုဌာန အမည်ကိုလည်းကောင်း၊ တစိပ်တဒေသဖြစ်သည့်၊ ကန်တော်ကလေးဆိုသော အမည်ကို အခြားအမည်နှင့်တွဲဖက်၍သော်လည်းကောင်း၊ ကန်တော်ကလေး ဆိုသည့်အမည်နှင့် ဆင်တူရိုးမှားအခြားစကားရပ် တခုခုကိုလည်းကောင်း၊ အယူခံတရားလိုကအသုံးမပြုရန် ရည်ရွယ်ချက်ရှိပေသည်။ ယခုအယူခံတရားလို အသုံးပြုသည့် ကန်တော်ဘုရင်ဆိုသော အမည်မှာ ထိုရည်ရွယ်ချက်အား တစုံတရာဖေါက်ဖျက်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ပေ။

သို့ဖြစ်ရာ အယူခံတရားလိုသည် ကန်တော်ဘုရင် သိန်းဆုဌာနအမည်ရှိသော ကုန်တံဆိပ်ကို သုံးစွဲခြင်းအားဖြင့်၊ ၁၉၆၆ ခု၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ချမှတ်ခဲ့သည့် နှစ်ဦးသဘောတူညီချက် ဒီကရီအား ချိုးဖေါက်ခဲ့သည်ဟု မဆိုနိုင်သဖြင့်၊ မူလရုံး၏ ၁၉၆၇ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။

တရားစရိတ်နှင့်ပတ်သက်၍ အမိန့်ချမှတ်ခြင်းမပြု။

# နိုင်ငံတော် တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဦးကျော်ငြိမ်းနှင့် တရားသူကြီး ဦးသက်ဖေ
တို့ရှေ့တွင်

မောင်အင်ဆန်း (အယူခံတရားလို) † ၁၉၆၉

နှင့် ဇူလိုင်လ ၄ ရက်။

၁။ အလုပ်သမား လျော်ကြေး
မင်းကြီး (ပုသိမ်မြို့)
၂။ ဒေါ်စောခင်
(အယူခံတရားခံ) *

**အလုပ်သမားလျော်ကြေး အက်ဥပဒေအရ လျော်ကြေး ရလိုကြောင်း လျှောက်ထားခြင်း— ဥပဒေအရ ပေးရန်ရှိသည်တို့ကို အပြေအကြေ သဘောဖြင့် ၂ ဦးသဘောတူ လက်မှတ် ရေးထိုးထားသောစာကို မှတ်တမ်းတင်ပေးရန် လျှောက်ခြင်း—အလုပ်ရှင်နှင့် သေဆုံးသူ အလုပ်သမား၏ မှီခိုသူတို့ကို ပေးယူပြေကြေရန် သဘောတူသော လျော်ကြေးသည် ဥပဒေ၏ အတိအကျ သတ်မှတ်ထားချက်တို့ကို လွှမ်းမိုးနိုင်သလော၊ သို့မဟုတ် ဥပဒေက သဘောတူညီချက်ကို လွှမ်းသလောဟူသည့် ပြဿနာ—လျော်ကြေးပေးရန် တာဝန်နှင့် လျော်ကြေး၏ ပမာဏကို ဥပဒေက သတ်မှတ်ပြီးဖြစ်၍ ပဋိညာဉ်ဖြင့် လျော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းပြု၍ မရနိုင်။**

အလုပ်ရှင်နှင့် သေဆုံးသူ အလုပ်သမား၏ မှီခိုသူတို့က ပေးယူ ပြေကြေကြရန် သဘောတူသော လျော်ကြေးသည် ဥပဒေ၏ အတိအကျ သတ်မှတ်ထားချက်တို့ကို လွှမ်းမိုးနိုင်သလော၊ သို့မဟုတ် ဥပဒေက သဘောတူညီချက်ကို လွှမ်းသလောဟူသည့် ပြဿနာပေါ်ရာ။

**ဆုံးဖြတ်ချက်။** ။လျော်ကြေးမှု ဖွင့်ပြီးနောက် လျော်ကြေးမင်းကြီးက ဥပဒေနှင့်အညီ စုံစမ်းရာတွင် အချက်အလက်များ ထင်ရှားပြီး၍ အလုပ်ရှင်က လျော်ကြေးပေးရမည့်တာဝန်ရှိသည်ကို တွေ့ရသောအခါ အလုပ်ရှင်အား ဥပဒေက သတ်မှတ်သော လျော်ကြေးကို ပေးရန်ကိုသာ ညွှန်ကြားနိုင်လေသည်။ ထိုထက်လျော့နည်းသော လျော်ကြေးကိုသတ်မှတ်ပိုင်ခွင့်မရှိ။လျော့နည်းသော ငွေကို ပေးခြင်းဖြင့်လည်း အလုပ်ရှင်၏ လျော်ကြေးပေးရန်တာဝန် ကျေပွန်မည်မဟုတ်ချေ။ လျော်ကြေးပေးရန်တာဝန်နှင့် လျော်ကြေး၏ ပမာဏကိုဥပဒေက သတ်မှတ်ပြီးဖြစ်သည်။ ပဋိညာဉ်ဖြင့်လျော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းပြု၍မရတော့ချေ။

---

* ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၆၈။

† ၁၉၆၇ ခုနှစ်၊ အမှုအမှတ် ၆ တွင် ပုသိမ်မြို့၊ အလုပ်သမား လျော်ကြေးမင်းကြီး ရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၉

မောင်အင်ဆန်း နှင့် ၁။ အလုပ်သမား လျော်ကြေးမင်းကြီး (ပုသိမ်မြို့)။ ၂။ ဒေါ်စောခင်။

အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေး ရပိုင်ခွင့်သည် အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့် ဖြစ်ကြောင်းကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ ပုဒ်မ ၅ (၆)တွင်ထပ်မံ၍အလေးအနက်ပြုကာ ဖော်ပြထားသည်။ အလုပ်သမား လျော်ကြေး အက်ဥပဒေသည်လည်း ယင်းဥပဒေတွင် အကျုံးဝင်သည်။

**အယူခံတရားလိုအတွက်။** ။မစ္စတာ အင်၊ စီ၊ ဆင်း။

**ရှုံးသဟာယအတွက်။** အစိုးရတရားရုံးချုပ်ရှေ့နေကြီး ဒေါ်မြသန်းနု။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။လျှောက်ထားသူ ဦးအင်ဆန်း ပိုင်သော "ရွှေစကြာ" မော်တော်သည်၊ ရန်ကုန် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ မီးလောင်လေသည်။ မော်တော် ဆီလောင်း အလုပ်သမား ကိုထွန်းကြည်သည် မီးလောင် ဒဏ်ရာများဖြင့် ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သေဆုံးသည်။

ကိုထွန်းကြည်တွင် ဇနီး၊ သားသမီးမရှိ။ မိခိုသူ မိခင် ဒေါ်စောခင်က ပုသိမ်မြို့ အလုပ်သမား လျော်ကြေးမင်းကြီးထံ ထိုက်သင့်သော လျော်ကြေး ရလိုကြောင်းဖြင့် ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် လျှောက်ထားရာ၊ လျော်ကြေးမင်းကြီးက ဦးအင်ဆန်းအား အကြောင်းကြားပြီးနောက် ပဏာမ စုံစမ်းခြင်းပြုသည်။ ၁၉၆၈ ခုနှစ်၊ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဦးအင်ဆန်းက ၎င်းသည် အလုပ်သမား လျော်ကြေး ဥပဒေအရ ပေးရန်ရှိသည်တို့ကို အပြေအကြေ သဘောဖြင့် ဒေါ်စောခင် အားငွေ ၁,၀၀၀ ကျပ်ကို ပေးရန်သဘောတူပါသည်။ ဒေါ်စောခင်ကလည်း လက်ခံရန် သဘောတူပါသည်။ ထို့ကြောင့် ပုံစံကျ ၂ ဦး သဘောတူ လက်မှတ်ရေးထိုးထားသော စာကို မှတ်တမ်းတင်ပေးပါမည့် အကြောင်း လျှောက်ထားသည်။

လျော်ကြေးမင်းကြီးက ဦးအင်ဆန်း၏ လျှောက်လွှာကို စဉ်းစားပြီးနောက်၊ ကိုထွန်းကြည်သည် အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာရခြင်းကြောင့် အသက်ဆုံးရှုံးရသည်မှာ ထင်ရှားသဖြင့် အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၄ (၁) (အေ) အရ၊ အနည်းဆုံး ထိုက်သင့်သော လျော်ကြေးသည် ငွေ ၂,၁၆၀ ကျပ် ဖြစ်သည်။ ထို့ကြောင့် ပေးရန်သဘောတူသည်ဆိုသော လျော်ကြေးသည် ဥပဒေကပြဋ္ဌာန်းသော အနည်းဆုံး လျော်ကြေးနှင့်မညီ၊ နည်းနေသည်ဟု တွေ့ရှိကာ သဘောတူစာကို မှတ်တမ်းမတင် ခဲ့ချေ။

ထို့နောက် အလုပ်သမားလျော်ကြေး နည်း ဥပဒေ ၄၇ အရ ဆက်လက်ဆောင် ရွက်ကာ ဦးအင်ဆန်းအား အကြောင်းကြားပြီးနောက် လျော်ကြေးငွေ ၂,၁၆၀ ကျပ်

ကို လျော်ကြေးမင်းကြီးမှတဆင့် ဒေါ်စောခင်သို့ ပေးရန် ငွေသွင်းစေရန် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ညွှန်ကြားသည်။ အချိန်ပေးသော်လည်း ဦးအင်ဆန်းက ငွေမသွင်းသောကြောင့် အက်ဥပဒေ ပုဒ်မ ၂၈ (၁) (ဒီ) က နှင်းအပ်သောအာဏာကို သုံးစွဲ၍၊ ယင်းလျော်ကြေးကို ပေးစေရန် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမိန့်ချမှတ်သည်။

၁၉၆၈

မောင်အင်ဆန်း နှင့် ၁။ အလုပ်သမား လျော်ကြေးမင်းကြီး (ပုသိမ်မြို့)။ ၂။ ဒေါ်စောခင်။

၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင်၊ ဦးအင်ဆန်းက ငွေ ၁,၀၀၀ိ ပေးသွင်း၍ ယင်းငွေကို ဒေါ်စောခင်အား ပထမအရစ် အနေဖြင့် လျော်ကြေးမင်းကြီးကပေးပြီးပြီ။ ဤအချက်တို့သည် လျော်ကြေးမင်းကြီးတို့၏ အမှုတွဲနှင့် နေ့စဉ် မှတ်တမ်းတွင်ပေါ်လွင်သည်။ ကျန်ငွေ ၁,၁၆၀ိ ကို တင်သွင်းကာ ဦးအင်ဆန်းက အက်ဥပဒေပုဒ်မ ၃၀ အရ ဤရုံးသို့ အယူခံဝင်သည်။

အယူခံလွှာတွင် လျော်ကြေးမင်းကြီးသည် ဦးအင်ဆန်း-ဒေါ်စောခင်တို့က ငွေ ၁,၀၀၀ိ ဖြင့် ပြေကြေကြရန် သဘောတူခြင်းကို မှတ်တမ်းတင်ရန်သာ ရှိပါသည်။ လိမ်လည်၍၊ မလျော်သောနည်းကို သုံးစွဲ၍ ဦးအင်ဆန်းက ဒေါ်စောခင်ကို လက်မှတ်ရေးထိုးစေခဲ့သည်ဟု မပေါ်ပါ။ ငွေ ၁,၀၀၀ိ သည် အဆမတန် နည်းသည်လည်း မဆိုနိုင်ပါ။ ထို့ကြောင့် ပုဒ်မ ၂၈(၁)(ဒီ) ပါ အာဏာကို လျော်ကြေးမင်းကြီးက မသုံးစွဲနိုင်ပါ စသည်ဖြင့် ဖော်ပြထားသည်။

အလုပ်ရှင်နှင့် သေဆုံးသူ အလုပ်သမား၏ မှီခိုသူတို့က ပေးယူပြေကြေကြရန် သဘောတူသော လျော်ကြေးသည် ဥပဒေ၏ အတိအကျ သတ်မှတ်ထားချက်တို့ကို လွှမ်းမိုး နိုင်သလော၊ သို့မဟုတ် ဥပဒေက သဘောတူညီချက်ကို လွှမ်းသလော ဟူသည့် ပြဿနာပေါ်သည်ဟု အယူခံကို ပထမကြားနာခဲ့သော ခုံရုံးက ယူဆခဲ့လေသည်။ ထို့ကြောင့် ဤစုံညီခုံရုံးကိုဖွဲ့၍၊ နိုင်ငံတော် ရှေ့နေချုပ်အား ရုံးသဟာယ အဖြစ် ဖိတ်ခေါ်ကာ ထပ်မံ၍ အကျယ်တဝင့် ကြားနာခဲ့ခြင်းဖြစ်ပေသည်။

ရှေ့နေကြီး မစ္စတာဆင်းက အက်ဥပဒေ ပုဒ်မ ၃ (၇) (ဘီ)က၊ နှစ်ဖက်သဘောတူကြပြီးလျှင် လျော်ကြေးရလိုမှုကို တရားမရုံးတွင်ပင် တရားမစွဲနိုင်ကြောင်း၊ ထို့ကြောင့် သဘောတူချက်ကို ဥပဒေက အသိ အမှတ် ပြုကြောင်း။ ဥပဒေကအသိအမှတ်ပြု၍ ဖော်ပြပြဋ္ဌာန်းထားသော သဘောတူစာကို လျော်ကြေးမင်းကြီးက၊ မှတ်တမ်းတင်ရန်သာ ရှိကြောင်း။ လိမ်လည်ခြင်းစသည်ရှိမှ၊ သို့မဟုတ် ပြေကြေငွေမှာ လွန်စွာ နည်းမှသာ ငြင်းဆန်နိုင်ပါသည်ဟု တင်ပြသည်။

ရုံးသဟာယ၊ နိုင်ငံတော် ရှေ့နေချုပ်ကိုယ်စား၊ အစိုးရ ရှေ့နေကြီး ဒေါ်မြသန်းနုက လျော်ကြေးဟူသည် အက်ဥပဒေက သတ်မှတ်သော လျော်ကြေးဖြစ်သည်ဟု အက်

၁၉၆၉
မောင်အင်ဆန်းနှင့်
၁။ အလုပ်သမား လျော်ကြေးမင်းကြီး (ပုသိမ်မြို့)။
၂။ ဒေါ်စောခင်။

ဥပဒေ၏ ပုဒ်မ ၂(၁)(စီ) တွင် အတိအလင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အလုပ်သမား သေဆုံးခြင်း အတွက် ပုဒ်မ ၄ (၁) (အေ) တွင် အနည်းဆုံး ၂,၁၆၀ိ လျော်ကြေးသတ်မှတ်ပါသည်။ထို့ကြောင့် ဤအမှုနှင့်ပတ်သက်၍ ပုဒ်မ ၃ (၇)(ဘီ) က ရည်ညွှန်းသော လျော်ကြေးသည်လည်း အနည်းဆုံး ၂,၁၆၀ိ သာဖြစ်ရပါမည်။ ထို့ထက်လျော့နည်းသော ပြေကြေငွေသည် လျော်ကြေးမမည်ပါ။ ပုဒ်မ ၁၇ အရလည်း အလုပ်ရှင်က လျော်ကြေးပေးရန် တာဝန်ကို အလုပ်သမားဖက်မှ ကြေနပ် သဘောတူချက်ဖြင့်၊ ပယ်ဖျက်ခြင်း၊ လျော့ပေါ့ခြင်းမပြုနိုင်ပါ။ ဥပဒေက ပဋိညာဉ်ကို လွှမ်းသည်ဟု အတိအကျပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ဥပဒေအရ သတ်မှတ်ထားပြီးသော လျော်ကြေးထက် လျော့နည်းသော ပြေကြေငွေကိုပေးရန် အလုပ်ရှင်၏ သဘောတူစာကို မှတ်တမ်းမတင်ခြင်းသည် ဥပဒေနှင့်ညီကာ နည်းလမ်း ကျနပါသည်ဟု ဒေါ်မြသန်းနုက ဆိုသည်။

ဤအမှုသည် ကိုထွန်းကြည် သေဆုံးပြီး ၉ လ ကျော်ကြာမြင့်ပြီးမှ လျော်ကြေး အပြည့်အဝမရ၍ ဒေါ်စောခင်က သွားရောက်၍ လျော်ကြေးရလိုကြောင်း လျှောက်ထားရာမှ ပေါ်ပေါက်ခြင်း ဖြစ်သည်။ အလုပ်ရှင်နှင့် နစ်နာသူတို့ ကြေကြေအေးအေး ဖြစ်ခဲ့ပြီးနောက်မှ အကြောင်း တစုံတရာကြောင့် ဖြစ်ပွါးရသော အမှု မဟုတ်။ ဦးအင်ဆန်းသည် မော်တော် မီးလောင် ဆုံးရှုံးရသည့်ပြင်၊ ဇနီး၊ သားသမီးများလည်း မီးလောင်ရာတွင် ပျက်စီးရသည်ဆို၏။ ထို့ကြောင့်လည်း သေဆုံးသူ အလုပ်သမား ကိုထွန်းကြည် အတွက် ပေးရန် လျော်ကြေးကို အပြည့်အဝ အဆောဘလျင် မပေးခဲ့နိုင်သေးခြင်းဖြစ်နိုင်သည်။

မည်သို့ပင် ဆိုစေ၊ လျော်ကြေးမှု ဖွင့်ပြီးနောက်၊ လျော်ကြေးမင်းကြီးက ဥပဒေနှင့်အညီ စုံစမ်းရာတွင် အချက်အလက်များ ထင်ရှားပြီး၍ အလုပ်ရှင်က လျော်ကြေးပေးရမည့် တာဝန်ရှိသည်ကို တွေ့ရသောအခါ အလုပ်ရှင်အား ဥပဒေက သတ်မှတ်သောလျော်ကြေးကို ပေးရန်ကိုသာ ညွှန်ကြားနိုင်လေသည်။ ထို့ထက်လျော့နည်းသော လျော်ကြေးကို သတ်မှတ်ပိုင်ခွင့်မရှိ။ လျော့နည်းသော ငွေကို ပေးခြင်းဖြင့်လည်း အလုပ်ရှင်၏ လျော်ကြေးပေးရန် တာဝန်ကျေပွန်မည်မဟုတ်ချေ။ လျော်ကြေးပေးရန် တာဝန်နှင့် လျော်ကြေး၏ ပမာဏကို ဥပဒေက သတ်မှတ်ပြီး ဖြစ်သည်။ ပဋိညာဉ်ဖြင့် လျော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းပြု၍ မရတော့ချေ။

သဘာဝ ယုတ္တိအားဖြင့်လည်း၊ ဥပဒေအရ အနည်းဆုံး လျော်ကြေးငွေ ၂,၁၆၀ိ ရမည်ဟု သိသော ဒေါ်စောခင်သည် ငွေ ၁,၀၀၀ိ ဖြင့် ကျေနပ်မည် မဟုတ်။ ဥပဒေအရ၊ ရထိုက်သော လျော်ကြေးကို မသိသေးမီကသာ ၁,၀၀၀ိ ရလျှင်လည်း ယူရန် အသင့်ရှိခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ လျော်ကြေးမင်းကြီးက ၎င်း၏ ရပိုင်ခွင့် ရှိသော

ၜ၉၆၉

မောင်အင်ဆန်းနှင့်
၁။ အလုပ်သမား လျှော်ကြေးမင်းကြီး (ပုသိမ်မြို့)။
၂။ ဒေါ်စောခင်။

လျှော်ကြေးကို ရှင်းလင်း ဖော်ပြပြီးသော အခါ၌၊ ဒေါ်စောခင်က ၁,၀၀၀ သာလျှင် ယူလိုပါသည်ဟု ဆိုသည်ကို မတွေ့ရ။

အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျှော်ကြေးရပိုင်ခွင့်သည် အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့် ဖြစ်ကြောင်းကို ၁၉၆၄ ခုနှစ်၊ ပြည်သူ့ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၅ (၆) တွင်၊ ထပ်မံ၍ အလေးအနက်ပြုကာ၊ ဖော်ပြထားသည်။ အလုပ်သမား လျှော်ကြေး အက်ဥပဒေသည်လည်း ယင်း ဥပဒေတွင် အကျုံးဝင်သည်။ လျှော်ကြေး ကိစ္စများကို မြန်ဆန်စွာ စိစစ်၍ ဥပဒေနှင့် အညီ မျှတစွာ ဆောင်ရွက်လျက်ရှိကြသည်ဟုလည်း သိရပေသည်။ ဤအမှုတွင်လည်း လျှော်ကြေးမင်းကြီးသည် ကောင်းစွာ နှစ်ဖက်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းခြင်း၊ လိုအပ်သော အချိန်ကိုပေးခြင်း၊ ဥပဒေကို သုံးသပ်ခြင်းတို့ကို ပြုခဲ့ပေသည်။

အလုပ်သမား လျှော်ကြေးနှင့် အလုပ်သမားရေးရာကိစ္စများ၊ လယ်ယာမြေ ကိစ္စများ၊ စသည်တို့၌ ဒေသဆိုင်ရာ ကော်မီတီများ၊ အုပ်ချုပ်ရေး ဆိုင်ရာများက တာဝန်ယူ၍ အချက်အလက် အပြည့်အစုံကို နေရာတွင် စုံစမ်းခြင်း၊ နှစ်ဖက် ပုဂ္ဂိုလ်တို့ကို ရင်းနှီးစွာ ညှိနှိုင်းခြင်းဖြင့် ပြေလည် ပြီးမြောက်စေသော ယနေ့ ကျင့်သုံးလျက်ရှိသော စနစ်သည် သင့်မြတ်ပေသည်။ ယင်း ကော်မီတီများ၊ အုပ်ချုပ်ရေး ဆိုင်ရာများသည်လည်း၊ ဥပဒေ လုပ်ထုံးနှင့် အညီ၊ တရားမျှတသောစိတ်ဖြင့် စုံစမ်းစစ်ဆေး ဆုံးဖြတ်နိုင်ကြသည်သာ ဖြစ်ပေသည်။ တရားရုံးတွင် စွဲတင်မှသာ တရားမျှတမှုကို ရနိုင်သည် မဟုတ်။ တရားမျှတမှုသည် တရားရုံးများ၌သာ ကိမ်းဝပ်သည်မဆိုနိုင်။ တရားမျှတခြင်းကို မြတ်နိုးရာ နေရာတိုင်း၌ ထွန်းကားမည်သာ ဖြစ်သည်။ အလုပ်သမားရေးရာ ကော်မီတီများ၊ တောင်သူ လယ်သမား ရေးရာ ကော်မီတီများ၊ စသော ပြည်သူ့ ရေးရာ ကော်မီတီများတွင် ပြည်သူတို့သည် ပြည်သူ့ အရေးကိစ္စတို့၌ ပါဝင် စီမံခန့်ခွဲလျက် ရှိကြသည်။ ၎င်းတို့၏ အဆုံး အဖြတ်သည် ဒေသ အခြေအနေတို့နှင့် နီးကပ်သည်။ အများ နားလည် လက်ခံ နိုင်သည်နှင့် အမျှ တရားမျှတသည်။ ကျွန်ုပ်တို့သည် ဥပဒေက အပ်နှင်းသည့် တာဝန် အရ၊ လိုအပ်သော အခါများ၌ တရားဥပဒေကို ညွှန်ပြခြင်း၊ အစီပွါယ်ဖွင့်ဆိုခြင်းများကို ပြု၍ ပြည်သူ့ ရေးရာ ပြည်သူတို့ စီမံခန့်ခွဲကြခြင်းကို အထောက်အကူ ပြုကြရန် ဖြစ်ပေသည်။

ဤဥပဒေနှင့်အညီ မျှတစွာ ညှိနှိုင်းဆုံးဖြတ်ထားသည်ကို တွေ့ရသောကြောင့် အယူခံကို ပယ်သည်။ အယူခံတရားလိုသည်လည်း ဆုံးရှုံးနစ်နာခဲ့ရသူဖြစ်၍၊ ၎င်းအပေါ် စရိတ်သတ်မှတ်ခြင်းမပြု။

# နိုင်ငံတော်တရားရုံးချုပ်

## ၂ ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

† ၁၉၆၉ ——— ဇူလိုင်လ ၁၈ ရက်။

### ဦးထွန်းရင် (ပြင်ဆင်ရန် လျှောက်ထားသူ)

နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံ (ပြင်ဆင်ရန် လျှောက်ထားခံရသူ)*

**ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရ မှုမြစ်ထင်ရှားစီရင်ခြင်း—— သက်သေ အက်ဥပဒေ ပုဒ်မ ၇၄(ဃ) အရ အစစ်ခံချက်များရယူခြင်း——ယင်းသို့ ရယူစဉ် တရားခံမရှိခြင်း——သက်သေအက်ဥပဒေ ပုဒ်မ ၅၃ အရ သက်သေခံ ဝင်-မဝင်။**

အယူခံတရားလိုအား ကျွန်းသစ်များနှင့် ပတ်သက်၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ အရ အရေးယူခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သစ်တော အရာရှိများသည်တွေ့ရှိရသော ကျွန်းသစ်နှင့် ကျွန်းပျဉ်များကို စာရင်းပြုလုပ်ထားသည်။ သစ်တောဝန်ထောက်သည် ထိုနေရာတွင်ပင် သစ်တော အက်ဥပဒေ ပုဒ်မ ၇၄(ဃ)အရ ဦးညီမောင်၏ အစစ်ခံချက် သက်သေခံအမှတ် (ဂ)၊ ဦးဥတ္တရ၏ အစစ်ခံချက် သက်သေခံ အမှတ် (ဃ)၊ မောင်မြခိုင်၏ အစစ်ခံချက်၊ သက်သေခံအမှတ် (င)တို့ကို ရယူခဲ့လေသည်။ ယင်းသို့ သက်သေများကို စစ်ဆေးစဉ် အခါက အယူခံ တရားလို မရှိပေ။ ထို့ကြောင့် သက်သေခံအမှတ် (ဂ) (ဃ) (င)တို့မှာ သစ်တော အက်ဥပဒေ ပုဒ်မ ၅၃ အရ သက်သေခံ မဝင်နိုင်ပေ။

**ပြင်ဆင်ရန်လျှောက်ထားသူအတွက်။** ။တရားရုံးချုပ်ရှေ့နေကြီး ဦးသန်းမောင်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေကြီး ဦးမြရှိန်။

**တရားသူကြီး ဦးချစ်။** ။လျှောက်ထားသူ ဦးထွန်းရင်နှင့် ဦးဥတ္တရ (တွဲဘက် တရားခံ) တို့ အပေါ် ပြည်သူပိုင် ပစ္စည်းကာကွယ်ရေး အက် ဥပဒေ ပုဒ်မ ၆ (၁) အရ ပြစ်မှုထင်ရှား စီရင်၍ အလုပ်နှင့် ထောင်ဒဏ် (၄) လ စီ ကျခံစေရန် တွဲဘက် တရားခံများဖြစ်ကြသော ဦးညီမောင်နှင့် ကိုမြခိုင်တို့အပေါ် ယင်းအက်ဥပဒေပုဒ်မ

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၁(ခ)။

† ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၆၀ တွင် ချမှတ်သော ၁၉၆၉ ခုနှစ်၊ စက် တင်ဘာလ ၂၀ ရက်နေ့စွဲပါ၊ပျဉ်းမနားမြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ သင်ခြင်းမှု။

၁၉၆၉

ဦးထွန်းရှင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၆ (၁)/၉ အရ မှုပြစ်တွေ့ရှိရသဖြင့် ရုံးတက် ရုံးဆင်း ထောင်ဒဏ်(၁) ရက်စီ နှင့် ဒဏ်ငွေ ၃၀ိ စီ ပေးဆောင်စေ၊ ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် (၁) လ စီ ကျခံစေရန် ပျဉ်းမနားမြို့၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံး၌ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၅၆၀ တွင် အမိန့်ချမှတ်ခဲ့လေသည်။ လျှောက်သူ ဦးထွန်းရင်နှင့် တွဲဘက် တရားခံ ဦးဥတ္တရတို့က ၎င်းတို့အပေါ် ချမှတ်ထားသော အမိန့်ဘို့ကို မကျေနပ်သဖြင့် ပျဉ်းမနားမြို့၊ စက်ရှင် တရားသူကြီးရုံး၊ ၁၉၆၈ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၇၆ နှင့် ၈၆ တို့တွင် သီးခြားရှိ အယူခံဝင်ခဲ့ကြရာ စက်ရှင်တရားသူကြီးက မူလရုံး အမိန့်ကို အတည်ပြု၍ ၎င်းတို့၏ အယူခံလွှာများကို ပလပ်ခဲ့လေသည်။ လျှောက်သူဦးထွန်းရင်က ယင်းစက်ရှင် တရားသူကြီး၏ အမိန့်ကို မကျေနပ်ပြန်သဖြင့်၊ ဤရုံးတွင် ပြင်ဆင်မှုဖွင့်လေသည်။ ဦးဥတ္တရက ပြင်ဆင်မှု လျှောက်ထားခြင်း မရှိပေ။

လျှောက်သူ ဦးထွန်းရင် အပေါ် ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ မှုပြစ်တွေ့ရှိခြင်းမှာ အကြောင်းချင်းရာ အပေါ်တွင် သုံးသပ်ပြီး တွေ့ရှိချခြင်းဖြစ်ရကား မူလရုံးနှင့် အယူခံရုံးတို့၏ တသဘောတည်း တွေ့ရှိချက်ကို ဤပြင်ဆင်မှု ရုံးက အလွယ်တကူပယ်ဖျက်ပေးနိုင်ရန် ခဲယဉ်းပေသည်။ သို့သော် ယင်းကဲ့သို့ တသဘောတည်း တွေ့ရှိထားခြင်းမှာ အလွန်မှားယွင်းချွတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေလျှင် ဤရုံးကဝင်ရောက်စွက်ဖက်နိုင်သည်။ **မောင်ထွန်းစိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၁) အမှုကိုကြည့်လေ။ မူလရုံးနှင့် အယူခံရုံးတို့က လျှောက်သူ ဦးထွန်းရင်အမှုနှင့်ပတ်သက်၍ အကြောင်းချင်းရာအပေါ် တသဘောတည်း တွေ့ရှိထားချက်မှာ မှားယွင်းချွတ်ချော်၍ တရားမျှတမှုကင်းမဲ့ခြင်းရှိ မရှိကို သုံးသပ်ရန် လိုအပ်ပေသည်။

အမှုအကြောင်းချင်းရာနှင့်ပတ်သက်၍ မူလရုံး၏ စီရင်ချက်တွင် ပြည့်စုံစွာဖော်ပြ ထားပြီးဖြစ်သည်။ ယခုပြင်ဆင်မှုကို သုံးသပ်ရာ၌ အရေးကြီးသော အချက်အလက် များကိုသာလျှင် ဖော်ပြသွားပေမည်။ လျှောက်သူဦးထွန်းရင်သည် စီပင်ကြီးရွာ ဦးဥတ္တရ ကျောင်းဝင်းအတွင်းရှိ မူလတန်းစာသင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဖြစ်သည်။ ၎င်းသည် သားမယားများနှင့်အတူ ဆင်သေရွာတွင် နေထိုင်သည်။ ကျောင်းဖွင့်သောနေ့များတွင် စက်ဘီးနှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိကျောင်းသို့ သွား၍စာသင်သည်။ ဘုန်းကြီးဦးဥတ္တရသည် ဆွမ်းစားကျောင်းနှင့် စောင်းတန်းများ ကိုပြင်ဆင်ရန် သစ်ရိုင်းများကို ခုတ်လှဲခွင့်နှင့် လွှစင်ဆောက်ခွင့်ကို သက်ဆိုင်ရာ သစ်တောဌာနမှတောင်းခံရယူထားသည်ဆိုသည်။ ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော် စာ ၂၉၃။

၁၉၆၉

ဦးထွန်းရင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တွင် သစ်တောအရာရှိများသည် ဦးဥတ္တရကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ လှစင်ပေါ်တွင် ခွဲစိတ်နေဆဲဖြစ်သော သစ်ထုတ်လုပ်ရေးအဖွဲ့မှတံဆိပ်ရိုက်နှိပ်ထားသည့် ကျွန်းလုံး ၁ လုံးကိုတွေ့ရသည်။ ထို့ပြင် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ နောက်ထပ် ကျွန်းသစ်လုံး ၂ လုံးကို တွေ့ရပြန်သည်။ ထို့ပြင် ဦးဥတ္တရကျောင်းပေါ်၌ ခွဲပြီးသော ကျွန်းပြင်များကို တွေ့ရလေသည်။ စုစုပေါင်းတန်ဘိုးမှာ ကျပ် ၃,၀၀၀ ကျော်မျှ တန်သည်ဟုဆိုသည်။ ထိုစဉ်အခါက ဦးထွန်းရင်သည် ဘုန်းကြီးကျောင်းတွင်မရှိပေ။ ဦးဥတ္တရသာလျှင်ရှိနေသည်။ သစ်တောအရာရှိများသည် တွေ့ရှိရသော ကျွန်းသစ်နှင့် ကျွန်းပျဉ်များကို စာရင်းပြုလုပ်၍ထားသည်။ သက်သေခံအမှတ် (က) နှင့် (က-၁) တို့ဖြစ်သည်။ သစ်တောဝန်ထောက် ဦးတင်မောင် (လိုပြ-၂) သည် ထိုနေရာတွင်ပင် သစ်တောအက်ဥပဒေပုဒ်မ ၇၄(ဃ)အရ ဦးညီမောင်၏အစစ်ခံချက်၊ သက်သေခံ အမှတ် (ဂ)၊ ဦးဥတ္တရ၏အစစ်ခံချက်၊ သက်သေခံအမှတ် (ဃ)၊ မောင်မြခိုင်၏ အစစ်ခံချက်၊ သက်သေခံအမှတ် (င)၊ ဦးထွန်းရင်၏အစစ်ခံချက်၊ သက်သေခံအမှတ် (စ) တို့ကို ရယူခဲ့လေသည်။ ထို့နောက် ထိုသစ်တောအရာရှိကပင် ၁၉၆၇ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မောင်ညီမောင်၏အစစ်ခံချက် သက်သေခံအမှတ် (ဆ)၊ မောင်မြခိုင် ၏အစစ်ခံချက်၊ သက်သေခံအမှတ် (ဇ) တို့ကိုလည်း နောက်ထပ်ရယူလေသည်။ ယင်းကဲ့သို့ ၁၉၆၇ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်သက်သေများကိုစစ်ဆေးစဉ်အခါက ဦးထွန်းရင်မရှိပေ။ ထို့ကြောင့် သက်သေခံအမှတ် (ဂ)၊ (ဃ)၊ (င) တို့မှာ သစ်တော အက်ဥပဒေပုဒ်မ ၅၃ အရ သက်သေခံမဝင်နိုင်ပေ။ မူလရုံးက ယင်းသက်သေခံမဝင် သော စစ်ချက်များကို ထည့်သွင်းစဉ်းစား၍ လျှောက်သူအပေါ် အသုံးပြုထားသဖြင့် ဥပဒေအရ မှားယွင်းနေသည်ကို တွေ့ရလေသည်။

ထို့အပြင် လျှောက်သူတရားခံဦးထွန်းရင်နှင့် တွဲဘက်တရားခံ ဦးဥတ္တရတို့သည် အချင်းဖြစ် ကျွန်းသစ်များနှင့်ပတ်သက်၍ တယောက်အပေါ်တယောက် အပြန်ပြန် အလှန်လှန်ပုံချကြသဖြင့် ယင်းသို့တယောက်အပေါ်တယောက် အပြစ်ဆို ပုံချထား ခြင်းမှာလည်း တရားလိုဘက်မှ စစ်ဆေးစဉ်ကတည်းက ပေါ်လွင်လျက်ရှိနေရာကား ဤအမှုတွင် တရားခံနှစ်ဦးအား တပေါင်းတည်းပေါင်း၍ အမှုစစ်ဆေးထားခြင်းကို **ဘိုးသိန်း နှင့် ဘုရင်** (၂)၊ **မောင်မောင်မြ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ** (၃) အမှုတို့ အရ၊ မှားယွင်းနေသည်ကို တွေ့ရှိရသည်။ ထိုတရားခံနှစ်ဦးအား အမှုကိုခွဲစစ်ဆေးရန် လိုပေသည်။ ယခုအခါ၌ ယင်းစစ်ဆေးထားသောအမှုများကို ပယ်ဖျက်ပြီး နောက်ထပ် အမှုသစ်ပြန်လည်စစ်ဆေးရန်မှာ ယခုလျှောက်သူဦးထွန်းရင်အပေါ် စစ်ဆေးထားသော

(၂) ၁၉၄၇ ခုနှစ်၊ ရန်ကုန် စီရင်ထုံး၊ စာ ၃၇၉။

(၃) ၁၉၅၆ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး၊ တရားလွှတ်တော် စာ ၂၉၄။

၁၉၆၉

ဦးထွန်းရင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သက်သေများ၏ ထွက်ချက်အရနှင့် အကြောင်းချင်းရာများနှင့်တကွ ဥပဒေအချက်အလက်များအရ စွဲဆိုထားသောအမှုနှင့် ဦးထွန်းရင် မည်မျှ ဆက်စပ်နေကြောင်း ထင်ရှားစွာတွေ့ရှိပါမှ အထက်တွင်ပြဆိုထားခဲ့သည့်အတိုင်း တရားခံနှစ်ဦးအပေါ် အမှုကိုခွဲ၍ ပြန်လည်စစ်ဆေးရန် အကြောင်းရှိသည်ဟုယူဆသည်။

ဦးထွန်းရင်သည် အချင်းဖြစ်ဘုန်းကြီးကျောင်းတွင် တည်ရှိနေသော မူလတန်းကျောင်းမှ ကျောင်းဆရာကြီးတဦးဖြစ်သည်။ ယင်းသည် ထိုကျောင်းတွင်မနေ၊ ကျောင်းဆင်းပြီးလျှင်ပြီးခြင်း မိမိအိမ်သို့ပြန်သွားသည်။ ဦးဥတ္တရသည် ထိုကျောင်းတွင် အမြဲတစေနေ၍ ကျောင်းထိုင်ပုဂ္ဂိုလ်တဦးဖြစ်သည်။ ဦးဥတ္တရက ၎င်းကျောင်းဝင်းအဘွင်းရှိ ဆွမ်းစားကျောင်းနှင့် စောင်းတန်းများကို ပြင်ဆင်ရန် တောသစ်များလိုနေသည်။ ကျောင်းဝင်းနှင့် ရွာအတွင်းတွင် တောသစ်များစွာပေါက်ရောက်နေသည်။ထိုသစ်ပင်များကိုခုတ်လှဲရန် သက်ဆိုင်ရာသစ်တောဌာနမှအခွင့်တောင်းခံသည်။ လှဲပြီးသော တောသစ်များကို ကျွဲနှင့်ဆွဲ၍ ကျောင်းဝင်းအတွင်းသို့ယူပြီး လွှနှင့်ဖြတ်ရန်လိုအပ်သည်။ ထိုကြောင့် သက်ဆိုင်ရာ သစ်တောဌာန၌ပင် လွှစင်ဆောက်ရန် ခွင့်ယူထားသည်။ ထို့ကြောင့်ထိုလွှစင်သည် ဦးဥတ္တရပြုလုပ်သော လွှစင်ဟုဆိုရပေမည်။ လွှစင်ဆောက်လုပ်ရာ၌ဘုန်းကြီးကိုယ်တိုင် မဆောက်လုပ်ပေ။ ဦးထွန်းရင်အား လွှစင်ဆောက်ရန် လက်သမားငှါးခိုင်းသဖြင့် ဦးထွန်းရင်က လက်သမား ငှါးပေးရခြင်းဖြစ်သည်။ ယင်းလက်သမားခများကိုလည်း ဦးဥတ္တရကပေးသည်ဟု အမှုတွင်ပေါ်လွင်လသည်။ လွှဆွဲသော ဦးညီမောင်နှင့် ကိုမြခိုင်တို့ကို ဦးဥတ္တရကလွှဆွဲရန် ငှါးခိုင်းသဖြင့် ဦးထွန်းရင်က ငှါးရသည်။ ငှါးခကို ဘုန်းကြီးကပေးသည်။ လွှသမားများကိုလည်း ဘုန်းကြီးက ဆွမ်းကျန်များကိုကျွေးသည်။ ညနေစာကို ရွာထဲ၌နေသော ဘုန်းကြီးမယ်တော်က ကျွေးသည်ဟုဆိုသည်။ အချင်းဖြစ်သောကျွန်းသစ်လုံး ၃ လုံးကို ဘုန်းကြီးကျောင်းအတွင်း၌ တွေ့ရှိသည်မှာ မငြင်းနိုင်ပေ။ ဦးဥတ္တရက ၎င်း၏ သစ်များမဟုတ်ဟု ငြင်းဆိုသည်။ သို့သော်လည်း ဘုန်းကြီးကျောင်းဝင်းအတွင်း မိမိမျက်မြင်ရှေ့တွင်ပင်ထိုသစ်လုံးများရှိနေသောကြောင့်ထိုသစ်လုံးများသည် ဦးဥတ္တရ၏လက်ဝယ်ဘွင်ရှိသော သစ်လုံးများဟုယူဆရပေမည်။ မူလရုံးက ထိုကျွန်းသစ်များသည် ဘုန်းကြီးဦးဥတ္တရနှင့် လျှောက်သူဦးထွန်းရင်တို့၏ ပူးတွဲလက်ဝယ်တွင်ရှိနေသည်ဟုယူဆသည်။ ထို့အတူ ကျောင်းပေါ်၌တွေ့ရှိရသော ခွဲပြီးသစ်ပျဉ်များကိုလည်း ဘုန်းကြီးနှင့် လျှောက်သူဦးထွန်းရင်တို့ ပူးတွဲလက်ဝယ်တွင်ရှိသည်ဟု မူလရုံးက ယူဆထားသည်။ ယင်းယူဆချက်မှာ အမှုအကြောင်းချင်းရာနှင့်သက်သေများ၏ ထွက်ချက်အရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ဘုန်းကြီးနှင့် ဦးထွန်းရင် တို့မှာ ရဟန်းနှင့် လူဖြစ်ပြီး တကွဲတပြားစီနေ၍ အလိုရှိသော သစ်များမှာလည်း ဘုန်းကြီးကျောင်း အတွက်သာ

ဖြစ်သောကြောင့် တွေ့ရှိရသော ကျွန်းသစ်များမှာ မည်သည့်နည်းနှင့်မျှ ပူးတွဲသက်ဝယ်တွင် မရှိနိုင်ပေ။ ဘုန်းကြီးကျောင်းအတွင်းတွင် တွေ့ရှိရသဖြင့် ဘုန်းကြီး ဦးဥတ္တရ၏ လက်ဝယ်တွင် ရှိနေသည်ဟုတိကျစွာ ယူဆရန်ဖြစ်သည်။ လွှစင်ဆောက်လုပ် ရာ၌ လွှဆွဲသူများ ငှါးရာတွင် ဘုန်းကြီးက ဦးထွန်းရင် အား တပည့်အနေနှင့် ခိုင်းစေသဖြင့် ဦးထွန်းရင်က ဆောင်ရွက်ပေးသည့်လက္ခဏာရှိသည်။ ထို့ပြင် တွေ့ရှိရသော ကျွန်းသစ်လုံးများကိုလည်း ဘုန်းကြီးက မသိပဲနှင့် ဤကျွန်းသစ်များကို လာချမည်မဟုတ်ပေ။ ယင်းကျွန်းသစ်များကို ဦးထွန်းရင်က တွေ့ရှိသောနေရာတွင် ချထားပါသည်ဟု မည်သည့် သက်သေကမျှ မပြောနိုင်ပေ။ သို့သော် ဦးကျော်ဒွန်း (လိုပြ-၉) နှင့် ဦးကံကြီး (လိုပြ-၁၀) တို့က ကျွန်းသစ်တလုံးကို ကျွဲဖြင့် ကိုကျော်သောင်း (လိုပြ-၇) က ဆွဲယူ၍ ဦးထွန်းရင်က လမ်းပြကြောင်း တွေ့ရှိရသည်ဟု ထွက်ဆိုထားသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကိုကျော်သောင်း (လိုပြ-၇) သက်သေခံစဉ်က တရားလိုဘက်နှင့် ဦးဥတ္တရဘက်မှ တခွန်းတပါဒမျှ မေးမြန်းထားသည်ကို မတွေ့ရပေ။ ကျွဲဖြင့် သစ်လုံးများကို ဆွဲသည်ဆိုစေကာမူ ထိုသစ်လုံးသည် အမှတ်တံဆိပ် ရိုက်ထားသော ကျွန်းသစ်၊ သို့မဟုတ် တောသစ်ဟူ၍ မပြောနိုင်ပေ။ မည်သည့် နေရာကို ဆွဲသွားသည်ဟူ၍လည်း မပြောနိုင်ပေ။ ထို့အပြင် ကိုမြကြီး (လိုပြ-၁၂)က နေ့ရက် မမှတ်မိသော နေ့တနေ့တွင် ဦးထွန်းရင်က ခိုင်းသဖြင့် ရွာအနီးရှိသော ကျွန်းသစ်လုံးတလုံးကို မြစ်ထဲသို့ တွန်းချပေးရသဖြင့်၊ ဦးထွန်းရင်ထံမှ အခငွေ ၃ိ ရသည်ဟု ဆိုသည်။ ယင်းသို့ တွန်းချပေးရသော သစ်သည် ကျွန်းသစ် ဖြစ်စေကာမူ၊ အဘယ်ကြောင့် တွန်းချပြီး မည်သည့်နေရာသို့ ယူသွားသည်ဟု ဤသက်သေက မပြောနိုင်ပေ။ ထို့ကြောင့် ကျွန်းသစ်နှင့်ပတ်သက်၍ ဦးထွန်းရင်က ခိုးယူသည်ဟု မည်သို့မျှ မစွပ်စွဲနိုင်ပေ။ ဘုန်းကြီးကျောင်းပေါ်တွင် တွေ့ရှိသော ကျွန်းပျဉ်များမှာ ဦးဥတ္တရက ၎င်းမသိရဟု ဆိုသည်။ ထိုအခန်းကို ဦးထွန်းရင်က သော့ခတ်ထားသည်ဟု ဆိုသည်။ သော့မှာလည်း ဦးထွန်းရင်ထံတွင် ရှိသည်ဟု ဆိုပြန်သည်။ သို့သော် သစ်တော အရာရှိများ လာရောက် ရှာဖွေသောအခါ၊ ထိုအခန်းတွင် သော့ခတ်ထားသည် မဟုတ်၊ သော့ခလောက် ချိတ်ထားသည်ကိုသာ တွေ့ရသည်။ မိမိကျောင်းပေါ်တွင် ကျွန်းပျဉ် အများအပြားလာထားသည်မှာ မိမိကိုယ်တိုင် မသိ၊ မိမိကလည်း သဘောမတူပါဟု ဆိုခြင်းမှာ ယုတ္တိမတန်ပေ။ ရဲများက အမှုစစ်ဆေးနေစဉ် သတင်းအရ ရှာဖွေရာ စီပင်ကြီးရွာတွင် နေသော ဘုန်းကြီး၏ မယ်တော် ဒေါ်မြအိမ်မှ ကျွန်းသစ်ပျဉ်အများအပြား တွေ့ရှိရလေသည်။ လွှစင်မှ ခွဲချလိုက်သော ကျွန်းပျဉ်များကို ဦးပဍင်းနှင့် ကိုရင်တို့က ကျောင်းပေါ်သို့ ယူ၍ တင်ပေးကြောင်း သက်သေထွက်ဆိုချက်ရှိသည်။ ယင်းဦးပဍင်းနှင့် ကိုရင်တို့မှာ

ဦးဥတ္တရ၏ တပည့်များဖြစ်သည်။ ထို့ကြောင့် ယင်းကဲ့သို့ ကျွန်းပျဉ်များ ကျောင်းပေါ်တွင် တွေ့ခြင်းမှာ ဦးဥတ္တရနှင့်သာ သက်ဆိုင်၍ ဦးထွန်းရင်နှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်မှုရှိသည်ကို မတွေ့ရပေ။

**၁၉၆၉**

**ဦးထွန်းရင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

ပြဆိုခဲ့ပြီးသည့်အတိုင်း ဦးထွန်းရင်မှာ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ဘုန်းကြီးကို ကပ်၍ မူလတန်းကျောင်းဖွင့်ပြီး ကျောင်းဆရာတဦးတယောက် အနေဖြင့် ရှိနေရကား၊ ဘုန်းကြီး ဦးဥတ္တရ၏ အလိုကို အမြဲလိုက်နေရဟန် လက္ခဏာရှိသည်။ တနည်းမှာ ဦးဥတ္တရ၏ တပည့်ဖြစ်သည်။ ဆရာက ခိုင်းသည်ကို တပည့်က လုပ်ရသည်ဖြစ်သောကြောင့် တပည့်တွင် ပြစ်မှုမြောက်နိုင်မည် မဟုတ်ပေ။ ဦးထွန်းရင် အိမ်တွင် ကျွန်းသစ်လုံးများနှင့် ကျွန်းသစ်ပျဉ်များကို တွေ့ရှိပါက အခြေအနေမှာ တမျိုးတမည် ဖြစ်လာနိုင်ဘွယ်ရာရှိသည်။ ယခုအမှုမှာ ဤကဲ့သို့ မဟုတ်။ အချင်းဖြစ်တွေ့ရှိရသော ဥပဒေ ကျူးလွန်သည့် ပစ္စည်းများမှာ ဘုန်းကြီးကျောင်း အတွင်း၌သာ ရှိနေသဖြင့် ဦးဥတ္တရသာလျှင် တာဝန်ရှိသည်ဟု ယူဆသည်။

ဤအမှုတွင် ထူးခြားသော အချက်မှာ သက်သေများသည် တယောအ်တမျိုးစီ ထွက်ဆိုခဲ့ကြသည်။ အထူးသဖြင့် စီပင်ကြီးရွာမှ သက်သေများသည် ဦးဥတ္တရ၏ တသည့်များနှင့် ဦးဥတ္တရကို ကိုးကွယ်သူများဖြစ်ကြသဖြင့် ဦးဥတ္တရသက်သာရာ သက်သာကြောင်းများကို ရွေး၍ ထွက်ဆိုသွားကြလေသည်။ လျှောက်သူ ဦးထွန်းရင်မှာ အခြားရွာမှ ဖြစ်သဖြင့် အမှန်ဖြစ်ရပ်ကို ၎င်းရွာခံ သက်သေများက ထုတ်ဖေါ်ပြောခြင်း မရှိပေ။ ကိုကျော်သောင်း (လိုပြ-၇) ကသာလျှင် တိကျမှန်ကန်သော ဖြစ်ရပ်ကို ထွက်ဆိုသွားခြင်း ဖြစ်သည်။ ကိုကျော်သောင်းသည် ဦးထွန်းရင်နှင့် အတူ ကျွဲဖြင့် သစ်လုံးကိုဆွဲသည်ဟု ယူဆခဲ့လျှင် ကိုကျော်သောင်းကို တရားခံအဖြစ်နှင့် သာလျှင် ထည့်ရန်ရှိသည်။ ယခု ၎င်းအပေါ် မည်သို့မျှ ငြိစွမ်းခြင်း မရှိသဖြင့် ၎င်းကို တရားလိုဘက်မှ (လိုပြ-၇) အဖြစ် ထည့်ထားသည်။

မူလရုံးနှင့် အယူခံရုံးတို့သည် အမှု အကြောင်း ချင်းရာ ဖြစ်ရပ်များကို လေးလေးနက်နက် သုံးသပ်သွားသည့် လက္ခဏာ မရှိပေ။ အမှုအပေါ်ယံကျောလောက်သာ ကြည့်ပြီး လျှောက်သူ ဦးထွန်းရင်ကို အပြစ်ပေးလိုက်ခြင်းမှာ အလွန် မှားယွင်း ချွတ်ချော်၍ တရားရေးမဏ္ဍိုင်ကို ယိမ်းယိုင်နိုင်ပေသည်။

မူလရုံးနှင့် အယူခံရုံးတို့သည် အကြောင်း ချင်းရာ အပေါ်တွင် တသဘောတည်း တွေ့ရှိထားသော်လည်း ဤအကြောင်း ချင်းရာနှင့် အမှုတွင် ပါဝင်သော ဥပဒေအချက်အလက်များကို ကြေလည်စွာ သုံးသပ်ခြင်း ရှိသည်ဟု မတွေ့ရှိရသဖြင့် ယင်းတသဘောတည်း တွေ့ရှိထားချက်မှာ အလွန် မှားယွင်း ချွတ်ချော်၍ တရားမျှတမှု ကင်းမဲ့နေသည်ဟု ယူဆရန် ရှိပေသည်။ ထို့အတွက် ဤပြင်ဆင်ရုံးက ဝင်ရောက် မစွက်ဖက်ပဲ

ခုနှစ်
ဦးထွန်းရှင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

မနေသာသော အခြေ အနေတွင် ရှိနေသည်။ ၎င်းအပြင် ယခုအမှုတွဲတွင် ပေါ်လွင်လျက်ရှိသော သက်သေထွက်ချက်များနှင့် တကွ ဥပဒေ အချက်အလက်များတို့အရ လျှောက်သူ ဦးထွန်းရှင် အပေါ် အမှုကို သီးခြားစွဲဆို၍ အသစ်တဖန် ပြန်လည်စစ်ဆေးပါက မည်သို့မျှ အကြောင်း ထူးမည် မဟုတ်ဟု ယူဆပေသည်။ ထို့ကြောင့် အမှုကို အသစ်တဖန် ပြန်လည် စစ်ဆေးရန် မသင့်တော်ပေ။

အစိုးရ တရားရုံးချုပ် ရှေ့နေကြီး ဦးမြရှိန်ကလည်း အချင်းဖြစ် ကျွန်းသစ်များကို ဦးဥတ္တရနှင့်ပူးတွဲ၍ လက်ဝယ်တွင် ရှိသည်ဆိုခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်။ ပူးတွဲ၍ လက်ဝယ် မရှိနိုင်ပါ။ ဦးဥတ္တရ လက်ဝယ်တွင် ရှိပါသည်။ ဦးထွန်းရှင် လက်ဝယ်တွင် မရှိနိုင်ပါ။ ဦးဥတ္တရနှင့် ဦးထွန်းရှင်တို့မှာ ဆရာတပည့်များ ဖြစ်သဖြင့် အချင်းဖြစ် ကိစ္စနှင့် ပတ်သက်၍ အချို့နေရာများတွင် ဆရာ၏ ခိုင်းစေချက်အတိုင်း တပည့်က ပြုလုပ်ရသည့် လက္ခဏာရှိသည်။ ခြုံ၍ ကြည့်ပါလျှင် အချင်းဖြစ် ပစ္စည်းများသည် ဦးဥတ္တရ ကျောင်းဝင်းအတွင်းနှင့် ကျောင်းပေါ်တွင် တွေ့ရှိပါသောကြောင့် ဦးဥတ္တရ၏လက်ဝယ်တွင် ရှိပါသည်ဟု ယူဆရပါမည်။ ထို့အပြင် ကျွန်းသစ်များကို ဦးထွန်းရှင်က ကျွဲဖြင့် ဆွဲသည်ဆိုသည်နှင့် ပတ်သက်၍ ဦးကျော်ဒွန်း (လိုပြ-၉) နှင့် ဦးကံကြီး (လိုပြ-၁၀) တို့က ဦးထွန်းရှင် အပေါ် ငြိုစွမ်းစွာဖြင့် သက်သေ ထွက်ဆိုထားပါသည်။ ၎င်းတို့ တွေ့ရှိရသည်မှာ တသီးတခြားစီ ဖြစ်ပါ၍ ထောက်ခံခြင်းလည်း မရှိပါ။ ၎င်းတို့သည် ဦးဥတ္တရ၏ တပည့်များဖြစ်ကြသဖြင့် ဦးဥတ္တရ သက်သာရာရစေရန် ဦးထွန်းရှင် အပေါ် ပုံချခြင်း ဖြစ်ပါသည်။ ကိုမြကြီး (လိုပြ-၁၂) ၏ထွက်ချက်မှာလည်း မခိုင်လုံပါ။ ထောက်ခံမှုလည်း မရှိပါ။ ထို့ကြောင့် ဦးထွန်းရှင်သည် ကျွန်းသစ်များကို ခိုးယူသည်ဟု မည်သို့မျှ တိကျစွာ ပြောဆိုနိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဦးထွန်းရှင် အပေါ် အောက်ရုံး နှစ်ရုံးစလုံးက မှုပြစ်တွေ့ရှိချက်နှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့မှာ ထင်ရှားစွာ မှားယွင်း ချွတ်ချော်နေပါသဖြင့် ဤရုံးအနေနှင့် ပြင်ဆင်ပေးပါရန် တင်ပြသွားလေသည်။

ကျွန်ုပ်တို့သည် အမှုကို သုံးသပ်ရာတွင် တွေ့ရှိချက်နှင့် ရှေ့နေကြီးတင်ပြချက်တို့မှာ တူညီလျက်ရှိပေသည်။

အထက်တွင် ပြဆိုခဲ့ပြီးသော အကြောင်းချင်းရာများ အပေါ် သုံးသပ်ချက်များ အရသော်၎င်း၊ ဥပဒေအချက် အလက်များ အရ သော်၎င်း၊ ပတ်ဝန်းကျင် အခြေအနေအရသော်၎င်း၊ အောက်ရုံး နှစ်ရုံးစလုံးက လျှောက်သူ ဦးထွန်းရှင် အပေါ် မှုပြစ်တွေ့ရှိချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့မှာ မည်သို့မျှ မှန်ကန်သည်ဟုမတွေ့ရှိရသဖြင့် ယင်းအောက်ရုံးနှစ်ရုံးစလုံးက ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်ပြီး ဤအမှုနှင့်ပတ်သက်သမျှလျှောက်သူ ဦးထွန်းရှင်အား တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဋ္ဌမအယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဖေတို့ ရှေ့တွင်

**ဦးမောင်စိန် ပါ ၅ (အယူခံတရားလို)**

**နှင့်**

**အမ်၊ အီး၊ အရစ်(ဖ်) (အယူခံတရားခံ)***

†၁၉၆၉

စက်တင်ဘာလ ၅ ရက်။

**လေနှင့် အလင်းရောင်တို့ကို ပိတ်ဆို့ခြင်းမှ ထာဝစဉ်တားမြစ်ပေးရန် တရားစွဲဆိုခြင်း—ထာဝစဉ် တားမြစ်အမိန့်အစား လျော်ကြေးပေးရန် ပဏာမ ဒီကရီချမှတ်ခြင်း—တရားရုံးချုပ်မှ မပြီးပြတ်သေးသော တန်ဘိုးငွေ ငါးသောင်းထက် မကျော်သည့် တရားမမှုများကို ရန်ကုန်မြို့ တရားမရုံးသို့ လွှဲပြောင်းခြင်း—ပဏာမဒီကရီတွင် ဒိုင်ဝန်က စုံစမ်းစစ်ဆေးရမည်ဟု ညွှန်ကြားထားပါလျက် တရားမရုံး၏ရုံးဝန်ထောက်က စုံစမ်းစစ်ဆေးခဲ့ခြင်းမှာပျက်ပြယ်ခြင်း ဖြစ်-မဖြစ်—ဤအမှုမျိုးတွင် လျော်ကြေးငွေ ပြဿနာကို ဖြေရှင်းရန် မူ—မူလရုံး၏ လျော်ကြေးငွေ အမိန့်ကို အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် သင့်-မသင့်။**

လေနှင့် အလင်းရောင်တို့ကို ပိတ်ဆို့ခြင်းမှ ထာဝစဉ်တားမြစ်ပေးရန် တရားစွဲဆိုရာ အမှုစွဲဆိုနေစဉ်အတွင်း အဆောက်အဦကိုပြီးစီးအောင် အတင်းဆောက်လုပ်လိုက်သဖြင့် ရုံးမှ ထာဝစဉ်တားမြစ်မိန့်အစားနလျော်ကြေးပေးရန် ပဏာမဒီကရီချမှတ်လိုက်ရာ တရားလွှတ်တော်၏ ဒိုင်ဝန်က ယင်းကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်နေစဉ် ရန်ကုန်မြို့ တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာကို တိုးမြှင့်လိုက်သောကြောင့် အမှုတွဲအား တရားမရုံးသို့ ပေးပို့လိုက်၏။ တရားမရုံး၏ တရားသူကြီးချုပ်က ၎င်း၏ ရုံးဝန်ထောက်အား စုံစမ်းစစ်ဆေးအစီရင်ခံရန်ညွှန်ကြားလိုက်သဖြင့်ရုံးဝန်ထောက်က အစီရင်ခံစာတင်ရာ တရားသူကြီးချုပ်က လျော်ကြေးငွေ သတ်မှတ်ကာ အပြီးသတ်ဒီကရီ ချမှတ်လိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အက်ဥပဒေအမှတ် ၁၃ ၏ ပုဒ်မ ၃ တွင် တန်ဘိုးငွေ ငါးသောင်းကျပ်ထက် မကျော်သည့် တရားရုံးချုပ်၌ မပြီးမပြတ်သေးသော တရားမမှုများအားလုံးသည် ရန်ကုန်မြို့ တရားမရုံးသို့ လွှဲပြောင်းပြီးဖြစ်သည်ဟုယူဆရမည်ဟုပြဋ္ဌာန်းထားသောကြောင့် ထိုပြဋ္ဌာန်းချက်အရ ဒိုင်ဝန်ရှေ့ရှိ စုံစမ်းမှုမှာ တရားမရုံးသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ယင်းသို့ ရောက်ရှိသွားသည့် အမှုကို တရားမရုံး၏ တရားသူကြီးချုပ်သည် စီရင်ပိုင်

* ၁၉၆၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၂။

† ၁၉၆၂ ခုနှစ်၊ တရားမသေးဖွဲ့မှုအမှတ် ၁၉၂ တွင်၊ ၁၉၆၈ ခုနှစ်၊ဇန္နဝါရီလ ၃ ရက်နေ့စွဲပါ န်ကုန်မြို့ တရားမ တရားသူကြီးချုပ်ရုံး၏ ချမှတသော ဒီကရီကို အယူခံဝင်မှု။

၁၉၆၉
ဦးမောင်စိန် ပါ ၅ နှင့် အမ်၊အီး၊အေ ရစ်(ဖ်)။

ခွင့်ရှိသည့် အလျောက် တရားသူကြီးချုပ်မှ တရားမဝန်ထောက်အားစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းသည် ဥပဒေနှင့် မညီညွတ်ဟု မဆိုနိုင်။ တရားသူကြီးချုပ်သည် တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ အပြင်လူ တဦးဦးကိုပင် ထိုကဲ့သို့ စုံစမ်း စစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာရှိပေသည်။

သို့ဖြစ်ရာ ပဏာမဒီကရီတွင် ဒိုင်ဝန်က စုံစမ်း စစ်ဆေးရမည်ဟုညွှန်ကြားထားပါလျက် တရားမရုံး၏ ရုံးဝန်ထောက်က စုံစမ်းစစ်ဆေးခဲ့သည့် အကြောင်းကြောင့်မူလရုံး၏ ဆောင်ရွက်ချက်မှာ ပျက်ပြယ်သည်ဆိုသည်ကို လက်မခံနိုင်။

ထပ်မံဆုံးဖြတ်ချက်။ ။လေနှင့် အလင်းရောင် ပိတ်ဆို့ခြင်း ခံရသည့် အမှုများတွင် နစ်နာသူသည် လျော်ကြေးငွေ မည်မျှ ရသင့်ရထိုက်သည်ဆိုသော ပြဿနာကို ဖြေရှင်းရန်မလွယ်ကူလှပေ။ ယင်းသို့ မလွယ်ကူသဖြင့် မဖြေရှင်းပဲလည်း ထားရန်မဖြစ်။ ထိုကဲ့သို့ အမှုမျိုးတွင် အဆောက်အဦဖက်တွင် ကျွမ်းကျင် တတ်မြောက်သည့် ပါရဂူ၏ ထင်မြင်ချက်၊ အလားတူ ကိစ္စများတွင်လိုက်နာကျင့်သုံးခဲ့သည့် ထုံးတမ်းနှင့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော ကြောင်းချင်းရာများအပေါ် မှီငြမ်း၍ ဆုံးဖြတ်ရမည် ဖြစ်သည်။

ယခုကဲ့သို့ လျော်ကြေးငွေသတ်မှတ်သည့် ကိစ္စမျိုးတွင် မူလရုံး၏အမိန့်သည် ပေါ်ပေါက်လျက်ရှိသော မှုဖြစ်ကြောင်းချင်းရာနှင့် လုံးဝ စပ်ဟပ်၍ မရနိုင်အောင် အထင်အရှား မှားယွင်းနေမှသာ အယူခံရုံး အနေဖြင့် ဝင်ရောက် စွက်ဖက်သင့်ပေသည်။ အထင်အရှား မှားယွင်းခြင်းမရှိပဲ ဝင်ရောက်စွက်ဖက်လျှင် မူလရုံး၏ ဆုံးဖြတ်ချက်ကို အယူခံရုံးက ၎င်း၏ထင်မြင်ချက်ဖြင့် အစားထိုးခြင်းသာ ဖြစ်ပေလိမ့်မည်။

အယူခံတရားလိုအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးချန်ထွန်းအောင်။

အယူခံတရားခံအတွက်။ ။တရားရုံးချုပ်ရှေ့နေ မစ္စတာ အင်(န်)၊ စီ၊ ဆင်း။

တရားသူကြီး ဦးသက်ဖေ။ ။အယူခံ တရားပြိုင်တို့က အယူခံတရားလိုတို့အပေါ် ယခင် တရားလွှတ်တော်၏ ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင် လေနှင့် အလင်းရောင်တို့ကို ပိတ်ဆို့ခြင်းမှ ထာဝစဉ် တားမြစ်ပေးရန် တရားစွဲဆိုရာ၊ အမှုစွဲဆိုနေစဉ်အတွင်း အယူခံတရားလိုတို့သည် မိမိတို့၏ အဆောက်အဦကို ပြီးစီးအောင် အတင်း ဆောက်လုပ်လိုက်သဖြင့် ရုံးမှ ထာဝစဉ် တားမြစ်မိန့်အစား လျော်ကြေးပေးရန် ပဏာမ ဒီကရီချမှတ်လိုက်သည်။ ထိုပဏာမဒီကရီကို အယူခံတရားလိုတို့က မကျေနပ်၍ တရားလွှတ်တော်၏ ၁၉၅၉ ခုနှစ်၊ ပထမအယူခံမှုအမှတ် ၁၄ တွင် အယူခံဝင်သော်လည်း အောင်မြင်ခြင်းမရှိပေ။

ပဏာမဒီကရီတွင် လျော်ကြေးငွေ၏ ပမာဏကို သတ်မှတ်ရန် တရားလွှတ်တော်၏ ဒိုင်ဝန်အား လွှဲအပ်ခဲ့သဖြင့် ဒိုင်ဝန်က ယင်းကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်နေစဉ်

ရန်ကုန်မြို့ တရားမရုံး၏ စီရင်ပိုင်ခွင့်အာဏာကို ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အက်ဥပဒေ အမှတ် ၁၃ အရ တန်ဘိုးငွေ ငါးသောင်းကျပ်အထိ တိုးမြှင့်လိုက်သော ကြောင့် အမှုတွဲအား တရားမရုံးသို့ ပေးပို့လိုက်ရသည်။

အမှုတွဲကို ရရှိသောအခါ တရားမရုံး၏ တရားသူကြီးချုပ်သည် ၎င်း၏ ရုံးဝန် ထောက်အား စုံစမ်းစစ်ဆေး အစီရင်ခံရန် ညွှန်ကြားလိုက်၍ ရုံးဝန်ထောက်သည် နှစ်ဖက် အမှုသည်နှင့် သက်သေများကို စစ်ဆေးပြီး နောက် လျော်ကြေးငွေ ၉,၆၀၀ ကျပ် သတ်မှတ်သင့်ကြောင်း အစီရင်ခံလိုက်သည်။ တရားမရုံး တရားသူကြီးချုပ်သည် ယင်း အစီရင်ခံစာနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဘက်အား ကြားနာပြီးနောက် လျော်ကြေးငွေ ၆,၀၀၀ ကျပ် သတ်မှတ်ကာ အပြီးသတ်ဒီကရီ ချမှတ်လိုက်သည်။ ထိုအပြီး သတ်ဒီကရီကို အယူခံ တရားလိုတို့က မကျေနပ်၍ ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်ပေသည်။

အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေ ဦးချန်ထွန်းအောင်က ပဏာမ ဒီကရီတွင် တရားလွှတ်တော် ဒိုင်ဝန်အား လျော်ကြေးငွေ ပမာဏနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး ရန် ညွှန်ကြားခဲ့သဖြင့် ယင်းကိစ္စကို ရန်ကုန်မြို့ တရားမရုံး၏ ရုံးဝန်ထောက်က စုံစမ်း စစ်ဆေးခဲ့ခြင်းမှာ စီရင်ပိုင်ခွင့် မရှိပဲ စီရင်ရာရောက်၍ ပျက်ပြယ်နေကြောင်း၊ အယူခံ တရားပြိုင်တို့၏ တိုက်ဘေးရှိပြူတင်းပေါက်များမှ လေနှင့် အလင်းရောင် မဝင်နိုင်အောင် ပိတ်ဆို့ခြင်း ခံရသော်လည်း ဥပစာ၏ ငှါးရမ်းခများနှင့် ပတ်သက်၍ တစုံတရာထိခိုက်ခြင်းမရှိကြောင်း အငြင်းမပေါက်သဖြင့် မူလရုံးမှ သတ်မှတ်လိုက် သည့် လျော်ကြေးငွေ ပမာဏမှာ များလွန်းလှကြောင်း နာမည်ဖြစ် လျော်ကြေး ငွေကိုသာ သတ်မှတ်ပေးသင့်ကြောင်း တင်ပြသွားသည်။

အယူခံတရားပြိုင်တို့၏ တရားရုံးချုပ်ရှေ့နေ မစ္စတာအင်(န်)စီ၊ဆင်းက ရန်ကုန်မြို့ တရားမဝန်ထောက်သည် စီရင်ပိုင်ခွင့်မရှိပဲ စီရင်ခဲ့သဖြင့် အပြီးသတ် ဒီကရီသည် ပျက်ပြယ်နေသည် ဆိုသော အယူခံ တရားလိုတို့၏ တင်ပြချက်ကို အယူခံ အကြောင်း ပြချက်၌ ဖေါ်ပြထားခြင်း မရှိ၍ မစဉ်းစားသင့်ကြောင်း၊ အကယ်၍ စဉ်းစားမည် ဆိုပါကလည်း ရုံးဝန်ထောက်သည် အမှုကိုစီရင်ခြင်း မဟုတ်ပဲ စုံစမ်း စစ်ဆေးပြီး တရားသူကြီးချုပ်အား အစီရင်ခံခြင်းသာ ဖြစ်ကြောင်း၊ ရန်ကုန်မြို့ တရားမရုံး၏ တရားသူကြီးချုပ်သည် မိမိစီရင်ပိုင်ခွင့် အတွင်း ကျရောက်သည့် အမှုကို ရုံးဝန်ထောက် အားစုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာ ရှိသည့်အလျောက် ထိုညွှန်ကြား ချက်အရ စုံစမ်းစစ်ဆေးကာ အစီရင်ခံခဲ့သည့် ရုံးဝန်ထောက်၏ ပြုမူချက်သည် ဥပဒေ ဘောင်အတွင်း ကျရောက်ကြောင်း၊ ပဏာမဒီကရီတွင် နာမည်ဖြစ် လျော်ကြေးငွေကို သတ်မှတ်ခြင်းမပြုပဲ လျော်ကြေးငွေ၏ ပမာဏကို သတ်မှတ်ရန် အမိန့် ချမှတ်ထားပြီး

၁၉၆၉
ဦးမောင်စိန်
ပါ ၅
နှင့်
အမ်၊အိုး၊အေ
ရာ(စ်)။

ဖြစ်၍ ယခုအခြေ၌ နာမည်ဖြစ် လျော်ကြေးငွေကိုသာ ပေးဆောင်စေသင့် သည်ဟု ဆင်ခြေမပေးနိုင်တော့ကြောင်း၊ မူလရုံးမှ သတ်မှတ်ခဲ့သည့် လျော်ကြေးမှာ မများ သည့်အပြင် နည်းပင် နည်းနေသေးကြောင်း၊ လျော်ကြေးငွေ ပမာဏကို သတ်မှတ်ခဲ့ သည့် မူလရုံး၏ ဆုံးဖြတ်ချက်မှာ အထင်အရှား မှားယွင်းခြင်း မရှိ၍ ဝင်ရောက် စွက် ဖက်ခြင်း မပြုသင့်ကြောင်း စသည်ဖြင့် ပြန်လည် တင်ပြသွားသည်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အက်ဥပဒေ အမှတ် ၁၃ ၏ ပုဒ်မ ၃ တွင် တန်ဖိုးငွေ ငါးသောင်းကျပ်ထက် မကျော်သည့် တရားရုံးချုပ်၌မပြီးမပြတ်သေးသော တရားမမှုများ အားလုံးသည် ရန်ကုန်မြို့ တရားမရုံးသို့ လွှဲပြောင်းပြီး ဖြစ်သည်ဟု ယူဆရမည်ဟု ပြဋ္ဌာန်းထားသောကြောင့်၊ ထိုပြဋ္ဌာန်းချက်အရ ဒိုင်ဝန်ရှေ့ရှိ စုံစမ်း မှုမှာ တရားမရုံးသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။ ယင်းသို့ ရောက်ရှိသွားသည့် အမှုကို တရားမရုံး၏ တရားသူကြီးချုပ်သည် စီရင်ပိုင်ခွင့်ရှိသည့် အလျောက် တရား သူကြီးချုပ်မှ တရားမဝန်ထောက်အား စုံစမ်း စစ်ဆေးရန် ညွှန်ကြားခြင်းသည် ဥပဒေနှင့် မညီညွတ်ဟု မဆိုနိုင်။ တရားသူကြီးချုပ်သည် တရားမကျင့်ထုံး အမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ အပြင်လူ တဦးဦးကိုပင် ထိုကဲ့သို့ စုံစမ်း စစ်ဆေးရန် ညွှန်ကြားနိုင်သည့် အာဏာ ရှိပေသည်။ သို့ဖြစ်ရာ ပဏာမဒီကရီတွင် ဒိုင်ဝန်က စုံစမ်း စစ်ဆေးရမည်ဟု ညွှန်ကြားထားပါလျက် တရားမရုံး၏ ရုံးဝန်ထောက်က စုံစမ်း စစ်ဆေးခဲ့သည့် အကြောင်းကြောင့် မူလရုံး၏ ဆောင်ရွက်ချက်မှာ ပျက်ပြယ်သည် ဆိုသော တင်ပြချက်ကို ကျွန်ုပ်တို့ လက်မခံနိုင်။

လေနှင့် အလင်းရောင် ပိတ်ဆို့ခြင်း ခံရသည့်အမှုများတွင် နစ်နာသူသည် လျော် ကြေးငွေ မည်မျှမည်မျှ ရသင့်ရထိုက်သည်ဆိုသော ပြဿနာကို ဖြေရှင်းရန် မလွယ်ကူ လှပေ။ ယင်းသို့ မလွယ်ကူသဖြင့် မဖြေရှင်းပဲလည်း ထား၍မဖြစ်၊ ထိုကဲ့သို့ အမှုမျိုး တွင် အဆောက်အဦဖက်တွင် ကျွမ်းကျင် တတ်မြောက်သည့် ပါရဂူ၏ ထင်မြင်ချက်၊ အလားတူ ကိစ္စများတွင် လိုက်နာကျင့်သုံးခဲ့သည့် ထုံးတမ်းနှင့် အမှုတွင် ပေါ်ပေါက် လျက်ရှိသော ကြောင်းချင်းရာများအပေါ် မှီငြမ်း၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

ယခုအမှုတွင်ပြူတင်းပေါက် (၈) ပေါက်၊ မှန်လည်ပေါက် (၄) ပေါက်နှင့်လေး ထောင့်ပေါက် (၁) ပေါက်တို့မှာအယူခံတရားလိုဘို့၏ပြူမှုချက်ကြောင့်ပိတ်ဆို့ခြင်းခံရ သည်ဆိုခြင်းမှာ အငြင်းမပေါက်ပေ။ အယူခံတရားပြိုင်တို့က ပြူတင်းပေါက်တပေါက် အတွက် လျော်ကြေးငွေ ၃,၀၀၀ ကျပ် တောင်းဆိုပြီး မှန်လည်ပေါက် (၄)ပေါက်နှင့် လေးထောင့်ပေါက်(၁) ပေါက်အတွက် ၅,၀၀၀ ကျပ်တောင်းဆိုခဲ့သည်။ ပြူတင်းပေါက် နှင့် မှန်လည်ပေါက်များကိုပြန်၍ ပိတ်ရသည့်အတွက် ကုန်ကျငွေ ၂,၀၀၀ ကျပ် တောင်းဆိုခဲ့၏။ မူလရုံးမှ သက်သေ ထွက်ချက်များကို သုံးသပ်ပြီးနောက်ပြူတင်း

ပေါက်လေပေါက်အတွက် လျော်ကြေးငွေ ၅၁၀ ကျပ် ကိုလည်း၊ မှန်လည်ပေါက်နှင့် လေးထောင့်ပေါက်များအတွက် လျော်ကြေးငွေ ၁,၀၁၁ ကျပ်ကိုလည်း သတ်မှတ်ခဲ့လေသည်။ပြန်လည်၍ ပိတ်ဆို့ရသည့်အတွက် လျော်ကြေးငွေ ၁,၀၀၁ ကျပ်ခွင့်ပြုခဲ့သည်။

၁၉၆၉ —— ဦးမောင်စိန် ပါ ၅ နှင့် အမ်၊အီး၊အေ ရစ်(ဖ်)။

လျော်ကြေးငွေ သတ်မှတ်သည့် ကိစ္စနှင့် ပတ်သက်၍ အယူခံတရားပြိုင်တို့က အဆောက်အဦ အင်ဂျင်နီယာ အိပ်၊ အက်ဖ်/ဆော့ (လိုပြ-၂) အား သက်သေထူခဲ့ရာ၊ ဆော့ကပြူတင်းပေါက် တပေါက်အတွက် လျော်ကြေး ငွေမှာ ၅၁၁ ကျပ်မှ ၁,၀၁၁ ကျပ်အကြားရှိကြောင်း၊အဆောက်အဦတည်နေရာကိုလိုက်၍ဈေးနှုန်းကွာခြားမှုရှိကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်။ တရားပြိုင်တို့၏ အဆောက်အဦနှင့် မနီးမဝေးတွင်ရှိသော ဒီဆူဇာအဆောက်အဦရှိ တိုက်မှ ပြူတင်းပေါက်များအတွက် တပေါက်ကို လျော်ကြေးငွေ ၁,၀၁၁ ကျပ် တောင်းသည်ကို သိကြောင်း၊ ဦးမောင်ကြီး (လိုပြ-၃)၏ ထွက်ချက်လည်းရှိသည်။ အယူခံတရားလို ဦးမောင်မောင်ကြီးကိုယ်တိုင်ကလည်း အယူခံတရားပြိုင်တို့၏တိုက်တည်ရှိရာ မဂိုလမ်းထဲမှ တိုက်အမှတ် ၃၈၀/၂၉၃ နှင့် ပတ်သက်၍ပြူတင်းပေါက်တခုလျှင်လျော်ကြေးငွေ ၅၁၁ ကျပ်ပေးလိုက်ရသည်ကို သိကြောင်း ဝန်ခံထားသည်။ အယူခံတရားလိုအနေဖြင့် ပြူတင်းတပေါက်လျှင် လျော်ကြေးငွေ ၂၀၀ ကျပ်သာ သတ်မှတ်သင့်သည်ဆိုသော အထောက်အထား လုံးဝ တင်ပြခဲ့ခြင်းမရှိပေ။ ထိုအချက်အလက်များကို ထောက်ရှုလျှင် ဤအမှု၌ ပြူတင်းပေါက်တခုအတွက် လျော်ကြေးငွေ ၅၁၀ ကျပ် သတ်မှတ်ခဲ့သည့် မူလရုံး၏ ဆုံးဖြတ်ချက်သည် တစုံတရာမှားယွင်းသည်ဟု ဆိုရန်ခဲယဉ်းသည်။

သက်သေခံ (က) အဆောက်အဦ၏ ပုံစံအရ မှန်လည် (၄) ခုနှင့် လေးထောင့်အပေါက် တခုတို့၏ အကျယ်အဝန်း ဧရိယာနှင့် နှိုင်းယှဉ်လျှင် ထိုမှန်လည် (၄) ခုနှင့် လေးထောင့်ပေါက်(၁)ပေါက်တို့အတွက် လျော်ကြေးငွေ ၁,၀၁၁ ကျပ်သတ်မှတ်ထားခြင်းမှာလည်း များသည်ဟုမဆိုသာချေ။ အလားတူပင်ပြူကာင်းပေါက်၊မှန်လည်ပေါက်နှင့်လေးထောင့်ပေါက်တို့အားအုတ်နှင့် ပြန်လည်ပိတ်ဆို့ရသည့် ကုန်ကျစရိတ်အတွက် ငွေ ၁,၀၀၀ ကျပ် သတ်မှတ်ခြင်းသည် လုံးဝမျှတမှုမရှိဟု ယူဆရန် အကြောင်းမရှိပေ။

ယခုကဲ့သို့ လျော်ကြေးငွေ သတ်မှတ်သည့် ကိစ္စမျိုးတွင် မူလရုံး၏ အမိန့်သည် ပေါ်ပေါက်လျက်ရှိသော မှုပြစ်ကြောင်းချင်းရာနှင့် လုံးဝစပ်ဟပ်၍ မရနိုင်အောင် အထင်အရှားမှားယွင်းနေမှသာ အယူခံရုံးအနေဖြင့် ဝင်ရောက် စွက်ဖက်သင့်ပေသည်။ အထင်အရှား မှားယွင်းခြင်း မရှိပဲ ဝင်ရောက်စွက်ဖက်လျှင် မူလရုံး၏ ဆုံးဖြတ်ချက်ကို အယူခံရုံးက ၎င်း၏ ထင်မြင်ချက်ဖြင့် အစားထိုးခြင်းသာ ဖြစ်ပေလိမ့်မည်။ ယခုအမှုတွင် မူလရုံး၏ ဆုံးဖြတ်ချက်သည် အထင်အရှား မှားယွင်းသည်ဟု မဆိုနိုင်၍ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေမှု

တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ရှေ့တွင်

† ၁၉၆၉ ခုနှစ်
ဇူလိုင်လ ၅ ရက်။

၁။ ဦးယုဆိုင်
၂။ ဦးယုဆိုင် } အယူခံတရားလို

နှင့်

၁။ ဒေါ်မိ
၂။ ဒေါ်သောင်းရင် } အယူခံတရားခံ *

အလုပ်သမား လျော်ကြေး အက်ဥပဒေအရ လျော်ကြေးရလိုကြောင်း လျှောက်လွှာ——အလုပ်သမား လျော်ကြေး တောင်းခံခြင်းများသည် ယင်းအက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်ခြင်း ရှိ-မရှိ ပြဿနာ——အလုပ်သမားသည် အလုပ်ခွင်၌ ထိခိုက် ဒဏ်ရာရကြောင်းကို အလုပ်ရှင် သိလျှင် အလုပ်သမားက အထူးတလည် အကြောင်းကြားရန် လို-မလို——ကျယ်ကျယ်ဝန်းဝန်း၊ ပြည့်ပြည့်စုံစုံ၊ စုံစမ်းစစ်ဆေးပြီးမှသာလျှင် အက်ဥပဒေ ပုဒ်မ ၁၀ နှင့်ညီညွတ်သည် မညီညွတ်သည်ကို ဆုံးဖြတ်နိုင်ခြင်း——အချိန်နှောင်း၍ လျော်ကြေးတောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ-မရှိ။

ဆုံးဖြတ်ချက်။ ။အက်ဥပဒေ ပုဒ်မ ၁၀ ကို သုံးသပ်ရာတွင် ကျယ်ဝန်းစွာ ကြည့်ရှုအပ်သည်။ အလုပ်သမားသည် အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာရကြောင်းကို အလုပ်ရှင်က သိလျှင် အလုပ်သမားက အထူးတလည် အကြောင်းကြားရန် မလိုချေ။ အက်ဥပဒေ ပုဒ်မ ၁၀(၁) ခြွင်းချက် (ဘီ)တွင် ဤသို့ ပြဋ္ဌာန်းပြီး ဖြစ်ပေသည်။ ထို့ပြင် အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သော ဒဏ်ရာရရှိခဲ့လျှင် လျော်ကြေးတောင်းရာ၌ အချိန်လွန်စေကာမူ လုံလောက်သော အကြောင်းရှိသည်ဟု ယူဆရမည်။ မောင်ညွန့်စိန်နှင့် ဦးရွှိန်ကြီး၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံးများ ၉၉၁ ရည်ညွှန်းသည်။

---

* ၁၉၆၈ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၃၆၊ ၃၇။

† ၁၉၆၇ ခုနှစ်၊ လျော်ကြေးမှု အမှတ် ၆ နှင့် ၄ တွင်၊ မြိတ်မြို့ အလုပ်သမားလျော်ကြေးမင်းကြီးရုံးတော်၏ ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

ထို့ကြောင့် ထိခိုက် ဒဏ်ရာရခြင်းကိုအလုပ်သမ ဖက်မှ အကြောင်းကြား-မကြား၊ ၁၂ လ အတွင်း လျော်ကြေးတောင်း-မတောင်း စသည်ကို စစ်ဆေးရုံမျှနှင့် မပြီးသေး။ ထိခိုက် ဒဏ်ရာ ရခြင်းကို အလုပ်ရှင် သိ-မသိ၊ ဒဏ်ရာအခြေအနေ၊ ဆေးဝါး ကုသခြင်းတို့ကိုထောက်ရှု၍ အလုပ်သမားက အကြောင်းကြားခြင်း၊ လျော်ကြေး တောင်းခြင်းပြုနိုင်ခြင်း ရှိခဲ့-မရှိခဲ့သည်တို့ ပါကျယ်ကျယ်ဝန်းဝန်း၊ ပြည့်ပြည့်စုံစုံ၊ စုံစမ်းစစ်ဆေးပြီးမှ သာလျှင် အက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်သည် မညီညွတ်သည်ကို ဆုံးဖြတ်နိုင်ပေမည်။

ဒေါ်မိက လျော်ကြေး တောင်းသော အမှု၌ အလုပ်ရှင်၏ ကိုယ်စားလှယ် ဦးဗိုတာကိုယ်တိုင်က ပင်၊ ဒေါ်မိပြောပြ၍ ဦးပြင်းသည် အလုပ်ခွင်၌ရသော ဒဏ်ရာကြောင့် ဆေးကုသနေသည်ဟု သိရကြောင်း၊ လျော်ကြေး မင်းကြီးထံ၌ ထွက်ဆိုခဲ့လေသည်။ ဦးဗိုတာက သိခြင်းသည် အလုပ်ရှင် ဦးယုဆိုင်က သိခြင်းဖြစ်သည်။

ဒေါ်သောင်းရင်က ၎င်း၏ ယောကျ်ား သေဆုံးရသည့်အတွက် လျော်ကြေး တောင်းသော အမှု၌လည်း၊ အလုပ်ရှင်၏ မန်နေဂျာများက ဦးအပနားသည် အလုပ်ခွင်၌ သံဆူး၍ ၎င်းတို့က ဆေးရုံတင်ပေးခဲ့ရကြောင်း ထွက်ဆိုခဲ့ကြသည်။ ထို့ကြောင့် ထိခိုက် ဒဏ်ရာရခြင်းကို အလုပ်ရှင်၏ ကိုယ်စားလှယ်များက သိကြသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဒေါ်မိ၊ ဒေါ်သောင်းရင်တို့၏ လျော်ကြေးတောင်းဆိုခြင်းသည်၊ အက်ဥပဒေ ပုဒ်မ ၁၀ (၁)၏ ခြွင်းချက် (ဘီ)တွင် အကျုံးဝင်သည်။ အလုပ်သမားတို့သည်လည်း ကြာမြင့်စွာ နာကြ၍ ဦးပြင်းသည် နောက်ဆုံး၌ မျက်စေ့ကွယ်၊ ဦးအပနားသည် အသက်ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် အချိန်နှောင်း၍ လျော်ကြေးတောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိ။ ဦးအပနားနှင့် ပတ်သက်၍ ဆိုလျှင်အသက်ပင် ဆုံးရှုံးရသောကြောင့် အလုပ်ရှင်တွင် လျော်ကြေးပေးရန် တာဝန် ပေါ်ပေါက်သကဲ့သို့ သေဆုံးကြောင်း၊ သိလာသောလျော်ကြေးမင်းကြီးကလည်း ယင်းလျော်ကြေးကို ထိုက်သည့်သူတို့ ရရှိစေရန် ဆောင်ရွက်ပေးရန် တာဝန်ကို အက်ဥပဒေ ပုဒ်မ ၁၀(အေ) အရ ခံရယူရပေသည်။

အထက်ပါ အကြောင်းအကျိုးတို့ကို သောသာချင့်လျှင် ဒေါ်မိနှင့် ဒေါ်သောင်းရင်တို့က လျော်ကြေး တောင်းခြင်းသည် ကာလစည်းကမ်း သပ်လွန်သည်၊ အက်ဥပဒေ ပုဒ်မ ၁၀ ကို ဆန့်ကျင်သည်ဟုမဆိုနိုင်။

ခုနှစ်မှု

၁။ ဦးယုဆိုင်

၂။ ဦးယုဆိုင် နှင့်

၁။ ဒေါ်မိ

၂။ ဒေါ်သောင်းရင်။

အယူခံတရားလိုအတွက်။ ။ဦးဘသန်း (၁)။

ရုံးသဟာယအတွက်။ ။ဒေါ်မြသန်းနု၊ အစိုးရဘာရုံးချုပ်ရှေ့နေကြီး။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။ဤအယူခံမှုများတွင်၊ အယူခံတရားလို၏ရှေ့နေကြီးက ပြဿနာတရပ်ကိုသာ မူတည်၍ တခေါင်းတည်း လျှောက်လဲသည်။ ယင်းပြဿနာသည်၊ အလုပ်သမား လျော်ကြေး တောင်းခံခဲ့ခြင်းများသည် အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်ခြင်း ရှိခဲ့ မရှိခဲ့ဖြစ်လေသည်။

၁၉၆၉

၁။ ဦးယုဆိုင်
၂။ ဦးယုဆိုင်
နှင့်
၁။ ဒေါ်မိ
၂။ ဒေါ်သောင်း
ရင်။

အမှုနှစ်ရပ်တွင် အလုပ်ရှင် တဦးတည်းဖြစ်သည်။ အယူခံမှုအမှတ် ၃၆ တွင်၊ မြိတ်ခရိုင် "အောင်သိန်းကြူ" ရဘာခြံပိုင်ရှင် ဦးယုဆိုင်ထံမှ အလုပ်သမား ဦးပြင်း၏ ဇနီး ဒေါ်မိက အလုပ်သမား လျော်ကြေးတောင်းခြင်း ဖြစ်၏။ ဒေါ်မိအဆိုမှာ ၁၉၆၂ ခုနှစ်တွင် ဦးပြင်းသည် ရော်ဘာခြံ၌ အလုပ်လုပ်စဉ် မျက်လုံးကို သစ်ကိုင်းရိုက်မိ၍ ဒဏ်ရာရခဲ့သည်။ ဆေးဝါးကုသသော်လည်း မရပဲ နှစ်အတန်ကြာသော် မျက်စေ့ကွယ်သည်။ ၁၉၆၇ ခုနှစ်တွင် ဒေါ်မိက လျော်ကြေး လျှောက်ထား တောင်းဆိုရာ၊ အလုပ်ရှင်က အလုပ်ခွင်၌ရသော ဒဏ်ရာကြောင့် မျက်စေ့ကွယ်သည် မဟုတ်ကြောင်း ထုချေခဲ့သည်။ ဆရာဝန် ဆေးစစ်ချက်နှင့် အခြား အချက်အလက်တို့ကို သုံးသပ်၍၊ လျော်ကြေး မင်းကြီးက လျော်ကြေးငွေ ၆၀၄ ကျပ် ၇၀ ပြားခွင့်ပြုခဲ့သည်။

အလုပ်သမား ဦးအပနားသည်၊ ဦးယုဆိုင်ပိုင် ရော်ဘာခြံ၌ အလုပ် လုပ်ယင်း ၁၉၆၂ ခုနှစ်၊ မိုးရာသီတွင် ခြေထောက်၌ သံဆူးရှ၍ဒဏ်ရာရခဲ့ပါသည်။ ယင်းဒဏ်ရာကို ကုသသော်လည်း မရပဲ၊ တစတစ အဆိပ်တက်၍ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလတွင် သေဆုံးခဲ့ရပါသည်။ အလုပ်ခွင်တွင် ရခဲ့သော ဒဏ်ရာကြောင့် သေဆုံးရသည် ဖြစ်သောကြောင့် အသက်ဖိုး လျော်ကြေး ရသင့်ပါသည်ဟု ဦးအပနား၏ ဇနီး ဒေါ်သောင်းရင်က လျှောက်ထားခဲ့သည်။ ဦးယုဆိုင်ဖက်က လျော်ကြေးမင်းကြီးထံတွင် အလုပ်သမား သေဆုံးရခြင်းသည် အလုပ်ခွင်တွင် ရသော ဒဏ်ရာနှင့် ဆက်စပ်ခြင်းမရှိဟု ထုချေလေသည်။ ဆရာဝန်၏ထင်မြင်ချက် သက်သေ အထောက်အထားများကို ထောက်ရှုကာ လျော်ကြေးမင်းကြီးက လျော်ကြေးငွေ ၂,၁၆၀ ကျပ်ကို ဒေါ်သောင်းရင်အား ခွင့်ပြုခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဦးယုဆိုင်က အယူခံမှုအမှတ် ၃၇ ကို ဤရုံးသို့ လာရောက်တင်သွင်းခြင်း ဖြစ်၏။

လျော်ကြေး လျှောက်ထားသူတို့သည် အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၁၀ က ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိခိုက်ဒဏ်ရာရပြီးနောက် အလုပ်ရှင်အား အကြောင်းကြားခြင်း မရှိခဲ့ပါ။ ထိခိုက်ဒဏ်ရာရပြီး၊ သို့မဟုတ် ဒဏ်ရာကြောင့် သေဆုံးပြီး ၁၂ လအတွင်း လျော်ကြေး လျှောက်ထားခြင်းလည်း မရှိခဲ့ပါ။ ထို့ကြောင့် ကာလ စည်းကမ်းသတ်လွန်မှ လျော်ကြေးမင်းကြီးက လျော်ကြေးမှု ဖွင့်ပေးခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပါသည်ဟု အယူခံတရားလိုတို့က အယူခံ နှစ်ရပ်လုံးတွင် အဓိက ထား၍ တင်ပြကြသည်။

ယင်းသို့ ပုဒ်မ ၁၀ နှင့် ဆန့်ကျင်နေ-မနေ ပို၍သေချာစွာ ဆုံးဖြတ်နိုင်ရန် ဤရုံး တရားသူကြီးတဦးက လျော်ကြေး မင်းကြီးထံ အချက် နှစ်ချက်ပေါ်တွင် စုံစမ်းအစီရင်ခံရန် ပြန်ပို့ခဲ့သည်။ ယင်းအချက်နှစ်ချက်မှာ အလုပ်သမားဖက်မှ အလုပ်ရှင်ထံ ထိခိုက်ဒဏ်ရာရပြီး၊ သို့မဟုတ် သေဆုံးပြီး ၁၂ လအတွင်း လျော်ကြေး တောင်း

ခဲ့ခြင်း ရှိ-မရှိ။ မရှိခဲ့လျှင် နှောင့်နှေး နောက်ကျခြင်းအတွက် လုံလောက်သော အကြောင်း ရှိ-မရှိ။

လျော်ကြေးမင်းကြီးက နှစ်မှုလုံးတွင် လျော်ကြေး လျှောက်ထားသူတို့သည် မသိနားမလည်ကြ၍ ၁၂ လ၊ ကာလစည်းကမ်းသတ် လွန်ကြသည်ဟု ယူဆပါသည်။ ထို့ကြောင့် အကြောင်း လုံလောက်သည်ဟု ယူဆကြောင်း အစီရင်ခံခဲ့သည်။

ကျွန်ုပ်တို့သည် အယူခံမှုများ ပိုမိုကျယ်ပြန့်စွာ စဉ်းစားနိုင်ရန် စုံညီခုံရုံး ဖွဲ့စည်းပြီးနောက်၊ နိုင်ငံတော် ရှေ့နေချုပ်အား ရုံးသဟာယအဖြစ် လိုက်ပါကူညီရန် ဖိတ်ကြားခဲ့သည်။ ဒေါ်မိနှင့် ဒေါ်သောင်းရင်တို့က နွမ်းပါးသဖြင့် ရှေ့နေငှါးရမ်းခြင်း မပြုနိုင်ကြ၊ စာဖြင့်သာ အယူခံတို့ကို ဖြေကြားထုချေသည်။

အယူခံတရားလိုတို့၏ ရှေ့နေကြီး ဦးဘသန်းက အလုပ်သမားများအပေါ် ကရုဏာထားပါသော်လည်း ဥပဒေက အတိအကျ ပြဋ္ဌာန်းထားသည်ကို ဆန့်ကျင်၍ အချိန်လွန်မှ လျော်ကြေး လျှောက်ထားခြင်းကို ခွင့်ပြုပါလျှင် မှားယွင်းသော သာဓကတရပ် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် အများနှင့် ပတ်သက်သော ပြဿနာ ဖြစ်ပါသည်ဟု တင်ပြ လျှောက်လဲသည်။

နိုင်ငံတော် ရှေ့နေချုပ်ကိုယ်စား အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက အလုပ်သမားဝန်ကြီးဌာနနှင့် ဗဟို ပြည်သူ့ အလုပ်သမား ကောင်စီတို့နှင့် ညှိနှိုင်းပြီး၍ အက်ဥပဒေ၏ ပုဒ်မ ၁၀ ကို ဥပဒေသဘောကျဉ်းမြောင်းစွာ မကြည့်ပဲ လူမှုရေး ကိစ္စတရပ်အနေဖြင့် ကျယ်ပြန့်သဘောထားကြီးစွာ စဉ်းစားသင့်ပါသည်။ အလုပ်သမား လျော်ကြေး အက်ဥပဒေကို ခေတ်နှင့်လျော်အောင် ပြုပြင်စရာများ ရှိပါသေးသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောကြောင့် အလုပ်သမားများ နားမလည်ကြသည်လည်း ရှိပါသေးသည်။ နားလည် သဘောပေါက်ကြစေရန် လှုံ့ဆော် ပညာပေးလျက် ရှိသော်လည်း အပြည့်အဝ မအောင်မြင်သေးပါ၊ အချို့ အလုပ်ရှင်များက လျော်ကြေးပေးရန် တာဝန်ကို ရှောင်ရှား လှည့်ပျားကြသည်များလည်း ရှိနေပါသေးသည် စသည်ဖြင့် သက်ဆိုင်ရာဌာနနှင့် ဗဟို ပြည်သူ့ အလုပ်သမားကောင်စီတို့၏ သဘောထားကို တင်ပြလေသည်။

အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရခြင်းကြောင့် အလုပ်သမားတဦး သေဆုံးရသည်ဟု သတင်းရရှိလျှင် အက်ဥပဒေ ပုဒ်မ ၁၀ (အေ) အရ လျော်ကြေး မင်းကြီးကပင် အလုပ်ရှင်အား အလုပ်သမား သေဆုံးရပုံ၊ ၎င်းအတွက် လျော်ကြေးပေးရန် တာဝန် ရှိ-မရှိ စသည်တို့ကို အစီရင်ခံရန် တောင်းဆိုနိုင်ပါမည်။ သေဆုံးသော အလုပ်သမားဖက်မှ တောင်းမှ ပေးရသည်မဟုတ်ပါ။ အလုပ်သမားသည် အလုပ်ခင်ကင် ရသော

၁၉၆၉

၁။ ဦးယုဆိုင်
၂။ ဦးယုဆိုင်
နှင့်
၁။ ဒေါ်မိ
၂။ ဒေါ်သောင်းရင်။

၁၉၆၉

၁။ ဦးယုဆိုင်
၂။ ဦးယုဆိုင်နှင့်
၁။ ဒေါ်မိ
၂။ ဒေါ်သောင်းရှင်။

ဒဏ်ရာကြောင့် သေဆုံးသည်နှင့် လျော်ကြေးပေးရန် တာဝန်သည်၊ အလုပ်ရှင်အပေါ်၌ ကျရောက်ပါသည်ဟု ဒေါ်မြသန်းနုက တင်ပြသည်။

အက်ဥပဒေ ပုဒ်မ ၁၀ ကို သုံးသပ်ရာတွင် ကျယ်ဝန်းစွာ ကြည့်ရှုအပ်ကြောင်းကို ကျွန်ုပ်တို့သည် **မောင်ညွန့်စိန်** နှင့် **ဦးရှိန်ကြီး** (၁) အယူခံမှုဘွင် စုံညီခုံရုံးဖြင့် ထုံးပြုခဲ့ကြဖူးပြီ။ အလုပ်သမားသည် အလုပ်ခွင်၌ ထိခိုက် ဒဏ်ရာရခြောင်းကို အလုပ်ရှင် သိလျှင် အလုပ်သမားက အထူးတလည် အကြောင်းကြားရန် မလိုပေ။ အက်ဥပဒေ ပုဒ်မ ၁၀(၁) ခြွင်းချက် (ဘီ) တွင်၊ ဤသို့ပြဋ္ဌာန်းပြီး ဖြစ်ပေသည်။ ထို့ပြင် အလုပ်သမားသည် အချိန်ကြာမြင့်စွာ ဆေးကုသလောက်အောင် ပြင်းထန်သော ဒဏ်ရာ ရရှိခဲ့လျှင် လျော်ကြေးတောင်းဆာဉ် အချိန်လွန်စေကာမူ လုံလောက်သောအကြောင်း ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်းကို **မောင်ညွန့်စိန်** အမှုတွင် ဆုံးဖြတ်ခဲ့ပြီးပြီ။

ထို့ကြောင့် ထိခိုက်ဒဏ်ရာရခြင်းကို အလုပ်သမားဖက်မှအကြောင်းကြား-မကြား၊ ၁၂ လအတွင်း လျော်ကြေး တောင်း-မတောင်း စသည်ကို စစ်ဆေးရုံမျှနှင့် မပြီးသေး၊ ထိခိုက်ဒဏ်ရာရခြင်းကို အလုပ်ရှင်သိ-မသိ၊ ဒဏ်ရာအခြေအနေဆေးဝါးကုသရခြ ်း တို့ကိုထောက်ရှု၍ အလုပ်သမားက အကြောင်းကြားခြင်း၊ လျော်ကြေးတောင်းခြင်း ပြုနိုင်ခြင်း ရှိခဲ့-မရှိခဲ့ စသည်တို့ပါ ကျယ်ကျယ်ဝန်းဝန်း၊ ပြည့်ပြည့်စုံစုံ စုံစမ်း စစ်ဆေးပြီးမှသာလျှင် အက်ဥပဒေ ပုဒ်မ ၁၀ နှင့် ညီညွတ်သည် မညီညွတ်သည်ကို ဆုံးဖြတ်နိုင်ပေမည်။

ဤအမှုများတွင် အလုပ်ရှင်ကလျော်ကြေးမင်းကြီးရှေ့တွင် ကာလစည်းကမ်းသတ်လွန်သည်ဟု ထုချေခြင်း မပြုခဲ့ချေ။ အလုပ်ခွင်တွင် ရသော ဒဏ်ရာ မဟုတ်ဟုသာ အဓိကထုချေ၍ ယင်းအချက်ကို လျော်ကြေးမင်းကြီးက စုံစမ်းဆုံးဖြတ်ခဲ့သည်။

ဒေါ်မိက လျော်ကြေး တောင်းသော အမှု၌ အလုပ်ရှင်၏ ကိုယ်စားလှယ် ဦးဗိုလ်တာကိုယ်တိုင်ကပင် ဒေါ်မိပြောပြ၍ ဦးမြင်းသည် အလုပ်ခွင်၌ ရသော ဒဏ်ရာကြောင့် ဆေးကုနေရသည်ဟု သိရကြောင်း၊ လျော်ကြေးမင်းကြီးထံ၌ ထွက်ဆိုခဲ့လေသည်။ ဦးဗိုလ်တာက သိခြင်းသည် အလုပ်ရှင် ဦးယုဆိုင်က သိခြင်း ဖြစ်သည်။ မျက်စေ့ဒဏ်ရာကြောင့် ဦးမြင်းသည် အလုပ်ကို မဆင်းနိုင်ခဲ့သည်မှာ ထင်ရှားသည်။ မည်သည့်အတွက် အလုပ်မဆင်းကြောင်းကို အလုပ်ရှင်၏ ကိုယ်စားလှယ် ဦးဗိုလ်တာက မေးမြန်း သိရှိခဲ့ရမည်သာလည်း ဖြစ်သည်။

ဒေါ်သောင်းရှင်က ၎င်း၏ ယောကျ်ား သေဆုံးရသည့် အတွက် လျော်ကြေး တောင်းသော အမှု၌လည်း၊ အလုပ်ရှင်၏ မန်နေဂျာများက ဦးအပနားသည် အလုပ်ခွင်၌ သံစူး၍ ၎င်းတို့က ဆေးရုံတင်ပေးခဲ့ရကြောင်း ထွက်ဆိုခဲ့ကြသည်။ ထို့ကြောင့်

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးမျ း ၉၉၁။

၁၉၆၄

၁။ ဦးယုဆိုင်
၂။ ဦးယုဆိုင်
နှင့်
၁။ ဒေါ်မိ
၂။ ဒေါ်သောင်းရင်။

ထိခိုက်ဒဏ်ရာ ရခြင်းကို အလုပ်ရှင်၏ ကိုယ်စားလှယ်များက သိကြသည်။ သံစူးပြီး နောက်ပိုင်း၌ ဦးအပနားသည် ပြတ်တောင်း ပြတ်တောင်းသာ အလုပ်ဆင်းနိုင်ကာ နောက်ပိုင်းတွင် လုံးဝပျက်ကွက်ခဲ့လေသည်။ ယင်းသို့ ပျက်ကွက်ခြင်းကိုလည်း မန်နေဂျာများက သိရှိရမည်သာဟု သဘာဝယုတ္တိအရ ယူဆနိုင်ပေသည်။

အထက်ပါ အကြောင်းတို့ကြောင့် ဒေါ်မိ၊ ဒေါ်သောင်းရင်တို့၏ လျော်ကြေး တောင်းဆိုခြင်းသည်၊ အက်ဥပဒေ ပုဒ်မ ၁၀ (၁) ၏ ခြွင်းချက် (ဘီ) တွင် အကျုံးဝင်သည်။ အလုပ်သမားတို့သည်လည်း ကြာမြင့်စွာ နာကြ၍ ဦးပြင်းသည် နောက်ဆုံး၌ မျက်စေ့ကွယ်၊ ဦးအပနားသည် အသက် ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် မောင်ညွန့်စိန် စီရင်ထုံးတွင် ချမှတ်သော မူအရလည်း အချိန်နှောင်း၍ လျော်ကြေး တောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိ။ ဦးအပနားနှင့် ပတ်သက်၍ဆိုလျှင် အသက်ပင် ဆုံးရှုံးရသောကြောင့် အလုပ်ရှင်တွင် လျော်ကြေးပေးရန် တာဝန် ပေါ်ပေါက်သကဲ့သို့ သေဆုံးကြောင်း သိလာသော လျော်ကြေး မင်းကြီးကလည်း ယင်း လျော်ကြေးကို ထိုက်သင့်သူတို့ ရရှိစေရန် ဆောင်ရွက်ပေးရန် တာဝန်ကို အက်ဥပဒေ ပုဒ်မ ၁၀ (အေ) အရ ခံယူရပေသည်။

အထက်ပါ အကြောင်းအကျိုးတို့ကို ထောက်ချင့်လျှင် ဒေါ်မိနှင့် ဒေါ်သောင်းရင် တို့က လျော်ကြေး တောင်းခြင်းသည် ကာလစည်းကမ်းသတ် လွန်သည်၊ အက်ဥပဒေ ပုဒ်မ ၁၀ ကို ဆန့်ကျင်သည်ဟု မဆိုနိုင်။ လျော်ကြေးမင်းကြီးကလည်း ကောင်းစွာ စုံစမ်းစစ်ဆေးပြီးမှ အဆုံးအဖြတ် ပေးခဲ့ခြင်း ဖြစ်သည်ဟု တွေ့ရှိရသည်။

ထို့ကြောင့် အယူခံများကို စရိတ်မဲ့ ပယ်လိုက်သည်။

ရုံးတော်၌ သဟာယ အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုဘသား ကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်သည်။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးသက်ဖေ နှင့် တရားသူကြီး ဦးစိန်သင်း တို့ရှေ့တွင်

† ၁၉၆၉
စက်တင်ဘာလ
၂၇ ရက်။

### ဦးငှေမ်လျောင် (အယူခံတရားလို)

### နှင့်

### မောင်တင်ရွှေ ပါ ၆ (အယူခံတရားခံ)*

**ဇာရီမှု—မြေကိုအပ်ပေးရန် ဒီကရီရရှိခြင်း—ဇာရီပြုလုပ်ရာ ဇာရီမှုကို ဆိုင်းငံ့ထားစေရန်အမိန့် ချမှတ်ခြင်း—ဒီကရီ၏အကျိုးအာနိသင်ကို တမိတ်တဒေသအားဖြင့် အတည်ပြုခြင်းမှရပ်ဆိုင်း ထားခြင်း—ဒီကရီတခုလုံးမှ ရပ်ဆိုင်းထားဘိသကဲ့သို့ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၅ အရ မှတ်ယူရခြင်း။**

အယူခံတရားခံများ(တရားနိုင်) က ၁၉၆၅ ခုနှစ်တွင် ဇာရီမှုပြုလုပ်ရန် လျှောက်ထားရာ ၎င်းတို့၏ တောင်းဆိုသော "တရားရှုံးများ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦကိုဖြိုဖျက် နှင်ထုတ်ပေးရန် " သက်သာခွင့်မှာ တရားရုံးချုပ်မှ ညွှန်ကြားချက်နှင့် ဆန့်ကျင်နေသဖြင့် အမှုကို ဆိုင်းငံ့ထားရန်အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် တရားစရိတ်နှင့်ပတ်သက်၍ ချမှတ်ထားသော ဒီကရီကိုအတည်ပြုရန်လျှောက်ထားပြန်သည်။ တရားရှုံးများက တရားနိုင်များ လျှောက်ထားသည့် လျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဟု ထုချေသည်။

ဆုံးဖြတ်ချက်။ ။အမှုတွင် အလွန်ထင်ရှားပေါ်လွင်သည့်အချက်များမှာ၊ တရားနိုင်များသည် ဒီကရီရရှိပြီး သုံးနှစ်အတွင်း ထိုဒီကရီကိုအတည်ပြုရန်အတွက် လျှောက်ထားခဲ့သည်။ ထိုကဲ့သို့ လျှောက်ထားရာ၌ မိမိတို့၏ လျှောက်လွှာတွင်ရုံးတော်က ချမှတ်ပေးသည့်တရားစရိတ်များကိုလည်း ပေါ်ပြထားသည်။ ရုံးကမည်ကဲ့သို့သော ကူညီထောက်ပံ့မှုကိုပေးစေလိုကြောင်း ပေါ်ပြထားရာ၌ တရားရှုံးများဆောက်လုပထားသော အဆောက်အဦကိုဖြိုဖျက်၍ ၎င်းတို့အား နှင်ထုတ်ပေးရန်ဟု ပေါ်ပြထားသည်ကားမှန်၏။ ယင်းကဲ့သို့ ပေါ်ပြထားလင့်ကစား တရားနိုင်များသည် မိမိတို့က တရားရှုံးများအပေါ်တွင် ရရှိထားသည့် ဒီကရီတခုလုံးကို အတည်ပြုရန်အတွက် လျှောက်ထား ခြင်းမဟုတ်ဟု မည်သည့်နည်းနှင့်မျှ မယူဆနိုင်။ တရားနိုင်များ တောင်းဆိုထားသည့် သက်သာခွင့် သည် ဤရုံးမှထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့်ဆန့်ကျင်နေသောကြောင့်၊ မူလရုံးသည် ဒီကရီအတည်ပြုခြင်းကိုရပ်ဆိုင်းထားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ဒီကရီ၏ အကျိုးအာနိသင် ကို တစိတ်တဒေသအားဖြင့် အတည်ပြုခြင်းမှ ရပ်ဆိုင်းထားခြင်းသည်၊ ဒီကရီတခုလုံးရပ်ဆိုင်းထား ဘိသကဲ့သို့ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၅ အရ၊ မှတ်ယူရမည်။

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၄။

† ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၅၇ တွင်၊ ရန်ကုန်မြို့၊ တရားမရုံးတွဲဘက်တရားသူကြီး ချုပ်ရုံးမှ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲပါ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၉

ဦးရှမ်လျှောင် နှင့် မောင်တင်ရွှေ ပါ ၆။

စီ၊ ဗွီ၊ ကိန္နာချိရာအပ္ပချစ်တီး နှင့် မောင်ဖေ၊ အထက်မြန်မာပြည်စီရင်ထုံး၊ အတွဲ ၂၊ ၁၉၁၇၊ ဗုဒ်မ ၂၀၊ စာ ၇၃ ရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်။** ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီ။

**အယူခံတရားခံများအတွက်။** ။ဦးသန်းမောင်။

**တရားသူကြီး ဦးစိန်သင်း။** ။ရန်ကုန်မြို့၊ တရားမခုံး ၁၉၆၆ ခုနှစ် တရားမကြီးမှု အမှတ် ၅၅၇ တွင် ဤအမှုမှ အယူခံတရားခံများက၊ အယူခံတရားလို ဦးရှမ်လျှောင် ပါ-၂ တို့အပေါ်၌ အချင်းဖြစ်မြေကိုအပ်ပေးရန်နှင့် တရားစရိတ်ငွေ ၆၂၆ ကျပ် ၅၀ ပြား ပေးစေရန်အနိုင်ဒီကရီ ရရှိခဲ့သည်။ ထိုဒီကရီကို အတည်ပြုရန်အတွက် တရားနိုင်များက အဆိုပါခုံး ၁၉၆၅ ခုနှစ်၊ ဇာရီမှုအမှတ် ၁၆၈ တွင် လျှောက်ထားခဲ့သည်။ တရားနိုင်များ၏လျှောက်လွှာတွင်တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၁ အရ၊ လိုအပ်ချက်များကို ဖော်ပြထားရာ၌၊ ရုံးက မည်ကဲ့သို့ ကူညီထောက်ပံ့စေလိုသည် ဟူသောအချက်၌ "တရားရှုံးများ ကျူးကျော် ဆောက်လုပ်ထားသော အဆောက်အဦကို ဖြိုဖျက်နှင်ထုတ်ပေးရန်" ဟု ဖော်ပြထားသည်။ ယင်းကဲ့သို့ တရားနိုင်များ တောင်းဆိုထားသည့် သက်သာခွင့်သည်၊ ဤခုံး၏ ၁၉၆၃ ခု၊ ဒီဇင်ဘာလ ၂၈ နေ့စွဲပါ အထွေထွေဌာန စာအမှတ် ၅၁၂/၂၀-၁၅၅ (၆၃) ပါ ညွှန်ကြားချက်နှင့် ဆန့်ကျင်နေသဖြင့်၊ မူလခုံး တရားသူကြီးသည် တရားနိုင်များ၏ အမှုကို ဆိုင်းငံ့ထားစေရန် အမိန့် ချမှတ်လိုက်သည်။ ထိုနောက် ၁၉၆၈ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့သို့ရောက်သောအခါ၊ တရားနိုင်များက အဆိုပါခုံး ၁၉၆၈ ခုနှစ်၊ ဇာရီမှု အမှတ် ၄၅၉ တွင် တရားစရိတ်နှင့် ပတ်သက်၍ ချမှတ်ထားသော ဒီကရီကို အတည်ပြုရန် အတွက် လျှောက်ထားပြန်သည်။ ထိုအမှု၌ တရားရှုံးများက တရားနိုင်များ လျှောက်ထားသည့် လျှောက်လွှာသည် ကာလစည်းကမ်းသတ် ကျော်နေပါသည်ဟု ထုချေခဲ့သည်။ မူလခုံး တရားသူကြီးက တရားရှုံးများ အပေါ်၌ ဇာရီပြုလုပ်ခြင်းကို ရုံး၏ အမိန့်အရ ဆိုင်းငံ့ထားခြင်းဖြစ်သောကြောင့်၊ ယင်းကဲ့သို့ ဆိုင်းငံ့ထားခြင်းခံရသည့်အချိန်ကို ကာလစည်းကမ်းသတ်ရေတွက်ရာ၌၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၅ အရထုတ်နုတ်ရမည် ဖြစ်သောကြောင့်၊ တရားနိုင်များ လျှောက်ထားသည့် လျှောက်လွှာသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိပါဟု အဆုံးဖြတ်ပေးခဲ့သည်။ ထိုအဆုံးအဖြတ်ကို မကျေနပ်သောကြောင့်၊ ယခုကျွန်ုပ်တို့ ရှေ့သို့ အယူခံလွှာကို တရားရှုံး ဦးရှမ်လျှောင်က တင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားလို ဦးရှမ်လျှောင်အတွက် လိုက်ပါဆောင်ရွက်သည့်၊ တရားရုံးချုပ်ရှေ့နေ မစ္စတာ ဘနာဂျီက တရားနိုင်များသည် တရားစရိတ် သက်သက်နှင့် ပတ်သက်၍

၁၉၆၉

ဦးရှမ်လျှောင် နှင့် မောင်တင်ရွှေ ပါ ၆။

ဒီကရီ အတည်ပြုလုပ်ရန်အတွက် ယခင်က လျှောက်ထားခဲ့ခြင်း မရှိဘူးပါ၊ မူလရုံးက ဆိုင်းငံ့ထားသည့် အမိန့်သည် တရားစရိတ်နှင့်ပတ်သက်သည့် ဒီကရီနှင့် မသက်ဆိုင်ပါ။ ထို့ကြောင့် ၁၉၆၈ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်၊ တရားနိုင်များတင်သွင်းသည့် လျှောက်လွှာနှင့်စပ်လျဉ်း၍ တရားနိုင်များသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၇ တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို အားကိုးအားထားမပြုလုပ်နိုင်ပါ။ ၁၉၆၈ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် တရားနိုင်များ လျှောက်ထားသည့် လျှောက်လွှာသည်၊ ကာလစည်းကမ်းသပ် ကျော်လွန်နေပြီး ဖြစ်သောကြောင့် ထိုလျှောက်လွှာကို ခွင့်ပြုခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြသွားသည်။

ဤအမှုတွင် အလွန်ထင်ရှား ပေါ်လွင်သည့် အချက်များမှာ၊ တရားနိုင်များသည် ဒီကရီ ရရှိပြီး သုံးနှစ်အတွင်း ထိုဒီကရီကို အတည်ပြုရန်အတွက် လျှောက်ထားခဲ့သည်။ ထိုကဲ့သို့ လျှောက်ထားရာ၌ မိမိတို့၏ လျှောက်လွှာတွင် ရုံးတော်က ချမှတ်ပေးသည့် တရားစရိတ်များကိုလည်းဖော်ပြထားသည်။ ရုံးကမည်ကဲ့သို့သောကူညီထောက်ပံ့မှုကို ပေးစေလိုကြောင်း ဖော်ပြထားရာ၌၊ တရားရှုံးများ ဆောက်လုပ်ထားသော အဆောက် အဦကို ဖြိုဖျက်၍၊ ၎င်းတို့အားနှင်ထုတ် ပေးရန်ဟု ဖော်ပြထားသည်ကားမှန်၏။ ယင်းကဲ့သို့ ဖော်ပြထားလင့်ကစား တရားနိုင်များသည် မိမိတို့က တရားရှုံးများ အပေါ်တွင် ရရှိထားသည့် ဒီကရီတခုလုံးကို အတည်ပြုရန်အတွက် လျှောက်ထားခြင်း မဟုတ်ဟု မည်သည့်နည်းနှင့်မျှ မယူဆနိုင်။ တရားနိုင်များ တောင်းဆိုထားသည့် သက်သာခွင့်သည် ဤရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ဆန့်ကျင် နေသောကြောင့်၊ မူလရုံးသည် ဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်းထားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ဒီကရီ၏ အကျိုးအာနိသင်ကို တစိတ်တဒေသအားဖြင့်အတည်ပြုခြင်းမှ ရပ်ဆိုင်းထားခြင်းသည်၊ ဒီကရီတခုလုံးမှ ရပ်ဆိုင်းထားဘိသကဲ့သို့ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၅ အရ၊ မှတ်ယူရမည်ဟု၊ **စီ၊ဗွီ၊ ကီနာခါရီရာအပွချစ်တီး နှင့် မောင်မေ(၁)** အမှုစီရင်ထုံး၌၊ အဆုံးအဖြတ်ပြုထားသည်။

ထို့ကြောင့်ယခုကျွန်ုပ်တို့ရှေ့ရှိ အမှုတွင်လည်း၊မူလရုံး၏အမိန့်အရ ဒီကရီကိုရပ်ဆိုင်း ထားသည့် အချိန်ကာလအတွက် အယူခံတရားခံများသည်၊ အထက်ဖော်ပြပါ ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၅ ၏ အကျိုးအာနိသင်ကိုရယူနိုင်သည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ကျွန်ုပ်တို့သည်၊ မူလရုံး တရားသူကြီး ချမှတ်ထားသည့် အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သောကြောင့်၊ ဤအယူခံလျှောက်လွှာကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ဤရုံး၏ ရှေ့နေကြေးခမှာ ငွေ ၃၄ ကျပ်တိတိဖြစ်စေရမည်။

---

(၁) အထက်မြန်မာပြည် စီရင်ထုံး၊ အတွဲ ၂၊ ၁၉၁၇ ခုနှစ်၊ ပုဒ်မ ၂၀၊ စာ ၇၃။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမပဌမအယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

| | | |
|---|---|---|
| ၁။ ကိုသောင်းရင် | | |
| ၂။ ဒေါ်ဂေါက် | (အယူခံတရားလို) | † ၁၉၆၉ အောက်တိုဘာလ ၃၁ ရက်။ |
| ၃။ မအေးမိ | | |
| ၄။ မစန်း | | |

နှင့်

ကိုဖုန်းဝင်း (အယူခံတရားခံ)*

**အငပါင်ဒိကရီ ရလိုကြောင်း တရားစွဲဆိုခြင်း——အမှုသည်တဦး၏ ထုချေချက်နှင့် စပ်လျဉ်း၍ဆန့်ကျင်ဘက်အမှုသည်နှင့် သက်သေတို့အား စစ်ဆေးစဉ် ပြန်လှန်မေးခွန်းထုတ်ထားခြင်းမရှိခြင်း——ထုချေချက်သည် နောက်မှ အကြံရကာ တင်ပြသည့် ထုချေချက်သာဖြစ်သည်ဟု ယူဆရန် ဖြစ်မဖြစ်။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်မှုများတွင် တရားခံတဦးသည်၊ မိမိအပေါ် စွပ်စွဲသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ ထုချေလိုက ထုချေနိုင်သည်။ မထုချေကလည်း မထုချေပဲနေနိုင်သည်။ သို့ ဖြစ်ပါလျက် တရားခံသည် ၎င်း၏ ထုချေချက်ကို စောစောစီးစီးတင်ပြခြင်း မပြုလျှင် လုပ်ကြံတင်ပြသည့် ထုချေချက်ဖြစ်သည်ဟု ယူဆနိုင်လျှင်၊ တရားမ မှုများ၌ သာ၍ပင် အလားတူယူဆချက်ကို အသုံးပြုနိုင်မည်သာဖြစ်သည်။ ယင်းယူဆချက်မှာ အမှုသည် တဦးဦး၏ ပြုမူချက်အပေါ် မူတည်၍ ဆုံးဖြတ်ရသည့် ယူဆချက်ဖြစ်ပေသည်။ လူ့သဘာဝအရ တဖက်သားအပေါ် တိကျသည့် စွပ်စွဲချက်ရှိလျှင် ထိုသူအား မေးမြန်းခွင့်ရရှိချိန်၌ ထိုစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ထုတ်ပေါ် မေးမြန်းမည်မှာ ကေန်ဖြစ်သည်။ ယင်းသို့မေးမြန်းခြင်း မရှိလျှင် ထိုစွပ်စွဲချက်သည် နောက်မှ အကြံရပြီး တင်ပြသည့် စွပ်စွဲချက်သာဖြစ်သည်ဟုယူဆရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ တဖက်သား အနေဖြင့်လည်း ၎င်းစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းခွင့်မရသည့် အလျောက် တဖက်သတ်စွပ်စွဲချက်တခုအဖြစ်သာ ရပ်တည်နေပေမည်။

**ဦးတင်ထွဋ် နှင့် ပြည်ထောင်စု၊ ၁၉၆၆၊ မြန်မာပြည်စီရင်ထုံး၊ ၁၉၂ ညွှန်းသည်။**

---

* ၁၉၆၉ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ် ၁၂။

† ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅ တွင်၊ ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့၊ တရားမရုံး တွဲဘက်တရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၉

၁။ ကိုသောင်းရင်
၂။ ဒေါ်ဂေါက်
၃။ မအေးမိ
၄။ မစန်နှင့် ကိုဟုန်းဝင်း။

အယူခံတရားလိုအတွက်။ ။ဦးမြင့်စိုး။

အယူခံတရားခံအတွက်။ ။ဦးမောင်မောင်ခင်။

တရားသူကြီး ဦးသက်ဖေ။ ။ရန်ကုန်မြို့တရားမရုံးတွင် အယူခံတရားပြိုင်က အယူခံတရားလိုတို့အပေါ် ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်၊ ဂန္ဓမာလမ်းအမှတ် ၉ မှိအိမ်နှင့် မြေကိုပေါင်နှံ၍ ချေးယူခဲ့သောငွေ ၁၀,၀၀၀ ကျပ်နှင့်အတိုးငွေ ၂,၆၀၀ ကျပ်အတွက် အပေါင်ဒီကရီရလိုကြောင်း တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်လိုက်သဖြင့် အယူခံတရားလိုတို့က မကျေနပ်၍ ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

အယူခံတရားပြိုင်က အယူခံတရားလို ကိုသောင်းရင်နှင့် ဒေါ်ဂေါက်တို့သည် ၁၉၆၁ ခု၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အခင်းဖြစ်အိမ်နှင့်မြေကို ပေါင်နှံသည့်သက်သေခံ (က)စာချုပ် ချုပ်ဆိုကာ ငွေတသောင်းကျပ်ကို မိမိထံမှ ချေးယူခဲ့ကြောင်း၊ ငွေတရာလျှင်တနှစ် ၁၂ ကျပ်နှုန်းဖြင့် အတိုးပေးရန်လည်း သဘောတူခဲ့ကြကြောင်း၊ ရင်းတိုးငွေများကို ပြန်တောင်းရာ မပေးသဖြင့် တရားစွဲဆိုခြင်းပြုရကြောင်း။ အယူခံတရားလို မအေးမိနှင့် မစန်တို့မှာ အပေါင်ပစ္စည်းကိုရွေးယူခွင့် ရှိသူများဖြစ်၍ အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရကြောင်း အဆိုပြုလာသည်။

အယူခံတရားလိုတို့က ငွေတသောင်းကို ချေးယူခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း။ အယူခံတရားပြိုင်သည် ငွေတိုးချေးစားသူအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အမှုစွဲဆိုခြင်းမပြုနိုင်ကြောင်းစသည်ဖြင့် အဓိကထား၍ ထုချေခဲ့ကြသည်။

မူလရုံး တရားသူကြီးသည် နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေခံ အထောက်အထားများကို ကြားနာစစ်ဆေးပြီးနောက် အယူခံတရားလို ကိုသောင်းရင်နှင့်ဒေါ်ဂေါက်တို့သည် အယူခံတရားပြိုင်ထံမှငွေ ၁၀,၀၀၀ ကျပ်ကို အပေါင်စာချုပ်ချုပ်ဆိုပြီး ချေးငှါးခဲ့သည် ဆိုခြင်းမှာ ထင်ရှားကြောင်း။ အယူခံတရားပြိုင်သည် ငွေတိုးချေးစားသူများ အက်ဥပဒေတွင် အကျုံးဝင်သည့် ငွေတိုးချေးစားသူတဦး ဖြစ်သည်ဆိုသော အထောက်အထား မခိုင်လုံသဖြင့် အမှုကိုစွဲဆိုနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ အယူခံတရားပြိုင်အား အနိုင်ဒီကရီ ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားလို ကိုသောင်းရင်နှင့် ဒေါ်ဂေါက်တို့သည် အယူခံတရားပြိုင်ထံမှ ငွေတသောင်းကျပ်ကို ချေးယူပြီးနောက် သက်သေခံ (က) အပေါင်စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်ဆိုခြင်းမှာ အပေါင်စာချုပ်အား သက်သေအဖြစ်လက်မှတ်ရေးထိုးခဲ့သည့် ဦးဘအေးနှင့် ဦးမောင်မောင်တို့၏ ထွက်ဆိုချက်များအရ ယုံမှားဘွယ်မရှိနိုင်ပေ။ ကိုသောင်းရင်ကိုယ်တိုင်ကလည်း အပေါင်စာချုပ်တွင် လက်မှတ်ထိုးပေးခဲ့ရသည်မှာ မှန်ကြောင်းဝန်ခံထားသည်။ အယူခံတရားပြိုင်ထံမှ ရရှိသောငွေများ

အတွက် ၄,၀၀၀ ကျပ်ကို ဦးဘအေးအား အကြွေးဆပ်လိုက်ရပြီး ကျန်ငွေ ၆,၀၀၀ ကျပ်ကိုလက်ရှိရပါသည်ဟုလည်း ထွက်ဆိုထားသောကြောင့် ချေးငွေတသောင်းအတွက် အပေါင်စာချုပ်ကို ချုပ်ဆိုခဲ့ရသည်ဆိုသော မူလရုံး၏ ကောက်ယူချက်သည် မှန်ကန်ပေသည်။

၁၉၆၉

၁။ ကိုသောင်းရင်
၂။ ဒေါ်ဂေါက်
၃။ မအေးမိ
၄။ မစန်နှင့် ကိုပုန်းဝင်း။

ထို့ကြောင့်ပင် အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုးက အယူခံတရားပြိုင်စွဲဆိုသည့်အမှုမှာ ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၉ အရ ဒီကရီချမှတ်ခြင်း မပြုနိုင်ဟုသာ အဓိကအားဖြင့် တင်ပြသွားပေသည်။ အယူခံတရားပြိုင်က မိမိတို့သည် ငွေတိုးချစားသူ တယောက်မဟုတ်ကြောင်း။အယူခံတရားလို ကိုသောင်းရင်အားသက်သေ ဦးဘအေး၊ ဦးမောင်မောင်တို့နှင့်ပတ်သက်ပြီးမိတ်ဆွေဖြစ်၍ ငွေထုတ်ချေးခြင်းသာဖြစ်ကြောင်း ထွက်ဆိုထားသည်။ အယူခံတရားလိုတို့ကမူ အယူခံတရားပြိုင်သည် ဗဟိုစာရင်းအင်းနှင့် စီးပွါးရေးဌာနတွင် လက်ထောက်စာရင်းအင်းအရာရှိ ဦးဘအေးနှင့်ပူးပေါင်းကာ စာရေးနှင့် အခြားအမှုထမ်းများအား အမြဲတမ်း ငွေတိုးချစားနေသူဖြစ်ကြောင်း ထင်ရှားအောင် စာရေးကိုသောင်းလွင်၊ ကိုမင်းသော်၊ ကိုအောင်ရွှေ၊ ဦးစိန်ထွန်း၊ မောင်တင်ရွှေ၊ ကိုကျော်မောင်နှင့် ရုံးလုလင် မောင်ထွန်းငြိမ်းတို့အား၊ သက်သေထူခဲ့ပေသည်။ ထိုသက်သေများက ၎င်းတို့သည် အယူခံတရားပြိုင်ထံမှ အကြိမ်ကြိမ် အတိုးဖြင့် ငွေချေးယူခဲ့ဘူးကြောင်း ထွက်ဆိုကြသော်လည်း သက်သေတဦးနှင့်တဦး ထွက်ဆိုချက်များ၌ ကွဲလွဲချက်ရှိနေခြင်း၊ ငွေချေးယူသည်ဆိုသော စာရွက်စာတမ်းအထောက်အထားများ မတင်ပြနိုင်ခြင်း။ အဆိုပါသက်သေတို့၏ ထွက်ချက်များနှင့်စပ်လျဉ်း၍ အယူခံတရားပြိုင်ကိုသော်လည်းကောင်း၊ သက်သေ ဦးဘအေးနှင့်ဦးမောင်မောင် တို့ကိုသော်လည်းကောင်း၊ စစ်ဆေးစဉ်က နိမိတ်ပြမေးခွန်းပင် မမေးမြန်းခဲ့ခြင်း စသည့်အချက်များကြောင့် အယူခံတရားပြိုင်သည် ငွေတိုးချစားသူတယောက်ဖြစ်ကြောင်း ခိုင်လုံခြင်းမရှိဟု မူလရုံးက ဆုံးဖြတ်ခဲ့လေသည်။

အယူခံတရားလိုတို့၏ တရားရုံးချုပ်ရှေ့နေ ဦးမြင့်စိုးက အမှုသည်တဦး၏ ထုချေချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်အမှုသည်နှင့် သက်သေတို့အား စစ်ဆေးစဉ် ပြန်လှန်မေးခွန်းထုတ်ထားခြင်းမရှိက ထိုထုချေချက်သည် နောက်မှအကြံရကာ တင်ပြသည့် ထုချေချက်သာဖြစ်သည်ဟု ယူဆရမည်ဆိုသော **ဦးတင်ထွန်း နှင့် မြည်ထောင်စု** (၁)ပါ ဆုံးဖြတ်ချက်မှာ ရာဇဝတ်မှုများနှင့်သာ သက်ဆိုင်သဖြင့် တရားမမှုများ၌ စဉ်းစားရန် မသင့်ပါဟု တင်ပြသွားသည်။ ရာဇဝတ်မှုများတွင် တရားခံတဦးသည် မိမိအပေါ် စွပ်စွဲသည့် စွပ်စွဲချက်နှင့်ပတ်သက်၍ ထုချေလိုက ထုချေနိုင်သည်။ မထုချေလိုကလည်း မထုချေပဲနေနိုင်သည်။ သို့ဖြစ်ပါလျက် တရားခံသည် ၎င်း၏ထုချေချက်ကို စောစော

(၁) ၁၉၆၆ ခု၊ မြန်မာပြည် စီရင်ထုံး ၁၉၂။

| | |
|---|---|
| **ချုပ်ဆို**<br>၁။ ကိုသောင်းရင်<br>၂။ ဒေါ်ခေါ်<br>၃။ မအေးမိ<br>၄။ မစန်း<br>နှင့်<br>ကိုဖုန်းဆင်း | စီးစီးတင်ပြခြင်း မပြုလျှင် လုပ်ကြံတင်ပြသည့် ထုချေချက်ဖြစ်သည်ဟု ယူဆနိုင်လျှင် တရားမမှုများ၌ သာ၍ပင် အလားတူ ယူဆချက်ကို အသုံးပြုနိုင်မည်သာဖြစ်သည်။ ယင်းယူဆချက်မှာ အမှုသည်ကဦးဦး၏ ပြုမှုချက်အပေါ် တည်၍ ဆုံးဖြတ်ရသည့်ယူဆချက်ဖြစ်ပေသည်။ လူ့သဘာဝအရ တဖက်သားအပေါ် တိကျသည့် စွပ်စွဲချက်ရှိလျှင် ထိုသူအားမေးမြန်းခွင့် ရရှိချိန်၌ ထိုစွပ်စွဲချက်နှင့်စပ်လျဉ်း၍ ထုတ်ဖော်မေးမြန်းမည်မှာ ကေန်ဖြစ်သည်။ ယင်းသို့မေးမြန်းခြင်းမရှိလျှင် ထိုစွပ်စွဲချက်သည် နောက်မှအကြံရပြီး တင်ပြသည့် စွပ်စွဲချက်သာဖြစ်သည်ဟု ယူဆရန်အကြောင်း ပေါ်ပေါက်မည်ဖြစ်သည်။ တဖက်သား အနေဖြင့်လည်း ၎င်းစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းခွင့်မရသည့် အလျောက် တဖက်သတ်စွပ်စွဲချက်တခုအဖြစ်သာ ရပ်တည်နေပေသည်။ |

ယခုအမှုတွင် အယူခံတရားပြိုင်အား စစ်ဆေးစဉ်က ဗဟိုစာရင်းအင်းနှင့် စီးပွါးရေးဌာနမှ အရာထမ်းမှုထမ်းများအား အတိုးဖြင့်ငွေချေးခဲ့သည်ဆိုသော အချက်အလက်များကိုလည်းကောင်း၊ ဦးဘအေးအား စစ်ဆေးစဉ်က ၎င်းသည်အယူခံတရားပြိုင်နှင့် ပူးပေါင်း၍ ငွေတိုးချစားခြင်း ပြုနေသည်ဆိုသော အချက်အလက်ကိုလည်းကောင်း၊ အယူခံတရားလိုတို့အနေဖြင့် တစုံတရာမေးမြန်းထားခြင်း မရှိသည့်အလျောက် ထိုတင်ပြချက်များသည် နောက်မှလုပ်ကြံတင်ပြသည့် ထုချေချက်များသာဖြစ်သည့် ဆိုသော မူလရုံး၏ဆုံးဖြတ်ချက်များသည်မှားယွင်းသည်ဟု မဆိုသာပေ။

အထက်ပါအကြောင်းရပ်များကြောင့် မူလရုံး၏ ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးစိန်သင်းတို့ ရှေ့တွင်

စာရင်းရှင်းတာဝန်ခံ ဗျိုင်းရေအိုးစင် သမဝါယမ / ကျွဲးကွက်သစ် သမဝါယမ (အယူခံတရားလိုများ)

† ၁၉၆၉ ဒီဇင်ဘာ ၂ ရက်။

နှင့်

ဦးထွန်းလှ / ဦးလှရွှေ (အယူခံတရားခံ)*

**တရားမ ကျင့်ထုံးပုဒ်မ ၅၁—တရားရှုံးများအား ဖမ်းဆီး၍ ထောင်တွင် အကျဉ်းချထားနိုင်သည့် အာဏာ—သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့်အာဏာဖြစ်ခြင်း—ယင်း ပုဒ်မခြွင်းချက်၌ ထိုအာဏာကို ချုပ်ချယ်ထားခြင်း။**

ဗျိုင်းရေအိုးစင် စားသုံးသူသမဝါယမအသင်း၏ စာရင်းရှင်းတာဝန်ခံက၊ အသင်း၏ငွေများနှင့် စပ်လျဉ်း၍ ကုန်ဝယ်ကိုယ်စားလှယ်ဟောင်းဖြစ်သူ ပဌမအယူခံတရားပြိုင်အပေါ်၌ သမဝါယမ အက်ဥပဒေအရ ဒီကရီရရှိခဲ့သည်။ အလားတူစွာ ကျွဲးကွက်သစ်စာရင်းရှင်း တာဝန်ခံကလည်း အသင်း၏ငွေများနှင့်ပတ်သက်၍ မန်နေဂျာဟောင်းဖြစ်သူ ဒုတိယအယူခံတရားပြိုင်အပေါ် ဒီကရီ ရရှိခဲ့သည်။ တရားနိုင်များသည် ဒီကရီများ အတည်ပြုရန် လျှောက်ထားရာတွင် တရားရှုံးများအား ဖမ်းဆီး၍ တရားမအကျဉ်းထောင်တွင် ချထားရန်အတွက် နောက်ဆုံးတွင် လျှောက်ထားခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အမှု၌ တရားရှုံးများသည် ကုမ္ပဏီတခု၏ ဒါရိုက်တာလူကြီး တဦးကဲ့သို့ငင်း၊ ကုန်ဖက်စပ်လုပ်ငန်းတခု၏ ပါတနာတဦးအဖြစ်ငင်း၊ တူညီသည့် အခြေအနေရှိကြောင်း သက်သေခံ အထောက်အထား တစုံတရာ မရရှိခဲ့ချေ။ သို့ဖြစ်လေရာ ၎င်းတို့သည် တရားမကျင့်ထုံး ပုဒ်မ ၅၁ ခြွင်းချက်၏ အပိုဒ်ငယ် (ဂ) တွင် အကျုံးဝင်သည်ဟု ယူဆရန်ခဲယဉ်းပေသည်။ ဤအချက်နှင့်ပတ်သက် ၍ မူလရုံးရှေ့တွင် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရာ၌ တရားနိုင်များသည် သက်သေခံ အထောက်အထား တစုံတရာ ပေါ်ထွက်နိုင်ခြင်းမရှိချေ။ မည်သို့ပင်ဖြစ်စေကာမူ၊ တရားမ ကျင့်ထုံးပုဒ်မ ၅၁ အရ တရား ရှုံးများအား ဖမ်းဆီး၍ ထောင်သွင်း အကျဉ်းချထားနိုင်သည့် အာဏာသည် သက်ဆိုင်ရာရုံး၏

---

* ၁၉၆၉ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၄၆၊ ၄၇

† ၁၉၆၉ ခုနှစ်၊ တရားမ ဇာရီမှုအမှတ် ၁၂ တွင် ၁၉၆၉ ခုနှစ် မတ်လ ၂၉ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့ တရားမတရားသူကြီးချုပ်ရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၉

စာရင်းရှင်း တာဝန်ခံ၊ ဗျိုင်းရေအိုးစင် သမဝါယမ၊ ကျွဲကွက်သစ် သမဝါယမ နှင့် ဦးထွန်းလှ၊ ဦးလှရွှေ။

ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့်အာဏာဖြစ်သည်။ ဒီကရီကို အတည်ပြုရန်အတွက် တရားရှုံးအားဖမ်းဆီး၍ အကျဉ်းကျခံစေရန် တရားရုံး၌ အာဏာရှိကြောင်း ပုဒ်မ ၅၁ တွင် ပြဋ္ဌာန်းထားသည်။ ထိုအာဏာကို တရားရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းပုဒ်မ ခြွင်းချက်၌ ထိုအာဏာကို ချုပ်ချယ်ထားသည်။ ခြွင်းချက်၏ အပိုဒ်ငယ် (က)၊ (ခ)နှင့် (ဂ) တွင် ဖေါ်ပြထားသည့် အချက်များနှင့် ကိုက်ညီကြောင်း တရားရုံးက ကြေနပ်မှု ရှိသည့်ကိစ္စမှလွဲ၍ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်မချရဟု ပိတ်ပင်ထားသည်။ တနည်းအားဖြင့် ဆိုသော် ခြွင်းချက်၏ အပိုဒ်ငယ် (က)၊ (ခ)နှင့် (ဂ)တို့တွင် အကျုံးဝင်သည့်ကိစ္စ၌ တရားရုံးသည် မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်း တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သော်လည်း ထိုအချက်များနှင့် မကိုက်ညီလျှင် ယင်းကဲ့သို့သော အမိန့်ချမှတ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ထိုခြွင်းချက်များနှင့် အကျုံးဝင်သော အမှုတိုင်း၌ တရားရှုံးအား အကျဉ်းကျခံစေရန်အမိန့်ကို မပြုမနေရဟု အဓိပ္ပါယ် ကောက်ယူ၍မဖြစ်နိုင်။ ခြွင်းချက်၏ အပိုဒ်ငယ် (က)(ခ) နှင့် (ဂ) ပါ အချက်များနှင့် ကိုက်ညီကြောင်း ရုံးကကျေနပ်မှုမရှိလျှင် တရားခံအား အကျဉ်းကျခံစေရန်အမိန့် မချမှတ်ရဟု တားမြစ်ထားသဖြင့် ထိုအချက်များနှင့် စပ်လျဉ်း၍ ရုံးကကြေနပ်မှုရှိသည့်အခါ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်ရမည်ဟု မဆိုလို၊ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်သည့် ယေဘုယျအာဏာမှာ ရုံးကမိမိသဘောအတိုင်း သင့်တော်သည်ဟု ထင်မြင်သည့်အခါ၌သာလျှင် အသုံးပြုနိုင်သည်။

စောသာဦး နှင့် မဓအေးသီ၊ ၁၉၅၇၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ ဘရားလွှတ်တော်၊ စာ ၁၇၉ ခြားနား ပြသည်။

**အယူခံတရားလိုများအတွက်။** ။ဦးသန်းနိုင်။

**အယူခံတရားခံများအတွက်။** ။ဦးဘသန်း (၃)၊ ဦးခင်မောင်အေး။

**တရားသူကြီး ဦးစိန်သင်း။** ။ဗျိုင်းရေအိုးစင် စားသုံးသူသမဝါယမအသင်း၏ စာရင်းရှင်းတာဝန်ခံက၊ ထိုအသင်း၏ငွေများနှင့်စပ်လျဉ်း၍၊ ကုန်ငယ်ကိုယ်စားလှယ်ဟောင်းဖြစ်သူ ဦးထွန်းလှအပေါ်၌ သမဝါယမအက်ဥပဒေအရ၊ ငွေပေါင်း ၄၀,၄၆၆ ကျပ်၊ ၅၂ ပြားပေးဆပ်ရန် ဒီကရီရရှိခဲ့သည်။ အလားတူစွာ ကျွဲကွက်သစ် စာရင်းရှင်းတာဝန်ခံကလည်း ထိုအသင်း၏ငွေများနှင့်ပတ်သက်၍၊ မန်နေဂျာဟောင်း ဦးလှရွှေအပေါ်၌ကျပ်ငွေ ၁ဂ,၅ဂ၄ ကျပ်၊ ၀၂ ပြားပေးဆပ်ရန် ဒီကရီရရှိခဲ့သည်။ တရားနိုင်များသည်၊ အဆိုပါဒီကရီများကို အတည်ပြုရန်အတွက်၊ ရန်ကုန်မြို့၊ တရားမရုံး၊ ၁၉၆၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂ နှင့် ၁၃ တို့တွင် လျှောက်ထားခဲ့သည်။ ပထမတွင် တရားရှုံးများ၏ပစ္စည်းများကို ဝရမ်းဖမ်းဆီးရန်အတွက် လျှောက်ထားခဲ့သော်လည်း၊ နောက်ဆုံးတွင် တရားရှုံးများအား ဖမ်းဆီး၍ တရားမအကျဉ်းထောင်တွင်ချထားရန်အတွက် လျှောက်ထားခဲ့သည်။ ရန်ကုန်မြို့၊ တရားမရုံးက၊ တရားနိုင်များ၏ လျှောက်ထားချက်နှင့်ပတ်သက်၍ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၄၀ အရ စုံစမ်း

စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက်၊ ရန်ကုန်မြို့၊ တရားမရုံးက တရားရှုံးများအား၊ တရားမအကျဉ်းထောင်တွင်ချထားရန် အတွက် လုံလောက်သည့်သက်သေခံ အထောက်အထားများမရရှိဟု ယူဆကာ တရားနိုင်များ၏လျှောက်လွှာများကို စရိတ်မရှိ ပလပ်လိုက်သည်။ ထိုအမိန့်များကိုမကျေနပ်သဖြင့် ယခုကျွန်ုပ်တို့ရှေ့သို့ အယူခံလွှာများကို တင်သွင်းခြင်းဖြစ်သည်။ ဤအယူခံမှုနှစ်မှုစလုံးတွင် တူညီသည့်ဥပဒေ ပြဿနာချင်းများပေါ်ပေါက်သဖြင့် နှစ်ဘက်သော ရှေ့နေကြီးများ၏ သဘောတူညီချက်အရ လျှောက်လဲချက်များကို တပေါင်းတည်း ကြားနာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤစီရင်ချက်သည် အယူခံမှုနှစ်မှုစလုံးနှင့်သက်ဆိုင်သည်။

**၁၉၅၉**

**စာချင်းရှင်း တာဝန်ခံ၊ ဗျိုင်းရေအိုးစင် သမဝါယမ၊ ကျားကွက်သစ် သမဝါယမ နှင့် ဦးထွန်းလှ၊ ဦးလှရွှေ။**

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီးက၊ မူလရုံးတရားသူကြီးသည် တရားမကျင့်ထုံးပုဒ်မ ၅၁၊ ခြွင်းချက်၏အပိုဒ်ငယ် (ဂ) ကို ထည့်သွင်းစဉ်းစားခြင်း မပြုလုပ်ခဲ့ပါ။ ဤအမှု၌ တရားရှုံးများပေးဆပ်ရန်ငွေသည် သမဝါယမ အသင်းပိုင်ငွေများဖြစ်ပါသည်။ ထိုငွေများနှင့်စပ်လျဉ်း၍၊ တရားရှုံးများ၏ အခြေအနေမှာ၊ ထိုငွေများကို ယုံမှတ်အပ်နှင်းထားခြင်း ခံရသူများအဖြစ် တည်ရှိပါသည်။ ထို့ကြောင့်မူလရုံးသည် တရားရှုံးများအား တရားမအကျဉ်းထောင်တွင် ချထားရန် အမိန့်ချမှတ်သင့်ပါသည်ဟု တင်ပြသွားသည်။ အယူခံတရားလိုများ၏ အကျိုးဆောင်ကြီးက **စောသာဦး နှင့် မအေးသိ** (၁) အမှုစီရင်ထုံးကိုရည်ညွှန်း၍ အစုစပ်လုပ်ငန်းများ၌ ကုန်ဖက်စပ်တဦးသည်၊ ထိုအစုစပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ပစ္စည်းများကိုအပ်နှင်းခြင်းခံရလျှင်၊ ထိုကုန်ဖက်စပ်တဦးသည် ထိုပစ္စည်းများကို အလွဲသုံးစားပြုလုပ်ပါက ရာဇသတ်ပုဒ်မ ၄၀၅ အရ တရားစွဲဆိုနိုင်သည်ဟု တင်ပြသွားသည်။ သို့ရာတွင် ယခုကျွန်ုပ်တို့ရှေ့ရှိအမှု၌ တရားရှုံးများသည် ကုမ္ပဏီတခု၏ ဒါရိုက်တာလူကြီး တဦးကဲ့သို့၎င်း၊ ကုန်ဖက်စပ်လုပ်ငန်းတခု၏ ပါတနာဘဦးအဖြစ်၎င်း၊ တူညီသည့်အခြေအနေရှိကြောင်း သက်သေခံအထောက်အထား တစုံတရာမရရှိခဲ့ချေ။ သို့ဖြစ်လေရာ ၎င်းတို့သည် တရားမကျင့်ထုံးပုဒ်မ ၅၁ ခြွင်းချက်၏ အပိုဒ်ငယ် (ဂ)တွင် အကျုံးဝင်သည်ဟု ယူဆရန် ခဲယဉ်းပေသည်။ ဤအချက်နှင့်ဝိတ်သက်၍မူလရုံးရှေ့တွင် စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရာ၌ တရားနိုင်များသည် သက်သေခံအထောက်အထား တစုံတရာ ပေါ်ထွက်နိုင်ခြင်းမရှိချေ။ မည်သို့ပင်ဖြစ်စေကာမူ၊ တရားမကျင့်ထုံးပုဒ်မ ၅၁ အရ တရားရှုံးများအားဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချထားနိုင်သည့်အာဏာသည် သက်ဆိုင်ရာရုံး၏ ဆင်ခြင်တုံတရားအရ ပြုလုပ်နိုင်သည့်အာဏာဖြစ်သည်။ ဒီကရီကို အဘည်ပြုရန်အတွက်၊ တရားရှုံးအားဖမ်းဆီး၍ အကျဉ်းကျခံစေရန် တရားရုံး၌

(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ တရားလွှတ်တော် ၈၁ ၁၇၉။

၁၉၆၉

စာရင်းရှင်း တာဝန်ခံ၊ ဗျူိင်းရေ အိုးစင် သမဝါယမ၊ ကျားကွက်သစ် သမဝါယမ နှင့် ဦးထွန်းလှ၊ ဦးလှရွှေ။

အာဏာရှိကြောင်း ပုဒ်မ ၅၁ တွင်ပြဋ္ဌာန်းထားသည်။ ထိုအာဏာကို တရားရုံးသည် မိမိသင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းပုဒ်မ၏ ခြွင်းချက်၌ ထိုအာဏာကို ချုပ်ချယ်ထားသည်။ ခြွင်းချက်၏အပိုဒ်ငယ် (က)၊ (ခ) နှင့် (ဂ) တွင်ဖော်ပြထားသည့်အချက်များနှင့် ကိုက်ညီကြောင်း တရားရုံးက ကြေနပ်မှု ရှိသည့်ကိစ္စမှလွဲ၍၊ တရားရှုံးအား အကျဉ်းချခံစေရန် အမိန့်မချရဟု ပိတ်ပင်ထားသည်။ တနည်းအားဖြင့်ဆိုသော် ခြွင်းချက်၏အပိုဒ်ငယ် (က) (ခ) နှင့် (ဂ) တို့တွင် အကျုံးဝင်သည့်ကိစ္စ၌ တရားရုံးသည် မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သော်လည်း၊ ထိုအချက်များနှင့် မကိုက်ညီလျှင် ယင်းကဲ့သို့သော အမိန့်ချမှတ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ထိုခြွင်းချက်များနှင့် အကျုံးဝင်သောအမှုတိုင်း၌ တရားရှုံးအားအကျဉ်းကျခံစေရန်အမိန့်ကို မပြုမနေရဟု အငြင်းပွါးဖွယ်ကောက်ယူ၍မဖြစ်နိုင်၊ ခြွင်းချက်၏အပိုဒ်ငယ် (က) (ခ) နှင့် (ဂ) ပါအချက်များနှင့် ကိုက်ညီကြောင်း ရုံးကကျေနပ်မှုမရှိလျှင် တရားခံအားအကျဉ်းကျခံစေရန် အမိန့်မချမှတ်ရဟု တားမြစ်ထားသဖြင့်၊ ထိုအချက်များနှင့်စပ်လျဉ်း၍ ရုံးကကြေနပ်မှုရှိသည့်အခါ၊ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်ရမည်ဟု မဆိုလို။ တရားရှုံးအား အကျဉ်းကျခံစေရန် အမိန့်ချမှတ်နိုင်သည့် ယေဘုယျအာဏာမှာ ရုံးကမိမိသဘောအတိုင်း သင့်တော်သည်ဟု ထင်မြင်သည့်အခါ၌သာလျှင် အသုံးပြုနိုင်သည်။ ထို့ကြောင့် ယခုကျွန်ုပ်တို့ရှေ့ရှိအမှု၌ မူလရုံးက တရားရှုံးများအား အကျဉ်းကျခံစေရန် လျှောက်ထားခြင်းကိုပယ်လိုက်သည့် အမိန့်များသည် ဥပဒေအရ မှားယွင်းချွတ်ချော်နေပါသည်ဟု မည်သည့်နည်းနှင့်မျှမယူဆနိုင်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ယခုကျွန်ုပ်တို့ရှေ့ရှိ အယူခံလွှာများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ၎င်းရုံး၏ရှေ့နေကြီးစမှာ ၃၄ ကျပ် တိတိဖြစ်စေရမည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်လွှာ

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးချစ် တို့ရှေ့တွင်

## စိန်ရတနာ ပိုးယက်ကန်းစက် လီမိတက် (လျှောက်ထားသူ)

† ၁၉၆၉ ဒီဇင်ဘာလ ၂၇ ရက်။

## နှင့်

## ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၃ (လျှောက်ထားခံရသူ)*

**ရောင်းခွန် နည်းဥပဒေအပိုဒ် ၂၂ (၄) (ဃ)—အယူခံဝင်လိုသော အခွန်ထမ်းသည် ပေးသွင်းရန် ဝန်ခံထားသည့်ငွေကို ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြနိုင်မှ အယူခံလက်ခံနိုင်ရန် ရှိခြင်း—ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်တို့ကိုတိကျစွာဆောင်ရွက် ကျင့်သုံးကြရခြင်း—မိမိသဘောအရ ချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ပြင်းဆန်ခြင်းပြုလျှင်၊ လုပ်ပိုင်ခွင့်ကို လွန်ရာ ရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ရောင်းခွန်စည်းကြပ်သော ပုဂ္ဂိုလ်များ၊ အယူခံပြင်ဆင်မှုတို့ကို ကြားနာ ဆုံးဖြတ်သော ပုဂ္ဂိုလ်များ၊ လွှဲအပ်မှုများတွင် ပေါ်ပေါက်သော ဥပဒေပြဿနာတို့ကို သုံးသပ်ဆုံးဖြတ်ရသော နိုင်ငံတော် တရားရုံးချုပ် စသည်တို့သည် ရောင်းခွန်အက်ဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်တို့ကိုခံယူ၍ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်တို့ကို တိကျစွာ ဆောင်ရွက်ကျင့်သုံးကြရသည်။ လုပ်ပိုင်ခွင့် စီရင်ပိုင်ခွင့်တို့ကို မိမိတို့သဘောအလျောက် ချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ပြင်းဆန်ခြင်းမပြုနိုင်ကြပေ။ ယင်းသို့ပြုကြလျှင် ဥပဒေ ပြုလုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏လုပ်ပိုင်ခွင့်ကိုလွန်ရာရောက်ပေလိမ့်မည်။

ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေးဆိုင်ရာတို့ကသော်လည်းကောင်း အဓိပ္ပါယ်ဖွင့်ရန်၊ ဋီကာချဲ့ရန်မလိုချေ။ ယင်းသို့ပြုပြန်လျှင်၊ အဓိပ္ပါယ်ဖွင့်သလိုနှင့် ဥပဒေချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း စသည်ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံးရန်၊ ထွင်ရန်လိုလျှင် ဥပဒေပြု အဖွဲ့အစည်းကသာ လိုအပ်သလို ပြုလုပ်နိုင်သည်။ ဥပဒေစကားရပ်များက မထင်ရှား၊ မသဲမကွဲဖြစ်နေမှသာလျှင်၊ လက်ငင်းအားဖြင့် ဥပဒေပြုအဖွဲ့

---

* ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၇၀။

† ရန်ကုန်မြို့ ကုန်သွယ်ရေးလုပ်ငန်းခွန်မင်းကြီး၏ပြင်ဆင်မှုအမှတ် ၂၇/၆၇-၆၈ တွင် ၁၉၆၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့စွဲပါ အမိန့်၊ အယူခံအမှတ် ၂၉/၆၈-၆၉ တွင် ၁၉၆၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့စွဲပါ အမိန့်နှင့် ကုန်သွယ်ရေး လုပ်ငန်းခွန် လက်ထောက်မင်းကြီး၏ အယူခံမှု အမှတ် ၁၀၉/၆၈-၆၉ တွင် ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်တို့ကို မကျေနပ်၍၊ အမှုခေါ်စာချွန်တော်ထုတ်ဆင့်ပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

၁၉၆၉

စိန်ရတာ ပိုး ယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၃။

အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက်စေလေအောင်၊ ဥပဒေစကားနှင့် လက်တွေ့အခြေအနေ စပ်ဟပ်မိနိုင်လေအောင်၊ လိုအပ်သလောက်၊ အဓိပ္ပါယ်ဖွင့်ဆိုရသည်။ ယင်းသို့အဓိပ္ပါယ်မဖွင့်လျှင် မဖြစ်သော အခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသော တရားရုံးကသာလျှင် အထူးသတိထား၍ စည်းကမ်းစောင့်ထိန်းကာ မိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေဘဲ၊ ညီညွတ်သောထုံးပြုပေးရသည်။

**လျှောက်ထားသူအတွက်။** ။ဦးမြင့်စိုး။

**လျှောက်ထားခံရသူအတွက်။** ။အစိုးရဘာရားရုံးချုပ်ရှေ့နေ ဦးမျိုးထွန်းလင်း။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။** ။ရန်ကုန်မြို့မှ စိန်ရတနာ ပိုးယက်ကန်းစက် လီမိတက်အပေါ် ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလသဘင် ကုန်ဆုံးသော ဘဏ္ဍာတော်နှစ်အတွက် ရောင်းခွန် အက်ဥပဒေအရ ရောင်းခွန်ငွေ ၁,၁၂,၅၀၀ိ စည်းကြပ်ခဲ့လေသည်။

စည်းကြပ်မိန့်ကို မကျေနပ်သောကြောင့် အခွန်ထမ်းက၊ ကုန်သွယ်လုပ်ငန်းခွန် လက်ထောက်မင်းကြီးသို့ အယူခံဝင်ခဲ့သည်။ ရောင်းခွန် နည်းဥပဒေအပိုဒ် ၂၂ (၄) (ဃ) အရ၊ အယူခံဝင်လိုသော အခွန်ထမ်းသည်၊ ပေးသွင်းရန်ရှိကြောင်း မိမိဝန်ခံထားသည့်ငွေကို ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြနိုင်မှသာ အယူခံကို လက်ခံစဉ်းစားရန်ရှိလေသည်။

"Rule 22 (4) No appeal shall be entertained unless—

*     *     *     *     *

(*d*) the appeal is accompanied by proof to the satisfaction of the Collector of Commercial Taxes or the Assistant Commissioner of Commercial Taxes or the Commissioner, as the case may be, of the payment of tax admitted by the appellant to be due."

အခွန်ထမ်းက ဝန်ခံငွေကို ပေးသွင်းရန် ပျက်ကွက်သောကြောင့် အယူခံသွားသည် စည်းကမ်းမညီဟုတွေ့ရှိကာ၊ လက်ထောက်မင်းကြီးက ပယ်ခဲ့သည်။ မင်းကြီးထံသို့ အခွန်ထမ်းကဘာဆင့်တက်ပြန်ရာ၊ ထိုအကြောင်းကြောင့်ပင် အယူခံကို လက်မခံခဲ့ချေ။ ထို့မှတဆင့် ဘဏ္ဍာတော်မင်းကြီးထံ အခွန်ထမ်းက တက်ရောက်ပြန်ရာ၊ ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးကိုပင် ဘဏ္ဍာတော်မင်းကြီး၏ စီရင်ပိုင်ခွင့်များကို အပ်နှင်းပြီးဖြစ်နေ၍၊ မင်းကြီးက မိမိ၏အမိန့်ကို ပြင်ဆင်မှု အာဏာပိုင်အဖြစ် ပြန်လည်သုံးသပ်ခဲ့

၁၉၆၉

စိန်ရတနာပိုး ယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၃။

သည်။ ဥပဒေနှင့် မညီသော အယူခံမှုကို လက်ခံရန် စီရင်ပိုင်ခွင့် မရှိကြောင်း ပြင်ဆင်မှုတွင် ထပ်ဆောင်းဆုံးဖြတ်ခဲ့လေသည်။

လက်ထောက်ဝန်ကြီးနှင့် မင်းကြီးတို့၏ အယူခံအမိန့်များနှင့် မင်းကြီး၏ပြင်ဆင်မှုအမိန့်တို့ကို စာချွန်ဖြင့်ပယ်ဖျက်ပေးပါရန် အခွန်ထမ်းက၊ ဤရုံးသို့ လာရောက်လျှောက်ထားသည်။ စာချွန်လျှောက်လွှာကို တင်သွင်းသော ရှေ့နေကြီး ဦးမြင့်စိုးက၊ လျှောက်ထားသူ စိန်ရတနာ ပိုးထည်ယက်ကန်းစက်လီမိတက်၏ တဦးတည်းသောအရောင်းကိုယ်စားလှယ်၏ လုပ်ငန်းကို ပြည်သူပိုင်သိမ်းပြီးဖြစ်၍၊ လျှောက်ထားသူတွင် ငွေမလည်ပါ။ ရရန်ရှိသော ငွေများထုတ်ယူ၍မရသေး၊ ဖြန့်ဖြူးပြီး ကုန်ဘိုးအတွက်လည်း ငွေပေးချေခြင်းမပြုကြ၊ ထို့ကြောင့် နည်းဥပဒေ ၂၂ (၄) (ဃ) ပါစည်းကမ်းကို လိုက်နာကာ ဝန်ခံငွေကို ပေးသွင်းရန် မဖြစ်နိုင်သည့် အခြေသို့ ဆိုက်နေသည်မှာ ထင်ရှားပါသည်။ ဥပဒေဟူသည် မဖြစ်နိုင်သည်ကို ဖြစ်နိုင်စေ၊ မိန့်ဆိုလေ့မရှိ။ ဖြစ်နိုင်မဖြစ်နိုင် ဥပဒေကို ကိုင်တွယ်ကျင့်သုံးသော အာဏာပိုင်တို့က ဆင်ခြင်ဆုံးဖြတ်ရပါမည်။ အခွန်ထမ်းက မဖြစ်နိုင်သော အခြေအနေကို အထင်အရှားပြပါလျက်၊ ယင်းသို့ဆင်ခြင်ဆုံးဖြတ်ခြင်း မပြုပဲ၊ အယူခံလွှာ၊ ပြင်ဆင်မှုတို့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က ပယ်ခဲ့ခြင်းသည်၊ စီရင်ပိုင်ခွင့်ကို သုံးစွဲရန် ငြင်းဆန်ခြင်းပင် ဖြစ်သောကြောင့်၊ စာချွန်ထုတ်၍ အမိန့်များကို ပယ်ဖျက်သင့်ပါသည်ဟုလျှောက်လဲသည်။

အစိုးရ ရှေ့နေကြီး ဦးမျိုးထွန်းလင်းက၊ နည်းဥပဒေဖြင့် အတိအလင်း သတ်မှတ်ထားသော စည်းကမ်းနှင့် မညီသော အယူခံကို ပယ်ခြင်းသည် မှန်ကန်ကြောင်း၊ စီရင်ပိုင်ခွင့်ကို ငြင်းဆန်ခြင်းမမြောက်၊ ကျူးလွန်ခြင်းမမည်၊ စာချွန်ဖြင့် ပြင်ဆင်ပယ်ဖျက်ရန် မရှိပါကြောင်း တင်ပြသည်။ ထို့ပြင် ရောင်းခွန် အက်ဥပဒေပုဒ်မ ၂၀ အရ၊ အခွန်ထမ်းသည် မိမိအပေါ်တာဝန်ကျရောက်စေသော၊ အမိန့်တရပ်ရပ်မှ ပေါ်ပေါက်သော ဥပဒေပြဿနာကို တရားလွှတ်တော် (တရားရုံးချုပ်) သို့ တင်ပို့လွှဲအပ်ပေးပါရန် အမိန့်ချသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာ ရောင်းခွန်အာဏာပိုင်အား တောင်းဆိုနိုင်ပါသည်။ ယင်းသို့ မတောင်းဆိုဘဲ၊ လာရောက်၍ စာချွန်လျှောက်ထားခြင်းသည်လည်း ထုံးတမ်းမညီပါ။ သက်သာခွင့်ရရန် အခြားနည်းလမ်းများရှိပါလျှင် ဤရုံးက သာမန်အားဖြင့် စာချွန်လျှောက်လွှာကို လက်ခံခြင်းမပြုပါဟုလည်း ဦးမျိုးထွန်းလင်းကဘင်ပြသည်။

ရောင်းခွန် နည်းဥပဒေ ၂၂(၄)(ဃ)က၊ အခွန်ထမ်းသည် ဝန်ခံ ငွေကို ပေးသွင်းပြီးမှသာလျှင်၊ အယူခံဝင်နိုင်သည်ဟု အတိအလင်း ရှင်းလင်းပြတ်သားစွာ ဆိုထား၏။ နည်းဥပဒေတို့ကို အက်ဥပဒေပုဒ်မ ၂၈ က အပ်နှင်းသော အာဏာဖြင့် ပြုလုပ်ရခြင်းဖြစ်ရာ၊ နည်းဥပဒေများသည်လည်း ဥပဒေအာနိသင်ရှိ၏။

၁၉၆၉

စိန်ရတနာသိုး ယက်ကန်းစက် လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီး ပါ ၃။

ရောင်းခွန် စည်းကြပ်သော ပုဂ္ဂိုလ်များ၊ အယူခံ၊ ပြင်ဆင်မှု တို့ကို ကြားနာဆုံးဖြတ်သော ပုဂ္ဂိုလ်များ၊ လွှဲအပ်မှုများတွင် ပေါ်ပေါက်သော ဥပဒေပြဿနာတို့ကို သုံးသပ်ဆုံးဖြတ်ရသော နိုင်ငံတော် တရားရုံးချုပ် စသည်တို့သည် ရောင်းခွန်း အက်ဥပဒေကအပ်နှင်းသော လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်တို့ကို ခံယူ၍ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်တို့ကိုတိကျစွာဆောင်ရွက် ကျင့်သုံးကြရမည်။ လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်တို့ကိုမိမိတို့သဘောအလျောက်ချဲ့ထွင်ခြင်း၊ ချုံးခြင်း၊ ပြင်းဆန်ခြင်း မပြုနိုင်ကြပေ။ ယင်းသို့ပြုကြလျှင် ဥပဒေပြုလုပ်ပိုင်ခွင့် ရှိသော အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်ကိုလွန်ရာရောက်ပေလိမ့်မည်။

ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြား အုပ်ချုပ်ရေးဆိုင်ရာတို့က သော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ရန်၊ ငြိကာချဲ့ရန်မလိုချေ။ ယင်းသို့ပြုပြန်လျှင်၊ အဓိပ္ပါယ်ဖွင့်သလိုနှင့်၊ ဥပဒေကို ချဲ့ခြင်း၊ ချုံးခြင်း၊ ထွင်ခြင်း စသည်ကို ပြုလုပ်မိတတ်ကြသည်။ ချဲ့ရန်၊ ချုံးရန်၊ထွင်ရန်လိုလျှင် ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလို ပြုလုပ်နိုင်သည်။ ဥပဒေစကားရပ်များက မထင်ရှား၊ မသဲကွဲဖြစ်နေမှသာလျှင်၊ လက်ငင်းအားဖြင့် ဥပဒေ ပြုအဖွဲ့အစည်း၏ ရည်ရွယ်ချက် ဖြစ်မြောက်စေလေအောင်၊ ဥပဒေ စကားနှင့် လက်တွေ့အခြေအနေ စပ်ဟပ်မိနိုင်လေအောင်၊ လိုအပ်သလောက် အဓိပ္ပါယ်ဖွင့်ဆိုရသည်။ ယင်းသို့ အဓိပ္ပါယ်မဖွင့်လျှင် မဖြစ်သောအခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသော တရားရုံးကသာလျှင် အထူးသတိထား၍ စည်းကမ်းစောင့်ထိန်းကာမိမိ၏ စီရင်ပိုင်ခွင့်ကို မလွန်စေပဲ ညီညွတ်သော ထုံးပြုပေးရသည်။

ဤလျှောက်လွှာတွင် ရောင်းခွန်နည်း ဥပဒေ ၂၂ (၄)(ဃ) ကို အဓိပ္ပါယ်ဖွင့်ရန် မပေါ်ပေါက်ချေ။ ရှင်းလင်း ထင်ရှားသော စကားရပ်များဖြစ်သည်။ အခွန်ထမ်းက ဝန်ခံငွေကို မပေးသွင်းလျှင် ၎င်း၏ အယူခံလျှောက်လွှာကို လက်ခံစဉ်းစားပိုင်ခွင့် မရှိချေ။ လက်တွေ့အားဖြင့် ပေးသွင်းခြင်း ပြုနိုင် မပြုနိုင်ကို ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်ကို ကုန်သွယ် လုပ်ငန်းခွန်မင်းကြီးကို ဖြစ်စေ၊ ဤရုံးကို ဖြစ်စေ၊ ဥပဒေက အပ်နှင်းမထားချေ။ ဤရုံးအနေဖြင့်လည်း၊ အခွန်ထမ်းတဦး၏ ငွေကြေး ပြည့်စုံမှုအခြေအနေ အကြောင်းခြင်းရာကို၊ စာချွန်မှုတွင် စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပေးရန် မဟုတ်ချေ။ အယူခံဝင်ခွင့်၊ အယူခံကို လက်ခံဆုံးဖြတ်ပိုင်ခွင့် စသည်တို့ကို ဥပဒေက ဖန်တီးအပ်နှင်းခြင်းဖြစ်၏။ ဖန်တီးအပ်နှင်းသော ဥပဒေကို ဆန့်ကျင်၍ အယူခံဝင်ခွင့်၊ အယူခံကိုလက်ခံဆုံးဖြတ်ပိုင်ခွင့်တို့သည် ရပ်တည်ခြင်းမပြုနိုင်ချေ။

ပေးသွင်းရန်ရှိသောငွေ၊ လျော်ကြေးစသည်ကို ပေးသွင်းပြီးမှ အယူခံဝင်ခွင့်ပြုသော သာဓကများရှိပေသည်။ ဥပမာတရပ်ကို ပြရသော်၊ အလုပ်သမားလျော်ကြေး

အက်ဥပဒေ ပုဒ်မ ၃၀(၁)က လျော်ကြေးမင်းကြီး၏ အမိန့်မှမကျေနပ်သူက တရားရုံးချုပ်သို့ အယူခံဝင်ခွင့်ကို ဖန်တီးပေးရာတွင်၊ အလုပ်ရှင်သည် သတ်မှတ်သော လျော်ကြေးကို တင်သွင်းပြီးကြောင်း လက်မှတ်ကို တပါတည်းတင်ပြနိုင်မှသာ ၎င်း၏ အယူခံလွှာကို လက်ခံစဉ်းစားရန်ဖြစ်ကြောင်းကို အတိအလင်းပြဋ္ဌာန်းထားသည်။]

၁၉၆၉

ဝိန်ရတနာပိုးယကကန်းစက် လမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန် မင်းကြီး ပါ ၃။

Section 30 (1) * * * * *

"Provided, further, that no appeal by an employer under clause (*a*) shall lie unless the memorandum of appeal is accompanied by a certificate by the Commissioner to the effect that the appellant has deposited with him the amount payable under the order appealed against."

ယင်းစည်းကမ်းကို မလိုက်နာ၊ [လျော်ကြေးငွေကို ပေးသွင်းခြင်းမပြုပဲ၊ အယူခံတင်သွင်းခြင်း၊ အယူခံမတင်ပဲ စာချွန်လျှောက်လွှာတင်ခြင်း တို့ကို ဤရုံးက တသမတ်တည်း ပယ်ခဲ့သည်။

အထက်ပါအကြောင်းတို့ကြောင့် ဤစာချွန်လျှောက်လွှာကို ပယ်သည်။ စရိတ်မရှိ။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမ ပဋ္ဌမအယူခံမှု

တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉

အောက်တိုဘာလ ၂၅ ရက်။

## မကျင်တင် ပါ ၅ (အယူခံတရားလို)

နှင့်

## ပြည်သူ့ဘဏ်အမှတ် (၁၁) (အယူခံတရားခံ)*

**အပေါင်ဒီကရီ ရလိုကြောင်း သဏ္ဍာန်က တရားစွဲဆိုခြင်း——ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေး၍ ပေါင်နှံကာချေးယူခြင်း——ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွါးမီကပင် တရားစွဲဆိုသည့်နေ့အထိ တဆက်တည်း မြန်မာပြည်၌ ဗဟာရဝင်ဘဏ်တခုအနေဖြင့် ဘဏ်လုပ်ငန်းများဆောင်ရွက်နေခြင်း——ယင်းသို့ဆောင်ရွက်သည့် ကာလအတွင်း ထုတ်ချေးခဲ့သည့်ငွေကိုပြန်လည်တောင်းခံပိုင်ခွင့်ရှိ မရှိ——ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ အပိုဒ် (စ)——" လက်ရောက်အပ်ပေးသည် " ဆိုသော စကားရပ်——ပေါင်နှံခြင်းပြုသည့်အရပ်မှာ ရန်ကုန်မြို့ဖြစ်ခြင်း——၁၉၅၀ ခုနှစ်၊ အသူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့် အကြွေးဝင်မဝင်——ပဋိညာဉ်အရ သဘောတူသည့်အတိုးနှုန်း——ခွင့်ပြုသင့် မသင့်။**

အယူခံတရားပြိုင်ဘဏ်သည်၊ ဘဏ်လုပ်ငန်းများကို ပြည်သူပိုင်မလုပ်မီက၊ ဆက်သွယ်ရေးဘဏ်ဖြစ်၍ တရုတ်ပြည်သူ့သမတနိုင်ငံတွင် တည်ထောင်ပြီး ရန်ကုန်မြို့၌ ဗဟာရဝင်ဘဏ်တခုဖြစ်သည်။ အယူခံတရားလိုတို့အား ဘဏ်ငွေပိုစာရင်းဖြင့်ငင်းတို့ပိုင်ဆိုင်သည့် ကျောက်တံတားမြို့ရှိ ဆန်စက်နှင့် ဆန်စက်တည်ရှိရာမြေကွက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေး၍ပေါင်နှံခြင်းဖြင့်ငွေများထုတ်ချေးခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်ဘဏ်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွါးမီကပင်တရားစွဲဆိုသည့်နေ့အထိ၊ တဆက်တည်းမြန်မာပြည်၌ ဗဟာရဝင်ဘဏ်တခုအနေဖြင့် ဘဏ်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ၊ ယင်းသို့ ဆောင်ရွက်ခဲ့သည့်ကာလတွင်း ထုတ်ချေးခဲ့သည့် ငွေကို ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ ၏အပိုဒ် (စ) အရ ပေါင်နှံခြင်းမြောက်ရန် အင်္ဂါသုံးရပ်ရှိရပေမည်။ ၎င်းတို့မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ပိုင်ဆိုင်ခွင့်

---

* ၁၉၆၄ ခုနှစ်၊ တရားမ ပဋ္ဌမအယူခံအမှုအမှတ် ၉၄။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ၁၉၆၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့စွဲပါ ပဲခူးမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

စာချုပ်စာတမ်းများကို၊ မြီရှင်၊ သို့မဟုတ် မြီရှင်၏ ကိုယ်စားလှယ်သို့ လက်ရောက်အပ်ပေးရမည်။ ကြွေးငွေအတွက် အပေါင်ပစ္စည်းအနေဖြင့် ရည်ရွယ်၍ အပ်ပေးခြင်းဖြစ်ရမည်။ ယင်းသို့အပ်ပေးခြင်းသည် ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့၊ သို့မဟုတ် စစ်တွေမြို့တမြို့မြို့တွင် ဖြစ်ရမည်။ ထိုအင်္ဂါရပ်များနှင့် ပြည့်စုံမှသာ ပေါင်နှံခြင်းအထမြောက်မည်ဖြစ်သည်။

စဉ်ဇူ
———
မကျင်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှတ် (၁၁)။

ပေါင်နှံခြင်း အထမြောက်စေရန် ပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို မြီစားက မြီရှင်အား၊ လက်ရောက်အပ်ပေးရမည်ဆိုသော အင်္ဂါရပ်ရှိရန်လိုသည်မှာ မှန်၏။ သို့ရာတွင် "လက်ရောက်အပ်ပေးသည်" ဆိုသော စကားရပ်မှာ ကိုယ်ထိလက်ရောက် အပ်ပေးခြင်းသာမက၊ လက်ရောက်အပ်ပေးသည်ဟု အဓိပ္ပါယ်သက်ရောက်သော အပ်ပေးခြင်းလည်းပါဝင်သည်ဟု ယူဆရမည်ဖြစ်သည်။ ငွေထုတ်ချေးခြင်းမပြုမီ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများသည် ထုတ်ချေးသည့်ငွေကိစ္စနှင့် ပတ်သက်ပြီး မြီရှင်၏ လက်ထဲသို့ ရောက်ရှိနေပါမူ၊ ငွေချေးသည့်နေ့တွင် ထိုစာချုပ်စာတမ်းများအား မြီရှင်က မြီစားထံသို့ပြန်ပေးပြီး၊ မြီစားကတဖန်မြီရှင်ကို လက်ရောက်အပ်ပေးရန်လိုမည်မဟုတ်ပေ။ ချေးငွေအတွက် စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေးခဲ့ပြီး ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုဘွင် ပေါင်နှံခြင်းပြုသည့်အရပ်မှာ ရန်ကုန်မြို့ဖြစ်ပြီး ရန်ကုန်မြို့တွင်မည်သည့်အခါကမျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ရုပ်သိမ်းခဲ့ခြင်းမရှိသဖြင့် ၁၉၅၀ ခုနှစ်၊ အထူးစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေပုဒ်မ ၃ ပါပြဋ္ဌာန်းချက်နှင့် အကြုံးမဝင်။ သို့ပါ၍ အယူခံတရားပြိုင်ဘဏ်သည် အယူခံတရားလိုတို့ထံမှ ငွေစတင်ချေးယူသည့်နေ့မှစရ၍ တရားစွဲဆိုသည့်နေ့အထိ အတိုးငွေကို ရလိုက်သည်။ တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ အတိုးနှုန်းကို မူလ ရုံးက ရုံးနှုန်းအတိုင်း ငွေတဆုလျှင် တနှစ် ၉ ရာခိုင်နှုန်းဖြင့် ခွင့်ပြုခဲ့သည်ကိုတွေ့ရ၏။ ပဋိညာဉ်အရ နှစ်ဦးသဘောတူခဲ့သည့် အတိုးနှုန်း ၆ ရာခိုင်နှုန်းသာဖြစ်ပေသည်။ တရားရုံးများအနေဖြင့် ပဋိညာဉ်အရ၊ သဘောတူခဲ့သည့် အတိုးနှုန်းသည် ရုံးနှုန်းထက်များနေမှသာ သက်သာသော ရုံးနှုန်းအတိုင်း အတိုးငွေကို ခွင့်ပြုလေ့ရှိပေသည်။ ပဋိညာဉ်အရသဘောတူခဲ့သော အတိုးနှုန်းသည် ရုံးနှုန်းထက်နည်းနေပါမူ၊ သက်သာသည့်အတိုးနှုန်းကိုသာ ခွင့်ပြုသင့်သည်။

**အယူခံတရားလိုများအတွက်။** ။ဦးသန်းအောင်။

**အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ မစ္စတာ၊ ဘက်(စ်)၊ကော၊ ဂို(ရှ်)။

**တရားသူကြီး ဦးသက်ဖေ။** ။ပဲခူးမြို့၊ ခရိုင်တရားမ ရုံးတွင် အယူခံတရားပြိုင်ဘဏ်က၊ အယူခံ တရားလိုတို့အပေါ် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်ပေး၍ ပေါင်နှံကာချေးယူခဲ့သည့် ရင်းတိုးငွေ ၆၁,၉၄၃ ကျပ် ၇၆ ပြားအတွက်၊ အပေါင်ဒီကရီ ရလိုကြောင်းတရားစွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးလိုက်သဖြင့်၊ အယူခံတရားလိုတို့က မကျေနပ်သည့် အလျောက် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

၁၉၆၉
မကျောင်ထင် ပါ ၅ နှင့် ပြည်သူ့ ဘဏ် အမှတ် (၁၁)။

အယူခံ တရားပြိုင်ဘဏ်သည် ဘဏ်လုပ်ငန်းများကို ပြည်သူပိုင်မလုပ်မီက၊ ဆက်သွယ်ရေးဘဏ်ဖြစ်သည်။ အယူခံ တရားပြိုင်က မိမိသည် တရုပ်ပြည်သူ့ သမတ နိုင်ငံတွင် တည်ထောင်ပြီး၊ ရန်ကုန်မြို့၊ ကုန်သည်လမ်း အမှတ် ၆၆၆ ၌ ဖွင့်လှစ်ခဲ့သည့် ဇယားဝင်ဘဏ်တိုက်တခုဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်ဇန္နဝါရီလ ၂၇ ရက်နေ့တွင်အယူခံ တရားလိုတို့အား ဘဏ်ငွေပိုစာရင်းဖြင့်၊ ငွေသုံးသောင်းအထိ ထုတ်ချေးခွင့်ပြုခဲ့ရာ အယူခံတရားလို တို့ကလည်း ထိုချေးငွေအတွက် ပဲခူးခရိုင် ကျောက်တံတားမြို့နယ်ရှိ အောင်မင်္ဂလာဆန်စက်နှင့် ဆန်စက်တည်ရှိရာ မြေကွက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း များကိုလက်ရောက်အပ်ပေး၍ပေါင်နှံခဲ့ကြောင်း။ ၁၉၅၈ ခုနှစ် ဒီဇဘာလ ၃၁ ရက်နေ့ တွင် အယူခံတရားလိုတို့ ချေးယူသည့် ရင်းတိုးငွေမှာ ၆၁,၉၄၃ ကျပ် ၇၆ ပြား ရှိနေ၍ ထိုငွေကို ပြန်လည်ပေးဆပ်ရန် တောင်းဆိုသော်လည်း၊ မပေးသဖြင့် ယင်းငွေများ အတွက်အပေါင်ဒီကရီ ရလိုကြောင်း အဆိုပြုခဲ့သည်။

အယူခံ တရားပြိုင် ဝူချီရင်က၊ မိမိသည် တရုပ်ပြည်သူ့ သမတ နိုင်ငံအတွင်း အထူး ခွင့်ပြုမိန့်ဖြင့် တည်ထောင်ထားခဲ့သည့် ဆက်သွယ်ရေး ဘဏ်နှင့်သာ အဆက် အသွယ် ပြုလုပ်ခဲ့ဘူးကြောင်း၊ ထိုဘဏ်မှ ထုတ်ပေးသော ငွေများမှာ ချေးငွေမဟုတ် ပဲ၊ နိုင်ငံရပ်ခြားရှိ တရုပ်အမျိုးသား တဦးအား ထောက်ပံ့ကြေး အနေဖြင့် ထုတ်ပေး ခဲ့ခြင်းဖြစ်၍ ပြန်လည်ပေးဆပ်ရန် တာဝန်မရှိကြောင်း စသည်ဖြင့် အဓိကထား၍ ထုချေခဲ့သည်။

ကျန်အယူခံ တရားလိုတို့ကမူ၊ အယူခံတရားပြိုင် ဘဏ်သည် ငွေထုတ်ချေးခဲ့သည့် တရုပ်ပြည်သူ့သမတနိုင်ငံတွင် အထူးခွင့်ပြုမိန့်ဖြင့် တည်ထောင်ထားသည့်ဆက်သွယ်ရေး ဘဏ်မဟုတ်သဖြင့်၊ မိမိတို့ အပေါ် တရားစွဲဆိုပိုင်ခွင့် မရှိကြောင်း၊ ဘဏ်ငွေပိုစာရင်း ဖြင့် ထုတ်ချေးခဲ့သည့် ငွေများအတွက် ပစ္စည်းကို အပေါင်ပေးထားသည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ အပေါင်ပစ္စည်းတည်ရှိရာ ကျောက်တံတားမြို့မှာ သောင်းကျန်းသူ များလက်အောက်သို့ ကျရောက်ခဲ့သဖြင့် အတိုးငွေများကို တောင်းဆိုခြင်းမပြုနိုင် ကြောင်း။ ငွေများကို ဝူချီရင်က ချေးယူခြင်းဖြစ်၍ ဝူချီရင်တဦးတည်းသာ တာဝန် ရှိပြီး၊ မိမိတို့တွင် တာဝန်မရှိကြောင်း စသည်ဖြင့် ထုချေခဲ့ကြလေသည်။

မူလရုံးမှ နှစ်ဦးနှစ်ဘက် တင်ပြသော သက်သေ အထောက်အထား များကို ကြားနာ စစ်ဆေးပြီးနောက်၊ ဘဏ်ငွေပို စာရင်းဖြင့် ထုတ်ချေးခဲ့သည့် ငွေများအတွက် အယူခံ တရားလိုတို့သည် အောင်မင်္ဂလာ ဆန်စက်၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း များကို၊ အယူခံ တရားပြိုင်ဘဏ်အား လက်ရောက်ပေးအပ်၍ ပေါင်နှံခဲ့ကြောင်း၊ ထိုကဲ့သို့ ထုတ်ချေးခဲ့သည့် ငွေများမှာဝူချီရင်သို့ ပင်လယ်ရပ်ခြားရှိ တရုပ်အမျိုးသား တဦးအား ထောက်ပံ့ကြေးအနေဖြင့် အလကား ထုတ်ပေးခဲ့သည်ဆိုခြင်းမှာ မဟုတ်

မမှန်ကြောင်း၊ အပေါင်ပစ္စည်းသည် ကျောက်တံတားမြို့တွင် တည်ရှိသော်လည်း ငွေကို ရန်ကုန်မြို့၌ ထုတ်ချေးခဲ့ခြင်းဖြစ်၍၊ အယူခံ တရားလိုတို့သည် အတိုးငွေပေးရန် တာဝန်ရှိကြောင်း အဆုံးအဖြတ်ပြုကာအယူခံ တရားပြိုင် စွဲဆိုသည့် အမှုကို အနိုင် ဒီကရီ ချမှတ်လိုက်လေသည်။

ခဓဗ
မကျင်ထင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှတ် (၁၁)။

အယူခံတရားလိုတို့၏ တရားရုံးချုပ် ရှေ့နေ ဦးသန်းအောင်က မူလရုံး၏ ဒီကရီကို ပယ်ဖျက်ပေးရန် အကြောင်းသုံးရပ် တင်ပြသွားသည်။ ၎င်းက အယူခံတရားပြိုင် ဘဏ်သည် အယူခံ တရားလိုတို့အပေါ် တရားစွဲဆိုပိုင်ခွင့် မရှိသည်ကတကြောင်း၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို၊ လက်ရောက်ပေးအပ်ကာ အောင်မင်္ဂလာဆန်စက် ကို၊ အယူခံတရားလိုတို့ကပေါင်နှံခဲ့သည်ဆိုခြင်းမှာထင်ရှားခြင်း မရှိသည်ကတကြောင်း၊ ဆန်စက်တည်ရှိရာကျောက်တံတားမြို့ကိုသောင်းကျန်းသူများသိမ်းပိုက်ခဲ့သဖြင့်ချေးငွေ အပေါ် အတိုး တွက်ချက်ပေးခြင်း မပြုနိုင်သည်ကတကြောင်း၊ ထိုအကြောင်းများ ကြောင့်မူလရုံး၏ ဒီကရီကို ပြင်ဆင်ပယ်ဖျက်ရမည်ဖြစ်ကြောင်း ရှင်းလင်းသွားသည်။

အယူခံတရားလိုတို့က ငွေချေးသည့် ၁၉၄၇ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် တရုပ်ပြည်ကို ချန်ကေရှိတ် အစိုးရက အုပ်ချုပ်လျက်ရှိပြီး၊ မိမိတို့အား တရားစွဲဆို သည့် ၁၉၅၉ ခုနှစ် ဇန္နဝါရီလ ၂၄ ရက်နေ့၌မူ ကွန်မြူနစ် အစိုးရက အုပ်ချုပ်လျက် ရှိရာ၊ ငွေချေးစဉ်က တည်ရှိနေသော ဆက်သွယ်ရေးဘဏ်သည် တရားစွဲဆိုစဉ်က တည်ရှိနေသည့် ဆက်သွယ်ရေး ဘဏ်မဟုတ်သည့်အလျောက်၊ မိမိတို့အပေါ် တရားစွဲ ဆိုခြင်းမပြုနိုင်ဟု ဆိုလာသည်။ အယူခံ တရားပြိုင်ဘဏ်ကမူ မိမိတို့ဘဏ်သည် နှစ် ပေါင်းများစွာကပင် တရုပ်ပြည်၌ တည်ထောင်ခဲ့ရာ၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ သော်လည်း မိမိ၏သဏ္ဌာန် အနေဖြင့် ပြောင်းလဲခြင်း မရှိသည့်အပြင်၊ မြန်မာပြည်၌ ဇယားဝင် ဘဏ်တခုအနေဖြင့် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွါးမီကစ၍ တရားစွဲဆိုသည့် အချိန်အထိ ဘဏ်လုပ်ငန်းများကို တဆက်တည်း လုပ်ကိုင်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် တွင် ထုတ်ချေးခဲ့သည့် ငွေများအတွက် ၁၉၅၉ ခုနှစ်တွင် တရားစွဲဆို တောင်းခံပိုင်ခွင့် ရှိကြောင်း ချေပသွားသည်။

တရားစွဲဆိုစဉ် အချိန်၌ တည်ရှိနေသည့် အယူခံတရားပြိုင်ဘဏ်သည် ငွေထုတ် ချေးစဉ်အချိန်က၊ တည်ရှိသော ဘဏ်မဟုတ်ဟု ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍၊ အယူခံ တရားလိုတို့အနေဖြင့် အထောက်အထား လုံးဝ တင်ပြနိုင်ခဲ့ခြင်း မရှိပေ။ ၁၉၄၇ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်အတွင်း၊ တရုပ်ပြည်တွင် အစိုးရ အပြောင်းအလဲရှိကာမျှ ဖြင့်၊ အယူခံ တရားပြိုင် ဘဏ်၏ အသွင်သဏ္ဌာန်လည်း အပြောင်းအလဲ ရှိကာမျှဖြင့် အယူခံ တရားပြိုင် ဘဏ်၏ အသွင်သဏ္ဌာန်လည်း ပြောင်းလဲခဲ့သည်ဟု ကျွန်ုပ်တို့ အနေဖြင့် အထောက်အထားမရှိဘဲ ယူဆခြင်းမပြုနိုင်။ ထို့ပြင် အယူခံ တရားပြိုင်

ချုပ်ဖို

မကျော်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှုတ် (၁၁)။

ဘဏ်သည် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ပွါးမီကပင် တရားစွဲဆိုသည့်နေ့အထိ၊ တဆက်တည်း မြန်မာပြည်၌ ဇယားဝင် ဘဏ်တခု အနေဖြင့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ၊ ယင်းသို့ ဆောင်ရွက်ခဲ့သည့် ကာလအတွင်း ထုတ်ချေးခဲ့သည့် ငွေကို ပြန်လည်တောင်းခံပိုင်ခွင့် ရှိသည်ဟု ကျွန်ုပ်တို့ ထင်မြင်ကြသည့်အလျောက် အယူခံ တရားပြိုင်အနေဖြင့် ထုတ်ချေးငွေများအတွက် တရားစွဲဆိုပိုင်ခွင့် မရှိဟု ဆိုသော အယူခံတရားလိုဘို့၏ ထုချေချက်ကို လက်မခံနိုင်။

အယူခံတရားလိုတို့က ဘဏ်ငွေပို့စာရင်းအရ ထုတ်ချေးသည့်ငွေများအတွက်သက်သေခံ(ဃ)အော်ဒီမံစာချုပ်ကိုချုပ်ဆိုခဲ့ရသည်မှာ မှန်သော်လည်း၊ အောင်မင်္ဂလာဆန်စက်နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို လက်ရောက်အပ်၍ပေါင်နှံခြင်းမပြုခဲ့သဖြင့်မိမိတို့အပေါ် မူလရုံးမှအပေါင် ဒီကရီ ချမှတ်ထားခြင်းသည်မှားယွင်းနေသည်ဟု ထပ်ခလောင်းတင်ပြခဲ့သည်။ အယူခံ တရားလိုတို့၏ တရားရုံးချုပ် ရှေ့နေဦးသန်းအောင်က၊ အောင်မင်္ဂလာ ဆန်စက်နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများမှာအယူခံတရားပြိုင်ဘဏ်၏လက်ရှိဖြစ်သော်လည်း၊အော်ဒီမံစာချုပ်အရ ချေးယူသည့် ငွေများအတွက်၊ လက်ရောက်အပ်ပေးခဲ့ခြင်းမဟုတ်၍၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၈ ၏ အပိုဒ်(စ)အရ ပေါင်နှံခြင်း မမြောက်ဟု လျှောက်လဲသွားသည်။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ ၏ အပိုဒ် (စ)အရ၊ ပေါင်နှံခြင်း မြောက်ရန် အင်္ဂါသုံးရပ်ရှိရပေမည်။ ၎င်းတို့မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို မြီရှင်၊ သို့မဟုတ် မြီရှင်၏ကိုယ်စားလှယ်သို့လက်ရောက်အပ်ပေးရမည်။ ကြွေးငွေအတွက် အပေါင်ပစ္စည်းအနေဖြင့် ရည်ရွယ်၍ အပ်ပေးခြင်းဖြစ်ရမည်။ ယင်းသို့အပ်ပေးခြင်းသည်၊ ရန်ကုန်မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့ သို့မဟုတ် စစ်တွေမြို့၊ တမြို့မြို့တွင် ဖြစ်ရပေမည်။ ထိုအင်္ဂါရပ် များနှင့် ပြည့်စုံမှသာ ပေါင်နှံခြင်း အထမြောက်မည်ဖြစ်သည်။

ယခုအမှုတွင် မငြင်းနိုင်သော အချက်အလက်များမှာ အောက်ပါ အတိုင်းပေါ်ပေါက်လျက်ရှိပေသည်။ အယူခံ တရားပြိုင် ဘဏ်က၊ အယူခံ တရားလိုတို့အား ဘဏ်ငွေပို့ စာရင်းဖွင့်၍ ငွေထုတ်ချေးခြင်းမပြုမီ၊ အယူခံ တရားလို ဝူချိရင်သည် အောင်မင်္ဂလာဆန်စက် အစုစပ် လုပ်ငန်း၏ အစုရှင် တဦးအနေဖြင့် သက်သေခံ(ဂ) ငွေထုတ်ချေးခွင့်ပြုရန် လျှောက်လွှာတင်ခဲ့သည်။ ထိုလျှောက်လွှာတွင် အခြား အယူခံ တရားလိုတို့အား အောင်မင်္ဂလာ ဆန်စက် အစုစပ် လုပ်ငန်း၏ အစုရှင်များအဖြစ် ဖေါ်ပြထားသည်။ လျှောက်လွှာနှင့်အတူ အောင်မင်္ဂလာဆန်စက်၏ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများဖြစ်သည့် သက်သေခံ (စ) အရောင်းစာချုပ်၊ သက်သေခံ(ဆ)

စဉ်မြဲ

မကျင်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှတ် (၁၁)။

အရောင်းစာချုပ်၊ သက်သေခံ (ဇ) မြေငှားစာချုပ်၊ သက်သေခံ (ဈ) မြေငှါးစာချုပ်၊ သက်သေခံ (ဠ) အယူခံ တရားလို မောင်ညွန့်ချူ၏ ကျမ်းကျိန်လွှာ၊ သက်သေခံ (ဍ) အထူးကိုယ်စားလှယ်စာ၊ သက်သေခံ (ဎ) မီးအားမခံစာချုပ်နှင့် သက်သေခံ (ဏ)အစုစပ်စာချုပ်တို့ကို တင်ပြခဲ့သည်။ အယူခံတရားပြိုင်ဘဏ်က ၎င်း၏ ဥပဒေအကြံပေး အရာရှိအား ယင်းစာချုပ်စာတမ်းများနှင့် ပတ်သက်၍ အကြံဉာဏ် တောင်းခံသဖြင့် ဥပဒေအကြံပေး အရာရှိက သက်သေခံ (ခ-၁)ထင်မြင်ချက်ပေးခဲ့ရာ ထိုထင်မြင်ချက်ရှိ ဖေါ်ပြချက်များအရ၊ ယင်းပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို ဝူချီရင်သည် ငွေထုတ်ချေးခွင့်ပြုရန် လျှောက်လွှာနှင့်အတူတင်ပြခဲ့ကြောင်း ယုံမှားဘွယ် မရှိနိုင်ပေ။ သက်သေခံ (ဏ)အစုစ ်စာချုပ်မှာ အောင်မင်္ဂလာဆန်စက် လုပ်ငန်းတွင် အယူခံတရားလိုတို့ အစုရှင်များဖြစ်ကြောင်း ဖေါ်ပြထားသည့် စာချုပ်ဖြစ်သည်၊ သက်သေခံ (ဍ) ကိုယ်စားလှယ်စာမှာ အခြားအစုရှင်များက၊ ဝူချီရင်အား အောင်မင်္ဂလာဆန်စက်ကို အယူခံတရားပြိုင်ဘဏ်၌ပေါင်နှံခွင့်ပြုသည့် အထူးကိုယ်စားလှယ်စာ ဖြစ်သည်။

ဥပဒေအကြံပေး အရာရှိထံမှ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းကို အပေါင်ခံ၍ ငွေထုတ်ချေးနိုင်ကြောင်း ထင်မြင်ချက် ရရှိပြီးနောက် အယူခံတရားပြိုင်ဘဏ်သည် အယူခံတရားလိုအားလုံးကို ငွေ သုံးသောင်းအတွက် သက်သေခံ (ဃ) အော်ဒီမန် စာချုပ်ကိုငင်း၊ သက်သေခံ(င-၁၊င-၂ နှင့် င-၃)ငွေချေးပဋိညာဉ် စာချုပ်များကိုငင်း၊ ချုပ်ဆိုစေပြီးမှသာ ငွေများကို စတင်၍ ထုတ်ချေးခဲ့ပေသည်။ အဆိုပါ အော်ဒီမန် စာချုပ်နှင့် ငွေချေး ပဋိညာဉ် စာချုပ်များကို ချုပ်ဆိုသည့်နေ့က အောင်မင်္ဂလာ ဆန်စက်၏ ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများမှာ အယူခံတရားပြိုင် ဘဏ်၏ လက်ဝယ်ရှိ နေသည်ဖြစ်၍၊ အယူခံတရားလိုတို့ အနေဖြင့် ထိုစာချုပ်စာတမ်း များကို ထိုနေ့၌ ကိုယ်ထိလက်ရောက် အပ်ပေးခြင်း မပြုခဲ့ကြရပေ။

ယင်းသို့ ငွေထုတ်ချေးစဉ်က ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို ကိုယ်ထိ လက်ရောက် အပ်ပေးခြင်း မပြုသည့်အကြောင်းကြောင့် ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၈ ၏ အပိုဒ် (စ) အရ၊ ပေါင်နှံခြင်းမမြောက်ဟု အယူခံတရားလိုတို့က ဆိုလိုပေသည်။ ပေါင်နှံခြင်း အထမြောက်စေရန် ပစ္စည်း၏ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း များကို မြီစားက မြီရှင်အား လက်ရောက် အပ်ပေးရမည်ဆိုသော အင်္ဂါရပ်ရှိရန် လိုသည်မှာမှန်၏။ သို့ရာတွင် "လက်ရောက်အပ်ပေးသည်" ဆိုသော စကားရပ်မှာ ကိုယ်ထိလက်ရောက် အပ်ပေးခြင်းသာမက၊ လက်ရောက် အပ်ပေးသည်ဟု အဓိပ္ပါယ် သက်ရောက်သော အပ်ပေးခြင်းလည်း ပါဝင်သည်ဟု ယူဆရမည် ဖြစ်သည်။ ငွေထုတ် ချေးခြင်း မပြုမီ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများသည် ထုတ်ချေးသည့် ငွေကိစ္စနှင့်

၁၉၆၉ — မကျင်ထင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှတ် (၁၁)။

ပတ်သက်ပြီး၊ မြီရှင်၏လက်ထဲသို့ ရောက်ရှိနေပါမူ ငွေချေးသည့်နေ့တွင် ထိုစာချုပ်စာတမ်းများအား မြီရှင်က မြီစားထံသို့ ပြန်ပေးပြီး၊ မြီစားက တဖန် မြီရှင်ကို လက်ရောက် အပ်ပေးရန် လိုမည်မဟုတ်ပေ။ ချေးငွေအတွက် စာချုပ်စာတမ်းများကို လက်ရောက် အပ်ပေးခဲ့ပြီး ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည် ဖြစ်သည်။ ယခုအမှုတွင်လည်း အယူခံတရားလိုတို့သည် ၎င်းတို့အား ငွေထုတ်ချေးရန်အတွက် အောင်မင်္ဂလာ ဆန်စက်ကို အပေါင်ထားမည်ဟုဆိုကာ၊ ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို အယူခံ တရားပြိုင်ဘဏ်အား စစ်ဆေးရန်ပေးထားခဲ့ပြီးဖြစ်ရာ ငွေထုတ်ချေးသည့်နေ့တွင် ထိုစာချုပ် စာတမ်းများအား အယူခံတရားလိုတို့သည် အယူခံတရားပြိုင် ဘဏ်သို့ ကိုယ်ထိလက်ရောက် အပ်ပေးခြင်း မရှိစေကာမူ၊ ဥပဒေသဘောအရ လက်ရောက် အပ်ပေးခဲ့သည်ဟု ကောက်ယူရမည် ဖြစ်ပေသည်။

အထက်ပါ အကြောင်းရပ်များကြောင့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၈ ၏ အပိုဒ် (စ) အရ၊ ပေါင်နှံခြင်းအထမမြောက်ဆိုသော အယူခံတရားလိုတို့၏ တင်ပြချက်ကိုလည်း ကျွန်ုပ်တို့ အနေဖြင့် လက်မခံနိုင်ပေ။

ငွေတိုးကိစ္စနှင့် ပတ်သက်၍ အယူခံတရားလိုတို့က အပိုင်း နှစ်ပိုင်းခွဲပြီး တင်ပြခဲ့ကြသည်။ တရားစွဲဆိုသည့် နေ့အထိ တောင်းဆိုသော အတိုးငွေများနှင့် စပ်လျဉ်း၍ အပေါင်ပစ္စည်း တည်ရှိရာ ကျောက်တံတားမြို့ကို သောင်းကျန်းသူများ သိမ်းပိုက်ခဲ့သဖြင့် ၁၉၅၀ ခုနှစ်၊ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ မူလရုံးက အတိုးငွေ ခွင့်ပြုခြင်းသည် မှားယွင်းနေကြောင်း တရားစွဲဆိုသည့်နေ့မှ ဒီကရီကျသည့်နေ့အထိ ပေးဆောင်ရမည့် အတိုးငွေများနှင့် စပ်လျဉ်း၍ မူ နှစ်ဦးနှစ်ဖက် ပဋိညာဉ်ပြုခဲ့သည့် ၆ ရာခိုင်နှုန်းအစား၊ ရုံးနှုန်းဖြစ်သည့် ၉ ရာခိုင်နှုန်းဖြင့်တွက်ချက်ခြင်းမှာ တရားမျှတမှု မရှိကြောင်း အဆိုပြုခဲ့ကြပေသည်။

၁၉၅၀ ခုနှစ်၊ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေ ပုဒ်မ ၃ မှာ ဤအမှုအတွက် လိုရင်းကို ဖော်ပြရသော် ဤသို့ ဆိုရပေမည်။

> "တည်ဆဲအခြားဥပဒေ တရပ်ရပ်တွင်သော်ရင်း၊ ငွေချေးပဋိညာဉ် တခုခုတွင်သော်ရင်း၊ အပေါင်စာချုပ် တခုခုတွင် သော်ရင်း၊ မည်သို့ပင် ပါရှိစေကာမူ၊ မည်သည့် အရပ်ဒေသ ဘွင်မဆို၊ တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တ ရုပ်သိမ်းခြင်း မပြုမီက ထုတ်ပေးသော...................... ပေါင်နှံခြင်း ပေါ်တွင် ..............................မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တ ရုပ်သိမ်းသည့် နေ့မှ နိုင်ငံတော် သမတက ပုဒ်မ ၂ အရ၊ ထိုအရပ်ဒေသအတွက် သတ်မှတ်သည့် နေ့အထိ ကာလ အပိုင်းအခြားအတွက် အတိုးပေးဆောင်ရန် မထိုက်သင့်စေရ။"

အထက်ပါ ပုဒ်မအရဆိုပါက၊ ပေါင်နှံခြင်းပြုသည့် အရပ်ဒေသတွင် သောင်းကျန်းသူတို့၏ ဘေးရန်ကြောင့် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တရပ်သိမ်းခဲ့ပါမူ၊ အပေါင်စာချုပ်အရ ပေးရန်ရှိသော အတိုးငွေကို ပေးဆောင်ခြင်း မပြုရပေ။ ယခုအမှုတွင် ပေါင်နှံခြင်းပြုသည့် အရပ်မှာ ရန်ကုန်မြို့ဖြစ်ပြီး၊ ရန်ကုန်မြို့တွင် မည်သည့် အခါကမျှ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ရပ်သိမ်းခဲ့ခြင်း မရှိသဖြင့် အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်ဟု ကျွန်ုပ်တို့ ယူဆကြသည်။ သို့ပါ၍ အယူခံတရားပြိုင်ဘဏ်သည်၊ အယူခံတရားလိုတို့ထံမှ ငွေစတင်ချေးယူသည့် နေ့မှစ၍၊ တရားစွဲဆိုသည့် နေ့အထိ အတိုးငွေများကို ရထိုက်သည်ဆိုသော မူလရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်သည်။

၁၉၆၉

မကျင်တင် ပါ ၅ နှင့် ပြည်သူ့ဘဏ် အမှတ် (၁၁)။

တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့် နေ့အထိ အတိုးနှုန်းကို မူလရုံးက ရုံးနှုန်းအတိုင်း ငွေတရာလျှင် တနှစ် ၉ ရာခိုင်နှုန်းဖြင့် ခွင့်ပြုခဲ့သည်ကို တွေ့ရ၏။ ပဋိညာဉ်အရ နှစ်ဦးသဘောတူခဲ့သည့် အတိုးနှုန်းမှာ ၆ ရာခိုင်နှုန်းသာ ဖြစ်ပေသည်။ တရားရုံးများအနေဖြင့် ပဋိညာဉ်အရ သဘောတူခဲ့သည့် အတိုးနှုန်းသည် ရုံးနှုန်းထက် များနေမှသာ သက်သာသော ရုံးနှုန်းအတိုင်း အတိုးငွေကို ခွင့်ပြုလေ့ ရှိပေသည်။ ပဋိညာဉ်အရ သဘောတူခဲ့သော အတိုးနှုန်းသည်၊ ရုံးနှုန်းထက်နည်းနေပါမူ သက်သာသည့် အတိုးနှုန်းကိုသာ ခွင့်ပြုသင့်သည့်အလျောက် ၉ ရာခိုင်နှုန်းအစား၊ ၆ ရာခိုင်နှုန်းဖြင့်သာ အတိုးကို တွက်ချက်သင့်ပေသည်။ ထိုကဲ့သို့ တွက်ချက်လျှင် တရားစွဲဆိုသည့် ၁၉၅၉ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှ ၁၉၆၄ ခု၊ ဧပြီလ ၁၀ ရက်နေ့အထိ၊ အတိုးငွေမှာ ၁၉,၆၁၅ ကျပ် ၅၂ ပြားသာ ဖြစ်၍၊ စုစုပေါင်း ဒီကရီချပေးရသည့် ငွေမှာ ၇၅,၄၇၆ ကျပ် ၀၁ ပြားသာ ရှိမည်ဖြစ်၍၊ ထိုငွေအတိုင်းသို့ရင်း၊ ယင်းငွေအပေါ် အကြေပေးဆပ်သည့် နေ့အထိ ငွေတရာလျှင် နောက်ထပ် အတိုးနှုန်းကို ၉ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းသို့ရင်း၊ ပြင်ဆင်လိုက်သည်မှအပ၊ မူလရုံး၏ ဒီကရီကို အတည်ပြုပြီး၊ အယူခံလွှာကို ပလပ်လိုက်သည်။ ဤအယူခံမှုတွင် အယူခံတရားလိုတို့ အနေဖြင့် တဝက်တပျက် သက်သာခွင့် ရရှိသဖြင့် အယူခံ တရားစရိတ်နှင့် ပတ်သက်ပြီး၊ အမိန့်ချမှတ်ခြင်း မပြု။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီးဦးချစ်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉ ဒီဇင်ဘာလ ၆ ရက်။

### မောင်ချစ်နူ (ခေါ်) မောင်ချစ်ကလေး (အယူခံတရားလို)

နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

**ရာဇသတ်ကြီး ပုဒ်မ ၃၉၇ အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်း—မည်သည့်အခါ တရားခံကို ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်နိုင်မည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လူတဦးတယောက်အားအပြင်းအထန် နာကျင်စေရန် ကိုယ်ထိလက်ရောက် ပြုလုပ်သည့်တရားခံကိုသာလျှင် ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်ဖြစ်သည်။ အပြင်းအထန်နာကျင်စေရန် ပြုလုပ်ခြင်းမရှိသည့် အဖော်လူဆိုးများသည် ဤပုဒ်မနှင့် အကျုံးဝင်မည်မဟုတ်ပေ။ ထိုပုဒ်မ၌ " ထိုသူကို " ဆိုသည့်စကားရပ်ကို သုံးနှုန်းထားသဖြင့် အပြင်းအထန်နာကျင်စေသည့် လူဆိုးသာလျှင် ဤပုဒ်မအရတာဝန်ရှိမည်ဖြစ်သည်။

**မောင်စိန်နှင့် အစိုးရ၊** အတွဲ ၃၊ အောက်မြန်မာပြည် စီရင်ထုံး ၁၂၁၊ **ဘိုးဝင်း နှင့် အစိုးရ၊** အတွဲ ၇၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၊ **ဘိုးမြိုင် နှင့် အစိုးရ၊** အတွဲ ၁၀၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၉ ရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်။**

**အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေ ဦးမြရှိန်။

**တရားသူကြီးဦးသက်ဖေ။** ။အယူခံတရားလိုမောင်ချစ်(ခေါ်)မောင်ချစ်ကလေး အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သော ဖျာပုံမြို့၊ ပထမရာဘက် ရာဇဝတ်တရားသူကြီး၏ စီရင်ချက်ကို မကျေနပ်သဖြင့် အယူခံဝင်သောအမှုဖြစ်သည်။

လွန်ခဲ့သည့် ၁၉၆၅ ခု၊ ဧပြီလ ၁၀ ရက်နေ့နံနက် ၆ နာရီခွဲအချိန်တွင် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် စောမွန်လှ သင်္ဘောသည် ဘိုကလေးမြို့မှ

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၃။

† ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁၅ တွင် ချမှတ်သော ၁၉၆၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့စွဲပါ ဖျာပုံမြို့၊ ၁ ရာဘက် ရာဇဝတ်တရားသူကြီး၏အမိန့်ကို အယူခံမှု။

ရန်ကုန်သို့ ခရီးသည်များတင်၍ထွက်ခွါလာသည်။ သင်္ဘောပေါ်၌ ရဲတပ်ကြပ်မောင်စံ၊ ဒု-တပ်ကြပ် မောင်အောင်စိန် (လိုပြ-၂)၊ တပ်ကြပ်ကြီး မောင်ကိုကြီး (လိုပြ-၉)နှင့် တပ်သား မောင်ချစ်စိန်တို့သည် သင်္ဘော အစောင့်ကင်းအဖြစ် လိုက်ပါလာကြသည်။ နံနက် ၇ နာရီ ၁၅ မိနစ်အချိန်တွင် သင်္ဘောသည် မြင်းကကုန်းအနီးရှိ သံလိုက်ဝဲသို့ ရောက်လာသည်။ ထိုစဉ်ကကင်းမှူး မောင်စံသည် သင်္ဘောဦးပိုင်း၌ နေ့စဉ်ရေးနေရာ ၎င်း၏ အနီးတွင် မောင်ကိုကြီးက လက်မေးထောက်၍ ထိုင်ကြည့်နေသည်။ ထို အချိန်တွင် ရဲတပ်သား မောင်ချစ်စိန်သည် သစ္စာဖေါက်၍ မိမိအား ထမ်းဆောင်ရာ၌ အသုံးပြုရန်ပေးထားသည့် သေနတ်ဖြင့် ပစ်လိုက်ရာ မောင်ကိုကြီး၏ လက်ဝဲဖက် နား နောက်မှဝင်၍ လက်ျာဖက် ပါးမှ ကျည်ဆံ ထုတ်ချင်း ပေါက်ထွက်သွားပြီး အနီး၌ ရပ်နေသူ ဒု-တပ်ကြပ် မောင်အောင်စိန်၏ ပေါင်ကို ရှပ်၍ ထိမှန်သွားသည်။ ထိုကဲ့သို့ သေနတ်နှင့် မောင်ချစ်စိန်က ပစ်လိုက်သောအခါ ခရီးသည် ဟန်ဆောင်လာသည့် လူဆိုး ၇ ဦးသည် ကျန်ရဲတပ်သားများကို ဝင်ရောက်ဖမ်းဆီးပြီး ရဲတပ်သားများထံမှ လက်နက်များကို လုယူကြပြီးနောက် သင်္ဘောစီး ခရီးသည်များထံမှလည်း ရွှေ-ငွေ နှင့် အခြားပစ္စည်းများကိုလုယူကြသည်။ ပ-ရ-သ-ဖ ပိုင် ငွေ ၃၅၅ ကျပ် ၂၀ ပြားကိုလည်း လူဆိုးများက သင်္ဘောစာရေး မောင်ကျော်ညွန့် (လိုပြ-၁)ထံမှ တောင်းယူသွားကြသည်။ ခရီးသည်ဟန်ဆောင်လာသော လူဆိုး ၇ ဦးအနက် အယူခံတရားလိုသည် တဦးဖြစ်ကြောင်း မောင်အောင်စိန်နှင့် မောင်ကိုကြီးတို့က အတိအလင်း စွပ်စွဲသွားကြသည်။

အထက်ပါ သက်သေအထောက်အထားများ အရအယူခံတရားလိုအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ၊ တရားစွဲဆိုရာ စောမွန်လှသင်္ဘောအား စီးသည့်လူဆိုးများတွင် မိမိမပါဝင်ရကြောင်းထုချေသော်လည်း သက်သေ လုံးဝတင်ပြနိုင်ခြင်းမရှိသဖြင့် မူလရုံးမှ ၎င်း၏ ထုချေချက်ကို လက်မခံပဲ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်းပြစ်ဒဏ် ထင်ရှား စီရင်ခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင်စောမွန်လှသင်္ဘောအားစီးပြီးရဲအဖွဲ့မှလက်နက်များကိုလည်းကောင်း၊ ခရီးသည်များထံမှ ရွှေ-ငွေ ပစ္စည်းများကို လည်းကောင်း လုယက်ကြသည့် လူဆိုးများ အနက် အယူခံတရားလိုလည်း ပါဝင်သည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ မောင်အောင်စိန် နှင့် မောင်ကိုကြီးတို့၏ ထွက်ဆိုချက်များရှိပေသည်။ အခင်း ဖြစ်ပွါးသည့် အချိန်မှာ နံနက် ၇ နာရီ ၁၅ မိနစ်အချိန်ဖြစ်၍ အလင်းရောင်ကောင်းစွာ ရှိနေသည့် အလျောက် အယူခံတရားလိုအပေါ် လူမှားပြီး စွပ်စွဲစရာအကြောင်းမရှိ။ ထိုသက်သေများ အနေဖြင့်လည်း အယူခံတရားလိုအား မဟုတ် မတရားစွပ်စွဲရန် အကြောင်း မရှိကြပေ။ သို့ဖြစ်ရာ အယူခံတရားလိုသည် စောမွန်လှ သင်္ဘောကို စီး၍ လက်နက်နှင့်

ပစ္စည်းများကို လုယူခဲ့ကြသည့် လူဆိုးများ အနက် တယောက်ဖြစ်သည်ဆိုသော မူလရုံး ယူဆချက်သည်မှန်ကန်သည်။

အယူခံတရားလိုအား မူလရုံးက ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရပြစ်ဒဏ်ထင်ရှား စီရင်ခဲ့ခြင်းဖြစ်ရာ ထိုကဲ့သို့ စီရင်ခြင်းသည် မှန်-မမှန် သုံးသပ်ရန် လိုပေသည်။ စာခွန်လှသဘော်ကိုစီး၍ ဒါးပြမှု ကျူးလွန်ကြသည့် လူဆိုးများအနက် မောင်ချစ်စိန်က သေနတ်နှင့် ပစ်သောကြောင့် တပ်ကြပ်ကြီး မောင်ကိုကြီးတွင် အပြင်းအထန် ဒဏ်ရာရခဲ့ပေသည်။ မောင်ကိုကြီးတွင် ရရှိခဲ့သော ဒဏ်ရာမှာ အယူခံတရားလိုက ပြုလုပ်ခဲ့ခြင်း မဟုတ်ပဲ ၎င်း၏ အပေါင်းအဖေါ်တဦးဖြစ်သည့် မောင်ချစ်စိန်က ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိသည်။ ရာဇသတ်ကြီး ပုဒ်မ ၃၉၇ မှာ အောက်ပါအတိုင်းဖြစ်သည်။

> "လုယက်မှုကိုဖြစ်စေ၊ ဒါးပြမှုကိုဖြစ်စေ ကျူးလွန်သော အခါတွင် ပြစ်မှုကျူးလွန်သူသည် တဦးတယောက်သောသူကို အပြင်းအထန် နာကျင်စေလျှင် သို့တည်းမဟုတ် တဦးတယောက်သောသူအား သေစေရန်သော်၎င်း၊ အပြင်းအထန် နာကျင်စေရန် သော်၎င်း အားထုတ်လျှင်၊ ထိုသူကို ချမှတ်သော ထောင်ဒဏ်သည် ၇ နှစ်အောက်မလျော့စေရ။"

လူတဦးတယောက်အား အပြင်းအထန်နာကျင်စေရန် ကိုယ်တိုင် လက်ရောက်ပြုလုပ်သည့် တရားခံကိုသာလျှင် ဤပုဒ်မအရ ပြစ်ဒဏ်ထင်ရှား စီရင်နိုင်မည်ဖြစ်သည်။ အပြင်းအထန် နာကျင်စေရန် ပြုလုပ်ခြင်းမရှိသည့် အဖေါ်လူဆိုးများသည် ဤပုဒ်မနှင့် အကျုံးဝင်မည်မဟုတ်ပေ။ ထိုပုဒ်မ၌ "ထိုသူကို" ဆိုသည့်စကားရပ်ကို သုံးနှုန်းထားသဖြင့် အပြင်းအထန် နာကျင်စေသည့် လူဆိုးသာလျှင် ဤပုဒ်မအရ တာဝန်ရှိမည်ဖြစ်သည်။ ဤအတိုင်းပင် **မောင်စိန် နှင့် အစိုးရ(၁)၊ ဘိုးဝင်း** နှင့် **အစိုးရ(၂)၊ ဘိုးမြိုင် နှင့် အစိုးရ(၃)** တို့အမှုတွင် တသမတ်တည်း ဆုံးဖြတ်ထားသည်ကိုတွေ့မြင်နိုင်ပေသည်။

ယခုအမှု၌ လူဆိုးတဦးဖြစ်သည့် မောင်ချစ်စိန်၏ လက်ချက်ကြောင့် တပ်ကြပ်ကြီး မောင်ကိုကြီးသည် အပြင်းအထန် နာကျင်မှု ရရှိခဲ့ခြင်းဖြစ်သည်။ အယူခံတရားလို၏ လက်ချက်ကြောင့် မဟုတ်ကြောင်း ပေါ်ပေါက်လျက်ရှိသည်။ သို့ဖြစ်ရာ အယူခံတရား

---

(၁) အတွဲ ၃၊ အောက်မြန်မာပြည် စီရင်ထုံး ၁၂၁။
(၂) အတွဲ ၇၊ အောက်မြန်မာပြည်စီရင်ထုံး ၂၆။
(၃) အတွဲ ၁၀၊ အောက်မြန်မာပြည် စီရင်ထုံး ၂၆၉။

လိုအား ရာဇသတ်ကြီးပုဒ်မ ၃၉၇ အရ အပြစ်ရှိသည်ဆိုသော တွေ့ရှိချက်မှာ မှားယွင်းနေသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၉၅ သို့ပြောင်းလဲ၍ အပြစ်ပေးရမည်ဖြစ်သည်။ ၁၉၆၉

မောင်ချစ်
(ခေါ်)
မောင်ချစ်
ကလေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အယူခံတရားလိုနှင့် အပေါင်းပါတို့သည်၊အများပြည်သူ သွားလာကြသည့်သင်္ဘောကိုစီးကာ ခရီးသည်များထံမှ ပစ္စည်းများကို လုယူခဲ့ကြသူများ ဖြစ်သည့်အလျောက် ပြစ်ဒဏ် သတ်မှတ်ရာ၌ မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်ကို ချမှတ်သင့်သည့်အလျောက် မူလရုံးမှ သတ်မှတ်ထားသော အပြစ်ဒဏ်မှာ များလွန်းသည်ဟု မဆိုနိုင်ပဲ လျော်ကန်သင့်မြတ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ သို့ဖြစ်၍ အယူခံတရားလိုအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၉၇ အရ အပြစ်ရှိသည်ဆိုသော တွေ့ရှိချက်ကို ပယ်ဖျက်လိုက်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၉၅ အရ အပြစ်ရှိကြောင်း ပြင်ဆင်လိုက်သော်လည်း၊၎င်းအပေါ် ချမှတ်ထားသည့် အပြစ်ဒဏ်ကိုမူ အတည်ပြုလိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉ နိုဝင်ဘာလ ၂၆ ရက်။

မောင်တင်မောင်၊ ဦးထွန်းရှိန်
ကိုခင်မောင် (ခေါ်) တေလေ
ကိုတုပ်၊ ကိုဖေစိန်၊ ကိုခင်မောင်
ကိုကျော်သိန်း နှင့် ကိုဘသိန်း၊
(လျှောက်ထားသူများ)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (လျှောက်ထားခံရသူ)*

**၁၉၅၀ ခုနှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅ (စ) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—လိုအပ်သော အင်္ဂါရပ်များ ပြည့်စုံမှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အဆိုပါပုဒ်မအရဆိုပါမူ၊ တရားခံတဦးဦးက ဟန့်တားသည်၊ သို့မဟုတ် နှောင့်နှေးစေသည့် သယ်ယူပို့ဆောင်ရေးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လိုအပ်သော သယ်ယူပို့ဆောင်မှု ဖြစ်ရမည်။ သာမန်သယ်ယူပို့ဆောင်မှုကို ဟန့်တားခြင်း၊ သို့မဟုတ် နှောင့်နှေးစေခြင်းသည် ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်ရာ၌ ထိခိုက်စေလိမ့်မည်ဟု ယူဆရန် ခဲယဉ်းပေသည်။ ထို့ပြင် သယ်ယူပို့ဆောင်မှုကို ဟန့်တားရန်သော်၎င်း၊ နှောင့်နှေးစေရန်သော်၎င်း၊ ချုတ်ချယ်ရန်သော်၎င်း ကြံရွယ်၍ ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဟု ပြဋ္ဌာန်းထားသည့် အလျှောက် တရားခံတဦးဦးသည် ၎င်း၏ ပြုလုပ်မှုနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်မှုအား ဟန့်တားရန်သော်၎င်း၊ နှောင့်နှေးစေရန်သော်၎င်း၊ ချုတ်ချယ်ရန်သော်၎င်း အကြံအစည်နှင့် ရည်ရွယ်ချက် ရှိကြောင်း တရားလိုဘက်မှ ထင်ရှားအောင် တင်ပြရန် လိုပေသည်။ တနည်းဆိုသော် တရားခံသည် ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် ကိစ္စကို ပြုလုပ်ရန် အကြံအစည်နှင့် ရည်ရွယ်ချက်ရှိသည်ဆိုသော အင်္ဂါရပ်များ ပြည့်စုံမှသာ ၎င်းအပေါ် အပြစ်ပေးနိုင်မည် ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် စောစတင်လေဘကြူ၊ ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး ၂၈ (တရားလွှတ်တော်) ရည်ညွှန်းသည်။

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု ၅၇ (ခ)။ / ၅၇၀ (က)။

† ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၉ တွင် ချမှတ်သော ၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့စွဲပါ မိတ္ထီလာမြို့၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ပြင်ဆင်မှု။

**လျှောက်ထားသူအတွက်။** ။ဦးကံမြင့်။ **ခုနှစ်၉**

**လျှောက်ထားခံရသူအတွက်။** ။အစိုးရ တရားရုံးချုပ်ရှေ့နေ ဦးကျော်မြင့်။

မောင်တင်မောင်၊ ဦးထွန်းရှိန်၊ ကိုခင်မောင် (ခ) တေလေ၊ ကိုတုပ်၊ ကိုဖေစိန်၊ ကိုခင်မောင်၊ ကိုကျော်သိန်းနှင့် ကိုဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

**တရားသူကြီး ဦးသက်ဖေ။** ။မိတ္ထီလာမြို့၊ စတုတ္ထ ရာဘက် ရာဇဝတ်တရားသူကြီးရုံးတွင် လျှောက်ထားသူ မောင်တင်မောင်အပြင်၊ ဦးထွန်းရှိန်၊ မောင်ခင်မောင် (ခေါ်) တေလေ၊ မောင်တုပ်၊ မောင်ဖေစိန်၊ မောင်ခင်မောင်၊ မောင်ကျော်သိန်း၊ မောင်ဘသိန်း၊ မောင်ညွန့်၊ မောင်ဟန်၊ မောင်အောင်ကြည်၊ မောင်ရဲလှနှင့် မောင်အောင်ဒင်တို့ကို အရေးပေါ် စီမံမှု အက် ဥပဒေပုဒ်မ ၅ (စ) အရ၊ တရားစွဲဆိုရာ မူလရုံးမှ မောင်ညွန့်၊ မောင်ဟန်၊ မောင်အောင်ကြည်၊ မောင်ရဲလှနှင့် မောင်အောင်ဒင်တို့ အပေါ် ညီစွန်းသည့် သက်သေ အထောက် အထား မရှိ၍ တရားရှင်လွှတ်ခဲ့ပြီး၊ ဦးထွန်းရှိန်နှင့် လျှောက်ထားသူ မောင်တင်မောင်တို့ကို အရေးပေါ် စီမံမှု အက် ဥပဒေပုဒ်မ ၅ (စ) အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်စီကိုဎင်း၊ မောင်ခင်မောင် (ခေါ်) တေလေ၊ မောင်တုပ်၊ မောင်ဖေစိန်နှင့် မောင်ခင်မောင်တို့ကို ထိုပုဒ်မအရပင် အလုပ်နှင့် ထောင်ဒဏ် ၁ နှစ်စီကိုဎင်း၊ မောင်ကျော်သိန်းနှင့် မောင်ဘသိန်းတို့အား အဆိုပါ ပုဒ်မအရပင် အလုပ်နှင့် ထောင်ဒဏ် ၉ လစီကိုဎင်း၊ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးထွန်းရှိန်နှင့် လျှောက်ထားသူ မောင်တင်မောင်တို့က ထိုအမိန့်ကို မကျေနပ်၍ မိတ္ထီလာမြို့၊ စက်ရှင်ရုံးသို့ အယူခံဝင်ရာ အယူခံရုံးမှ အရေးပေါ် စီမံမှု အက် ဥပဒေ ပုဒ်မ ၅ (စ) အရ ပြစ်မှုထင်ရှားသည်ဆိုသော မူလရုံး၏ တွေ့ရှိချက်ကို အတည်ပြုသော်လည်း ပြစ်ဒဏ်ကိုမူ ကျခံခဲ့ပြီး ဖြစ်သည့် ထောင်ဒဏ်သို့ လျှော့ပေါ့ခဲ့သည်။ ကျန်ဘဝတူ တရားခံများ အနေဖြင့် မူလရုံး၏ အမိန့်ကို အယူခံဝင်ကြခြင်းမရှိပေ။အဆိုပါ မူလရုံးနှင့် အယူခံရုံးတို့၏ အမိန့်အသီးသီးကို လျှောက်ထားသူ မောင်တင်မောင် တဦးတည်းက မကျေနပ်သဖြင့် ဤရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ၊ မူလရုံး၏ အမိန့်သည် မှန်ကန်ခြင်း ရှိမရှိ ဆိုသော ပြဿနာကို သုံးသပ်ရာ၌ လျှောက်ထားသူ မောင်တင်မောင်သာမက၊ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံခဲ့ရသည့် အခြားဘဝတူ တရားခံများ ဖြစ်ကြသော ဦးထွန်းရှိန်၊ မောင်ခင်မောင် (ခေါ်) တေလေ၊ မောင်တုပ်၊ မောင်ဖေစိန်၊ မောင်ခင်မောင်နှင့် မောင်ကျော်သိန်းတို့သည်လည်း ရုံးရှေ့တွင် ရှိကြရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ယူဆသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ပြင်ဆင်မှု ၅၇၀ (က) ကို ဖွင့်လှစ်ကာ မောင်တင်မောင်၏ ပြင်ဆင်မှုနှင့် အတူ ကြားနာခဲ့သည့် အလျောက်၊ ဤအမိန့်သည် အဆိုပါ အမှုနှစ်မှုစလုံးတို့၏ အမိန့် ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉၆၉

မောင်တင်မောင်၊ ဦးထွန်းရှိန်၊ ကိုခင်မောင် (ခ) တေလေ၊ ကိုတုပ်၊ ကိုဖေစိန်၊ ကိုခင်မောင်၊ ကိုကျော်သိန်း နှင့် ကိုဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးထွန်းရှိန်သည် သာစည်-မိတ္ထီလာ ခရီးတွင် သယ်ယူပို့ဆောင်သည့် ယာဉ်ယဉ်အဖွဲ့မှ ကော်မီတီလူကြီးတဦး ဖြစ်သည်။ မောင်တင်မောင်မှာ ထိုသာစည်၊ မိတ္ထီလာယာဉ်ယဉ် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည့်အပြင် ယာဉ်လိုင်းပေါင်းစုံ အုပ်ချုပ်ရေးကော်မီတီ၌ ဒု-ဥက္ကဋ္ဌလည်း ဖြစ်သည်။ မောင်ခင်မောင် (ခေါ်) တေလေ၊ မောင်တုပ်၊ နှင့် မောင်ဖေစိန်တို့မှာ သာစည်-မိတ္ထီလာ ယာဉ်ယဉ် အဖွဲ့၌ ယာဉ်ပိုင်ရှင်တို့၏ ကိုယ်စားလှယ်များဖြစ်သည်။ မောင်ခင်မောင်မှာ ဦးထွန်းရှိန်၏ သားဖြစ်သည်။ မောင်ကျော်သိန်းသည် သာစည်-မိတ္ထီလာယာဉ်ယဉ် အဖွဲ့၌ ယာဉ်မှူးတဦးဖြစ်ပြီး မောင်ဘသိန်းမှာ ဂိတ်မှူးဖြစ်သည်။

၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သာစည်မြို့၊ န-လ-က ဥက္ကဋ္ဌ၊ ဗိုလ်ကြီး လှဝင်းက သာစည်-မိတ္ထီလာ ခရီးအတွက် ယာဉ်ခနှုန်း ပြင်ဆင်သတ်မှတ်သည့် အမိန့်တခုကို ထုတ်ပြန်လိုက်ပြီး ထိုအမိန့် အတိုင်း ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် လိုက်နာရန် ညွှန်ကြားခဲ့သဖြင့် လျှောက်ထားသူ မောင်တင်မောင်နှင့် ဘဝတူ တရားခံတို့သည်၊ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ညနေ ၃ နာရီ အချိန် အထိ၊ ဆန္ဒပြသည့် သဘော အနေဖြင့် သာစည်-မိတ္ထီလာ ခရီးအတွင်း ယာဉ်ယဉ်များ ပြေးဆွဲခြင်းမှ ရပ်ဆိုင်းထားရန် လှုံ့ဆော်ခဲ့ကြသည်ဟု ဆိုကာ ၎င်းတို့ အပေါ် ပြစ်ဒဏ် ထင်ရှား စီရင်ခဲ့ခြင်း ဖြစ်ပေသည်။

၁၉၅၀ ခုနှစ်၊ အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (စ) မှာ ဤအမှုအတွက် လိုအပ်သရွေ့ကို ဖေါ်ပြရလျှင် အောက်ပါ အတိုင်း ဖြစ်သည်။

> "၅ (စ)၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြားရေး အတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လိုအပ်သော သယ်ယူ ပို့ဆောင်မှုကို × × × ဟန့်တားရန်သော်၎င်း၊နှောင့်နှေးစေရန်သော်၎င်း၊ ချုတ်ချယ်ရန်သော်၎င်းကြံရွယ်၍ တခုခုလုပ်လျှင်၊ သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန် အကြောင်းရှိသော အမှုကို ပြုလျှင် ထိုလူအား ၇ နှစ် အထိ ထောင်ဒဏ် သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်စလုံးသော်၎င်း ထိုက်သင့်စေရမည်။"

အဆိုပါ ပုဒ်မအရ ဆိုပါမူ၊ တရားခံ တဦးဦးက ဟန့်တားသည်၊ သို့မဟုတ် နှောင့်နှေးစေသည့် သယ်ယူပို့ဆောင်ရေးမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အတွက် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လိုအပ်သော သယ်ယူ ပို့ဆောင်မှု ဖြစ်ရပေမည်။ သာမန် သယ်ယူ ပို့ဆောင်မှုကို ဟန့်တားခြင်း၊ သို့မဟုတ် နှောင့်နှေးစေခြင်းတို့သည် ငြိမ်ဝပ်ပိပြားရေး အတွက် ထိရောက်စွာ ဆောင်ရွက်ရာ၌ ထိခိုက်စေလိမ့်မည်ဟု ယူဆရန် ခဲယဉ်းပေသည်။ ထို့ပြင် သယ်ယူပို့ဆောင်မှုကို ဟန့်တားရန်

၁၉၆၉

မောင်တင်မောင်၊ ဦးထွန်းရှိန်၊ ကိုခင်မောင် (ခ) တေလေး ကိုတုပ်၊ ကိုဖေစိန်၊ ကိုခင်မောင်၊ ကိုကျော်သိန်းနှင့် ကိုဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

သော်ငြားလည်း၊ နှောင့်နှေးစေရန် သော်ငြားလည်း၊ ချုတ်ချယ်ရန် သော်ငြားလည်း၊ ကြံရွယ်၍ ပြုမှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဟု ပြဋ္ဌာန်းထားသည့် အလျောက် တရားခံ တဦးဦးသည် ၎င်း၏ ပြုလုပ်မှုနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်မှုအား ဟန့်တားရန် သော်ငြားလည်း၊ နှောင့်နှေးစေရန် သော်ငြားလည်း၊ ချုတ်ချယ်ရန် သော်ငြားလည်း၊ အကြံအစည်နှင့်ရည်ရွယ်ချက်ရှိကြောင်း တရားလိုဘက်မှ ထင်ရှားအောင် တင်ပြရန် လိုပေသည်၊ တနည်းဆိုသော် တရားခံသည် ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် ကိစ္စကို ပြုလုပ်ရန် အကြံအစည်နှင့်ရည်ရွယ်ချက်ရှိသည် ဆိုသော အင်္ဂါရပ်များ ပြည့်စုံမှသာ ၎င်းအပေါ် အပြစ်ပေးနိုင်မည် ဖြစ်သည်။ ထိုအတိုင်းပင် **ပြည်ထောင်စု မြန်မာနိုင်ငံ** နှင့် **စောစတင်လေဘာကြူ** (၁) စီရင်ထုံး၌ အဆုံးအဖြတ်ပြုထားသည်ကို တွေ့မြင်နိုင်ပေသည်။

ယခု အမှုတွင် ကိုပု (လိုပြ-၃) နှင့် အခြား တရားလို သက်သေများ၏ ထွက်ဆိုချက်အရ၊ ဦးထွန်းရှိန်၊ မောင်ခင်မောင်(ခေါ်)တေလေနှင့် မောင်ခင်မောင်တို့သည် ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ညတွင် ကားငယ် ကလေး ပိုင်ရှင်များအား နံနက်ပိုင်းတွင် ဆွေးနွေးပြီးမှ ထွက်ကြမည်ဖြစ်ပြီး ကားကလေးများ အစား ကားကြီးများကို အစားထိုး ပြေးဆွဲမည်ဟု ပြောဆိုခဲ့ကြောင်း ပေါ်လွင်နေသဖြင့် လျှောက်ထားသူနှင့် အပေါင်းပါတို့သည် သာစည်-မိတ္ထီလာ ယာဉ်ငယ်များအား ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့နံနက်က ပြေးဆွဲခြင်း မပြုကြရန် လှုံ့ဆော်ခြင်းသည်သယ်ယူပို့ဆောင်မှုကို ဟန့်တားရန် သော်ငြား၊ နှောင့်နှေးစေရန်သော်ငြား၊ ချုတ်ချယ်ရန် သော်ငြား၊ အကြံအစည်နှင့် ရည်ရွယ်ချက် ရှိသည်ဟု ဆိုရန် ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ယာဉ်ငယ်များ မပြေးသော်သည်း၊ ယာဉ်ငယ်များ အစား ယာဉ်ကြီးများကို အစားထိုး၍ ပြေးဆွဲစေခဲ့ကြောင်း၊ သက်သေ အထောက်အထား ပေါ်ပေါက်လျက် ရှိသည့်အပြင်၊ ထိုနေ့ည နေ ၃ နာရီ အချိန်ကျရောက်ကာလ ယာဉ်ငယ်များကိုလည်း ဆက်လက် ပြေးဆွဲစေခဲ့ကြောင်း ပေါ်ပေါက်နေသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ လျှောက်ထားသူနှင့် အပေါင်းပါတို့၏ ပြုမူချက်သည် အရေးပေါ် စီမံမှု အက် ဥပဒေ ပုဒ်မ ၅ (စ) တွင် လိုအပ်သည့် အကြံအစည်နှင့် ရည်ရွယ်ချက်တို့ဖြင့် ပြုလုပ်ခဲ့သည်ဆိုသော အင်္ဂါရပ် မရှိသည့် အလျောက် ၎င်းတို့ အပေါ် ပြစ်ဒဏ် ထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းနေ၍ ကျွန်ုပ်တို့ အနေဖြင့် ဝင်ရောက်ဖက် စွက်ရပေမည်။ နိုင်ငံတော် အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရ တရားရုံးချုပ် ရှေ့နေ ဦးကျော်မြင့်ကသည်း၊ အဆိုပါ လိုအပ်သည့် အင်္ဂါရပ်မှာ ဤအမှုတွင် မရှိသည့်

(၁) ၁၉၅၈ ခု၊ မြန်မာပြည်စီရင်ထုံး ၂၈ (တရားလွှတ်တော်)။

**၁၉၆၉**

**မောင်တင်မောင်၊ ဦးထွန်းရှိန်၊ ကိုခင်မောင် (ခ) တေလေး၊ ကိုတုပ်၊ ကိုဖေစိန်၊ ကိုခင်မောင်၊ ကိုကျော်သိန်းနှင့် ကိုဘသိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

အလျှောက်၊ လျှောက်ထားသူတို့အပေါ် ပြစ်ဒဏ်စီရင်ခဲ့သည့် အမိန့်ကို မထောက်ခံနိုင်ကြောင်း ပွင့်လင်းစွာ ဝန်ခံသွားသည်။

လျှောက်ထားသူတို့အား အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ ၅ (စ) အရ ပြစ်မှုထင်ရှားခြင်း မရှိသော်လည်း ရာဇသတ်ပုဒ်မ ၁၈၈ အရ ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသော အမိန့်ကို ဖီဆံမှုဖြင့် အပြစ်ပေးသင့် မသင့်ဆိုသည့် ပြဿနာကို ကျွန်ုပ်တို့အနေဖြင့် အလေးအနက် စဉ်းစားခဲ့သည်။ ယင်းသို့ စဉ်းစားရာ၌ သာစည်မြို့ န-လ-က ဥက္ကဋ္ဌသည် မော်တော်ယာဉ်ခ နှုန်းထားများအား ပြင်ဆင်သည့်အမိန့်ကို ဥပဒေနှင့် အညီ ထုတ်ပြန်ကြေညာရန်အာဏာရရှိသော ပြည်သူ့ဝန်ထမ်းဟုတ် မဟုတ် ဆိုသောအချက်မှာ အမှုတွဲတွင် ပေါ်ပေါက်ခြင်းမရှိသဖြင့် ရာဇသတ်ပုဒ်မ ၁၈၈ သို့ ပြောင်းလဲပြီး အမိန့်ချမှတ်ရန် မသင့်ဟုယူဆသည်။

အထက်ပါ အကြောင်းများကြောင့်၊ လျှောက်ထားသူ မောင်တင်မောင်အပြင် ၎င်း၏ အပေါင်းပါများ ဖြစ်ကြသည့် ဦးထွန်းရှိန်၊ မောင်ခင်မောင်(ခေါ်)တေလေး၊ မောင်တုပ်၊ မောင်ဖေစိန်၊ မောင်ခင်မောင်၊ မောင်ကျော်သိန်းနှင့် မောင်ဘသိန်းတို့အား အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၅ (စ)အရ ပြစ်ဒဏ်ထင်ရှား စီရင်ထားခြင်းကို ပယ်ဖျက်လိုက်ပြီး၊ ၎င်းတို့အား ဤအမှုနှင့် ပတ်သက်၍ တရားသေ လွှတ်ရန် အမိန့်ချမှတ်လိုက်သည်။ လျှောက်ထားသူနှင့် အပေါင်းပါတို့မှာ ပြစ်ဒဏ်အသီးသီးကိုကျခံပြီး နောက် လွတ်မြောက်လာကြပြီး ဖြစ်သည့်အလျောက် လွတ်ဝရမ်း ထုတ်ပေးရန် မလိုတော့ပေ။

# နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်အယူခံမှု

တရားသူကြီး ဦးချစ် နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

မောင်အေးသိန်း (ခ) မောင်ပိုက် (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်အေးရင်) (အယူခံတရားခံ)*

† ၁၉၆၉ ဒီဇင်ဘာလ ၆ ရက်။

**ရာဇသတ်ကြီး ပုဒ်မ ၃၄၁ အရ၊ မှုပြစ်ထင်ရှားစီရင်ခြင်း — ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၂ ပါ ပြဋ္ဌာန်းချက်ကို မလိုက်နာခဲ့ခြင်း—ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇ (က)အရ၊ ကုစား၍ရနိုင်သည့် ချို့ယွင်းချက်တခု ဖြစ်မဖြစ်။**

**ဆုံးဖြတ်ချက်။** ။ကျင့်ထုံးနှင့်စပ်လျဉ်းသည့် မပြုမနေရ သဘောသက်ရောက်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာခြင်း မပြုသည့်အကြောင်း ကြောင့် အမှုတွဲတခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆရန် မဟုတ်၊ တရားခံအနေဖြင့် ၎င်းအပေါ်စွပ်စွဲထားသည့် စွပ်စွဲချက်ကို နားလည်သဘောပေါက်ပြီး ထုချေခွင့်ရရှိခဲ့လျှင်၊ ကျင့်ထုံးအတိုင်း လိုက်နာခြင်းမရှိခဲ့စေကာမူ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃၇ အရ၊ ကုစား၍ ရနိုင်ပေသည်။ အဓိကစဉ်းစားရမည့်အချက်မှာ ကျင့်ထုံးအတိုင်း လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းသည် တရားမျှတမှု ဆိတ်သုန်းခဲ့ခြင်း ရှိမရှိဆိုခြင်းပင်ဖြစ်သည်။ တရားခံအနေဖြင့် ၎င်းအပေါ်စွပ်စွဲချက်ကို မသိရှိနားမလည်ပဲ ထုချေခွင့်မရခဲ့လျှင်၊ တရားမျှတမှုဆိတ်သုဉ်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ အမှုမှာလည်း ပျက်ပြယ်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။ စွပ်စွဲချက်ကို သိရှိနားလည်ပြီး ခုခံချေပခွင့်ရခဲ့လျှင်၊ တရားမျှတမှု ဆိတ်သုန်းခဲ့သည်ဟုဆိုနိုင်မည်မဟုတ်။

အမှုတွင် မူလရုံးတရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၂ အရ၊ ပြစ်မှု၏ အကြောင်းခြင်းရာ အသေးစိတ်ကိုလျှောက်ထားသူ ရုံးရှေ့သို့ရောက်သည့်နေ့၌ ရှင်းလင်းပြောပြခြင်းမပြုပဲ၊တရားလိုပြသက်သေများကိုစစ်ဆေးခဲ့ပေသည်။ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူအား စွဲချက်ကို နှုတ်မှပြောပြကာ လျှောက်ထားသူနှင့် ၎င်း၏သက်သေများကို စစ်ဆေးပြီး အမိန့်ချမှတ်ခဲ့သည်။ တနည်းဆိုရသော် လျှောက်ထားသူအပေါ် စွပ်စွဲထားသည့် ပြစ်မှုမှာ သမ္မာန်မှုတခုသာ ဖြစ်သော်လည်း၊ စွဲချက်ကို ရေးသားခြင်းမပြုခဲ့သည်မှအပ၊ ဝါရမ်းမှုများအား စစ်ဆေးသည့် ကျင့်ထုံးအတိုင်း လိုက်နာစစ်ဆေးခဲ့ပေသည်။ သမ္မာန်မှုကို ဝါရမ်းမှုကဲ့သို့ စစ်ဆေးခဲ့ခြင်းသည်၊

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၂၆ (ခ)။

† ၁၉၆၇ ခုနှစ်၊ ရာဇသတ်ကြီးအမှုအမှတ် ၁၄၁ တွင် ချမှတ်သော ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့စွဲပါ ညောင်လေးပင်မြို့၊ မြို့နယ်တရားသူကြီး၏ အမိန့်ကို အယူခံမှု။

[၁၉၆၉

မောင်အေးသိန်း (ခ) မောင်ပိုက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်အေးရင်)။

လျှောက်ထားသူအပေါ် တစုံတရာ နစ်နာမှု မရှိနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇ (က) အရ ကုစား၍ ရနိုင်သည့် ချို့ယွင်းချက်တခုဖြစ်သည်။

ဦးကျော်လှညို နှင့် ပြည်ထောင်စု၊ ၁၉၆၁၊ မြန်မာပြည်စီရင်ထုံး ၇၇ (တရားလွှတ်တော်) ခြားနားပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဂိုဗစ်ဒါဆာ့မီ၊ ၁၉၄၉ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၆၆၂ (တရားလွှတ်တော်)။

**အဗ္ဗဒူ ရာမန် နှင့် အစိုးရ၊ အတွဲ ၅၊ ရန်ကုန် ၅၃ (ပရိဗွီကောင်စီ)။**

**အစိုးရ နှင့် ဘိုးမင်း၊ အတွဲ ၁၀၊ ရန်ကုန် ၅၁၁ (စုံညီခုံ)။**

**မောင်ဦးခိုင်နှင့် အစိုးရ၊ အတွဲ ၁၃၊ ရန်ကုန် ၁။**

**မရှာဘိ နှင့်** ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၀၊ မြန်မာပြည် စီရင်ထုံး ၃၇၄ (တရားလွှတ်တော်) ရည်ညွှန်းသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးလှတော။

**အယူခံတရားခံအတွက်။** ။အစိုးရတရားရုံးချုပ်ရှေ့နေကြီး ဦးမြရှိန်။

**တရားသူကြီး ဦးသက်ဖေ။** ။ညောင်လေးပင်မြို့၊ မြို့နယ် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၁ တွင်၊ လျှောက်ထားသူ မောင်အေးသိန်း (ခ) မောင်ပိုက်အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄၁ အရ၊ ဒဏ်ငွေ ၅၀ိ ပေးဆောင်ရန်နှင့် မပေးဆောင်က အလုပ်မဲ့ ထောင်ဒဏ် ၇ ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ၊ ထိုအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ပဲခူးမြို့၊ တွဲဘက် ခရိုင် ရာဇဝတ်တရားသူကြီးထံသို့ ပြင်ဆင်ပယ်ဖျက်ပေးရန် လျှောက်ထားသည်တွင် တွဲဘက် ခရိုင်ရာဇဝတ်တရားသူကြီးက မူလရုံးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာခဲ့ခြင်း မရှိသည့် အလျောက် ၎င်း၏ အမှုတခုလုံးမှာ ပျက်ပြယ်နေသောကြောင့် လျှောက်ထားသူအပေါ် ပြစ်ဒဏ်ထင်ရှား စီရင်ထားသည့် အမိန့်ကို ပယ်ဖျက်ပြီး၊ အမှုကို ပြန်လည်စစ်ဆေးရန် ထောက်ခံတင်ပြလာသည့် ကိစ္စ ဖြစ်သည်။

လျှောက်ထားသူအပေါ် မူလရုံးမှ အရေးယူခဲ့သည့် ပြစ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ ဖြစ်သည်။ ထိုပုဒ်မအရ ပြစ်မှု ကျူးလွန်သူကို အများဆုံး အလုပ်မဲ့ ထောင်ဒဏ် တလအထိသာ ချမှတ်နိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄(၁)(ဗ) အရ သမ္မာန်မှုတခု ဖြစ်သည်။ သမ္မာန်မှုများကို မည်သို့မည်ပုံ စစ်ဆေးရမည်ဟု ရာဇဝတ်ကျင့်ထုံး အခန်း ၂၀ တွင် ပြဋ္ဌာန်းထားသည်။ ထိုအခန်းရှိ ပုဒ်မ ၂၄၂ တွင် တရားခံ ရုံးရှေ့ရောက်လျှင် ၎င်းအား စွပ်စွဲထားသည့် ပြစ်မှု၏ ကြောင်းခြင်းရာ အသေးစိတ်ကို

ရှင်းလင်းပြပြီး မည်သည့်အတွက်ကြောင့် ထိုပြစ်မှုအရ အပြစ်မပေးထိုက်ကြောင်း ထုချေစေရမည်ဟု ဖေါ်ပြထားသည်။

**၁၉၆၉**
မောင်အေးသိန်း (ခ) မောင်ပိုက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်အေး ရင်)။

ယခုအမှုတွင် မူလရုံး တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၂ အရ၊ ပြစ်မှု၏ အကြောင်းခြင်းရာ အသေးစိတ်ကို လျှောက်ထားသူ ရုံးရှေ့သို့ ရောက်သည့်နေ့၌ ရှင်းလင်း ပြောပြခြင်း မပြုပဲ၊ တရားလိုပြ သက်သေများကို စစ်ဆေးခဲ့ပေသည်။ တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူအား စွဲချက်ကို နှုတ်ဖြင့်ပြောပြကာ လျှောက်ထားသူနှင့် ၎င်း၏ သက်သေများကို စစ်ဆေးပြီး၊ အမိန့်ချမှတ်ခဲ့သည်။ တနည်းဆိုရသော် လျှောက်ထားသူအပေါ် စွပ်စွဲထားသည့် ပြစ်မှုမှာ သမ္မာန်မှု တခုသာ ဖြစ်သော်လည်း စွဲချက်ကို ရေးသားခြင်း မပြုခဲ့သည်မှအပ၊ ဝါရန်းမှုများအား စစ်ဆေးသည့် ကျင့်ထုံးအတိုင်း လိုက်နာစစ်ဆေးခဲ့ ပေသည်။ သမ္မာန်မှု ကို ဝါရန်းမှုကဲ့သို့ စစ်ဆေးခဲ့ခြင်းသည် လျှောက်ထားသူအပေါ် တစုံတရာ နစ်နာမှု မရှိနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇ (က) အရ ကုစား၍ ရနိုင်သည့် ချို့ယွင်းချက်တခု ဖြစ်သည့်အလျောက်၊ မူလရုံး၏ အမှုတခုလုံးသည် ပျက်ပြယ်ခြင်း မရှိပေ။

ပဲခူးမြို့၊ တွဲဘက် ခရိုင် ရာဇဝတ် တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၂ အရ ပြစ်မှု၏ ကြောင်းခြင်းရာ အသေးစိတ်ကို ရှင်းလင်း ပြောပြခဲ့ခြင်း မရှိ၍၊ မူလရုံး၏ အမှုတွဲတခုလုံးသည် ပျက်ပြယ်နေသည်ဟုဆိုကာ **ဦးကျော်လှညို နှင့် ပြည်ထောင်စု** (၁) တို့အမှုအား ကိုးကား တင်ပြခဲ့ပေသည်။ ထိုအမှုတွင် တရားခံအား မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၁၁၅ အရ၊ တရားစွဲဆိုရာ မူလရုံးတရားသူကြီးသည် တရားခံအား ပြစ်မှု၏ ကြောင်းခြင်းရာကိုလည်း ရှင်းလင်း ဖေါ်ပြခြင်း မပြုသည်သာမက၊ တရားခံအား မည်သည့်အတွက်ကြောင့် အပြစ်မပေးထိုက်ကြောင်း မထုချေစေပဲ၊ ပြစ်ဒဏ် ထင်ရှား စီရင်ခဲ့သဖြင့် မူလရုံး၏ အမှုတွဲသည် တရားမဝင် ပျက်ပြယ်နေသည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။ ယင်းသို့ ဆုံးဖြတ်ခြင်းသည် ထိုအမှုတွင် ပေါ်ပေါက်နေသည့် ကြောင်းခြင်းရာအရ မှန်ကန်မည် ဖြစ်သော်လည်း၊ ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၄၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာခြင်း မပြုသည့် အကြောင်း ကြောင့် အမှုတခုလုံး ပျက်ပြယ်သည်ဆိုသော တရားသေယူဆချက်ကိုမူ ကျွန်ုပ်တို့ အနေဖြင့် လက်မခံနိုင်ပေ။

ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရသဘော သက်ရောက်သော ဥပဒေ ပြဋ္ဌာန်းချက်ကို လိုက်နာခြင်းမပြုသည့် အကြောင်းကြောင့် အမှုတွဲ တခုလုံးသည် ပျက်ပြယ်သည်ဟု ယူဆရန်မဟုတ်၊ တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲထားသည့် စွပ်စွဲချက်ကို နားလည် သဘောပေါက်ပြီး ထုချေခွင့်ရရှိခဲ့လျှင် ကျင့်ထုံးအတိုင်း လိုက်နာခြင်း

(၁) ၁၉၆၁ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး ၇၀ (တရားလွှတ်တော်)။

၁၉၆၉

———

မောင်အေးသိန်း (ခ) မောင်ပိုက် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်အေးရင်)။

မရှိခဲ့စေကာမူ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇ အရ ကုစားရှိ ရနိုင်ပေသည်။ အဓိက စဉ်းစားရမည့် အချက်မှာ ကျင့်ထုံးအတိုင်း လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းသည် တရားမျှတမှု ဆိတ်သုဉ်းခဲ့ခြင်း ရှိ-မရှိ ဆိုခြင်းပင် ဖြစ်သည်။ တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲချက်ကို မသိရှိ နားမလည်ပဲ ထုချေခွင့် မရခဲ့လျှင် တရားမျှတမှု ဆိတ်သုဉ်းခဲ့သည်ဟု ဆိုရမည် ဖြစ်၍ အမှုမှာလည်း ပျက်ပြယ်သည်ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။ စွပ်စွဲချက်ကို သိရှိနားလည်ပြီး ခုခံချေပခွင့်ရခဲ့လျှင် တရားမျှတမှု ဆိတ်သုဉ်းခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်သဖြင့် မူလရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်နိုင်။

**ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဂိုဗစ်ဒါဆွာမိ** (၂) တို့အမှုတွင် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၂၄၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့စေကာမူ တရားခံအနေဖြင့် ၎င်းအပေါ် စွပ်စွဲချက်ကို နားလည်သဘောပေါက်ပြီး ထုချေခွင့်ရပါမူ ပုဒ်မ ၅၃၇ အရ ကုစားနိုင်သည့် အလျှော့ မူလရုံး၏ အမှုသည် ပျက်ပြယ်ခြင်း မရှိဟု ဆုံးဖြတ်ထားပေသည်။ ထို့အပြင် **အဗ္ဗဒူရာမန် နှင့် အစိုးရ** (၃)၊ **အစိုးရနှင့်ဘိုးမင်း**(၄)၊ **မောင်ဦးခိုင် နှင့် အစိုးရ** (၅)၊ **မရှာဘီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** (၆) တို့ အမှုများ၌လည်း ကျင့်ထုံးနှင့် စပ်လျဉ်းသည့် မပြုမနေရ သဘော သက်ရောက်သော ဥပဒေ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း မရှိလင့် ကစား၊ တရားမျှတမှု ဆိတ်သုဉ်းကြောင်း မပေါ်ပေါက်က မူလရုံး၏ အမှုသည် ပျက်ပြယ်ခြင်း မရှိကြောင်း စီရင်ထုံး ဖွဲ့ထားပြီးဖြစ်ပေသည်။

ယခုအမှုတွင် လျှောက်ထားသူအား ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၂၄၂ အရ၊ ပြစ်မှု၏ ကြောင်းခြင်းရာ အသေးစိတ်ကို ရှင်းလင်း ပြောပြခြင်း မပြုခဲ့သော်လည်း၊ လျှောက်ထားသူသည် ၎င်းအပေါ် မည်သို့ စွပ်စွဲချက် ရှိသည်ဆိုခြင်းကို သိရှိနားလည် သဘောပေါက်သည့် အပြင် ထိုစွပ်စွဲချက်နှင့် စပ်လျဉ်း၍ ခုခံချေပခွင့်လည်း ရရှိခဲ့ကြောင်း ပေါ်ပေါက်နေသောကြောင့် တရားမျှတမှု ဆိတ်သုဉ်းခဲ့သည်ဟု မဆိုနိုင်၍ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၃၇ အရ ကုစား၍ ရနိုင်ကြောင်း ထင်ရှားနေသည်။

မူလရုံး၏ အမှုတွဲရှိ သက်သေများ၏ ထွက်ချက်အရ၊ လျှောက်ထားသူသည် မူလရုံး တရားလိုဖြစ်သူ ဒေါ်အေးရင်အား၊ အမေ့ဆိုင် ဒိမ်ပေါ်သို့ မတက်နိုင်အောင်

---

(၂) ၁၉၄၉ ခု၊ မြန်မာပြည် စီရင်ထုံး ၆၆၂ (တရားလွှတ်တော်)။

(၃) အတွဲ ၅၊ ရန်ကုန် ၅၃ (ပရီဗွီကောင်စီ)။

(၄) အတွဲ ၁၀၊ ရန်ကုန် ၅၁၁ (စုံညီခုံ)။

(၅) အတွဲ ၁၃၊ ရန်ကုန် ၁။

(၆) ၁၉၅၀ ခု၊ မြန်မာပြည် စီရင်ထုံး ၃၇၄ (တရားလွှတ်တော်)။

လျှော့ခါးရှိတံခါးကို သော့ပိတ်ခဲ့ကြောင်း ပေါ်လွင်နေသဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၃၉ တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် အတိုင်း မတရား တားဆီးကန့်ကွက်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားနေသည့် အလျောက် ၎င်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄၁ အရ ပြစ်ဒဏ် ထင်ရှား စီရင်ခဲ့သည့် မူလရုံး၏ အမိန့်ကို ကျွန်ုပ်တို့ အနေဖြင့် ဝင်ရောက်ဖက်စွက်ရန် အကြောင်း တစုံတရာမျှ မရှိဟု ထင်မြင်ယူဆသည်။

ထို့ပါ၍၊ ပဲခူးမြို့၊ တွံဘက်ခရိုင်ရာဇဝတ် တရားသူကြီး၏ ထောက်ခံချက်ကို လက်မခံဘဲ၊ အထက်ပါ မှတ်ချက်များနှင့်တကွ၊ အမှုတွဲကို ပြန်လည်ပေးပို့လိုက်သည်။

၁၉၆၉

မောင်အေးသိန်း (ခ) မောင်ပိုက်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (ဒေါ်အေးရင်)။

## နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉ အောက်တိုဘာလ ၃၁ ရက်။

## ဦးစံတင့် (အယူခံတရားလို)

နှင့်

## ဘာနာဝီလား၊ လာဝာရီဟား (အယူခံတရားခံ)*

**ဇာရီမှု—၁၉၄၅ ခုနှစ်၊ ငွေတိုးချေးသူများ အက်ဥပဒေ—ရင်းအက်ဥပဒေပုဒ်မ ၉ အရ၊ ငွေတိုးချေးသည့် တရားနိုင်အား၊ ဇာရီမှုကိုလျှောက်ထားခြင်းမပြုရဟု တားမြစ်ထားခြင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။၁၉၄၅ ခုနှစ်၊ ငွေတိုးချေးသူများ အက်ဥပဒေပုဒ်မ ၉ အရ၊ ငွေတိုးချေးသူတဦးသည် ရင်းရရှိခဲ့သည့် ဒီကရီတရပ်ရပ်နှင့် ပတ်သက်၍ မှတ်ပုံတင်လက်မှတ် မရှိလျှင် ထိုဒီကရီအား အကျိုးသက်ရောက်အောင် ဇာရီရုံးမှ သက်သာခွင့် တောင်းဆိုခြင်းမပြုနိုင်ပေ။ ထိုပုဒ်မက ငွေတိုးချေးသည့် တရားနိုင်သည် ဇာရီမှုကို လျှောက်ထားခြင်းမပြုရဟု တားမြစ်ထားခြင်းမရှိ။ သို့ဖြစ်ရာ ဇာရီရုံးအနေဖြင့် မှတ်ပုံတင်လက်မှတ်မရှိစေကာမူ ဇာရီလျှောက်လွှာကို လက်ခံနိုင်သည်ဆိုခြင်းမှာ မငြင်းနိုင်ပေ။ ယင်းသို့လက်ခံပြီးဖြစ်လျှင် ဇာရီရုံးသည် တရားရုံး၏ ကန့်ကွက်ချက်အရသော်၎င်း၊ တရားနိုင်၏ တောင်းဆိုချက်အရ သော်၎င်း ဇာရီမှုကို ပိတ်ထားနိုင်ခွင့်ရှိမည်မှာ သဘာဝပင်ဖြစ်ပေသည်။

**အယူခံတရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ မစ္စတာ ဖစ်ရှား။

**အယူခံတရားခံအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးသန်းအောင်။

**တရားသူကြီး ဦးသက်ဖေ။** ။အယူခံတရားပြိုင်သည်၊ ရန်ကုန်မြို့၊ တရားမရုံး၏ တရားမကြီးမှု အမှတ် ၁၆၇/၆၃ တွင် အယူခံတရားလိုအပေါ် အပေါင် ဒီကရီတရပ်ရရှိခဲ့သည်။ ထိုအပေါင် ဒီကရီကို အကျိုးသက်ရောက်အောင် ၁၉၆၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၄၆ တွင် ဇာရီမှုပြုလုပ်ခဲ့ရာ၊ အယူခံတရားပြိုင်အနေဖြင့် ငွေတိုးချေးသူများ အက်ဥပဒေအရ မှတ်ပုံတင်ခဲ့သည့် လက်မှတ် တင်ပြနိုင်ခြင်း မရှိသည့်

* ၁၉၆၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၂။

† ၁၉၆၈ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၂ တွင် ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့စွဲပါ ရန်ကုန်မြို့တရားမရုံး တရားသူကြီးချုပ်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၉

ဦးစံတင် နှင့် ဘာနာဗီလား၊ လာဇာရိယား။

အကြောင်းကြောင့်၊ ၎င်း၏ ဇာရီ လျှောက်လွှာမှာ ပလပ်ခြင်းခံရသည်။ ယခုတဖန် အယူခံတရားပြိုင်က အယူခံတရားလိုအပေါ် ထိုအပေါင် ဒီကရီနှင့် စပ်လျဉ်း၍ ၁၉၆၈ ခုနှစ်၊ တရားမ ဇာရီမှုအမှတ် ၁၇၂ တွင် ဇာရီ လျှောက်လွှာ တင်သွင်းခဲ့ရာ အယူခံတရားလိုက လျှောက်ထားသူသည် ငွေတိုးချေးသူများ အက်ဥပဒေ ပုဒ်မ ၉ အရ၊ လိုအပ်သည့် မှတ်ပုံတင်လက်မှတ် တင်ပြခြင်း မပြုနိုင်သဖြင့် ဇာရီမှုကို မပြုလုပ်နိုင်ကြောင်း။ ထို့ကြောင့် အယူခံတရားပြိုင်၏ ဇာရီ လျှောက်လွှာကို အပြီးအပိုင် ပယ်ဖျက်ပေးသင့်ကြောင်း ကန့်ကွက်ခဲ့သည်။ ထိုအခါ အယူခံတရားပြိုင်၏ ရှေ့နေက ဇာရီမှုကို ရုပ်သိမ်းခွင့်ပြုရန် တင်ပြသောကြောင့် မူလရုံးမှ အယူခံတရားပြိုင်၏ ဇာရီမှုကို ဆက်လက်မဆောင်ရွက်တော့ပဲ ပိတ်ထားလိုက်သည်။ ယင်းသို့ ဇာရီမှုကို ပိတ်လိုက်သည့် အမိန့်ကို အယူခံတရားလိုက မကျေနပ်၍ ဤအယူခံမှု တင်သွင်းလာခြင်း ဖြစ်ပေသည်။

၂ အယူခံတရားလို၏ တရားရုံးချုပ် ရှေ့နေ မစ္စတာ ဖစ်ရှားက အယူခံတရားပြိုင်၏ ဇာရီလျှောက်လွှာကို မူလရုံးမှ ပယ်ဖျက်ခြင်းမပြုပဲ ဇာရီမှုကို ပိတ်ခဲ့သည့်အတွက်ကြောင့် အယူခံတရားပြိုင်သည် ၎င်းရရှိခဲ့သော ဒီကရီ အတွက် နောက်ထပ် ကာလစည်းကမ်းသတ် ၃ နှစ် အသက်ဆက်မိသည့် အခွင့်အရေး ရရှိသွားကြောင်း။ အယူခံတရားပြိုင်အနေဖြင့် ငွေတိုးချေးသူများအက်ဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်လက်မှတ်မရှိ၍ ဇာရီမှု လျှောက်ထားခြင်းပင် မပြုနိုင်ကြောင်း။ သို့ဖြစ်ရာ မူလရုံးမှ အယူခံတရားပြိုင်လျှောက်ထားသည့် ဇာရီလျှောက်လွှာအပေါ်တွင် အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းနေကြောင်းတင်ပြသွားသည်။ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးသူများ အက်ဥပဒေ ပုဒ်မ ၉ အရ၊ ငွေတိုးချေးသူတဦးသည် ၎င်းရရှိခဲ့သည့် ဒီကရီ တရပ်ရပ်နှင့် ပတ်သက်၍ မှတ်ပုံတင်လက်မှတ် မရှိလျှင် ထိုဒီကရီအား အကျိုးသက်ရောက်အောင် ဇာရီရုံးမှ သက်သာခွင့် တောင်းဆိုခြင်း မပြုနိုင်ပေ။ ထိုပုဒ်မက ငွေတိုးချေးသည့် တရားနိုင်သည် ဇာရီမှုကို လျှောက်ထားခြင်း မပြုရဟု တားမြစ်ထားခြင်း မရှိ။ သို့ဖြစ်ရာ ဇာရီရုံးအနေဖြင့် မှတ်ပုံတင် လက်မှတ် မရှိစေကာမူ၊ ဇာရီလျှောက်လွှာကို လက်ခံနိုင်သည် ဆိုခြင်းမှာ မငြင်းနိုင်ပေ။ ယင်းသို့ လက်ခံပြီးဖြစ်လျှင် ဇာရီရုံးသည် တရားရှုံး၏ ကန့်ကွက်ချက်အရသော်၎င်း၊ တရားနိုင်၏ တောင်းဆိုချက် အရသော်၎င်း ဇာရီမှုကို ပိတ်ထားပိုင်ခွင့် ရှိမည်မှာ သဘာဝပင် ဖြစ်ပေသည်။ ယခုအမှုတွင် တရားနိုင်၏ တောင်းဆိုချက်အရ ဒီကရီအား အကျိုးသက်ရောက်အောင် တစုံတရာ ဆောင်ရွက်ခြင်း မပြုပဲ ဇာရီမှုကို ပိတ်ခဲ့သည့် မူလရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်သည့် အလျောက်၊ ဤအယူခံမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၁၇ ကျပ် သတ်မှတ်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးထွန်းတင်နှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့တွင်

† ၁၉၆၉

နိုဝင်ဘာလ ၁၅ ရက်။

## ဦးကိုးရင် (အယူခံတရားလို)

နှင့်

## ဒေါ်စန်းနွဲ့ (အယူခံတရားခံ)*

**အလုပ်သမားလျော်ကြေး အက်ဥပဒေ— ၎င်းအက်ဥပဒေပုဒ်မ ၂ (၁) (ဍ) အရ၊ သေဆုံးသူသည် အလုပ်သမားတဦးဖြစ်ကြောင်း ထင်ရှားခြင်း—အလုပ်ခွင်၌ အလုပ်ဆောင်ရွက်နေစဉ် ဓါးထိုးခံရ၍ အလုပ်သမားသေဆုံးခြင်း— လျော်ကြေးရသင့် မရသင့်။**

**ဆုံးဖြတ်ချက်။** ။သေဆုံးသူသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၂ (၁) (ဍ) တွင်ပြဆိုထားသည့်အလုပ်သမားတဦးဖြစ်ကြောင်းထင်ရှားသည်။ အချင်းဖြစ်သည့်နေ့က သေသူသည် ဓါးနှင့် ထိုးသူ၏ ဝမ်းစာစပါးများကို ကြိတ်ပေးနေစဉ် ဓါးနှင့်ထိုးသူက ဆန်ထွက်လျော့သည်ဆိုပြီး စိတ်ဆိုး၍ သေသူအား ကြောကို ဓါးနှင့် ထိုးလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်ရကား သေဆုံးသူဓါးထိုးခံရသည်မှာ အလုပ်ခွင်၌ အလုပ်ရှက်ဆောင်နေစဉ် ဒဏ်ရာရရှိ သေဆုံးခဲ့ခြင်းဖြစ်သောကြောင့်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၃ (၁) နှင့် ညီညွတ်သဖြင့် အလုပ်ရှင်ဖြစ်သူ အယူခံတရားလိုသည် သေဆုံးသူ အလုပ်သမားအတွက် လျော်ကြေးကို ပေးရန်တာဝန်ရှိပေသည်။

**အယူခံ တရားလိုအတွက်။** ။တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်သန်း။

**အယူခံ တရားခံအတွက်။** ။မည်သူမျှမလာ။

ရုံးသဟာယအတွက် မစ္စတာ အက်(စ်)၊အော့ဂို (ရ်)။

**တရားသူကြီး ဦးထွန်းတင်။** ။သခုအမှုမှာ၊ ပဲခူးမြို့၊ အလုပ်သမား လျော်ကြေး မင်းကြီးရုံး၊ လျော်ကြေးမှုအမှတ် ၂၂/၆၇ တွင်၊ ညောင်လေးပင်မြို့၊ ဆန်စက်အမှတ် ၂၈ မှ မေတန်တေ ဦးမြဘ်ကျော် အလုပ်ခွင်တွင် ဓါးထိုးခံရပြီး သေဆုံးသွားသည့်

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၅၉။

† ၁၉၆၇ ခုနှစ်၊ တရားမလျော်ကြေးမှုအမှတ် ၂၂ တွင် ၁၉၆၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ အလုပ်သမားလျော်ကြေးမင်းကြီးရုံးတော်၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၉

ဦးကိုးရင်
နှင့်
ဒေါ်စန်းနွဲ့။

အဘွက်၊ ဇနီးဖြစ်သူ အယူခံ တရားခံ ဒေါ်စန်းနွဲ့က လျော်ကြေးရရှိရန် လျှောက်ထားသည်တွင်၊ လျော်ကြေးမင်းကြီးက အလုပ်ရှင်ဖြစ်သူ၊ အယူခံ တရားလို ဦးကိုးရင်က ၃,၉၆၀ ကျပ် လျော်ကြေးငွေအဖြစ်ပေးစေရန် ချမှတ်သည့် အမိန့်ကို မကျေနပ်၍၊ အလုပ်သမား လျော်ကြေး အက်ဥပဒေပုဒ်မ ၃၀ အရ တင်သွင်းခဲ့သည့် အယူခံလွှာဖြစ်သည်။

အမှုအကြောင်းအရာမှာ၊ အယူခံတရားလို ဦးကိုးရင်သည် ညောင်လေးပင်မြို့၊ ဆန်စက်အမှတ် ၂၀ ၏ ပိုင်ရှင်ဖြစ်သည်။ အယူခံ တရားခံ ဒေါ်စန်းနွဲ့၏ ယောကျ်ား ဦးမြတ်ကျော်မှာ ထိုဆန်စက်တွင် မေတန်တေ အဖြစ် တလလျှင်လခ ၁၁၀ ကျပ် နှင့် အလုပ်လုပ်ကိုင်ခဲ့သည်ဆိုသည်။ဦးကိုးရင်က ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စက်ရုံပိတ်လိုက်ပြီးနောက် အလုပ်သမားများ၏ အလုပ်ခကို ရှင်းပေးခဲ့သည်ဆိုသည်။ ထိုနောက် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သေဆုံးသူ ဦးမြတ်ကျော်အပါအဝင် အလုပ်သမား အချို့တို့က မိသားစုအနေဖြင့်၊ ဝမ်းစာစပါး ကြိတ်ရန်တောင်းဆိုသဖြင့် သဘောတူညီခဲ့ကြောင်း။ ထိုသို့ဝမ်းစာစပါး ကြိတ်သည့်အတွက် ငွေ ၇၀ ကျပ် ရရှိပါက အလုပ်ရှင်က ၄၀ ကျပ်ယူပြီး၊ အလုပ်သမားများက ၃၀ ကျပ်ခွဲ၍ ယူရန် ဖြစ်သည် ဆိုသည်။

၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ညနေ ၄ နာရီ အချိန်ခန့် မေတန်တေဦးမြတ်ကျော်သည် စက်အတွင်း၌ စပါးကြိတ်သည့် အလုပ်ကို လုပ်ကိုင်နေစဉ် ကိုထွန်းရီဆိုသူ ရောက်လာပြီး စကားများရန်ဖြစ်၍၊ ကျောကိုဓါးနှင့်ထိုးလိုက်ရာ ထိုဒဏ်ရာဖြင့် ဦးမြတ်ကျော်မှာ ဆေးရုံရောက်ပြီးနောက် သေဆုံးသွားလေသည်။ ထို့အတွက် ဦးမြတ်ကျော်၏ဇနီးဖြစ်သူ ဒေါ်စန်းနွဲ့က စက်ပိုင်ရှင် ဦးကိုးရင်ထံမှ လျော်ကြေးရရှိရန် လျှောက်ထားတောင်းဆိုခဲ့ခြင်းဖြစ်သည်။

အထက်ပါ အယူခံ တရားခံ၏ လျော်ကြေးလျှောက်လွှာကို၊ ပဲခူးမြို့၊ အလုပ်သမား လျော်ကြေးမင်းကြီးက နှစ်ဦးနှစ်ဘက် သက်သေများကို စစ်ဆေးကြားနာခဲ့ပြီးသေဆုံးသူ ဦးမြတ်ကျော်သည် အလုပ်သမား လျော်ကြေး အက်ဥပဒေပုဒ်မ၂(၁) အရ၊ အယူခံ တရားလို ဦးကိုးရင်၏ အလုပ်သမားတဦးဖြစ်သည်ဟုရင်း၊ အဆိုပါ ဦးမြတ်ကျော် ထိခိုက် ဒဏ်ရာရရှိခြင်းမှာ အလုပ်သမား လျော်ကြေး အက်ဥပဒေပုဒ်မ ၃ အရ အလုပ်နှင့် ပတ်သက်၍ အလုပ်ခွင် အတွင်း ရွက်ဆောင်နေစဉ် ထိခိုက်ဒဏ်ရာ ရရှိခြင်းဖြစ်သည်ဟု ယူဆဆုံးဖြတ်ပြီး၊ အလုပ်ရှင်ဖြစ်သူ အယူခံတရားလိုက ကျသင့်သော လျော်ကြေးငွေ ၃,၉၆၀ ကျပ်ကို ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၁၉၆၉

ဦးကိုးရင် နှင့် ဒေါ်စန်းနွဲ့။

ယခုအယူခံရာဝယ်၊ အယူခံတရားလိုက သေဆုံးသူ ဦးမြတ်ကျော်မှာ အချင်းဖြစ်စဉ်က ၎င်း၏ အလုပ်သမား တဦးဖြစ်ပြီး၊ ထိခိုက်ဒဏ်ရာ ရရှိခြင်းမှာလည်း၊ အလုပ်ခွင်၌အလုပ်လုပ်နေရာတွင် မတော်တဆ ဒဏ်ရာရရှိခြင်းဖြစ်သည်ဟုအလုပ်သမားလျော်ကြေးမင်းကြီးက ဆုံးဖြတ်ခဲ့ခြင်းမှာ သက်သေခံချက်များအရ မှားစွာကွဲလွဲနေသဖြင့် အလုပ်သမားလျော်ကြေးမင်းကြီး၏ ၁၉၆၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့စွဲပါ အမိန့်ကိုပယ်ဖျက်သင့်ကြောင်း တင်ပြလေသည်။ အထက်ပါ တင်ပြချက်နှင့် ပတ်သက်၍၊ အယူခံတရားလို၏ ရှေ့နေကြီးက အချင်းဖြစ်သည့်အခါက၊ ဆန်စက်ကို အလုပ်သမားများနှင့် ခေါ်ပုံကျ လုပ်ကိုင်နေခြင်းကြောင့်၊ သေဆုံးသူမှာ ထိုအခါက လျော်ကြေး အက်ဥပဒေ ပုဒ်မ ၂(၁) (ဎ) အရ၊ ၎င်း၏အလုပ်သမားတဦးဖြစ်သည်ဟု ယူဆရန်မရှိပါ။ ထို့ပြင်သေဆုံးသူသည် ပြင်ပလူ ဦးထွန်းရီ ဆိုသူနှင့် စကားများ ရန်ဖြစ်သည့်အတွက်၊ ဦးထွန်းရီက ဓါးနှင့် ထိုးလိုက်ခြင်းသာ ဖြစ်သောကြောင့် ထိုသို့ဒဏ်ရာရရှိစဉ် အလုပ်နှင့် ပတ်သက်၍ ရှက်ဆောင်နေစဉ် ထိခိုက်ဒဏ်ရာ ရရှိခြင်း ဖြစ်သည်ဟု လျော်ကြေး အက်ဥပဒေပုဒ်မ ၃(၁)အရ ယူဆနိုင်ရန် မရှိပါဟု ပေါ်ပြလေသည်။

အလုပ်သမားလျော်ကြေး မင်းကြီးရုံး၏ အမှုတွဲကို လေ့လာသည့်အခါ၊ ပူးတွဲတင်သွင်းထားသည့် အလုပ်သမားနှင့် အလုပ်ရှင် သဘောတူစာချုပ်အရ သေဆုံးသူ ဦးမြတ်ကျော်သည်အယူခံတရားလို၏ဆန်စက်၌ အချင်းမဖြစ်မီ ၄ နှစ်ခန့်ကပင်မေတန်တေအဖြစ်၊ တလလျှင် လခငွေ ၁၁၀ ကျပ်နှင့် ရှက်ဆောင်ခဲ့ကြောင်းတွေ့ရှိရသည်။ ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌စက်ပိုင်ရှင်အယူခံတရားလိုက စက်ကို ပိတ်လိုက်သည်ဆိုသော်လည်း သဘောတူ စာချုပ်အရ၊ ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ စက်ကို ဝမ်းစာစပါးကြိတ်ရန် ပြန်လည်ဖွင့်လှစ်ပြီး ရရှိသည့် စက်ခမှ အချိုးကျရယူခဲ့လေသည်။ ထိုသို့ ဝမ်းစာစပါး ကြိတ်ရာ၌ သေဆုံးသူ ဦးမြတ်ကျော်သည် စက်၏ မေတန်တေအဖြစ်ပင် ရှက်ဆောင်ခဲ့ကြောင်းမှာ အငြင်းမပွါးပေ။ သို့အတွက် သေဆုံးသူ ဦးမြတ်ကျော်သည် အလုပ်သမား လျော်ကြေး အက်ဥပဒေ ၂(၁) (ဎ)တွင်ပြဆိုထားသည့် အလုပ်သမားတဦးဖြစ်ကြောင်းမှာ ထင်ရှားနေသည်ကို အယူခံတရားလို၏ ရှေ့နေကြီးကလည်း မငြင်းဆိုနိုင်၍ ယင်းအချက်နှင့်ပတ်သက်၍ လျော်ကြေးမင်းကြီး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းချွတ်ချော်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ မတွေ့ရှိရပေ။

ဦးမြတ်ကျော် ဒဏ်ရာရရှိ သေဆုံးသည်နှင့် ပတ်သက်၍၊ သက်သေခံချက်များကို ကြည့်ရှုမှု အချင်းဖြစ်သည့်နေ့က ဦးမြတ်ကျော်သည် ဓါးနှင့်ထိုးသူ ဦးထွန်းရီ၏ ဝမ်းစာစပါးများကို ကြိတ်ပေးနေစဉ်၊ ဦးထွန်းရီက ဆန်ထွက် လျော့သည်ဆိုပြီး၊ စိတ်ဆိုး၍ ဦးမြတ်ကျော်အား ကျောကိုဓါးနှင့် ထိုးလိုက်ခြင်းဖြစ်ကြောင်းတွေ့ရှိရသည်၊ သို့ဖြစ်ရကား သေဆုံးသူ ဓါးထိုးခံရသည်မှာ အလုပ်ခွင်၌ အလုပ်ရှက်ဆောင်နေစဉ်

ဒက်ရာရရှိသေဆုံးခဲ့ခြင်း ဖြစ်သောကြောင့်၊ အလုပ်သမား လျော်ကြေး အက်ဥပဒေ ပုဒ်မ ၃(၁)နှင့် ညီညွတ်သဖြင့် အလုပ်ရှင်ဖြစ်သူ အယူခံ တရားလိုသည် သေဆုံးသူ အလုပ်သမားအတွက် လျော်ကြေးကို ပေးရန်တာဝန်ရှိပေသည်။ ထို့အတွက် အလုပ်သမားလျော်ကြေး မင်းကြီး၏ ဆုံးဖြတ်ချက်မှာ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၃၀ ခြွင်းချက်အရ အရေးကြီးသည့် ဥပဒေ ပြဿနာရပ် အကျုံးဝင်ကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိသည့်အပြင် ယင်းဆုံးဖြတ်ချက်မှာလည်း၊ လျော်ကြေး အက်ဥပဒေ ပြဋ္ဌာန်းချက်များအရ လွဲမှားချွတ်ချော် ခြင်းဖြစ်နေကြောင်း မည်သို့မျှ မတွေ့ရှိရသဖြင့် ယခုအယူခံလွှာကို ခွင့်ပြုနိုင်ရန် မရှိသောကြောင့် ပလပ်လိုက်သည်။

၁၉၆၉

ဦးကိုးရင် နှင့် ဒေါ်စန်းနွဲ့။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကိုမိမိတို့ ကျခံရမည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေလျှောက်ထားမှု

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်နှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့တွင်

## ဦးဒုန်းဘေ (ခေါ်) ဦးရွှေဒုန်း (လျှောက်ထားသူ) ကိစ္စ*

၁၉၆၉

ဒီဇင်ဘာလ ၉ ရက်။

**ရှေ့နေများစာရင်းမှ ထုတ်ပယ်ထားသည်ကို ရှေ့နေများစာရင်းထဲသို့ ပြန်လည်ထည့်သွင်းရန်လျှောက်ထားခြင်း—ရှေ့နေလုပ်ငန်းသည်မှန်မြတ်သောပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်ခြင်း—ကျင့်ဝတ်သိက္ခာနှင့် အညီအညွတ်တာဝန် ကျေပွန်စွာဆောင်ရွက်ကြသော ရှေ့နေကြီးများသည်၊ နိုင်ငံတွင် အများစုဖြစ်ကြသည်ဟု တွေ့မြင်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရှေ့နေလုပ်ငန်းသည်၊ မွန်မြတ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်ကြောင်း၊ တရားလွှတ်တော်ခုံရုံးက လျှောက်ထားသူ၏ ၁၉၅၂ ခုနှစ်၊ လျှောက်လွှာပေါ်တွင်မှတ်ချက်ပြုခဲ့သည်ကို လေးနက်စွာ ထောက်ခံလိုပေသည်။ တရားဥပဒေအရာတွင် မကျွမ်းကျင်ကြသော ပြည်သူတို့ကိုယ်စား ဆောင်ရွက်ကြရသောကြောင့် ရှေ့နေကြီးများသည်ပြည်သူ့အကျိုးဆောင်များဖြစ်ကြပေသည်။ မှန်ကန်မျှတခြင်းကို ဖြစ်ထွန်းစေအောင် တရားရုံးများနှင့် အဘူတဲ့၍ အမှားကို ဖယ်ရှောင် အမှန်ကို ဖေါ်ထုတ်ကြရသောကြောင့် ရှေ့နေကြီးများသည် အမှန်တရား၏ အကျိုးဆောင်၊တရားရုံးများ၏ အရာရှိများလည်း ဖြစ်ကြသည်။ ဤကဲ့သို့ တာဝန်ရှိကြသော ပုဂ္ဂိုလ်တို့သည်အမှန်တရားအပေါ် မပြတ်သစ္စာထား၍ ပြည်သူ့အကျိုးပြုတရားစီရင်ရေးကို ဖြစ်ထွန်းစေသောကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းဆောင်ရွက်ကြရန်လိုပေသည်။

ကျင့်ဝတ်သိက္ခာနှင့် အညီအညွတ်၊ တာဝန် ကျေပွန်စွာ ဆောင်ရွက်ကြသော ရှေ့နေကြီးများသည်၊ နိုင်ငံတွင် အများစု ဖြစ်ကြသည်ဟု တွေ့မြင်ရပေသည်။ သို့ရာတွင် ကျင့်ဝတ်သိက္ခာမညီ တာဝန်မကျေကြသော ရှေ့နေများကိုလည်း ရံဖန်ရံခါတွေ့မြင်ကြရပေသေးသည်။ ကျင့်ဝတ်သိက္ခာဖေါက်ဖျက်၊ တာဝန်ပျက်ကွက် ချို့ယွင်းသော ရှေ့နေများကို အခြား ရှေ့နေကြီးများကအချင်းချင်း သတိပေးပြုပြင်သင့်ကြပေသည်။ ပြုပြင်၍မရ၊ ဆိုးဝါးသော ကျူးလွန်မှုတို့ပေါ် ပေါက်လျှင်မူကား၊ ထိရောက်ပြတ်သားစွာ အရေးယူရန်သာ ရှိပေလိမ့်မည်။ ယင်းသို့ ဝိုင်းဝန်းပြုပြင်ခြင်း၊အရေးယူခြင်း ပြုကြမှသာလျှင် ရှေ့နေကြီးများသည် ပြည်သူ့အကျိုးပြုတရားစီရင်ရေး၏ အကျိုးဆောင်၊ ကြက်သရေဆောင်များဖြစ်ကြပေလိမ့်မည်။

---

* ၁၉၆၈ ခုနှစ်၊တရားမအထွေထွေ လျှောက်ထားမှု အမှတ် ၃။ ပျဉ်းမနားမြို့၊ ဦးဒုန်းဘေ(ခေါ်) ဦးရွှေဒုန်းက ၎င်း၏ နာမည်ကို ရှေ့နေများစာရင်းမှ ထုတ်ပယ်ထားသည်ကို အဆိုပါရှေ့နေများ စာရင်းထဲသို့ ပြန်လည်ထည့်သွင်းပေးပါရန် လျှောက်ထားသော လျှောက်လွှာ။

လျှောက်ထားသူအတွက်။ ။ဦးမြင့်စိုးကိုယ်စား ဦးဘစိန်။

ရုံးသဟာယအတွက်။ ။အစိုးရတရားရုံးချုပ်ရှေ့နေဒေါ်မြသန်းနု။

ရှေ့နေများကောင်စီအတွက်။ ။ဦးချောင်ဖိုး။

၁၉၆၉

ဦးဒုန်းဘော (ခေါ်) ဦးရွှေဒုန်း ကိစ္စ။

တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။ ။ဦးဒုန်းဘော (ခေါ်) ဦးရွှေဒုန်းသည်၊ ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော နောက်ဆုံး အကြိမ်ဖြစ်သည့် တတိယတန်း ရှေ့နေစာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် ရှေ့နေလိုက်ပါဆောင်ရွက်ခဲ့သည်။

ရှေ့နေဖြစ်ခွင့် လျှောက်ထားရာတွင်၊ မိမိသည် တကြိမ်က ရာဇဝတ်ပြစ်ဒဏ်ခံခဲ့ရဖူးကြောင်းကို ဦးဒုန်းဘောက ဖေါ်ပြခြင်းမပြုခဲ့ချေ။ ယင်းသို့ပျက်ကွက်ခဲ့ခြင်းကို တရားလွှတ်တော်က တိုင်ကြားစာမှ သိရသောအခါ၊ ဦးဒုန်းဘော၏ ရှေ့နေလိုက်ပါ ဆောင်ရွက်ခွင့်ကို ရုပ်သိမ်းခဲ့လေသည်။ ၁၉၂၈ ခုနှစ်တွင်၊ လိုင်စင်ရုပ်သိမ်းခြင်းဖြစ်၍၊ ဦးဒုန်းဘောသည် တနှစ်ခန့်မျှသာ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခဲ့ရသည်။

ဦးဒုန်းဘော ရာဇဝတ်ဒဏ် သင့်ခဲ့သည်မှာ မိန်းမခိုးမှုဖြင့် ရာဇသတ်ပုဒ်မ ၃၆၆ အရ ဖြစ်၏။ ငွေဒဏ် ၆ဝိ ကျပ် ပေးဆောင်၍ ရုံးတက်ရုံးဆင်း ထောင်ဒဏ်ကျခဲ့ရသည်။ ဦးဒုန်းဘောက ပြစ်မှုကို မိမိမကျူးလွန်ခဲ့ရပါ၊ ပုံသဏ္ဌာန်တူသူတဦး ကျူးလွန်သည်ကို မိမိခံလိုက်ရခြင်း ဖြစ်ပါသည်ဟုဆိုသည်။ ထိုအချက်ကို ထောက်ခံသူ မိတ်ဆွေတဦး၏ ကျမ်းကျိန်လွှာကိုလည်း တင်သည်။ သို့ရာတွင် ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်း၊ ပြစ်ဒဏ်သတ်မှတ်ခြင်းတို့ကား တည်ခဲ့လေသည်။ မိမိသည် အပြစ်ရသူအများအနက်မှ တဦးသာဖြစ်ပြီးလျှင်၊ တရားလိုမ၏ အကျင့်စာရိတ္တကို ထောက်ရှု၍ ရုံးကပြစ်ဒဏ် ပေါ့ပေါ့ပေးခြင်း ဖြစ်ပါသည်ဟူ၍လည်း ဦးဒုန်းဘောကဆို၏။ ဤအဆိုကားယုတ္တိရှိ၏။

၁၉၅၂ ခုနှစ်တွင်၊ ဦးဒုန်းဘောသည် တရားလွှတ်တော်သို့ ၎င်းအား ရှေ့နေအဖြစ် ပြန်လည်လိုက်ပါခွင့် ပေးပါရန် အသနားခံ လျှောက်ထားသည်။ လျှောက်လွှာကို ခုံရုံး ဖွဲ့ကြားနာကာ တရားလွှတ်တော်က ပယ်ခဲ့၏။ (၈) ခုံရုံးက ရှေ့နေလုပ်ငန်းသည် မွန်မြတ်ပေသဖြင့်၊ အကျင့် စာရိတ္တ ကောင်းသူတို့သာလျှင် ရှေ့နေဖြစ်သင့်သည်၊ အမှန်ကို ထိမ်ဝှက်၊ ကျင့်ဝတ် သိက္ခာ ပျက်သူတို့သည် ရှေ့နေအဖြစ် ဆောင်ရွက်ရန်မသင့်ဟု မှတ်ချက်ပြုကာ ဦးဒုန်းဘော၏ လျှောက်လွှာကို ပယ်ခဲ့သည်။

ယခု ထပ်မံ၍ လျှောက်ထားရာတွင်၊ ဦးဒုန်းဘောက မိမိ၏အမှားအတွက် နောင်တလည်း ရခဲ့ပါပြီ။ မိမိဝါသနာထုံရာ တရားဥပဒေလုပ်ငန်းမှ နှစ်ပေါင်း ၄၀ ကျော်

(၁) တရားမသေးလျှောက်ထားမှု ၃၅/၁၉၅၂။

၁၉၆၉

ဦးဒုန်းဘော (ခေါ်) ဦးရွှေဒုန်း ကိစ္စ။

ကဒေးခဲ့ရခြင်းဖြင့် အပြစ်ခံခဲ့ရပါပြီ။ ထို့ကြောင့် မိမိအား တတိယတန်း ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့် ပြုသင့်ပါသည်၊ မိမိသည် ဥပဒေများကို မပြတ် လေ့လာခဲ့၍၊ ရှေ့နေလောကနှင့် မကင်းကွာခဲ့ပါဟု ဦးဒုန်းဘောကလျှောက်ထားသည်။ ပျဉ်းမနား နှင့် ရမည်းသင်းမြို့မှ ရှေ့နေကြီးများကလည်း ထောက်ခံရေးသားကြသည်။

လျှောက်လွှာကို ရုံးသို့ တင်ပြသော ရှေ့နေကြီးက ဦးဒုန်းဘောသည် အသက်အား ဖြင့် ၆၁ နှစ်ခန့်ရှိသော်လည်း ကျန်းမာပါသည်။ တရားဥပဒေများကို စိတ်ဝင်စား လေ့လာခဲ့သဖြင့် လုပ်ငန်းအရာ ကျွမ်းကျင်ပါသည်။ အထူးသတိသံဝေဂရပြီးသူဖြစ်၍ ရှေ့နေကြီးများကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မည့် ပုဂ္ဂိုလ်လည်းဖြစ်ပါသည်။ နိုင်ငံတော် အစိုးရသည် ၁၉၆၃ ခုနှစ်တွင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို ကျေညာကာ ပြစ်မှုကြီးများကိုပင် သင်ပုံး ချေစေခဲ့သည်ကိုလည်း ထောက်ထားကာ ဦးဒုန်းဘော အနှစ် ၄၀ ကျော်က ပေါ်ဆပျက်ကွက်ခဲ့သည့်အတွက် ဒဏ်သင့်နေခြင်းမှ ကင်းလွတ်ခွင့် ပြုသင့်ပါသည်ဟုတင်ပြသည်။

ရုံးသဟာယ အစိုးရရှေ့နေကြီး ဒေါ်မြသန်းနုက လျှောက်လွှာကို သက်ညှာစွာ စဉ်းစားသင့်ပါသည်ဟု ထောက်ခံတင်ပြသည်။ တရားရုံးချုပ် ရှေ့နေများ ကောင်စီ ကိုယ်စား လာသော ရုံးသဟာယ ဦးချောင်ဖိုးက ဂါ‌စွသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့်မသက်ဆိုင်ပါ၊ ရှေးဟောင်းအမှုဖြစ်ပါသည်၊ သို့ရာတွင် သက်ညှာစွာ စဉ်းစား သင့်ပါသည်၊ ပျက်ကွက်မှုအတွက် အနှစ် ၄၀ ကျော်ခံရပြီးဖြစ်၍ ဦးဒုန်းဘောအား ဘာသစ် ထူခွင့်ပေးသင့်ပါသည်ဟုတင်ပြသည်။

ရှေ့နေလုပ်ငန်းသည် မွန်မြတ်သော ပြည်သူ့ အကျိုးပြု လုပ်ငန်းဖြစ်ကြောင်း၊ တရားလွှတ်တော်ခုံရုံးက ဦးဒုန်းဘော၏ ၁၉၅၂ ခုနှစ်၊ လျှောက်လွှာပေါ်၌ မှတ်ချက် ပြုခဲ့သည်ကို ကျွန်ုပ်တို့က လေးနက်စွာထောက်ခံလိုပေသည်။ တရား ဥပဒေအရာတွင် မကျွမ်းကျင်ကြသော ပြည်သူတို့ကိုယ်စားဆောင်ရွက်ကြရသောကြောင့်ရှေ့နေကြီးများ သည် ပြည်သူ့ အကျိုးဆောင်များ ဖြစ်ကြပေသည်။ မှန်ကန်မျှတခြင်းကို ဖြစ်ထွန်း စေအောင် တရားရုံးများနှင့် အတူတွဲ၍ အမှားကို ဖယ်ရှောင် အမှန်ကို ဖေါ်ထုတ် ကြရသောကြောင့် ရှေ့နေကြီးများသည် အမှန်တရား၏ အကျိုးဆောင်၊ တရားရုံး များ၏ အရာရှိများလည်း ဖြစ်ကြသည်။ ဤကဲ့သို့ တာဝန်ရှိကြသော ပုဂ္ဂိုလ်တို့သည် အမှန်တရားအပေါ် မပြတ်သစ္စာထား၍ ပြည်သူ့ အကျိုးပြုတရားစီရင်ရေးကို ဖြစ် ထွန်းစေသော ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်း ဆောင်ရွက်ကြရန်လိုပေသည်။

ကျင့်ဝတ်သိက္ခာနှင့် အညီအညွတ်၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြသော ရှေ့နေကြီးများသည် နိုင်ငံတွင် အများစုဖြစ်ကြသည်ဟု တွေ့မြင်ရပေသည်။ သို့ရာတွင် ကျင့်ဝတ်သိက္ခာမညီ၊ တာဝန်မကျေကြသော ရှေ့နေများကိုလည်း ရံဖန်ရံခါ တွေ့မြင်

**၁၉၆၉**

**ဦးဒုန်းဘော (ခေါ်) ဦးရွှေဒုန်း ကိစ္စ။**

ကြရပေသေးသည်။ ကျင့်ဝတ်သိက္ခာ ဖေါက်ဖျက်၊ တာဝန်ပျက်ကွက် ချွတ်ယွင်းသော ရှေ့နေများကို အခြား ရှေ့နေကြီးများက အချင်းချင်း သတိပေးပြုပြင်သင့်ကြပေသည်။ ပြုပြင်၍မရ၊ ဆိုးဝါးသော ကျူးလွန်မှုတို့ ပေါ်ပေါက်လျှင်မူကား၊ ထိရောက်ပြတ်သားစွာ အရေးယူရန်သာ ရှိပေလိမ့်မည်။ ယင်းသို့ ဝိုင်းဝန်း ပြုပြင်ခြင်း၊ အရေးယူခြင်းပြုကြမှသာလျှင် ရှေ့နေကြီးများသည် ပြည်သူ့အကျိုးပြု တရားစီရင်ရေး၏အကျိုးဆောင်၊ ကြက်သရေဆောင်များ ဖြစ်ကြပေလိမ့်မည်။

ဤလျှောက်လွှာနှင့် ပတ်သက်၍ကား၊ ဦးဒုန်းဘောသည် ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ရာတွင်၊ ကျင့်ဝတ်မညီ တာဝန်မကျေ တွေ့ခဲ့ရသည်မဟုတ်။ ယခင်ငယ်ရွယ်စဉ်က မှားမိခဲ့သည်ကို ရှေ့နေအဖြစ် လျှောက်ထားရာ၌ ဖေါ်ပြရန်ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ အမှန်ကို အပြည့်အစုံ မဖေါ်ခြင်းသည်သည်း ကြီးလေးသော စည်းကမ်း ပျက်ကွက်မှု ဖြစ်၏။ ယင်းသို့ဖြစ်သည့်အလျောက် ဦးဒုန်းဘောသည် အနှစ် ၄၀ ကျော် တရားဥပဒေပညာဖြင့် အသက်မွေးခြင်းမှ မြစ်တားခြင်းခံခဲ့ရပြီး၊ ဦးဒုန်းဘောသည် သတိသံဝေဂဖြင့် တရားဥပဒေပညာကို မပြတ်ဆည်းပူးကာ၊ ဝါသနာအထုံမပျောက်၊ စိတ်မကုန်၊ အတန်တန်သာလျှင် ရှေ့နေအဖြစ်ကို ပြန်လည် ရမှုရန်တောင်းခံခဲ့သည်။ မြို့ခံ ရှေ့နေကြီးများကလည်း ဦးဒုန်းဘော၏ လျှောက်လွှာကို ထောက်ခံကြသည်။ အကယ်၍သာ ဦးဒုန်းဘော ရှေ့နေလောကသို့ ပြန်ဝင်ခြင်းဖြင့် ယင်းလောက ဂုဏ်ညှိုးရဖွယ်အန္တရာယ်ဖြစ်လျှင်၊ ရှေ့နေကြီးများက ထောက်ခံမည်ဝေးစွ၊ ဦးစွာကန့်ကွက်ကြမည်သာ ဖြစ်သည်။ ရိုးသဟာယအဖြစ် ကူညီကြသော ရှေ့နေကြီးများကလည်း ဦးဒုန်းဘော၏ လျှောက်လွှာကို ထောက်ခံကြသည်။

အထက်ပါအကြောင်းတို့ကို ထောက်၍၊ ဦးဒုန်းဘော၏ လျှောက်လွှာကို ခွင့်ပြုကာ၊ ၎င်းအား တတိယတန်း ရှေ့နေအဖြစ် ပြန်လည် လိုက်ပါ ဆောင်ရွက်ခွင့်ပြုလိုက်သည်။

# နိုင်ငံတော်တရားရုံးချုပ်

## တရားမအထွေထွေအယူခံမှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီးဦးသက်ဖေတို့ရှေ့တွင်

† ၁၉၆၉

အောက်တိုဘာလ ၃၁ ရက်။

ဦးဘရှင် (အယူခံတရားလို)

နှင့်

၁။ ဦးသာလွင်။ ၂။ ဒေါ်စိန်ကြိုင် (အယူခံတရားခံ)*

**မြေကွက်ပေါ်မှ ထွက်ခွါသွားရန်နှင့် မြေပေါ်၌ ကျူးကျော်နေထိုင်သည့်အတွက် နစ်နာကြေးပေးဆောင်ရန် ဒီကရီရရှိခြင်း—နစ်နာကြေးနှင့် တရားစရိတ်ကို အတည်ပြုရန် ဇာရီမှုဖွင့်လှစ်ခြင်း—အမှုဖွင့်လှစ်ခြင်းပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။တရားရုံးချုပ်၏ ၁၉၆၃ ခုနှစ်၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အထွေထွေ ဌာန စာအမှတ် ၂၃၂/၂၀/၁၅၅ (၆၃) မှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းမှုနှင့်ထုတ်သည့်ဒီကရီကို သော်လည်းကောင်း၊ အမိန့်ကိုသော်လည်းကောင်း အကျိုးသက်ရောက်စေရန် အရေးယူ ဆောင်ရွက်ခြင်းမှခေတ္တရပ်ဆိုင်းထားရန် တရားမရုံးများအား ညွှန်ကြားထားသည့် စာဖြစ်ပေသည်။ ထိုစာ၏ ရည်ရွယ်ချက်မှာ မြေ သို့မဟုတ်အဆောက်အဦတခုခုကို လက်ရှိဖြစ်သူအား အရမ်းကာရောလက်မဲ့ မဖြစ်စေရန် ယာယီအနေဖြင့် ညွှန်ကြားခဲ့ခြင်းပင်ဖြစ်သည်။ ငွေဒီကရီအတွက် သော်လည်းကောင်း၊ တရားစရိတ်အတွက်သော်လည်းကောင်း ဇာရီမှုဖွင့်လှစ်ခြင်း မပြုရဟု တားမြစ်ထားခြင်း မရှိပေ။

**အယူခံတရားလိုအတွက်။** ။ဦးချန်ထွန်းအောင်။

**အယူခံတရားခံအတွက်။** ။

**တရားသူကြီး ဦးသက်ဖေ။** ။တောင်ငူမြို့နယ်ပိုင် တရားမရုံးတွင်အယူခံတရားလိုက အယူခံ တရားပြိုင်များနှင့် အခြား သုံးဦးတို့အပေါ် တောင်ငူမြို့၊ ကွန်ဗင့်လမ်းရှိ မြေကွက်ပေါ်မှ ထွက်ခွါသွားရန်နှင့် ထိုမြေပေါ်၌ ကျူးကျော်နေထိုင်ခဲ့သည့်အတွက် နစ်နာကြေးပေးဆောင်ရန် ဒီကရီတရပ် ရရှိခဲ့သည်။ ထိုဒီကရီ၏ တစိတ်တဒေသ ဖြစ်သည့် နစ်နာကြေးနှင့်တရားစရိတ်ကို အတည်ပြုရန် ဇာရီမှု ဖွင့်လှစ်ရာ အယူခံတရား

---

* ၁၉၆၉ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၂၂။

† ၁၉၆၈ ခုနှစ်၊ တရားမသေး အယူခံမှုအမှတ် ၁ တွင် ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့စွဲပါ၊ တောင်ငူမြို့၊ ခရိုင်တရားမတရားသူကြီးရုံးတော်၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

ပြိုင်တို့သည် ၎င်းတို့ အချိုးကျ ပေးဆပ်ရန် ရှိသည့် နှစ်နှာကြေးနှင့် တရားစရိတ်ငွေ ၅၇၁ ကျပ် ၆၄ ပြားအတွက် တလလျှင် ၂၅ ကျပ် နှုန်းဖြင့် ပေးဆောင်ရန် သဘောတူပြီး နှစ်လအတွက် ငွေ ၅၀ ကျပ်ကို ပေးခဲ့သည်။ ကျန်ငွေများကို ပေးဆောင်ခြင်း မပြုသဖြင့် အယူခံတရားလိုက တောင်းဆိုရာ အယူခံတရားပြိုင်တို့က တရားရုံးချုပ်၏ ၁၉၆၃ ခု၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အထွေထွေ ဌာနစာအမှတ် ၂၃၂/၂၀/၁၁၅ (၆၃) အရ အယူခံတရားလိုသည် ၎င်းရရှိခဲ့သော ဒီကရီကို ဇာရီ မပြုနိုင်ဟု ကန့်ကွက်လာသည်။ မူလရုံးမှ ယင်းကန့်ကွက်ချက်ကို လက်မခံဘဲ ပယ်ချလိုက်၍ အယူခံတရားပြိုင်တို့က တောင်ငူမြို့၊ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ခရိုင်တရားမတရားသူကြီးက အထက် ဖော်ပြပါ တရားရုံးချုပ်၏ စာအရ အယူခံတရားလိုသည် မိမိရရှိခဲ့သော ဒီကရီကို အကျိုးသက်ရောက်အောင် ဇာရီမှု ဖွင့်လှစ်ခြင်း မပြုနိုင်ဟု ကောက်ယူပြီးနောက် မူလရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် တရားနိုင်က ဤအယူခံမှုတင်သွင်းလာခြင်း ဖြစ်သည်။

ဤရုံး၏ ၁၉၆၃ ခု၊ ဇန္နဝါရီလ ၁၈ ရက်နေ့စွဲပါ အထွေထွေဌာန စာအမှတ် ၂၃၂/၂၀/၁၁၅(၆၃) မှာ မရွေ့မပြောင်းနိုင်သည့် ပစ္စည်းမှ နှင်ထုတ်သည့် ဒီကရီကို သော်လည်းကောင်း၊ အမိန့်ကို သော်လည်းကောင်း အကျိုးသက်ရောက်စေရန် အရေးယူ ဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းထားရန် တရားမရုံးများအား ညွှန်ကြားထားသည့်စာ ဖြစ်ပေသည်။ ထိုစာ၏ ရည်ရွယ်ချက်မှာ မြေ၊ သို့မဟုတ် အဆောက်အဦ တခုခုကို လက်ရှိဖြစ်သူအား အရမ်းကာရော လက်မဲ့မဖြစ်စေရန် ယာယီအနေဖြင့် ညွှန်ကြားခဲ့ခြင်းပင် ဖြစ်သည်။ ငွေဒီကရီအတွက် သော်လည်းကောင်း၊ တရားစရိတ်အတွက်သော်လည်းကောင်း၊ ဇာရီမှု ဖွင့်လှစ်ခြင်း မပြုရဟု တားမြစ်ထားခြင်းမရှိပေ။

ယခု အမှုတွင် အယူခံတရားလိုသည် အယူခံ တရားပြိုင်တို့ အပေါ် ရရှိခဲ့သော ဒီကရီနှင့် စပ်လျဉ်း၍ မြေပေါ်မှ နှင်ထုတ်ပေးရန် တောင်းဆိုခြင်း မပြုပဲ နှစ်နှာကြေးနှင့် တရားစရိတ်တို့ကိုသာ ရလိုကြောင်း တောင်းဆိုခဲ့သဖြင့် ထိုတောင်းဆိုချက်သည် ဤရုံးမှ ထုတ်ပြန်ခဲ့သည့် အထက်ပါ အထွေထွေဌာန စာနှင့် အကျုံးမဝင်ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ ၁၉၆၉ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက် နေ့စွဲဖြင့် ချမှတ်ခဲ့သော တောင်ငူမြို့၊ ခရိုင် တရားမရုံး၏ အမိန့်သည် မှားယွင်းနေကြောင်း ပေါ်လွင်သဖြင့် ပယ်ဖျက်လိုက်ပြီး မူလရုံး၏ အမိန့်ကို တရားစရိတ်နှင့်တကွ ပြန်လည် အတည်ပြုလိုက်သည်။ ဤရုံးရှေ့နေစရိတ် ၁၇ ကျပ် သတ်မှတ်လိုက်သည်။

၁၉၆၉

ဦးဘရှင်
နှင့်
၁။ ဦးသာလှိုင်
၂။ ဒေါ်စိန်ကြိုင်။

## နိုင်ငံတော်တရားရုံးချုပ်

## ရာဇဝတ်ပြင်ဆင်မှု

တရားသူကြီး ဦးချစ်နှင့် တရားသူကြီး ဦးသက်ဖေတို့ရှေ့တွင်

†၁၉၆၉

အောက်တိုဘာ
လ ၂၅ ရက်။

ဦးလှသောင်း (ပြင်ဆင်ရန်လျှောက်ထားသူ)

နှင့်

ဒေါ်အမာ (ပြင်ဆင်ရန်လျှောက်ထားခံရသူ)*

**ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ —မယားစရိတ်။**

**ဆုံးဖြတ်ချက်။** ။ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈ (၄) အရ၊ လင်နှင့်မယားသည်နှစ်ဦးသဘောတူ သီးခြားနေထိုင်လျက်ရှိမှသာ မယားဖြစ်သူက လင်ထံမှမယားစရိတ်တောင်းဆိုခြင်းကို ပိတ်ပင်မည်ဖြစ်သည်။ မယားသည် လင်နှင့်အတူမနေပဲ သီးခြား နေထိုင်လျက်ရှိခြင်းသည် နှစ်ဦးသဘောတူညီချက်အရဖြစ်မှသာ စရိတ်တောင်းခြင်းကို ပိတ်ပင်ကြောင်း သတိချပ်ရမည်။

**ပြင်ဆင်ရန် လျှောက်ထားသူ အတွက်။** ။ဦးကျော်မြင့်။

**ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။** ။ဦးသန်းအောင်။

**တရားသူကြီး ဦးသက်ဖေ။** ။ပြည်မြို့ တတိယရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် လျှောက်ထားခံရသူ ဒေါ်အမာက လျှောက်ထားသူ ဦးလှသောင်းအပေါ် မယားနှင့် သားစရိတ် ရလိုကြောင်း တရားစွဲဆိုရာ၊ မယားအတွက်စားစရိတ်တလ ၅၀ ကျပ်နှင့် သားသုံးယောက်အတွက် သား စားစရိတ် တလ ၉၀ ကျပ်ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သဖြင့် ထိုအမိန့်ကို ဦးလှသောင်းက ပြည်မြို့ စက်ရှင်ရုံးသို့ အယူခံဝင်သော်လည်း၊ အောင်မြင်ခြင်း မရှိ၍၊ ဤပြင်ဆင်မှုကို တဖန် တင်သွင်းလာခြင်း ဖြစ်သည်။

၄ ဦးလှသောင်းနှင့် ဒေါ်အမာတို့သည် တရားဝင် အကြင်လင်မယား ဖြစ်ကြပြီး ကျောင်းသားအရွယ် သားသုံးယောက် လက်ရှိဖြစ်သည်ဆိုခြင်းမှာ အငြင်းမပေါက်ပေ။ ဦးလှသောင်းနှင့် ဒေါ်အမာတို့သည် ၁၉၄၈ ခုနှစ်တွင် ပြည်မြို့၌ အိမ်ထောင်

---

* ၁၉၆၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅၂ (ခ)။

† ၁၉၆၈ ခုနှစ်၊ ရာဇဝတ်သေးမှုအမှတ် ၁ တွင် ချမှတ်သော ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့စွဲပါ ပြည်မြို့၊ ၃ ရာဘက်ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

၁၉၆၉

ဦးလှသောင်း နှင့် ဒေါ်အမာ။

ကျခဲ့ရာ၊ ထိုစဉ်က ဦးလှသောင်းသည် ပွဲစားကြီးတဦး ဖြစ်ပြီး၊ ဒေါ်အမာကကျောင်း ဆရာမတယောက် ဖြစ်သည်။ ၎င်းတို့သည် အကြောင်းပါကြပြီးနောက် ချစ်ချစ် ခင်ခင် ပေါင်းသင်း နေထိုင်ခဲ့သဖြင့် ပစ္စည်းဥစ္စာသာမက သားသမီး ရတနာများပင် ထွန်းကား တိုးပွါးခဲ့သည်။

သို့ရာတွင် နောက်ပိုင်း၌ ဒေါ်အမာက ဦးလှသောင်းအား အပျော်အပါးလိုက်စား သည်။ ရှာဖွေ၍ရသည့် ဥစ္စာပစ္စည်းကို အကုန်မအပ်ဟု စွပ်စွဲလာသဖြင့် မကြာခဏ ခိုက်ရန် ဖြစ်ပွါးကြရသည်။ ယင်းသို့ ခိုက်ရန် ဖြစ်ပွါးစဉ် ဦးလှသောင်းသည် ဒေါ်သ အလျောက်ဇနီးဖြစ်သူအား ကိုယ်ထိလက်ရောက် ဆုံးမမိသည်။ ထိုအခါ ဒေါ်အမာက မိမိအား ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသည်ဟု အထင်ရောက်ကာ ခင်ပွန်းဖြစ်သူ အပေါ် စိတ်နာပြီး မပေါင်းနိုင်တော့ဟု ဆိုလာသည်။ ဦးလှသောင်းကလည်း၊ ဂျင်း စိမ်းနှင့် မိတ်သလင် သူကြင်မှ ကိုယ်ကြင်မည်ဟု တုန့်ပြန်ပြီး၊ သားမယားများအား လုံးဝ ထောက်ပံ့ခြင်းမပြုဘဲ နေလိုက်သည်။ ထို့ကြောင့် ဒေါ်အမာက ဦးလှသောင်း အပေါ် မယားနှင့် သားစားစရိတ် တောင်းခံခဲ့ရခြင်း ဖြစ်ပေသည်။

ကလေးများမှာ ကျောင်းသားအရွယ် လူမမယ်များ ဖြစ်ကြသည့် အလျောက်၊ ၎င်းတို့အတွက် စားစရိတ်ငွေ ပေးဆောင်ရန် ချမှတ်သော အမိန့်နှင့် စပ်လျဉ်း၍ တစုံတရာပြောဆိုခြင်း မပြုနိုင်ကြောင်း၊ မပြုလိုတော့ကြောင်း လျှောက် ထားသူ၏ရှေ့နေ ဦးကျော်မြင့်က ဝန်ခံသွားသည်။ သို့ရာတွင် ဦးကျော်မြင့်က ဒေါ်အမာနှင့် ဦးလှသောင်းတို့သည် တရားဝင် ဇနီးမောင်နှံများပင် ဖြစ်လင့်ကစား၊ ၎င်းတို့သည် နှစ်ဦးသဘောတူ သီးခြား နေထိုင်လျက် ရှိကြသောကြောင့် ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၈၈ (၄)အရ၊ မယားစားစရိတ် တောင်းဆိုရန် အခွင့်အရေး မရှိ ကြောင်း တင်ပြသွားသည်။

ဦးလှသောင်းနှင့် ဒေါ်အမာ တို့သည် ယခုအခါ တိုက်တတိုက်ထည်း၌ နေထိုင် လျက် ရှိကြသော်လည်း၊ ဦးလှသောင်းက အောက်ထပ်၌ အိပ်ကာ၊ ဒေါ်အမာက အပေါ်ထပ်တွင် သားများနှင့် အိပ်ကြပြီး၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းခြင်း လည်း မရှိကြောင်း အငြင်းမပွါးသဖြင့် ၎င်းတို့နှစ်ဦးသည် သီးခြား နေထိုင်လျက် ရှိကြသည်ဟု ကောက်ယူရန် အကြောင်းရှိပေသည်။ ထိုသို့ သီးခြား နေထိုင်ခဲ့ရသည့် အကြောင်းရင်းမှာ လင်မယားခိုက်ရန် ဖြစ်ပွါးရာမှ အစ လင်ဖြစ်သူ နှိပ်စက်ညှဉ်းပန်း သဖြင့် ဒေါ်အမာက စိတ်နာသောကြောင့် ဖြစ်ပေသည်။ နှစ်ဦးနှစ်ဘက် သဘော တူညီချက်ဖြင့် သီးခြား နေထိုင်ခဲ့ကြခြင်း မဟုတ်ပေ။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၈၈(၄)အရ၊ လင်နှင့် မယားသည် နှစ်ဦးသဘောတူ သီးခြား နေထိုင်လျက်ရှိမှသာ မယားဖြစ်သူက လင်ထံမှ မယားစရိတ် တောင်းဆို

၁၉၆၉

ဦးလှသောင်း နှင့် ဒေါ်အမာ။

ခြင်းကို ပိတ်ပင်မည် ဖြစ်သည်။ မယားသည် လင်နှင့်အတူ မနေထိုင်ပဲ သီးခြား နေထိုင်လျက်ရှိခြင်းသည် နှစ်ဦးသဘောတူညီချက်အရလည်း ဖြစ်မှသာ စရိတ်တောင်းခြင်းကို ပိတ်ပင်ကြောင်း သတိချပ်ရမည်။ ယခုအမှုတွင် ဒေါ်အမာသည် ဦးလှသောင်းနှင့် အတူတကွ နေထိုင်ခြင်းမပြုသည်မှာ နှစ်ဦးသဘော တူညီချက်အရ ဖြစ်သည်ဟုမှုလရုံး၌ ထုချေထားခြင်း၊ သက်သေ အထောက်အထား တင်ခြင်း မရှိသဖြင့် မယားစားစရိတ် တောင်းဆိုခွင့်ရှိသည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အထက်ပါ အကြောင်းများကြောင့် ဦးလှသောင်း အပေါ် မယားနှင့် သားစားစရိတ်များ ပေးဆောင်ရန် ချမှတ်ထားသည့် မူလရုံး အမိန့်သည် တစုံတရာမှားယွင်းသည်ဟု မဆိုနိုင်၍ ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

# စီရင်ထုံးပြုသောမှုခင်းများ

# LIST OF CASES REPORTED

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT


| | | | စာမျက်နှာ |
|---|---|---|---|
| ဒေါ်မြမေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | .... | ၁၉ |
| ဒေါ်အုန်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ | .... | .... | ၂၁ |
| ဗိုလ်ကြီး အောင်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | ... | .... | ၂၅ |
| ဗိုလ်မှူး ဝင်းဆေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | .... | ၃၂ |
| မောင်စောကြည် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | .... | ၁ |
| မောင်တေနု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | .... | ၉ |
| မောင်မြူးကျယ်(ခေါ်) မောင်[illegible] နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | | | ၆ |
| ဦးမောင်ကို ပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | — | — | ၃၀ |
| ဦးမောင်မောင် ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | .... | — | ၁၂ |
| ဦးသန်းညွှန့် ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ | — | — | ၄၆ |

# ကိုးကားသောအမှုခင်းများ

# LIST OF CASES CITED

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT


စာမျက်နှာ

မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၆၇ ခုနှစ်၊ မြန်မာ နိုင်ငံ စီရင်ထုံးများ၊ စာ ၆၉ ၌ ဖော်ပြသည် . . ၁၂

# ညွှန်းချက်

# INDEX

---

## အထူးရာဇဝတ်ရုံး အယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT

စာမျက်နှာ

အက်ဥပဒေများ—

မတရားသင်းအက်ဥပဒေ။
၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။

မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—အထူးရာဇဝတ်ရုံးမှချမှတ်သော ပြစ်ဒဏ်နှင့် သာမန်ရုံးကချမှတ်သော ပြစ်ဒဏ်တပေါင်းတည်းကျခံစေလျှင်နည်းဥပဒေနှင့် ဆန့်ကျင်နိုင်ဖွယ်ယှိခြင်း။ ။အယူခံ တရားလိုအား အထူးရာဇဝတ်ရုံးတွင် မတရားသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) အရ တရားစွဲဆိုခဲ့သည်။ ထို့အပြင် အထူးတရားသူကြီးရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၃၆၅ အရ တရားစွဲဆိုခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။အထူးရာဇဝတ်ရုံးကို အထူးဥပဒေ၊ နည်းဥပဒေများဖြင့် အာဏာအပ်နှင်း၍ လုပ်ထုံးသတ်မှတ်သည်ဖြစ်ရာ၊ သာမန်ရုံးကချမှတ်သော ပြစ်ဒဏ်နှင့် တပေါင်းတည်းကျခံစေလျှင် နည်းဥပဒေနှင့် ဆန့်ကျင်နိုင်ဖွယ်ယှိသည်။

မောင်မြူးကျယ် (ခေါ်) မောင်အောင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ... ၆

၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုကိုဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေပုဒ်မ ၃ (၁)/၃ (၁) (က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ဖြစ်ပေါ်လာနိုင်သည့်အလားအလာကိုကြည့်ကာ ဆန္ဒအစွဲအလန်းထား၍ ကြိုတင် အပြစ်ပေးသလိုဖြစ်နေခြင်းမှာ မပြုကောင်း။ ။အယူခံတရားလိုများအား ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေပုဒ်မ ၃ (၁)/၃(၁) (က) အရ တရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။အချက်အလက်အားလုံးကို သုံးသပ်လျှင် ကိုစောကြည်သည် ပစ္စည်းများကို ဗိုလ်ကြီးဟူစိန်၏ မေတ္တာရပ်ခံချက်အရ မတ်လတွင်းကပြောင်းရွှေ့ပေးခဲ့သည်။ မီးဘေးစိုးရိမ်၍ ပြောင်းရွှေ့နေကျနှင့်လည်းတိုက်ဆိုင်သည်။ ဗိုလ်ကြီး ဟူစိန်က ၁၉၆၄ ခု၊ မတ်လ ၂၈ ရက်နေ့တွင် နိုင်ငံခြားပစ္စည်းစာရင်းပြုလုပ်ကြရန် စာရင်းများကို ၁၄ ရက်အတွင်း တင်ကြရန် မှာကြားခြင်းမပြုမီကပင် ပစ္စည်းများကို ပြောင်းရွှေ့

စာမျက်နှာ

ခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ စာရင်းပေးရန်ရက်မကုန်မီပင် ကိုစောကြည် အား ဖမ်းဆီးအရေးယူကြောင်း ထင်ရှားနေသည်။ ဟသာတမြို့ယို ဆိုင်ကြီးများ ကို ပြည်သူပိုင်မလုပ်မီက ပစ္စည်းများကို ပြောင်းရွှေ့ထားခြင်း ဖြစ်သည်မှာလည်း ထင်ရှားသည်။ ဆိုင်များကိုပြည်သူပိုင်လုပ်ရာတွင် ကိုစောကြည်၏ ဆိုင်ပါဝင်ပါ သည်ဟု တရားလိုဘက်မှမပြ။ ဆိုင်ကို ပြည်သူပိုင်သိမ်း၍ ကိုစောကြည်ကိုအခြား နေရာသို့ ရွှေ့ပြောင်းသွားသော ပစ္စည်းတို့ကိုထိန်ဝှက်၍ စာရင်းပြသည်ဟု စွဲဆို ခြင်းလည်းမဟုတ်၊ ထို့ကြောင့် ကိုစောကြည်အား စွဲဆိုအပြစ်ပေးထားခြင်းသည် မှားယွင်းသည်။ ဖြစ်ပေါ်လာနိုင်သည့် အလားအလာကို ကြည့်ကာ ဆန္ဒစော၍ အစွဲအလန်းထား၍ ကြိုတင်အပြစ်ပေးသလိုဖြစ်နေသည်။ ယင်းသို့ မပြုစကောင်း။

မောင်စောကြည် ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၁

# ရည်ညွှန်းချက်

# INDEX

---

## အထူးရာဇဝတ်အယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT


စာမျက်နှာ

အက်ဥပဒေများ—

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့် အပ်နှင်းသည့်ဥပဒေ။

ရာဇသတ်ကြီး။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (က)(ဃ) အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်း— ထောင်အရာယှိများက အပြစ်ကျခံနေကြသော သူများ၏ အယူခံလွှာများကို အပြစ်အပျက်စုံစုံ ဥပဒေအချက်အလက်ကျကျ ရေးသား ကူညီပေးသော လုပ်ထုံးတရပ်—တစုံတခုပြုလုပ်စဉ်ကတည်းကယှိနေသော ဥပဒေအရသာလျှင် ယင်းပြစ်ရပ်သည်ပြစ်မှုမြောက် မမြောက်ကို ဆုံးဖြတ်ရခြင်း—ပစ္စည်းတွေ့ယှိသည့်နေရာသည် အိမ်မှအတန်ဝေး၍ ဝင်းခြံမယှိကြောင်း ရှာဖွေသူ ၏ ဖြတ်သန်းကြောင်းထင်ရှားခြင်း—တရားခံ၏ ပစ္စည်းဖြစ်သည်ဟု တထစ်ချယူဆသင့် မယူဆသင့်။ ။ အယူခံတရားလိုအား မှောင်ခိုပစ္စည်းများ တွေ့ယှိမှုဖြင့် တရားစွဲဆိုခဲ့သည်။ ဆုံးဖြတ်ချက်။ ။အယူခံလွှာ၏ အချက်အလက်တို့ကို တိတိရှင်းရှင်း ရေးသွင်းရာ၌ ထောင်အရာယှိများက စေတနာအလျောက် ရေးသားကူညီပေးခဲ့ကြဟန်တူသည်။ ဤသို့အပြစ်ကျခံနေကြသောသူများ၏ အယူခံလွှာများကို အပြစ်အပျက်စုံစုံ၊ ဥပဒေ အချက်အလက်ကျကျ၊ ရေးသားကူညီပေးသော လုပ်ထုံးတရပ်သည် ကြေးငွေမတတ်နိုင်သောသူတို့အား အထောက်အကူဖြစ်စေသည်။ အယူခံတရားရုံးများကယင်းသို့ အကျဉ်းထောင်မှ တင်သွင်းသော အယူခံများကိုလည်း ကောင်းစွာလေ့လာ၍ အမှန်အတိုင်း ဖြစ်စေခြင်းဖြင့်၊ ငွေကြေးတတ်နိုင်သူ ရှေ့နေကြီးများကို ကြေးကြီးကြီးပေး၍ ငှါးနိုင်သူများကိုသာ အသာပေးသည့် ငွေများတရားနိုင်စနစ်ကို ဖြိုဖျက်လျက်ယှိကြသည်။ အစိုးရရှေ့နေများကလည်း အကျဉ်းထောင်မှ တိုက်ရိုက် တက်သော အယူခံများပေါ်တွင် မျှမျှတတ လျှောက်လဲတင်ပြခြင်းဖြင့် အမှန်တရားကို ရှာဖွေပေါ်ထွက်ရန် ကူညီလျက်ယှိကြသည်။ ။သာမန်အားဖြင့် ဥပဒေ၏ အကျိုးသက်ရောက်မှုကို နောက်

**စာမျက်နှာ**

ကြောင်းမပြန်စေရ။ တစ်ခုတခုကိုပြုလုပ်စဉ်က တည်ယှိနေသော ဥပဒေအရသာလျှင်၊ ယင်းပြုရပ်သည် ပြစ်မှုမြောက် မမြောက်ကို ဆုံးဖြတ်ရသည်။ သို့မှသာ ဥပဒေတို့သည် သေခြာထင်ရှားရှိ ပြည်သူတို့သိမြင် နားလည်မည်။ မသိမမြင်ရသေး၍ နားမလည်သော ဥပဒေကို ပြည်သူတို့ ကျင့်သုံးနိုင်ရန် ခဲယဉ်းသည်။ ။ အယူခံတရားလို၏အိမ်သည် ရွာလယ်ဟွင် ယှိကြောင်း၊ ထင်းပုံသည် အိမ်မှ အတန်ဝေး၍၊ ဝင်းခြံမယှိကြောင်း၊ ရွာမှအများသူငါ ဖြတ်သန်းကြောင်းထင်ရှားသည်၊ ထင်းပုံတွင် ပစ္စည်းတွေ့ကာမျှနှင့် အယူခံတရားလို၏ ပစ္စည်းဖြစ်သည်ဟု တထစ်ချမယူဆသင့်။

**ကိုတေနု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၉**

**အစွဲအလန်း၊ ဒေါသကင်းစင်စွာဖြင့် အမှုသွားကို စစ်ဆေးအပ်ခြင်း၊ အပြစ်ပေးရန်စိတ်စော၍ အမှုကို စစ်ဆေးလျှင် အမှန်တရား ပျောက်ကွယ်၍ တရားမျှတမှု ကင်းတတ်ခြင်း ... ... ... ၁၂**

**ရာဇသတ်ကြီးပုဒ်မ ၃၃၀ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—စက်ဆုပ်ရွံရှာဖွယ်ကောင်းသော (သို့မဟုတ်) ကြီးမားသော ပြစ်မှုဖြင့် စွပ်စွဲခြင်း ခံရခြင်း—ဒေါသကင်းစင်၍ ပွင့်လင်းသော စိတ်ထားဖြင့် ၎င်းတို့အား စွပ်စွဲခြင်းမှန် မမှန်၊ အထောက်အထားခိုင်လုံ မခိုင်လုံကို သေခြာစွာ စစ်ဆေးရခြင်း—အမှန်တရားကို ရှာဖွေရာတွင် နှစ်ဖက်တင်ပြသော အထောက်အထား၊ အဆို၊ အချေ တို့ကို အစွဲအလန်းမထားပဲ၊ ပွင့်လင်းသောစိတ်ဖြင့် ကောင်းစွာ ချိန်ဆရခြင်း—အမှုနှင့်ပတ်သက်၍ သတင်းစာများတွင် အကျယ်တဝင့် အထင်အရှား ဖေါ်ပြကြခြင်း—ထိုသို့ဖေါ်ပြသောကြောင့် အဂတိတရား တပါးပါးသို့ မတိမ်းမစောင်းမိစေအောင် စောင့်ထိန်းကာ အမှန်ကို ဖေါ်ထုတ်၍ ဆုံးဖြတ်ရခြင်း၊ ရိုးရိုးဖြောင့်ဖြောင့်တာဝန်ကျေကျေ စည်းကမ်းယှိယှိ အလုပ်လုပ်သော ပြည်သူ့ဝန်ထမ်း လုံချုံရေး ဝန်ထမ်းများကို မလိုသူတို့က မတရား လည်ဆယ် တိုင်တန်းတတ်ကြသည်ကို မမေ့အပ်ခြင်း။** ။အယူခံတရားလိုများအား ဆန်စက်အလုပ်သမား ၂ ဦးကို ဆန်အိတ်ခိုးသည် စွပ်စွဲချက်ဖြင့် ဖမ်းဆီးအရေးယူကြရာတွင် ရိုက်နှက်ညှဉ်းပမ်းကြသည်ဟုစွဲဆို၏။ ။ဆုံးဖြတ်ချက်။ ။အာကယ်၍သာ အယူခံဝင်ကြသူတို့သည် ၎င်းတို့အား စွပ်စွဲထားသောပြစ်မှုကို ကျူးလွန်သည်မှန်လျှင်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အပြုအမူကို ပြုကျင့်ကြသူများအဖြစ် ကြီလေးသော ပြစ်ဒဏ်များကို ကျခံသင့်ကြသည်။ သို့ရာတွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော၊ သို့မဟုတ် ကြီးမားသော ပြစ်မှုဖြင့် စွပ်စွဲခြင်း ခံရသူတို့ အပေါ်၌လည်း အစွဲအလန်း၊ ဒေါသကင်းစင်၍ ပွင့်လင်းသော စိတ်ထားဖြင့် ၎င်းတို့အားစွပ်စွဲခြင်းမှန် မမှန်၊ အထောက်အထားခိုင်လုံ မခိုင်လုံကို သေခြာစွာစစ်ဆေးရသည်။ စွဲဆိုသော ပြစ်မှုက စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်နှင့်၊ သို့မဟုတ်ကြီးမားသည်နှင့်၊ သက်သေ အထောက်အထားကို အမှန်အမှား စီစစ်ချိန်ဆသည့် သက်သေခံ ဥပဒေကို ကောင်းစွာမလိုက်နာ၊ အထောက်အထား ကွင်းဆက်စုံလင်သည် မစုံလင်သည်ကို မကြည့်၊ သက်သေတို့၏ ယုံထိုက် မယုံထိုက်ကို ကောင်းစွာမချင့်ချိန်၊ တရားခံတို့၏ ခုခံချေပချက်ကို လေးနက်စွာမစဉ်းစားပဲ၊ အပြစ်ပေးရန်ကိုသာ စိတ်စော၍ အမှုကိုစစ်ဆေးလျှင် အမှန်တရားကွယ်ပျောက်၍ တရားမျှတ

ခြင်းကင်းတတ်သည်။ မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာမျက်နှာ ၆၉ ကိုညွှန်းသည်။ ။ အမှန်တရားကို ရှာဖွေရာတွင် နှစ်ဖက်ဘင်ပြသော အထောက်အထား၊ အဆို၊ အချေ တို့ကို အစွဲအလန်း မထားပဲ၊ ပွင့်လင်းသောစိတ်ဖြင့် ကောင်းစွာချိန်ဆရသည်။ ။အမှုနှင့် ပတ်သက်၍ သတင်းစာများတွင် အကျယ်တဝင့်၊ အထင်အရှား ဖေါ်ပြကြလေသည်။ ထိုသို့ဖေါ်ပြသောကြောင့် အများပြည်သူနှင့်တကွ သက်ဆိုင်ရာ ဌာနများက စိတ်ဝင်စားစွာ ဝေဖန်ပြောဆိုသော အမှုများတွင် တရားရုံးများသည် ပို၍ပင်သတိကြီးစွာထား၍၊ အဂတိတရား တပါးပါးသို့ မတိမ်းစောင်းမိစေအောင် စောင့်ထိမ်းကာ အမှန်ကိုဖေါ်ထုတ်၍ ဆုံးဖြတ်ရပေသေးသည်။ ။ တပ်မတော်သား၊ ပြည်သူ ရဲ၊ ပြည်သူ့ဝန်ထမ်းတို့သည် ပြည်သူကိုစောင့်ရှောက်ရမည့်အစား၊ ပြည်သူကိုပင်ပြန်၍ အန္တရာယ်ပြုလျှင် ၎င်းတို့၏ ပြစ်မှုသည်ပို၍ကြီးလေးသည်မှန်၏။ သို့ရာတွင် ထဖက်တွင်လည်း၊ စွပ်စွဲခြင်းခံရသူသည် ပြည်သူ့ဝန်ထမ်းတဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်းတဦး ဖြစ်ကာမျှနှင့် ၎င်းအပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းတို့သည်လည်း တူညီသော တရားမျှတမှုကို ခံစားထိုက်သည်။ ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ စည်းကမ်းယှိုယှို့ အလုပ်လုပ်သော ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းများကို မလိုသူတို့က မတရားလည်ဆယ် တိုင်တန်းတတ်ကြသည်ကိုလည်းမမေ့အပ်။

(၁) ဦးမောင်မောင် ပါ ၂
(၂) ဒု-ဗိုလ် ဇော်ဝင်း } နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ

# ညွှန်းချက်

# INDEX

---

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## SPECIAL CRIMINAL COURTS' APPEAL COURT


စာမျက်နှာ

**အက်ဥပဒေများ။**

**မတရားသင်းအက်ဥပဒေ။**

**ရာဇသတ်ကြီး။**

**အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ။**

**၁၉၄၇ ခု၊ သွင်းကုန် ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ။**

**ကြံရာပါ တဦး၏ ထွက်ဆိုချက်ကို အခြားကြံရာပါတဦး၏ ထွက်ဆိုချက်ဖြင့် အထောက်အကူ ပြုနိုင်-မပြုနိုင်—ကြံရာပါတို့၏ စကားတွင် အမှန်နှင့်မှုသားကို ခွဲခြား၍ အမှန်ကို ထုတ်ယူနိုင်ခြင်း** .... .... .... .... ၂၅

**တရားဥပဒေနှင့် ပတ်သက်၍ သောင်းကျန်းသူများအပေါ် ထားရှိသော အစိုးရ၏ သဘောထား** .... .... .... .... .... ၄၆

**မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇(၂) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—သောင်းကျန်းသူတို့ လှုပ်ရှားခြင်းကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်းမပြုခြင်း—ယင်းကဲ့သို့ မပြုခြင်းကို ကာလဒေသ အခြေအနေကို ထောက်ချင့်၍ သုံးသပ်ရန်လိုခြင်း—ရွာသူ ရွာသားတို့၏ စိတ်သည် သောင်းကျန်းသူများဖက်သို့ အလွယ်တကူ ကိုင်းညွတ်ခြင်း မရှိသည်မှာ ထင်ရှားခြင်း။** ။ပထမ၊ ဒုတိယ အယူခံတရားလိုတို့အား ကေအင်ဒီအိုတို့က လက်ခံ အားပေးသမှု ပြုသည်ဟုလည်းကောင်း၊ တတိယအယူခံ တရားလိုအား ယင်းသို့ ကူညီအားပေးခြင်း ပြုသည်ဟုလည်းကောင်း မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၂) အရ စွဲဆိုတင်ပို့ခဲ့သည်။ ။**ဆုံးဖြတ်ချက်**။ ။ သောင်းကျန်းသူတို့ လှုပ်ရှားခြင်းကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်း မပြုခြင်းသည သောင်းကျန်းသူတို့နှင့် ဆက်သွယ်နေခြင်း၏ အထောက်အထား ဖြစ်သည်ဟု ရှုံးကမှတ်ချက်ပြု၏။ ဤသည်ကိုလည်း ကာလ၊ ဒေသ အခြေအနေကို ထောက်ချင့်၍ သုံးသပ်ရန်လိုသည်။ တိုင်တန်းခြင်းကြောင့် သောင်းကျန်းသူတို့က အညိုးထားကာ နှိပ်စက်ကလူ ပြုခြင်းများလည်း ရှိခဲ့သည်ဖြစ်ရာ၊ အခြေအနေပေးသည် ထက် ပို၍ ရွာသူ ရွာသားတို့က ဆောင်ရွက်သင့်သည်ဟု မမျှော်လင့်အပ်ချေ။ အခြေအနေ တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ရွာသူ ရွာသားတို့သည်

စာမျက်နှာ

တပ်မတော်၊ ပြည်သူ့ရဲတို့နှင့် ပူးတွဲ၍ လည်းကောင်း၊ အချင်းချင်း ပူးပေါင်း အင်အားဖြင့်လည်းကောင်း၊ သောင်းကျန်းသူတို့အား ပြည်သူ့စစ်ဖြင့် တွန်းလှန် လျက် ရှိနေကြသည်ကို ထောက်ချင့်လျှင် ရွာသူရွာသားတို့၏ စိတ်သည် သောင်း ကျန်းသူများဖက်သို့ အလွယ်တကူ ကိုင်းညွတ်ခြင်း မရှိသည်မှာ ထင်ရှားသည်။

၁။ ဒေါ်အုန်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၂၁

ရာဇသတ်ကြီး ပုဒ်မ ၁၀၄(က) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—အရက်သေစာ သောက်စား၍ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာ စည်းကမ်းကို ဖေါက်ဖျက်သည်သာ မကသေး၊ ရာဇဝတ်မှုမြောက်စေသော အင်္ဂါတရပ်ဖြစ်ခြင်း—ရထား လမ်းခွဲ ပွိုင့်ကလင့်ကို ဖေါက်ကျော်၍ မောင်းနှင်ကာ မီးရထားလမ်းမကြီးပေါ်သို့ ပေ ၁၅၀ ကျော်လွန်နေစေခြင်း—ယင်းသည် ပေါ့ဆ ဟော့ရမ်းခြင်းကို သရုပ် ဖေါ်လျက်ရှိခြင်း—တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝီရိယ ပျက်ကွက် သောကြောင့် ရာဇဝတ်မှု မြောက်စေသော ပေါ့ဆခြင်း ဖြစ်ခြင်း—အချိန်မီမီးနီပြ၍ သတိပေးနိုင်ခြင်း—ပေါ့ဆစွာ ပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန် ခဲ့ရာရောက်ခြင်း။ ။မီးရထားချင်းတိုက်၍ လူအများ သေစေလောက်အောင် ပေါ့ဆသောကြောင့် ရာဇဝတ်ပြစ်မှု ကျူးလွန်သည်ဟု ယူဆရသဖြင့် အယူခံ တရားလိုများအား ရာဇသတ်ကြီး ပုဒ်မ ၁၀၄(က) အရ စွဲဆို တင်ပို့ခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။အရက်သေစာ သောက်စား၍ မီးရထားမောင်းခြင်းသည် ဌာန ဆိုင်ရာ စည်းကမ်းကို ဖေါက်ဖျက်သည်သာမကသေး၊ ယာဉ်မောင်းသူများ လိုက် နာအပ်သော စည်းကမ်းကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ ဌာနဆိုင်ရာ စည်းကမ်းကို ဖေါက်ခြင်းသည် ဌာနစည်းကမ်းအရရင်း၊ ခရီးသည်တို့၏ လုံခြုံမှု၊ အစိုးရ ယာဉ်ရထား၊ အများယာဉ်ရထားတို့၏ လုံခြုံမှုအတွက်ရင်း မထားမနေ ထားရှိ ရမည့် သတိဝီရိယ၏ စံချိန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာ စည်းကမ်း ဖေါက်ဖျက်ခြင်းမျှသာ မဟုတ်ချေ။ ရာဇဝတ် ပြစ်မှု မြောက်စေသော အင်္ဂါရပ် တရပ်ဖြစ်သည်။ အလားတူပင် မီးမပါဘဲ မီးရထား မောင်းခြင်းသည် ဌာနဆိုင်ရာ စည်းကမ်းကိုသာ ဖေါက်ခြင်းမမည်။ ခရီးသည်များနှင့် မီးရထား၊ အခြား ခရီးသွား ယာဉ်များ၏ လုံခြုံရေးအတွက် လိုအပ်သော သတိဝီရိယပျက် ကွက်၍ ရာဇဝတ်မှုမြောက်သော ပေါ့ဆခြင်း ဖြစ်စေသည်။ မီးများသာကောင်း ပါလျှင်၊ ဦးချစ်သည် ဘူတာအတွင်းအခြေအနေကိုကြိုတင်မြင်နိုင်ကောင်းသည်။ အဆန်ရထားကိုလည်း မီးဖြင့် သတိပေးနိုင်ကောင်းသည်။ ကြံ့ရထား ဘရိတ်မမိ ဟု ဆိုခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူ အင်ဂျင်နီယာများက ချက်ခြင်း သွား ရောက် စမ်းသပ်ခဲ့ပြီးနောက် ရုံးတွင် သက်သေခံခဲ့ကြသည်။ ကြံ့ရထား ဘရိတ်များ ကောင်းပါသည်။ အရှိန်မများဘဲ မောင်းလာလျှင် အချိန်မှီ အမှတ် ၂ လမ်းတွင် ရပ်နိုင်ပါသည်ဟု လက်တွေ့ စမ်းသပ်ပြီးနောက် ထွက်ဆိုခဲ့ကြသည်။ ။အထက်ပါ အချက်တို့ကြောင့် ဦးချစ်သည် ရာဇသတ်ကြီး ပုဒ်မ ၁၀၄(က) တွင် အကျုံး ဝင်သော ပေါ့ဆ ဟော့ရမ်းခြင်းဖြင့် လူသေစေမှုကို ကျူးလွန်ခဲ့သည်ဟုဆိုရမည်။ ရထားလမ်းခွဲ ပွိုင့်ကလင့်ကို ဖေါက်ကျော်၍ မောင်းနှင်ကာ မီးရထား လမ်းမကြီး ပေါ်သို့ ပေ ၁၅၀ ကျော်လွန်နေစေခြင်းကပင်လျှင် ယင်းပေါ့ဆ ဟော့ရမ်းခြင်းကို သရုပ်ဖေါ်လျက် ရှိခဲ့သည်။ ။ညာရှိပိုင် ဦးမောင်ကိုသည် ရထားချင်း ဆုံမည်ကို အချိန်မှီကြိုတင်သိလျက်နှင့် ဂျမဒါ မောင်တင်စိန်အား အဆန်ရထား ဝင်ရာဖက်သို့

စာမျက်နှာ

ဆောင်ရွက်ရန် ရှိသည်တို့ကိုအချိန်မီဆောင်ရွက်ရန် ကြပ်မတ်၍ စေလွှတ်ခြင်းမရှိ၊ ကြံရထားသည် မီးရထား လမ်းမကြီးပေါ် ကျော်၍ ရပ်နေသော အခါ၌လည်း အဆန်ရထားအား သတိပေးရန် စီမံခြင်းမပြု ရုံပိုင်အဖြစ် ကိုယ်တိုင် ကြည့်ရှု စစ်ဆေးရမည့် တာဝန်များကိုလည်း ပျက်ကွက်သောကြောင့်၊ မီးရထား အထွေထွေ နည်းဥပဒေ ၁၃၃၊ ၁၆၃၊ ၁၆၆၊ ၁၇၅၊ ၁၈၇ စသည်တို့ကို ဖေါက်ဖျက်သည်။ တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝီရိယပျက်ကွက်သောကြောင့် ရာဇဝတ်မှု မြောက်စေသော ပေါ့ဆခြင်း ဖြစ်သည်။ မီးရထားခြင်း တိုက်ခိုက်မိပြီးသော အခါ၌လည်း ၎င်းသည် ဒဏ်ရာရ ခရီးသည်တို့၏ သက်သာမှု အတွက် အကူအညီ မပေးခဲ့ကြောင်း ဦးမောင်ကို၏ ထွက်ဆိုချက် ရှိသည်။ ။ပေါ့လျော့မှု မရှိပါဟု ဦးမောင်ကိုက ထုချေသော်လည်း၊ အထက်ပါ အချက်အလက်တို့က ပင် ၎င်း တာဝန်ဝတ္တရား ပျက်ကွက်ခြင်း၊ ပေါ့ဆခြင်းတို့ကို ပေါ်လွင်စေသည်။ ။ ဂျမဒါမောင်တင်စိန်သည် အဆန် ရထားကို အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခဲ့သည်။ ၎င်းသည်အဆန်ရထားဝင်လာမည့်ဖက်သို့ အေးဆေးလေးကန်စွာ သွားကြောင်း၊ ဂျမဒါကိုမောင်မောင်ကမြောက်ဖက်သို့ ကြံရထားကိုအမှတ် ၂ လမ်းသို့သွင်းရန် သွားသောအခါ၊ မောင်တင်စိန်သည် ဘူတာအတွင်း၌ပင် ကျန်ရစ်ကြောင်း၊ မီးရထားချင်း တိုက်ကြပြီးမှ ၎င်းသည် တောင်ဘက် အချက်ပြခုံပေါ်တွင် မီးနီ တလုံး သွားရောက်တင်ကြောင်း အထောက်အထား ပြည့်စုံသည်။ ထို့ကြောင့် မောင်တင်စိန်သည်လည်း ပေါ့ဆစွာ ပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာ ရောက်သည်။

**ဦးမောင်ကို ပါ ၄ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၃၈**

**ရာဇသတ်ကြီး ပုဒ်မ ၃၈၂/၃၄ အရ မှုမြောက်ထင်ရှား စီရင်ခြင်း—ပြည်သူ့ဝန်ထမ်းများ သည် သောင်းကျန်းသူတို့၏ အပြုအမူကို အတုယူရန်မဟုတ်ခြင်း—အစိုးရသည် တရားဥပဒေကို စောင့်ထိန်းရာတွင် စံချိန် တသမတ်တည်းထားခြင်း။** ။ အယူခံတရားလိုများအား အရှင်ဖမ်းမိသော သောင်းကျန်းသူ စည်းရုံးရေးမှူးကို ဝိုင်း၍ အကြံတူ သတ်ဖြတ်ကြသည်ဟူသော စွဲချက်ဖြင့် စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။သောင်းကျန်းသူတို့သည် ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်းတို့အား လက်ရဖမ်းဆီးမိလျှင် သက်ညှာစွာ ဆက်ဆံသည်မရှိ။ ရက်စက်စွာ သတ်ဖြတ်ကြသည်သာ။ ယင်းသို့ဟုတ်ငြားလည်း၊ ပြည်သူ့ဝန်ထမ်းများသည်၊ သောင်းကျန်းသူတို့၏ အပြုအမူကို အတုယူရန်မဟုတ်။ သောင်းကျန်းသူတို့၏ စံချိန်ကို လိုက်နာရန်မဟုတ်။ တရားဥပဒေကို လိုက်နာ ကျင့်သုံး၍ အရာရာ၌ တာဝန်ရှိစွာ ဆောင်ရွက်ကြရသည်။ မိမိတို့လက်ဝယ် ကျရောက်လာသော ဆိုးသွမ်းသူ နာမည်ကြီး သောင်းကျန်းသူ စံရှေကဲ့သို့သော သူမျိုးကိုပင်လျှင် စောင့်ရှောက်၍ တရားဥပဒေ အရသာ အရေးယူရသည်။ ။ထိုသို့ အစိုးရနှင့် သောင်းကျန်းသူ အပြုအမူ စံချိန် ၂ ရပ် ကွဲပြားခြားနား၍သာ အယူခံ တရားလိုတို့အား တရားစွဲဆို တင်ပို့၍ ပြစ်ဒဏ်ပေးခဲ့ခြင်း ဖြစ်သည်။ သောင်းကျန်းသူတို့၏ စံချိန်အရသာ ဆိုလျှင်၊ ၎င်းတို့အား ဆုပေးချီးမြှင့်ရန် ဖြစ်ကောင်း ဖြစ်ခဲ့ပေလိမ့်မည်။ ။ အစိုးရသည် တရားဥပဒေကို စောင့်ထိန်းရာတွင် စံချိန် တသမတ်တည်းထား၍၊ လက်တွင်းကျရောက်သော သောင်းကျန်းသူကိုပင် စောင့်ရှောက်ကာ၊ ယင်း

စာမျက်နှာ

သောင်းကျန်းသူအပေါ် ကျူးလွန်သူအားလည်း တရားဥပဒေအရ ပြတ်သားစွာ အရေးယူကြောင်း၊ ဤအမှုနှင့် ပတ်သက်၍ ထင်ရှားစွာ ပြခဲ့ပြီ။

ဦးသန်းညွှန့် ပါ ၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... .... ၄၆

**အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄(၁)(ဃ)/၄(၂) အရ မှုပြစ် ထင်ရှား စီရင်ခြင်း—ကြံရာပါတဦး၏ သက်သေထွက်ဆိုချက်—သတိထား၍ ချိန်ဆအပ်သည့်ကား သဘာဝကျ၍ မျှတသော မှုဖြစ်ခြင်း—သို့ရာတွင် ကြံရာပါ တို့၏ စကားတွင် အမှန်နှင့်မှသား ရောနှော၍ နေတတ်ရာတွင် ခွဲခြား၍ အမှန်ကို နုတ်ယိုင်ခြင်း—ယင်းသို့ ထုတ်နုတ်ရသည့်တို့နှင့် အခြား အထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖော်ရခြင်း။** ။အယူခံ တရားလိုအား လပ်ငွေ ၂ လိယူခဲ့သည်ဟူသော စွဲချက် ၂ ရပ်ဖြင့် စစ်ဆေးခဲ့သည်။ ။ **ဆုံးဖြတ်ချက်။** ။သာမန်အားဖြင့်ဆိုလျှင် ကြံရာပါတဦးသည် မိမိ၏အပြစ်ကို ပျောက်အောင်၊ ပေါ့အောင်၊ အခြားသူ တဦးအပေါ် အပြစ်လွှဲချတတ်သည်။ ထို့ကြောင့် ကြံရာပါ တဦးတည်း၏ ထွက်ဆိုချက်ဖြင့် အထောက်အထား ခိုင်မာပြီဟု မယူဆသင့်ချေ။ ကြံရာပါတဦး၏ ထွက်ဆိုချက်ကို အခြား ကြံရာပါတဦး၏ ထွက်ဆိုချက်ဖြင့် အထောက်အကူ ပြုနိုင်-မပြုနိုင်ကို စီရင်ထုံး များစွာ ဖွဲ့ခဲ့ကြသည်။ မှုခင်းဟူသည် အမှု တမှုနှင့်တမှု ထပ်တူမဖြစ်နိုင်ချေ။ အဖြစ်အပျက် အခြေအနေ စသည်တို့သည် အနည်းအများ ကွဲလွဲရမည်သာ ဖြစ်သည်။ ထို့ကြောင့် စီရင်ထုံး များသည် မှုခင်း ဆုံးဖြတ်ရာတွင် တွေးခေါ် ယူဆခြင်း၏ လမ်းညွှန်မျှသာ ဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချ၊ အဆုံးအဖြတ်ကို ပေးနိုင်ကြသည်မဟုတ်။ ကြံရာပါတို့၏ စကားကို သတိထား၍ ချိန်ဆအပ်သည့်ကား သဘာဝကျ၍ မျှတ သော မှုဖြစ်သည်။ ။သို့ရာတွင် သက်သေတဦး၏ စကားတခွန်းကို မယုံကာမျှ နှင့် သူပြောသောအခြားစကားဟူသမျှ မုသားဖြစ်ရမည် မဆိုသာ။ ဆန်ကွဲနှင့်ဆန် ခွဲခါ၍ထုတ်ရသကဲ့သို့ အမှန် နှင့် မုသားကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ယူရသည်။ ထိုနည်းတူပင်ကြံရာပါတို့၏စကားတွင် အမှန်နှင့် မုသား ရောနှော၍ နေတတ်ရာ တွင်၊ ခွဲခြား၍ အမှန်ကို နုတ်နိုင်သည်။ ယင်းသို့ ထုတ်နုတ်ရသည့်တို့နှင့် အခြား အထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖော်ရသည်။ ။ တာဝန်ရှိသူ တဦး၏ နာမည်ကိုသုံး၍၊ ၎င်းအား လက်ညှိုးထိုး၍ အမြတ်ထုတ်ကြ သော အမှုပွဲစား စသူတို့၏ မသမာမှုကြောင့် စိတ်ရင်း စေတနာ ကောင်း၍ အကြောင်းစုံ မသိလိုက်ရသော ထိုသူ၊ အစွပ်စွဲခံ၊ အပြစ်ကျခံရသည့်မျိုးလည်း ရှိတတ်သည်ကို ဆင်ခြင်ကာ၊ ယင်းသို့ မဖြစ်စေရလေအောင် ကာကွယ် စောင့် ရှောက်အပ်သည်ကို မြင်၏။ ထိုအပြင် စွပ်စွဲချက်တရပ်သည် အချိန်၊ ကာလ၊ တိကျသေချာအပ်သည်။ သို့မှသာ အစွပ်စွဲခံရသူသည် အပြည့်အဝ ချေပနိုင်မည် ဟူ၍လည်း သတိချပ်ကြ၏။

ဗိုလ်ကြီး အောင်ဝင်း (ကြည်း/၅၅၁၄) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ .... ၂၅

**အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ)/၄(၂) အရ မှုပြစ်ထင် ရှားစီရင်ခြင်း—ထင်ကြေးနှင့် အပြစ်မပေးသင့်၊ ခိုင်လုံသောအထောက်အထား ပြည့်စုံမှသာအပြစ်ပေးရမည်ဆိုလျှင်၊ တွေးခေါ် ယူဆပုံ ပိုမိုရှင်းလင်းမည်ဟု ယူဆ ခြင်း—အမှုတိုင်းတွင် မျက်မြင်သက်သေ အထင်အရှားရှိသည်မဟုတ်။ အချက်**

စာမျက်နှာ

ဘလက် အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကိုရှာဖွေကြရခြင်း— ဥပဒေအကျိုးသက်ရောက်သော ညွှန်ကြားချက်ဖြင့် တရားခံတို့အား အလုံအလောက်စုခံချေပခွင့်ပေးခြင်း— ပွင့်လင်းမျှတစွာ စစ်ဆေးခဲ့ခြင်းဖြစ်ရာ၊ တရားဝင်မှန်ကန်မျှတသောစစ်ဆေးစီရင်ခြင်းဖြစ်သည်ဟုဆိုရခြင်း။ ။အယူခံတရားလိုအား လပ်ငွေကျပ် ၁၅,၀၀၀ ကို အပေးအယူပြုလုပ်သောစွဲချက်ဖြင့်စစ်ဆေးခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်းမပြုအပ်၊ ခိုင်လုံသော အထောက်အထားများ ရှိရမည်ဟု အခါခါဆိုခဲ့ပြီ။ "သံသယ၏အကျိုးကို တရားခံအားပေးရမည်" ဟုဆိုမည့်အစား၊ ထင်ကြေးနှင့်အပြစ်မပေးသင့်၊ ခိုင်လုံသောအထောက်အထား ပြည့်စုံမှသာ အပြစ်ပေးရမည်ဟုဆိုလျှင်၊ တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟု ယူဆသည်။ ။အမှုတိုင်းတွင် မျက်မြင်သက်သေအထင်အရှားရှိသည်မဟုတ်။ အချက်အလက်၊ အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကိုရှာဖွေကြရသည်။ ဤအမှုတွင် ယင်းသို့ခြေရာခံ၍ ရှာဖွေသော်၊ စွဲချက်သည် မှန်ကြောင်းကိုသာ တွေ့မြင်ရပေသည်။ ။အထူးရာဇဝတ်ရုံးက စစ်ဆေးခြင်းသည်၊ ကျင့်ထုံးမမှန်၊ တရားမဝင်ဟုဆိုခြင်းကိုလက်မခံနိုင်ပေ။ ဥပဒေအကျိုးသက်ရောက်သောညွှန်ကြားချက်ဖြင့် တရားခံတို့အား အလုံအလောက် ခုခံချေပခွင့်ပေးကာ၊ ပွင့်လင်းမျှတစွာစစ်ဆေးခဲ့ခြင်းဖြစ်ရာ၊ တရားဝင်မှန်ကန်မျှတသော စစ်ဆေးစီရင်ခြင်း ဖြစ်သည်ဟုဆိုရမည်။ ။၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၄ ကိုညွှန်းသည်။

ဗိုလ်မှူး ဝင်းဖေ (ကြည်း/၅၂၈၄) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... ၇၂

၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း— မှောင်ခိုခြင်းမည်သည် အနည်းအများကိုလိုက်၍ အပြစ်မရှိ အပြစ်ရှိသည်ဟု ဆုံးဖြတ်ရန်ခဲယဉ်းခြင်း။ ။အယူခံ တရားလိုအား တားမြစ်ထားသော ပန္နည်းများကို ခွင့်ပြုချက်မရပဲ နိုင်ငံတွင်းသို့ သွင်းယူလာမှုဖြင့် တရားစွဲဆိုခဲ့သည်။ ။ဆုံးဖြတ်ချက်။ ။မှောင်ခိုခြင်းမည်သည်၊ လူတနိုင်တဆဲ့ဖြင့်၊ အများလုပ်ကိုင်ကာ၊ ကြီးထွားလာတတ်သောစံနစ်ဆိုးဖြစ်ပေသည်။ ထို့ကြောင့် အနည်းအများကိုလိုက်၍ အပြစ်မရှိ အပြစ်ရှိသည်ဟု ဆုံးဖြတ်ရန်ခဲယဉ်းပေသည်။

ဒေါ်မြမေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ .... .... .... ၁၉

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

မောင်စောကြည် ပါ ၃ (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၉
မတ်လ ၄ ရက်။

**၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှကာကွယ်သည့်ဥပဒေ ပုဒ်မ ၃ (၁)/၃ (၁) (က) အရ မှုဖြစ်ထင်ရှားစီရင်ခြင်း—ဖြစ်ပေါ် လာနိုင်သည့် အလား အလာကို ကြည့်ကာ ဆန္ဒအစွဲအလန်း ထား၍ ကြိုတင်အပြစ်ပေးသလိုဖြစ်နေခြင်း မှာ မပြုစကောင်း။**

အယူခံတရားလိုများအား ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေပုဒ်မ ၃ (၁)/၃ (၁) (က) အရတရားစွဲဆိုသည်။ ။ဆုံးဖြတ်ချက်။ ။ အချက်အလက်အားလုံးကို သုံးသပ်လျှင် ကိုစောကြည်သည် ပစ္စည်းများကို ဗိုလ်ကြီးဟူစိန်၏ မေတ္တာရပ်ခံချက်အရ မတ်လတွင်းက ပြောင်းရွှေ့ပေးခဲ့သည်။ မီးဘေးစိုးရိမ်၍ ပြောင်းရွှေ့ နေကျနှင့်လည်း တိုက်ဆိုင်သည်။ ဗိုလ်ကြီး ဟူစိန်က ၁၉၆၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် နိုင်ငံခြား ပစ္စည်းများ စာရင်းပြုလုပ်ကြရန် စာရင်းများကို ၁၄ ရက်အတွင်း တင်ကြရန် မှာကြားခြင်း မပြုမီကပင် ပစ္စည်းများကို ပြောင်းရွှေ့ခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ စာရင်းပေးရန် ရက်မကုန် မီပင် ကိုစောကြည်အား ဖမ်းဆီးအရေးယူကြောင်း ထင်ရှားနေသည်။ ဟသံာတမ္မီယှိဆိုင်ကြီးများ ကို ပြည်သူပိုင် မလုပ်မီက ပစ္စည်းများကို ပြောင်းရွှေ့ထားခြင်းဖြစ်သည်မှာလည်း ထင်ရှားသည်။ ဆိုင်များကို ပြည်သူပိုင်လုပ်ရာတွင် ကိုစောကြည်၏ဆိုင် ပါဝင်ပါသည်ဟု တရားလိုဘက်မှမပြ၊ ဆိုင်ကိုပြည်သူပိုင်သိမ်း၍ ကိုစောကြည်ကို အခြားနေရာသို့ ရွှေ့ပြောင်းထားသော ပစ္စည်းတို့ကို ထိန်ဝှက်၍ စာရင်းပြသည်ဟု စွဲဆိုခြင်းလည်းမဟုတ်။ ထို့ကြောင့် ကိုစောကြည်အား စွဲဆိုအပြစ် ပေးထားခြင်းသည် မှားယွင်းသည်။ ဖြစ်ပေါ် လာနိုင်သည့် အလားအလာကိုကြည့်ကာ ဆန္ဒစော၍ အစွဲအလန်းထား၍ ကြိုတင်အပြစ်ပေးသလိုဖြစ်နေသည်။ ယင်းသို့ မပြုစကောင်း။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၂၀-၁၂၁ နှင့် ၁၂၂။

† ဟသံာတမြို့၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁ ၏၊ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄ တွင် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့၌ ချမှတ်ပြီး ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ တွင်အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၆၉ အယူခံတရားလိုများ၏အကျိုးဆောင်။ ။ဦးကျော်မြင့်။

မောင်စောကြည် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို ကိုစောကြည်သည်၊ ဟင်္သာတမြို့တွင် ကုန်မျိုးစုံဆိုင် ဖွင့်လှစ်၍ ရောင်းဝယ်ခဲ့၏။ ၁၉၆၄ ခုနှစ်၊ မတ်လအတွင်း၊ သို့မဟုတ် ဧပြီလဆန်းတွင်၊ ၎င်းသည် မြို့ပေါ်ဆိုင်မှ ပစ္စည်းများကို၊ အယူခံတရားလို ဦးတင်လေး၏ ကုန်တင်ကားဖြင့် မြို့စွန်ပိုင်းရှိ အယူခံတရားလို ဦးသိန်း၏အိမ်သို့ပို့ကာ သိမ်းဆည်းသိုလှောင် ထားခဲ့၏။

၁၉၆၄ ခုနှစ်၊မတ်လ ၁၉ ရက်နေ့တွင်၊ရန်ကုန်မြို့ဃိုဆိုင်ကြီး၊ပွဲရုံကြီးများကိုပြည်သူပိုင် သိမ်းသည်။ ဧပြီလ ၉ ရက်နေ့တွင် ဟင်္သာတမြို့ဃိုဆိုင်ကြီး၊ ပွဲရုံကြီးများကို ပြည်သူပိုင် သိမ်းသည်။ ကိုစောကြည်သည် ဟင်္သာတတွင် ပြည်သူပိုင်မသိမ်းမီ ကြို၍တင်၍၊ ၎င်းပိုင် ဆိုင်မှပစ္စည်းများကို သိုဝှက်ထားရန် ပြောင်းရွှေ့ထားခြင်း ဖြစ်သည်ဟုသတင်းပေးချက် ကို ဧပြီလ ၂ ရက်နေ့တွင်ရယူ၍၊ သက်ဆိုင်ရာတို့က၊၎င်းအားဖမ်းဆီး အရေးယူကြသည်။ ပစ္စည်းများကို ကိုစောကြည်က လိုက်လံပြသရာ၊ သိုလှောင်ထားရာအိမ်ပိုင် ဦးသိန်းနှင့် ၎င်း၏ဇနီး ဒေါ်လှတို့ကိုင်း၊ ပစ္စည်းများကို သယ်ယူပို့ပေးသော ကားပိုင်ရှင်ဦးတင်လေး နှင့်ပစ္စည်းတင်ချပေးခဲ့သော အလုပ်သမား ကိုချစ်ဖေတို့ကိုင်း၊ အရေးယူကာ ဟင်္သာတ ခရိုင်အထူးရာဇဝတ်ရုံး အမှတ် ၁/၁၉၆၆ သို့တင်ပို့ခဲ့ကြလေသည်။

အထူးရာဇဝတ်ရုံးက ၁၉၆၄ ခုနှစ်၊ဆိုရှယ်လစ်စီးပွားရေး စနစ်တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေပုဒ်မ ၃ (၁)အရ၊ ကိုစောကြည်၊ဦးသိန်း နှင့် ဦးတင်လေးတို့သည်၊ ပြစ်မှုထင်ရှားသည်ဟုတွေ့ယို့ကာ ထောင်ဒဏ် ၁၀ နှစ်စီကျခံကြစေ ရန်အမိန့်ချမှတ်ခဲ့သည်။ ကုန်ပစ္စည်းအားလုံးကိုလည်းကောင်း၊ ဦးတင်လေး၏ကုန်တင် ကားကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ကိုလည်း အမိန့်ချမှတ် လေသည်။ဒေါ်လှနှင့်အလုပ်သမား ကိုချစ်ဖေတို့သည်ကား တာဝန်ကင်း၍ အပြစ် မယှိကြဟု ရုံးကဆုံးဖြတ်ခဲ့လေသည်။

တရားလိုဘက်က၊ ရုံးတွင်တရားခံ ကိုစောကြည်သည် မည်သည့်နေ့တွင် ပစ္စည်းများ ကိုဆိုင်မှဦးသိန်းအိမ်သို့ ပို့သည်ကို အတိအကျသက်သေမထူ၊ ထူရန်ကျိုးစားခြင်းလည်း မပြုခဲ့ချေ။ ကိုစောကြည်ကမူ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဥက္ကဋ္ဌ ဗိုလ်ကြီး ဟစိန်(လိုပြ-၁၀)က၊ မတ်လ ၁၂ ရက်နေ့လောက်တွင်၊ ၎င်း၏ဆိုင်သို့လာ၍၊ ၎င်း၏ ကုန်လှောင်ရုံမှ ပစ္စည်းများကို ဖယ်ရှားပေးပါ၊ စက်ပစ္စည်းများရောင်းချရန် နေရာ လိုနေပါသည်ဟု မေတ္တာရပ်ခံကြောင်း၊ ထိုကြောင့်လိုက်လျောကာ ၁ ရက်၊ ၂ ရက် ကြာသောအခါ၊ ပစ္စည်းများကို ဦးသိန်းအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊

တင်ပြခဲ့ပါသည်။ ထို့ပြင်ဟင်္သာတမြို့ပေါ်တွင်၊ နေ့အခါ၌ မီးဘေးစိုးရိမ်ရ၍၊ နှစ်စဉ်ပင် ထိုကာလ၌ ဦးသိန်း၏အိမ်သို့ ဆိုင်မှပစ္စည်းများကို ပြောင်းရွှေ့ကာသိုလှောင်ခဲ့ကြောင်း တင်ပြသည်။

၁၉၆၉

မောင်စောကြည်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ယင်းတင်ပြချက်တို့ကို ရှုံးကလက်မခံခဲ့ချေ။

အယူခံတရားလိုတို့အတွက် လိုက်ပါဆောင်ရွက်သော တရားရုံးချုပ် ရှေ့နေကြီး ဦးကျော်မြင့်က ပစ္စည်းများကို ပြောင်းရွှေ့ထားစဉ်က ဟင်္သာတမြို့ယို့ ဆိုင်ကြီး၊ ပွဲရုံကြီးများကို ပြည်သူပိုင် မပြုလုပ်သေးခြင်းမှာ ထင်ရှားပါသည်။ ကိုစောကြည် အား ဖမ်းဆီးသည့်နေ့မှာ ၁၉၆၄ ခု၊ ဧပြီလ ၂ ရက် နေ့ဖြစ်၍၊ ဆိုင်ကြီးများကို ပြည်သူပိုင်လုပ်သည့်နေ့မှာ ၁၉၆၄ ခု၊ ဧပြီလ ၉ ရက်နေ့ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူပိုင်မလုပ်မီ၊ လုပ်မည်လည်း မသိပဲ၊ မီးဘေးမှ ကာကွယ်ရန်တကြောင်း၊ ဗိုလ်ကြီး ဟူစိန်က ဂိုဒေါင်နေရာပေးရန် ဖယ်ရှားပေးဖို့ပြော၍ တကြောင်း၊ ပစ္စည်း များကို ရွှေ့ပြောင်းခဲ့ခြင်းသည် ပြစ်မှု မမြောက်နိုင်ပါ၊ ရွှေ့ပြောင်းရာတွင်လည်း လူမြင် သူမြင်၊ နေ့အချိန်၌ သယ်ယူရွှေ့ပြောင်းခဲ့ကြောင်း အထောက်အထား ခိုင်လုံ ပါသည်။ ပစ္စည်းများကို ဦးသိန်း၏အိမ်၌ ထားသိုရာ၌လည်း၊ သိုဝှက်ခြင်း မယှို၊ စုပုံ၍ထားပါသည်။ ထို့ကြောင့် မသမာစိတ် ကင်းခဲ့ပါသည်ဟု လျှောက်လဲသည်။ ကိုစောကြည်တွင် အပြစ်မယှိလျှင် ၎င်းအား ကူညီကြသည်ဆိုသော ဦးသိန်းနှင့် ဦးတင်လေးတို့တွင်လည်း အပြစ်မယှိနိုင်ပါ ဟူ၍လည်း တင်ပြသည်။

လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းက၊ အမှုနှင့် ပတ်သက်သော အရေး ကြီးသည့် ရက်စွဲများကိုကြည့်ရှုလျှင်၊ အယူခံတရားလို ကိုစောကြည်သည်ပြစ်မှုကျူးလွန် ခဲ့သည်ဟုဆိုနိုင်ရန် ခဲယဉ်းပါသည်။ န-လ-က ဥက္ကဋ္ဌ ဗိုလ်ကြီးဟူစိန်က ၁၉၆၄ ခု၊ မတ်လ ၂၈ ရက်နေ့တွင်၊ ဟင်္သာတမြို့ပေါ်မှ ကုန်သည်ကြီးများကို ဖိတ်ခေါ်၍၊ ၎င်းတို့တွင် ရှိသောနိုင်ငံခြားပစ္စည်းများကိုစာရင်းပြုလုပ်၍ ၁၄ ရက်အတွင်း၊ ကုန်သွယ်ရေးဌာနသို့ တင်သွင်းရန်မှာကြားကြောင်း။ ထိုသို့သတ်မှတ်ထားသော အချိန်ကာလမကုန်ဆုံးမီ ၁၉၆၄ ခု၊ဧပြီလ ၂ ရက်နေ့တွင်ကိုစောကြည်အား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်စာရင်းလိမ်သည်၊ ပစ္စည်းဝှက်သည်ဟု စွပ်စွဲခြင်းမပြုနိုင်ကြောင်းတင်ပြသည်။

၁၉၆၄ ခု၊ မတ်လ ၂၈ ရက်နေ့တွင် ကုန်သည်ကြီးများအား ဖိတ်ခေါ်မှာကြား ကြောင်းကို ဗိုလ်ကြီးဟူစိန်ကလည်းရုံးတွင် ထွက်ဆိုခဲ့လေသည်။ ၎င်းကကုန်သည် ကြီးများအား၊ ရန်ကုန်မြို့တွင် ဆိုင်ကြီးများကို ပြည်သူပိုင် သိမ်းခြင်းကြောင့်၊ ဟင်္သာတမြို့ပေါ်၌လည်း ကောလာဟလများ ပျံ့နေကြောင်း၊ ယင်းသတင်းများ ကြောင့် အမျိုးမျိုး မစဉ်းစားရန်နှင့် မိမိတို့တွင်ယှိသော နိုင်ငံခြား ပစ္စည်းများကို

၁၉၆၉ — မောင်စောကြည် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စာရင်းပြုလုပ်ခါ ၁၄ ရက်အတွင်း စာရင်းပေးကြရန်မှာကြားကြောင်းထွက်ဆိုသည်။ ရန်ကုန်တွင် ပြည်သူပိုင်မပြုလုပ်မီ၊ သို့မဟုတ် ပြုလုပ်နေစဉ် ကိုစောကြည်၏ ဂိုဒေါင်ကို ဖယ်ရှားပေးရန် ပြောဆိုဘူးပါသည်။ ဂိုဒေါင်ပိုင်ရှင်တို့က ကြည်ဖြူစွာ ဖယ်ရှားပေးကြပါသည်ဟုလည်းထွက်ဆိုသည်။

ကိုစောကြည်၏ ထုချေချက်ကို ဗိုလ်ကြီးဟူစိန် (လိုပြ-၁၀) ကသာမက၊ ကုန်သည် ဦးသန်းတင်(ခံပြ-၆) ကလည်းထောက်ခံထွက်ဆိုသည်။ မတ်လ ၁၀ ရက်၊ ၁၂ ရက်နေ့လောက်က ဗိုလ်ကြီးဟူစိန် လာရောက်၍၊ ကိုစောကြည်အား ဂိုဒေါင်မှပစ္စည်းများကို ဖယ်ရှားပေးရန် မေတ္တာရပ်ခံစဉ် မိမိလည်း ဆိုင်နီးနား ခြင်းဖြစ်၍ သွားရောက်နားထောင်ကာ ကြားသိခဲ့ရပါသည်။ နောက် ၄၊ ၅ ရက်ကြာသောအခါ၊ပစ္စည်းများကို ကိုစောကြည်က ပြောင်းရွှေ့သွားပါသည်။ မတ်လ ၂၈ ရက်နေ့တွင်၊ကုန်သည်များအား ဗိုလ်ကြီးဟူစိန်က၊ အောင်မင်္ဂလာရုံတွင် ဖိတ်ခေါ်၍ နိုင်ငံခြားပစ္စည်းစာရင်းများကို ၁၄ ရက်အတွင်း ပြုလုပ်တင်သွင်းရန် မှာကြားပါသည် စသည်ဖြင့် ဦးသန်းတင်က ထွက်ဆိုသည်။

ဦးသိန်းကလည်း နေ့အခါများတွင် ကိုစောကြည်သည် ၎င်းဆိုင်မှ ပစ္စည်းများကို မိမိအိမ်သို့ မီးဘေးနှင့် ဝေးစေရန် ရွှေ့ပြောင်းထားတတ်ကြောင်း၊ ဦးတင်လေးကလည်း ထိုသို့မှန်ကြောင်း၊ မိမိ၏ကုန်တင်ကားကိုငှါးရမ်း၍ သယ်ဆောင်တတ်ကြောင်း ထွက်ဆိုကြသည်။

အချက်အလက် အားလုံးကို သုံးသပ်လျှင် ကိုစောကြည်သည် ပစ္စည်းများကို ဗိုလ်ကြီး ဟူစိန်၏ မေတ္တာရပ်ခံချက်အရ၊ မတ်လအတွင်းက ပြောင်းရွှေ့ပေးခဲ့သည်။ မီးဘေးစိုးရိမ်၍ ပြောင်းရွှေ့နေကျနှင့်လည်း တိုက်ဆိုင်သည်။ ဗိုလ်ကြီး ဟူစိန်က ၁၉၆၄ ခု၊ မတ်လ ၂၈ ရက်နေ့တွင် နိုင်ငံခြားပစ္စည်းစာရင်း ပြုလုပ်ကြရန် စာရင်းများကို ၁၄ ရက်အတွင်း တင်ကြရန် မှာကြားခြင်း မပြုမီကပင်၊ ပစ္စည်းများကို ပြောင်းရွှေ့ခြင်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ၊ စာရင်းပေးရန် ရက်မကုန်မီပင် ကိုစောကြည်အား ဖမ်းဆီး အရေးယူကြောင်း ထင်ရှားနေသည်။ ဟသ်ာတမြို့ရှိ ဆိုင်ကြီးများကို ပြည်သူပိုင် မလုပ်မီကပစ္စည်းများကို ပြောင်းရွှေ့ထားခြင်းဖြစ်သည်မှာလည်း ထင်ရှားသည်။ ဆိုင်များကို ပြည်သူပိုင်လုပ်ရာတွင် ကိုစောကြည်၏ ဆိုင်ပါဝင်ပါသည်ဟု တရားလိုဘက်မှမပြ။ ဆိုင်ကို ပြည်သူပိုင်သိမ်း၍ ကိုစောကြည်ကို အခြားနေရာ ရွှေ့ပြောင်းထားသော ပစ္စည်းတို့ကို ထိမ်ဝှက်၍ စာရင်းပြုသည်ဟု စွဲဆိုခြင်းလည်း မဟုတ်။ ထို့ကြောင့် ကိုစောကြည်အား စွဲဆိုအပြစ်ပေးထားခြင်းသည် မှားယွင်းသည်။ ဖြစ်ပေါ်လာနိုင်သည့် အလားအလာကိုကြည့်ကာ၊ ဆန္ဒစော၍ အစွဲအလမ်းထား၍၊ ကြိုတင်အပြစ်ပေးသလို ဖြစ်နေသည်။ ယင်းသို့မပြုစကောင်း။

ကိုစောကြည်သည် "မနေ့ကအားဖြင့်" မကျူးလွန်ခဲ့ဟုမဆိုသာ။ သို့ရာတွင်ဥပဒေနှင့်ညီစွန်းစေမည့်စာရင်းလိမ်ခြင်း၊ ပြောင်းရွှေ့သောပစ္စည်းများကို တိမ်ဝှက်ခြင်း၊ စသောကာယကံမြောက် ကျူးလွန်ခြင်းမပြုသေး။ မနေ့ကအားဖြင့် ပြစ်မှုးမိလျှင်လည်းရင်းသည် ၁၉၆၆ ခု၊ ဧပြီလ ၂ ရက်နေ့မှစ၍၊ အချုပ်အနှောင်ခံနေခဲ့ရသဖြင့် သတိတရားရလောက်ပေပြီ။

ထို့ကြောင့်၊ ကိုစောကြည်အပေါ် ပြစ်မှုထင်ရှားစီရင်ထားခြင်း၊ ပြစ်ဒဏ်များသတ်မှတ်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ ရင်းအား အားပေးကူညီမှုဖြင့် ပြစ်ဒဏ်များသင့်လျက်ရှိကြသော ဦးသိန်း နှင့် ဦးတင်လေးတို့အပေါ် ပြစ်မှုထင်ရှားစီရင်ထားခြင်းနှင့်ပြစ်ဒဏ်များသတ်မှတ်ထားခြင်း တို့ကိုလည်း ပယ်ဖျက်လိုက်သည်။

၁၉၆၉

---

မောင်စောကြည်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

# ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှယာန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၆၉ မတ်လ ၄ ရက်။

## မောင်ပြုံးကျယ် (ခေါ်) မောင်အောင်မြင့် (အယူခံတရားလို)

နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

**မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—အထူးရာဇဝတ်ရုံးမှ ချမှတ်သော ပြစ်ဒဏ်နှင့်သာမန်ရုံးက ချမှတ်သောပြစ်ဒဏ် တပေါင်းတည်းကျခံစေလျှင် နည်းဥပဒေနှင့် ဆန့်ကျင်နိုင်ဖွယ်ယှိခြင်း။**

အယူခံတရားလိုအား အထူးရာဇဝတ်ရုံးတွင် မတရားသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁)အရ တရားစွဲဆိုခဲ့သည်။ ထို့အပြင် အထူးတရားသူကြီးရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၃၆၅ အရတရားစွဲဆို ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အထူးရာဇဝတ်ရုံးကို အထူးဥပဒေ၊ နည်းဥပဒေများဖြင့်အာဏာအပ်နှင်း၍ လုပ်ထုံးသတ်မှတ်သည်ဖြစ်ရာ၊ သာမန်ရုံးကချမှတ်သော ပြစ်ဒဏ်နှင့် တပေါင်းတည်းကျခံစေလျှင် နည်းဥပဒေနှင့် ဆန့်ကျင်နိုင်ဖွယ်ယှိသည်။

**အယူခံတရားလို၏အကျိုးဆောင်။** ။

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို မောင်ပြုံးကျယ်သည်၊ ကွန်မြူနစ်သောင်းကျန်းသူ တဦးဖြစ်သည်ဟု တွေ့ယှိ၍၊ ပြည်မြို့ အထူးရာဇဝတ်ရုံး အမှတ် ၃၀/၆၇ က ၎င်းအား မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁) အရ၊ ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းသို့ အမိန့်မချမှတ်မီ မောင်ပြုံးကျယ်အား အခြားအမှုတွင် ပြည်မြို့ အထူးတရား

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၁၁၈။

† ပြည်မြို့၊ ၁၉၆၇ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၃၀၊ ၁၉၆၇ ခုနှစ်၊ရာဇဝတ်ကြီးမှုအမှတ် ၂ တွင်၊ ၁၉၆၇ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကိုအယူခံမှု။

၁၉၆၉

မောင်ပြူးကျယ် (ခေါ်) မောင်အောင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

သူကြီးက တင်သိန်းဆိုသူကို ဖမ်းခေါ်သွားကာ သတ်ဖြတ်ပစ်ရာတွင် ပါဝင်သည်ဟု တွေ့ရှိ၊ ရာဇသတ်ကြီး ပုဒ်မ ၄၆၅ အရ၊ ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုအဖွဲ့က အတည်ပြုရာတွင် ပထမအမှုတွင် မောင်ပြူးကျယ် ကျခံနေရသော ထောင်ဒဏ် ၅ နှစ်ကုန်ဆုံးမှ အထူးရာဇဝတ်ရုံးကသတ်မှတ်သော ထောင်ဒဏ် ၇ နှစ်ကို ဆက်လက်၍ သီးခြား ကျခံစေရမည်ဟု အမိန့်ချမှတ်ခဲ့သည်။

အထူး ရာဇဝတ်ရုံး အမှုတွဲကို လေ့လာသောအခါ၊ အကြောင်းခြင်းရာ အားဖြင့် ထင်ရှားပြီးဖြစ်သည်ကို တွေ့ကြရသောကြောင့်၊ ပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရန် သင့် မသင့်ကိုသာ ဆုံးဖြတ်နိုင်ရန် ကျွန်ုပ်တို့က အယူခံဝင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။

လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်ဦးလှသင်းကအထူးရာဇဝတ်ရုံးကို အထူးဥပဒေ၊ နည်းဥပဒေများဖြင့် အာဏာအပ်နှင်း၍ လုပ်ထုံးသတ်မှတ်သည်ဖြစ်ရာ၊ သာမန်ရုံးက ချမှတ်သော ပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေလျှင် နည်းဥပဒေနှင့် ဆန့်ကျင်နိုင်ဘွယ်ယိုကြောင်း တင်ပြသည်။

အတည်ပြုအဖွဲ့က အယူခံတရားလို ကျူးလွန်ခဲ့သော ပြစ်မှုများ၏ ပမာဏကို ကောင်းစွာ ချိန်ဆ၍၊ ပြစ်ဒဏ်နှစ်ရပ်ကို သီးခြား ကျခံစေရမည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့က စွက်ဖက်ပြင်ဆင်ရန် အကြောင်းမမြင်။

ထို့ကြောင့်၊ အယူခံကိုပယ်လိုက်သည်။

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

[ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်]

မောင်တေနု (အယူခံတရားလို) † ၁၉၆၉

နှင့် ဇွန်လ ၂၈ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

**၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ (က) (ဃ) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—ထောင်အရာရှိများက အပြစ်ကျခံနေသောသူများ၏ အယူခံလွှာများကို အဖြစ်အပျက်စုံစုံ ဥပဒေ အချက်အလက်ကျကျ ရေးသားကူညီပေးသော လုပ်ထုံးတရပ်—တစုံတခုပြုလုပ်စဉ်က တည်ဆဲဖြစ်နေသော ဥပဒေ အရ သာလျှင် ယင်းဖြစ်ရပ်သည် ပြစ်မှုမြောက် မမြောက်ကို ဆုံးဖြတ်ရခြင်း—ပစ္စည်းတွေ့ယှိသည့် နေရာသည်အိမ်မှ အတန်ဝေး၍ ဝင်းခြံမရှိကြောင်း ရွာမှူးသူငါ ဖြတ်သန်းကြောင်း ထင်ရှားခြင်း—တရားခံ၏ ပစ္စည်းဖြစ်သည်ဟု တထစ်ချ ယူဆသင့် မယူဆသင့်။**

အယူခံတရားလိုအား မှောင်ခိုပစ္စည်းများ တွေ့ရှိမှုဖြင့် တရားစွဲဆိုခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အယူခံလွှာ၏ အချက်အလက်တို့ကို တိုတိုရှင်းရှင်း ရေးသွင်းရာ၌ ထောင်အရာယှိများက စေတနာအလျောက် ရေးသားကူညီပေးခဲ့ကြဟန်တူသည်။ ဤသို့အပြစ်ကျခံနေကြသောသူများ၏ အယူခံလွှာများကို အဖြစ်အပျက်စုံစုံ ဥပဒေ အချက်အလက်ကျကျ၊ ရေးသားကူညီပေးသော လုပ်ထုံးတရပ်သည် ကြေးငွေမတတ်နိုင်သော သူတို့အား အထောက်အကူဖြစ်စေသည်။ အယူခံတရားရုံးများက ယင်းသို့ အကျဉ်းထောင်မှ တင်သွင်းသော အယူခံများကိုလည်း ကောင်းစွာ လေ့လာ၍ အမှန်အတိုင်း ဖြစ်စေခြင်းဖြင့်၊ ငွေကြေးတတ်နိုင်သူ၊ ရှေ့နေကြီးများကို ကြေးကြီးကြီး ပေး၍ငှါးနိုင်သူများကိုသာ အသာပေးသည့် ငွေများ တရားနိုင် စံနစ်ကို ဖြိုဖျက်လျက်ယှိကြသည်။ အစိုးရရှေ့နေများကလည်း၊ အကျဉ်းထောင်မှ တိုက်ရိုက်တက်သော အယူခံများပေါ်တွင် မျှမျှတတ လျှောက်လဲတင်ပြခြင်းဖြင့် အမှန်တရားကို ရှာဖွေဖေါ်ထုတ်ရာ၌ ကူညီလျက်ယှိကြသည်။

သာမန်အားဖြင့် ဥပဒေ၏ အကျိုးသက်ရောက်မှုကို နောက်ကြောင်း မပြန်စေရ။ တစုံတခုကို ပြုလုပ်စဉ်က တည်ယှိနေသော ဥပဒေအရသာလျှင်၊ ယင်းပြုရပ်သည် ပြစ်မှုမြောက် မမြောက်ကို

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၄။

† မော်လမြိုင်မြို့၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂၂ ၏၊ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင်၊ ၁၉၆၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၌ အမိန့်ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အတည်ပြုသည့် အမိန့်ကိုအယူခံမှု။

သုံးဖြတ်ရသည်။ သို့မှသာ ဥပဒေတို့သည် သေခြာထင်ရှား၍ ပြည်သူတို့သိမြင်နားလည်မည်။ မသိမမြင်ရသေး၍ နားမလည်သော ဥပဒေကို ပြည်သူတို့ကျင့်သုံးနိုင်ရန် ခဲယဉ်းသည်။

အယူခံတရားလို၏ အိမ်သည် ရွာလယ်တွင်ယှိကြောင်း၊ ထင်းပုံသည် အိမ်မှ အတန်ဝေး၍ ဝင်းခြံမယှိကြောင်း၊ ရွာမှအများသူငါ ဖြတ်သန်းကြောင်းထင်ရှားသည်၊ ထင်းပုံတွင် ပစ္စည်းတွေ့ကာမျှနှင့် အယူခံတရားလို၏ ပစ္စည်းဖြစ်သည်ဟု တထစ်ချ မယူဆသင့်။

**အယူခံတရားလို၏အကျိုးဆောင်။**

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက်နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်း။

**တရားသူကြီးချုပ် ဒေါက်တာ မောင်မောင်။** ။အယူခံ တရားလို ဦးတေနသည် ကော့ကရိတ်မြို့နယ်၊ ကော့ဝါလဲရွာတွင် လယ်လုပ်သူဖြစ်သည်။ ၎င်းတို့ရွာဖက် မှောင်ခိုပစ္စည်းများ သယ်ယူသွားသည့် သတင်းရ၍ ပြည်သူ့ရဲတပ်ဖွဲ့မှ သွားရောက်ရှာဖွေကြရာ၊ မောင်အောင်ကြည်ဆိုသူ၏ နွားတင်းကုတ်မှ တန်ဘိုးငွေ ၂၂၁ ကျပ်ခန့်ရှိသော ပိတ်အုပ်အချို့နှင့် ဦးတေနတို့၏ ထင်းပုံမှငွေ ၂,၇၅၇ ကျပ်တန် ပိတ်အုပ်ပစ္စည်းအချို့ကို တွေ့ယှိကြသည်။

ဦးတေနတို့မိသားစုရွာတွင် မယှိကြ။ ၎င်းတို့မျက်ကွယ်၌ ပစ္စည်းများကို စာရင်းပြုလုပ် သိမ်းဆည်းကြသည်။ မောင်အောင်ကြည်အား ဆုံးမ၍ လွှတ်ကြကာ၊ ဦးတေနအား ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ အရ၊ အထူးရာဇဝတ်ရုံးက ထောင် ၁၄ နှစ်စီရင်သည်ကို အတည်ပြုအဖွဲ့က ထောင်ဒဏ် ၁၀ နှစ်သို့ လျှော့ပေါ့ သတ်မှတ်ပေးသည်။

အယူခံလွှာကို ဦးတေနက အကျဉ်းထောင်မှတင်သွင်းခြင်းဖြစ်သည်။ ရှေ့နေငှါးရမ်းနိုင်စွမ်းမယှိ။ အချက်အလက်ကို တိုတိုရှင်းရှင်း ရေးသွင်းရာ၌ ထောင်အရာယှိများက စေတနာအလျောက် ရေးသားကူညီပေးခဲ့ကြဟန် တူသည်။ ဤသို့အဖြစ်ကျခံနေကြသော သူများ၏ အယူခံလွှာများကို အဖြစ်အပျက်စုံစုံ ဥပဒေအချက်အလက်ကျကျ ရေးသားကူညီပေးသော လုပ်ထုံးတရပ်သည် ကြေးငွေမတတ်နိုင်သောသူတို့အား အထောက်အကူဖြစ်စေသည်။ အယူခံ တရားရုံးများက ယင်းသို့ အကျဉ်းထောင်မှ တင်သွင်းသော အယူခံများကိုလည်း ကောင်းစွာ လေ့လာ၍ အမှန်အတိုင်း ဖြစ်စေခြင်းဖြင့်၊ ငွေကြေးတတ်နိုင်သူ ရှေ့နေကြီးများကို ကြေးကြီးကြီးပေး၍ ငှါးနိုင်သူများကိုသာ အသာပေးသည့် ငွေများ တရားနိုင်စနစ်ကို ဖြိုဖျက်လျက်ယှိကြသည်။ အစိုးရရှေ့နေများကလည်း၊ အကျဉ်းထောင်မှ တိုက်ရိုက်တက်သော အယူခံများပေါ်တွင် မျှမျှတတ လျှောက်လဲတင်ပြခြင်းဖြင့် အမှန်တရားကိုရှာဖွေဖေါ် ထုတ်ရာ၌ကူညီလျက်ယှိကြသည်။

၁၉၆၉

မောင်တေနု နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

လက်ထောက် ရှေ့နေချုပ် ဦးလှသင်းက အမှုဖြစ်ပွါးသည်မှာ ၁၉၆၆ ခုနှစ်၊ ဇန္နဝါရီလ ၂၇ ရက်နေ့ကဖြစ်၍၊ ၁၉၆၅ ခုနှစ်၊ ဥပဒေကို ပြင်ဆင်သော ၁၉၆၇ ခုနှစ်၊ ဥပဒေ မထွက်မီက ဖြစ်ပါသည်။ ထိုကြောင့် မပြင်ရသေးသော ဥပဒေဖြင့်သာ အမှုကို ဆုံးဖြတ်ရပါသည်။ ယင်းဥပဒေအရ၊ ပုဒ်မ ၁၅ တွင် အကျုံးဝင်ရန် ဆိုင့်ုယ်လစ်စီးပွါးရေး စနစ်ကို ဆန့်ကျင်သည့်စေတနာ ပေါ်လွင်ရပါသည်။ နိုင်ငံခြားမှ ပစ္စည်းများကို ကိုယ်တိုင်ဥပဒေမဲ့ တင်သွင်းခဲ့ခြင်းလည်း ပေါ်ရပါသည်။ ဤအမှုတွင် ထိုအင်္ဂါရပ်များ မစုံပါ။ ထို့ပြင် ထင်းပုံမှပစ္စည်းတို့ကို တွေ့ခဲ့ကြသည်ဖြစ်ရာ၊ ဦးတေနု၏ ပစ္စည်းများဖြစ်သည်ဟု အတိအလင်း ဒွိဟကင်းစွာ ဆုံးဖြတ်ရန် ခဲယဉ်းပါသည်ဟု တင်ပြသည်။

သာမန်အားဖြင့် ဥပဒေ၏ အကျိုးသက်ရောက်မှုကို နောက်ကြောင်း မပြန်စေရ။ တစုံတခုကို ပြုလုပ်စဉ်က တည်ယှိနေသော ဥပဒေအရသာလျှင် ယင်းပြုရပ်သည် ပြစ်မှု မြောက် မမြောက်ကို ဆုံးဖြတ်ရသည်။ သို့မှသာ ဥပဒေတို့သည် သေခြာထင်ရှား၍ ပြည်သူတို့ သိမြင်နားလည်မည်။ မသိမမြင်ရသေး၍ နားမလည်သော ဥပဒေကို ပြည်သူတို့ ကျင့်သုံးနိုင်ရန် ခဲယဉ်းသည်။

၁၉၆၅ ခုနှစ်၊ ဥပဒေအရ ဦးတေနုအပေါ် ပုဒ်မ ၁၅ အရ၊ ပြစ်မှုထင်ရှားတွေ့ယှိ ထားခြင်းသည် မှားယွင်းသည်ဟု ဆိုရမည်။ ထိုမျှမကသေး၊ ၎င်းသည် ပြစ်မှုကျူးလွန် သည်ဟု တွေ့ယှိထားခြင်းကပင် မှန်ကန်သလော၊ ဆုံးဖြတ်ရန် လိုသေးသည်။

အချင်းဖြစ်နေ့က ဦးတေနုနှင့် အိမ်ထောင်စု အခြားတရွာသို့ မင်္ဂလာပွဲအတွက် ရောက်နေကြကြောင်း ပေါ်လွင်သည်။ ပစ္စည်းများသည် မိမိတို့ဥစ္စာမဟုတ်၊ ထင်းပုံသို့ မည်သို့ မည်ပုံရောက်နေသည်ကို မသိပါဟု ၎င်းတွင် တင်ပြခဲ့သည်။ မိမိ၏ပစ္စည်းများသာ ဖြစ်သည်မှန်လျှင် အများဖြတ်သန်းသော လမ်းပေါ်ယှိ ထင်းပုံပေါ်တွင်တင်၍ ထားခဲ့ ပါမည်လားဟု ထုချေသည်။

ဦးတေနုတို့အိမ်သည် ရွာလယ်တွင်ယှိကြောင်း၊ ထင်းပုံသည် အိမ်မှအတန်ဝေး၍ ဝင်းခြံမယှိကြောင်း၊ ရွာမှ အများသူငါ ဖြတ်သန်းကြောင်း ထင်ရှားသည်။ ထင်းပုံတွင် ပစ္စည်းတွေ့ကာမျှနှင့် ဦးတေနု၏ ပစ္စည်းဖြစ်သည်ဟု ဇာထစ်ချ မယူဆသင့်။ ဦးတေနုက ၎င်းသည် "မှောင်ခိုလုပ်မစားပါ၊ တောင်ပေါ်မတက်ပါ" မိသားစုနှင့် လယ်ဧက ၃၀ လောက်ကို လုပ်စားပါသည်ဟု ခုခံချေပချက်ကိုလည်း လက်မခံနိုင်ရန် မယှိ။

ထိုကြောင့် ဦးတေနုအပေါ် ပြစ်မှုထင်ရှား တွေ့ယှိထားခြင်း၊ ထောင်ဒဏ်သတ်မှတ် ထားခြင်းတို့ကို ပယ်ဖျက်၍၊ ၎င်းအား ဤအမှုနှင့် ပတ်သက်သမျှ တရားသေလွှတ် သည်။

ပိတ်အုပ်ပစ္စည်းတို့သည် မှောင်ခိုပစ္စည်းဖြစ်ကြောင်း ပေါ်လွင်သည်။ ၎င်းတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းသည် တရားနည်းလမ်း မှန်သည်။

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း နှင့် ဒေါက်တာ မောင်မောင်
တို့ရှေ့တွင်

† ၁၉၅၈

မေလ ၂၈ ရက်။

(၁) ဦးမောင်မောင် ပါ ၂။ (၂) ဒု-ဗိုလ်ဇော်ဝင်း (အယူခံတရားလိုများ)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

**ရာဇသတ်ကြီးပုဒ်မ ၃၃၀ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်း—စက်ဆုပ်ရွံရှာဖွယ်ကောင်းသော၊ သို့မဟုတ် ကြီးမားသောပြစ်မှုဖြင့် စွပ်စွဲခြင်းခံရခြင်း—ဒေါသကင်းစင်၍ ပွင့်လင်းသော စိတ်ထားဖြင့် ၎င်းတို့အား စွပ်စွဲခြင်းမှန် မမှန်၊ အထောက်အထားခိုင်လုံ မခိုင်လုံကို သေချာစွာ စစ်ဆေးရခြင်း—အမှန်တရားကို ရှာဖွေရာတွင် နှစ်ဖက်တင်ပြသော အထောက်အထား၊ အဆိုး အချေတို့ကိုအစွဲအလန်းမထားပဲ၊ ပွင့်လင်းသောစိတ်ဖြင့် ကောင်းစွာချိန်ဆရခြင်း—အမှုနှင့် ပတ်သက်၍ သတင်းစာများတွင် အကျယ်တဝင့် အထင်အရှား ဖေါ်ပြကြခြင်း—ထိုသို့ ဖေါ်ပြသောကြောင့် အဂတိတရား တပါးပါးသို့ မတိမ်းမစောင်းမိစေအောင် စောင့်ထိန်း ကာ အမှန်ကိုဖေါ်ထုတ်၍ဆုံးဖြတ်ရခြင်း—ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ စည်းကမ်း ရှိရှိအလုပ်လုပ်သော ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေး ဝန်ထမ်းများကို မလိုသူတို့က မတရား လည်ဆယ်တိုင်တန်းထတ်ကြသည်ကိုမမေ့အပ်ခြင်း။**

အယူခံတရားလိုများအား ဆန်စက်အလုပ်သမား ၂ ဦးကို ဆန်အိပ်ခိုးသည် စွပ်စွဲချက်ဖြင့် ဖမ်းဆီးအရေးယူကြရာတွင် ရိုက်နှက်ညှင်းပမ်းကြသည်ဟု တရားစွဲဆို၏။

**ဆုံးဖြတ်ချက်။** ။အကယ်၍သာ အယူခံဝင်ကြသူတို့သည် ၎င်းတို့အား စွပ်စွဲထားသောပြစ်မှုကို ကျူးလွန်သည်မှန်လျှင်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အပြုအမူကို ပြုကျင့်ကြသူများ အဖြစ် ကြီးလေးသော ပြစ်ဒဏ်များကို ကျခံကြသင့်သည်။ သို့ရာတွင် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော၊ သို့မဟုတ်ကြီးမားသော ပြစ်မှုဖြင့် စွပ်စွဲခြင်း ခံရသူတို့အပေါ်၌လည်း အစွဲအလန်း၊ ဒေါသကင်းစင်၍ ပွင့်လင်းသောစိတ်ထားဖြင့် ၎င်းတို့အား စွပ်စွဲခြင်းမှန် မမှန်၊ အထောက်အထားခိုင်လုံ၊ မခိုင်လုံကို သေချာစွာစစ်ဆေးရသည်။ စွဲဆိုသောပြစ်မှုက စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်နှင့်၊ သို့မဟုတ်

---

* ၁၉၅၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၀၉ နှင့် ၁၁၅။

† ဟသ်ာတခရိုင်၊ ၁၉၅၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၀ ၏ ၁၉၅၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁ တွင်၊ ၁၉၅၇ ခုနှစ်၊ မေလ ၉ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

ကြီးမားသည်နှင့် သက်သေအထောက်အထားကို အမှန်အမှား စိစစ်ချိန်ဆသည့် သက်သေခံဥပဒေကို ကောင်းစွာမလိုက်နာ၊ အထောက်အထား ကွင်းစက်စုံလင်သည် မစုံလင်သည်ကို မကြည့်၊ သက်သေတို့၏ယုံထိုက် မယုံထိုက်ကို ကောင်းစွာမချင့်ချိန်၊ တရားခံတို့၏ ခုခံချေပချက်ကို လေးနက်စွာ မစဉ်းစားပဲ၊ အပြစ်ပေးရန်ကိုသာ စိတ်စော၍ အမှုကို စစ်ဆေးလျှင် အမှန်တရား ကွယ်ပျောက်၍ တရားမျှတခြင်းကင်းတတ်သည်။ မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာမျက်နှာ ၆၉ ကိုညွှန်းသည်။

၁၉၆၉
(၁) ဦးမောင်မောင် ပါ ၂။
(၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

အမှန်တရားကို ရှာဖွေရာတွင် နှစ်ဖက်တင်ပြသော အထောက်အထား၊ အဆို၊ အချေ တို့ကို အစွဲအလန်းမထားပဲ၊ ပွင့်လင်းသောစိတ်ဖြင့် ကောင်းစွာချိန်ဆရသည်။

အမှုနှင့်ပတ်သက်၍ သတင်းစာများတွင် အကျယ်တဝင့်၊ အထင်အရှား ဖော်ပြကြလေသည်။ ထိုသို့ဖော်ပြသောကြောင့် အများပြည်သူနှင့်တကွ သက်ဆိုင်ရာ ဌာနများက စိတ်ဝင်စားစွာ ဝေဖန်ပြောဆိုသော အမှုများတွင် တရားရုံးများသည် ပို၍ ပင် သတိကြီးစွာထား၍၊ အဂတိတရား တပါးပါးသို့မဟိမ်းစောင်းမိစေအောင် စောင့်ထိန်းကာ အမှန်ကိုဖော်ထုတ်၍ ဆုံးဖြတ်ရပေသေးသည်။

တပ်မတော်သား၊ ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်းတို့သည် ပြည်သူကို စောင့်ရှောက်ရမည့်အစား၊ ပြည်သူကိုပင်ပြန်၍ အန္တရာယ်ပြုလျှင် ၎င်းတို့၏ ပြစ်မှုသည်ပို၍ ကြီးလေးသည်မှန်၏။ သို့ရာတွင် တဖက်တွင်လည်း၊ စွပ်စွဲခြင်း ခံရသူသည် ပြည်သူ့ဝန်ထမ်းတဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်း တဦးဖြစ်ကာမျှနှင့် ၎င်းအပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းတို့သည်လည်းတူညီသော တရားမျှတမှုကို ခံစားထိုက်သည်။ ရိုးရိုးဖြောင့်ဖြောင့် တာဝန်ကျေကျေ၊ စည်းကမ်းယှိယှိ အလုပ်လုပ်သော ပြည်သူ့ဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းများကို မလိုသူတို့က မတရားလည်ဆယ်တိုင်တန်း တတ်ကြသည်ကိုလည်း မမေ့အပ်။

**အယူခံတရားလို၏အကျိုးဆောင်။** ။အယူခံတရားလို (၁) အတွက် ဦးလှဖေ (၂) နှင့် ဦးအေးမောင်၊ (၂)အတွက် ဦးဓမောင်။

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

**တရားသူကြီးချုပ် ဒေါက်တာမောင်မောင်။** ။ဦးမောင်မောင်သည်၊ ဟသ်ာတခရိုင် အဖျောက် ပြည်သူ့ ရဲစခန်းမှူး အဖြစ် တာဝန် ထမ်းဆောင်ခဲ့၍ ဦးသန်းညွှန့်သည်၊ ယင်းစခန်း၌ ဒု-လုံခြုံရေးမှူးဖြစ်ခဲ့သည်။ ဒု-ဗိုလ် ဇော်ဝင်းသည် ဗိုလ်သင်တန်းမှ ဆင်းပြီးခါစ တပ်မတော် တာဝန်ဖြင့် အဖျောက်သို့ ရောက်သည်။

၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဆံစက် အလုပ်သမား မောင်အုန်းလှိုင်နှင့် မောင်ထွန်းကြည်တို့အား ဆန်အိတ်ခိုးသည် စွပ်စွဲချက်ဖြင့် ဖမ်းဆီး အရေးယူကြရာတွင် ဦးမောင်မောင်နှင့် ဦးသန်းညွှန့်တို့က ရိုက်နှက် ညှင်းပမ်းကြသည်။ ထို့နောက် ဗိုလ်ဇော်ဝင်းပါ ပါဝင်၍၊ မောင်အုန်းလှိုင်နှင့် မောင်ထွန်းကြည်တို့အား၊ ယောကျ်ားချင်း စပ်ယှက်ခိုင်းသည်။ တဦး၏ ယောကျ်ား အင်္ဂါကို တဦးအား

၁၉၆၉

(၁) ဦးမောင်မောင် ပါ ၂၊ (၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

စုပ်စေသည်။ ယင်းသို့ အမေ့ စေခိုင်း ညှင်းပမ်းကာ၊ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံကြစေသည်ဟု စွဲဆို၏။

မောင်အုန်းလှိုင်က ပထမ သတင်းပေး တိုင်းတန်းချက်ကို အဖျောက် ရဲစခန်း၌ ၁၉၆၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ပေး၏။ ထို့နောက်၊ တိုင်တန်းခံရသူ ၃ ဦးတို့အပေါ် ဆက်လက် အရေးယူကာ၊ ဟင်္သာတခရိုင် အထူး ရာဇဝတ်ရုံး အမှတ် ၁၀၊ ၁၉၆၆ ကို ဖွဲ့စည်း၍ အမှုတင် စစ်ဆေးခဲ့လေသည်။

ရဲသား ဦးမိုးဇက် (လိုပြ-၂)၊ ရဲတပ်ကြပ် ဦးမြမောင် (လိုပြ-၄)၊ ရဲတပ်သား ကိုသိန်းရွှေ(လိုပြ-၅)၊ ရဲတပ်သား ကိုကျော်အေး (လိုပြ-၆)၊ ရဲတပ်သား မောင်ကံဦး (လိုပြ-၇) နှင့် ရဲတပ်ကြပ် ကိုသန်းစိန် (လိုပြ-၈) တို့သည် ဖြစ်ပျက်သမျှကို ကိုယ်တိုင်မြင်ကြားခဲ့ကြရသည်ဆို၏။ အသေးစိတ် ထွက်ဆိုချက်များ၌ကား ကွဲလွဲခြင်းများ ယှိသည်။

အထူး ရာဇဝတ်ရုံးတွင် တရားခံတို့က ပြစ်မှု မကျူးလွန်ခဲ့ရပါဟု ခုခံ ထွက်ဆိုကြသည်။ မောင်အုန်းလှိုင်၊ မောင်ထွန်းကြည်တို့အား ဆန်ခိုးမှုနှင့် ပတ်သက်၍ စစ်ဆေးကြောင်း၊ ရိုက်ပုတ်ညှင်းပမ်းခြင်း မပြုကြောင်းကို ဦးမောင်မောင်နှင့် ဦးသန်းညွန့်တို့က ထွက်ဆိုကြ၍၊ ဗိုလ်ဇော်ဝင်းက ၎င်းသည် နယ်မြေပုံ လေ့လာရန် ရဲစခန်းသို့ မိုးဇက်နှင့်အတူ ရောက်သွားရာ၊ ယင်းသို့ စစ်ဆေးမေးမြန်းနေသည်ကို တွေ့ခဲ့ရကြောင်း ထွက်ဆိုသည်။

ရဲသား ဦးမိုးဇက်သည်၊ သောင်းကျန်းသူ အလင်းဝင် တဦး ဖြစ်ခဲ့သည်။ မောင်အုန်းလှိုင်က အမှု အကြောင်းကို စတင်၍ ပြောကြားသဖြင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီ စည်းရုံးရေး ဗဟို ကော်မီတီရုံးသို့သွားရောက် တိုင်ကြားခဲ့သည် ဆိုသော ဦးအောင်သန်းသည်လည်း အလင်းဝင် တဦး ဖြစ်ခဲ့ပြီးလျှင် အမှုစစ်ဆေး နေစဉ်၌ပင် တောခိုသွားသည်။ ဦးအောင်သန်းနှင့်အတူ သွားရောက်၍ တိုင်ကြားပါသည်ဆိုသော ဦးနှင်းဦးကိုလည်း ရုံးတွင် သက်သေမထူခဲ့ချေ။ ထိုအချက်တို့ကို ထောက်ရှု၍ တရားလိုတို့၏ စွပ်စွဲချက်ကို အထူးသတိထားကာ ဆင်ခြင်အပ်ကြောင်း အထူး ရာဇဝတ်ရုံး အဖွဲ့ဝင်နှင့် ဥပဒေအရာယှိဖြစ်သူ ဦးလှကျော်က တင်ပြခဲ့ကြောင်းကို ရုံးက စီရင်ချက်ထုတ်ဖော်ထားသည်။ သို့ရာတွင် ရုံးက ဦးမိုးဇက်နှင့်တကွ တရားလိုပြ ရဲသားများ၏ ထွက်ဆိုချက်တို့ကို အလေးထား၍ တရားခံတို့ အပေါ် ပြစ်မှုထင်ရှားတွေ့ယှိခဲ့လေသည်။ မောင်အုန်းလှိုင်နှင့် မောင်ထွန်းကြည်တို့အား အချင်းချင်း စပ်ယှက်စေသည်ဟူသော စွဲချက်နှင့် ပတ်သက်၍ မောင်ထွန်းကြည်ကိုယ်တိုင်ကပင်၊ သူမခံရပါဟု ဆို၍လည်းကောင်း၊ ဦးမိုးဇက်ကလည်း မမြင်ပါဆို၍ လည်းကောင်း မခိုင်လုံဟု ရုံးက ယူဆခဲ့သည်။ ယောကျ်ား အင်္ဂါကို အချင်းချင်း စုပ်စေသည် ဟူသော စွဲချက်ကို

ကား၊ ယုံကြည်သောကြောင့် တရားခံတို့ အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၃၀ အရ၊ ချောက်လှန့်၍ ဖြောင့်ချက် ယူမှုဖြင့် ဗိုလ်ဇော်ဝင်းနှင့် ဦးမောင်မောင်တို့ အပေါ် ထောင်ဒဏ် ၇ နှစ်စီနှင့် ဦးသန်းညွန့် အပေါ် ထောင်ဒဏ် ၃ နှစ် ကျခံစေ၍ သတ်မှတ်ခဲ့သည်။

၁၉၆၉

(၁) ဦးမောင်မောင် ပါ ၂။ (၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အကယ်၍သာ အယူခံဝင်ကြသူတို့သည် ၎င်းတို့အား စွပ်စွဲထားသော ပြစ်မှုကို ကျူးလွန်သည်မှန်လျှင်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အပြုအမူကို ပြုကျင့်ကြသူများ အဖြစ် ကြီးလေးသော ပြစ်ဒဏ်များကို ကျခံ ကြသင့်သည်။ သို့ရာတွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော၊ သို့မဟုတ် ကြီးမားသော ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူတို့ အပေါ်၌လည်း အစွဲအလန်း ဒေါသကင်းစင်၍ ပွင့်လင်းသော စိတ်ထားဖြင့် ၎င်းတို့အား စွပ်စွဲခြင်း မှန်မမှန်၊ အထောက်အထားခိုင်လုံ၊ မခိုင်လုံကို သေချာစွာ စစ်ဆေးရသည်။ စွဲဆိုသော ပြစ်မှုက စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်နှင့်၊ သို့မဟုတ် ကြီးမားသည်နှင့် သက်သေ အထောက်အထားကို အမှန် အမှား စိစစ်ချိန်ဆသည့် သက်သေခံ ဥပဒေကို ကောင်းစွာ မလိုက်နာ အထောက် အထား ကွင်းဆက် စုံလင်သည် မစုံလင်သည်ကို မကြည့်၊ သက်သေတို့၏ ယုံထိုက် မယုံထိုက်ကို ကောင်းစွာ မချင့်ချိန်၊ တရားခံတို့၏ ခုခံချေပချက်ကို လေးနက်စွာ မစဉ်းစားပဲ၊ အပြစ်ပေးရန်ကိုသာ စိတ်စော၍ အမှုကို စစ်ဆေးလျှင် အမှန်တရား ကွယ်ပျောက်၍ တရားမျှတခြင်း ကင်းတတ်သည်။ ဤအချက်ကို ကျွန်ုပ်တို့ အကြိမ်ကြိမ်၊ ကြုံကြိုက်သလို မှတ်ချက်ပြုခဲ့ကြဖူးပြီ။ မောင်တင်ဝင်း ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (၁) ကို ကြည့်ပါ။

ဤအမှုတွင်လည်း စွပ်စွဲချက်တွင် လူမဆန်၊ စက်ဆုပ်ရွံရှာဖွယ် ပြုမူချက်တို့ ပါဝင်နေသဖြင့်၊ အထူး သတိထား၍ တရားလိုဘက်မှ တင်ပြချက်၊ တရားခံတို့၏ ခုခံထုချေချက်တို့ကို စဉ်းစားရန် လိုသည်။

အယူခံ တရားလိုတို့၏ ရှေ့နေကြီးများ ဖြစ်ကြသော ဦးလှဖေ (၂) နှင့် ဦးအေးမောင်တို့က၊ တရားလို သက်သေတို့ ကွဲလွဲစွာ ထွက်ဆိုကြခြင်း၊ ကျူးလွန်ခြင်းခံရသည်ဆိုသူတို့ကပင် ကွဲလွဲစွာ ထွက်ဆိုကြခြင်း၊ တရားလို သက်သေတို့ကို မယုံကြည်ထိုက်ခြင်း၊ ဦးအောင်သန်း စသော အရေးကြီး သက်သေတို့ တောခိုသဖြင့် အမှုတွင် မပါခြင်း၊ အယူခံ တရားလိုတို့သည် သောင်းကျန်းသူတို့ကို ရွတ်ရွတ်ချံချံ တိုက်ခိုက်ခဲ့သူများ ဖြစ်ခြင်း၊ ထို့ကြောင့် သောင်းကျန်းသူတို့နှင့် မကောင်းခဲ့သော တရားလို သက်သေ အချို့တို့က မုန်းထားနိုင်ခြင်း စသော အချက် အလက်တို့ကို အကျယ်တဝင့် တင်ပြကြသည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာ ၆၉။

၁၉၆၉

(၁) ဦးမောင်မောင် ပါ ၂။ (၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးမိုးဇက်သည် သောင်းကျန်းသူ အလင်းဝင် တဦး ဖြစ်ခဲ့သည်ကို စဉ်းစားကောင်းသည်။ အမှုဖြစ် နယ်မြေ ဒေသတွင်လည်း ထိုစဉ်က သောင်းကျန်းမှုယှိနေသည်။ ဗိုလ်ဇော်ဝင်းက တပ်မတော် တိုက်ကင်းထွက်ရ၍ ရဲအရာယှိ ဦးမောင်မောင်၊ ဦးသန်းညွန့်တို့သည်လည်း ပြည်သူ့ ရဲတပ်ဖွဲ့ကို ခေါင်းဆောင်၍ လုံခြုံရေး တာဝန်များ ယူရသည်။ ၎င်းတို့သည် တာဝန်ကို ပြတ်ပြတ်သားသား ကြိုးကြိုးစားစား ဆောင်ရွက်ကြကြောင်း၊ စည်းကမ်း ကြပ်မတ်ကြကြောင်း၊ အထောက် အထားယှိသည်။ ၎င်းတို့အား အညှိုးထားမည့် သူများယှိနိုင်သည်။ ၎င်းတို့ အပေါ် သက်သေထွက်ဆိုကြသော ရဲသား အချို့ကပင်လျှင် အညှိုးထား၍ မဟုတ် မမှန်ထွက်ဆိုကြခြင်း ဖြစ်ပါသည်ဟု တရားခံတို့က အထူး ရာဇဝတ်ရုံးတွင် ခုခံချေပခဲ့ကြသည်ကို လေးနက်စွာ စဉ်းစားအပ်သည်။

အထူး ရာဇဝတ်ရုံးက တရားခံတို့၏ ခုခံချေပချက်တို့နှင့်၎င်းတို့တင်ပြသော သက်သေတို့ကို ကောင်းစွာ သုံးသပ်ခြင်း မယှိခဲ့ချေ။ အမှုန်တရားကို ရှာဖွေရာတွင် နှစ်ဖက် တင်ပြသော အထောက် အထား၊ အဆို၊ အချေ တို့ကို အစွဲအလန်းမထားပဲ၊ ပွင့်လင်းသော စိတ်ဖြင့် ကောင်းစွာ ချိန်ဆရသည်။

တရားခံဖက်မှ တင်ပြသော ဗိုလ်လှ (ခံပြ-၉)က ၎င်းသည် ၁၉၆၃ ခုနှစ်၊ မတ်လဆန်းလောက်က အဖျောက်သို့ စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်ယူရန် ရောက်ပါသည်။ ထိုအခါတွင် တပ်ခွဲမှူး အမိန့်ဖြင့် ဆန်ခိုးမှုဖြင့် ဖမ်းဆီးထားသော မောင်အုန်းလှိုင်နှင့် မောင်ထွန်းကြည်တို့ကို ပညာပေး၍ လွှတ်လိုက်ပါသည်ဟု ထွက်ဆိုသည်။ ၎င်းတို့ ၂ ယောက်က ဆန် ၂ တင်းခိုးမိကြောင်း၊ ၎င်းတို့အားဖမ်းဆီးထားစဉ် နှိပ်စက်ခြင်း မယှိကြောင်းပြောကြသည်ဆို၏။ ဗိုလ်လှသည် အဖျောက်၌ ဆက်လက်၍ ၁ ပတ်ကြာမျှနေခဲ့ရာ၊ ၎င်းတို့ ၂ ဦးကသော်လည်းကောင်း၊ အခြားမည်သူကမျှသော်လည်းကောင်း၊ ၎င်းတို့ ၂ ဦးအား နှိပ်စက်ညှင်းပမ်းကြောင်း တိုင်ကြားခြင်း မယှိပါဟု ထွက်ဆိုသည်။

ဗိုလ် ဇော်ဝင်းသည် အဖျောက်တွင် ၁ လမျှသာ တာဝန်ယူခဲ့ရသည်။ ၎င်းပြောင်းရွှေ့သွားပြီး မကြာမီ ဗိုလ်လှရောက်ခြင်းဖြစ်သည်။ ပြောင်းရွှေ့သွားပြီးအတန်ကြာမှ၊ မောင်အုန်းလှိုင်တို့၏ ရဲစခန်းတွင် တိုင်တန်းချက်အရ၊ ဗိုလ်ဇော်ဝင်းအရေးယူခံရခြင်းဖြစ်၏။တိုင်ချက်သည် စွပ်စွဲသော အဖြစ် အပျက် နောက် ၂ လခန့်ကြာသည်။

တရားခံတို့က တင်ပြသောသက်သေတဦးသည် ဒု-ကြီးကြပ်ရေးမှူး ဦးအောင်စံသွန်း ဖြစ်လေသည်။ အမှုကို စုံစမ်းစစ်ဆေးရန် အထက်မှ တာဝန်ပေး၍ ၁၉၆၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အဖျောက်သို့ သွားရောက်ကာ၊ အရပ်သားများ၊ ရဲတပ်

ဝင်များ၊ စုစုပေါင်း ၂၃ ဦးကို စွပ်စွဲခံရသူတို့၏ မျက်ကွယ်၌ မေးမြန်းရာ၊ စွပ်စွဲချက်တို့ကို ဦးမိုးဇက် တဦးကသာ ထောက်ခံသည်။ အခြား မည်သူကမျှမထောက်ခံ။ ထို့နောက် ရန်ကုန်မှ ကြေးနန်းဖြင့် စွပ်စွဲခံရသူတို့အား ဖမ်းရန် အမိန့်ရောက်၍ ဖမ်းဆီးရသည်။ ယခင် စစ်ဆေးခဲ့ပြီးသော သက်သေတို့ကိုလည်း တပါတည်း မော်တော်ဖြင့် တင်၍ ဟသ်ာတမြို့သို့ ခေါ်ခဲ့သည်။ မြို့သို့ ရောက်၍ ထပ်မံ စစ်ဆေးသော အခါတွင်မူ ရဲအဖွဲ့ဝင် သက်သေများက စွပ်စွဲခံရသူတို့ အပေါ်ရိုးတွင် ထွက်ဆိုသကဲ့သို့ ပြောလာကြသည်ဟု ဦးအောင်စဘွန်းက ထွက်ဆိုသည်။

တရားလို သက်သေတို့သည် မူလ မေးစဉ်က တမျိုး၊ ရန်ကုန်မှ အမိန့်ဖြင့် စတင် အရေးယူကာ ၎င်းတို့အား ခေါ်ဆောင်လာသော အခါ တဖုံ ထွက်ဆိုကြကြောင်းထင်ရှား လေသည်။ ယင်းသို့ လုံးဝ ကွဲလွဲ၍ ထွက်ဆိုခြင်း၊ ပြည်သူ့ရဲက ခေါ်ဆောင်လာသော အခါမှ တမျိုးထွက်ဆိုခြင်းတို့ကိုလည်း အထူး သတိထား၍ ဆင်ခြင်ရန် လိုသည်။

အမှုနှင့်ပတ်သက်၍ သတင်းစာများတွင် အကျယ် တဝင့်၊ အထင်အရှားဖေါ်ပြကြလေသည်။ ထိုသို့ ဖေါ်ပြသောကြောင့် အများပြည်သူနှင့်တကွ သက်ဆိုင်ရာ ဌာနများကစိတ်ဝင်စားစွာ ဝေဖန်ပြောဆိုသော အမှုများတွင် တရားရုံးများသည် ပို၍ပင် သတိကြီးစွာထား၍၊ အဂတိတရား တပါးပါးသို့ မတိမ်းစောင်းမိစေအောင် စောင့်ထိန်းကာ အမှန်ကို ဖေါ်ထုတ်၍ ဆုံးဖြတ်ရပေသေးသည်။

အားလုံးကိုခြုံ၍သုံးသပ်သော်၊ အထောက်အထား မခိုင်လုံပဲ စွပ်စွဲခံရသူတို့အား ပြစ်မှုထင်ရှားတွေ့ယိုထားသည်ဟု ကျွန်ုပ်တို့ယူဆကြသည်။တပ်မတော်သား၊ ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်းတို့သည် ပြည်သူကို စောင့်ရှောက်ရမည့်အစား၊ ပြည်သူကိုပင် ပြန်၍ အန္တရာယ်ပြုလျှင်၊ ၎င်းတို့၏ပြစ်မှုသည်ပို၍ ကြီးလေးသည် မှန်၏။ သို့ရာတွင် တဖက်တွင်လည်း၊ စွပ်စွဲခြင်းခံရသူသည်ပြည်သူ့ ဝန်ထမ်း တဦး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်း တဦး ဖြစ်ကာမျှနှင့် ၎င်း အပေါ် စွပ်စွဲချက်သည် ခိုင်လုံပြီဟု မယူဆသင့်။ ပြည်သူ့ ဝန်ထမ်း၊ လုံခြုံရေး ဝန်ထမ်းတို့သည်လည်း တူညီသော တရားမျှတမှုကို ခံစားထိုက်သည်။ ရိုးရိုး ဖြောင့်ဖြောင့် တာဝန် ကျေကျေ စည်းကမ်း ရှိရှိ အလုပ်လုပ်သောပြည်သူ့ဝန်ထမ်း၊ လုံခြုံရေး ဝန်ထမ်းများကိုမလိုသူတို့က မတရား လည်ဆယ်တိုင်တန်းတတ်ကြသည်ကိုလည်း မမေ့အပ်ကြောင်းကို ကျွန်ုပ်တို့သည် ကြုံသလို မှတ်ချက်ပြုခဲ့ကြဖူးပြီ၊ မောင်တင်ဝင်း (၁) အယူခံမှုကိုကြည့်ပါ။

အထက်ပါ ကဲ့သို့ တွေ့ယိုသုံးသပ်ကြပြီးနောက်၊ ပို၍ သေချာစေအောင် ကျွန်ုပ်တို့ အဖွဲ့ဝင် အချို့နှင့် ပြည်သူ့ စိတ္တဇ ရောဂါ ဆေးရုံအုပ် ဒေါက်တာ နေဝင်းတို့သည်

၁၉၆၉

(၁) ဦးမောင်မောင် ပါ ၂။
(၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

၁၉၆၉

(၁) ဦးမောင်မောင် ပါ ၂၊ (၂) ဒု-ဗိုလ်ဇော်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဟသာတမြို့ အကျဉ်းထောင် အတွင်း၌ ၁၉၆၉ ခုနှစ်၊ မတလ ၄ ရက်နေ့တွင် အယူခံတရားလိုတို့အား တဦးစီ အေးဆေးစွာမေးမြန်းခဲ့သည်။ ၎င်းတို့သည် ငယ်ရွယ်သူများဖြစ်ကြသည်။ ပွင့်လင်း တည်ငြိမ်၍ သဘာဝကျသည်။ ရက်စက်ကြမ်းကြုတ်ခြင်းလင်နှင့် ပတ်သက်၍ သေဒဏ်ခြင်း စသည့် အရိပ် လက္ခဏာ မပြကြဟု ကျွန်ုပ်တို့သဘောတူ တွေ့ယူခဲ့ကြသည်။

ယုံကြည်ထိုက်၍ ခိုင်လုံပြည့်စုံသောအထောက်အထား အခြေခံကင်းမဲ့သောအမှုဖြစ်သည်ဟုကျွန်ုပ်တို့ယူဆသဖြင့် အယူခံတရားလိုတို့အပေါ် ပြစ်မှုထင်ရှားတွေ့ရှိထားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ထားခြင်းတို့ကိုပယ်ဖျက်ကာ အယူခံတရားလိုတို့အား၊ ဤအမှုများနှင့်ပတ်သက်သမျှ တရားသေလတ်သည်။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှထန်၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင်တို့ရှေ့တွင်

## ဒေါ်မြမေ (အယူခံတရားလို)

နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၉

ဩဂုတ်လ ၁ ရက်။

**၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ မှုပြစ်ထင်ရှား စီရင်ခြင်း—မှောင်ခိုခြင်းမည်သည် အနည်းအများကိုလိုက်၍ အပြစ်မရှိ အပြစ်ရှိသည်ဟု ဆုံးဖြတ်ရန် ခဲယဉ်းခြင်း။**

အယူခံတရားလိုအား တားမြစ်ထားသော ပစ္စည်းများကို ခွင့်ပြုချက်မရပဲ နိုင်ငံတွင်းသို့ သွင်းယူလာမှုဖြင့် တရားစွဲဆိုခဲ့သည်။

**ဆုံးဖြတ်ချက်။** ။မှောင်ခိုခြင်းမည်သည်၊ လူတနိုင် တဆွဲဖြင့်၊ အများလုပ်ကိုင်ကာ၊ ကြီးထွားလာတတ်သော စိနစ်ဆိုးဖြစ်ပေသည်။ ထို့ကြောင့် အနည်းအများကိုလိုက်၍ အပြစ်မရှိ-အပြစ်ရှိသည်ဟု ဆုံးဖြတ်ရန် ခဲယဉ်းပေသည်။

**အယူခံတရားလို၏အကျိုးဆောင်။**

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

မြဝတီမြို့မှ ဒေါ်မြမေအား ကော့ကရိတ်ခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၆၂/၁၉၆၈ က၊ ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ၊ တားမြစ်ထားသော ပစ္စည်းများကို ခွင့်ပြုချက်မရပဲ နိုင်ငံတွင်းသို့ သွင်းယူလာမှုဖြင့် ပြစ်မှုထင်ရှား တွေ့ရှိကာ ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၆၆ ခု၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ဒေါ်မြမသည် အဖေါ်များနှင့်အတူ ယိုးဒယားတဖက်ကမ်းမှ သောင်ရင်းမြစ်ကိုဖြတ်၍၊ ဘချိကိတ်စ ၂၈၊ လက်သဲညှပ် ၄ ခု

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၅၀။

† ကော့ကရိတ်မြို့၊ ၁၉၆၈ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၆၂ ၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၄ တွင်၊ ၁၉၆၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

နှင့် ခေါင်းလျှော်ဆေး ၂ ထုပ်ကို ယူဆောင်လာခဲ့သည်။ ရှာဖွေရေး အဖွဲ့များကို မြင်သောအခါ၊ ထိတ်လန့်စိုးရိမ်ကာ အဖေါ်တဦးအား ပစ္စည်းများကိုပေး၍ ထွက်ပြေးလေသည်။

အရေးယူ စစ်ဆေးသောအခါတွင်မူ ပစ္စည်းများကို ၎င်းဝယ်ယူလာခဲ့ကြောင်းကို ဝန်ခံသည်။ သားသမီး ၈ ယောက်ရှိသူ ဖြစ်ရာ၊ ၎င်းတို့ ဝတ်ဆင်သုံးစွဲရန် ဖြစ်ပါသည်။ မှောင်မခိုပါဟု တင်ပြခဲ့သည်။ အထူးရာဇဝတ်ခုံးတွင်လည်းကောင်း၊ ဤခုံးသို့ အယူခံဝင်ရာတွင်လည်း ကောင်း၊ ထိုသို့ပင်ဆိုသည်။

အထူး ရာဇဝတ်ခုံးက အမှုကို ကောင်းစွာ စစ်ဆေးခဲ့သည်။ ဥပဒေ အချက်ကျကျလည်း သုံးသပ်ခဲ့သည်။ မှောင်ခိုခြင်းမည်သည်၊ လူတနိုင်တဆွဲဖြင့် အများလုပ်ကိုင်ကာ ကြီးထွားလာတတ်သော စံနစ်ဆိုး ဖြစ်ပေသည်။ ထို့ကြောင့် အနည်းအများကို လိုက်၍ အပြစ်မရှိ-အပြစ်ရှိသည်ဟု ဆုံးဖြတ်ရန် ခဲယဉ်းပေသည်။ ထို့ကြောင့်လည်း ပစ္စည်းတန်ဘိုး နည်းပါးစေကာမူ ဤအမှုတွင် အထူးရာဇဝတ်ခုံးက ပြစ်မှုထင်ရှား တွေ့၍ ထောင်ဒဏ် ၇ နှစ်ပေးထားခြင်း ဖြစ်ပေလိမ့်မည်။

ပစ္စည်းတန်ဘိုးသည် ၁၆၀ ကျပ်ခန့် ရှိသည်ဟု ရုံးကခန့်မှန်းသည်။ ဒေါ်မြမေကမူ ၈၀ ကျပ်ခန့်သာ တန်ပါသည်ဟု ဆိုသည်။ အမျိုးအစားကလည်း မိမိတို့ မိသားစု သုံးစွဲဖို့ ဖြစ်ပါသည်ဟူသော ထုချေချက်ကို ထောက်ခံနေသည်။ ဒေသအားဖြင့် တဖက်ကမ်းနှင့် အကူးအလူးရှိသည်။ ဆွေမကင်းမျိုးမကင်းများ ရှိကြတတ်သည်ကို သတိပြုရပေမည်။ ကာလအားဖြင့်လည်း ပြစ်မှုကျူးလွန်ချိန်လောက်တွင် တားမြစ်ကုန်ပစ္စည်း သယ်ယူလျှင် ပစ္စည်းသိမ်းကာ ကျူးလွန်သူအား ဆုံးမစကား ပြောကြားပြီး လွှတ်လျက်ရှိခဲ့သည်။

ယခုအခါ ဒေါ်မြမေသည် အချုပ်အနှောင် ခံနေရသည်မှာ ၃ နှစ်ခန့်ရှိပြီး သတိတရားရလောက်ပြီ။

အထက်ပါ အကြောင်းအားလုံးကို ထောက်ချင့်၍ ဒေါ်မြမေအပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းနှင့် ထောင်ဒဏ် ချမှတ်ထားခြင်းတို့ကို ပယ်လိုက်သည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းကလည်း လျှောက်လွှာ လက်ခံရေးနှင့် အယူခံကို ပေါင်း၍ ကြားနာရာတွင် အထက်ပါ အတိုင်း ဆုံးဖြတ်ခြင်းက မှန်ကန်မျှတပါလိမ့်မည်ဟု တင်ပြသည်။

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှယန်၊ ဗိုလ်မှူးချုပ် စိန်ဝင်းနှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

| | | |
|---|---|---|
| ၁။ ဒေါ်အုန်း | | |
| ၂။ မောင်စိန်ကြည် | အယူခံတရားလို | |
| ၃။ နေဘ်လာပေး | | |

† ၁၉၆၉ — စက်တင်ဘာလ ၃၀ ရက်။

နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

**မတရားသင်း အက်ဥပဒေပုဒ်မ ၁၇ (၂) အရ မှုဖြစ်ထင်ရှား စီရင်ခြင်း—သောင်းကျန်းသူတို့ လှုပ်ရှားခြင်းကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်း မပြုခြင်း—ယင်းကဲ့သို့ မပြုခြင်းကို ကာလဒေသ အခြေအနေကို ထောက်ချင့်၍သုံးသပ်ရန်လိုခြင်း—ရွာသူရွာသားတို့၏စိတ်သည်သောင်းကျန်း သူများဖက်သို့ အလွယ်တကူကိုင်းညွတ်ခြင်း မရှိသည်မှာ ထင်ရှားခြင်း။**

ပထမ၊ ဒုတိယ အယူခံတရားလိုတို့အား ကေအင်ဒီအို တို့ကို လက်ခံအားပေးသမှုပြုသည်ဟု လည်းကောင်း၊ တတိယအယူခံ တရားလိုအား ယင်းသို့ ကူညီအားပေးခြင်း ပြုသည်ဟုလည်းကောင်း မတရားသင်း အက်ဥပဒေပုဒ်မ ၁၇ (၂) အရ စွဲဆိုတင်ပို့ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သောင်းကျန်းသူတို့ လှုပ်ရှားခြင်းကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်းမပြုခြင်းသည် သောင်းကျန်းသူတို့နှင့် ဆက်သွယ်နေခြင်း၏ အထောက်အထားဖြစ်သည်ဟု ရုံးကမှတ်ချက်ပြု၏။ ဤသည်ကိုလည်း ကာလ၊ ဒေသ အခြေအနေကို ထောက်ချင့်၍ သုံးသပ်ရန်လိုသည်။ တိုင်တန်းခြင်းကြောင့် သောင်းကျန်းသူတို့က အညှိုးထားကာ နှိပ်စက်ကလူပြုခြင်းများလည်းရှိခဲ့သည် ဖြစ်ရာ၊ အခြေအနေပေးသည်ထက်ပို၍ ရွာသူရွာသားတို့က ဆောင်ရွက်သင့်သည်ဟု မမျှော်လင့်အပ်ချေ၊ အခြေအနေတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ၊ ရွာသူရွာသားတို့သည် တပ်မတော်၊ ပြည်သူ့ရဲတို့နှင့် ပူးတွဲ၍လည်းကောင်း၊ အချင်းချင်း ပူးပေါင်းအင်အားဖြင့် လည်းကောင်း၊ သောင်းကျန်းသူတို့အား ပြည်သူ့စစ်ဖြင့် တွန်းလှန်လျက်ရှိနေကြသည်ကို ထောက်ချင့်လျှင် ရွာသူရွာသားတို့၏စိတ်သည် သောင်းကျန်းသူများဖက်သို့ အလွယ်တကူ ကိုင်းညွတ်ခြင်းမရှိသည်မှာ ထင်ရှားသည်။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၃၀၊ ၃၁၊ ၃၅။

† မအူပင်ခရိုင်၊ ၁၉၆၇ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၂၀ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမ အမှတ် ၂-၃-၄ တို့တွင်၊ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၆၉ | အယူခံတရားလိုၢ်အကျိုးဆောင်။ ။ဦးအေးမောင်နှင့် ဦးလှတူ။
--- | ---
၁။ ဒေါ်အုန်း<br>၂။ မောင်စိန်ကြည်<br>၃။ နော်လာပေး<br>နှင့်<br>ပြည်ထောင်စုမြန်မာနိုင်ငံ။ | အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

မအူပင်ခရိုင်၊ သံကန္တတ်ကျေးရွာရှိ ဒေါ်အုန်း၏နေအိမ်တွင် ကေအင်ဒီအို သောင်းကျန်းသူ ရွှေနီအဖွဲ့ ရောက်နေသည် သတင်းရ၍ ပြည်သူ့ရဲတပ်ဖွဲ့က ၁၉၆၆ ခု၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့တွင် အိမ်ကိုဝိုင်း၍ တက်ရောက်ရှာဖွေကြရာ၊ ရွှေနီ၏ ဇနီး နော်လာပေးအား ကော်သူးလေအလံ၊ ကော်သူးလေ ပုခုံးတံဆိပ်များ၊ ဆက်ကြေးကောက်သည့် ပြေစာစာရွက်များနှင့် တွေ့ကြသည်။

ဒေါ်အုန်းနှင့် သား မောင်စိန်ကြည်တို့သည် ရွှေနီနှင့်လည်း ဆက်သွယ်ကာ၊ ကေအင်ဒီအိုတို့ကို လက်ခံ အားပေးသမှု ပြုသည်ဟုလည်းကောင်း၊ နော်လာပေးသည်လည်း ယင်းသို့ ကူညီအားပေးခြင်း ပြုသည်ဟု လည်းကောင်း၊ ၎င်းတို့အား မအူပင်ခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၂၀/၆၇ သို့ မတရားသင်း အက်ဥပဒေ ပုဒ်မ ၁၇(၂) အရ စွဲဆိုတင်ပို့ခဲ့သည်။ ရုံးက အားလုံးအပေါ် ပြစ်မှုထင်ရှား တွေ့ရှိကာ ထောင်ဒဏ် ၅ နှစ်စီ ပြစ်ဒဏ် သတ်မှတ်ခဲ့ရာ အတည်ပြု အဖွဲ့က ဒေါ်အုန်းနှင့် မောင်စိန်ကြည်တို့အပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ထောင်ဒဏ် ၃ နှစ်စီသို့ လျှော့ပေါ့ပေးခဲ့သည်။

အထူးရာဇဝတ်ရုံးတွင် ဒေါ်အုန်းက ၎င်းသည် သောင်းကျန်းသူ တို့နှင့် ဆက်သွယ်ခြင်းမရှိပါ။ နော်လာပေးအား လက်ခံခဲ့ရသည်မှာလည်း ကြောက်၍ ဖြစ်ပါသည်။ ၎င်းတွင် သောင်းကျန်းသူတို့၏ တံဆိပ်၊ အလံ စသည်ပါလာကြောင်းမသိပါ။ ရွှေနီလည်း မလာဖူးပါ။ စသည်ဖြင့် ခုခံထုချေကာ သက်သေထူခဲ့လေသည်။ အယူခံကို လျှောက်လဲသော ရှေ့နေကြီး ဦးအေးမောင်က ယင်းထုချေချက် မှန်ကြောင်း သက်သေ အထောက်အထားလည်းရှိ၊ သဘာဝယုတ္တိလည်း ကျသဖြင့် ရုံးကလက်ခံခဲ့သင့်ကြောင်း တင်ပြသည်။

မောင်စိန်ကြည်အား ပြည်သူ့ရဲ တပ်ဖွဲ့က ဒေါ်အုန်းအိမ်၌ တွေ့၍ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းသည်လည်း ရွှေနီအဖွဲ့နှင့် ဆက်သွယ်သည်ဟု စွဲဆိုသည်။ မောင်စိန်ကြည်က ငြင်းဆို၍ "၎င်းသည် နော်လာပေး အိမ်ရောက်လာစဉ်က အိမ်တွင် မရှိ၍ မသိ၊ တနေရာမှ ပြန်လာသောအခါ အဖမ်းခံရပါသည်ဟု ချေပသည်။ ယင်း အချက်ကိုလည်း အထူးရာဇဝတ်ရုံးက လက်ခံသင့်ပါသည်ဟု ဦးအေးမောင်က တင်ပြသည်။

နော်လာပေးသည် "ရွှေနီ၏" ဇနီးဖြစ်သည်ကို မငြင်း။ သို့ရာတွင် ၎င်းအား ရွှေနီက အဓမ္မ တောင်းယူပေါင်းသင်းခြင်း ဖြစ်ပါသည်။ ၎င်းသည် ဒေါ်အုန်းနှင့်

မဆက်သွယ်ဖူးပါ။ ရွှေနီအဖွဲ့ဝင်များက ဒေါ်အုန်းအိမ်သို့ ပို့သဖြင့် တည်းခိုနေစဉ် အဖမ်းခံရပါသည်။ သောင်းကျန်းသူတို့၏ ပစ္စည်းများ ပါလာသည်ကို မသိပါဟု ရုံးတွင် ထွက်ဆိုသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက ဒေါ်အုန်းနှင့် မောင်စိန်ကြည် တို့သည် နေဝ်လာပေးအား လိုလိုချင်ချင် လက်ခံခြင်း ဖြစ်ပါလျှင် စွဲဆိုသော ပြစ်မှု မြောက်ပါသည်။ ရွှေနီတို့ ဒေါ်အုန်း၏အိမ်သို့ လာဖူးသည်ဟု သက်သေ အချို့ထွက်ဆို ပါသည်။ နေဝ်လာပေးသည်ကား သောင်းကျန်းသူများ အဖွဲ့ဝင်ပင် ဖြစ်နေပါသည်ဟု တင်ပြသည်။

ဒေါ်အုန်းနှင့် မောင်စိန်ကြည်တို့ အပေါ် သက်သေအထောက်အထား ခိုင်လုံ သည်ဟု ကျွန်ုပ်တို့ မတွေ့ရချေ။ ၎င်းတို့တင်ပြသော သက်သေများကလည်း နယ်မြေ တွင် သောင်းကျန်းသူတို့ လှုပ်ရှားကြ၍ ရွာသူရွာသားတို့က ကြောက်ရွံ့ကာ လက်ခံ ရခြင်း၊ ကျွေးမွေးရခြင်း ရှိသည်ဟု ဆိုကြသည်။ ယင်းသို့ ဆိုခြင်းသည် ကာလ ဒေသ အခြေအနေနှင့်လည်း ကိုက်ညီပေသည်။ တရားလိုဘက်မှ ရွှေနီတို့ ဒေါ်အုန်း အိမ်သို့ အသွားအလာ ရှိသည်ဆိုသော်လည်း ဒေါ်အုန်းနှင့် မောင်စိန်ကြည်တို့က စိတ်ပါ လက်ပါ အားပေးကူညီကြသည်ကို မပြနိုင်ချေ။ ဒေါ်အုန်းတ အိမ်ထည်းသို့သာ သောင်းကျန်းသူတို့ သွားလာကြသည်ဟုလည်း မပြနိုင်ချေ။ သဘာဝအားဖြင့် သောင်းကျန်းသူတို့သည် ရွာကိုဝင်လျှင် ဖြန့်၍ တည်းခိုစတည်းချခြင်း၊ ထမင်းထုပ် ဆင့်ဆိုခြင်းပြုတတ်ကြသည်။

သောင်းကျန်းသူတို့ လှုပ်ရှားခြင်းကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်း မပြုခြင်းသည် သောင်းကျန်းသူတို့နှင့် ဆက်သွယ်နေခြင်း၏ အထောက်အထား ဖြစ်သည်ဟု ရုံးက မှတ်ချက်ပြု၏။ ဤသည်ကိုလည်း ကာလ၊ ဒေသ အခြေအနေကို ထောက်ချင့်၍ သုံးသပ်ရန်လိုသည်။ တိုင်တန်ခြင်းကြောင့် သောင်းကျန်းသူတို့က အညိုးထားကာ နှိပ်စက်ကလူ ပြုခြင်းများလည်း ရှိခဲ့သည်ဖြစ်ရာ၊ အခြေအနေ ပေးသည်ထက်ပို၍ ရွာသူရွာသားတို့က ဆောင်ရွက်သင့်သည်ဟု မမြော်လင့်အပ်ချေ။ အခြေအနေ တိုး တက်ကောင်းမွန်လာသည်နှင့်အမျှ ရွာသူရွာသားတို့သည်တပ်မတော် ပြည်သူ့ရဲတို့နှင့် ပူးတွဲ၍လည်းကောင်း၊ အချင်းချင်း ပူးပေါင်း အင်အားဖြင့်လည်းကောင်း၊ သောင်း ကျန်းသူတို့အား ပြည်သူ့စစ်ဖြင့် တွန်းလှန်လျက် ရှိနေသည်ကို ထောက်ချင့်လျှင် ရွာသူရွာသားတို့၏ စိတ်သည် သောင်းကျန်းသူများဖက်သို့ အလွယ်တကူ ကိုင်းညွတ ခြင်း မရှိသည်မှာ ထင်ရှားသည်။ အသက် ၅၈ နှစ်ရှိ ဒေါ်အုန်းနှင့် ၎င်း၏သား မောင်စိန်ကြည်တို့သည် ယင်းသို့ ကိုင်းညွတ်ခဲ့သည်ဟု သက်သေ အခိုင်အမာမရှိ။

ချမှု

၁။ ဒေါ်အုန်း
၂။ မောင်စိန် ကြည်။
၃။ နေဝ်လာ ပေး။
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

တရားခံများ

၁။ ဒေါ်အုန်း
၂။ မောင်စိန်ကြည်
၃။ နေဘ်လာပေး
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

နေဘ်လာပေးသည်ကား သောင်းကျန်းသူတို့နှင့်ကင်းသူမဟုတ် ~သောင်းကျန်းသူတို့၏ ပစ္စည်းများကို သူသယ်ဆောင်လာကာ ဒေါ်အုန်းအိမ်၌ စတည်းချ၍သာ ဒေါ်အုန်းတို့သားအမိ တရားခံ ဖြစ်ခဲ့ရသည်။ သို့ရာတွင် နေဘ်လာပေးသည် ယယ်ရှယ်သူဖြစ်ပြီးလျှင် ရှေ့နိက အစဦး၌ အဓမ္မသိမ်းပိုက်သဖြင့် လိုက်ပါသွားရသည်ဆိုခြင်းသည်လည်း လုံးဝ မဟုတ်မမှန်ဟု မဆိုနိုင်ချေ။ ထို့ကြောင့်လည်း အထူးရာဇဝတ်ရုံးက ၎င်းအပေါ် သက်ညှာခဲ့ခြင်းဖြစ်သည်။

ဒေါ်အုန်းနှင့် မောင်စိန်ကြည်တို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်း၊ ပြစ်ဒဏ် သတ်မှတ်ထားခြင်းတို့ကို ပယ်ဖျက်ကာ ဤအမှုနှင့် ပတ်သက်၍၊ ၎င်းတို့အား တရားသေလွှတ်သည်။

နေဘ်လာပေး၏ ~အယူခံကိုပယ်သည်။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန်နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

### ဗိုလ်ကြီး အောင်ဝင်း ကြည်း/၅၅၁၄ (အယူခံတရားလို)

နှင့်

### ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၉

ဩဂုတ်လ ၁၄ ရက်။

**အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ)/၄(၂) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ကြံရာပါတဦး၏ သက်သေထွက်ဆိုချက်—သတိထား၍ ချိန်ဆအပ်သည်ကား သဘာဝကျ၍ မျှတသောမှုဖြစ်ခြင်း—သို့ရာတွင် ကြံရာပါတို့၏ စကားတွင် အမှန်နှင့် မှုသားရောနှော၍ နေတတ်ရာတွင် ခွဲခြား၍ အမှန်ကိုနုတ်နိုင်ခြင်း—ယင်းသို့ ထုတ်နုတ်ရသည်တို့နှင့် အခြား အထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖေါ် ရခြင်း။**

အယူခံတရားလိုအား လပ်ငွေ ၂ လိယူခဲ့သည်ဟူသော စွဲချက် ၂ ရပ်ဖြင့် စစ်ဆေးခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သာမန်အားဖြင့်ဆိုလျှင် ကြံရာပါတဦးသည် မိမိ၏အပြစ်ကို ပျောက်အောင်၊ ပေါ့အောင်၊ အခြားသူတဦးအပေါ် အပြစ်လွှဲချတတ်သည်။ ထို့ကြောင့် ကြံရာပါတဦးတည်း၏ ထွက်ဆိုချက်ဖြင့် အထောက်အထားခိုင်မာပြီဟု မယူဆသင့်ချေ။ ကြံရာပါတဦး၏ ထွက်ဆိုချက်ကို အခြားကြံရာပါတဦး ၏ထွက်ဆိုချက်ဖြင့် အထောက်အကူပြုနိုင်-မပြုနိုင်ကို စီရင်ထုံးများစွာ ဖွဲ့ခဲ့ကြသည်။ မှုခင်းဟူသည် အမှုတမှုနှင့်တမှု ထပ်တူမဖြစ်နိုင်ချေ။ အဖြစ်အပျက်၊ အခြေအနေ စသည်တို့သည် အနည်းအများ ကွဲလွဲရမည်သာဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးများသည် မှုခင်းဆုံးဖြတ်ရာတွင် တွေးခေါ် ယူဆခြင်း၏ လမ်းညွှန်မျှသာဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချ၊ အဆုံးအဖြတ်ကိုပေးနိုင်ကြသည်မဟုတ်၊ ကြံရာပါတို့၏ စကားကို သတိထား၍ ချိန်ဆအပ်သည်ကား သဘာဝကျ၍ မျှတသောမှုဖြစ်သည်။

သို့ရာတွင် သက်သေတဦး၏ စကားတခွန်းကို မယုံကာမျှနှင့် အဲ့ပြောသောအခြားစကားဟူသမျှ မှုသားဖြစ်ရမည်မဆိုသာ။ ဆန်ကွဲနှင့်ဆန်၊ ခွဲခါ၍ထုတ်ရသကဲ့သို့၊ အမှန်နှင့် မှုသားကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ယူရသည်။ ထိုနည်းတူပင်၊ ကြံရာပါတို့၏စကားတွင် အမှန်နှင့်မှုသား၊ ရောနှော၍ နေတတ်ရာတွင်၊ ခွဲခြား၍ အမှန်ကို နုတ်နိုင်သည်။ ယင်းသို့ ထုတ်နုတ်ရသည်တို့နှင့် အခြား အထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖေါ် ရသည်။

---

* ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၅၄။

† ရန်ကုန်မြို့၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၀ဂ ၏ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၃၉ တွင်၊ ၁၉၆၇ ခုနှစ်၊ မတ်လ ၂ဂ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် အတည်ပြုအဖွဲ့က အတည်ပြုသည့်အမိန့်ကို အယူခံမှု။

၁၉၆၉

---

ဗိုလ်ကြီး အောင်ဝင်း ကြည်း/ ၅၅၁၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တာဝန်ရှိသူတဦး၏ နာမည်ကိုသုံး၍၊ ၎င်းအားလက်ညှိုးထိုး၍၊ အမြတ်ထုတ်ကြသော အမှုပွဲစား စသူတို့၏ မသမာမှုကြောင့်၊ စိတ်ရင်းစေတနာကောင်း၍ အကြောင်းစုံမသိလိုက်ရသော ထိုသူ အစွပ်စွဲခံ၊ အပြစ်ကျခံရသည်မျိုးလည်းရှိတတ်သည်ကို ဆင်ခြင်ကာ၊ ယင်းသို့ မဖြစ်စေရလေအောင် ကာကွယ်စောင့်ရှောက်အပ်သည်ကိုမြင်၏။ ထိုအပြင် စွပ်စွဲချက်တရပ်သည်၊ အချိန်၊ ကာလ၊ တိကျသေချာအပ်သည်၊ သို့မှသာ အစွပ်စွဲခံရသူသည် အပြည့်အဝ ချေပနိုင်မည်ဟူ၍လည်း သတိချပ်ကြ၏။

**အယူခံတရားလို၏အကျိုးဆောင်။** ။ဦးမြင့်စိုး၊ ဦးဘစိန်။

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

အယူခံတရားလို ဗိုလ်ကြီးဟောင်း အောင်ဝင်းသည်၊ တရားရေးဌာန အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်၊ အထူးရာဇဝတ်ခုံး တခုံးက ပြစ်ဒဏ်ချမှတ်ခဲ့သော ဂိုပီရမ်အာဂါရဝါ ဆိုသူ နိုင်ငံခြားသား ကုန်သည်တဦးနှင့် ပတ်သက်၍ ၁၉၆၅ ခု၊ နှစ်ဦးပိုင်း တနေ့၌ လပ်ငွေ ၂ လိယူခဲ့သည်ဟူသော စွဲချက် ၂ ရပ်ကို ရန်ကုန်မြို့ အထူးရာဇဝတ်ခုံး အမှတ် ၁၀၇/၁၉၆၆ က စစ်ဆေးခဲ့သည်။

သက်သေ အထောက်အထား ခိုင်လုံသည်ဟု အထူးရာဇဝတ်ခုံးက တွေ့ရှိကာ လပ်ငွေ ကျပ် ၁၀,၀၀၀ ယူသည်ဆိုသော စွဲချက်ပေါ်တွင် ထောင်ဒဏ် ၇ နှစ်၊ လပ်ငွေ ကျပ် ၂,၀၁၀ ယူသည်ဆိုသော စွဲချက်ပေါ်တွင် ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ် ၂ ရပ်ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အမှုအဖြစ်အပျက် အကြောင်းစုံကို အထူး ရာဇဝတ်ခုံးက စာမျက်နှာ ၄၇ မျက်နှာရှိ စီရင်ချက်တွင် အသေးစိပ် အပြည့်အစုံ ဖေါ်ပြပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် အမှုတွဲကို အချိန်ယူ၍ ကောင်းစွာ သုံးသပ်ခဲ့ကြသည်။ သို့ရာတွင် ဤစီရင်ချက်တွင် အယူခံတွင် တင်ပြကြသော အကြောင်းတို့ကိုသာ အဓိကထား၍ စဉ်းစားရန် ဖြစ်သည်။ အချက်အလက် အသေးစိပ်တို့ကိုမူ အထူးရာဇဝတ်ခုံး၏ စီရင်ချက်သို့သာညွှန်းလိုသည်။

အာဂါရဝါအား အထူးရာဇဝတ်ခုံးက စစ်ဆေးနေစဉ်အတွင်း ဗိုလ်အောင်ဝင်းက တရားရေးဌာန အတွင်းဝန်အဖြစ် ပြည်သူ့ဘဏ် အမှတ် ၁ နှင့် ၄ တို့အား အာဂါရဝါအား ခုံးကငွေဒဏ် ချမှတ်ခဲ့လျှင် ဒဏ်ငွေကို အစိုးရက မရရှိပဲ ဆုံးရှုံးမည်ကို စိုးရိမ်ရသည်ဟုဆိုကာ ၎င်း၏ငွေများကို ထုတ်မပေးရန် တားမြစ်ကြောင်းကို ၁၉၆၄ ခု၊ မတ်လ ၅ ရက်နေ့စွဲပါ စာ (သက်သေခံ "ဆ")၊ နှင့် ၁၉၆၄ ခု၊ မတ်လ ၂၃ ရက်နေ့စွဲပါ စာ (သက်သေခံ "ဈ") တို့ဖြင့် အကြောင်းကြားခဲ့သည်။

အထူးရာဇဝတ်ခုံးက အာဂါရဝါအား ပြစ်မှုထင်ရှား တွေ့ရှိ၍ ထောင်ဒဏ်ငွေဒဏ် ၂ ရပ်လုံး သတ်မှတ်ခဲ့လေသည်။ ထို့ကြောင့်၊ ဗိုလ်အောင်ဝင်း၏ မိတ်ဆွေတဦးဖြစ်သော

၁၉၆၉
ဗိုလ်ကြီး အောင်ဝင်း ကြည်း/ ၅၅၁၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးစံသာ ဆိုသူက အမှုအတွက် ဗိုလ်အောင်ဝင်းအား ချဉ်းကပ်လာသည်ဆို၏။ ထောင်ဒဏ်မပေါ့ပါ့အောင်၊ တားမြစ်ထားသော ဘဏ်ငွေများကို ဒဏ်ငွေပေးဆောင်ပြီးနောက် အမြန်ထုတ်ယူခွင့် ရအောင် ဆောင်ရွက်ပေးပါဟု အာဂါရဝါ၏သား ပါရွှေ့တန်လားအတွက် ဦးစံသာက စကားဆိုသည်။ ဗိုလ်အောင်ဝင်းထံ၊ ရုံးသို့ရင်း၊နေအိမ်သို့ရင်း၊ ဦးစံသာက အကြိမ်ကြိမ် သွားရောက်ခဲ့သည်။ ပါရွှေ့တန်လားကိုပါ ခေါ်သွား၍ မိတ်ဆက်ပေးသည်။ အောင်မြင်လျှင် ကျေးဇူးမမေ့ပါဟု စကားစသည်။ ဗိုလ်အောင်ဝင်းက အကြွေးဆပ်ရန် ငွေလိုကြောင်း ပြောသောအခါ၊ ဦးစံသာကငွေကျပ် ၁၀,၀၀၀ တောင်းလိုက်လျှင်ကောင်းမည်လားမေးရာ၊ ဗိုလ်အောင်ဝင်းကသဘောတူသည်။ ဗိုလ်အောင်ဝင်း ရုံးခန်းသို့ ဦးစံသာသွားရာ၊ ဗိုလ်အောင်ဝင်းက အတွင်းဝန်ကလေး ဦးဘချော်အား အာဂါရဝါ အမှုတွဲ ယူခဲ့ရန် မှာကြားသည်။ ဦးဘချော်က အမှုတွဲကို ယူသွားရာ ရုံးခန်းအပြင်အရောက် ဗိုလ်အောင်ဝင်းသည် အမှုတွဲကိုယူ၍ ဦးစံသာနှင့်အတူ ထွက်သွားသည်။ ဦးစံသာအား ကိစ္စပြီးပြီဟုပြောသည်။ ဘဏ်က စာမရ သေးကြောင်း ဦးစံသာကပြောရာ၊ ဗိုလ်အောင်ဝင်းက ဒုတိယ အတွင်းဝန် ဦးကံသာအား မေးပါဟု ဆိုသောကြောင့် ဦးကံသာထံ သွားရောက်မေးသည်။ ဦးကံသာက စာပို့လိုက်ပါမည်ဟု ဆိုလိုက်သည်။

ကိစ္စပြီးပြတ်ပြီဖြစ်၍ ငွေကျပ် ၁၀,၀၀၀ ကို ပါရွှေ့တန်လားကဗိုလ်အောင်ဝင်းသို့ ဦးစံသာ၏ နေအိမ်၌၊ စနေနေ့တနေ့၊ညနေပိုင်းတွင်ပေးသည်။ဗိုလ်အောင်ဝင်းက ကိုယ်တိုင်ကားမောင်းလာကာ၊ သားရေအိတ်တခုကိုယူဆောင်လာသည်။ ပါရွှေ့တန်လားနှင့် ဦးစံသာတို့က သားရေအိတ်ထဲသို့ငွေထည့်ကြသည်။ဦးစံသာက ဗိုလ်အောင်ဝင်းနှင့်အတူလိုက်သွားကာ၊ လမ်းတနေရာတွင် ဆင်းခါနီး၌၊ သူ့အတွက် ငွေကျပ် ၃,၀၀၀ တောင်းသည်။ ဗိုလ်အောင်ဝင်းက ငွေကျပ် ၂,၀၀၀ သာယူပါဆိုကာ၊ အကျဉ်းဌာနမင်းကြီးရုံးခန်းသို့ ချိန်းဆိုလိုက်သည်။ ထိုနေ့၊ ချိန်းဆိုသည့် အတိုင်း သွားရာ၊ ဦးစံသာအား ဗိုလ်အောင်ဝင်းက ငွေကျပ် ၂,၀၀၀ ပေးသည်။

အခရေးပါသော ဤအချက်တို့ကို ဦးစံသာက ထွက်ဆိုသည်။ ပါရွှေ့တန်လား (လိုပြ-၃)ကလည်း ထွက်ဆိုသည်။ ၎င်းအစီက သက်သေ ၂ဦးသည် သန့်ရှင်းကြသည် မဟုတ်။ အမှုတွင် ကြံရာပါများဖြစ်သည်ဟု အထူးရာဇဝတ်ရုံးက ဆုံးဖြတ်သည်။ ၎င်းတို့ထွက်ဆိုချက်များတွင် ကွဲလွဲချက်များ ရှိသည်ကိုလည်း ရုံးကမြင်သည်။

အယူခံ တရားလို၏ရှေ့နေကြီး ဦးမြင့်စိုးကကြံရာပါ ၂ဦး၏ ကွဲလွဲနေသော ထွက်ဆိုချက်များကို အခြေခံ၍ အထူးရာဇဝတ်ရုံးက အပြစ်ပေးထားခြင်းသည် မှားယွင်းပါသည်ဟုဘင်ပြ၏။ ရုံးကအခြားအထောက်အထားများလည်း ရှိသည်ဟု ဆိုရာတွင်

၁၉၆၉
မိုလ်ကြီး အောင်
ဝင်း ကြည်း/
၃၁၁၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ခိုင်လုံသောအချက်အလက်ကို အခြေမခံ၊ စိတ်ကူးဖြင့်ဖြည့်ခြင်း၊ အယူခံတရားလိုနှင့် ဆန့်ကျင်သည်တို့ကို လက်ခံယုံကြည်ခြင်းသာ ဖြစ်သည်ဟု လျှောက်လဲသည်။

လက်ထောက် ရှေ့နေချုပ် ဦးလှသင်းက၊ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်ကို အကြောင်းအကျိုးပြ၍ ထောက်ခံသည်။

သာမန်အားဖြင့်ဆိုလျှင် ကြံရာပါ တဦးသည် မိမိ၏ အပြစ်ကို ပျောက်အောင် ပေါ့အောင်၊ အခြားသူတဦးအပေါ် အပြစ်လွှဲချတတ်သည်။ ထို့ကြောင့် ကြံရာပါ တဦးတည်း၏ ထွက်ဆိုချက်ဖြင့် အထောက်အထား ခိုင်မာပြီဟု မယူဆသင့်ချေ။ ကြံရာပါတဦး၏ ထွက်ဆိုချက်ကို အခြားကြံရာပါတဦး၏ ထွက်ဆိုချက်ဖြင့် အထောက်အကူပြုနိုင်-မပြုနိုင်ကို စီရင်ထုံးများစွာ ဖွင့်ခဲ့ကြသည်။ မှုခင်းဟူသည် အမှုတမှုနှင့် တမှုထပ်တူ မဖြစ်နိုင်ချေ။ အဖြစ်အပျက်၊ အခြေအနေ စသည်တို့သည် အနည်းအများ ကွဲလွဲရမည်သာဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးများသည် မှုခင်းဆုံးဖြတ်ရာတွင်တွေး ခေါ် ယူဆခြင်း၏ လမ်းညွှန်မျှသာဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချ၊အဆုံး အဖြတ်ကို ပေးနိုင်ကြမည်မဟုတ်။ ကြံရာပါတို့၏ စကားကို သတိထား၍ ချိန်ဆအပ်သည်ကား သဘာဝကျ၍ မျှတသော မူဖြစ်သည်။

သို့ရာတွင် သက်သေတဦး၏ စကားတခွန်ကို မယုံကာမျှနှင့် သူပြောသော အခြား စကားဟူသမျှ မုသားဖြစ်ရမည် မဆိုသာ။ ဆန်ကွဲနှင့်ဆန်၊ ခွဲခွါ၍ ထုတ်ရသကဲ့သို့ အမှန်နှင့် မုသားကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ထုတ်ယူရသည်။ ထိုနည်းတူပင်၊ ကြံရာပါ တို့၏ စကားတွင် အမှန်နှင့်မုသား၊ ရောနှော၍ နေတတ်ရာတွင် ခွဲခြား၍ အမှန်ကို နုတ်နိုင်သည်။ ယင်းသို့ ထုတ်နုတ်ရသည်တို့နှင့် အခြား အထောက်အထားတို့ကို ပေါင်းစပ်ကာ အမှန်တရား၏ ရုပ်လုံးကို ဖေါ် ရမည်။

ဤအမှုတွင် ပထမစွဲချက်နှင့် ပတ်သက်၍ အခြားအထောက်အထားများရှိသည်။ ဗိုလ်အောင်ဝင်း ကိုယ်တိုင်က ဦးစံသာသည် အာဂါရဝါ အမှုနှင့်ပတ်သက်၍အကြိမ်ကြိမ် လာသည်ကိုမငြင်း၊ ပါရှော့တန်လားကို ပါ ခေါ် လာ၍ တွေ့ဆုံသည်ကိုမငြင်း၊ လပ်ပေး-ယူခြင်းကိုသာငြင်းသည်။ ဦးစံသာသည် လူရှုပ်ဖြစ်သည်ဟု သူဆိုသော်လည်း ဤသို့အကြိမ်ကြိမ် ဦးစံသာကိုလည်းကောင်း၊ရင်းနှင့်အတူပါလာသောပါရှော့တန်လာ ကိုလည်းကောင်း၊ တွေ့ဆုံလက်ခံခဲ့သည်ကိုမငြင်း။ ဦးစံသာသည် လူရှုပ်တဦးဖြစ်၍ သတိထားရန် ဒုတိယအတွင်းဝန် ဦးကံသာကိုလည်းကောင်း၊ မိမိ၏အိမ် သားများကို လည်းကောင်း သတိပေးခဲ့ပါသည်ဟု ထွက်ဆိုသော်လည်း၊ မိမိကိုယ်တိုင်မှုကား သတိထားခဲ့ဟန်မတူချေ။

အာဂါရဝါ၏ ဘဏ်ငွေစာရင်းဖွင့်ခွင့်လျှောက်လွှာကို တရားရေးဌာနတွင် ၁၉၆၄ ခု၊ စက်တင်ဘာလ ၉ ရက်နေ့ကရ၍၊ ၁၉၆၄ ခု၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်

၁၉၆၉

ဗိုလ်ကြီး အောင်ဝင်း ကြည်း/ ၁၁၁၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးကံသာက ဗိုလ်အောင်ဝင်းထံသို့ တင်သည်။ ထိုအချိန်တဝိုက်မှစ၍ ဦးစံသာက ဗိုလ်အောင်ဝင်းထံ ချဉ်းကပ်ကြောင်းကို ဗိုလ်အောင်ဝင်း၏ထွက်ချက်မှပင် ပေါ်လွင်သည်။ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၁ ရက် နေ့တွင် ဗိုလ်အောင်ဝင်းက ဦးကံသာအား အာဂါရဝါတွင် ဘဏ်၌ ငွေမည်မျှရှိသည်၊ ဒဏ်ငွေပေးဆောင်ပြီးမပြီး မေးရန်နှင့် နိုင်ငံခြားသား ထိန်းသိမ်းရေးအဖွဲ့အား အကြောင်းကြားရန်၊ ညွှန်ကြားခဲ့သည်။ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်မူ နိုင်ငံခြားသား ထိန်းသိမ်းရေးအဖွဲ့အား အကြောင်းမကြားတော့ဘဲ ဒဏ်ငွေပေးဆောင်ပြီးက ဘဏ်စာရင်းကို ပြန်ဖွင့်ပေးရန် ညွှန်ကြားပြန်သည်။ ၁၉၆၅ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဦးကံသာကို ၎င်းကမခေါ်ပါ၊ အခြားကိစ္စများအတွက် ဦးကံသာ လာယင်းကြုံသဖြင့် ပြောလိုက်ခြင်းဖြစ်ပါသည်၊ ဆက်လက်ဆောင်ရွက်ရန် နည်းလမ်းကို ဦးကံသာက အဆိုပြု၍ ၎င်းကသဘောတူခြင်း ဖြစ်ပါသည်ဟု ဗိုလ်အောင်ဝင်းက ထွက်ဆိုသည်ကို အထူးရာဇဝတ်ရုံးက လက်မခံခဲ့။ ကျွန်ုပ်တို့ကလည်း ဦးကံသာ၏ ထွက်ချက်နှင့်ဆက်စပ်ကြည့်ပြီးလျှင် လက်ခံရန် ခဲယဉ်းသည်။ ဗိုလ်အောင်ဝင်းက အမှုတွဲခေါ်ယူ၍ညွှန်ကြားခြင်းသာ၊ ရုံးလုပ်ရိုးလုပ်စဉ်၊ သဘာဝယုတ္တိအရ ဖြစ်ရပေမည်။

ဗိုလ်အောင်ဝင်းက ဒု-ဗိုလ်မှူးကြီး စိန်လွင်(ထိုစဉ်က ပြည်ထဲရေးဌာန အတွင်းဝန်) အား၊ အာဂါရဝါအမှုနှင့်ပတ်သက်၍၊ နိုင်ငံခြားသားထိန်းသိမ်းရေးအဖွဲ့အားအကြောင်းကြားရန်လိုမလို မေးပါသည်။ ဗိုလ်မှူးကြီး စိန်လွင်က မလိုကြောင်းပြော၍၊ ဦးကံသာအား ယင်းသို့ ပြန်ပြောခြင်းဖြစ်ပါသည်ဟု ထွက်ဆိုသည်။ သို့ရာတွင် ဗိုလ်မှူးကြီး စိန်လွင်အား အမှုတွင် သက်သေမထူ ခေါ်လိုသော သက်သေစာရင်းတွင် မပြ။

အတွင်းဝန်ကလေး ဦးဘကျော်က အာဂါရဝါအမှုတွဲကို ဗိုလ်အောင်ဝင်းအား သွားရောက်ပေးရသည်၊ ဗိုလ်အောင်ဝင်းက အမှုတွဲကို ယူသွားသည်ဆိုသည့် ထွက်ချက်နှင့် ဦးစံသာ၏ ထွက်ဆိုချက်တို့ ကိုက်ညီနေသည်။ ဗိုလ်အောင်ဝင်းက အမှုနှင့် ပတ်သက်၍ လုပ်ရိုးလုပ်စဉ်သာ ဆောင်ရွက်ခဲ့ပါသည် ဆိုသော ထုချေချက်ကို ယိမ်းယိုင်စေသည်။

အထက်ပါ အချက်အလက်တို့နှင့် အထူးရာဇဝတ်ရုံးနှင့် သုံးသပ်ချက်တို့ကို ပေါင်းစပ်ကြည့်ရှုလျှင် ပထမစွဲချက်သည် ခိုင်မာ မှန်ကန်သည်ဟု ကျွန်ုပ်တို့ တွေ့ရှိသည်။

[ဒုတိယ စွဲချက်တွင် ဗိုလ်အောင်ဝင်းသည် အာဂါရဝါ အမှုတွင် အယူခံ ဝင်ရောက်ခြင်းနှင့် ပတ်သက်၍ အကြံပေး၊ အကူအညီပြုကာ၊ လပ်ငွေကျပ် ၂,၀၀၀ ယူသည်ဆို၏။ ဤစွဲချက်နှင့် ပတ်သက်သော အသေးစိပ် အချက်အလက်တို့ကိုလည်း အထူးရာဇဝတ်ရုံးက အကျယ်တဝင့် ဆွေးနွေး ဝေဘန်ပြီးဖြစ်၏။

၁၉၆၉
မိုလ်ကြီး အောင်ဝင်း ကြည်း/၁၁၁၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံတွင် ရှေ့နေကြီး ဦးမြင့်စိုးက အထူးရာဇဝတ်ရုံး စီရင်ချက်မှ အယူခံဝင်နိုင်ခြင်းကို၊ အထူးရာဇဝတ်ရုံး ဥပဒေကို ပြင်ဆင်သည့် ၁၉၆၄ ခုနှစ်၊ ဥပဒေပုဒ်မ ၁၁ က ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ရာ လျှို့ဝှက်သော ကိစ္စမဟုတ် ဗိုလ်အောင်ဝင်းက ထုတ်ဖေါ် ပြောမှုမဟုတ် အများသိနိုင်၍ ဗိုလ်အောင်ဝင်းကိုယ်တိုင် ပါရှေ့တန်လားအားအစဦး ကပင် ပွင့်လင်းစွာ ပြောပြပြီးဖြစ်ကြောင်း၊ထို့ကြောင့်လပ်ပေးရန်လပ်ယူရန်အကြောင်း မရှိပါဟု လျှောက်လဲသည်။

သို့ရာတွင် ၁၉၆၄ ခုနှစ်၊ ဥပဒေကို ပြဋ္ဌာန်းပြီးသော်လည်း ပုဒ်မ ၁၁ အရ၊ အယူခံဝင်ခွင့်ကို အသေးစိပ်၍ ဖေါ်ပြခြင်းမရှိသေး။ ယင်းဥပဒေကို ပြဋ္ဌာန်းခြင်း မပြုမီက စွဲဆိုခဲ့သော အမှုများနှင့် သက်ဆိုင်-မဆိုင်ကို အများမသိကြရသေး။ ထို့ကြောင့်လည်း ဗိုလ်အောင်ဝင်းက ညွှန်လိုက်သော ရှေ့နေ ဦးဘကျော်ထံ ဦးစံသာနှင့် ပါရှေ့တန်လား တို့သွား၍ အယူခံကို အပ်ကြရာတွင် ဦးဘကျော်ကပင် ၇-နှစ်အောက် ထောင်ဒဏ်ကို အယူခံ ဝင်နိုင်ခွင့် မရှိဟု ပြောကြောင်း၊ ဦးစံသာက အယူခံနိုင်ကြောင်း၊ အသနားခံချက်များပါအောင်ရေးသားဖို့ပြောကြောင်းကို ဦးဘကျော်က ထွက်ဆိုသည်။ အမှုအပ်သောနေ့တွင်လည်း ဗိုလ်အောင်ဝင်းရောက်လာကာ၊အသနားခံချက်များပါအောင် ရေးဖို့ပြောကြောင်း ဦးဘကျော်က ထွက်ဆိုသည်။ ယင်းအဖြစ်အပျက်တို့မှာ ၁၉၆၅ ခုနှစ်၊ဧပြီလဆန်းလောက်ကဖြစ်ပါသည်ဟု ဦးဘကျော်ကဆို၏။ ဦးဘကျော်အားရှေ့နေ ကိုယ်စားလှယ်လွှဲစာကို ၁၉၆၅ ခု၊ ဧပြီလ ၉ ရက်နေ့က ပါရှေ့တန်လားတို့က ပေးခဲ့သည်ဟု အမှုတွင်တရားခံ့ပက်မှ မေးရာမှပေါ်၏။ ထို့ကြောင့် ဧပြီလဆန်းတွင် အယူခံနှင့် ပတ်သက်၍ ဦးစံသာတို့ ၎င်းထံ လာရောက်ခဲ့သည်ဟု ဦးဘကျော်က ဆိုခဲ့ခြင်းသည် အထောက်အထားခိုင်လုံ၏။

ဗိုလ်အောင်ဝင်း ကိုယ်တိုင် လက်မှတ်ရေးထိုးသော အထူးရာဇဝတ်ရုံးများမှ အယူခံဝင်ခြင်းဆိုင်ရာ ညွှန်ကြားချက်သည် ၁၉၆၅ ခု၊ မေလ ၃ ရက်နေ့စွဲဖြင့် ဖြစ်၏။ ထိုအခါမှ အယူခံဝင်ခြင်းဆိုင်ရာ ပုဒ်မ ၁၁ ၏ အကျိုးသက်ရောက်မှု အပြည့်အစုံ ထင်ရှားလာ၏။ ယင်းညွှန်ကြားချက်ကိုပင် အများပြည်သူ သိစေရန် ဗိုလ်အောင်ဝင်းက အတွင်းဝန်အဖြစ် ထုတ်ပြန်ခြင်း မပြုသေး။ "ထိပ်တန်းလျှို့ဝှက်" ဟု သတ်မှတ်ထားသေး၏။ ထို့ကြောင့် ထိပ်တန်းလျှို့ဝှက်ဟု ၎င်းကသတ်မှတ်သော ကိစ္စတရပ်ကို ဗိုလ်အောင်ဝင်းသည် ဦးစံသာ၊ ပါရှေ့တန်လား၊ ဦးဘကျော်တို့အား စောစောကပင် ပြောကြားနေခဲ့သည်မှာ ထင်ရှားလေသည်။ ဤကဲ့သို့ပြောကြားခြင်း၊ အကြံပေးခြင်းသည် လပ်ပေးလပ်ယူခြင်းတွင် ၎င်းဖက်မှ အယူကောင်းအောင် အပေးသဘော ကမ်းလှမ်းခြင်းသာ ဖြစ်ရမည်ဟု အခြားပေါ်ပေါက်သော အချက်အလက်များနှင့် ဆက်စပ်၍ကြည့်လျှင် ပေါ်လွင်လာသည်။

ကျွန်ုပ်တို့သည ဤအမှုကို အချိန်ယူ၍ လေးနက်စွာ စဉ်းစားသည်။ တာဝန်ရှိသူ တဦး၏ နာမည်ကိုသုံး၍ ၎င်းအား လက်ညှိုးထိုး၍ အမြတ်ထုတ်ကြသော အမှုပွဲစား စသူတို့၏ မသမာမှုကြောင့် စိတ်ရင်းစေတနာကောင်း၍ အကြောင်းစုံ မသိလိုက်ရသော ထိုသူ အစွပ်စွဲခံ အပြစ်ကျခံရသည်မျိုးလည်း ရှိတတ်သည်ကို ကျွန်ုပ်တို့ဆင်ခြင်ကာ ယင်းသို့ မဖြစ်စေရလေအောင် ကာကွယ် စောင့်ရှောက်အပ်သည်ကို မြင်၏။ ထိုအပြင် စွပ်စွဲချက်တရပ်သည် အချိန်၊ ကာလ၊ တိကျသေချာအပ်သည်။ သို့မှသာ အစွပ်စွဲခံရသူသည် အပြည့်အဝ ချေပနိုင်မည်ဟူ၍ လည်း ကျွန်ုပ်တို့ သတိချပ်ကြ၏။

၁၉၆၉
——
ဗိုလ်ကြီး အောင်ဝင်း ကြည်း/၃၃၁၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဤအမှုတွင်ကား လည်ဆယ်စွပ်စွဲခြင်းမဟုတ်၊ ခုငလုံမှန်ကန်၍အာဃာတကင်းစွာ ဖြစ်ပေါ်လာသော အမှုဖြစ်သည်။ စွဲချက်တို့သည် နေ့ရက် အတိအကျ မဖော်ပြနိုင်သော်လည်း ဗိုလ်အောင်ဝင်းက ဘာကို စွပ်စွဲသည်ကို သိ၍ အပြည့်အဝ ချေပနိုင်ခဲ့ပြီဟူ၍ ကျွန်ုပ်တို့ ယူဆသည်။

ဗိုလ်အောင်ဝင်းသည် မိမိ၏အခြေအနေ မိတ်ဆွေဆိုး၏ ဆွဲဆောင်မှုကြောင့်၊ တကြိမ်တခါ မှားယွင်းခဲ့ခြင်း ဖြစ်ပုံရသည်။ ထို့ကြောင့်လည်း အထူး ရာဇဝတ်ရုံးက ၎င်းကဲ့သို့ တာဝန်ရှိသော ပုဂ္ဂိုလ်တဦးအပေါ် သက်ညှာသောပြစ်ဒဏ်ကို သတ်မှတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အထက်ပါ အကြောင်းတို့ကြောင့် အယူခံကို ပယ်လိုက်သည်။

# အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၅၉

ဩဂုတ်လ ၁၄ ရက်။

## ဗိုလ်မှူး ဝင်းဖေ ကြည်း/၅၂၈၄ (အယူခံတရားလို)

နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ)*

**အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ)/၄(၂) အရမှုဖြစ်ထင်ရှားစီရင်ခြင်း—ထင်ကြေးနှင့်အပြစ်မပေးသင့်၊ ခိုင်လုံသော အထောက်အထားပြည့်စုံမှသာအပြစ်ပေးရမည်ဆိုလျှင်၊ တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟုယူဆခြင်း—အမှုတိုင်းတွင် မျက်မြင်သက်သေအထင်အရှားရှိသည်မဟုတ်။ အချက်အလက် အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကို ရှာဖွေကြရခြင်း—ဥပဒေအကျိုးသက်ရောက်သော ညွှန်ကြားချက်ဖြင့်တရားခံတို့အား အလုံအလောက်ခုခံချေပခွင့်ပေးခြင်း—ပွင့်လင်းမျှတစွာ စစ်ဆေးခဲ့ခြင်းဖြစ်ရာ၊ တရားဝင်မှန်ကန်မျှတသော စစ်ဆေးစီရင်ခြင်းဖြစ်သည်ဟု ဆိုရခြင်း။**

အယူခံတရားလိုအား လပ်ငွေ ၁၅,၀၀၀ ကိုအပေးအယူပြုလုပ်သောစွဲချက်ဖြင့်စစ်ဆေးခဲ့သည်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်းမပြုအပ်၊ ခိုင်လုံသောအထောက်အထားများရှိရမည်ဟု အခါခါဆိုခဲ့ပြီ။ "သံသယ၏အကျိုးကိုတရားခံအားပေးရမည်" ဟုဆိုမည့်အစား၊ ထင်ကြေးနှင့် အပြစ်မပေးသင့်၊ ခိုင်လုံသောအထောက်အထားပြည့်စုံမှသာအပြစ်ပေးရမည်ဟုဆိုလျှင်၊ တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟုယူဆသည်။

အမှုတိုင်းတွင် မျက်မြင်သက်သေအထင်အရှားရှိသည်မဟုတ်။ အချက်အလက်၊ အထောက်အထားတို့ကိုခြေရာခံ၍ အမှန်တရားကိုရှာဖွေကြရသည်။ ဤအမှုတွင်ယင်းသို့ခြေရာခံ၍ရှာဖွေသော်၊ စွဲချက်သည်မှန်ကြောင်းကိုသာ တွေ့မြင်ရပေသည်။

အထူးရာဇဝတ်ရုံးက စစ်ဆေးခြင်းသည်၊ ကျင့်ထုံးမမှန်၊ တရားမဝင်ဟု ဆိုခြင်းကိုလက်မခံနိုင်ပေ။ ဥပဒေအကျိုးသက်ရောက်သော ညွှန်ကြားချက်ဖြင့် တရားခံတို့အား အလုံအလောက်

---

* ၁၉၅၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၅။

† ရန်ကုန်မြို့၊ ၁၉၅၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၀၈ ၏၊ ၁၉၅၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၈ တွင်၊ ၁၉၅၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၅၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ တွင်အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

ခုခံချေပခွင့်ပေးကာ၊ ပွင့်လင်းမျှတစွာ စစ်ဆေးခဲ့ခြင်းဖြစ်ရာ၊ တရားဝင်မှန်ကန်မျှတသောစစ်ဆေး စီရင်ခြင်းဖြစ်သည်ဟုဆိုရမည်။

၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၄ ကိုညွှန်းသည်။

**၁၉၆၉**

ဗိုလ်မှူး ဝင်းဖေ
ကြည်း/၅၂၈၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

**အယူခံတရားလို၏အကျိုးဆောင်။** ။ဦးညွန့်တင်၊ ဦးတင်မောင်။

**အယူခံတရားခံ၏အကျိုးဆောင်။** ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။

ဂိုပီရယ်အာဂါရဝါ ဆိုသူ နိုင်ငံခြားသား ကုန်သည်တဦးအား အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေအရ အရေးယူကာ၊ အထူးရာဇဝတ်ရုံးသို့ တင်ပို့စွဲဆိုခဲ့ရာ၊ ရုံးကပြစ်မှုထင်ရှားတွေ့သော အမိန့်ကို အတည်ပြုအဖွဲ့သို့ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လတွင် တင်ပို့ခဲ့သည်။

အတည်ပြုအဖွဲ့က အထူးရာဇဝတ်ရုံးက သတ်မှတ်သော ၅ နှစ် ထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၉,၀၀၀ ကို အတည်ပြုခဲ့လေသည်။

ထိုစဉ်က အတည်ပြုအဖွဲ့ဝင်တဦး ဖြစ်ခဲ့သော ဗိုလ်မှူး ဝင်းဖေသည်၊ ၎င်းအား အာဂါရဝါအတွက် ဦးစံသာ (လိုပြ-၂)မှတဆင့် ချဉ်းကပ်သော ဟာရီလား (လိုပြ-၅) နှင့် အာဂါရဝါ၏သား ပါရှောဘန်လား (လိုပြ-၃) တို့ထံမှလာဘ်ငွေ ကျပ် ၁၅,၀၀၀ ယူသည်ဟု နောင်တွင် ပေါ်ပေါက်လာခဲ့သည်။

ဗိုလ်မှူးဝင်းဖေက ငွေ ကျပ် ၅၀,၀၀၀ တောင်းပြီးနောက်၊ ပြစ်ဒဏ်ပေါ့အောင် ဆောင်ရွက်ပေးလျှင် ကျပ် ၁၅,၀၀၀၊ ထောင်ဒဏ် လုံးဝလွတ်ကင်းလျှင် ကျပ် ၃၀,၀၀၀ ဖြင့် စျေးတည့်ကာ ငွေ ကျပ် ၁၅,၀၀၀ ကို ဟာရီလား၏နေအိမ်၌ အပေးအယူ ပြုလုပ်ကြသည်ဟူသော စွဲချက်ဖြင့် ဗိုလ်မှူး ဝင်းဖေအား ရန်ကုန်မြို့အထူးရာဇဝတ်ရုံး အမှတ် ၁၀၀/၁၉၆၆ သို့ တင်ပို့စစ်ဆေးစေခဲ့ရာ၊ ရုံးက အထောက်အထား ခိုင်လုံသည်ဟု တွေ့ရှိ၍ ၎င်းအပေါ် ထောင်ဒဏ် ၇ နှစ်သတ်မှတ်ခဲ့လေသည်။

အမှု အဖြစ်အပျက် အပြည့်အစုံကို အထူး ရာဇဝတ်ရုံးက စာမျက်နှာ ၄၂ မျက်နှာ ရှည်လျားသော စီရင်ချက်တွင် သေချာပြည့်စုံစွာ ပေါ်ပြူပြီး ဖြစ်သည်။ ကျွန်ုပ်တို့က ယင်းအဖြစ်အပျက်တို့ကို ထပ်မံပေါ်ပြခြင်း မပြုပဲ အယူခံတွင် တင်ပြသော အကြောင်းတို့ အပေါ်၌သာ ဝေဖန် သုံးသပ်ရန် ဖြစ်ပေသည်။

အယူခံတရားလို၏ ရှေ့နေကြီး ဦးညွန့်တင်က ဦးစံသာနှင့် ဟာရီလားတို့သည် ကြံရာပါများ ဖြစ်သည်ဟု အထူးရာဇဝတ်ရုံးက တွေ့မြင်ပါလျက် ၎င်းတို့၏ ထွက်ချက် ပေါ်၌ အခြေခံကာ အပြစ်ပေးခြင်းသည် မှားယွင်းပါသည်။ ၎င်းတို့၏ ထွက်ချက်များ

၁၉၆၉
ဗိုလ်မှူး ဝင်းဖေ
ကြည်း/၃၂၀၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တွင်လည်း အရေးကြီးသော ကွဲလွဲချက်များ ရှိနေပါသည်။ အထောက်အထား မခိုင်လုံပဲ အပြစ်ပေးခြင်းသာ ဖြစ်ပါသည်။ အထူး ရာဇဝတ် ရုံး၏ ကျင့်ထုံးကို တရားဝင် ထုတ်ပြန်ခြင်းမပြုပဲ ညွှန်ကြားချက်ဖြင့် အမှုစစ်ဆေးခဲ့သောကြောင့် အမှု စစ်ဆေးခြင်းပင်လျှင် ထုံးတမ်းမညီပါဟု တင်ပြလျှောက်လဲသည်။

လက်ထောက် ရှေ့နေချုပ် ဦးလှသင်းက ကြံရာပါများအပြင် အခြား လွတ်လပ်သော အထောက်အထားများ ရှိနေပါသည်။ ထို့ကြောင့် ခိုင်လုံသော အမှုဖြစ်ပါသည်။ ညွှန်ကြားချက်ဖြင့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ကာ အမှု စစ်ဆေးခဲ့ခြင်းဖြင့် မျှတမှုကင်းခဲ့သည်မဆိုနိုင်ပါ၊ တရားခံဘက်အား ခုခံခွင့် အပြည့်အဝ ပေးခဲ့ပြီး ဖြစ်ပါသည်ဟု တင်ပြသည်။

ဦးစံသာက ဗိုလ်မှူး ဝင်းဖေနှင့် ဆက်သွယ်ပုံ၊ လပ်ပေးလပ်ယူ ပြုပုံ၊ထိုနောက်ပိုင်းတွင် ဦးစံသာက ဗိုလ်အောင်ဝင်းနှင့် ပတ်သက်၍ စစ်သတင်းထောက်လှမ်းရေးအား ပြောကြားခဲ့ပုံ၊ ယင်းသို့ ပြောမိကြောင်းကို ဗိုလ်မှူးဝင်းဖေအား ပြောပြကာ ပါရှော့တန်လားနှင့် ၎င်း၏ဖခင် အာဂါရဝါ (ထိုအခါ ထောင်မှလွတ်လာပြီး) တို့အား သတိပေးကြပုံ၊ ဟာရီလားအားလည်း ခေါ်ယူ သတိပေးကြပုံ၊ ရှေ့အတွက် တိုင်ပင်ကြပုံတို့ကို အကျယ်တဝင့် ထွက်ဆိုထားသည်။

ယင်းထွက်ဆိုချက်တို့ကို ပါရှော့တန်လား (လိုပြ-၃)၊ ၎င်း၏ ညီ ပရဆက် (လိုပြ-၄)၊ ဟာရီလား (လိုပြ-၅)၊ အာဂါရဝါ (လိုပြ-၇) တို့က ထောက်ခံထားသည်၊ အသေးစိတ်တို့တွင် ကွဲလွဲစေကာမူ အဓိကအချက်တို့၌ဆက်စပ်၍ရသည်။ အာဂါရဝါက ၎င်း ထောင်မှ လွတ်လာသောအခါ၊ဦးစံသာနှင့်အတူ ဗိုလ်မှူးဝင်းဖေအိမ်သို့ သွားကြသည်။ ဗိုလ်မှူးဝင်းဖေက ၎င်းသည် အမှုတွင် အကူအညီ မပေးနိုင်၍ ဝမ်းနည်းပါသည်ဟု အင်္ဂလိပ်လိုပြောသည်ဆို၏။ အကယ်၍သာအမှုနှင့်ကင်းရှင်းခဲ့ပါလျှင် ဗိုလ်မှူးဝင်းဖေက ယင်းသို့ဆိုရန် မဟုတ်ချေဆိုရန်လည်းမလျော်ပါချေ။

ဟာရီလား၏ဇနီး တာရာမာတီ (လိုပြ-၆) က အချင်းဖြစ်ပွားသော နှစ်အတွင်း ဩဂုတ်လလောက်တွင်၊ ၎င်းတို့နေအိမ်သို့ ညနေပိုင်းတွင် ဦးစံသာနှင့်အခြား မြန်မာ အမျိုးသား တဦးလာသည်။ ဂိုပီရမ်၏သား တယောက်လည်းလာသည်၊ ဟာရီလားက မုန့်များယူ၍လာခါကျွေးခဲ့သည်။ စားပွဲပေါ်တွင်အထုပ်တထုပ်တွေ့ရသည်။ ဦးစံသာနှင့် ယူနီဖေါင်းဝတ် တယောက်အတူ ပြန်သွားကြသည်။ ဟာရီလားအား မေးရာ ငွေယူရန် လာကြသည်ဟု ပြောသည်ဟု ထွက်ဆိုသည်။

ဟာရီလား၏နေအိမ်သို့ သွား၍ ငွေယူကြရာ၌ ဗိုလ်မှူး ဝင်းဖေသည် အရပ်ဝတ် အရပ်စားနှင့် ဖြစ်သလော၊ ယူနီဖေါင်းနှင့် ဖြစ်သလော ကွဲလွဲသော သက်သေ

**၁၉၆၉**

**ဗိုလ်မှူး ဝင်းဖေ ကြည်း/၅၂၈၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

ထွက်ချက်တို့ကြောင့် ပြဿနာပေါ်သည်။ ယင်းပြဿနာကို အထူးရာဇဝတ်ရုံးက အကျေအလည်ဆွေးနွေးပြီးနောက် လူ့မှတ်ဉာဏ်၏ ချွတ်ယွင်းမှု သတိမေ့လျော့မှုကြောင့် အနည်းငယ် ကွဲလွဲခြင်းဖြစ်သည်။ အနှစ်သာရအားဖြင့် အဖြစ်မှန် ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။

မောင်အေးကျော် (လိုပြ-၁၁) သည် ဗိုလ်မှူး ဝင်းဖေ၏ ယာဉ်မောင်းသူဖြစ်၍ အချင်းဖြစ်ချိန်ခန့်က တည်နေတွင် ဗိုလ်မှူး ဝင်းဖေနှင့် ဦးစံသာတို့အား ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းသို့ မောင်းပို့ရသည်။ ဗိုလ်မှူး ဝင်းဖေက ကားကိုရပ်ခိုင်းပြီး၊ ၂ ဦးသား ဆင်းသွားကြသည်။ နောက်ပြန်လာကြကာ ဦးစံသာက ဟာရီလားအား သွားခေါ်ခိုင်းသဖြင့် ခေါ်ပေးရကြောင်း ဗိုလ်မှူး ဝင်းဖေ၊ ဦးစံသာ၊ ဟာရီလားတို့သည် ကားနှင့် တပြန်ခန့် ဝေးသော တနေရာတွင်ရပ်၍ စကားပြောနေကြကြောင်း။ နောက် ဗိုလ်မှူး ဝင်းဖေတို့ ၃ ဦး စားသောက်ဆိုင်သို့ သွားရောက် စားသောက်ပြီးလျှင် ဟာရီလား၊ ဦးစံသာ တို့အား ပြန်ပို့ခဲ့ကြောင်း ထွက်ဆိုသည်။

အာဂါရာ၏ အယူခံမှုနှင့် ပတ်သက်၍ အယူခံအဖွဲ့ အတွင်းဝန် ဦးခင်မောင်သန်း (လိုပြ-၁၀) အားလည်းကောင်း၊ အာဂါရာ၏ ပြည်သူပိုင်သိမ်းထားသော ပစ္စည်းများနှင့် ပတ်သက်၍ ဗိုလ်ကြီး လှဘင် (လိုပြ-၁၂) အားလည်းကောင်း၊ ဗိုလ်မှူး ဝင်းဖေက မေးမြန်းစုံစမ်းသည်။

ဗိုလ်မှူး ဝင်းဖေက ဦးစံသာသည် ကြားမှနေ၍ ၎င်း၏နာမည်ကိုသုံး၍ မသမာ ပြုခြင်းသာ ဖြစ်ပါသည်။ ဦးစံသာက အာဂါရာ၏ အမှုနှင့် ပတ်သက်၍ စကား ခေါ်ဖူးသော်လည်း ၎င်းက လက်မခံပါ၊ လာဘ်မယူပါ၊ ဗိုလ်ကြီး လှတင်နှင့် ဦးခင်မောင်သန်းတို့အား မေးမြန်းစုံစမ်းသည်မှာ ဦးစံသာက မေတ္တာရပ်ခံသဖြင့် မိတ်ဆွေချင်း သဘောချိုးဖြင့် ကူညီခြင်းသာ ဖြစ်ပါသည်။ မောင်အေးကျော်ကား မောင်း၍ ဟာရီလား၊ ဦးစံသာတို့နှင့် တွေ့ဆုံသည်ကိုမငြင်း။ သို့ရာတွင် ဦးစံသာက မိမိ၏နာမည်ကို အလွဲသုံးစား ပြုလုပ်နေသည်ဟု မသက်၍ နောက်ယောင်ခံလိုက် ခြင်းသာ ဖြစ်ပါသည်ဟုဆုချေသည်။

အထူး ရာဇဝတ်ရုံးသည် ဗိုလ်မှူး ဝင်းဖေဘက်မှ ချေပချက်များကို တခုစီ သေချာစွာ သုံးသပ်ခဲ့၏။ ကျွန်ုပ်တို့ကလည်း အထူး ရာဇဝတ်ရုံးကဲ့သို့ပင် ချေပချက်တို့ မခိုင်လုံ၊ တရားလိုဘက်မှ တင်ပြနိုင်ခဲ့သော အထောက်အထားတို့ကို ချေမှုန်းနိုင်ခြင်း မရှိဟု တွေ့မြင်သည်။

ကြံရာပါတို့၏ သက်သေထွက်ချက်ကို ချိန်ဆပုံနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အဖြစ်အပျက် ဆင်တူသော **ဗိုလ်ကြီး အောင်ဝင်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ**(၁)

---

(၁) ၁၉၆၇ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ်၅၄။

၁၉၆၉ ။ ဗိုလ်မှူး ဝင်းဖေ ကြည်း/၅၂၇၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

တွင် မှတ်ချက်ပြုခဲ့ကြပြီ ကြံရာပါတဦး၏ မသန့်ရှင်းသော ထွက်ချက်ကို သင်္ကါထားရ၍ ချိန်ဆရမည်။ သို့ရာတွင် ကြံရာပါ၏ စကားမှ အမှန်နှင့်မှုသား ခွဲခြားထုတ်ယူ၍ အခြား အထောက်အထားတို့ရှိလျှင် ပေါင်းစပ်ကာ အမှန်တရားကို ရုပ်လုံးဖော်ရသည်။

ဤအမှုတွင် အထက်တွင် ဖော်ပြထားသည့်အတိုင်း လွတ်လပ်သော အထောက် အထားများရှိ၏။ ဦးစံသာ၊ ဟာရီလားနှင့် ပါရှော့တန်လားတို့သည် ကြံရာပါများ ဖြစ်ကြသည်မှန်၏။ သို့ရာတွင် ဟာရီလား၏ ဇနီးသည်လည်း ကြံရာပါ ဖြစ်သည် ဟုမဆိုသာ၊ ပါရှော့တန်လား၏ ဖခင် ဂိုပီရမ်အာဂါရဝါသည်လည်း ကြံရာပါဖြစ်သည် မဆိုသာ၊ လာဘ်ပေးလာဘ်ယူ ကိစ္စသည် ၎င်းအကျဉ်းထောင်၌ ရှိစဉ်ကဖြစ်ခဲ့သည်။ လွတ်မြောက်လာသောအခါ သာမန်အားဖြင့်ဆိုလျှင်၊ နောက်တမှုတွင် ပါဝင် ငြိစွန်းရခြင်းကို ၎င်းရှောင်ရှားလိုပေလိမ့်မည်။ လာဘ်ပေးလာဘ်ယူမှု ပေါ်လာ၍ မလွှဲ မရှောင်သာ သောကြောင့် သက်သေခံရာ၌လည်း မဟုတ်သည်ကို လည်ဆယ်၍ ဖြစ်စေ၊ ဟုတ်သည်ကို ချဲ့ထွင်၍ဖြစ်စေ ၎င်းက သက်သေခံလိမ့်မည် မဟုတ်ချေ။

ဦးစံသာ၏ စာရိတ္တနှင့် နောက်ကြောင်းကို သိပါလျက် အမှုနှင့် ပတ်သက်၍ ၎င်းက လာရောက် စကားဆိုခြင်းတို့ကို ဗိုလ်မှူး ဝင်းဖေက လက်ခံခြင်း၊ ဦးစံသာက အာဂါရဝါ နှင့် ပတ်သက်၍ မေးမြန်းစုံစမ်းခိုင်းသည်တို့ကို မေးမြန်းစုံစမ်း ပေးခြင်းတို့သည် စဉ်းစားစရာများ ဖြစ်သည်။ ဦးစံသာအား မသင်္ကာ၍ နောက်ယောင်ခံ လိုက်ရသည်၊ ဟာရီလားတို့နှင့် တွေ့ရသည် ဆိုသည်မှာ လည်း သဘာဝယုတ္တိနှင့် ဆန့်ကျင်သည်။

ကျွန်ုပ်တို့သည် ဤအမှုကို ဗိုလ်ကြီး အောင်ဝင်း၏အမှုနှင့် အတူ ကောင်းစွာ အချိန်ယူ လေ့လာသုံးသပ်ခဲ့ကြ၏။ လည်ဆယ် တိုင်တန်းသော အမှုဖြစ်သလော၊ နာမည်ကို အသုံးချ၍ လူကိုလက်ညှိုးထိုးပြကာ ကြားအမှုပွဲစားက အမြတ်ထုတ်ခြင်း လောဟူ၍ အထူးသတိထားခဲ့ကြသည်။

သို့ရာတွင် အမှုဖြစ်ပျက်၊ ဗိုလ်မှူး ဝင်းဖေ၏ တာဝန်၊ ဗဟုသုတ စသည်တို့ကို ချိန်ဆ၍ ကြည့်သောအခါ၊ စွဲဆိုသည့်အတိုင်း မှန်ခဲ့သည်ဟုသာ ယူဆရန်ရှိသည်။ ရာဇဝတ်ပြစ်မှု ကျူးလွန်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်း မပြုအပ်၊ ခိုင်လုံသော အထောက်အထားများ ရှိရမည်ဟု ကျွန်ုပ်တို့သည် အခါခါ ဆိုခဲ့ပြီ။ "သံသယ၏ အကျိုးကိုတရားခံအား ပေးရမည်" ဟူ၍ ဆိုမည့်အစား၊ ထင်ကြေးနှင့် အပြစ်မပေး သင့်၊ခိုင်လုံသော အထောက်အထား ပြည့်စုံမှသာ အပြစ်ပေးရမည်ဟု ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အမှုတိုင်းတွင် မျက်မြင်သက်သေ အထင်အရှား ရှိသည်မဟုတ်၊ အချက်အလက် အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကို ရှာဖွေကြရသည်။ ဤအမှုတွင် ယင်းသို့ ခြေရာခံ၍ ရှာဖွေသော် စွဲချက်သည် မှန်ကြောင်းကိုသာ တွေ့မြင်ရပေသည်။

ဗိုလ်မှူး ဝင်းဖေက ၎င်း၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ သက်သေထူခဲ့၏။ ကျွန်ုပ်တို့ကလည်း ၎င်းသည် အကျင့်စာရိတ္တ ဆိုးသွမ်းသူ တဦးအဖြစ် မမြင်ပါ။ အခြေအနေနှင့် မိတ်ဆွေဆိုးတို့၏ ဆွဲဆောင်ရာသို့ လိုက်ပါမိသူတဦးအဖြစ် သာမြင်ပါသည်။ ထို့ကြောင့်လည်း အထူးရာဇဝတ်ရုံးက ဗိုလ်မှူး ဝင်းဖေကဲ့သို့ တာဝန်ရှိသော အရာရှိတဦးအပေါ် သက်ညှာစွာ ပြစ်ဒဏ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ခုဇမိုဇ

ဗိုလ်မှူး ဝင်းဖေ ကြည်း/၅၂၈၄ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထူးရာဇဝတ်ရုံးက စစ်ဆေးခြင်းသည်၊ ကျင့်ထုံးမမှန် တရားမဝင်ဟု ဆိုခြင်းကိုလည်း ကျွန်ုပ်တို့ လက်မခံနိုင်ပေ။ ဥပဒေအကျိုး သက်ရောက်သော ညွှန်ကြားချက်ဖြင့် တရားခံတို့အား အလုံအလောက် ခုခံချေပခွင့်ပေးကာ ပွင့်လင်း မျှတစွာ စစ်ဆေးခဲ့ခြင်း ဖြစ်ရာ၊ တရားဝင် မှန်ကန် မျှတသော စစ်ဆေး စီရင်ခြင်း ဖြစ်သည်ဟု ဆိုရမည်။

အထက်ပါ အကြောင်းတို့ကြောင့် အယူခံကို ပယ်လိုက်သည်။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင် ႑

† ၁၉၆၉ / ဩဂုတ်လ ၁ ရက်။

၁။ ဦးမောင်ကို
၂။ မောင်တင်စိန်
၃။ ဦးချစ်
၄။ ဘာလာခရစ်ရှနား
} (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

**ရာဇသတ်ကြီး ပုဒ်မ ၃၀၄ (က) အရ မှုပြစ်ထင်ရှားစီရင်ခြင်း—အရက်သေစာသောက်စား၍ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာ စည်းကမ်းကိုဖေါက်သည်သာမကသေး၊ ရာဇဝတ်မှု မြောက်စေသော အင်္ဂါတရပ်ဖြစ်ခြင်း—ရထားလမ်းခွဲပွိုင့်ကလင့်ကို ဖေါက်ကျော်၍မောင်းနှင်ကာ မီးရထားလမ်းမကြီးပေါ်သို့ ပေ ၁၅၀ ကျော်လွန်နေစေခြင်း—ယင်းသည် ပေါ့ဆဟော့ရမ်းခြင်းကိုသရုပ်ဖေါ်လျက်ရှိခြင်း—တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝိရိယပျက်ကွက်သောကြောင့် ရာဇဝတ်မှုမြောက်စေသော ပေါ့ဆခြင်းဖြစ်ခြင်း—အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခြင်း—ပေါ့ဆစွာပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာရောက်ခြင်း။**

မီးရထားချင်းတိုက်၍ လူအများသေစေလောက်အောင် ပေါ့ဆသောကြောင့် ရာဇဝတ်ပြစ်မှု ကျူးလွန်သည်ဟု ယူဆရသဖြင့် အယူခံတရားလိုများအား ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) အရ စွဲဆိုတင်ပို့ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။အရက်သေစာသောက်စား၍ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကိုဖေါက်ဖျက်သည်သာမကသေး၊ ယာဉ်မောင်းသူများလိုက်နာအပ်သောစည်းကမ်းကို ဖေါက်ဖျက်ခြင်းဖြစ်သည်။ ဌာနဆိုင်ရာစည်းကမ်းကိုဖေါက်ခြင်းသည် ဌာနစည်းကမ်းအရရင်း၊ ခရီးသည်တို့၏လုံခြုံမှု၊ အစိုးရယာဉ်ရထား အများယာဉ်ရထားတို့၏ လုံခြုံမှုအတွက်ရင်း၊ မထားမနေ၊ ထားရှိရမည့်သတိဝိရိယ၏ စံချိန်ကိုဖေါက်ဖျက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနဆိုင်ရာစည်းကမ်းဖေါက်

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၄၊၅၊၇။

† တောင်ငူခရိုင်၊ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂၆ ၏ ၁၉၆၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင်၊ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၌ ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

ခြင်းမျှသာမဟုတ်ချေ။ ရာဇဝတ်ပြစ်မှုမြောက်စေသော အင်္ဂါရပ်တရပ်ဖြစ်သည်။ အလားတူပင် မီးမပါဘဲ မီးရထားမောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကိုသာဖေါက်ခြင်းမမည်။ ခရီးသည်များနှင့် မီးရထား၊ အခြားခရီးသွားယာဉ်များ၏ လုံခြုံရေးအတွက် လိုအပ်သောသတိဝီရိယပျက်ကွက်၍ ရာဇဝတ်မှုမြောက်သော ပေါ့ဆခြင်းဖြစ်စေသည်။ မီးများသာကောင်းပါလျှင်၊ ဦးချစ်သည် ဘူတာအတွင်း အခြေအနေကိုကြိုတင်မြင်နိုင်ကောင်းသည်။ အဆန်ရထားကိုလည်း မီးဖြင့်သတိပေးနိုင်ကောင်းသည်။

၁၉၆၉

၁။ဦးမောင်ကို
၂။မောင်တင်စိန်
၃။ဦးချစ်
၄။ဘာလာခရစ်ရှနား
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ။

ကြံရထားဘရိတ်မမိဟုဆိုခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်သူ အင်ဂျင်နီယာများက ချက်ခြင်းသွားရောက်စမ်းသပ်ခဲ့ပြီးနောက်၊ ရုံးတွင် သက်သေခံခဲ့ကြသည်။ ကြံရထားဘရိတ်များကောင်းပါသည်။ အရှိန်မများပဲ မောင်းလာလျှင်၊ အချိန်မီအမှတ် ၂ လမ်းတွင်ရပ်နိုင်ပါသည်ဟု လက်တွေ့စမ်းသပ်ပြီးနောက် ထွက်ဆိုခဲ့ကြသည်။

အထက်ပါအချက်တို့ကြောင့် ဦးချစ်သည် ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က) တွင်အကျုံးဝင်သော ပေါ့ဆဟော့ရမ်းခြင်းဖြင့် လူသေစေမှုကို ကျူးလွန်ခဲ့သည်ဟုဆိုရမည်။ ရထားလမ်းခွဲပိုင့်ကလင့်ကိုဖေါက်ကျော်၍ မောင်းနှင်ကာ မီးရထားလမ်းမကြီးပေါ်သို့ ပေ ၁၅၀ ကျော်လွန်နေစေခြင်းကပင်လျှင် ယင်းပေါ့ဆဟော့ရမ်းခြင်းကိုသရုပ်ဖေါ်လျက်ရှိခဲ့သည်။

ညာရုံပိုင် ဦးမောင်ကိုသည် ရထားချင်းဆုံမည်ကို အချိန်မီကြိုတင်သိလျက်နှင့် ဂျမဒါမောင်တင်စိန်အား အဆန်ရထားဝင်ရာဖက်သို့ဆောင်ရွက်ရန်ရှိသည်တို့ကိုအချိန်မီဆောင်ရွက်ရန်ကြပ်မတ်၍စေလွှတ်ခြင်းမရှိ။ ကြံရထားသည် မီးရထားလမ်းမကြီးပေါ်ကျော်၍ ရပ်နေသောအခါ၌လည်း အဆန်ရထားအားသတိပေးရန်စီမံခြင်းမပြု။ ရုံပိုင်အဖြစ်ကိုယ်တိုင်ကြည့်ရှုစစ်ဆေးရမည့်တာဝန်များကိုလည်းပျက်ကွက်သောကြောင့်၊ မီးရထားအထွေထွေ နည်းဥပဒေ ၁၃၃၊ ၁၆၃၊ ၁၆၆၊ ၁၇၅၊ ၁၈၇ စသည်တို့ကိုဖေါက်ဖျက်သည်။ တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝီရိယပျက်ကွက်သောကြောင့်၊ ရာဇဝတ်မှုမြောက်စေသောပေါ့ဆခြင်းဖြစ်သည်။ မီးရထားချင်း တိုက်ခိုက်မိပြီးသောအခါ၌လည်း ၎င်းသည် ဒဏ်ရာရခရီးသည်တို့၏ သက်သာမှုအတွက် အကူအညီမပေးခဲ့ကြောင်း ဦးမောင်ကို၏ ထွက်ဆိုချက်ရှိသည်။]

ပေါ့လျော့မှုမရှိပါဟု ဦးမောင်ကိုက ထုချေသော်လည်း၊ အထက်ပါအချက်အလက်တို့ကပင် ၎င်း၏တာဝန်ဝတ္တရားပျက်ကွက်ခြင်း၊ ပေါ့ဆခြင်းတို့ကိုပေါ်လွင်စေသည်။

ဂျမဒါ မောင်တင်စိန်သည် အဆန်ရထားကို အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခဲ့သည်။ ၎င်းသည် အဆန်ရထားဝင်လာမည့်ဖက်သို့ အေးဆေးလေးကန်စွာ သွားကြောင်း၊ ဂျမဒါ ကိုမောင်မောင်က မြောက်ဖက်သို့၊ ကြံရထားကို အမှတ် ၂ လမ်းသို့သွင်းရန် သွားသောအခါ၊ မောင်တင်စိန်သည် ဘူတာအတွင်း၌ပင် ကျန်ရစ်ကြောင်း၊ မီးရထားချင်းတိုက်ကြပြီးမှ ၎င်းသည်တောင်ဖက်အချက်ပြခုံပေါ်တွင် မီးနီတလုံးသွားရောက်တင်ကြောင်း၊ အထောက်အထား ပြည့်စုံသည်။ ထို့ကြောင့် မောင်တင်စိန်သည်လည်း၊ ပေါ့ဆစွာပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာရောက်သည်။

၁၉၆၉

၁။ ဦးမောင်ကို
၂။ မောင်တင်စိန်
၃။ ဦးချစ်
၄။ ဘာလာခရစ် ရှနား
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံ။

**အယူခံ တရားလို၏ အကျိုးဆောင်**။ ။ဦးဘိုးသာ (အယူခံတရားလို ၃-၄) အတွက်။

**အယူခံတရားခံ၏ အကျိုးဆောင်**။ ။ဦးထွန်းလွင်၊ အစိုးရတရားရုံးချုပ်ရှေ့နေကြီး။

၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့နံနက် ၄ း ၃၀ နာရီခန့်တွင် ရန်ကုန်-မန္တလေး မီးရထားလမ်း၊ တောင်ငူခရိုင်၊ ကျေးတောဘူတာတွင် အစုံကုန်တင် ကြံရထားနှင့် အဆန်လူစီး ဒီဇယ်ရထားတို့ တိုက်မိကြသည်။ တိုက်ခိုက်ခြင်း ပြင်းထန်သဖြင့် လူ၊ ပစ္စည်း၊ အပျက်အစီးများခဲ့သည်။

မီးရထားဌာနနှင့် ဆေးဘက်ဆိုင်ရာများ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ဆိုင်ရာများ၊ ပြည်သူ ရဲတပ်ဖွဲ့များသည် အချင်းဖြစ်ရာသို့ ချက်ခြင်းသွားရောက်၍ ကူညီဆောင်ရွက်ခြင်း၊ စုံစမ်းလေ့လာခြင်းများ ပြုခဲ့ကြသည်၊ မီးရထား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကိုလည်း ကျနသေချာစွာ ပြုလုပ်ခဲ့သည်၊ မီးရထားချင်းတိုက်၍ လူအများ သေစေလောက်အောင် ပေါ့ဆသောကြောင့် ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ယူဆရသော ယခုအယူခံ တရားလိုများ ဖြစ်ကြသည့် ကုန်တင်ရထားမောင်း ဦးချစ်၊ လူစီး ရထားမောင်း ဘာလာခရစ်ရှနား၊ ကျေးတောဘူတာ ညရုံပိုင် တာဝန်ကျခဲ့သူ ဦးမောင်ကို နှင့် ယင်းဘူတာ လမ်းခွဲကိုင် ဂျမဒါ မောင်တင်စိန်တို့အား တောင်ငူမြို့၊ အထူးရာဇဝတ်ရုံးအမှတ် ၁၂၆/၁၉၆၆ သို့ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က)အရ စွဲဆို တင်ပို့ခဲ့လေသည်။

အစုန်ကုန်တင် ကြံရထားနှင့် အဆန်လူစီး ဒီဇယ်ရထားတို့သည် ကျေးတောဘူတာတွင်ဆုံကြမည်၊ ထို့ကြောင့် လူစီးဒီဇယ် ရထားက ဘူတာဖြတ်ကျော်၍ ခရီးဆက်နိုင်စေအောင် ကုန်ရထားကို မီးရထား လမ်းမကြီးမှ အမှတ် ၂ လမ်းသို့ ပြောင်း၍ ဆိုက်ထားစေကာ လူစီးရထားအတွက်လမ်းပေးရမည်ကို ညရုံပိုင် ဦးမောင်ကို ကြိုတင်သိသည်၊ဦးမောင်ကိုကကြံရထားကို အမှတ် ၂ လမ်းသို့သွင်းရန် ဂျမဒါ ကိုမောင်မောင် (လိုပြ-၇)နှင့် ဂျမဒါ မောင်တင်စိန်(တရားခံ/ယခု အယူခံတရားလို)တို့အား တာဝန်ပေးခဲ့သည်၊ ကြံရထားက အမှတ် ၂ လမ်းသို့ ဝင်သော်လည်း အရှိန်ကြောင့် ရပ်သင့်ရာ၌မရပ်၊ တောင်ဘက် ပွိုင့်ကလင့် (**Point Clamp**)ကိုဖြို၍ ရန်ကုန်-မန္တလေး လမ်းမကြီးထဲသို့ ပေ ၁၅၅ ခန့်ကျော်ဝင်၍ရပ်သည်။ ထိုအခြေအနေတွင် ကြံရထား မောင်း ဦးချစ်က ဥသြကိုဆွဲသော်လည်း ညရုံပိုင် ဦးမောင်ကိုအား တိုင်ကြားခြင်း မပြု၊ ရထားကို နောက်ဆုတ်ရန်သာ ကြိုးစားနေသည်၊ ဦးမောင်ကိုကလည်း အဆန် ရထားဝင်ချိန် နီးကပ်နေပြီသိလျက် မိမိ၏ တာဝန်အရ အတိုက်အခိုက် မဖြစ်စေရအောင် ဆောင်ရွက်အပ်သည်ကို မဆောင်ရွက်၊ ဂျမဒါ မောင်တင်စိန်ကအဆန်ရထား

၁၉၆၉

၁။ဦးမောင်ကို
၂။မောင်တင်စိန်
၃။ဦးချစ်
၄။ ဘာလာခရစ်ရှနား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အား သတိပေးရန် မီးနီပြခြင်း စသည်တို့ကိုမပြု၊ အဆန်ရထားမောင်းသူ ဘာလာခရစ်ရှနားက ဘူတာဝင်ရန် မီးစိမ်း မပြဘဲလျက်အရှိန်ကြီးစွာဖြင့် မောင်းနှင်ဝင်သည်၊ ထိုသို့အသီးသီး တာဝန်ပေါ့လျော့ ဥပဒေစည်းကမ်း ဖေါက်ဖျက်ခြင်းများကြောင့် ရထား ၂ စင်း တိုက်ခဲ့ခြင်းဖြစ်သည်၊အသက်ပေါင်းများစွာနှင့် ပစ္စည်းတန်ဘိုးအများ ပျက်စီးခဲ့ရသည်ဟူသော စွဲချက်တို့ကို အထူးရာဇဝတ်ရုံးက တရားလို သက်သေပေါင်း ၃၆ ယောက်ကို စစ်ဆေး၍ သုံးသပ်ခဲ့သည်၊ စွဲချက်တို့ ထင်ရှားခိုင်လုံသည်ဟု အထောက်အထားပြ၍ အထူးရာဇဝတ်ရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အချက်အလက် အသေးစိတ်ကို ပြည့်ပြည့်စုံစုံ အထူး ရာဇဝတ်ရုံး၏ စီရင်ချက်တွင် ဖေါ်ပြထားပြီး ဖြစ်လေသည်၊ ကျွန်ုပ်တို့က အယူခံတွင် တင်ပြသော အချက်အလက် တို့ကို အဓိကထား၍ မှတ်ချက်ပြုလျှင် လုံလောက်ပေပြီ။

အစုန်ကြံရထားမောင်း ဦးချစ်သည် ကျေးတောဘူတာ မရောက်မီက အရက် သေစာသောက်ခဲ့သည်၊ ထို့ကြောင့် မီးရထား မောင်းနေခိုက် သေရည်သေရက် မသောက်ရဟု တားမြစ်သော မီးရထား အထွေထွေ နည်းဥပဒေ ၁၇၂ (၁)ကို ဖေါက်ဖျက်သည်၊(၁) မူးယစ် လာသောကြောင့်လည်းသတိလစ်ဟင်း ပေါ့လျော့သည်၊ စက်ခေါင်းတွင် မီးဆောင်းမပါ၊ ဘာဖါမီးများလည်း မပါဘဲ၊ မှောင်မိုက်သည့်ညနှင့် နံနက်နှင်းမကွဲသည့် အချိန်တို့တွင် မီးရထားကို ခုတ်မောင်းလာခြင်းဖြင့်လည်း နည်းဥပဒေ ၁၄၃ ကိုဖေါက်ဖျက်သည်၊ (၂) ထိုသို့ စည်းကမ်းဖေါက်ကာ ပေါ့လျော့စွာ ခုတ်မောင်းသည့်ပြင်၊ ကျေးတောဘူတာ အဝင်၌လည်း သတိဝီရိယ မထား ခဲ့ခြင်းကြောင့် ရပ်သင့်သည့်နေရာ၌မရပ်၊ အရှိန်လွန်ခဲ့သည်၊ ဘူတာရုံပိုင်အား အမြန် တိုင်ကြားခြင်း၊ တိုက်ခိုက်ခြင်းကာကွယ်နိုင်ရန် အမြန်ဆုံးဆောင်ရွက်ခြင်း စသည် ကိုလည်း မပြုခဲ့။ ဥဩဆွဲကာနောက်ဆုတ်ဖို့သာ ကြိုးစားသည်၊ ဤသို့ ပေါ့လျော့ ခဲ့ခြင်းများကြောင့် ပြစ်မှုမြောက်သည်ဟု ရုံးက တွေ့ရှိခဲ့လေသည်။

ရှေ့နေကြီး ဦးဘိုးသာက ဦးချစ်သည် အရက်အနည်းငယ် သောက်ခဲ့သည် မှန်ပါ၏။ သို့ရာတွင် တိုက်ခိုက်မှုမဖြစ်မီ ညပိုင်းကဖြစ်၍ မူးယစ်သည့်အခြေ လုံးဝမရှိ ခဲ့ပါ၊ မီးလုံးများ လောင်ကျွမ်းသွားသဖြင့် အစားထိုးရန် မရှိသောကြောင့် သတိ ကြီးစွာထား၍ခုတ်မောင်းခဲ့ပါသည်၊ ကျေးတောဘူတာ ဝင်ရာတွင် အရှိန်များသည်ဟု အထောက်အထားမရှိပါ၊ ဘရိတ်မကောင်းသဖြင့် ရပ်သင့်သည့်နေရာ လွန်ပါသည်၊ စက်ချတ်ယွင်းချက်ကြောင့် နောက်ဆုတ်ရန် ကြိုးစားရာ မရပါ၊ ဥဩကိုမူ မပြတ်ဆွဲ၍ သတိပေးခဲ့ပါသည်။ ထို့ကြောင့် ပေါ့လျော့လစ်ဟင်းခြင်းမရှိ၊ ရာဇဝတ်မှုမမြောက်၊ ဌာနဆိုင်ရာ စည်းကမ်း ဖေါက်ဖျက်သည့်အတွက် ဌာနဆိုင်ရာ အရေးယူခြင်းကိုသာ ခံထိုက်ပါသည်ဟု လျှောက်လဲသည်။

၁၉၆၉

၁။ဦးမောင်ကို
၂။မောင်တင်စိန်
၃။ဦးချစ်
၄။ဘာလာခရစ်ရှနား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အစိုးရရှေ့နေကြီး ဦးထွန်းလွင်က ဖြစ်ပျက်သည့်နေရာသို့ ချက်ခြင်းသွားရောက်ကာ၊ တိုင်းထွာစုံစမ်းကာ ထင်ရှားသော အထောက်အထားများစုံညီတင်နိုင်ခဲ့သော အမှုဖြစ်ပါသည်၊ ဦးချစ်နှင့်တကွ အခြားအသူခံတရားလိုတို့၏ ပေါ့လျော့မှုထင်ရှားပါသည်ဟု တင်ပြသည်။

အရက်သေစာ သောက်စား၍ မီးရထား မောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကို ဖေါက်ဖျက်သည်သာ မကသေး၊ယာဉ်မောင်းသူများ လိုက်နာအပ်သော စည်းကမ်းကို ဖေါက်ဖျက်ခြင်း ဖြစ်သည်၊ ဌာနဆိုင်ရာ စည်းကမ်းကို ဖေါက်ဖျက်ခြင်းသည် ဌာနစည်းကမ်းအရရင်း၊ ခရီးသယ်တို့၏ လုံခြုံမှု၊အစိုးရ ယာဉ်ရထား အများယာဉ်ရထားတို့၏ လုံခြုံမှုအတွက်ရင်း၊မထားမနေထားရှိရမည့် သတိဝိရိယ၏ စံချိန်ကို ဖေါက်ဖျက်ခြင်းဖြစ်သည်၊ထို့ကြောင့် ဌာနဆိုင်ရာစည်းကမ်း ဖေါက်ဖျက်ခြင်းမျှသာ မဟုတ်ချေ၊ ရာဇဝတ်ပြစ်မှု မြောက်စေသော အင်္ဂါတရပ် ဖြစ်သည်၊ အလားတူပင် မီးမပါဘဲ မီးရထား မောင်းခြင်းသည် ဌာနဆိုင်ရာစည်းကမ်းကိုသာ ဖေါက်ခြင်းမမည်၊ ခရီးသည်များနှင့် မီးရထား၊ အခြားခရီးသွားယာဉ်များ၏ လုံခြုံရေးအတွက် လိုအပ်သော သတိဝိရိယ ပျက်ကွက်၍ ရာဇဝတ်မှုမြောက်သော ပေါ့ဆခြင်း ဖြစ်စေသည်။ မီးများသာ ကောင်းပါလျှင်၊ ဦးချစ်သည် ဘူတာအတွင်း အခြေအနေကို[1]ကြိုတင်မြင်နိုင်ကောင်းသည်။ အဆန်[2]ရထားကိုလည်း မီးဖြင့် သတိပေးနိုင်ကောင်းသည်။

ကြံရထား ဘရိတ်မမိဟုဆိုခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူ အင်ဂျင်နီယာများက ချက်ခြင်းသွားရောက် စမ်းသပ်ခဲ့ပြီးနောက်၊ ရုံးတွင်သက်သေခံခဲ့ကြသည်။ ကြံရထားဘရိတ်များ ကောင်းပါသည်။ အရှိန်မများပဲ မောင်းလာလျှင်၊ အချိန်မီ အမှတ် ၂ လမ်းတွင် ရပ်နိုင်ပါသည်ဟု လက်တွေ့စမ်းသပ်ပြီးနောက်၊ ထွက်ဆိုခဲ့ကြသည်။

အထက်ပါ အချက်တို့ကြောင့် ဦးချစ်သည် ရာဇဝတ်ကြီးပုဒ်မ ၃၀၄(က)တွင် အကျုံးဝင်သော ပေါ့ဆ ဟောရမ်းခြင်းဖြင့် လူသေစေမှုကို ကျူးလွန်ခဲ့သည်ဟုဆိုရမည်။ ရထားလမ်းခွဲ ပွိုင့်ကလင့်ကို ဖေါက်ကျော်၍ မောင်းနှင်ကာ မီးရထားလမ်းမကြီးပေါ်သို့ပေ ၁၅၀ ကျော်လွန်နေစေခြင်းကပင်လျှင် ယင်းပေါ့ဆ ဟောရမ်းခြင်းကို သရုပ်ဖေါ်လျက်ရှိခဲ့သည်။

(1) General Rules and the Subsidiary Rules of the Burma Railways, Part I and II, G.R. 182 (b).

(2) At night, and in thick or foggyweather, no train shall be worked outside station limits unless it has the headlights, at least two in number prescribed by the Railway Administration, or an electric head light in front of the chimney, of a pattern approved by the Government Inspector.

ညရှုံပိုင် ဦးမောင်ကိုသည် ရထားချင်း ဆုံမည်ကို အချိန်မီ ကြိုတင်သိလျက်နှင့် ဂျမဒါ မောင်တင်စိန်အား အဆန်ရထားဝင်ရာ ဖက်သို့ ဆောင်ရွက်ရန်ရှိသည်တို့ကို အချိန်မီ ဆောင်ရွက်ရန်ကြပ်မတ်၍ စေလွှတ်ခြင်း မရှိ။ ကြံ့ရထားသည် မီးရထား လမ်းမကြီးပေါ်ကျော်၍ ရပ်နေသော အခါ၌လည်း အဆန်ရထားအား သတိပေးရန် စီမံခြင်းမပြု။ ရုံပိုင်အဖြစ် ကိုယ်တိုင် ကြည့်ရှုစစ်ဆေးရမည့် တာဝန်များကိုလည်း ပျက်ကွက်သောကြောင့်၊ မီးရထား အထွေထွေ နည်းဥပဒေ ၁၃၃၊ ၁၆၃၊ ၁၆၆၊ ၁၇၅၊ ၁၇၇ စသည်တို့ကိုဖေါက်ဖျက်သည်။ တာဝန်ဖြင့် စောင့်ထိန်းအပ်သည့် သတိဝိရိယ ပျက်ကွက်သောကြောင့်၊ ရာဇဝတ်မှု မြောက်စေသော ပေါ့ဆခြင်း ဖြစ်သည်။ မီးရထားချင်း တိုက်ခိုက်မိပြီးသောအခါ၌လည်း၊ ၎င်းသည် ဒဏ်ရာရ ခရီးသယ်တို့၏ သက်သာမှုအတွက် အကူအညီ မပေးခဲ့ကြောင်း ဦးမောင်ကို၏ ထွက်ဆိုချက်ရှိသည်။

ပေါ့လျော့မှု မရှိပါဟု ဦးမောင်ကိုက ထုချေသော်လည်း၊ အထက်ပါ အချက်အလက်တို့ကပင် ၎င်း၏ တာဝန်ဝတ်တရား ပျက်ကွက်ခြင်း၊ ပေါ့ဆခြင်းတို့ကို ပေါ်လွင်စေသည်။

ဂျမဒါ မောင်တင်စိန်သည် အဆန်ရထားကို အချိန်မီ မီးနီပြ၍ သတိပေးနိုင်ခဲ့သည်။ ၎င်းသည် အဆန်ရထား ဝင်လာမည့် ဖက်သို့ အေးဆေး လေးကန်စွာသွားကြောင်း၊ ဂျမဒါ ကိုမောင်မောင်က မြောက်ဖက်သို့ ကြံ့ရထားကို အမှတ် ၂ လမ်းသို့ သွင်းရန်သွားသောအခါ၊ မောင်တင်စိန်သည် ဘူတာတွင်း၌ပင် ကျန်ရစ်ကြောင်း၊ မီးရထားချင်း တိုက်ကြပြီးမှ ၎င်းသည် တောင်ဖက်အချက်ပြခုံ ပေါ်တွင် မီးနီတလုံး သွားရောက်တင်ကြောင်း အထောက်အထားပြည့်စုံသည်။ ထို့ကြောင့် မောင်တင်စိန်သည်လည်း ပေါ့ဆမှု ပြုလုပ်ခြင်းကြောင့် လူသေစေမှုကို ကျူးလွန်ခဲ့ရာရောက်သည်။

အဆန်လူစီးဒီဇယ်ရထားမောင်းသူဘာလာခရစ်ရှနားအားမူလကအထူးရာဇဝတ်ရုံးသို့ တရားခံအဖြစ် တင်ပို့ခဲ့ခြင်း မရှိခဲ့ချေ။ အထူး ရာဇဝတ်ရုံးက ၎င်းကိုပါ တရားခံအဖြစ် စွဲဆိုသင့်ကြောင်း ထောက်ခံခဲ့သောကြောင့်၊ ၎င်းအား တရားခံအဖြစ်ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ ဘာလာခရစ်ရှနားသည်၊ လမ်းဖွင့်၍ ဘူတာဝင်နိုင်ကြောင်း မီးစိမ်းမပြပဲ၊ မီးရထားကိုအရှိန်ပြင်းစွာ မောင်းနှင်သောကြောင့်၊ မီးရထား နှစ်စင်း တိုက်ခိုက်ရသည်။ စည်းကမ်းအရ၊ မီးစိမ်းမပြ၊ မီးနီမပြပဲရှိလျှင်၊ မဝင်ရ၊ စောင့်ရမည်၊ ထိုစည်းကမ်းကို ဖေါက်ဖျက်၍ တနာရီ ၁၀ မိုင်နှုန်းဖြင့်မဟုတ်ပဲ မိုင် ၂၀၊ ၂၅ မိုင်နှုန်းဖြင့် မောင်းခြင်းကြောင့် တိုက်ခိုက်ရသည်ဟူသော စွဲချက်ဖြစ်သည်။

ရွှေနေကြီး ဦးဘိုးသာက၊ ဘူတာအဝင်တွင် မီးစိမ်းပြသည်ကို ဘာလာခရစ်ရှနား မြင်ရကြောင်းကို ၎င်း၏ ထွက်ဆိုချက်နှင့် မောင်လှကျော် (လိုပြ-၉) တို့၏ ထွက်ဆိုချက်တို့အရ လက်ခံသင့်ပါသည်။ မီးရထားအမြန်နှုန်းသည် တနာရီ ၁၀ မိုင်ထက်ပိုမည်

၁၉၆၉

---

၁။ဦးမောင်ကို
၂။မောင်တင်စိန်
၃။ဦးချစ်
၄။ဘာလာခရစ်ရှနား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

၁၉၆၉

၁။ ဦးမောင်ကို
၂။ မောင်တင်စိန်
၃။ ဦးချစ်
၄။ ဘာလာခရစ်ရှနား
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဆိုသည်မှာလည်း ခန့်မှန်းချေ မျှသာဖြစ်ပါသည်။ မီးစိမ်းကိုမြင်၍ မီးရထားဂမ်းမပေါ်တွင် အခြားတစီး ကန့်လန့်ဝင်နေမည်ဟု မြော်လင့်စရာမရှိပဲ၊ နှုန်းမှာ စည်းကမ်းညီ မောင်းနှင်ခြင်း ဖြစ်ရာ၊ တိုက်ခိုက်မှုအတွက် ဘာလာခရစ်ရှနားတွင် တာဝန်မရှိပါဟု ဦးဘိုးသာက တင်ပြသည်။

မီးစိမ်း မြင်ရကြောင်းကို ဘာလာခရစ်ရှနားအား ထောက်ခံ ထွက်ဆိုချက်ရှိသည်ကို ကျွန်ုပ်တို့ အလေးအနက် စဉ်းစား အပ်သည်။ စည်းကမ်းကိုဆန့်ကျင်၍ ရထားကို မောင်းသည်ဟုလည်း အခိုင်အမာ သက်သေ မထူနိုင်။ နံနက်စောစော နှင်းတဖွဲဖွဲ ကျနေစဉ်ဖြစ်၍ ရထားချင်း တိုက်မိပုံကို အတိအကျ ထွက်ဆိုနိုင်ရန်ခဲယဉ်းသည်။ ရထားမောင်း ဦးချစ်သည် သူ့အား လွှဲပေးသော အမှတ် ၂ လမ်းကို လွန်ကျုံကာ လမ်းမပေါ်သို့ ပေ ၁၅၅ ခန့်ရောက်အောင် မောင်းနှင်သည်။ ရထားမောင်း ဘာလာခရစ်ရှနားသည်ကား သူ့အားဖွင့်ပေးသည်ဟု ထင်ရသော လမ်းမကြီး ပေါ် ဆက်လက် ခုတ်မောင်းခြင်း ဖြစ်သည်။ ဦးချစ်၏ ပေါ့ဆခြင်းသည် မငြင်းကွယ်သာ၊ ဘာလာခရစ်ရှနား၏ ပေါ့ဆမှုသည်ကား ထင်ကြေးမျှသာ ဖြစ်ပေသည်။

မီးရထားချင်း တိုက်ခိုက်ကြလျှင်၊ ရထားမောင်းတို့တွင်လည်း ကြီးစွာ အန္တရာယ်ရှိသည်။ ဘာလာခရစ်ရှနားသည်လည်း အနာတရဖြင့် ဆေးရုံတွင် ကြာမြင့်စွာကုသခဲ့ရသည်။ ဤသို့ မိမိတို့တွင်လည်း အန္တရာယ် ရှိသည်ကို သာမန်အားဖြင့် မီးရထားမောင်းတို့သည် ပေါ့ဆစွာ ခုတ်မောင်းကြမည်ဟု မယူဆအပ်ချေ။ ဘာလာခရစ်ရှနားသည် မီးစိမ်းပြသည်ကို မြင်၍၊ သို့မဟုတ် ယင်းသို့ ပြသည်ဟု ရိုးသားစွာထင်၍သာဘူတာတွင်းသို့ ခုတ်မောင်းဝင်ခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ၎င်းသည် စွဲဆိုသောရာဇဝတ်မှုကို ကျူးလွန်ခဲ့သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ချေ။

ကျွန်အယူခံ တရားလို သုံးဦး၏ တာဝန်ပျက်ကွက်မှုကို တိုင်းတာချိန်ဆရာတွင်၊ ဦးချစ်သည် မီးရထားတွင် မီးမပါသည်ကို ဆက်လက်မောင်းနှင်ခဲ့သည်။ ၎င်းကိုယ်တိုင် အနည်းငယ် သောက်စားခဲ့သည်။ ၎င်းသည် ယခင်က စွန့်စားကြိုးပမ်းစွာ အမှုထမ်းကောင်းခဲ့၍ ဆုလက်မှတ်များ ရခဲ့သည်။ အကြောင်းဆုံစည်း၍တိုက်ခိုက်မိခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် ၎င်း၏ ပြစ်ဒဏ်ကို ထောင်ဒဏ် ၁၅ နှစ်မှ ၁၀ နှစ်သို့ လျှော့ပေါ့လိုက်သည်။

ရှုပိုင်ဦးမောင်ကိုနှင့် ဂျူမဒါမောင်တင်စိန်တို့သည်ဘူတာရုံတွင်းနှင့် အဝင်အထွက် မီးရထားတို့ကို အန္တရာယ်ကင်းစေအောင် စီမံ ဆောင်ရွက်ရန် တာဝန်ရှိကြသည်။ အန္တရာယ်ကို ကာကွယ်တားဆီးနိုင်သော အခွင့်အရေး၊ နည်းလမ်း အချိန်များလည်း ရှိကြသည်။ မီးရထား တိုက်ခိုက်မိကြလျှင်၊ ၎င်းတို့တွင် အန္တရာယ်မရှိ၊ မီးရထားမောင်းသူတို့ကား ၎င်းတို့ ကိုယ်တိုင် သေကြေ၊ ဒဏ်ရာရသည်တို့ရှိခဲ့သည်။ ထို့

ကြောင့်၊ အန္တရာယ်ကင်းရာမှနေ၍ အချိန်မ အန္တရာယ် ကာကွယ်ပေးနိုင်ကြသော ဦးမောင်ကို၊ မောင်တင်စိန်တို့တွင် ပို၍ တာဝန်ကြီးမားသည်။ အဆန်ရထားကမီးစိမ်း မြင်ရသည်ဆိုသည့် အချက်၊ မီးရထားချင်း တိုက်ပြီးမှ မောင်တင်စိန်က မီးနီတင်ခြင်း စသည်တို့သည်ရင်းတို့ဖက်မှ ပေါ့ဆ၊ တာဝန်မကျေခြင်းသာမက၊ မရိုးသား၊ မသမာ ခြင်းပင် ရှိခဲ့လေသလားဟု ထင်မြင်စေသည်။ မည်သို့ပင် ဆိုစေ၊ ရင်းတို့အပေါ် ချမှတ်ထားသော ပြစ်ဒဏ်များဖြင့် ရင်းတို့ သတိ သံဝေ ရလောက်ပြီဟု ယူဆ သောကြောင့် ပြစ်ဒဏ်ကို တိုးမြှင့်ရန် ကျွန်ုပ်တို့ ဆောင်ရွက်ခြင်း မပြုခဲ့ကြချေ။ ရင်းတို့၏ အယူခံများကိုသာ ပယ်လိုက်သည်။

ဒဇ္ဇုမြေ

၁။ ဦးမောင်ကို
၂။ မောင်တင်စိန်
၃။ ဦးချစ်
၄။ ဘာလာခရစ်ရှနား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဘာလာခရစ်ရှနားအပေါ် ပြစ်မှု ထင်ရှား တွေ့ရှိထားခြင်း၊ ပြစ်ဒဏ် သတ်မှတ် ထားခြင်းတို့ကို ဤအမှုနှင့် ပတ်သက်သမျှ၊ ပယ်ဖျက်ကာ ရင်းအား တရားသေလွှတ် လိုက်သည်။

## အထူးရာဇဝတ်ရုံးအယူခံအဖွဲ့

## ရာဇဝတ်အယူခံမှု

ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန် နှင့် ဒေါက်တာ မောင်မောင် တို့ရှေ့တွင်

† ၁၉၆၉

ဩဂုတ်လ ၆ ရက်။

### ဦးသန်းညွန့် ပါ ၈ (အယူခံတရားလို)

### နှင့်

### ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

**ရာဇသတ်ကြီးပုဒ်မ ၃၇၂/၃၄ အရ မှုပြစ်ထင်ရှားစီရင်ခြင်း—ပြည်သူ့ဝန်ထမ်းများသည် သောင်းကျန်းသူတို့၏အပြုအမူကိုအတုယူရန်မဟုတ်ခြင်း—အစိုးရသည် တရားဥပဒေကို စောင့်ထိန်းရာတွင် စံချိန်တသမတ်တည်းထားခြင်း။**

အယူခံတရားလိုများအား အရှင်ဖမ်းမိသောသောင်းကျန်းသူ စည်းရုံးရေးမှူးကို ဝိုင်း၍ အကြံတူသတ်ဖြတ်ကြသည်ဟူသောစွဲချက်ဖြင့် စစ်ဆေးခဲ့သည်။

**ဆုံးဖြတ်ချက်။** ။သောင်းကျန်းသူတို့သည် ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်းတို့အား လက်ရဖမ်းဆီးမိလျှင် သက်ညှာစွာဆက်ဆံသည်မရှိ။ ရက်စက်စွာသတ်ဖြတ်ကြသည်သာ။ ယင်းသို့ ဟုတ်ငြားလည်း၊ ပြည်သူ့ဝန်ထမ်းများသည်၊ သောင်းကျန်းသူတို့၏ အပြုအမူကို အတုယူရန်မဟုတ်။ သောင်းကျန်းသူတို့၏ စံချိန်ကို လိုက်နာရန်မဟုတ်။ တရားဥပဒေကိုလိုက်နာကျင့်သုံး၍ အရာရာ၌ တာဝန်ရှိစွာ ဆောင်ရွက်ကြရသည်။ မိမိတို့လက်ဝယ်ကျရောက်လာသော ဆိုးသွမ်းသူ နာမည်ကြီးသောင်းကျန်းသူ စံရွှေကဲ့သို့သော သူမျိုးကိုပင်လည်း စောင့်ရှောက်၍တရားဥပဒေအရသာအရေးယူရသည်။

ထိုသို့အစိုးရနှင့်သောင်းကျန်းသူ၊ အပြုအမူစံချိန် ၂ ရပ်ကွဲပြားခြားနား၍သာ အယူခံတရားလိုတို့အား တရားစွဲဆိုဘင်ပို့၍ ပြစ်ဒဏ်ပေးခဲ့ခြင်းဖြစ်သည်။ သောင်းကျန်းသူတို့၏စံချိန်အရသာဆိုလျှင်၊ ၎င်းတို့အား ဆုပေးချီးမြှင့်ရန်ဖြစ်ကောင်း ဖြစ်ခဲ့ပေလိမ့်မည်။

အစိုးရသည် တရားဥပဒေကိုစောင့်ထိန်းရာတွင်၊ စံချိန်တသမတ်တည်းထား၍၊ လက်တွင်းကျရောက်သောသောင်းကျန်းသူကိုပင် စောင့်ရှောက်ကာ၊ ယင်းသောင်းကျန်းသူအပေါ် ကျူးလွန်သူအားလည်း တရားဥပဒေအရ ပြတ်သားစွာအရေးယူကြောင်း၊ ဤအမှုနှင့်ပတ်သက်၍ ထင်ရှားစွာပြခဲ့ပြီ။

---

* ၁၉၆၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၃။

† ပဲခူးမြို့၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးအမှတ် ၂၀ ၏ ၁၉၆၃ ခုနှစ်၊ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့၌ချမှတ်ပြီး၊ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်၊ အတည်ပြုအဖွဲ့ကအတည်ပြုသည့်အမိန့်ကိုအယူခံမှု။

**အယူခံတရားလို၏ အကျိုးဆောင်။ ။ဦးမြင့်စိုး။**

**အယူခံတရားခံ၏အကျိုးဆောင်။ ။လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း။**

**၁၉၆၉**

**ဦးသန်းညွန့် ပါ ၈ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။**

အယူခံတရားလို ဦးသန်းညွန့်သည်၊ ပဲခူးခရိုင်တွင် တိုက်ခိုက်ရေး ရဲတပ်ဖွဲ့ကို ဦးစီးခဲ့စဉ်၊ အခြား ရဲတပ်သားများ ဖြစ်ကြသော အယူခံတရားလိုများကို ခေါင်းဆောင်၍၊ မြင်ကျိုးရဲစခန်း နယ်ဘွင်း၌ ကွန်မြူနစ် သောင်းကျန်းသူတို့နှင့် ၁၉၆၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင်တိုက်ခိုက်ရာ၊ အရှင်ဖမ်းမိသော သောင်းကျန်းသူစည်းရုံးရေးမှူး စံရွှေဆိုသူအား ဝိုင်း၍ အကြံတူ သတ်ဖြတ်ကြသည် ဟူသောစွဲချက်ဖြင့် ပဲခူးမြို့၊ အထူးရာဇဝတ်ခုံးအမှတ် ၂၁/၁၉၆၃ က စစ်ဆေးခဲ့သည်။

အထူးရာဇဝတ်ခုံးက သက်သေအထောက်အထား ခိုင်လုံကြောင်း တွေ့ရှိ၍၊တရားခံ တဦးစီ အပေါ် ရာဇသတ်ပုဒ်မ ၃၀၂/၃၄ အရ၊ အကြံတူ လူသတ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်ကိုလည်း သတ်မှတ်ခဲ့သည်။

အတည်ပြုအဖွဲ့က ပြစ်မှုထင်ရှားခြင်းကို အတည်ပြုကာ ပြစ်ဒဏ်ကို ထောင်ဒဏ် ၅ နှစ် စီသို့ လျှော့ပေါ့ ပေးခဲ့သည်။

အယူခံကို လျှောက်လဲရာတွင် တရားရုံးချုပ် ရှေ့နေကြီး ဦးမြင့်စိုးက၊ သက်သေအထောက်အထား မခိုင်လုံ အကွဲကွဲအလွဲလွဲရှိခြင်း၊ အကြံတူပြုလုပ်ကြောင်း မပေါ်ပါ။ ထို့ကြောင့် ပြစ်မှုထင်ရှား တွေ့ခြင်းလည်း မှားယွင်းပါသည်၊ အပြစ်ရှိလျှင်လည်း ရာဇသတ် ပုဒ်မ ၃၀၂/၃၄ မမြောက်ပါ၊ ပြစ်ဒဏ်လည်း ကြီးလေးပါသည်ဟု တင်ပြသည်။

လက်ထောက် နိုင်ငံတော် ရှေ့နေချုပ် ဦးလှသင်းက အထောက်အထား ခိုင်လုံပါသည်၊ပြစ်မှုသည်ကားပုဒ်မ ၃၀၂/၃၄ အရ မဟုတ်ပဲ ပုဒ်မ ၃၂၆ အရဖြစ်သင့်ပါသည်။ ပြစ်ဒဏ်ကိုမူ ရုံးက သင့်မြတ်သလို သတ်မှတ်ရန် ဖြစ်ပါသည်ဟု တင်ပြသည်။

အထူး ရာဇဝတ်ခုံးက စီရင်ချက်တွင် အပြည့်အစုံ ဖော်ပြပြီးဖြစ်သော အကြောင်းများကြောင့်၊ စံရွှေအား အရှင်မိခြင်းဖြစ်သည်၊ ဦးသန်းညွန့်နှင့် အခြား အယူခံတရားလို တို့က ပစ်ခတ်သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ တွေ့ရှိသည်။

စိတ်ကူး ကြံစည်၍ သတ်ဖြတ်ကြခြင်းကား မထင်ရှားချေ။ ထို့ကြောင့်လည်း တင်ကူးကြံရွယ်ချက် မပါသော လူသတ်မှုဖြင့် အထူးရာဇဝတ်ရုံးက ပုဒ်မ ၃၀၂အရ၊ အပြစ်ပေးခြင်းဖြစ်သည်။ ထို့ပြင် မည်သူ့ လက်ချက်ဖြင့် စံရွှေသေဆုံးရသည်မှာလည်း မထင်ရှား၊ ဝိုင်း၍ရိုက်နှက်၊ ထိုးခုတ်ပစ်ခတ်၍ သေဆုံးရခြင်းမျိုးတွင် တရားမျှတခြင်း ကိုဖြစ်စေသော၄်၊ ကျူးလွန်သူတို့အား ရာဇသတ်ပုဒ်မ ၃၂၆ အရ၊ အပြင်းအထန်

ချုပ်ဖြ

ဦးသန်းညွန့်
ပါ ၈
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

ဒဏ်ရာခုစေမှုဖြင့်သာ အပြစ်ပေး လေ့ရှိသည်။ ဤအမှုအဖြစ်အပျက်တို့အရလည်း ယင်းသို့ အပြစ်ပေးခြင်းက ပိုမိုမျှတ ပေလိမ့်မည်။

သောင်းကျန်းသူ စံရွှေသည် ရပ်ရွာတွင် ဆက်ကြေးကောက်ခံ၊ ရွာသူရွာသားတို့အား ညှင်းပန်းနှိပ်စက် နေသူဖြစ်သည်မှာထင်ရှား၏။ ထို့ကြောင့်လည်း အယူခံတရားလိုတို့က ဒေါသရှေ့ထား၍ လက်လွန်ခြေလွန် ပြုလုပ်ခဲ့ခြင်းဖြစ်တန်ရာသည်။

သောင်းကျန်းသူတို့သည် ပြည်သူ့ရဲ၊ ပြည်သူ့ဝန်ထမ်းတို့အား လက်ရဖမ်းဆီးမိလျှင် သက်ညှာစွာ ဆက်ဆံသည်မရှိ။ ရက်စက်စွာသတ်ဖြတ်ကြသည်သာ။ ယင်းသို့ဟုတ်ငြားလည်း၊ ပြည်သူ့ဝန်ထမ်းများသည်၊ သောင်းကျန်းသူတို့၏ အပြုအမူကို အတုယူရန်မဟုတ်။ သောင်းကျန်းသူတို့၏ စံချိန်ကို လိုက်နာရန်မဟုတ်။ တရားဥပဒေကို လိုက်နာကျင့်သုံး၍ အရာရာ၌ တာဝန်ရှိ စွာဆောင်ရွက်ကြရသည်။ မိမိတို့လက်ဝယ် ကျရောက်လာသော ဆိုးသွမ်းသူ နာမည်ကြီး သောင်းကျန်းသူ စံရွှေကဲ့သို့သောသူမျိုးကိုပင်လည်း စောင့်ရှောက်၍ တရားဥပဒေအရသာ အရေးယူရသည်။

ထိုသို့ အစိုးရနှင့် သောင်းကျန်းသူ၊ အပြုအမူ စံချိန် ၂ ရပ်ကွဲပြားခြားနား၍သာ၊ ယခု အယူခံတရားလိုတို့အား တရားစွဲဆိုတင်ပို့၍ ပြစ်ဒဏ်ပေးခဲ့ခြင်းဖြစ်သည်။သောင်းကျန်းသူတို့၏ စံချိန်အရ သာဆိုလျှင် ၎င်းတို့အား ဆုပေးချီးမြှင့်ရန် ဖြစ်ကောင်းဖြစ်ခဲ့ ပေလိမ့်မည်။

အယူခံ တရားလိုတို့သည် လက်လွန်ခြေလွန် လုပ်ခဲ့ကြသည့်အတွက် ၆ နှစ်မျှ အချုပ်အနှောင် ခံခဲ့ကြရပြီး။ ၎င်းတို့သည် ဒေါသအလျောက်၊ စည်းကမ်းဖောက်ခဲ့ကြသည်ကို နောင်တရကောင်းပြီ၊ အစိုးရသည် တရားဥပဒေကို စောင့်ထိန်းရာတွင်၊ စံချိန် တသမတ်တည်းထား၍၊ လက်ဘွင်းကျရောက်သော သောင်းကျန်းသူကိုပင် စောင့်ရှောက်ကာ၊ ယင်းသောင်းကျန်းသူ အပေါ် ကျူးလွန်သူအားလည်း တရားဥပဒေအရ ပြတ်သားစွာ အရေးယူကြောင်း၊ ဤအမှုနှင့် ပတ်သက်၍ ထင်ရှားစွာပြခဲ့ပြီ။

ထို့ကြောင့် အယူခံ တရားလိုများအား ရာဇသတ်ပုဒ်မ ၃၂၆ သို့ ပြောင်းလွှဲကာ၊ ပြစ်မှုထင်ရှား တွေ့ရှိပြီးလျှင်၊ ၎င်းတို့ ကျခံရန် ထောင်ဒဏ်ကို ၃ နှစ်စီ အဖြစ် လျှော့ပေါ့ပေးလိုက်သည်။